

# ရွှေဥဒေါင်း

# ရတနာပုံ

http://myanmarpyithar.net

မြန်မာ့ဂန္ထဝင်ဝတ္ထု

# ရွှေဥဒေါင်း

# ရတနာပုံဝတ္ထု

(တတိယအကြိမ်)

**ယနေ့မန္တလေးစာအုပ်တိုက်**
အမှတ် ၂၉၀/၁၊ ၈၃ လမ်း
မန္တလေးမြို့

http://myanmarpyithar.net

*✍ [redacted]ရတနာပုံဝတ္ထုကြီးသည် ဆရာကြီးရွှေဥဒေါင်း၏ ပထမဦးဆုံးသော လုံးချင်းစာအုပ်ဖြစ်သည်။ ပထမအကြိမ်အဖြစ် ၁၉၁၇ ခုနှစ်တွင် သူရိယသင်းစာတိုက်က ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဌာနမှ ဟိုက်စကူးဖိုင်နယ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲများအတွက် ပြဌာန်းခဲ့သည်။ လယ်တီမဏ္ဍိုင်စာပေဌာနမှ ၁၉၅၃ ခုနှစ်တွင် ဒုတိယအကြိမ်ထုတ်ဝေဖြန့်ချိခဲ့သည်။ စာပေအရအောင်မြင်ခဲ့သလို ရုပ်ရှင်အဖြစ်လည်း ထင်ရှားခဲ့သည်။*

မျက်နှာဖုံးသရုပ်ဖော်

**ပန်းချီမောင်မောင်သိုက်**

✍

စာအုပ်ချုပ်

**ကိုမြင့်**

✍

စာအုပ်တန်ဖိုး

**၄၅၀ ကျပ်**

✍စာမူခွင့်ပြုချက်အမှတ်၅၂၃/ ၉၉(၅)၊မျက်နှာဖုံးခွင့်ပြုချက်အမှတ်၁၉၃/ ၂၀၀၀(၃)၊တတိယအကြိမ်၊ စောင်ရေ၅၀၀၊ ၂၀၀၀ပြည့်နှစ်၊ ဖွန်လတွင်ဖြန့်ဝေသည်။ **ထုတ်ဝေသူ**–ဦးမောင်ဟန်၊ ကမ္ဘာလုံးစာပေ (၀၈၇၆)၊ ၂၅၉၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံ၊ ရန်ကုန်မြို့။ **မျက်နှာဖုံးပုံနှိပ်**– ဦးကျောက်စိမ်း၊ ကျောက်စိမ်းအော့ဖ်ဆက် (၀၂၉၀၉)၊ အမှတ် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့၊ **အတွင်းပုံနှိပ်သူ**– ဒေါ်ရွှေ၊ သုခပုံနှိပ်တိုက် (၀၂၀၇၉)၊ ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။ **ကွန်ပျူတာစာစီ**–မြကွန်ပျူတာ၊ **အတွင်းဖလင်**– **ဇင်ဦး**။

# ရတနာပုံဝတ္ထုနိဒါန်း

## ဝတ္ထုအဓိပ္ပာယ်

ဝတ္ထုသည် ပါဠိစကားဖြစ်သည်။ အနက်အဓိပ္ပာယ်မှာ 'အကြောင်းအရာ' ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုဟု နာမည်ပေးခံရသောကျမ်း, စာတမ်း, စာအုပ်တို့သည် တစ်စုံတစ်ခု သို့မဟုတ် တစ်ဦးတစ်ယောက်၏ အကြောင်းအရာကို ရေးသားဖော်ပြကြခြင်း ဖြစ်သည်။

အကြမ်းအားဖြင့် ဝတ္ထု ၂ မျိုး ၂ စားရှိသည်။ ပထမ အမျိုးအစားမှာ အကြောင်းအရာ၊ အဖြစ်အပျက်တို့ကို တစ်ခုပြီးတစ်ခု ဖတ်ရှုသူတို့၏ အာရုံမပြတ်စေအောင် ဆက်တိုက် ရေးသားထားသော ဝတ္ထုမျိုးဖြစ်သည်။ နောက်တစ်မျိုးမှာ ဝတ္ထုဇာတ်လမ်းဇာတ်ကွက်တွင် ပါဝင်သော 'ဇာတ်ကောင်'တို့၏ စိတ်ဓာတ်၊ အကျင့်စာရိတ္တ၊ ဇာတိတို့ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်လာအောင် တစ်ဆင့်ပြီး တစ်ဆင့် သရုပ်ဖော်ပြခြင်းပင်ဖြစ်သည်။ အများအားဖြင့် ယခုခေတ်ဝတ္ထုများမှာ ထိုနှစ်မျိုးနှစ်စားလုံး၌ပင် အကျုံးဝင်လေသည်။

## ဝတ္ထုသမိုင်း အကျဉ်းချုပ်

ဝတ္ထုများမှာ ဘုရားလက်ထက်မတိုင်မီကပင် ပေါ်ခဲ့ပြီ။ 'ရာမာယန'နှင့် 'မဟာဘာရတ' မဟာကဗျာဝတ္ထုကြီးများမှာ သက္ကတဘာသာဖြင့် ပေါ်ထွန်းနှင့်လေပြီ။ မြတ်စွာဘုရားသည်ပင် ဓမ္မပဒဝတ္ထုတော်များကို ဟောခဲ့လေသည်။ မြတ်စွာဘုရား ဟောကြားခဲ့သော ဝတ္ထု၏ သဘောဇာစ်မြစ်ကား တစ်စုံတစ်ယောက်၏ ပစ္စုပ္ပန်ဘဝ အဖြစ်အပျက် အတ္ထုပ္ပတ္တိကို ဖော်ပြခြင်းပင်ဖြစ်သည်။ ဤနည်းနှင်နှင် ယခုခေတ် ဝတ္ထုများလည်း ယခုမျက်မှောက်ဘဝ အဖြစ်သနစ်များကို ဖော်ပြကြသည်။

## အဝခေတ်ဝတ္ထု

ရှေးအခါက စာဆိုများမှာ ရဟန်းပုဂ္ဂိုလ်များချည်းလောက်ပင် ဖြစ်သည်။

ထိုအခါက ဘုရင်များသည် ရဟန်းပုဂ္ဂိုလ်များလက်၌ စာပေနှင့်အယူဘာသာကို ဝကွက်၍အပ်ခဲ့ကြသည်။ လူပညာရှိများလည်း ရှိပါ၏။ သို့သော် အဝခေတ်၊ ညောင်ရမ်းခေတ်ဦးများ၌ ရေရောသည့် နို့တွင်နို့နှင့် ရေကို မခွဲခြားအပ်ဘိသို့ စာပေနှင့် ဘာသာမှာ မကွဲမပြားရောယှက် နေဆဲဖြစ်သည်။ ထို့ကြောင့် ရေးခဲ့သမျှ ဝတ္ထုတို့မှာ ဘုရားဟော ဓမ္မကြောင်းနွယ်သည်ချည်းပင် ဖြစ်သည်။

ယခုတွေ့ရှိရသမျှ မြန်မာစာပေဝတ္ထုတို့တွင် သက္ကရာဇ် ၈၆၃–ခုနှစ်၌ အဝနန်းကို သိမ်းမြန်းစိုးစံသော ရွှေနန်းကြော့ရှင် ဘုရင်မင်းမြတ် လက်ထက်ဝယ် ရှင်မဟာသီလဝံသ ရေးသားခဲ့သော 'ပါရာယနဝတ္ထု' မှာ ရှေးအကျဆုံးဖြစ်သည်။ အဝခေတ်ကား လင်္ကာခေတ်၊ ပျို့ခေတ်ဖြစ်၍ စကားပြေ အရေးအသားများစွာ မတွေ့ရပေ။ 'ဝတ္ထု'ဟု ကင်ပွန်းတပ်ခံရသည့် မြန်မာစကားပြေဖြင့် ရေးသားထားသောကျမ်းမှာလည်း 'ပါရာယနဝတ္ထု' တစ်စောင်ကိုသာ တွေ့ရသည်။

## ညောင်ရမ်းခေတ်ဦး ဝတ္ထုများ

ယေဘုယျနည်းအားဖြင့် ညောင်ရမ်းခေတ်ကို 'စကားပြေခေတ်'ဟု မော်ကွန်းထိုးထားသည်။ မြန်မာစာပေ အခက်မကြီးတစ်ခု ဖြာထွက်ခဲ့သည်။ ညောင်ရမ်းခေတ်ပေါ် ကျော်ကြားသော ဝတ္ထုများမှာ –

၁။ **ယသဝဍ္ဍနဝတ္ထု။ ။တောင်ဘီလာဆရာတော် ရေးသည်။**သက္ကရာဇ် ၉၈၁–ခုနှစ် ညောင်ရမ်းမင်း၏ သားတော် အနောက်ဘက်လွန်မင်းတရား (၉၆၇–၉၉၁)လက်ထက်ရေးသည်။

၂။ **မဃဒေဝလင်္ကာလဝတ္ထု။ ။ သဃ်နာထဆရာတော် ရေးသည်။** အနောက်ဘက်လွန်မင်းတရားကြီး လက်ထက် ရေးသည်။

၃။ **ရတနာကရဝတ္ထု။ ။မဟာရတနာကရဆရာတော် ရေးသည်။**

၁၀၄၁–ခုနှစ် စနေမင်း၏ ခမည်းတော်ဝမ်းဘဲအင်းစံ လက်ထက် (၁၀၃၄–၁၀၆၀) ရေးသည်။

ဤဝတ္ထုများမှာ ဘုရားဟော ဓမ္မကြောင်းနွယ်သည်ချည်းပင် ဖြစ်သည်။

## ညောင်ရမ်းခေတ်နှောင်းနှင့် ပထမအကြိမ် ဝတ္ထုတော်လှန်ရေး

ဝန်ကြီးပဒေသရာဇာသည် အထွင်စာဆိုဖြစ်သည်။ တော်လှန်ရေး စာဆိုဟုလည်း ခေါ်နိုင်သည်။ ရှေ့အဆက်ဆက် ဝတ္ထုရေး စာဆိုတို့သည် ဘုရားဟော

တရားများကို အရင်းခံကာ နိပါတ်တော်များကို မှီး၍ ရေးခဲ့ကြသည်။ ဝန်ကြီးကား ထိုအစဉ်အလာကို တော်လှန်ခဲ့သည်။ သွေဖည်ခဲ့သည်။ တစ်နည်းတစ်ဖုံ အဆန်း အသစ်တီထွင်ခဲ့သည်။ 'တရားစာ' ဝတ္ထုကို 'မယားရှာ'ဝတ္ထုဖြင့် အစားထိုးခဲ့သည်။ ဝန်ကြီးပဒေသရာဇာ ရေးသားခဲ့သော 'မဏိကက်နန်းတွင်း ဝတ္ထုတော်ကြီး' သည် ယခုခေတ် ဝတ္ထုတို့ကို မွေးထုတ်ခဲ့သည်။ ဝန်ကြီးပဒေသရာဇာ ချထားပျိုးထောင်ခဲ့သော မျိုးစေ့ကိုမှီကာ ယခုခေတ် ဝတ္ထုများ ပေါ်ပေါက်လာရသည်။

မဏိကက်ဝတ္ထုကို ဝန်ကြီးပဒေသရာဇာသည် သက္ကရာဇ် ၁၀၆၀ ကျော်လောက်က စနေမင်း (၁၀၆၀–၁၀၇၆) လက်ထက်တွင် ရေးခဲ့သည်။

## ကုန်းဘောင်ခေတ်ဦးဝတ္ထုမျိုးစေ့တစ်သျှောက်

သက္ကရာဇ် ၁၁၁၅–၁၁၂၂ခု အလောင်းမင်းတရားကြီး လက်ထက်တွင် ရွှေတောင် သီဟသူသည် 'ရတနာ့ကြေးမုံဝတ္ထု'ကို ရေးခဲ့သည်။ 'ရတနာ့ကြေးမုံ' ဝတ္ထုသည် မဏိကက် ထက်ပင် ခေတ်ဆန်သည်။ ကာမဂုဏ်ရေး၊ မောင်ချစ်မယ်ချစ်ဘက်သို့ ပို၍ ယိမ်းညွတ်လာ၏။ အလေးပိုလာ၏။

## ကုန်းဘောင်ခေတ်နှောင်း

ဘိုးတော်ဘုရား (၁၁၄၃–၁၁၈၀)၏ သားတော် အိမ်ရှေ့မင်းကြီး၏ အမိန့်ဖြင့် မြဝတီမင်းကြီး ဦးစ၊ ရာမရကန်ဦးတိုး၊ ရကန်ဖျက်ဦးလန်းစသော ပညာရှိပုဂ္ဂိုလ်ကြီး ၈ ဦးတို့သည် 'ရာမနန်းတွင်း ဇာတ်ဝတ္ထုတော်' ကြီးကို ရေးကြသည်။

ဘကြီးတော်ဘုရား (၁၁၈၁–၁၁၉၈)လက်ထက်၌ မြဝတီမင်းကြီး သည် အီနောင်နန်းတွင်း ဇာတ်တော်ကြီးကို ရေးခဲ့သည်။

ဦးကြင်ဥသည် ပြဇာတ်များကို ရေးခဲ့သည်။

မင်းတုန်းမင်းတရားကြီး လက်ထက်(၁၂၁၄–၁၂၄၀)တွင် လှိုင်ထိပ်ခေါင်တင် အိမ်ရှေ့မိဖုရားသည် 'ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီး'နှင့် 'ဝိဇယကာရီ' နန်းတွင်းဇာတ်တော်ကြီးများကို ရေးခဲ့သည်။

ဦးပုညသည် ပြဇာတ်များကို ရေးခဲ့သည်။

ဤဇာတ်ဝတ္ထုများသည် မောင်ချစ်မယ်ချစ်ကို မူတည်ကာ ဘဝသရုပ်ကို ဖော်ကြသည်။

## ဒုတိယအကြိမ် ဝတ္ထုတော်လှန်ရေး

ဝန်ကြီးပဒေသရာဇာက ဦးဆောင်ကာ တရားစာ၊ ဝတ္ထုများကို မောင်ချစ်မယ်ချစ် ဝတ္ထုများဖြင့် ပထမအကြိမ် တော်လှန်ခဲ့ပြီ။



http://myanmarpyithar.net

သက္ကရာဇ် ၁၁၄၇ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင် မြန်မာတို့ ထီးနန်းသုဉ်းခဲ့သည်။ သီပေါဘုရင်ကို မြမန်းစကြာသဘော်ဖြင့် အင်္ဂလိပ်တို့ ဖမ်းဆီးယူဆောင် သွားလေပြီ။ မြန်မာစာပေ၊ မြန်မာဘာသာတို့ တိမ်ကောစပြုပြီ။ ဗုဒ္ဓရောင်ခြည် ညှိုးချေပြီ။ အနောက်တောင်စွယ် နေကွယ်ဆဲတွင် အမှောင်ထုသည် လောကဓာတ် တစ်ခုလုံးကို တဖြည်းဖြည်းလွှမ်းခြုံသကဲ့သို့ တရားရောင်ခြည် ကွယ်စပြုသည်နှင့် တစ်ပြိုင်နက် ကာမဂုဏ် အမှောင်ထုမှာ ထက်ကြပ်လိုက်ပါလာခဲ့သည်။ ကာမနှောသော ဝတ္ထုများ မှိုပေါက်သကဲ့သို့ အစုလိုက်အပြုံလိုက် ပေါ်လာကြလေသည်။

## ရေးနှင့်ခြား
## ခေတ်ပြောင်းခဲ့ပြီ၊ ရေးနှင့်ခြားခဲ့ပြီ

မြဝတီမင်းကြီး၊ နန်းမတော် မမြလေး၊ လှိုင်ထိပ်ခေါင်တင်တို့ ရေးခဲ့ကြသော နန်းတွင်းဇာတ်တော်ကြီးများနှင့် ဦးကြင်ဥ၊ ဦးပုညတို့ရေးခဲ့ကြသော ပြဇာတ်များမှာ ထီးနန်းသုဉ်းသည်နှင့်တကွ ခေတ်သုဉ်းကြလေပြီ။ ထိုနန်းတွင်းဇာတ်တော်ကြီးများနှင့် ပြဇာတ်များမှာ ထီးမူနန်းရာ၊ နန်းတော်သူ နန်းတော်သား မင်းညီမင်းသားများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကိုသာ ရေးသားထားခဲ့ကြသည်။ ထို့ကြောင့် ထီးသုဉ်းနန်းသုဉ်းခေတ်လူတို့အတွက် ထိုဇာတ်ဝတ္ထုများမှာ ညှို့ဓာတ် သုဉ်းလေပြီ...။ ထိုမှတစ်ပါး မင်းမျိုးမှကြွင်းသည့် သူဌေး၊ ကုန်သည်၊ တောင်သူဆင်းရဲသား လူထုကလည်း မိမိတို့သက်ဆိုင်ရာ သဘာဝသရုပ်ဖော်ဝတ္ထုများကို တောင့်တကြသည်။ ချစ်မှု၊ ခင်မှု၊ ပျော်မှု၊ ဆွေးမှုတို့ကို ဇာတ်တော်ကြီးများ ရေးသကဲ့သို့ တီထွင်ရေးသားမည့်သူကို သွေးတောင်းကြသည်။

ဒုတိယမ္ပိ နှစ်ကြိမ်မြောက် ဝတ္ထုတော်လှန်ရေးမှာ ၁၉၀၂ခုနှစ် (မြန်မာ သက္ကရာဇ် ၁၂၆၄ ခုနှစ်)တွင် ပဋိသန္ဓေတည်ခဲ့သည်။

၁၂၆၄–ခုနှစ်တွင် 'Robinson Crusoe' ကို အင်္ဂလိပ်ဘာသာမှ တိုက်ရိုက် မြန်မာပြန်ဆိုခဲ့သည်။

၁၂၆၆(၁၉၀၄)ခုနှစ်တွင် ဂျိန်းလှကျော်က 'Count of Monte Cristo' ကို 'ကိုရင်မောင် မမယ်မ' ဟု ခေါင်းစဉ်တပ်ပြီးလျှင် မြန်မာ့ဓလေ့ အသုံးအနှုန်းနှင့် လျော်စွာ ဘာသာပြန်ဆိုရေးသားခဲ့သည်။ 'ကိုရင်မောင်မမယ်မ' ဝတ္ထုသည်အတော် ရေပန်းစား လိုက်သည်။ လူကြိုက်အတော်များသည်။ ထိုဝတ္ထုဈေးကောင်းသည်ကို အားကျကာ နောက်ဆက်တွဲ ဝတ္ထုများ အပြိုင်းပြိုင်း ပေါ်လာလေသည်။

ချည်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထု၊ မောင်ဖေရှင်–မမေတင် ပုံပြင်ဝတ္ထု၊ စောဖေ–စောမေဝတ္ထု၊ မြကလေးဝတ္ထု၊ စိန်တလေးမြတလေး ဝတ္ထု၊ စကားတောင်းစား

ဝတ္ထု၊ မောင်မာနနှင့် မသန်္တါဝတ္ထုစသည်တို့ တမျှင်တတန်းပေါ်ထွက်လာခဲ့ကြသည်။

သက္ကရာဇ် ၁၂၇၂ ခုလောက်တွင် ဦးလတ်ရေး ရွှေပြည်စိုး ဝတ္ထုနှင့် စံပယ်ပင်ဝတ္ထုတို့ ပေါ်ထွက်လာကြသည်။

သက္ကရာဇ် ၁၂၇၆ခုလောက်တွင် မန္တလေးမောင်ခင်မောင် အမည်ခံကာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ခင်မြင့်ကြီးဝတ္ထု၊ တင်တင်မြ ဝတ္ထုတို့ကို ရေးသားပြီး လေသည်။

ထို့နောက် ပီမိုးနင်း၊ မြမျိုးလွင်၊ မဟာဆွေ၊ ရွှေဥဒေါင်း၊ ဒဂုန်ခင်ခင်လေး၊ ဒဂုန်နတ်ရှင်တို့သည် ဝတ္ထုဗိမာန်ကြီးကို ခြူးပြောက်ခြူးနွယ်တို့ဖြင့် ခြယ်လှယ်ခဲ့ ကြသည်။

ယခုလောလောဆယ် ဒုတိယကမ္ဘာစစ်နှောင်းခေတ် ဝတ္ထုအဆောက်အအုံကြီးကို တင့်တယ်၊ ဇဝန၊ သာကဒိုး၊ သော်တာဆွေ၊ အောင်စိုး၊ ဂျာနယ်ကျော်မမလေး၊ ခင်မျိုးချစ်၊ သခင်ဘသောင်းနှင့်တကွ စာရေးဆရာ အသင်းကြီးက စွမ်းစွမ်းတမံ ဆန်းသစ်သည်ထက် ဆန်းသစ်အောင် ဖန်တီးနေကြသည်။

## ရတနာပုံဝတ္ထု

ရတနာပုံဝတ္ထုကို သူရိယစာပုံနှိပ်တိုက်မှ သက္ကရာဇ် ၁၉၁၇ ခုနှစ်တွင် ရှေးဦးစွာ ရိုက်နှိပ်ခဲ့သည်။ ရတနာပုံ ဝတ္ထုမှာ အင်္ဂလိပ်ဝတ္ထု East Lynne မှ ဆီလျော်အောင် ဘာသာပြန်ထားခြင်း ဖြစ်သည်။ ရတနာပုံဝတ္ထုကို ရေးသားသော ရွှေဥဒေါင်းသည် စုံထောက်ဝတ္ထုများကို အင်္ဂလိပ်ဝတ္ထုတို့မှ ရှေးဦးစွာ ဘာသာပြန်ဆိုရေးသားသူ ဖြစ်သည်။ ရွှေဥဒေါင်းနှင့် စုံထောက်မောင်စံရှားတို့ကိုကား ခွဲခြား၍ မရစကောင်းပေ။ စာရှုပရိတ်သတ်အတွက် ရွှေဥဒေါင်းသည် မောင်စံရှား၊ မောင်စံရှားသည် ရွှေဥဒေါင်းပင်ဖြစ်သည်။ ဝန်ကြီးပဒေသရာဇာနှင့် ရွှေတောင် သီဟသူတို့သည် ခေတ်ကာလပေါ် ဝတ္ထုတို့၏ ဘိုးဘေးဖြစ်ခဲ့၏။ မြဝတီမင်းကြီး၊ မမြလေး၊ လှိုင်မင်းသမီးတို့သည် ကာလပေါ် ဝတ္ထုတို့၏ အမိအဖဖြစ်ခဲ့၏။ သို့ဖြစ်ခဲ့လျှင် ရွှေဥဒေါင်းကား ကာလပေါ်ဝတ္ထုတိုတို့၏ ဦးကြီး၊ ဦးလေးတစ်ဦး ဖြစ်သည်ဟု ဆိုရပေမည်။ "ရွှေဥဒေါင်း" အမည်ဖြင့် ကျော်ကြားသူ စာရေးဆရာကြီး ၏ အမည်ရင်းမှာ ဦးဖေသိန်းဖြစ်သည်။ ယခုအခါ မန္တလေးမြို့တွင် နေထိုင်လျက် ရှိသည်။

■



http://myanmarpyithar.net

# ရတနာပုံဝတ္ထုဇာတ်လမ်းအကျဉ်းချုပ်

ရတနာပုံ မန္တလေးရွှေမြို့တော် အရှေ့ပြင်အရာရှိရပ်ကွက် (စီဗီလိုင်း) တွင်နေသော ပင်စင်အငြိမ်းစား စစ်ကဲကြီး ဦးထင်ကျော်၏ သမီးခင်စိန်ကြည်နှင့် အမိန့်တော်ရမင်း မောင်ထွန်းမြတ်တို့မှာ ဖူးစာရေးနတ်၏ စုတ်ချက်ခြယ်လှယ်ပုံ ဆန်းကြယ်သဖြင့် အကြင်လင်မယားအဖြစ်သို့ ရောက်ခဲ့ကြ၏။ မောင်ထွန်းမြတ်၏ အစ်မအပျိုကြီး မဂျမ်းပုံကြောင့် ခင်စိန်ကြည်နှင့် မောင်ထွန်းမြတ်တို့၏ အိမ်ထောင်ရေးမှာ ပြည်ပန်းညိုချိုချင်ပါလျက် ဆားကဖျက်သည့်ကိန်းသို့ ဆိုက်ရောက်နေ၏ ။ သို့နှင့်ပင် သားသမီးသုံးယောက် ရခဲ့သည်။ ခင်စိန်ကြည်မှာ အစ်မကြီးမဂျမ်းပုံက မည်မျှပင် ငြူစူသော်လည်း မောင်ထွန်းမြတ်ကို ဘာတစ်စုံတစ်ရာမျှ ပြန်မပြောချေ။ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏ အသက်ဖြစ်၏။ ခင်စိန်ကြည်သည်လည်း မောင်ထွန်းမြတ်၏ အသက်ပင်။ သူတို့နှစ်ဦးမှာ သူ့ထက်ငါ အပြိုင်အချစ်လွန်ပွဲနွှဲနေကြသည့် 'ချစ်သက်ဝေ' ကြင်ဘက်များဖြစ်သည်။ ချစ်သက်ဝေတို့၏ ပျော်ရွှင်မှု အိမ်ထောင်ရေး အဆောက်အအုံကြီးသည် လောကဓံ မုန်တိုင်းတွင် အစိတ်အစိတ် ကွဲအက်ပြိုပျက်ရ၏။ လေမုန်တိုင်းဖန်တီးသူ ကြမ္မာကောင်ဂြိုဟ်ဆိုးကား လူယုတ်မာ မောင်သက်ညွန့်ဖြစ်သည်။ ရာဇဝတ်ဝန်ထောက် ဦးကျော်မင်း၏သမီး မိမိရီမှာကား ဒုတိယတရားခံဖြစ်သော်လည်း အပြစ်ကင်းသော တရားခံဖြစ်သည်။ မိမိရီနှင့် မောင်ထွန်းမြတ်တို့မှာ ငယ်ပေါင်းကြီးဖော်များဖြစ်ကြသည်။ မိမိရီနှင့် မောင်ထွန်းမြတ် တို့ကို ခင်စိန်ကြည် မသင်္ကာအောင် မောင်သက်ညွန့်က လုပ်ကြံပြောဆိုသည်။ နဂိုကလည်း ခင်စိန်ကြည်က မသင်္ကာဖြစ်နေသဖြင့် မောင်သက်ညွန့်ပြောသည်ကို ယုံကြည်ပြီးလျှင် ယမ်းပုံမီးကျ ဒေါသဖြစ်၏။ နောက်ဆုံး၌ ခင်စိန်ကြည်သည် ကမ်းမမြင်လမ်းမမြင် ဒေါသမွှန်သဖြင့် မောင်သက်ညွန့်သွေးဆောင်ရာသို့ လိုက်ပါသွားလေသည်။ ခင်စိန်ကြည်သည် တစ်နှစ်လောက်ကြာသော် နောင်တရ၏။ သို့သော် အနာကျွမ်းချေပြီ။ ကုစားမရတော့ချေ။ မောင်သက်ညွန့်၏ ပင်ကိုသဘော လူယုတ်မာဇာတိသည်လည်း ဘူးပေါ်သလို ပေါ်လေပြီ။ ခင်စိန်ကြည်နှင့် မောင်သက်ညွန့်တို့ ခွာပြဲကြ၏။ ခင်စိန်ကြည်မှာ ကလေးတစ်ယောက်နှင့် ကျန်ခဲ့သည်။ တစ်ညသ၌ ခင်စိန်ကြည်သည် မီးထွန်းကာစာဖတ်ရင်း မှေးခနဲအိပ်ပျော်သွား၏။ ကျောပူသဖြင့် ရုတ်တရက်လန့်အော်ကာ ထလိုက်ရာ မထနိုင်တော့ချေ။ သတိလစ်သွားလေသည်။ သတိရသောအခါ ခင်စိန်ကြည်မှာ မီးလောင်သော ဒဏ်ရာဖြင့် ဆေးရုံသို့ ရောက်နေကြောင်း သိရ၏။ ကလေးမှာ မီးထဲတွင် သင်္ဂြိုဟ်ပြီး ဖြစ်သွားသည်။ မီးလောင်အမာရွတ်ကြောင့် ခင်စိန်ကြည်မှာ မမှတ်မိနိုင်



http://myanmarpyithar.net

လောက်အောင် ရုပ်ပျက် ဆင်းပျက် ဖြစ်နေ၏။ ခင်စိန်ကြည်သည် ကလေးများကို လွှမ်းဆွတ်လှသဖြင့် ဆရာမဟန်ဆောင်၍ မောင်ထွန်းမြတ်အိမ်၌ မိမိသားသမီးများကို စာပြပေးသည်။ ထိုအတွင်း အလတ်ကလေးသေသည်။ ခင်စိန်ကြည်လည်း နှလုံးခိုက်ပြီးလျှင် နောက်ဆုံး၌ စိတ္တဇရောဂါနှင့်ပင် သေရာလေသည်။ သေခါနီးဆဲဆဲတွင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်အား မိမိအပြစ်ကို ဖော်ပြဝန်ချကာ တောင်းပန်ခဲ့သည်။ မိမိအမှားကို ခွင့်လွှတ်၍ ကျန်ရင်သွေးကလေး နှစ်ယောက်ကို ကြည့်ရှုရစ်ရန် အထပ်ထပ် မှာကြားရင်း ကမ္ဘာလောကကြီးကို ကျောခိုင်းသွားလေသည်။

## ဝေဖန်ချက်အကျဉ်းချုပ်

မောင်ထွန်းမြတ်သည် ယောကျာ်းမြတ်ဖြစ်သည်။ ကိုယ်ကျင့်တရားနှင့် ပြည့်စုံ၏။ ဆွေမျိုးကို ထောက်ပံ့ခြင်း၊ လူမျိုးကို ညှာတာခြင်းစသော မင်္ဂလာတရားနှင့်ပြည့်ဝ၏။ ခင်ပွန်းအဖြစ်၊ လင်အဖြစ် မှတ်ကျောက်တင်ကြည့်လျှင် မောင်ထွန်းမြတ်သည် စံပြလင်ဖြစ်သည်။ မိမိမယားအပေါ်တွင် လင်ဝတ်ငါးပါး ကျေသည်။ လင်ဝတ်ဆယ်ပါးရှိလျှင် ဆယ်ပါးစလုံးပင် ကျေမည့်သူဖြစ်သည်။ ဖခင်အဖြစ် စံထိုးကြည့်ပြန်လျှင်လည်း စံပြဖခင်ဖြစ်သည်။ မလွှဲသာ၍ နောက်အိမ်ထောင်ပြုရသော်လည်း မိမိရင်သွေးများကို အထူးဂရုစိုက်သည်။ မိထွေးကလည်း ဂရုစိုက်ရသည်။ နောက်ဆုံး၌ ခင်စိန်ကြည်အပေါ်တွင် ခွင့်လွှတ်သည်အထိ မြင့်မြတ်သည်။

ခင်စိန်ကြည်ကား မိန်းမတို့ဓမ္မတာအတိုင်း အချစ်နဲ့ ပတ်သတ်လျှင် သဝန်တို၏။ အချစ်ကို မမျှနိုင်။ အချစ်ဝေသဏ္ဍာရာမလုပ်နိုင်။ အချစ်ကို တစ်ဦးတည်း ကိုယ်စားလှယ်မှတ်ပုံတင်ထားလိုသည်။ မိမိရီနှင့် မောင်ထွန်းမြတ်တို့ကို မသင်္ကာမိသည်။ ထိုယုံမှားချက်မသင်္ကာမှုကို ခိုင်မာသော သက်သေများတွေ့ရာ အချစ်မွန်ကာ အမှားကိုပြုမိသည်။ မောင်ထွန်းမြတ်အပေါ်မှာ စိတ်နာနေခိုက်တွင် မီးလောင်ရာ လေပင့်သကဲ့သို့ လူယုတ်မာ မောင်သက်ညွန့်က ဖြားယောင်းလှည့်ပတ်ခြင်းကြောင့် အမှားပေါ်တွင် အမှားဆင့်ရသည်။ ခင်စိန်ကြည်မှာ မယားကောင်းအင်္ဂါ ချို့တဲ့ခဲ့သည်။ ထို့ကြောင့် အကျင့်ချွတ်ယွင်းခဲ့ရသည်။ သို့သော်လည်း ခင်စိန်ကြည်မှာ စံပြမိခင်ကားဖြစ်သည်။ ရင်သွေးဟူက ချစ်မဝဖြစ်သည်။ အရှက်အကြောက်ကို ပြည်ဖုံးကားချကာ မောင်ထွန်းမြတ်အိမ်မှာပင် ရုပ်ဖျက်၍ ဆရာမဟန်ဆောင်ပြီးလျှင် မိမိရင်သွေးများကို ပိုက်ပိုက်ပွေ့ပွေ့ ယုယခဲ့သည်။ အလတ်ကလေးသေသောအခါ ခင်စိန်ကြည်မှာ နှလုံးခိုက်၍ အနိစ္စရောက်ရာသည်။ ခင်စိန်ကြည်သည် အချစ်ကြီးခဲ့

သလောက် အမျက်ကြီးကာ မစူးစမ်းဘဲ ပြုကျင့်မိသဖြင့် နောက်ဆုံးတွင် အပူခန်းဖြင့် ဇာတ်သိမ်းရရှာသည်။

မောင်သက်ညွှန့်မှာ စံပြလူယုတ်မာဖြစ်၏။ အချက်ကောင်း တွေ့လျှင် မလွှတ်တမ်း အခွင့်ကောင်းယူကာ အခြားသူတို့၏ သမီးပျို၊ မယားပျိုများကို ဖျက်ဆီး၏။ ဗုဒ္ဓဘာသာ မြန်မာတို့အမြင်အားဖြင့် အဝီစိငရဲ၌ ချိုးစွဲမည့်သူဖြစ်၏။ အရိပ်နေနေ အခက်ချိုးချိုးလူစားဖြစ်၏။ သားရေပေါ်အိပ်၊ သားရေနားစားသော ခွေးထက်ပင် ယုတ်မာ၏။ မောင်ထွန်းမြတ်အိမ်မှာ တည်းခိုဆဲမှာပင် မောင်ထွန်းမြတ်၏ဇနီးချော ခင်စိန်ကြည်ကို ကြာခိုခဲ့၏။ ခင်စိန်ကြည်ကို တွေ့တိုင်း တွေ့တိုင်း ချစ်ရေးဆို၏။ မိမိရီနှင့် မောင်ထွန်းမြတ်တို့ကို အထင်မှားအောင် ခင်စိန်ကြည်အား ထေ့သံ၊ ညှသံ, ကရုဏာသံများဖြင့် ဖြားယောင်းပြောဆိုခဲ့၏။ နောက်ဆုံး၌ ခင်စိန်ကြည်ကို မောင်ထွန်းမြတ်လက်မှပင် အရယူခဲ့၏။ သို့သော် မွေးတုန်းသာပန်၍ နံသောအခါ မညှာမတာပစ်ခဲ့၏။ မောင်သက်ညွှန့်ကား ရုပ်ရည်သန့်၏။ ကြွယ်ဝချမ်းသာ၏။ ကောလိပ်ကျောင်းထွက် ခေတ်ပညာတတ်–အက်–ဖ–အေ(အိုင်အေ) အောင်သူဖြစ်၏။ စင်စစ် မိန်းကလေးများ လိုလား တတ်သောအရည်အချင်းများပင်။ ထိုအရည်အချင်းများကို ဗန်းပြကာ သားပျို သမီးပျိုတို့ကို ဖျက်ဆီးနေသည်။ ခြေတစ်ချောင်းသာထောက်၍ လေကိုစားနေသည် ဟု ဆိုသောသူတော်ယောင် မြေခွေးယုတ်ပင်ဖြစ်သည်။

မိမိရီမှာ စံပြသစ္စာရှိသူ မိန်းကလေးဖြစ်သည်။ မိမိရီ၏ အချစ်ပန်းမှာ တိတ်တိတ်ခိုး မောင်ထွန်းမြတ်အတွက် ရည်စူးကာ ပျိုးထား၏။ မောင်ထွန်းမြတ်နှင့် ခင်စိန်ကြည်တို့ လက်ထပ်သွားသောအခါ မိမိရီမှာ အသည်းကွဲခဲ့ရ၏။ ဆွေးဗျာထု ကြွယ်ရ၏။ အပူနယ်ချဲ့ခဲ့ရ၏။ အခြားဂုဏ်ရည်တူ အရာရှိ မင်းပျိုမင်းလွင်များက လာ၍ အိမ်ထောင်ရေးစကား နွယ်သော်လည်း မိမိရီက ပယ်ခဲ့သည်။ လက်မခံခဲ့။ ထို့ကြောင့် မကြာခဏပင် ဖခင်ရာဇဝတ်ဝန်ထောက် ဦးကျော်မင်း၏ အကြိမ်း အမောင်းကိုခံရ၏။ မိမိရီသည် စိတ်နူးညံ့၏။ နူးညံ့သလောက် စိတ်ဖြောင့်၏။ မောင်ထွန်းမြတ်အတွက် ရည်စူးထားသော မေတ္တာပန်းကို မည်သူ့ကိုမျှ ဆွတ်ခွင့် မပေးချေ။ အခြားလူအားလုံးကို ကန်တော့ဆွမ်းလိုက်၏။ နောက်ဆုံး၌ မိမိရီ၏ ဇွဲ၊ သစ္စာ၊ တည်ကြည်မှုတို့ကြောင့် မိမိရည်မှန်းသည့် အတိုင်းပင် မိမိ၏မေတ္တာပန်းကို မောင်ထွန်းမြတ်လက်သို့ အပ်ခွင့်ရလေသည်။ ထိုအခါ မိမိရီမှာ စံပြမယား ဖြစ်လာ၏။ မိမိချစ်လင် စိတ်ကြည်နူးမှုကို မယားဝတ်ကျေပွန်ခြင်းဖြင့် ဖန်တီးခဲ့သည်။ မိမိရီက စံပြမိထွေးလည်းဖြစ်သည်။ မိထွေးတော် ဂေါတမီထုံးကို

နှလုံးသွင်းကာ လင်ပါသားသမီးများကို သိမ်းသိမ်းပိုက်ပိုက် ယုယခဲ့သည်။ မိမိရီသည်စံပြနှမလည်း ဖြစ်သည်။ လူသတ်မှုကြောင့် ထွက်ပြေးနေရသော မိမိ၏ အစ်ကိုကြီးမောင်ဘချိုအတွက် နေ့မအား ညဥ့်မအား ကြိုးစားရှာသည်။ မိမိရီ၏ ကြိုးစားမှုကြောင့် အပြစ်မရှိသော မောင်ဘချိုမှာ တရားဥပဒေမျက်မှောက်တွင် လွတ်လပ်စွာ နေခွင့်ရလေသည်။

အပျိုကြီး မဂျမ်းပုံကား တကယ်အရိုးအရင်းစွဲ အပျိုကြီးဖြစ်သည်။ စိတ်ထားသဘောထား၊ အပြောအဆို၊ အမူအရာ၊ လုပ်ပုံကိုင်ပုံ၊ သြဇာပေးပုံတို့မှာ တကယ့်ရေမရောသော အပျိုကြီးစစ်စစ်ဖြစ်သည်။ မဂျမ်းပုံမှာ 'လိုတာမရ၊ ရတာမလို' သောကြောင့် အပျိုကြီးစာရင်းသို့မလွဲသာ၍ အတင်းသွတ်သွင်းခံရသူမဟုတ်။ ပျားပန်းခတ် ရွှေပလူကဲ့သို့ လိုချင်သူပေါသော်လည်း မဂျမ်းပုံ၏ နဂိုစိတ်ရင်းကပင် အိမ်ထောင်မပြုလို၍ အပျိုကြီးလုပ်သူဖြစ်သည်။ မဂျမ်းပုံမှာ ငယ်ဖြူအပျိုကြီး ဖြစ်သည်။ ထို့ကြောင့် လောကီမှု မောင်ချစ် မယ်ချစ်၊ ကိလေသာ တဏှာအနှစ်၊ ကာမဂုဏ်ယစ်ပုံကို လုံးဝမသိရှာ။ မိမိ၏မောင် မောင်ထွန်းမြတ်ကိုလည်း မိမိကဲ့သို့ အိမ်ထောင်မပြုစေချင်။ မိမိတို့ မောင်နှမ နှစ်ယောက်တည်းသာ အတူတကွ ဥမကွဲသိုက်မပျက်နေကာ မိမိက သြဇာပေးနေချင်သည်။ မောင်နှမနှစ်ယောက်စပ်ကြား တစိမ်းဝင်လာမည်ကို မနှစ်မြို့ချေ။ ထို့ကြောင့် မောင်ထွန်းမြတ်ကိုလည်း ချစ်ကြိုက်ကြသော ခင်စိန်ကြည်နှင့် မိမိရီတို့အား မျက်စိစပါးမွေးစူးသည်။ မျက်မုန်းကျိုးသည်။ "မိန်းကလေးတန်မဲ့ အလွန်နန့်သည်၊ ပျံ့သည်"ဟုလည်း စွပ်စွဲခဲ့သည်။ အပျိုကြီး ဓမ္မတာသဘာဝအတိုင်း အလွန်ဆရာလုပ် ချင်သည်။ နေရာတိုင်းမှာပင် အာဏာပြကာ သြဇာပေးနေသည်။ ပဲခူးဆားလုပ်ချင်သည်။ လင်မယားအရေးတွင် သူ ဝင်စွက်ချင်သည်။ မပါဝင်သင့်၊ ပါဝင်သင့်သည်ကို သူမသိချေ။ မယားက လင်ကိုယုယုယယပြုစုသည်ကိုပင် ပိုလွန်းသည်၊ မာယာမူရာ များလွန်းသည်ဟု မေငေါ့သည်။ နှုတ်ခမ်းစူသည်။ ခင်စိန်ကြည်နှင့် မောင်ထွန်းမြတ် ကွဲကွာသည့် အမှုတွင် အပျိုကြီး မဂျမ်းပုံကို အနည်းဆုံး တတိယတရားခံ အဖြစ်ဖြင့် စွဲချက်တင်ထိုက်သည်။ သို့သော် မဂျမ်းပုံကား သဘောဖြူ အူစင်း၏။ ခင်စိန်ကြည် သေခါနီးတွင် မဂျမ်းပုံမှာ ယူကြုံးမရ ဖြစ်ရှာ၏။ ခင်စိန်ကြည်၏ ဘဝခရီး မသာယာမှုအကြောင်းရင်းကို စစ်လျှင် ငါသည်ပင် အပြစ်ဖြစ်ချေသည်ဟု မိမိကိုယ်ကို အပြစ်ဖို့ကာ နောင်တရရှာသည်။

ရတနာပုံ ဝတ္ထုကိုခြုံ၍ဝေဖန်စိစစ်လျှင် ရတနာပုံဝတ္ထုသည် လောကီသား မောင်မယ်ငယ်ရွယ်သူအများအတွက် အဖိုးမဖြတ်နိုင်သော လောကီသင်ခန်းစာ



http://myanmarpyithar.net

ရတနာအနှစ် ဖြစ်သည်။ မယ်လုလင်ကလေးများက ခင်စိန်ကြည်၊ မိမိရီ၊ မဂျမ်းပုံတို့၏ သဘောထားများမှ ကောင်းရာအနှစ်ကို ယူ၍အကာကို စွန့်ပစ်ရမည်။ မောင်လုလင်များမှာမူ မောင်ထွန်းမြတ်ကို စံယူပြီးလျှင် မောင်သက်ညွန့်ကဲ့သို့သော လူစားမဖြစ်စေရန် သမ္မာတရားလက်ကိုင်ထားကာ ကြိုးစားရုံမျှသာမက၊ ဤကဲ့သို့ မိမိလောကီဂုဏ်ကို ကိုးကား အမျိုးနစ်နာအောင် ပြုကျင့်နေသည့် "မျိုးနှစ်" တိရစ္ဆာန်မျိုးတွေကို မျိုးချစ်စိတ်ဖြင့် ပြုပြင်သုတ်သင်စေကြောင်း သတိမောင်းခတ်ရပေသတည်း။

**ဒေါ်စီစီ ဘီအေ**

**ရန်ကုန်တက္ကသိုလ်**

**၇၊ ၄၊ ၅၃**



http://myanmarpyithar.net

## မူလဝတ္ထု၏
## နိဒါန်း

ကာလအလျှောက်၊ ခါသမယရောက်သဖြင့်၊ ပေါ်ပေါက်ဆန်းပြား၊ ဉာဏ်တိုးပွားရှ်၊ ထူးခြားပညာ နည်းယူရာဖြင့်၊ မှတ်ရာမှတ်ကြောင်း၊ အလွန်ကောင်းသဖြင့် နှပျောင်းအယဉ်၊ လူ့တစ်ခွင်ဝယ်၊ တုယှဉ်ပြိုင်ကင်း၊ လှယမင်းတို့၊ ပြုံးခြင်းမျက်နှာ၊ နှုတ်လျှာအဖျား၊ နိပတ္တမြားသို့၊ အသားရွှေရောင်၊ ခုံးမျက်တောင်ကြော့၊ ထုံးလျော့ကေသာ၊ ရှည်သွယ်ဖြာလျက်၊ အလှစုံစီ၊ ခင်စိန်ကြည်နှင့်၊ တူမှီပေါင်းစည်း၊ ရေးကံနှီး၍ တက်သိပညာအရာရာကို၊ သာယာချေင်၊ ပိယံစကား လူအများတို့၊ ချစ်အားကြည်ယုံ၊ ပေါင်းဆုံတည့်မတ်၊ မောင်ထွန်းမြတ်တို့ ဖျတ်လတ် ကြောင်းအင်၊ ဇာတ်လမ်းဆင်၍ ဖတ်ချင်စရာ၊ ရိုင်းရာပယ်ရှား ယဉ်ရာထား၍ ဖတ်ကြားကြည့်ခါ၊ ပျော်ရာကြည်ခန်း ရယ်ရွှင်လန်းနှင့်၊ လွမ်းခန်းတစ်ဖုံ ပူပုံတခြား ကြင်နာအားဖြင့်၊ သနားစရာ ကြောင်းဖြာဖြာကို စီကာပတ်ကုံး၊ အသုံးယဉ်စွာ စကားမှာကား မြန်မာရပ်သား၊ အမျိုးအားဖြင့် ပြောကြားသလို၊ ခေါ်ဆို ရေးသားစီရင်ထား၍ ယောကျာ်းမိန်းမ ဟူသမျှတို့၊ ဖတ်က ထင်မြင် လက်ဝါးပြင်၌၊ ကောက်ငင်တင်ထား ပတ္တမြားသို့၊ အလားနည်းတူ လွယ်ကူထင်ရှား၊ သိနိုင်ငြားသော ဤ “ ရတနာပုံ ”ခေါ် ဝတ္ထု၏ ဇာတ်သွားကို၊ အများတသီး လူကြီးလူငယ်၊ အရွယ်အလတ် မပြတ်ကြည့်ရှုဖတ်နာပြုက လူမှုရေးရာ ချင်းရာ ဥဿုံ၊ အလုံးစုံကို ၊ အကုန်မယွင်း တက်ကျွမ်းခြင်းဖြင့်၊ ညှံ့ဖျင်းစရာ အရာရာကို၊ ပယ်ခွာလွှင့်ပြောင်း လူကောင်းလူပါး။ လူအများအောက်၊ ကျရောက်မရှိ၊ တတ်သိလိမ္မာ ဖြစ်စေငှာဖြင့်၊ စေတနာမယုတ် ဤစာအုပ်ကို ရေးထုတ်စီမံ၊ နောင်ကျိုးမှန်ကို ရည်သန်စိတ်ထား ရလိုငြားမှု၊ ကျွန်ုပ်ပြုသည် ကြည့်ရှုမှတ်သားကြစေကုန်သတည်း။

လောကတစ်ခွင် မြေအပြင်ဝယ်၊ ပွေအင်ဆန်းပြား ပြုဖွယ်များကို၊

ဉာဏ်ပွားစရာ ဇာတ်ကြောင်းရာ၍ ပညာရှိများ ရေးသားစီမံ နည်းမှီရန်ကို၊ ခါခါစိစ္စေး၊ နှလုံးထွေး၍၊ လူရေးလူရာ အဖြာဖြာကို၊ မှတ်ရာမှတ်ကြောင်း ယုတ်မြတ်ပေါင်းကို၊ သိကောင်းသည်ပင် သို့ဖြစ်အင်ကြောင့်၊ ပုံပြင်ပြထား ဇာတ်လမ်းသွားကို အများ သဟာ ဆွေကလျာတို့ ခါခါမလပ်၊ ဤစာဖတ်က ဦးတပ်ရင်းတည် ခင်စိန်ကြည် သည်၊ လော်လီဖြောင်းဖြား၊ သက်ညွှန့်အားကို၊ ယုံမှားသည့်ပြင် ကြမ္မာငင်၍၊ ချစ်ကြင်ဖြောင့်မတ် မောင်ထွန်းမြတ်ကို၊ မအပ်မရာ စွပ်စွဲကာဖြင့် ၊ ပညာမဲ့ကင်း မာန်ပြိုင်လျှင်း၍၊ ပြုခြင်းအရာ၊ သို့ဖြစ်ပါသဖြင့်၊ ခါခါမလပ်၊ ကြိမ်ထပ်ထပ်ဖြင့် ရစ်ပတ်ပွေလီ ဝဲသို့လည်လျက် အတည်မကျ၊ များဒုက္ခဖြင့်၊ မုချမကွာ၊ ခံရရာပြင်၊ လင်ကွာ သားကွဲ၊ ဆင်းရဲငြိုငြင်၊ ကြောင်းဖြစ်အင်ကို၊ ဆင်ခြင်စဉ်းစား၊ စိတ်ဝယ် ထား၍၊ ပြစ်မှားမသင့် ပယ်ရှားသင့်ကို၊ ဉာဏ်ဖြင့် မှတ်သား နည်းယူငြားက၊ မှောက်မှားစရာ အရာရာကို၊ လိမ္မာပွန်းတီး တက်မြောက်ပြီး၍၊ ဉာဏ်ကြီးစရာ ဇာတ်ခန်းလာကို၊ မှတ်ပါအများ၊ နှ–ပျိုသားတို့၊ ကျိုးပွားစေငှာ စိတ်ရည်ကာဖြင့်၊ ဉာဏ်ဖြာကြိုးကုတ် ပြုလုပ်တစ်ဖန်၊ ဒုတိယံထုတ် ဤစာအုပ်ကို၊ မြတ်ယုတ် ၂ ပါး၊ အမျိုးသားတို့၊ နိုးကြားမလပ်၊ အထပ်ထပ်ဖြင့်၊ ကြည့်မှတ်ဖတ်ရှုကြစေကုန် သတည်း။

**– နိဒါန်းပြီး၏ –**

# အခန်း (၁)

မန္တလေးမြို့ တောင်ပြင်မင်္ဂလာဈေးအနီး၊ စီဗီလိုင်းခေါ်အရပ်တွင် သစ်ပင်ဥယျာဉ် ပန်းမာန်အစရှိသည်တို့ဖြင့် ဝိုင်းရံလျက်ရှိသည့် အိမ်ကြီးတစ်ဆောင်အတွင်း ဥရောပတိုက်သားတို့ နေထိုင်ဘိသကဲ့သို့ အိမ်ထောင်မှု ပရိဘောဂ စသည်တို့ဖြင့် ခမ်းနားလှပစွာ ပြင်ဆင်၍ထားသော အခန်းကြီးတစ်ခန်း၌ အသက် ၅၀ ခန့်ရှိ ရုပ်ရည်မွန်ရည် ဖြူစင်ရှိ၍၊ အလွန်တရာ လူရည်သန့်သော မြန်မာအရာရှိကြီးတစ်ယောက်သည် ဆွတ်ဆွတ်ဖြူလျက်ရှိသော ဆံပင်ကလေးကို ချောမွေ့အောင်ထုံး၍ ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးတံကိုသောက်လျက် ရေးဟောင်းနှောင်းဖြစ်များကို ပြန်လှန်တွေးတော၍ နေသည့်ဟန်နှင့် ထိုင်လျက်နေလေ၏ ။ ၎င်းအရာရှိကြီးမှာ ငယ်ရွယ်စဉ်အခါမှစ၍ အင်္ဂလိပ်အစိုးရမင်းတို့၏ အမှုတော်ကို ကောင်းမွန်ကျိုးနွံစွာ ထမ်းရွက်လာခဲ့ရာ၊ တစ်ဆင့်မှတစ်ဆင့် ရာထူးတိုးတက်၍ ဒုတိယတန်း စစ်ကဲအဖြစ်သို့ အရောက်တွင် အသက်အရွယ်လည်း ကြီးရင့်၊ ကောင်းစွာလည်း မကျန်းမာ၊ အမှုထမ်းနှစ်လည်း စေ့သဖြင့် ပင်စင်ယူပြီးလျှင် အောက်သားဇာတိပင်ဖြစ်သော်လည်း၊ အောက်ပြည်သို့ မပြန်ဘဲ မန္တလေးမြို့တွင်ပင် ဆက်လက်နေထိုင်လျက် ရှိနေလေ၏။

၎င်းလူသည် အစိုးရအမှုကို ထမ်းရွက်စဉ် အရာရှိကြီး တစ်ယောက် ဖြစ်သည့်အတိုင်း၊ လခကြေးငွေ များစွာ ရရှိသည့်ပြင် မိဘ၏အမွေအနှစ် အမြောက်အမြားပင် ဆက်ခံရသော်လည်း၊ အနေအထိုင်အသုံးအစွဲ စသည်တို့သည် ဥရောပတိုက်သား အရာရှိကြီးတို့ကဲ့သို့ နေထိုင်၍လာခဲ့ရာ မိဘအမွေအနှစ် လယ်ယာချောင်းမြောင်းစသည်တို့သည် တဖြည်းဖြည်းလျော့ပါး၍သွားပြီး အစိုးရအလုပ်မှထွက်၍ ပင်စင်စားချိန် ကျရောက်သည့်အခါ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေ စသည်တို့သည် တစ်ဧကမျှမကျန် ပေါင်နှံ၍ ထားရသည့်ပြင်၊ လခမှာလည်း တစ်ဝက်မျှသာ ရရှိလေ၏။ ဤကဲ့သို့ပင် အဝင်နည်းပါး၍



http://myanmarpyithar.net

သွားသော်လည်း စစ်ကဲကြီးသည် ငယ်ရွယ်စဉ်မှစ၍ အသုံးအစွဲအပေးအကမ်း အားကြီးသည်ဖြစ်သောကြောင့် ရုတ်တရက်မပြိုးခြံနိုင်ဘဲ ရှိရာ မိမိရရှိသော ပင်စင်သည်ချေး၍ထားသော ငွေတိုးကိုပေးဆပ်လောက်ရုံသာရှိ၍၊ သုံးစွဲရန်ငွေမှာ နောက်ထပ်လှည့်လည် သုံးစွဲရလေ၏။

အစိုးရအမှုကို ထမ်းရွက်စဉ်အခါ၌လည်း ၎င်းစစ်ကဲကြီးသည် မိမိ၏လခ ကလေးနှင့် မသုံးစွဲလောက်သည်ကို သိသော်လည်း တံစိုးလက်ဆောင်စားခြင်း၊ မတရားသဖြင့် တရားစီရင်ခြင်း၊ စသည်တို့ကို အလျဉ်းဝါသနာ မပါသောကြောင့် မိမိနှင့်အရာတူ အမှုထမ်းတို့သည် အချင်းချင်းဦးခေါင်းကို ညိတ်လျက် မဲ့ရွဲ့၍ ပြောဆိုတတ်ကြကုန်၏။

တစ်ခါတရံ အမှုသည်တစ်ယောက်သည် ငွေစက္ကူ ၁၀ဝ တန် ၂ချပ်ကို စစ်ကဲကြီးအား ဖိနပ်ဝယ်၍ စီးတော်မူရန်ဟု လက်ဆောင်အဖြစ်ဖြင့် ပေးသောအခါ၊ ၎င်းလူအား

'ငါ၏ဖိနပ်ကို ငါဝယ်စီးနိုင်သည်၊ မင်း၏ကိစ္စမဟုတ်' ဟု ပြန်၍ ပေး လေကြောင်း။

တစ်ခါတစ်ရံ အမှုသည်က အတင်းအကျပ်ပေးလေသောအခါ စစ်ကဲကြီး သည် အစေခံတစ်ယောက်ကို ခေါ်၍ 'သည်အကောင် အင်မတန်ငွေပေါဟန် လက္ခဏာရှိသည်' ဟု ပြောလျက် 'လမ်းတွင်ကောက်ရသည်'ဟု စာတစ်စောင်ကို ရေး၍ငွေတိုက်သို့ ဘဏ္ဍာတော်အဖြစ်ဖြင့် သွင်းရန်စေလွှတ်လိုက်လေ၏။

ဤကဲ့သို့သော သတင်းကိုကြားရာ မည်သူတစ်ဦးတစ်ယောက်မျှ တံစိုးလက်ဆောင် ပေးမည့်အကြံနှင့် စစ်ကဲကြီး၏ အိမ်သို့မဝင်ဝံ့ကြကုန်။ ၎င်း၏မိတ်ဆွေ ကုန်သည်ကြီး၊ ပွဲစားကြီးအပေါင်းတို့က "စစ်ကဲကြီး၊ ဦးထင်ကျော်သည်ဖြောင့်မတ်သော သဘောရှိကြောင်း၊ အသုံးအစွဲကြီးကြောင်း" နှင့်ပြောဆိုပြီး၍ ဝိုင်းဝန်ကူညီလိုသော ဆန္ဒနှင့် တစ်နေ့သ၌ မိတ်ဆွေ ၄–၅ဦး တိုင်ပင်၍ အိမ်သို့သွားကြရာ ဦးထင်ကျော်၏ မြင့်မြတ်သောသဘောကို သိကြ၍ မည်သို့စတင်ပြောဆိုရမည်မသိ ရှိနေကြဆဲတွင် တစ်ဦးသောသူက စတင်၍ ကုန်သည်တို့ ပြောလေ့ရှိသည့်အတိုင်း ဝင်ငွေထွက်ငွေတို့ကို ဆင်ခြင်၍ သုံးစွဲသင့်ကြောင်းကို ပြောမိရာ၊ ဦးထင်ကျော်သည် ထိုင်ရာမှရုတ်တရက်ထ၍ ပြောဆိုလာသူ၏ မျက်နှာကို စေ့စေ့ကြည့်လျက် လက်ပိုက်ကာ ခန့်ခန့်ရပ်ပြီးလျှင် "မိတ်ဆွေတို့၏အကြံကို ကျွန်တော်သိ၍ ကျေးဇူးတင်ပါသည်။ သို့သော် ကျွန်တော်၏ အိမ်သည် ဝင်ငွေထွက်ငွေအကြောင်းကို တရားဟောပြောရန် နေရာ

မဟုတ်ပါ”ဟု ပြောသောကြောင့် ပွဲစားကြီး၊ ကုန်သည်ကြီးတို့သည် အချင်းချင်း တစ်ယောက်၏ မျက်နှာကို တစ်ယောက်ကြည့်လျက် ဆက်လက် မပြောဝံ့ကြဘဲ ပြန်သွားရလေ၏။

စစ်ကဲကြီး ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက် နံရံတွင်ဆွဲ၍ ထားသော အရည်အချင်းနှင့် ပြည့်စုံသည့် မိန်းမတစ်ယောက်၏ ဓာတ်ပုံကို စဉ်းစားရင်း ကြည့်၍နေစဉ် အစေခံတစ်ယောက်သည် ခြေဖျားထောက်လျက် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ကိုထွန်းမြတ် လာပါသည်ဘုရားဟု လျှောက်ထားလေ၏။ စစ်ကဲကြီးလည်း ဓာတ်ပုံကိုငေး၍ ကြည့်မြဲတိုင်း ကြည့်လျက် ဝင်ခဲ့ပေစေဟု ပြောလိုက်ရာ၊ အစေခံလည်း လူတစ်ယောက်ကို ခေါ်လာ၍ အခန်းတွင်းသို့ သွင်းလိုက်ပြီးလျှင် ထွက်သွားလေ၏။

မောင်ထွန်းမြတ်ဆိုသူမှာ အသက် ၂၇ နှစ်ခန့်မျှရှိ၍ လူပုံလူပန်း ထောင်ထောင်မောင်းမောင်း အဆစ်အမျက် ကျနပြေပြစ်၍ ရုပ်ရည် လွန်စွာမချော လှသော်လည်း အလွန်တရာ ကျက်သရေရှိလျက် ရွှင်ပျသော မျက်နှာ ရှိပေ၏။

စစ်ကဲကြီးလည်း ခြေသံကြားသဖြင့် ရုပ်ပုံကို ကြည့်ရာမှ လှည့်ပြီးလျှင် ထိုင်ပါဦးဟု ကုလားထိုင်တစ်ခုကို လက်ညှိုးညွှန်၍ ပြပြီးလျှင်

“မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ယခုတွေ့ရသည်ကို ဝမ်းမြောက်လှပါသည်။ အလည်သက်သက်လာသလား မောင်”ဟု မေးရာ မောင်ထွန်းမြတ်က “ကျွန်တော် အခုလာသည်မှာ အလည်သက်သက်မဟုတ်ပါ။ ကိစ္စနှင့်လာပါသည်”ဟု ပြောလျှင်

စစ်ကဲကြီးသည် ကုလားထိုင်တွင် မှီ၍နေရာမှ မတ်မတ် ထိုင်လိုက်ပြီးလျှင် “ဘာကိစ္စ ဘာလဲ’ဟု မေးရာ–

မောင်ထွန်းမြတ်သည် မိမိကုလားထိုင်ကို စစ်ကဲကြီး အနီးသို့ဆွဲ၍ထိုင်ပြီးလျှင် “သည်အိမ်ကို ရောင်းမည်ကြားလို့ ကျွန်တော်လာပါသည်” ဟု ခပ်တိုးတိုး ပြောလေ၏။

စစ်ကဲကြီးလည်း မျက်နှာကို တင်းတင်းထား၍ “နေပါဦးမောင်၊ မောင်က ဘယ်အတွက် မေးပါသလဲ၊ မောင့်ကို ဘယ်သူက လွှတ်လိုက်လို့လဲ၊ ဘယ်ကြွေးရှင်က မောင့်ကို ငှားပါသလဲ” ဟုမေးလျှင်

မောင်ထွန်းမြတ်က “ကျွန်တော်တို့ ရှေ့နေဆိုတဲ့ လူမျိုးက သစ္စာနည်း တယ်လို့ ကမ္ဘာက သမုတ်ကြသည်ကို ကျွန်တော်အသိ ဖြစ်ပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင်၌မှာတော့ အမှုသည်များကို လိမ်လည်လှည့်ပတ် နားသွင်း ဖျောင်းဖျပြီးလျှင် ကောက်ကျစ်စဉ်းလဲမှုဆို၍ တစ်စုံတစ်ခုမှ ပြုဖူးသည်မရှိပါ။

ရှေ့ကိုလည်း ပြုမည်မဟုတ်ပါ" ဟု မျက်နှာတင်းတင်းနှင့်ပင် ပြန်ပြောရာ စစ်ကဲကြီးက "သည်းခံပါ မောင်၊ ကျုပ်က ကြွေးများတဲ့လူဖြစ်တော့ ကြွေးရှင်တွေ ဉာဏ်များ သည်ကို သိလွန်းလို့ ဖြစ်ပါသည်။ စိတ်မရှိပါနှင့်မောင် ကိစ္စကိုပြော ပါ" ဟု ဆိုလေ၏

မောင်ထွန်းမြတ်က "သည်အိမ်နှင့် သည်ဝင်းကို ရောင်းမည်ကြား၍ ကျွန်တော့်မှာလည်း ငွေပိုကလေးရှိတုန်းဝယ်ထားမည် အောက်မေ့၍ လာမေးပါသည်" ဟုပြောလျှင်

စစ်ကဲကြီးလည်း "အောင်မယ် ရှေ့နေအလုပ်များ အကောင်းကြီးပါကလား" ဟုဆို၍ အတန်ငယ် စဉ်းစားပြီးလျှင် ပြောသည်မှာ

"မောင်ထွန်းမြတ် ကျုပ်မှာ ကြွေးအင်မတန်ထူတယ် ဆိုတာ မောင်သိပြီးသား ပဲ၊ ရသည့်ပင်စင်ကလေးကလည်း အတိုးပေးလောက်ရုံ သာသာကလေး ရှိတယ်၊ သည်တော့တစ်နည်းနည်းနဲ့ ငွေရအောင် ကျုပ်ကြံရတာပဲ။ ယခုသည်အိမ်နှင့် သည်ဝင်းကိုရောင်းလိုက်မယ် ဆိုတာ လူများသိမှဖြင့် ကြွေးရှင်တွေ အကုန်ဆုံပြီး လာကြလိမ့်မည်။ သည်တော့ အထင်အရှားမရောင်းဘဲ ရောင်းသူဝယ်သူနှင့် အသိသက်သေ လောက်သာ သိစေမှ ငွေကလေး ၄–၅–၈ ထောင်လောက် ကျုပ်သုံးရမှာပဲ၊ သည်အိမ်သည်ဝင်းနှင့် အိမ်ထောင်မှုပါအားလုံး ဘယ်လောက် ပေးနိုင်ပါမလဲ" ဟု မေးရာ မောင်ထွန်းမြတ်က "ဦး အမိန့်ရှိပါ"ဟု ပြန်ပြော လေ၏။

ထိုအခါစစ်ကဲကြီးက ၃၀၀၀ဝိ ထားပါတော့ဟု ပြောလေရာ မောင်ထွန်းမြတ်လည်း အိမ်ဝင်းတို့၏အဖိုးကို ခန့်မှန်းပြီးဖြစ်၍ ၂၀၀၀ဝိ ကျွန်တော် ပေးနိုင်ပါသည်ဟုဆို၍ အနည်းငယ်ပြောဆိုကြပြီးလျှင် ၂၃၀၀ဝိနှင့် ဈေးတည့် ကြလေ၏။

စကားအနည်းငယ် ပြောဆိုကြပြီးနောက် မောင်ထွန်းမြတ်လည်း ပြန်တော့ မည်ဟု ထလေလျှင် စစ်ကဲကြီးက "နေပါဦးမောင်၊ ယနေ့ည သည်မှာပဲ ထမင်း စားပါ" ဟုတားရာ စစ်ကဲကြီးသည် သာမညလူကို ထမင်းစားဖိတ်လေ့ မရှိသော ကြောင့် မောင်ထွန်းမြတ်သည် မငြင်းပယ်ဝံ့ဘဲ ပြန်၍ထိုင်ပြီးလျှင် စစ်ကဲကြီး တည်သည့် ငွေစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်လျက် စကားဆက်လက်၍ ပြောနေကြကုန်၏ ။

ဤသို့ စကားပြောဆိုနေကြစဉ် အိမ်တွင်းဘက် အခန်းတံခါးသည် ရုတ်တရက်ပွင့်၍ မိုဃ်းစွေ၍နေသည့်အခါဝယ် မွန်းတည့်နေမြင်လိုက်ရသောအခါ



http://myanmarpyithar.net

လူသတ္တဝါတို့သည် ရတ်တရက် နေ၏အလင်းကိုရသဖြင့် ဟဒယနှလုံးရွှင်ပြုံးစွာ ရှိဘိသကဲ့သို့ စာရွက်ကလေးကို မခို့တရို့ကိုင်၍ ထွက်လာသူ ၁၆ နှစ်အရွယ် မိန်းမကလေးကို မြင်လိုက်ရလျှင် မောင်ထွန်းမြတ်သည် ကျောင်းသားအရွယ်လွန်သဖြင့် လူပျိုကြီးဖားဖားဖြစ်လျက်နှင့်ပင် ဘဝင်တုန်လျက် ငေး၍ကြည့်မိလေ၏။

ဦးခေါင်းလျှော်သည့်နေ့ဖြစ်၍ ခါးခေါက်သို့ ဝဲလျက်ရှိသော ဆံပင်ကို ဖဲကြိုးအပြာကလေးဖြင့် ကပိုကရိုစီးပြီး အသားအေးစေရုံမျှသာလျှင် သနပ်ခါးအရည်ကျဲကလေးကို မသိမသာလိမ်းလျက် စူရတီပွင့်ထိုး အပြာတစ်ပတ်ရစ် လုံချည်ကလေးကို လက်တစ်ဖက်နှင့် မခို့တရို့မ,ပြီးလျှင် လက်တစ်ဖက်မှ စာရွက်ကိုကိုင်က ဝင်လာလေလျှင် နားတစ်ဖက်တွင် ၅ ရတီခန့်မျှရှိသော စိန်တစ်လုံး နားကပ်အရောင်သည် လက်ဟောင်းပထမတန်းစိန်ဖြစ်၍ အရောင်လက်လက်ထွက်ရကာ ၎င်းစိန်ရောင်သည် မိန်းကလေး၏မျက်လုံးအရောင်နှင့် မည်သူက ကောင်းလေသနည်း။ ခြေတွင်ဝတ်လျက်ထားသော ရွှေခြေကျင်းသည် မိန်းကလေး၏အသားနှင့် မည်သူက ဝါလေသနည်း။ လည်၌ ဆွဲ၍ထားသော ပုလဲကုံးသည် မိန်းကလေး၏သွားနှင့် မည်သူကဖြူလေသနည်း။ ဘယက်မှ ကျောက်နီသည် မိန်းကလေး၏ နှုတ်ခမ်းနှင့် မည်သူကနီ လေသနည်း စသည်ဖြင့် အံ့သြတွေးဆ၍ မရနိုင်အောင်ပင်ရှိလေ၏။

'ဖေဖေဘုရား–မစ်ဆက်ဘရောင်းက သည်ကနေ့ည ဆပ်ကပ် ကြည့်ရအောင်တဲ့။ ခင့်ဆီစာရေးလိုက်တယ် ဘုရား'ဟုဆို၍ စာကိုဖခင်အားပြမည်ပြုရာ ဧည့်သည်တစ်ယောက်ကိုမြင်သဖြင့် ပြန်၍သွားမည်ပြုလေ၏။ သို့ရာတွင် စစ်ကဲကြီးက "နေပါဦး ခင်ရဲ့၊ သည်ဟာက ဖေဖေ့မိတ်ဆွေ အမိန့်တော်ရမင်းကိုထွန်းမြတ်ပဲ"

"ရွှေဘိုမှာ နေတုန်းက၊ ဖေဖေတို့အိမ်နားက မြို့အုပ်မင်း သားဟာလေ၊ ကျုံးထဲ သမ္ဘန်ကလေးနဲ့ လှော်ကစားကြတာ မမှတ်မိဘူးလား၊ သည်တုန်းက သူငယ်ပေါ့၊ ယခုတော့ မန္တလေးမှာ အမိန့်တော်ရမင်း ဦးထွန်းမြတ်ဆိုတာ အကျော်တစောပေါ့"ဟု ပြောလျှင် . . . .

ခင်စိန်ကြည်သည် အင်္ဂလိပ်အမူအရာအတိုင်း မိမိဖခင် သွန်သင်ပြသခဲ့သည့်အပြင် အင်္ဂလိပ်စာလည်းတတ်၊ အင်္ဂလိပ်မများနှင့်လည်း အနည်းငယ်ရောနှောနေထိုင်ခဲ့သည်ဖြစ်သောကြောင့် မောင်ထွန်းမြတ်အား လက်ဆွဲ၍နှုတ်ဆက်ပြီးလျှင် "ရှေးကပေါင်းဟောင်းဖော်ဟောင်းများနှင့် တွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ နောင်ကိုလည်း ရှေးကကဲ့သို့ အကျွမ်းတဝင်ပေါင်းသင်း



http://myanmarpyithar.net

ဆက်ဆံရလိမ့်မည်ဟု မျှော်လင့်ပါကြောင်း” စသည်ဖြင့် မျက်နှာထား ချိုချိုနှင့် လောကဝတ် စကားပြောရာ

မောင်ထွန်းမြတ်ကလည်း “အရင်ကကဲ့သို့ အရောတဝင် ချစ်ချစ်ခင်ခင် ရှိကြပါက အတိုင်းထက်အလွန်ပင် ရှိမည်ဖြစ်ပါသည်” ဟု ပြန်ပြောပြီးနောက် ခင်စိန်ကြည်လည်း ဖခင်ထံမှ ဆပ်ကပ်သွားရန် အခွင့်ရသဖြင့် ပြန်စာရေးရန် အခန်းပြင်သို့ ထွက်သွားလေ၏။

ညနေ ၇ နာရီခန့်အချိန်ကျရောက်လျှင် မောင်ထွန်းမြတ်နှင့် စစ်ကဲကြီးတို့သည် ဧည့်ခံခန်းမှထ၍ ထမင်းစားခန်းသို့ ဝင်ကြပြီးလျှင်

‘ဟဲ့ စောရီ၊ ခင့်ပြောလိုက်’ဟု မိန်းကလေးအစေခံတစ်ယောက်ကို ခိုင်းလိုက်ပြီးနောက် စားပွဲမှာထိုင်၍ စောင့်နေကြရာ . . .

ခင်စိန်ကြည်သည် ဆပ်ကပ်ပွဲသို့သွားရန် ဝတ်စားဆင်ယင်လျက် အိမ်ပေါ်မှ ဆင်းလာလေ၏။ မောင်ထွန်းမြတ်သည် ခပ်စောစော၌ ကပိုကရိုနေထိုင်သည့်ရုပ်ကို မြင်ရရုံမျှနှင့် ချောလှပြီဟု မှတ်ထင်၍နေသည့်အတွင်း ယခုတစ်ဖန်ပွဲသွားရန် ဆင်ယင်ဝတ်စား၍လာသည့် ခင်စိန်ကြည်ကိုမြင်လျှင် ဣန္ဒြေကို အနိုင်နိုင် ဆည်၍ နေရလေ၏။

ခင်စိန်ကြည်လည်း ဝင်းဝင်းပြောင်ပြောင် တောက်ပသော အဝတ်အစားတို့နှင့် ဖခင်အနီးစားပွဲသို့လာ၍ထိုင်ရာ မောင်ထွန်းမြတ်နှင့် မျက်နှာချင်းဆိုင် ကျနေသဖြင့် ရွှေရောင်စိန်ရောင်တို့သည် ဓာတ်မီးရောင်ဟပ်သဖြင့် အရောင်ပြန့်ပြီးလျှင် ကြည်လင်နဝါသော ခင်စိန်ကြည်၏အသားသည် သာ၍ပင် ကြည်လင်လှပလေသည်ဟု မောင်ထွန်းမြတ်၏စိတ်တွင် အောက်မေ့မိလေ၏။

စစ်ကဲကြီးလည်း ဘိလပ်သားအရာရှိကြီးတို့ကဲ့သို့ နေထိုင်စားသောက်သည် ဖြစ်၍ မောင်ထွန်းမြတ်အား ကောင်းမွန်လှစွာသော စားဖွယ်သောက်ဖွယ်တို့ကို ကျွေးမွေးရာ မောင်ထွန်းမြတ်သည် ရူပါရုံ၌ မနောဓာတ် ငြိတွယ်လျက်နေသည် ဖြစ်သောကြောင့် ဇိဝှာရုံအရသာကို မခံစားနိုင်ဘဲရှိရကား စားဖွယ်အမျိုးမျိုးတို့၏ အရသာကို ချိုသည်ချဉ်သည်ဟု မပြောနိုင်လောက်အောင်ပင် ရှိပေ၏။ ဤသို့ပင် ရှိသော်လည်း မောင်ထွန်းမြတ်မှာ လူကြီးလူကောင်းတို့နှင့် အစဉ်မပြတ် ပေါင်းသင်း ဆက်ဆံနေထိုင်ခဲ့သည်ဖြစ်၍ လူမှုလူရေးကို ကောင်းမွန်စွာ နားလည်ပြီး ဖြစ်သော ကြောင့် အစိမ်းသက်သက်ဖြစ်သည်ဟု မမှတ်ထင်သင့်ချေ။

ထို့ပြင် အသက်ပင် ငယ်သော်လည်း ဂုဏ်သရေရှိလူကြီး လူကောင်းသား တစ်ယောက်ဖြစ်သည့်ပြင် တည်တံ့သော သမာဓိ စူးရှသော ဉာဏ်ပညာအရည်



http://myanmarpyithar.net

အချင်းနှင့် ပြည့်စုံသည့် အလျောက် ဒုတိယတန်း ရေ့နေပင်ဖြစ်သော်လည်း ဘိလပ်ပြန်ဝတ်လုံများလောက်မျှမက အမှုကြီးအမှုကောင်းများစွာ လိုက်လံရသည် ဖြစ်သောကြောင့် ငွေကြေးအမြောက်အမြားပင် စုဆောင်းမိရကား မန္တလေးမြို့ရှိ အရာရှိ အရာခံ ဂုဏ်ထူးရှိ ပွဲစားကြီး ကုန်သည်ကြီးသားသမီးတို့သည် မောင်ထွန်းမြတ်နှင့် အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံလေ့ရှိကြသဖြင့် မောင်ထွန်းမြတ်သည် မိန်းမချော မိန်းမလှတို့နှင့် ယဉ်ပါးပြီးဖြစ်လေသည်။

ဤသို့ဆိုရာ၌ မောင်ထွန်းမြတ်သည် သားပျိုသမီးပျိုတို့ကို နမချင်း မစာနာဘဲ ဖျက်လိုဖျက်ဆီး ကြံစည်ခဲ့သည်ဟူ၍ မယူသင့်ပေ။ တည်ကြည်သော သမာဓိနှင့် ပြည့်စုံသဖြင့် ဆိုခဲ့သည့်အတိုင်း အဆွေခင်ပွန်းကဲ့သို့ လည်းကောင်း၊ မောင်နှမကဲ့သို့ လည်းကောင်း သာလျှင် အောက်မေ့၍ ပေါင်းသင်းဆက်ဆံသည်ဟု ယူဆသင့်ပေသည်။ သို့ရာတွင် ၎င်းနှင့်ပေါင်းသင်းသူ မိန်းကလေးသူငယ်ချင်းတို့၏ စိတ်၌ကား မည်သို့အောက်မေ့သည်ဟု အာမမခံဝံ့ကုန်။

၇ နာရီခွဲခန့်ရှိ၍ ထမင်းစားသောက်ပြီးလျှင် စစ်ကဲကြီးသည် ပက်လက်ကုလားထိုင်ပေါ်သို့ ရွှေ့ထိုင်၍ အဖိုးထိုက်တန်သော ဆေးဘူးမှ မွှေးကြိုင်လှစွာသော ဆေးနှင့် ရေမြှုပ်ဆေးတံကို သောက်လျက် စဉ်းစားစိတ်ကူး၍နေစဉ် မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်နှင့် မိမိတို့ ငယ်စဉ်အခါ ရွှေဘို၌ နေထိုင်ကြသည့်အဖြစ်အပျက်တို့ကို ပြောဆို ရယ်မော၍ နေကြလေ၏။ ၈နာရီထိုးချိန်နီးလျှင် စစ်ကဲကြီးသည် ကုလားထိုင်ပေါ်မှထ၍ ဥပဒေအကြောင်းကိုစကားတစ်ခွန်း စတင်မေးလိုက်လျှင် ခင်စိန်ကြည်သည် မိမိနားမလည်သည့်စကားဖြစ်၍ ကုလားထိုင်မှထပြီးလျှင် မောင်ထွန်းမြတ်အား "နောင်ကို တွေ့ဆုံရ လိမ့်မည်ဟု မျှော်လင့်ပါကြောင်း" စသည်ဖြင့် နှုတ်ဆက်စကား ပြောဆိုပြီးလျှင် အိမ်ပေါ်သို့ တက်သွားလေ၏။

အချိန်အနည်းငယ် ကျန်သေးသည့်အပြင် အဝတ်အစားလည်း လဲလှယ်ပြီး ဖြစ်သောကြောင့် ကိုယ်လုံးပေါ်မှန်တွင် မိမိ၏အရိပ်ကို တစ်ချက်စောင်း၍ကြည့်ပြီးမှ အိမ်အောက်သို့ဆင်း၍ စန္ဒရားကို လက်ဖြင့်ဖြည်းညင်းစွာ နှိပ်ပြီးလျှင်ဘောလယ်တစ်ပုဒ်ကို ခပ်တိုးတိုးလေအေးနှင့်ဆိုလိုက်ရာ မောင်ထွန်းမြတ်နှင့် စစ်ကဲကြီးတို့ စကားပြောနေသည့်အခန်းနှင့် နံရံတစ်ချပ်သာခြားသဖြင့် မောင်ထွန်းမြတ်သည် စကားစကိုသတ်၍ သီချင်းသံနှင့် စန္ဒရားသံကို နားစိုက်၍ထောင်မိလျှင် အရုပ်အရည်နှင့်လိုက်အောင် အသံလည်းသာယာပါပေသည် ဟုစိတ်၌ ချီးမွမ်းမိလေ၏။

ထိုအခါ စစ်ကဲကြီးက "သားသမီးကလည်း တစ်ယောက်တည်းရှိပြန် မိတဆိုးကလေးလည်းဖြစ်ပြန်တော့ တယ်ပြီးအလိုလိုက်ရတာကပဲ။ အင်္ဂလိပ်ကျောင်း

၇–တန်းအောင်ပြီးလာလျှင်ပဲ စန္ဒရားတီးချင်တယ်ဆိုလို့ စန္ဒရားတစ်ခု ချက်ချင်းသွား ဝယ်ပြီး အိမ်မှာအတီးသင်ရတာ ၄–၅လလောက်ပဲရှိသေး။ သူ့အမေ အနွယ်ပါလာလို့ ထင်ပါရဲ့၊ တယ်ပြီးအဆိုအတီး ဝါသနာလည်းပါ၊ တတ်လည်းတက်လွယ်ရှာတယ်"

"စကားစပ်မိလို့ ပြောရဦးမယ်၊ ခင်တို့အမေက ကချေသည်ကလေးပေါ့။ ဦးကလည်း ကျောင်းသားအရွယ် ဟိုက်စကူးမှာနေတုန်း ချစ်ကြိုက်ကြတော့ ဦး အမိအဖများက သဘောမတူရှာဘူး။ သည်တော့ ဦးကလည်း သူ့မရ မနေဘူး ဆိုပြီး ထွက်ပြေးကြရော။ ထွက်ပြေးပြီး ပဲခူးအရေးပိုင်ရုံးမှာ စာရေးအလုပ်ကလေးနဲ့ ၁၀ နှစ်လောက် လုပ်နေတော ခင့်မေမေလည်း ခင့်မျက်နှာမြင်ရော။ မျက်နှာမြင်ပြီး မီးတွင်းကမထွက်ခင်ဘဲ ခမျာ အနိစ္စရောက်ရှာတယ် တူရယ်"ဟု ပြောရင်းစစ်ကဲ ကြီးသည် မျက်ရည်မဆည်နိုင်သဖြင့် လက်ကိုင်ပဝါနှင့် သုတ်လျက် "ခင့်မေမေ သေဆုံးလို့ ကိစ္စပြီးတဲ့နေ့မှာပဲ ရန်ကုန်က အမိရောအဖရော တစ်နေ့တည်းသေရှာကြ တဲ့အကြောင်း ကြေးနန်းရပြန်ရော။ သည်တုန်းကများဖြင့် လူ့ပြည်မှာ နေနိုင်မယ် တောင် မထင်ဘူး တူရယ်။ ဟောဒီသမီးကလေးရှိသေးလို့သာ ကိုယ့်ကိုယ်ကိုယ် တစ်စုံတစ်ရာ အဆုံးမကြံမိတာကလား။

"ရန်ကုန်ရောက်ပြန်တော့ သားတစ်ယောက်တည်းမို့ မိဘအမွေအနှစ် တော်တော်များများပဲရပြီး အစိုးရအလုပ်ကို မလုပ်ပါဘူးလို့ ခွင့်ခံပြီး နေပြန်ပါလည်း ခင့်မေမေစိတ်နှင့် နေ့ရောညရောဖြစ်နေပြန်တော့ အလုပ်မလုပ်ဘဲနေလို့ ဟန်မရ ချေဘူးလို့ လခကို လိုချင်လို့ မဟုတ်ပါဘူး။ စိတ်ပြေလက်ပြေရှိ စေတော့လို့ အလုပ်ပြန်ဝင်ပြီး တစ်နှစ်လောက်ကြာတော့ မြို့အုပ်ရာထူးကို ချီးမြှင့်ခံရပေတယ်။

သည်တော့မြို့အုပ်လခကလေးနဲ့ တိုက်ခမြေခရတာကလေးနဲ့ မလောက် တလောက် သုံးစွဲပြီးလာခဲ့၊ ယခုဖြင့် တိုက်ကလေး ၄–၅လုံးနဲ့ ဥယျာဉ်ကလေးများ လည်း ကုန်တဲ့အပြင် အကြွေးတွေဝိုင်းပြီး သည်သမီးကလေးအတွက် သည်အိမ် ကလေးတစ်လုံးရယ်လို့ ကုတ်ကုတ်ကတ်ကတ်ချန်ထား။ ယခုဖြင့် သည်အိမ်ကလေး တောင် မကျန်ပေဘူး'ဟု တစ်ယောက်တည်းစိတ်ကူးနေဘိသကဲ့သို့ ခပ်တိုးတိုး ပြော၍နေစဉ်

ဝင်းပေါက်မှ မော်တော်ကားတစ်စင်း ဝင်လာ၍ "ခင်စိန်ကြည်"ဟု ဗိုလ်မတစ်ယောက်၏ အသံဖြင့် ခေါ်လိုက်လျှင် ခင်စိန်ကြည်သည် စန္ဒရားတီးရာမှထ၍ "ဖေဖေဘုရား၊ ခင်သွားဦးမယ်၊ ဖေဖေမအိပ်နှင့်ပါနဲ့ဦး၊ ခင်ပြန်လာတော့ အကုန် ပြန်ပြောပါရစေဦး"ဟု ဖခင်ကိုနှုတ်ဆက်၍ မောင်ထွန်းမြတ်ကိုလည်း ရွှင်ပြုံးသော မျက်နှာဖြင့် နှုတ်ဆက်လေလျှင် စစ်ကဲကြီးနှင့် မောင်ထွန်းမြတ်တို့သည် မစ်ဆက်



http://myanmarpyithar.net

ဘုရောင်း၏ မော်တော်ကားပေါ်သို့ လိုက်ပို့ကြကုန်၏။

ငင်းတို့ထွက်ကြပြီးနောက် အိမ်ရှေ့တွင်ခေတ္တလမ်းလျှောက်ရင်း စကားအနည်းငယ် ပြောဆိုကြပြီးလျှင် မောင်ထွန်းမြတ်လည်း ၉ နာရီထိုးလုနီးပြီဖြစ်၍ မိမိနေအိမ်သို့ ပြန်သွားလေ၏။

■



http://myanmarpyithar.net

## အခန်း (၂)

ခင်စိန်ကြည်နှင့် မစ်ဆက်ဘရောင်း လင်မယားတို့သည် မီးရထားရုံဝင်းရှိ ဆပ်ကပ်ပွဲကြီးသို့ ရောက်ကြလျှင် ပထမတန်း ၄ ယောက်ထိုင် အခန်းတွင်းသို့ ဝင်ရောက်စောင့်ဆိုင်းထိုင်နေကြလေ၏။ မစ်ဆက်ဘရောင်းမှာ အစိုးရရှေ့နေကြီးဖြစ်၍ စီဗီလိုင်းအရပ်၊ ခင်စိန်ကြည်တို့၏ အိမ်နှင့် မနီးမဝေးတွင် နေထိုင်လျက်ရှိရာ သားသမီးလည်း တစ်ယောက်မျှမရှိသည်နှင့် လင်မယားနှစ်ဦးလုံးပင် ခင်စိန်ကြည်အား သမီးကလေးကဲ့သို့ ချစ်ခင်ကြလေ၏။

ၚင်း သုံးဦးသားတို့သည် မိမိတို့အခန်းတွင်းတွင် ထိုင်လျက် ရယ်မောပြောဆိုနေကြစဉ် ခင်စိန်ကြည်၏ဖခင် စစ်ကဲကြီး၏ ညီမဝမ်းကွဲတော်စပ်သူ ဝတ်လုံတော်ရ ဦးသာဒင် သမီးခင်ပွန်းနှင့် ဝတ်လုံကတော်ကြီးနှင့် မောင်တစ်ဝမ်းကွဲတော်စပ်သူ မောင်သက်ညွန့်တို့သည် ဝင်လာကြလေ၏။

ခင်စိန်ကြည်တို့လည်း ထိုင်ရာမှထ၍ ဝတ်လုံကြီး ဝတ်လုံကတော်တို့အား လက်ဆွဲနှုတ်ဆက်ပြီးသော် ၚင်းတို့လည်း အခန်းချင်းယှဉ်၍ ကျနေသဖြင့် ခင်စိန်ကြည်သည် မိမိဦးလေး အဒေါ်တို့ရှိရာ အခန်းသို့ခေတ္တသွားရောက် စကားပြောဆိုလျက်နေလေ၏။

မောင်သက်ညွန့်မှာ ရန်ကုန်မြို့ ၃၉လမ်းနေ ခနဉစ္စာချမ်းသာကြွယ်ဝသဖြင့် တိုက်ၚှားချ၍ စားသောက်သူ ဦးထွန်းသာ၏သား ဖြစ်လေသည်။ ဦးထွန်းသာသည် ကြေးငွေအမြောက်အမြားပင် ချမ်းသာသော်လည်း လွန်စွာ စဉ်းနဲတွန့်တိုသဖြင့် မစားရက်၊ မသောက်ရက်၊ မလှူရက်၊ မတန်းရက်နှင့် နှစ်ပေါင်းများစွာ စုဆောင်းသိုမှီးလျက်လာခဲ့ရာ တစ်နေ့သ၌ ပလိပ်ကပ်ရောဂါ ဖိစီးနှိပ်စက်၍ သေဆုံးရှာရကား မောင်သက်ညွန့်သည် တစ်ယောက်တည်းသောသား ဖြစ်သည့်အတွက် မိဘအမွေအနှစ်ကို ဆက်ခံရရှိလေကြောင်း။ သို့အတွက် ကောလိပ်ကျောင်းမှ ၁၀ တန်းအောင်သောအခါ ကျောင်းမှထွက်ပြီး မလုပ်မကိုင်ဘဲ အပျော်အပါးကို များစွာ လိုက်စားလျက်နေထိုင်ခဲ့ရာ မန္တလေးမြို့သို့အလည်လာခိုက်ဖြစ်သဖြင့် မိမိ၏အစ်မဝတ်လုံကတော်

ကြီး၏အိမ်တွင် တည်းခိုလျက်ရှိလေ၏။

ဝတ်လုံတော်ရမင်း ဦးသာဒင်သည် စစ်ကဲကြီးနှင့် ညီအစ်ကို တော်စပ်သည့်ပြင် အိမ်ချင်းလည်း မဝေးလှသော်လည်း မိမိ၏အစ်ကိုသည် အသုံးအစွဲ အနေအထိုင် ဟန်ကြီးပန်ကြီးရှိသည်ဟု အောက်မေ့၍ များးစွာအကျွမ်းတဝင် မရှိကြဘဲ အကြောင်းကိစ္စမရှိလျှင် တစ်ယောက်အိမ်သို့တစ်ယောက် သွားလာ ကူးသန်းခြင်း မရှိကြကုန်။

ဝတ်လုံကတော် မသိန်းရင်မှာ အရွယ် ၃၀ကျော်ခန့်မျှရှိ၍ များးစွာ ရုပ်ရည်မချောမောလှသော်လည်း ချောလိုလှလိုသော စိတ်သဘော အားကြီးလှသည် ဖြစ်၍ အဖိုးထိုက်တန်လှသော အဝတ်အစားတို့ကို ဝတ်ဆင်ပါသော်လည်း "နဂိုရှိမှ နဂိုင်းထွက်သည်" ဆိုသည့်စကားအတိုင်း ကြည့်ပျော်ရုံမျှသာလျှင် ရှိကုန်၏။ ဤအကြောင်းကို သိရှိရလျှင် မိမိထက် ရုပ်အင်္ဂါချောမောလှပသူ မိန်းကလေးတို့အား များးစွာမနာလိုစိတ်ရှိရကား ဝတ်လုံကတော်ကြီးသည် မိမိ၏ တူမ ခင်စိန်ကြည်အား များးစွာမေတ္တာမရှိကုန်။

ခင်စိန်ကြည်လည်း ဦးလေး အဒေါ်တို့ရှိရာ အခန်းသို့ ရောက်လျှင် ဝတ်လုံကတော်က...။

"ခင်စိန်ကြည်၊ ဖေဖေကော မပါဘူးလား" ဟု မေးလျှင်

ခင်စိန်ကြည်က "ဖေဖေ၊ အိမ်မှာ ဧည့်သည်တစ်ယောက် ရောက်နေလို့ မလိုက်လာဘူး ဒေါ်ဒေါ်ရဲ့"ဟု ပြောလေ၏။

ဝတ်လုံကတော်ကြီးက "ခင်စိန်ကြည်တို့တော့ ဗိုလ်မိတ်ဆွေတွေ ပေါပါပေရဲ့ နေတာထိုင်တာကလည်းဗိုလ်၊ ပေါင်းတဲ့သင်းတဲ့ဟာကလည်း ဗိုလ်၊ တော်တော်ကြာ တော့သာ ဗိုလ်ကတော်ကလေးများ ဖြစ်နေဦးမယ်"ဟု မရယ်ချင့်ရယ်ချင် ရယ်လျက်ပြောလျှင် . . .

ခင်စိန်ကြည်က "ဖေဖေ၏ မိတ်ဆွေဆိုတော့ ကျွန်မမိတ်ဆွေပေါ့ ဒေါ်ဒေါ်ရယ်၊ ဗိုလ်နဲ့ပေါင်းလို့ ဗိုလ်ကတောတ်ဖြစ်ရမှာဖြင့် ဒေါ်ဒေါ်တို့လည်း ချစ်တီးတွေနဲ့ပေါင်းတာ သတိထားနော်" ဟု ပြုံးရယ်၍ ပြောလိုက်လျှင်

ဝတ်လုံကတော်သည် ရတ်တရက်အမျက်ထွက်၍ပြန်ပြောလိုက်မည် ပြုရာ ဝတ်လုံကြီးနှင့် မျက်စိချင်းဆိုင်မိသဖြင့် ပြောမည့် စကားဆက်ကို မပြောဘဲ "ဆပ်ကပ်လာတာတဲ့တော်၊ တကတည်း ပွဲထိုင်များသွားရင် ဘာများဝတ်စရာ ရှိသေးတော့သလဲ" ဟုမိမိ၌ စိတ်မွန်လာသည်ကို ပြန်၍မကြည့်ဘဲ ပြောလိုက်ရာ၊

ခင်စိန်ကြည်လည်း ဘာမျှပြန်မပြောဘဲ အဒေါ်၏ ကိုယ်ကိုသာ ခြေဆုံး



http://myanmarpyithar.net

ခေါင်းဆုံးကြည့်၍ ခပ်ပြုံးပြုံးမျက်နှာထားနှင့် နေလေ၏။

ဝတ်လုံကတော်ကြီးလည်း နောက်ထပ်၍ စကားချေရန်မရှိသဖြင့် မောင်သက်ညွန့်ဘက်သို့လှည့်၍ "မမတို့တူမ ခင်စိန်ကြည်ဆိုတာ သည်သူငယ်မ ကလေးပဲ" ဟု ပြောလိုက်လျှင် –

"သည်ကမမနဲ့ ကျွန်တော်နဲ့တော့ မောင်နှမတစ်ဝမ်းကွဲသာ တော်ကြ သော်လည်း ကျွန်တော့်မှာလည်း မောင်နှမအရင်းမရှိတော့ ကျွန်တော်တို့မှာ မောင်နှမအရင်းအချာလိုပဲ ချစ်ခင်မြတ်နိုး အားလည်းကိုးရပါတယ်၊ မမမှာ တူမတစ်ယောက်ရှိတယ်ဆိုတာ မမပြောလို့ ကြားသာကြားဖူးသည်၊ ယခုမှပဲ မြင်ရ...မြင်မြင်ချင်း မောင်နှမ အရင်းလိုပဲအောက်မေ့မိပါတယ်"

"ကျွန်တော့်မှာလည်း ယခုမန္တလေးမြို့၊ ခေတ္တအလည်လာ အသိအကျွမ်း အဆွေခင်ပွန်းလည်း အင်မတန်နည်းတော့ ကိုယ့်မမ ဆွေမျိုးဆိုလျှင် ကိုယ့်ဆွေ ကိုယ့်မျိုး ကိုယ့်နှမကလေးလို အောက်မေ့ပြီး အားထားပါရစေ နှမရယ်...." ဟု ပြောလျှင်–

ခင်စိန်ကြည်သည် မောင်သက်ညွန့်၏အမူအရာနှင့် မျက်နှာကဲကိုခက်၍ "တယ် စကားများတဲ့ ရန်ကုန်သားပါကလား"ဟု အောက်မေ့လျက် "မှန်လှပါ၊ နှမနှင့် ထိုက်တန်သလောက် အားကိုးရန်ရှိလျှင် အားကိုးပါတော့ မောင်ကြီးရယ်.." ဟု မန္တလေးသူတို့ အမူအရာအတိုင်း မျက်နှာကို ခပ်ကြည်ကြည်ထား၍ လှောင်သလိုလိုနှင့် ပြန်ပြောလိုက်လျှင်၊

"အောက်သူအစစ်ပေမယ့် ရွှေမြို့တော်ကြီး အနေကြာလို့ထင်ပါရဲ့၊ ပြောပုံ ကလေးများက ခပ်ထေ့ထေ့နဲ့ တယ်ပြီး မန်းဆန်ပါပေတယ်" ဟု မောင်သက်ညွန့် သည် အောက်မေ့ကာ ရယ်မောလျက် အခြားစကား ၄–၅ ခွန်း စသည်ဖြင့် ပြန်လှန်ပြောဆိုကြပြီးနောက် ဆပ်ကပ်ပွဲလည်း ထွက်သဖြင့် ခင်စိန်ကြည်သည် မိမိနေရာသို့ ပြန်သွားလေ၏။

ခေတ္တ မုန့်စားထွက်ရန် အားလပ်ချိန်ပေးသည့်အခိုက်တွင် အပြင်သို့ ထွက်ကြရာ မောင်သက်ညွန့်သည် ခင်စိန်ကြည်တို့နှင့် ရုံပြင်မှာ တွေ့သဖြင့် ဆက်လက်၍စကားပြောရန် အခွင့်ကြုံပြန်လျှင် မိမိစွမ်းအားရှိသလောက် သွယ်ဝိုက် မြှောက်ပင့် နားထောင်သူ ဘဝင်မြင့်အောင် အဆင်သင့် ကြံဖန်၍ပြောရာ အချိန် ကျသဖြင့် နေရာသို့ ပြန်ကြသော်လည်း စကားမပြတ်သေးသည့်အဟန်နှင့် ခင်စိန်ကြည်တို့၏အခန်းလပ်နေသည့် ကုလားထိုင်တစ်ခုတွင် ထိုင်လျက် မစ္စတာ ဘရောင်း လင်မယားကိုလည်း မိတ်ဆွေဖွဲ့ပြီးလျှင် မိမိအခန်းသို့ မပြန်ဘဲနေလေ၏။



http://myanmarpyithar.net

ခင်စိန်ကြည်လည်း ဤမျှလောက်သာယာချိုအေးသောအသံဖြင့် နာပျော်ဖွယ်ရှိအောင် ပြောသည့်စကားတို့ကို မကြားရဖူးသည်နှင့် ရယ်ဖွယ်ပါလျှင်လည်း ပြုံးရယ်လျက် မောင်သက်ညွှန့်၏ မျက်နှာကို တစ်ချက်တစ်ချက် ကြည့်၍နားထောင်မိလေ၏။ ဝတ်လုံကတော်ကြီးလည်း မောင်သက်ညွှန့်ရှိရာသို့ ခဏခဏမျက်စောင်းထိုးလျက် ကြည့်နေလေ၏။

ခင်စိန်ကြည်တို့ ထိုင်နေသည့်အခန်းနှင့် ယှဉ်လျက်နေသော အခန်းတစ်ခု၌လည်း ရန်ကုန်မြို့ ကောလိပ်ကျောင်းတော်ကြီး ဘီ–အေ အတန်းတွင် သင်ကြားလျက်ရှိသော ကျောင်းသားနှစ်ယောက်တို့ ထိုင်လျက်ရှိကြသည့်အနက် တစ်ယောက်မှာ မန္တလေးသားဖြစ်၍ ကျောင်းပိတ်သည့်အခါ မိဘရပ်ထံပြန်လာသည့် အခိုက်မိမိနှင့်အတန်းတူ ရန်ကုန်သားသူငယ်ချင်းကို အလည်ခေါ်၍လာခဲ့ပြီးလျှင် ဆပ်ကပ်ပွဲသို့ လာရောက်ကြည့်ရှုကြလေသည်။

မန္တလေးသားက "ဘယ့်နှယ်လဲမိတ်ဆွေ၊ ကျုပ်တို့မြို့က ဆနိုက်တော်တော်မပေါဘူးလားဗျ၊ ဟိုဘက်ခန်းကဟာ စစ်ကဲကြီး ဦးထင်ကျော် သမီးကလေးပေါ့။ သည်မြို့မှာဖြင့် သူ့ကို တော်တော်ချွန်တာပဲ"

ရန်ကုန်သားက "စစ်ကဲကြီးသမီးကဖြင့် ချောပါပေတယ်ဗျာ၊ အနားက မောင်ကော မိတ်ဆွေသိရဲ့လား"

မန္တလေးသားက "မြင်ဖူးသလိုလို မှတ်ပါတယ်ဗျာ...၊ ဟန်ကတော့ ရန်ကုန်သားဟန်၊ အပေါင်းအထုတ်ကလည်း တယ်စတိုင် ကျတဲ့မောင်ပဲ၊ ရုပ်ကလေးကလည်း တယ်သင့်ပါပေတယ်ဗျာ"

ရန်ကုန်သားက "ကျုပ်တို့ကျောင်းက အက်ဖအေအောင်ပြီး အမွေရလို့ထွက်သွားတဲ့ သက်ညွှန့်ပေါ့ဗျာ။ သည်ကောင် ရန်ကုန်သားအစစ်ပေါ့၊ အမွေကလေးရတာနဲ့ လျှောက်ရမ်းပြီးနေတဲ့ အကောင်ကပဲ၊ သည်အကောင့်အကြောင်း ကျုပ်နည်းနည်းသိပါတယ်ဗျာ၊ အလကားအသုံးမကျတဲ့ လူ့ငနွားကလေးပါ"

မန္တလေးသားက "ဘယ့်နှယ်မိတ်ဆွေ တယ်အာဏာပြင်းလိုက်ပါကလား၊ ဘာများ ရန်ငြိုးရှိလို့လဲ"

ရန်ကုန်သားက "မိတ်ဆွေက သူ့အကြောင်း မသိသေးလို့၊ သိရင်သည်ထက်တောင် ပြောဦးမယ်၊ အမိအဖက ကုတ်ကုတ်ကတ်ကတ် ရှာထားတဲ့ ပိုက်ဆံကလေး ဖြုန်းတီးပြီး အဝတ်အလဲလဲဝတ်ကာ ညနေတိုင်း ဗိုလ်ဟန်ကလေးနဲ့ လမ်းလျှောက်၊ လျှောက်တာတော့ လျှောက်ပါစေတော့၊ တော်တော်ကြာ သည်လူ့သမီးပျိုဖျက်ဆီး၊ တော်တော်ကြာ ဟိုလူ့မယားကြာခို၊ ရုပ်ကလေးကလည်းချော၊

အချိန်ကလည်းရှိ၊ ပိုက်ဆံကလေးကလည်းပေါတော့ သူ့အကြံ အောင်တာပါဗျာ၊ အဲတာ သူက ဟုတ်လှပြီမှတ်ပြီး ကျုပ်ထံ တစ်ခါလာကြွားသေးတယ်၊ ကျုပ်က သည်တုန်းက မင့်အကြံခွေးကြံဝက်ကြံလို့ ပြောလိုက်တာနဲ့ ကျုပ်ကို အခုတောင် သူ စကားမပြောဘူး၊ ကျုပ်လည်း သည်လိုကောင် စကားပြောချင်မှာထားလို့ ခြေနဲ့တောင် မတို့ချင်ဘူး၊ အဟုတ်ပြောတာ"

မန္တလေးသားက "သည်ကောင် လူပျိုပဲလားဗျ"

ရန်ကုန်သားက "သည်ကောင်မျိုး ဘယ်တော့ မိန်းမယူမလဲဗျာ၊ မိန်းမဆိုတာ သူတို့လိုလူမျိုးက ရှုပ်တယ်ထင်တာလား၊ လူအိုဆိုမှဖြင့် မျက်နှာငယ်သတဲ့ဗျ"

မန္တလေးသားက "မိတ်ဆွေပြောပုံဖြင့် ခင်စိန်ကြည်ကလေးအတွက် သနားလိုက်ပါသေးရဲ့ဗျာ၊ ကြည့်လိုက်ပါဦးဗျာ၊ ခင်ဗျားငနဲက ခွေးရက်မယ့်မျက်နှာနဲ့ ဘာများဖြန်းနေသလဲမသိဘူး။ ဘယ်တုန်းကများ သိသွားကြပါလိမ့်မလဲ"

ရန်ကုန်သားက "သည်အကောင်မျိုး သည်လိုပေါ့ဗျာ၊ ဘယ်က စပ်ဟပ် သိတယ်မပြောတတ်ပါဘူး၊ မိန်းကလေးတစ်ယောက် ချောတယ်ဆို သူတို့က သိပြီးသားဖြစ်နေပြီ၊ တတ်လည်းတတ်နိုင်တဲ့ အကောင်တွေဗျ၊ ကျုပ်ဖြင့်အံ့သြတယ်"

မန္တလေးသားက "ဒါတော့မိတ်ဆွေ၊ ယောကျ်ားချည်းလည်း အပြစ်မတင်ပါနဲ့၊ မိန်းမများက သည်ကောင် သည်လိုသဘောဆိုတာသိရက်သားနဲ့ ဝေးဝေးက ရှောင်ပါတော့လား၊ အခုတော့မဟုတ်ပေါင်၊ သူတို့ကိုကလည်း အင်မတန်ကပါတယ်၊ သည်လိုအကောင်နဲ့ သိကျွမ်းရတယ်ဆိုလျှင်ပဲ သူတို့က ဂုဏ်တစ်မျိုးရှိတယ် အောက်မေ့တာကလား၊ သည်သူငယ်မလေးကတော့ သည်လိုဟုတ်ပုံမရပါဘူးဗျာ၊ ရုပ်ကလေးကလည်းချောသနဲ့၊ အကောင်က သည်တစ်ခါဖြင့် အတည်ကြံကောင်းပါရဲ့"

ရန်ကုန်သားက "မထင်ပါနဲ့မိတ်ဆွေ၊ သည်လိုဟာကလေးတွေချည်း ဘယ်နှယောက်ရှိပြီလဲ၊ သူပစ်ထားတာ၊ အင်း...ရုပ်ကလေးကလည်းချော အသက်ကလေးကလည်း ငယ်သနဲ့၊ သတိပေးလိုက်ပါရဲ့ ခင်စိန်ကြည်"

■



http://myanmarpyithar.net

## အခန်း (၃)

မန္တလေးမြို့ စီဗီလိုင်းခေါ်သည့် အရပ်သည် အများအားဖြင့် ဥရောပတိုက်သား အရာရှိကြီးတို့ နေထိုင်သည့်အကွက် ဖြစ်လေသည်။ ၎င်းအပိုင်း၌ကား အိမ်ကြီး အိမ်ကောင်းတို့သာလျှင်ရှိ၍ ကျယ်ဝန်းသောဝင်းကြီးတို့ဖြင့် ဝိုင်းရံလျက်ရှိလေသည်။ ၎င်းအရပ်၏အနောက်ပိုင်းသည်ကား မင်္ဂလာဈေးအရပ်နှင့် ဆက်လျက်ရှိလေသည်။ ၎င်းအရပ်ဆုံး၍ မင်္ဂလာဈေးအကွက် အဝင်ဝတွင် စီဗီလိုင်းအရပ်ရှိ ဗိုလ်အိမ်ကြီးများကဲ့သို့လည်းမကြီး၊ အခြားဆင်းရဲသားအိမ်တို့ထက် များစွာ ခမ်းနားကြီးကျယ်သော အိမ်ကြီးနှစ်ဆောင်ရှိလေသည်။

၎င်းအိမ်အသီးသီးတို့၌လည်း ဝင်းခြံပတ်ကာလျက်ရှိရာ တစ်အိမ်မှာ အမိန့်တော်ရမင်း မောင်ထွန်းမြတ် နေထိုင်၍ အခြားအိမ်၌ကားရာဇဝတ်ဘက်ဆိုင်ရာ ဝန်ထောက်ကလေး ဦးကျော်မင်း၏အိမ် ဖြစ်လေသည်။

ဦးကျော်မင်း၌ သားသမီး၃–ယောက်ရှိသည့်အနက် အကြီးမှာမောင်ဘချို၊ အလတ်မှာ မိမိကြည်၊ အငယ်ဆုံးမှာ မိမိရီဖြစ်လေသည်။ အလတ် မိမိကြည်မှာ အိမ်ထောင်ခွဲဖြစ်၍ မိမိ၏ခင်ပွန်း မြို့အုပ်မင်းနှင့်အတူ အဝေးအရပ်၌ နေထိုင်လျက်ရှိရာ အငယ်မိမိရီမှာ အသက်၂၀ခန့်ရှိ အိမ်ထောင်မကျသေးသဖြင့် အမိအဖတို့နှင့်အတူ နေထိုင်လျက် ရှိလေသည်။ အကြီးဆုံးဖြစ်သူမောင်ဘချို၏အကြောင်းကိုကား များစွာပြောရန်ရှိသဖြင့် ဆိုင်ရာအခန်း ကျရောက်သောအခါ စုံလင်အောင် ဖော်ပြပါလိမ့်မည်။

မောင်ထွန်းမြတ်သည် စစ်ကဲကြီးအိမ်မှ ပြန်လာပြီးသည့်နောက် ၄–၅ ရက်ခန့်ကြာရှိရာ ညနေ ဖနောရီအချိန်ခန့်တွင် ချမ်းအေးသည့် ရာသီဖြစ်သည့် အလျောက် ဝန်ထောက်ကတော် မအေးမြသည် မိမိ အိမ်ဦးခန်းရှိ ကော်ဇောပေါ်၌ တိုက်စောင်ကြီးတစ်ထည်ခြုံလျက် မိမိ၏ခင်ပွန်း ဝန်ထောက်မင်း ရုံးမှပြန်လာမည့် လမ်းကို မျှော်ကြည့်လျက် နေလေ၏။ အခန်းပြတင်းပေါက်တစ်ခုအနီး၌ကား



http://myanmarpyithar.net

အဆင်းအင်္ဂါ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသည့် မိန်းကလေးတစ်ယောက်သည် ဇာထိုးလျက်နေလေ၏။ ၎င်းမိန်းကလေးသည်ကား ဝန်ထောက်မင်း၏ သမီးငယ် မိမိရီဖြစ်လေသည်။

"မိမိ၊သမီးလက်ဖက်ရည်သောက်ချိန် ကျလောက်ပြီထင်ပါရဲ့သမီးရယ်"

"ခုတင်ကပဲ အချိန်မကျသေးပါဘူးလို့ ပြောထားတယ်မေမေရယ်၊ ကျွန်မ နာရီကြည့်တုန်းက ၆နာရီ ဆယ်မိနစ်ရှိသေးတယ်၊ အခုဘာကြာသေးလို့လဲ"

" မေမေအာခြောက်လွန်းလို့ပါသမီးရယ်၊ တစ်ဆိတ်ကလေး နာရီတစ်ခါ ထပ်ပြီးကြည့်စမ်းပါဦး"

မိမိရီလည်း ဇာထိုးရာမှ မထချင်ထချင်ထ၍ နာရီကိုကြည့်ပြီးလျှင် "၇ နာရီထိုးဖို့ ၂၉ မိနစ်တိတိ လိုသေးတယ်၊ မေမေကလည်း နာရီချည်းပဲ ခဏခဏ အကြည့်ခိုင်းနေတာကိုး"

"မေမေ အာခြောက်လွန်းလို့ပါသမီးရယ်၊ ၇နာရီကလည်း ထိုးခဲလိုက် တာနော် ... ထိုးပါတော့"။

ဝန်ထောက်ကတော် မအေးမြသည် မိမိအိမ်တွင် မိမိနေလျက် လက်ဖက်ရည် ကလေးတစ်ခွက် သောက်သည်ကို အချိန်ကျအောင် ဘယ်အတွက် ဆိုင်း၍ နေရပါသနည်း။ သောက်ချင်သည့်အချိန်ကို ဖျော်၍ အဘယ့်ကြောင့် မသောက် လေသနည်းဟု အောက်မေ့ဖွယ် ရှိလေသည်။ သို့ရာတွင် ဝန်ထောက်ကတော် မအေးမြမှာ မိမိခင်ပွန်း ဝန်ထောက်ကြီး ဦးကျော်မင်းနှင့် အကြောင်းပါသည့် နေ့မှစ၍ မိမိအလိုအလျောက် တစ်စုံတစ်ရာကိုမျှ ပြုဝံ့သည်မရှိသည့်ပြင် လင်ကို အလွန်ကျိုးနွံရှိသေ ချစ်ခင်မြတ်နိုးသဖြင့် လင်၏ဩဇာကို အစဉ်မပြတ် ခံယူလျက် ရှိလေ၏။ စိတ်သဘောမှာလည်း အလွန်နူးညံ့ပျော့ပျောင်း၍ လူတစ်ဖက်သားကို ကရုဏာအားကြီးသည့်ပြင် မိမိနှင့်နေထိုင်သူတို့အားလည်း အနည်းငယ်မျှ စိတ် မချမ်းသာစေအောင် ပြုလုပ်တတ်လေ့ မရှိကုန်။

ဝန်ထောက်မင်း ဦးကျော်မင်းမှာ လွန်မင်းစွာ မျက်နှာထား တင်း၍ အထင်အမြင်ကြီးသည့်ပြင် များစွာခေါင်းမာ၍ နေရာတိုင်း၌ ဩဇာပေးလိုသော သူတစ်ယောက်ဖြစ်လေသည်။ ဝန်ထောက်ကတော်ကြီး မအေးမြလည်း နေရာတိုင်း၌ လင်၏ဩဇာကို ခံယူခဲ့ရာ မိမိ၏ စိတ်တွင် မကျေမချမ်း ရှိလျက်နှင့်နာယူရသည် မဟုတ်၊ မိမိ၏နဂို သဘောသည်လည်း သိမ်မွေ့နူးညံ့လှသည်ဖြစ်သောကြောင့် လင်၏ အလိုသို့ ကြည်ကြည်ဖြူဖြူ လိုက်လျောပြုလုပ်တတ်သည် ဖြစ်လေသည်။

ဝန်ထောက်ကြီးလည်း မိမိ၏မယားကို မချစ်ခင်မကြင်နာ၍ မဟုတ်။



http://myanmarpyithar.net

ဩဇာပေးတတ်သည့်ဝါသနာ ရှိခဲ့သည့်ပြင် မိမိဩဇာကို မငြင်းဆန်မပယ်ဝံ့သူတို့နှင့်သာလျှင် နေထိုင်ခဲ့ရခြင်းကြောင့်ဖြစ်လေသည်။ ဝန်ထောက်ကြီး သားသမီး ၃ ယောက်အနက် အကြီးနှင့်အလတ်သည် အမေနှင့်တူ၍ အငယ်ဆုံး မိမိရီ တစ်ယောက်သာလျှင် ဖခင်၏စိတ်သဘော အနည်းငယ်ပါရှိလေသည်။

ဝန်ထောက်ကတော်ကြီးလည်း ၁၅မိနစ်ခန့် စောင့်ဆိုင်းပြီးလျှင်"မိမိရီ"

"မေမေ ၇–နာရီထိုးထိုးချင်းသောက်ရအောင် အခုကပြင်ထားပါလို့တစ်ဆိတ်ကလေး ပြောထားလိုက်ပါဦး သမီးရယ်"

"မေမေကလည်း တကတည်းမှပဲ အချိန်ကျတော့ သောက်ရလိမ့်မပေါ့၊ ဖေဖေလည်း လာလုပါပြီ"

"မေမေ ရေငတ်လွန်းလို့ အာတွေတောင် ခြောက်နေလို့ပါ သမီးရယ်၊ မေမေ့ကို စိတ်မတိုပါနဲ့"ဟု မိခင်က ပြောလိုက်လျှင် မိမိရီသည် မိမိစိတ်တိုမိသည်ကို နောင်တရ၍ ထိုးနေသည့်ဇာကိုချထားပြီးလျှင် ဖခင်လာမည့်လမ်းကိုကြည့်လျက် နေရာ ဖခင်ကိုမြင်လျှင်"ဟော– ဖေဖေလာပြီ မေမေရေ"ဟု မိခင်အား အားရဝမ်းသာပြောလေ၏။ ဝန်ထောက်ကတော်ကြီးလည်း ရုတ်တရက် မျက်နှာ ရွှင်လန်းလျက် "မိမိတို့ဖေဖေလာရင်ဖြင့် လက်ဖက်ရည် အချိန်မကျခင် သောက်ရကောင်းပါရဲ့နော်" ဟုလင်၏ခြေသံကို နားစိုက်လျက် နေလေ၏။

ဝန်ထောက်မင်းလည်း ငွေကွပ်၍ထားသော လမ်းလျှောက်တုတ်ကြီးကို ကိုင်လျက် အိမ်ပေါ်သို့တက်လာရာ ရာဇဝတ်ဘက်အရာရှိကြီးတစ်ယောက်၏ ရူပလက္ခဏာနှင့်လွန်စွာပြည့်စုံသည့်လူကြီးတစ်ယောက်ဖြစ်လေသည်။ အလုံးအရပ် ထောင်ထောင်မောင်းမောင်းထွားထွားကြိုင်းကြိုင်းရှိသည့်ပြင် မျက်နှာထားလည်း အလွန်ဆိုးပုံရလျက် နှုတ်ခမ်းမွေး တစ်ဖက်တစ်ချက်သည်လည်း မိုးမျှော်လျက် နေကြကုန်၏။

အိမ်ပေါ်သို့ရောက်လျှင် ဝန်ထောက်ကတော်ကြီးက"မိမိတို့ ဖေဖေ"

ဝန်ထောက်ကြီးက နှုတ်ခမ်းမွေးသပ်လျက်... "ဘာလဲ"

"သည်ကနေ့ညနေဖြင့် လက်ဖက်ရည် ခပ်စောစောကလေး သောက်ကြပါစို့နော်...၊ ကျွန်မဖြင့် အာခြောက်လွန်းလို့ စကားတောင် မပြောနိုင်ဘူး"

"အို ၇ နာရီထိုးလုပါပြီ၊ ထိုးတော့ သောက်တာပေါ့" ဟု နှုတ်ခမ်းမွေး သပ်လျက် ပြောသွားပြီးလျှင် အခြားအခန်းသို့ ကူး၍ တံခါးကို ဆောင့်ပိတ်သွားလေ၏၊

ဝန်ထောက်ကတော်ကြီးလည်း သောက်ချင်လှုပြီဖြစ်၍ မိမိအလိုမပြည့်



http://myanmarpyithar.net

သောကြောင့် ဟီးချမည်ကြဲဆဲတွင် အခန်းတံခါးသည် ပြန်၍ပွင့်လာပြီးလျှင် ဝန်ထောက်မင်း၏ နှုတ်ခမ်းမွေးအဖျားတွင် အခန်းတွင်းသို့ ဝင်လာ၍ "အခုသောက်ချင် သောက်တာပေါ့၊ ငါလည်း သွားစရာရှိသေးတယ်၊လက်ဖက်ရည်ပွဲ ပြင်ခဲ့ပစေ၊ ဟဲ့...မိမိရီ"

လက်ဖက်ရည်သောက်၍ပြီးလျှင် ဝန်ထောက်ကြီးသည် ဆေးတံကိုညှိ၍ အိမ်ပေါ်မှဆင်းသွားလေ၏။ ဝန်ထောက်ကတော်ကြီးက "မေမေ ချမ်းလိုက်တာ သမီးရယ်၊ စောင်တစ်ထည်လောက် ထပ်ခြုံပေးပါဦး၊ သေတ္တာထဲက စောင်သစ်များ ယူခြုံလို့ မိမိတို့ဖေဖေကများ ဆိုနေဦးမှာလား"

"မေမေကလည်းမေမေရယ် စောင်ကလေးခြုံတာနှင့်ဖေဖေ မဆိုပါဘူး၊ ဆိုရင် ကျွန်မက ထုတ်ပေးတယ်လို့ ပြောလိုက်တာပေါ့"

မိမိရီလည်း မိခင်ကို စောင်တစ်ထည်ထပ်၍ခြုံပေးပြီးလျှင် "မေမေချမ်းသေးသလား"ဟုမေး၍ "တော်ပါပြီသမီးရဲ့"ဟုမိခင်ကပြန်ပြောလျှင် အိမ်အောက်သို့ ဆင်းသွားလေ၏။

လပြည့်ခါနီးသဖြင့် လမင်းလည်းသာလှသည်နှင့်မိမိရီသည် ဝင်းပေါက်သို့ သွား၍ဝင်းတံခါးကိုမှီလျက် လမ်းဘက်သို့မျက်နှာမူပြီးလျှင်..."သွားတုန်းကတော့ တစ်ရက်နှစ်ရက်တည်းပါလို့ပြောသွားပြီး ကြာလှချည့်ကလားနော်...၊ ဘာများ ကိစ္စထူးလို့ သည်လောက်တောင်ကြာနေပါလိမ့်မယ်..."ဟု တစ်ယောက်တည်း စဉ်းစား၍နေစဉ် လမ်းပေါ်မှ ခြေသံကြားသဖြင့် လှမ်း၍ကြည့်လိုက်ရာ အရပ်ရှည်ရှည်နွဲ့နွဲ့နှင့် ခပ်မြန်မြန်လျှောက်လာသည့် လူတစ်ယောက်ကို မြင်လျှင် မိမိရီသည် ရုတ်တရက် မျက်နှာရွှင်လန်း၍လာရာ တွေ့မြင်လိုသောဆန္ဒ များစွာရှိသော်လည်း မိမိတို့ဝမ်းတွင်း၌ နှစ်နှစ်ခြိုက်ခြိုက် ချစ်ကြိုက်ကြသောသူအပေါင်းတို့ သည်ချစ်ခင်သည့်သူကို ရုတ်တရက် မြင်ရက ရက်ကြောက်တတ်မြဲဖြစ်သည့်အတိုင်း ၎င်းလူမြင်ရမည်ကိုစိုး၍ ဝင်းထရံကွယ်ပြီးလျှင်အပေါက်မှ ချောင်း၍ကြည့်နေလေ၏။

လမ်းလျှောက်သွားသူလည်း ဝင်းပေါက်ကိုလွန်၍ လျှောက်မြဲတိုင်းလျှောက်၍ သွားရာ မိမိရီသည် ဝင်းထရံပေါ်သို့ ဦးခေါင်းပြူပြီးလျှင် "ကိုထွန်းမြတ်" ဟု ခေါ်လိုက်လေ၏။

မောင်ထွန်းမြတ်လည်း ခေါ်သံကြားသဖြင့် ရုတ်တရက် လှည့်လာပြီးလျှင် ဝင်းနားသို့လာရာ မိမိရီကိုမြင်သဖြင့် "အလို...မိမိရီလား၊ တစ်ယောက်တည်း ဘာများချောင်းနေသလဲ..."ဟု ပြုံးရယ်၍ မေးရာ



http://myanmarpyithar.net

"ရွှေလသာလွန်းလို့ အိမ်အောက် ခဏဆင်းပြီး လမ်းလျှောက်နေတယ်၊ ကိုထွန်းမြတ် ရန်ကုန်က ဘယ်တော့က ရောက်သလဲ"

"သည်နေ့ညနေပဲ ရောက်တယ်၊ ရထားနောက်ကျလို့ အိမ်ကို အခုမှ သွားရမယ်၊ အစ်မကြီးဖြင့် ဆီးပြီး ကြိမ်းလိမ့်ဦးမယ် ထင်တယ်"

"အစ်မကြီး နေ့လည်ကတောင် သည်အိမ်လာသေးတယ်၊ မဝင်ဘူးလား၊ မေမေလည်း တယ်နေမကောင်းလို့ စောင်တွေ ခြုံပေးထားခဲ့ရတယ်"

မောင်ထွန်းမြတ်လည်း ခေတ္တစဉ်းစား၍ ဝင်းတံခါးကိုဖွင့်၍ဝင်လာရာ တစ်စုံတစ်ခုကို သတိရ၍ အိတ်ထဲသို့ လက်နှိုက်၍ရှာသော်လည်း ရုတ်တရက် မတွေ့သဖြင့်

"ဘာရှာသလဲ"ဟု မိမိရီကမေးလျှင်–

"အို လက်ဆောင်ကလေးတစ်ခု ပါလာတယ်..."ဟုဆို၍ အိတ်မှ အထုပ်ငယ်ကလေးတစ်ခုကို ဖြေပြီးလျှင် လှပသေးသွယ်သော ရွှေကြိုးကလေး တစ်ခုကို မိမိရီ၏လည်ပင်းသို့ စွပ်၍ပေးလေ၏။

မိမိရီလည်း လရောင်တွင် ရွှေကြိုးကိုမြင်သဖြင့်"သည်ဟာ ဘယ်သူ့ဖို့လဲ" ဟုမေးရာ

"တိုက်တစ်တိုက်ရောက်တာနဲ့ ကြိုးကလေးမြင်တော့ မိမိရီ သတိရလို့ ဝယ်လာခဲ့တယ်..."ဟုပြန်ပြောလျှင်

မိမိရီသည် ရွှေကြိုးရသည်ကို ဝမ်းမြောက်သည်ထက် မိမိကို သတိရရှာသည်ဟု သိရသည့်အတွက် ၁၀–ဆမျှမက သာလွန်၍ ဝမ်းမြောက်ပေ၏။

အိမ်ပေါ်သို့ရောက်၍ ဝန်ထောက်ကတော်ကြီးနှင့် နှုတ်ခွန်းဆက်သပြီးလျှင် အိတ်မှ အထုပ် ၂–ခုကို ထုတ်ပြန်၍ တစ်ထုပ်ကို ဖြေပြီးလျှင် ဝန်ထောက်ကတော်ကြီးအား .... "ဒေါ်ဒေါ်နဲ့တော်တဲ့ဟာ တစ်ခု ကျွန်တော်ဝယ်ခဲ့တယ်.."ဟု ပြော၍ ပေးလေ၏။

ဝန်ထောက်ကတော်လည်း နားမလည်သဖြင့် ကိုင်၍ ကြည့်နေရာ မောင်ထွန်းမြတ်သည် ငင်းပစ္စည်းကိုလေမှုတ်သွင်းပြီး ကြိမ် ကုလားထိုင်ပေါ်သို့တင်၍ ဝန်ထောက်ကတော်ကို ငင်းကုလားထိုင်ပေါ်သို့ ထိုင်စေပြီးလျှင် . . . .

"ဘယ့်နှယ်လဲဒေါ်ဒေါ်၊ ထိုင်လို့ သက်သာပါ့စ"ဟု မေးလျှင်

ဝန်ထောက်ကတော်သည် မိမိမှာ လူမမာဖြစ်သည့်အတွက် ထိုင်၍ချည်း နေရသည်ကို သတိရရှာ၍ ဝယ်လာခဲ့ရှာသည်ဟု သိသဖြင့် များစွာ ကျေးဇူးတင် စကားပြောလျှင် မောင်ထွန်းမြတ်သည် အခြားအထုပ်တစ်ခုကို ဖြေလျက် "သည်ဟာ



http://myanmarpyithar.net

ကတော့ အိမ်က အစ်မကြီးဖို့.” ဟုဆို၍ ဖဲပုဝါကြီးတစ်ခုကို ဖြန့်၍ ပြလေ၏။

ဝန်ထောက်ကတော်ကြီးလည်း အဆင်အသားနှင့် အလျားအနံတို့ကိုသေချာစွာကြည့်ပြီးသော် “နံကြီးလျားရှည် အသားလည်း တယ်ကောင်း၊ ဘယ်လောက်နဲ့ ဝယ်ခဲ့သလဲ”ဟု မေးရာ

“ဒေါ်ဒေါ့ကို ကျွန်တော်ပြောလျှင် အစ်မကြီးတော့ မပြောလိုက်ပါနဲ့နော်၊ သူ့ပြောရင်ဖြင့် ပိုက်ဆံကုန်ရှာတယ်လို့ ကျွန်တော့်လည်း ကြိမ်းဦးမယ်၊ သည်ပဝါလည်း စက္ကူနဲ့ပတ်ပြီး သေတ္တာထဲ အောက်ဆုံးက ထားတော့မှာ၊ ဘယ်တော့မှ ထုတ်ခြုံမှာ မဟုတ်ပါဘူး၊ ရွှေဒင်္ဂါးတစ်ပြားပေးခဲ့ရတယ်၊ အစ်မကြီးပြောတော့ ၅ကျပ်လောက်ပြောမှ တော်မယ်ဒေါ်ဒေါ်ရဲ့၊ ကဲကျွန်တော်လည်း ပြန်ဦးမယ်၊ အစ်မကြီးက ရန်ကုန်ကပြန်သူ့ဆီအရင်မလာဘဲ တခြားဝင်နေတာသိမှဖြင့် ကျွန်တော် အဆူခံရလိမ့်ဦးမယ်”ဟုဆို၍ သားအမိနှစ်ယောက်စလုံး နှုတ်ဆက်ပြီးလျှင် ဖဲပုဝါထုပ်ကို အိတ်ထဲထည့်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။

မိမိရီလည်း နောက်ဆင်းလိုက်သွားပြီးလျှင် ဝင်းတံခါးအနီးသို့ ရောက်ခါနီးတွင် “ကိုထွန်းမြတ်တို့များ အရင်လိုလိုက်တာရှင်၊ အိမ်ပေါ်တက်ပြီး ချက်ချင်းပြန်ဆင်းသွားတာပဲ” ဟု နှုတ်ခမ်းကို မသိမသာ စူ၍ပြောလျှင်

“မဟုတ်ဘူးမိမိရီရဲ့၊ အိမ်ကအစ်မကြီးက သူများနဲ့တူတာ မဟုတ်ဘူး၊ မိမိရီလည်း အသိသားပဲ၊ ဒါနဲ့ ဒေါ်ဒေါ့်ကြည့်ရတာ အရင်ကထက်ပဲ အားနည်းနေတယ် ထင်တယ်”

“ဟုတ်တယ်၊ မနေ့ညကပဲ အိပ်မက်မက်ပြန်ပြီတဲ့၊ သည်လိုပဲ မေမေက သည်အိမ်မက်မျိုးမက်တိုင်းပဲ စိတ်မချမ်းသာ ဖြစ်ရတယ်”

“ဘာအိပ်မက်လဲ”

“မောင်ကြီးအကြောင်း အိပ်မက်တဲ့ရှင်၊ လူသတ်မှုဟာပေ့ါ”

“မေမေ့အိပ်မက်ထဲမှာတော့ သည်ထွန်းဖေဆိုတဲ့ အကောင်ကလေးလည်း သည်အထဲမှာ ပါနေသတဲ့၊ မပြောတတ်ပါဘူးရှင်”

“ဒေါ်ဒေါ်က အားနည်းနေတဲ့အခါမှာ စိတ်ကလည်း စွဲလို့ မက်တာပါ မိမိရီရယ်၊ သည်အကြောင်း စိတ်မစွဲပါနဲ့လို့ မိမိရီက မပြောဘူးလား”

“ကျွန်မလည်း သည်လိုပြောတာပဲ၊ ပြောပေမယ့် မေမေက မရပါဘူး၊ အိပ်မက်မက်တိုင်းချည်းပဲ သူ့မှာဒုက္ခဖြစ်ရတယ်။”

“ဒါနဲ့ ကျွန်မအတွက် သည်ရွှေကြိုးကလေး ဝယ်ခဲ့တဲ့အတွက် ကျေးဇူးအပုံကြီး . . . . ”



http://myanmarpyithar.net

"ကျေးဇူးတင်စကား ခဏခဏပြောနေရင် နောက်ကို ဘယ်တော့မှ ဝယ်မလာဘူးမှတ်ပါ၊ ကျေးဇူးတင်လောက်တဲ့ ဥစ္စာလည်း မဟုတ်ပါဘူး၊ ကျေးဇူးတင်ချင်ရင်လည်း ကဲ–ဒါနဲ့ကျေကြရော..." ဟု ဆိုလျက် မိမိရီပါးကိုလက်ဖြင့် အသာလိမ်၍ တံခါးကို လက်ဖြင့်ဖွင့်ပြီးလျှင် အပြင်ဘက်သို့ ရောက်မှလှည့်၍ "နောက်ကို ဘာမျှဝယ်မပေးဘူးလို့ မပြောနဲ့နော်၊ သွားဦးမယ်" ဟု ပြုံးရယ်ကာ ပြောလျက် အိမ်သို့ ပြန်သွားလေ၏။

မိမိရီလည်း တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထလျက် လရောင်တွင် တဖြည်းဖြည်းဝေး၍ဝေး၍ သွားသော မောင်ထွန်းမြတ်၏ ရုပ်ကိုကြည့်လျက် မမြင်နိုင်သောအခါမှ အိမ်ဘက်သို့လှည့်ပြီးလျှင် အိမ်ပေါ်သို့တက်သွားလေ၏။

မောင်ထွန်းမြတ်၏ ဖခင်သေလွန်သူ မြို့အုပ်ကြီးသည် မိမိရီ၏ မိခင်ဝန်ထောက်ကတော်ကြီးနှင့် ဆွေမျိုးတော်စပ်သဖြင့် မောင်ထွန်းမြတ် မောင်နှမတို့မှာ ငယ်ရွယ်စဉ်ကစ၍ ဝန်ထောက်ကြီး၏အိမ်သို့ သွားလာဝင်ထွက် နေထိုင်ခဲ့ရာ ဝန်ထောက်ကြီးတစ်အိမ်သားလုံးနှင့် များစွာချစ်ခင် အကျွမ်းဝင်ကြကုန်၏။ မောင်ထွန်းမြတ်လည်း ငယ်စဉ်အခါ၌ မိမိရီ၊ မိမိကြည်တို့နှင့် ကစားခုန်စား၊ ထိုးလားသတ်ပုတ် နေထိုင်ခဲ့ကြရာ မောင်နှမအရင်းအချာကဲ့သို့ အောက်မေ့၍ အကြီးဖြစ်သူ မိမိကြည်မှာ မိခင်ကဲ့သို့ သိမ်မွေ့နူးညံ့သော စိတ်သဘော ရှိရာ မောင်ထွန်းမြတ်နှင့် အစဉ်မပြတ်သင့်မြတ်ကြ၍ အငယ်မိမိရီမှာ ဖခင်၏စိတ်သဘောပါရှိသဖြင့် မောင်ထွန်းမြတ်နှင့် မကြာမကြာ ခိုက်ရန်ဖြစ်တက်ကြ၏။

မိမိရီသည် အိမ်ပေါ်သို့ရောက်၍ မိခင်အား "နေလို့ကောင်းပါရဲ့လား မေမေရဲ့"ဟုမေး၍ စမ်းသပ်ကြည့်ပြီးလျှင် ပြတင်းပေါက်တစ်ခုအနီးရှိ ကုလားထိုင်ပေါ်ထိုင်လျက် လရောင်ကိုကြည့်ပြီး စိတ်ကူး၍နေလေ၏။

စိတ်ကူးထဲ၌ မိမိရီသည် မောင်ထွန်းမြတ်နှင့် အကြောင်းပါ၍ မြို့ပေါ်ရှိ အရာရှိ၊ အရာခံ ဂုဏ်ထူးရှိ သမီးအပေါင်းတို့က ငြူစူလျက် ရှိနေကြသည့်အတွင်း ညနေအေးအချိန်... ဒေါက်ကပ်နှင့် လင်မယား နှစ်ယောက်တွဲစီး၍အသွား အိမ်နီးချင်း နယ်ပိုင်ဝန်ထောက်သမီးနှင့် ဒေါက်ကပ်ချင်း ဆုံမိကြလျှင် မော်ကြွားလိုသော မျက်နှာထားနှင့် ပြုံး၍နှုတ်ဆက်လိုက်ရာ ဒေါက်ကပ်ချင်း တိုက်မိသဖြင့် မောင်ထွန်းမြတ်၏ လက်မောင်းကို ကိုင်လိုက်သကဲ့သို့ စဉ်စားရင်း လှမ်း၍ကိုင်လိုက်ရာ ပြတင်းတံခါးကို ကိုင်မိသဖြင့် ကိုယ့်လိပ်ပြာကို ကိုယ်ရှက်သဖြင့် ပြုံးရယ်မိလေ၏။

၎င်းနောက် ဆက်လက်၍ စိတ်ကူးပြန်သည်မှာ...

"ငါလည်း အထင်တော့ အထင်သားပဲ၊ ယနေ့ညတော့မှ သေသေချာချာ

သိရပေတော့တယ်၊ နောက်တော့ ဘာမျှမပေးဘူးလို့ မပြောနဲ့နော်တဲ့၊ ဒါဘာဆိုတဲ့ အဓိပ္ပာယ်လဲ၊ ငါပါးလျှင် ဒါပြောတာလား၊ သို့မဟုတ် ရွှေကြိုးပေးတာ ပြောတာလား ကွဲကွဲပြားပြား ဖွင့်ပြောလိုက်ပါတော့ ကိုထွန်းမြတ်ရယ်၊ တစ်နေ့နေ့တော့ အမှန် ပြောမှာပါပဲလေ... ၊ သည်တော့များ သူ့အိမ်က အစ်မတော်ဘုရားကြီးက ဝင်ပြီး လျှာရှည်နေတဲ့နောက်... ”

ဤသို့ စဉ်းစားနေဆဲတွင် မိမိ၏ဝင်းအတွင်း စိန်ပန်းပင်ရိပ်အောက်မှ လူ တစ်ယောက်သည် ရုတ်တရက်ထွက်၍ မိမိရီအား လက်ယပ်ခေါ်ပြီးလျှင် အရိပ် အောက်သို့ ဝင်သွားလေ၏။

မိမိရီလည်း မည်သို့သောသူသည် မည်သည့်အဓိပ္ပာယ်နှင့် ခေါ်နေသည် မသိသဖြင့် ထပ်၍ကြည့်ပြန်ရာ လူတစ်ယောက်သည် အရိပ်မှ ထွက်လာပြန်၍ အလွန်အရေးကြီးသည့် လက္ခဏာဟန်နှင့် လက်ယပ်ခေါ်ပြန်ပြီးလျှင် အရိပ်အတွင်းသို့ ဝင်သွားပြန်၏။ မိမိရီလည်း မိမိအား လယ်ယက်ခေါ်သည်ကို အသေအချာသိရလျှင် ကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်သော်လည်း ထိုသူသည် အကြောင်းတစ်စုံတစ်ရာ ထူး၍ပျာယီးပျာယာနှင့် ခေါ်သည့် လက္ခဏာနှင့်တူသည်ဟု အောက်မေ့၍ ရဲရင့် သောသဘောလည်း ရှိသည်နှင့် စိတ်ကိုတင်းပြီးလျှင် မိခင်အား... ။

“မေမေ ကျွန်မ ဖေဖေ့ကို ဝင်းနားသွားကြိုဦးမယ်”ဟု ပြောပြီးလျှင် တဘက်ငယ်ကိုခြုံ၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။

မိမိရီသည် အိမ်ပေါ်မှဆင်းလာ၍ စိန်ပန်းပင်ရိပ်အနီးသို့ ရောက်လျှင် အရိပ်အောက်တွင်ရှိသူသည် လရောင်အောက်သို့ထွက်၍ အထက်ကကဲ့သို့လက်ယပ် ခေါ်ပြန်ပြီးလျှင် အရိပ်အောက်သို့ ဝင်ပြန်၏။ စကားပြော၍ ကြားလောက်သည့် နေရာသို့ရောက်လျှင်... ။

“ဘယ်သူလဲ၊ ဘာကိစ္စရှိ၍ ငါ့ကိုခေါ်သလဲ”ဟု အသံကို ခပ်မာမာထား၍ မေးလိုက်ရာ အရိပ်အောက်ရှိလူက “မိမိရီ၊ ငါ့ကိုမမှတ်မိဘူးလား”ဟု မေးပြီးလျှင် လရောင်သို့ ခေတ္တထွက်၍ပြလေ၏။

မိမိရီသည် ၎င်းလူကို သေချာစွာကြည့်၍

“အလို... မောင်ကြီးမဟုတ်လား၊ ဘာကိစ္စလာသလဲ၊ မောင်ကြီးအခုဘယ်မှာ နေသလဲ”ဟု မေးလျှင်

မောင်ဘချိုက “ငါရန်ကုန်မှာနေတယ်၊ မေမေ့မျက်နှာမမြင်ရတာ ၂နှစ် လောက်ရှိသွားပြီ။ မေမေ့ကို လွမ်းလွန်းလို့ တွေ့ချင်လို့ ပြန်လာခဲ့တယ်၊ လာတဲ့ အခါ မေမေနဲ့တွေ့ရအောင် ငါ့နှမက ကြံပေးပါနော်၊ အခုမေမေအိပ်ပြီလား” ဟု



http://myanmarpyithar.net

မေးလျှင်

"မေမေတော့ မအိပ်သေးဘူး မောင်ကြီးရဲ့၊ သို့သော်လည်း ဖေဖေထွက်သွားတာက တော်တော်ကြာသွားပြီ၊ ပြန်လာချိန်နီးပြီ၊ နောက်တစ်ညမှ မေမေနဲ့တွေ့ရအောင် ကျွန်မ ကြံပေးပါမယ်၊ သည်ကနေ့ည သည်းခံလိုက်ပါဦး မောင်ကြီးရဲ့" ဟု ပြော၍ "မောင်ကြီး ရန်ကုန်မှာ ဘာလုပ်နေသလဲ"ဟု မေးပြန်လျှင် . .

"မမေးပါနဲ့ နှမရယ်၊ သမွန်ခတ်နေရတာပေါ့၊ မောင်ကြီးလက်များ စမ်းကြည့်စမ်းပါဦး" ဟုဆို၍ မိမိ၏ကြမ်းတမ်းအက်ကွဲလျက်ရှိသော လက်တို့ကို ပြလျှင်... ။

မိမိရီက "ဖြစ်မှဖြစ်ရလေတယ် မောင်ကြီးရယ်... ၊ သည့်ပြင် အလုပ်များ ရှာပြီး လုပ်ပါတော့"

"ဘာအလုပ် လုပ်စေချင်သလဲ၊ စပါးပွဲစားကြီးလား၊ သစ်ကုန်သည် စိန်ကုန်သည်ကြီးလား" ဟု မျက်နှာပျက်၍ မေးပြီးမှ

"ရန်ကုန်ရောက်စကတော့ သူဌေး တိုက်တစ်တိုက်မှာ စာရေးအလုပ်ကလေး လုပ်နေတာပဲနှမရယ်၊ တနေ့သ၌တော့ ပုလိပ်တစ်ယောက်က မောင်ကြီးမျက်နှာ သေသေချာချာကြည့်ပြီး သူ့အိတ်ထဲက စာရွက်ကလေး ထုတ်ကြည့်တာလည်းမြင်ရော မောင်ကြီးလည်း အကြံအကြားကဖြတ်ပြီး ထွက်ပြေးခဲ့ရတယ်၊ သည်ကနေ့ကစပြီး မောင်ကြီးလည်း အလုပ်တိုက်မသွားဝံ့ဘူး၊ ပုလိပ်သားများကလည်း မောင်ကြီးလိုလူကို လိုက်ပြီးရှာရင် စာရေးစာချီ စသည့်အထဲ လိုက်ရှာမှာပဲလို့ ရိပ်မိတာနဲ့ သူများ သမွန်အငှားခတ်ပြီး အသက်မွေးခဲ့ရတယ်... ။

"ဩော် ဒုက္ခဒုက္ခ၊ ငါလည်း မသတ်ရဘဲနဲ့ သတ်တယ်ဖြစ်ပြီး တကယ် သတ်ခဲ့သလိုပဲ ထွက်ပြေးတိမ်းရှောင် နေခဲ့ရတယ်နော်... ။ ဘယ်တော့များမှ သည်အမှုကို ရှင်းလင်းနိုင်ပါ့မလဲ"ဟု ညည်းညူလေလျှင်

"မောင်ကြီးရယ်၊ ပြုမိတဲ့အမှုပြုမိတာပေါ့၊ ထပ်၍ဖြင့် လိမ်လည်၍ မပြောပါ နှင့်တော့"ဟု မိမိရီကပြောရာ

မောင်ဘချိုသည် မိမိ၏ကိုယ်ကို ဖြောင့်မတ်စွာရပ်လျက် မိမိရီကို စေ့စေ့ ကြည့်ပြီးလျှင် "ငါပြောမယ်မိမိရီ၊ သည်အတိုးကြီးကို ငါတကယ်သတ်ခဲ့လျှင် အခုမှလာပြီး နင့်ကိုလိမ်လည်ပြောလို့ ငါ့မှာဘာအကျိုးရှိသလဲ။ သူ့ကိုငါလည်း မသတ်ရဘူး။ သူတစ်ပါး သတ်တာလည်း ငါမမြင်ရဘူး၊ အခုမေမေ့တွေ့ချင်လွန်းလို့ အသက်စွန့်ပြီး မောင်ကြီးလာခဲ့။

"သတ်ခဲ့လို့ရှိလျှင် မေမေ့မျက်နှာ မမြင်ရဘဲ မင်းပြစ်မင်းဒဏ်နဲ့ သေရပါစေ။



http://myanmarpyithar.net

"မသတ်ခဲ့လို့ရှိလျှင် မှန်တဲ့အတိုင်း ရှင်းလင်းပါရစေ" ဟု ကျိန်ဆိုလျှင်

မိမိရီက "မောင်ကြီးမသတ် ဘယ်သူသတ်သလဲ" မေးရာ

"အဲတာကြောင့် ရှင်းဖို့ခက်တယ်လို့ ပြောတယ်မဟုတ်လား၊သတ်တာတော့ မောင်ကြီးမျက်စိနဲ့ မမြင်ရဘူး၊ သို့သော် ဘယ်သူသတ်တယ်ဆိုတာ တွေးတော့ တွေးမိပါရဲ့"ဟု ပြောလျှင်

"ထွန်းဖေသတ်တယ်လို့ မောင်ကြီးထင်သလား"

"ဟော့ထွန်းဖေလား မဟုတ်သေးဘူး၊ သေနတ်သံကြားတော့ ထွန်းဖေက ငါ့အနားမှာ ရှိတာကပဲ။ ထွန်းဖေမသတ်ပါဘူး"

"မေမေကဖြင့် မောင်ကြီးရယ်၊ သည်လူသတ်မှုအကြောင်းကို ခဏခဏ အိပ်မက်မက်နေတယ်၊ မေမေ့အိပ်မက်ထဲမှာတော့ ထွန်းဖေပါသတဲ့၊ သူမသတ်သော်လည်း သတ်တဲ့လူကို သိသတဲ့၊ တနေ့ကတောင် တစ်ခါ အိပ်မက်မက်သေးတယ်၊ တစ်ခါတစ်ခါ သည်အိပ်မက် မက်မှဖြင့် အိပ်ရာက လန့်နိုးပြီး နှလုံးတုန်လို့ မပြီးနိုင်ဘူး မောင်ကြီးရယ်"

"ဒါဖြင့် မေမေ့အိပ်မက်မှားတာပေါ့၊ ထွန်းဖေနဲ့ သည်လူသတ်မှုနဲ့ ဘာမျှမဆိုင်ပါဘူးကွဲ့...၊ သတ်တဲ့အကောင်က ဘထွန်းတဲ့"

"ဘယ်က ဘထွန်းလဲ"

"ဘယ်က ဘထွန်းလဲလို့ ငါမသိဘူး၊ သည်ကောင်ကို ငါတွေ့စမ်းချင်တယ်၊ အေးမြင့်နဲ့တော့ မိတ်ဆွေပေါ့" ဟု ပြောလျှင်

မိမိရီက "သည်အေးမြင့်အကြောင်း မပြောစမ်းပါနဲ့ မောင်ကြီးရယ်"

"အေးလေ ဟုတ်ပါတယ်၊ ဒါတွေပြောရအောင် ငါ အသက်စွန့်ပြီးလာတာ မဟုတ်ပါဘူး၊ ငါ မသတ်ဘူးလို့ ပြောပေမယ့် ငါသတ်တယ်ဆိုတာ အစိုးရမင်းများက အယူရှိပြီးပါပဲ၊ ဒါနဲ့ ဖေဖေကကော ငါ့အပေါ် စိတ်ဆိုးသေးသလား"

"ဖေဖေ့သဘောတော့ မောင်ကြီးသိတဲ့အတိုင်းပဲ၊ မောင်ကြီးထွက်ပြေးတဲ့ နေ့ကစပြီး မောင်ကြီးအကြောင်းကို စကားစပ်လို့လည်း မပြောဘူး၊ သူ့ရှေ့မှာလည်း မောင်ကြီးနာမည်ကို ထည့်လို့မှ မပြောရဘူး၊ ဒါတင်မှမကသေးဘူး မောင်ကြီးရေ့"

"ပြောတာပြောပါ နှမရေ၊ ဖေဖေ့အကြောင်းများတော့ မောင်ကြီး သိပြီးသားပါပဲ"

"မောင်ကြီးလည်း ထွက်ပြေးရော၊ ဖေဖေက သူ့လက်အောက် ရှိတဲ့ ရာဇဝတ်ဘက်သားများကို မိမိတို့နယ်အတွင်းမှာဖြင့် ကြွက်တွင်းတောင် မကျန်ရအောင်တူးပြီးရှာရမယ်လို့ အမိန့်ပေးထားတယ်၊ ဖေဖေလည်း သေနတ်အတွက်



http://myanmarpyithar.net

ကြောင့် ကံကောင်းလို့ အရာမကျတယ်၊ သူ့ကို ဒုက္ခပေးတဲ့သားဆိုပြီး အင်မတန် စိတ်ဆိုးနေတယ် မောင်ကြီးရဲ့"

"ဖေဖေ့အကြောင်းများ တွေးမိတိုင်း ဝမ်းနည်းပါရဲ့နှမရယ်၊ မောင်ကြီး အပေါ်မှာ ဖေဖေအင်မတန် ဆိုးရှာတယ်၊ အိမ်မှာနေရင် ကောင်းကောင်းပဲမနေရဘူး၊ လူရှေ့သူရှေ့ရယ်လို့လည်း မရှောင်ဘူး၊ ဖျင်းတယ်၊ ညံ့တယ်၊ အသုံးမကျတဲ့အကောင် သည်နေရာထိုင်ရင် ထိုင်ပြန်ပြီ၊ ဟိုနေရာသွားရင်လည်း သွားပြန်ပြီနဲ့ မြင်တိုင်း မြည်တာပဲ နှမရယ်၊ မောင်ကြီးလည်း သူ့အမြည်လွတ်အောင် လုပ်တာပဲ၊ လုပ်ပေမယ့် ဘယ်တော့မှ မောင်ကြီး မျက်နှာကောင်းမရပါဘူး၊ ကြာတော့ အိမ်နေရတာ နားပူလွန်းလို့ ဖေဖေပြန်ချိန်ကျရင် တခြားသွား နေမိရော၊ ဒါကြောင့် မောင်ကြီး အခု သည်လိုအမှုကြုံရတာပဲ" ဟု သနားစဖွယ်ပြောလျှင် ...

မိမိရီလည်း ဖခင်၏အကြောင်းကို သိပြီးဖြစ်၍ မျက်ရည်ကျမိ ရှာ၏။

မောင်ဘချိုလည်း မျက်စိကိုသုတ်လျက်...

"မောင်ကြီး ယခုလာတာမှာတော့ မေမေ့မျက်နှာလည်းမြင်ရင်း ငွေကလေး လည်း ၁၀ဝ လောက် တောင်းရင်း လာခဲ့တယ်၊ ရနိုင်ပါ့မလား"

"ငွေကတော့ နက်ဖြန်ညရပါစေ့မယ်၊ မေမေ့တွေ့ဖို့ကတော့ ကြံရဦးမှာပဲ၊ မေမေကလည်း တယ်မမာဘူး၊ မောင်ကြီးကလည်း အင်မတန်ချစ်တဲ့သားဖြစ်တော့ မောင်ကြီးမြင်လျှင် ဝမ်းသာဝမ်းနည်းဖြစ်ပြီး ရောဂါတိုးမှာလည်း စိုးရသေးတယ် မောင်ကြီးရဲ့"

"ဩော်... သည်လောက်တောင် စွန့်စားပြီး တွေ့ချင်လွန်းလို့ လာခဲ့ရ၊ မတွေ့ရဘဲဖြင့် မပြန်ပါရစေနဲ့ နှမရယ်၊ မေမေ့မျက်နှာ မောင်ကြီး တစ်ခါ လောက်ဖြစ်ဖြစ် မြင်သွားရလျှင် နောင်တစ်နှစ်လောက် မမြင်ရချင် နေပါစေဦး"

"ကျွန်မလည်း တတ်နိုင်သလောက် ကြိုးစားပြီး ကြံပါမယ်၊ ဒါနဲ့ မောင်ကြီးရယ် မောင်ကြီးသည်လိုပဲ တိမ်းရှောင်ပြီး နေတော့မလား၊ သည်အမှုကို ရှင်းအောင် မတတ်နိုင်ဘူးလား၊ သည်အရာမျိုးတော့ ကိုထွန်းမြတ် နားလည်လိမ့်မယ်၊ သူ့ပြောရရင် မကောင်းပေဘူးလား၊ ယုံလည်းယုံလောက်တဲ့ လူတစ်ယောက်ကပဲ" ဟု ပြောလျှင်...။

"ယုံတော့ယုံပါရဲ့ နှမရယ်၊ သို့သော်လည်း သည်အမှုရှင်းအောင် တတ်နိုင် မယ် ငါမထင်ဘူး၊ သူ့တော့ ပြောချင်ပြောစမ်းတာပေါ့လေ၊ သို့သော်..."

"ဟော ဖေဖေလာပြီမောင်ကြီးရေ့၊ နက်ဖြန်မှလာပေတော့၊ ကျွန်မ သွားဦးမယ်..." ဟု ပြောပြီးလျှင် မိမိရီသည် ဖခင်မရောက်မီပင် အိမ်ပေါ်သို့



http://myanmarpyithar.net

ရောက်အောင် တက်ပြေးနှင့်လေ၏။

နောက်တစ်နေ့နံနက် ၁၀–နာရီအချိန်လောက်တွင် ဝန်ထောက်ကြီးသည် ရုံးသို့သွားမည်ဟု ဝင်းပေါက်မှထွက်လျှင် မောင်ထွန်းမြတ်၏အစ်မ မဂျမ်းပုံလည်း အဝတ်အစားလဲလျက် အိမ်ရှေ့မှဖြတ်၍ သွားရာ… ဝန်ထောက်ကြီးနှင့် မဂျမ်းပုံ တို့သည် အနည်းငယ် လမ်းဆုံသဖြင့် အတူတကွ သွားကြလေ၏။ မိမိရီလည်း အိမ်ပေါ်မှနေ၍ မဂျမ်းပုံသွားသည်ကို မြင်လိုက်လျှင် မိမိလုပ်ဆောင်ရန် ရှိသမျှကို လျင်မြန်စွာ လုပ်ကိုင်၍ သင့်တင့်အောင် အဝတ်အစားတို့ကို လဲလှယ်ပြီးလျှင်…

“မေမေ၊ စားပွဲခုံ ဇာပိတ်ဖို့ အပ်ချည်ကုန်သွားလို့ ဈေးခဏကလေး သွားလိုက်ဦးမယ်” ဟု ပြောလျှင် –

“အေးအေး၊ မြန်မြန်ပြန်ခဲ့နော်သမီး၊ မိမိမရှိရင် မေမေပျင်းလွန်းလို့ ကြာကြာမနေနဲ့နော်” ဟု ပြော၍ ဝန်ထောက်ကတော်ကြီးသည် မောင်ထွန်းမြတ် ဝယ်ပေးသော လေသွင်းဖုံပေါ်၌ထိုင်လျက် သားကြီးမောင်ဘချို၏ အကြောင်းကို စဉ်းစားကာနေလေ၏။

မိမိရီလည်း ဝင်းပေါက်မှထွက်၍ ဈေးချိုသို့သွားသောလမ်းကို သွားချင် ပြုပြီးလျှင် အမိမမြင်လောက်သောနေရာသို့ ရောက်သောအခါ ဈေးသို့မသွားဘဲ မောင်ထွန်းမြတ်အိမ်သို့ သွားလေ၏။

မောင်ထွန်းမြတ်၏အိမ်မှာ ဝန်ထောက်ကြီး၏ ဝင်းအရှေ့ဘက် လမ်းခြား လျက်ရှိသော ဝင်းအတွင်းရှိရာ နေအိမ်မှာ တသီးတခြားဖြစ်၍ အိမ်၏အရှေ့ဘက်တွင် ကပ်လျက်ရှိသော အိမ်ငယ်တစ်ခုသည်ကား အလုပ်ရုံးဖြစ်လေသည်။ မောင်ထွန်းမြတ် သည် ဒုတိယတန်းရှေ့နေပင် ဖြစ်သော်လည်း အထက်က ဖော်ပြခဲ့သည့်အတိုင်း အမှုများစွာ လက်ခံရသည်ဖြစ်သောကြောင့် စာရေးသုံးလေးယောက် ထားရလေသည်။ အကြီးဆုံးစာရေး ဦးသာဒွန်းမှာ တတိယတန်း ရှေ့နေစာမေးပွဲ အောင်မြင်ပြီး ဖြစ်သော်လည်း မိမိကိုယ်တိုင် တသီးတခြား နာမည်ခံ၍ မလုပ်ဘဲ မောင်ထွန်းမြတ် လက်အောက်တွင် စာရေးအဖြစ်ဖြင့် လုပ်ကိုင်လျက်ရှိလေ၏။ မောင်ထွန်းမြတ်လည်း ၄င်းစာရေးကြီးအား လခဟူ၍မပေးဘဲ မိမိရသမျှ အမြတ်ငွေ ၅ စု တစ်စုကို ပေးလေ၏။ ဦးသာဒွန်းမှာ လူပျိုကြီးဖြစ်၍ အေးအေးနှင့် မိမိသုံးစွဲလောက်ရုံမျှမက ရသည့်ပြင် မောင်ထွန်းမြတ်၏အစ်မ မဂျမ်းပုံကို ဝမ်းတွင်း၌ကျိတ်၍ ကြိုက်နေသည်ဟု အချို့သူတို့က ပြောကြလေ၏။

မိမိရီသည် မောင်ထွန်းမြတ်၏အိမ်သို့ ရောက်၍ အလုပ်ရုံးတွင် စာရေးကြီး ဦးသာဒွန်းနှင့်တွေ့လျှင်… ဦးသာဒွန်းက ကိစ္စကိုမေးရာ အလုပ်ကိစ္စနှင့်ပတ်သက်၍



http://myanmarpyithar.net

ကိုထွန်းမြတ်နှင့် တွေ့လိုကြောင်းပြောလျှင် မောင်ထွန်းမြတ်၏ အခန်းတွင် အမှုသည် တစ်ယောက်ရှိနေသဖြင့် ခေတ္တစောင့်ဆိုင်းနေရန် ပြောလေ၏။

မိမိရီသည် နာရီဝက်ခန့်မျှ စောင့်ဆိုင်းလျှင် စစ်ကဲကြီး ဦးထင်ကျော်သည် မောင်ထွန်းမြတ်၏ အခန်းမှ ထွက်လာသည်ကိုမြင်သဖြင့် စစ်ကဲကြီးသည် မည်သည့် ကိစ္စနှင့် မောင်ထွန်းမြတ်၏ အလုပ်ရုံးသို့ လာလေသည်အကြောင်းကို စဉ်းစား၍နေစဉ်

ဦးသာဒွန်းက "ကဲ မမလေး၊ ဧည့်သည်သွားပြီ၊ ဝင်ပေတော့" ဟု ပြောလိုက်လျှင် မိမိရီသည် မောင်ထွန်းမြတ်နှင့် အကျွမ်းတဝင်ရှိသော်လည်း မောင်ထွန်းမြတ်၏ အလုပ်ရုံးသို့ တမင်လာ၍ စာရေးကလေးများ ရှေ့တွင် မောင်ထွန်းမြတ်၏ အခန်းတွင်းသို့ တစ်ယောက်တည်း ဝင်ရမည်ကို မျက်နှာပူပူနှင့် ဝင်၍သွားလေ၏။

အတွင်းသို့ရောက်လျှင် မောင်ထွန်းမြတ်သည် စာရေးရာမှ မော်ကြည့်ရာ "အလို...မိမိရီလား၊ထိုင်ပါဦး၊ဘာကိစ္စလဲ" ဟု မျက်နှာထားတည်တည်နှင့် မေးလျှင်–

မိမိရီ စဉ်းစားမိသည်မှာ "သြော်...အလုပ်လုပ်ရာမှာတော့ ပြောပုံဆိုပုံမှစ၍ မျက်နှာထားကတစ်မျိုး၊ အိမ်လာလည်တော့ အရောတဝင်နဲ့ မျက်နှာထားကတစ်မျိုး၊ ဒါကြောင့်လည်း ကျော်ပေတာပဲ" ဟု အောက်မေ့လျက် ပြောရမယ့်စကားသည်လည်း လူမသိရမည့် စကားဖြစ်၍ အခန်းကို လုံခြုံပါသလောဟု သေချာစွာကြည့်ပြီးလျှင် မိမိ၏မောင် မောင်ဘချိုလာသည့်အကြောင်းနှင့် သေသူ ဦးဘသာ ကိုလည်း သူ မသတ်သည့်အကြောင်းကို ပြောလေ၏။ ၎င်းနောက် မိမိတို့ အကြံအစည် ဆောင်ရွက်ရန် ရှိသမျှကို နီးနှောတိုင်ပင်လျက်နေကြရာ တစ်နာရီခန့်ရှိလျှင် မိမိရီသည် မောင်ဘချိုအားပေးရန် ငွေ ၁၀၀ ကို မောင်ထွန်းမြတ်ထံမှ ချေးပြီးလျှင် အခန်းပြင်သို့ ထွက်လာလေ၏။

အခန်းပြင်ဘက်သို့ရောက်၍ ခြေတစ်လှမ်းမျှ မလှမ်းရသေးမီ အရပ်ထောင် ထောင်မောင်းမောင်းနှင့် အသက် ၃၅ နှစ်ခန့်မျှရှိသော မိန်းမတစ်ယောက်သည် ပဝါကိုသိုင်းလျက် လုံချည်ကို လက်တစ်ဖက်နှင့် မပြီးလျှင် မိမိရီရှိရာသို့လာ၍...။

"ကိုယ်က အခု ထွန်းမြတ်အခန်းထဲက ထွက်လာတာပေါ့လေ၊ ဘာကိစ္စ ရှိလို့လဲ ပြောပါဦးအမိရယ်" ဟု မျက်မှောင်ကြုတ်လျက် မေးရာ။

မိမိရီလည်းအံ့အားသင့်လျက်"မေမေက ကိစ္စကလေးတစ်ခုရှိ၍ သူကိုယ်တိုင် မလာနိုင်သောကြောင့် ကျွန်မကို လွှတ်လိုက်ပါတယ်" ဟု ပြောလျှင်

"ညည်းက ငါ့ကို မပလီပါနဲ့၊ ငါ ဈေးကပြန်လာတာကြာလှပြီ၊ ထွန်းမြတ်ကို တွေ့ချင်လို့ သူ့အခန်းသွားမယ်လုပ်တော့ ဟော ဟိုကသေခါနီး ကိုသာဒွန်းကြီးက

အခန်းထဲမှာ အမှုသည်တစ်ယောက် ရှိသတဲ့။

“ဟော့ ကိုသာဒွန်း၊ သည်ဟာလား အမှုသည်၊ ဟော့ သည်လို အမှုသည်မျိုး ငါ့မောင်ဆီလာတာ မကြိုက်ဘူး၊ သူတို့နှင့်စကားပြောနေရလျှင် ငါ့မောင် ဘယ်မှာ အလုပ်လုပ်ဖို့ရှိတော့မလဲ” ဟုပြောပြီးလျှင် မောင်ထွန်းမြတ်၏ အခန်းတွင်းသို့ ဝင်သွားလေ၏။ မိမိရီလည်း မျက်နှာပျက်ပျက်နှင့် အလုပ်မှထွက်လာခဲ့၍ မျက်ရည်ကျလျက် အိမ်သို့ပြန်သွားလေ၏။

မောင်ထွန်းမြတ်အစ်မ မဂျမ်းပုံမှာ မောင်ထွန်းမြတ်ထက် ၁၀ နှစ်ခန့်ကြီး၍ အမိအဖတို့လည်း ခပ်ငယ်ငယ်က သေဆုံးကြသဖြင့် အစ်မကြီး အမိအရာဟု ဆိုသည့်အတိုင်း အမိကဲ့သို့ပင် သွန်သင်ဆုံးမ၍ မိမိ၏မောင်ကလေးအား အလွန်တရာ ချစ်ခင်ခဲ့လေ၏။ အမျိုးအနွယ်ကောင်းသည့်ပြင် ငယ်ရွယ်စဉ်အခါ၌ အရုပ်အရည်လည်း အသင့်အတင့်ရှိသဖြင့် မိမိနှင့် ထိုက်တန်သူတို့သည် လာရောက်ပြောဆိုကြသော်လည်း မဂျမ်းပုံသည် ပြောဆိုလာသူတို့အား ကလန်ကဆန်ချည့်သာ ပြောဆို၍လွှတ်လိုက်လေ၏။

တစ်နေ့သ၌ မဂျမ်းပုံ၏အိမ်အနီးရှိ ပွဲစားတစ်ယောက်သည် မိမိထက် အသက်အနည်းငယ်ကြီးသော မဂျမ်းပုံကို ချစ်ခင်စုံမက်ရှိရကား၊ သူတစ်ပါးကို သွားရောက်ပြောဆိုရန် ခိုင်းစေပါသော်လည်း မဂျမ်းပုံ၏အကြောင်းကို သိကြသဖြင့် သွားရောက်ပြောဆိုဝံ့သူ မပေါ်မထွက်ရှိရာ ဥစ္စာရှင်လို ဥစ္စာရှင်ခဲရမည်ဟု အောက်မေ့၍ ကောင်းမွန်သစ်လွင်သော အဝတ်အစားတို့ကို ဝတ်ဆင်လျက် အိမ်သို့လာရာ မဂျမ်းပုံသည် နှာထောင်းလျက်နေရာမှ ပွဲစားကလေးကိုမြင်လျှင် မိမိ၏မောင်နှင့်တွေ့ချင်သည်အောက်မေ့၍ “မောင်ထွန်းမြတ် သည်မှာ မရှိဘူး၊ ဟိုဘက်ကအလုပ်ရုံးမှာ ရှိတယ်” ဟု ပြောသော်လည်း ပွဲစားကလေးသည် မသွားဘဲ မဂျမ်းပုံ၏ ရှေ့တွင် ဒူးတုန်လျက်ရပ်၍...။

“ကျွန်တော့်မှာ ပွဲစားကလေးပင်ဖြစ်သော်လည်း ကြေးငွေ ဆိုတာမတော့ ကျွန်တော်နှင့် ထိုက်သည်အားလျော်စွာတော့ရှိပါတယ်၊ ယခုအခါ အရောင်းအဝယ် အနည်းငယ် ပါးရှားသော်လည်း...” ဟု ပြောဆဲတွင်..

မဂျမ်းပုံမှာ ရွှေထည်ငွေထည်တို့ကို အပေါင်ခံသည်ဖြစ်သောကြောင့် ပေါင်နှံရန်လာသည်ဟု ထင်ပြီးလျှင်၊

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အခန့်မသင့်တဲ့အခါသည်လိုပေါ့၊ ဘာထည် ပေါင်ချင်သလဲ၊ အခုပါသလား” ဟု မေးရာ

ပွဲစားကလေးက “ရွှေထည်ငွေထည် အပေါင်မထားလိုပါ၊ လူကို အပေါင်



http://myanmarpyithar.net

ထားချင်ပါသည်” ဟု ပြောလျှင် “ဤသူငယ်ကား ရူး၍လာသည့် လက္ခဏာ ရှိသည်”ဟု နှာထောင်းရာမှ မော်၍ကြည့်လိုက်ရာ ပြုံးတော့မည်လိုလို မျက်နှာထားနှင့် ရပ်လျက်နေသော ပွဲစားကလေးကိုမြင်လျှင် သူ၏အကြံကိုရိပ်မိ၍ ထိုင်ရာမှ ရုတ်တရက် ထပြီးလျှင်...။

“ဟေ့ဟေ့ ဘာပြောတယ်၊ ဘာပြောတယ်၊ လူပုံက ငယ်သွားဖြင့် မနေ့ကမှလဲတယ်၊ နှာခေါင်းတောင် နှပ်မစင်သေးဘဲနဲ့ သူကများ ငါ့ကြိုက်သတဲ့၊ ကဲကြိုက်ဦးဟဲ့၊ ကြိုက်ဦးဟဲ့...”ဟုဆိုလျှက် မိမိအနီးတွင်ရှိသော ဗန်းမှနှာတို့ကို ဆုပ်ယူ၍ မောင်ပွဲစားမျက်နှာကို တစ်ဆုပ်ပြီးလျှင်တစ်ဆုပ် ထပ်၍ပက်လေ၏။

နှာမှုန်တို့သည် မောင်ပွဲစား၏နှာခေါင်းသို့ တစ်ဆုပ်စာခန့်မျှ ဝင်လေလျှင် နှာခေါင်းမှ နှာရည်ထွက်လျက် လမ်းတစ်လျှောက်လုံး ချီ၍မဆုံးနိုင်အောင် ရှိပြီးလျှင် အဝတ်ကောင်းတို့မှာလည်း နှာမှုန့်စွန်းပေလျက် အိမ်သို့ပြန်သွားရှာလေ၏။ ဤအကြောင်းကို လူအများတို့ သိရှိကြရာ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ထပ်၍ အပြောအဆို မလာဝံ့ကြကုန်။ ၎င်းအဖြစ်အပျက်တို့မှာ မဂျမ်းပုံ အရွယ်မလွန်သေး မီက ဖြစ်ပျက်ခဲ့ရာ ယခုမှာမူ အရွယ်လည်းလွန်သည့်အလျောက် ရုပ်အဆင်းလည်း ဆုတ်ယုတ်သွားလေလျှင် မဂျမ်းပုံသည် ဤတစ်သက်တွင် အိမ်ထောင်ပြုမည် သဘောမထားဘဲ မိမိ၏ မောင်ကလေးကိုသာ စောင့်ရှောက် ထိန်းသိမ်းလျက် နေလေ၏။

မဂျမ်းပုံသည် အခန်းတွင်းသို့ရောက်လျှင် မောင်ထွန်းမြတ်နှင့် မျက်နှာချင်း ဆိုင် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်နေရာ မောင်ထွန်းမြတ်က “ဘာလဲ အစ်မကြီး” ဟု မေးလျှင်

“အေး မေးပါ၊ ဘာလဲအစ်မကြီးလို့၊ ငါမသိဘူးမှတ်သလား”

“မင်းက အလုပ်လုပ်တဲ့အချိန် အလုပ်လုပ်ပြီး အားတဲ့အချိန် ကျတော့ ပြောချင်တာပြောရရောပေါ့၊ ယခုတော့ မဟုတ်ပေါင်၊ အလုပ်လုပ်တဲ့အချိန်မှာလည်း အလုပ်မလုပ်ဘဲနဲ့ ဘားများကြည့်နေကြသတုန်း မင်းတို့က”

“မဟုတ်ပေါင်အစ်မကြီးရယ်၊ ကျွန်တော် သည်ကနေ့ အလုပ်ရှုပ်လွန်းလို့ပါ၊ ပြောစရာရှိ နောက်တော့ပြောတာပေါ့၊ အခု ခဏသွားလိုက်ပါဦး” ဟု ပြောလျှင် မဂျမ်းပုံသည် ကုလားထိုင်ပေါ်တွင် သေချာစွာ ပြင်၍ထိုင်လျက် လက်ကိုပိုက်ပြီးလျှင်–

“အောင်မယ်...မင်းက ငါနဲ့တော့ အလုပ်ရှုပ်တယ်ပေါ့လေ၊ ခုတင်က ဟိုမိန်းမပျိုကလေးနဲ့တော့ အလုပ်မရှုပ်ဘူးပေါ့လေ၊ တယ်–မင်းက မင့်ကိုယ်မင်း လူပါးကြီးပေါ့လေ၊ ငါပြောမယ်မောင်ထွန်းမြတ်၊ မင့်အရင်ငါက ထမင်းစားတာပါ၊

မင်းနဲ့သည်မိမိရီနဲ့ ခုတင်ကဘာပြောကြသလဲဆိုတာ ပြောရင်ပြောပါ၊ မပြောရင် ငါသည်အခန်းထဲက သည်ကနေ့မထွက်ဘူး၊ ဒါပဲ” ဟုပြော၍ ကုလားထိုင်ပေါ်တွင် မှီလျက်ထိုင်ပြီးလျှင် လက်ပိုက်မြဲလက်ပိုက်လျက်နေလေ၏။

မောင်ထွန်းမြတ်မှာ မိမိ၏အစ်မသည် ယုံကြည်လောက်သော သူတစ်ယောက်ဖြစ်သည့်အပြင် တစ်စုံတစ်ခုသောအရာကို မသိအောင် လျှို့ဝှက်၍လုပ်ခဲ့လျှင် မသိသိအောင် စစ်ပေါက်မေးမြန်း၍ မသိမချင်း မအေးသော စိတ်သဘောရှိသည်ကို သိသည်ဖြစ်၍ “အစ်မကြီးက သည်လောက်သိချင်လျှင် ကျွန်တော် ပြောရမှာပေါ့၊ မောင်ဘချိုပြန်လာသတဲ့၊ ပြန်လာလို့ သူ့ကိုပေးဖို့ငွေ ၁၀ဝိ ကျွန်တော့်ထံ လာပြီး ချေးလာတယ်၊ သည်ကနေ့ည ငွေလည်းယူရင်း သူ့အမေလည်းတွေ့ရင်း လာလိမ့်ဦးမယ်တဲ့၊ ကဲ ဒါပဲ၊ စိတ်ကျေနပ်ပြီလား” ဟု ပြောလျှင် မဂျမ်းပုံသည် စကားတစ်ခွန်းမှ မပြောဘဲ အခန်းပြင်သို့ ထွက်သွားလေ၏။

■



http://myanmarpyithar.net

## အခန်း(၄)

၄င်းနေ့ညနေ ၆ နာရီအချိန်ခန့်ရှိလျှင် ဝန်ထောက်ဦးကျော်မင်းသည် အိမ်ဦးခန်းတွင် ဆေးတံသောက်လျက် ထိုင်နေရာ မိမိရီသည် မိမိမောင် လာချိန်နီးပြီဖြစ်သောကြောင့် ဝန်ထောက်မင်းကို အိမ်မှာ မနေစေလို၍ –

"ဖေဖေ သည်ကနေ့ည ဘယ်မှ မသွားဘူးလား" ဟု မေးလျှင်

"ဘာလုပ်မလို့လဲ" ဟု ပြန်၍မေးရာ –

"ဘာမှမလုပ်ပါဘူးဖေဖေရယ်၊ သွားဦးမှာလားလို့ သိချင်လို့မေးတာပါ"

"ငါ သွားချင်သွား မသွားချင်နေ၊ နင့်အပူလား"ဟု မျက်မှောင်ကြုတ်လျက် ပြောလိုက်လျှင် မိမိရီသည် ထပ်၍မမေးဝံ့ဘဲ အရိပ်အကဲကိုသာကြည့်၍ နေရလေ၏။

ဝန်ထောက်မင်းလည်း သွားမည့်လက္ခဏာမရှိဘဲ နာရီဝက်ခန့်မျှကြာအောင် ထိုင်လျက်နေပြန်လျှင် မိမိရီသည် မောင်ဘချိုအတွက် များစွာစိတ်ပူပန်၍ နေဆဲတွင် မောင်ထွန်းမြတ်သည် ဝင်ပေါက်မှ ဝင်လာလေ၏။

ဝန်ထောက်ကြီးက "အလို…မောင်ထွန်းမြတ်လား၊ အခန့်သင့်လိုက်တာ၊ ဘယ့်နှယ်လဲ၊ ဟိုအမှုကလေးဟာ လုပ်စမ်းပါဦးကွယ် ငါဖမ်းမိတာ မှားနေပြီ ထင်တယ်ကွဲ့၊ အရေးပိုင်မင်းက တစ်နေ့က တစ်မှုလည်း အမှုမထင်ရှားဘဲနဲ့ ဖမ်းရမလားလို့ အကြိမ်းခံရတယ်၊ သည်အမှုလည်း မထင်ရှားမှုဖြင့် ငါဘာလောက်မှ မကောင်းပေဘူး"ဟု ပြောဆဲတွင် မောင်ထွန်းမြတ်သည် မိမိရီ၏ စိုးရိမ်လျက်ရှိသော မျက်နှာကိုမြင်သဖြင့် ရိပ်မိ၍–

"ဟုတ်တယ်ဦးရေ့၊ သည်အမှုက တော်တော်ကျပ်တယ်၊ ကဲ–ဒါဖြင့် ကနေ့ညပြီးသွားအောင် ကျွန်တော့်အိမ်ကို လိုက်ခဲ့ပေတော့၊ အိမ်မှာမှ ဥပဒေစာအုပ်တွေ စုံလင်အောင်ကြည့်ပြီး ကျွန်တော်ပြောနိုင်မယ်" ဟု ဆိုလျှင်–

ဝန်ထောက်ကြီးလည်း ဝမ်းမြောက်စွာထ၍ မောင်ထွန်းမြတ်၏ အိမ်သို့ လိုက်သွားလေ၏။



http://myanmarpyithar.net

အိမ်သို့ရောက်၍ ၁၅ မိနစ်ခန့် စာအုပ်များကိုကြည့်ပြီးလျှင် မောင်ထွန်းမြတ်သည် နာရီကိုထုတ်ကြည့်လျက် "အလို...ဦးရေ့၊ ကျွန်တော် သတိမေ့နေတယ်၊ မစ္စတာဘရောင်းနဲ့ ကိစ္စကလေးတစ်ခုရှိလို့ ၇–နာရီခွဲချိန်းထားတယ်၊ ကျွန်တော်သွားလိုက်ဦးမယ်၊ ကြာကြာမနေပါဘူး၊ ဦးသည်က စောင့်နေဦးနော်၊ အမှုကလည်း ရက်ချိန်းနီးနေပြီ၊ ကနေ့ည ပြီးသွားမှတော်မယ်၊ ဟောသည်မယ် အစ်မကြီး၊ ဦးနဲ့ စကားပြောနှင့်ပါဦး၊ ကျွန်တော်ကိစ္စရှိသေးတယ်" ဟုပြော၍ အစ်မကြီးကို မျက်ရိပ်ပြပြီးလျှင် ထွက်သွားလေ၏။

မောင်ထွန်းမြတ်သည် ဝန်ထောက်ကြီး၏အိမ်သို့ရောက်လျှင် မိမိရီက

"ဖေဖေကော ဘယ်မှာနေရစ်သလဲ" ဟု ဆီး၍မေးရာ–

"ဦးအတွက်တော့ စိတ်ချပါ၊ ဟိုမှာ အစ်မကြီးလက် အပ်ထားခဲ့ပါတယ်" ဟု ပြန်ပြောလျှင် –

"ကောင်းပါလေရဲ့ မောင်မင်းကြီးသားရှင်၊ ဟော မောင်ကြီး လာပြီ၊ ဟိုစိန်းပန်းပင်ရိပ်နား မမြင်ဘူးလား"

"ကဲ– ဒါဖြင့် ကျုပ်နဲ့ အရင်သွားပြီး စကားပြောလိုက်ဦးမယ်၊ ပြီးတော့ သူတို့သားအမိ တွေ့ပေစေ"

မောင်ထွန်းမြတ်သည် အိမ်ပေါ်မှဆင်း၍ စိန်းပန်းပင်အောက်သို့ ရောက်လျှင် ဝင်းထရံကိုမှီလျက် ရပ်နေသော မောင်ဘချိုနှင့် တွေ့လေ၏။ မောင်ဘချိုမှာ မိမိ၏ မိခင်ကဲ့သို့ နူးညံ့ပျော့ပျောင်းသော စိတ်သဘောရှိရာ၊ ဝန်ထောက်ကတော်ကြီးမှာမူ မိန်းမဖြစ်သည့် အတွက် အလွန် ချစ်ခင်ဖွယ် ကောင်းပေ၏။ မောင်ဘချိုမှာ ယောကျ်ားဖြစ်လျက်နှင့် မိန်းမလို မိန်းမရ နူးညံ့သိမ်မွေ့လွန်းသည့်ပြင် လူများပြောသည်ကိုအလွယ်တကူ ယုံကြည်လိုက်ပါတတ်၍ သူရဲဘောလည်း နည်းသည်ဖြစ်ရကား၊ သူငယ်ချင်းအပေါင်းတို့သည် "ဘောသောဘချို" ဟု အမည်ပေးကြကုန်၏။ စကားအနည်းငယ် ပြောဆိုပြီးနောက် မောင်ဘချိုက "မေမေကော ကျွန်တော့်ဆီလာမှာလား"

"အေးပါ၊ ငါနဲ့ပြောပြီးတော့ မင့်မေမေ တွေ့ရပါလိမ့်မယ်၊ မကြောက်ပါနဲ့ကွဲ့၊ မင့်နှုတ်ခမ်းမွေးကြီးနဲ့ မင့်အဝတ်အစားနဲ့ မင့်ကို ဘယ်သူမှ မမှတ်မိပါဘူး၊ ဒါနဲ့ မင့်အတ္ထုပ္ပတ္တိကို ငါ့ကို ပြန်ပြောစေချင်တယ်"

"ပြောပေမယ့် အလကားပါပဲဗျာ၊ ဘယ်သူမှ ကျုပ်ကိုယုံမှာ မဟုတ်ပါဘူး၊ ခင်ဗျားလည်း မယုံပါဘူး"

"ပြောစမ်းပါဦးကွယ်၊ ခပ်မြန်မြန်လည်း ပြောနော်"



http://myanmarpyithar.net

"ကဲ– ဒါဖြင့် နားထောင်..."

"ကျွန်တော် သည်မှာနေစဉ်အခါတုန်းက ဆေးရုံကဆရာကမလေးအေးမြင့် အိမ်ကို ကျွန်တော်ညစဉ်လိုလို သွားပြီးလည်တယ်၊ လည်တော့ ဖေဖေက ကျွန်တော့် အကြောင်းကြားရော၊ ကြားတော့ ကျွန်တော့်ကို မသွားရဘူးလို့ အတန်တန်ပြောတယ်၊ သို့ပေမဲ့ ဖေဖေမရှိတုန်း တိတ်တိတ်ကလေး ကျွန်တော်သွားပြီးလည်တယ်"

"ကောင်မကလေးကကော မင်းကို ကြိုက်သလား"

"ဒါတော့ ကျွန်တော်အမှန်မပြောနိုင်ဘူး၊ တစ်ခါတစ်ခါလည်း ကြိုက်တယ် ထင်ပါရဲ့၊ တစ်ခါခါလည်း မကြိုက်ဘူးထင်တယ်၊ သူ့ကိုလည်း ကြိုက်တဲ့အကောင် တွေက တော်တော်ပေါတယ်၊ ကြိုက်တဲ့အထဲမှာတော့ ကျွန်တော်တို့ နှစ်ယောက်ကို နည်းနည်းမေတ္တာရှိပုံရတယ်"

"ဘယ်က နှစ်ယောက်လဲ"

"ကျွန်တော်နဲ့ ဘထွန်းကို"

"ဘယ်က ဘထွန်းလဲ"

"ဦးဘသာသတ်တဲ့အကောင်ပေါ့၊ သည်အကောင်က အနောက်ပြင်က အကောင်ထင်ပါရဲ့၊ ညတိုင်းကျရင် စက်ဘီးကလေးနဲ့ လာလာပြီး လည်တယ်၊ အေးမြင့်အဖေရှိတဲ့အခါတော့ သူမလာဘူး၊ မရှိမှလာတယ်၊ သူလာမှဖြင့် အေးမြင့်က ကျွန်တော့်ကို စကားလက်သင့်ခံမပြောဘူး၊ အိမ်ပြန်ပေတော့လို့ ပြောလိုက်မှဖြင့် ကျွန်တော်က အိမ်မပြန်ဘဲ အသာလှည့်ပြီး ချောင်းကြည့်နေတဲ့အခါ သူတို့နှစ်ယောက် ဝင်းထဲက ခုံပေါ်ထိုင်ပြီး စကားပြောနေကြတာ ကျွန်တော်မြင်တာချည့်ပဲ"

"အေးလေ ဟုတ်ပါပြီ၊ ဒါနဲ့ ဦးဘသာသေတဲ့အကြောင်း ပြောစမ်းပါဦး"

"အေးမြင့်အဖေကြီးကတော့ ကျွန်တော်နဲ့ သဘောတူရှာတယ်ထင်တယ်၊ တနေ့သ၌တော့ အဖေကြီးက ဇ လုံးပြူးသေနတ်ကို မမြင်ဖူးလို့ ကြည့်ချင်တယ်ဆိုလို့ အေးမြင့် အဖေပါကလား အောက်မေ့ပြီး ဖေဖေ့သေနတ်ကို မရ–ရအောင်ခိုး၊ ခိုးပြီးသူတို့အိမ်သွားရော၊ သွားတော့ ဖေဖေကတောင် 'ဟေ့ကောင် ဘယ်ကိုလဲ' မေးတော့ မှန်မှန်မပြောဘဲ သူငယ်ချင်း လှအောင်နဲ့ အလည်သွားမယ်လို့ ပြောပြီး ထွက်သွားတယ်။

"အေးမြင့်တို့ အိမ်ရောက်တော့ အေးမြင့်က မျက်နှာထားတစ်မျိုးနဲ့ 'သည်ကနေ့ည ပြန်ပေဦးတော့မောင်' လို့ဆိုတော့ သူပြောတဲ့ စကား မြေဝယ်မကျ နားထောင်ပြီး 'ရော့ သည်သေနတ်၊ မင့်အဖေ လာတော့ပြလိုက်ပါ၊ ယမ်းထိုး ပြီးသားနော်၊ သတိထားကိုင်' လို့ ပြောပြီး အိမ်မပြန်သေးဘဲ ခပ်လှမ်းလှမ်းက

မျှော်ကြည့်နေလို့ ၁၅ မိနစ်လောက်လည်းရှိရော အေးမြင့်တို့အိမ်ဆီက သေနတ်သံ လည်း ကြားရော၊ သည်သေနတ်နဲ့ ဦးဘသာ သေတာပဲ" ဟု မောင်ဘချိုသည် ပြောပြီး ခေတ္တနားနေလျှင် မောင်ထွန်းမြတ်၏ မျက်နှာကိုစိုက်၍ ကြည့်ကာ အကဲခတ်၍နေလေ၏။

"သေနတ်သံကြားကြားချင်း ထွန်းဖေလည်း အေးမြင့်တို့အိမ်ဆီ ပြေးသွားတာ ကျွန်တော်မြင်လိုက်ရတယ်၊ ဒါနဲ့ ဘယ့်နှယ် အဓိပ္ပာယ်လဲလို့ ရပ်ပြီး စဉ်းစားနေတုန်း အေးမြင့်တို့ အိမ်ဆီက ဆံပင်ဖိုးရိုးဖားရားနဲ့ လူတစ်ယောက် ထွက်ပြေးလာပြီး ဝင်းပေါက်မှာ ထောင်ထားတဲ့ စက်ဘီးကိုယူပြီး ကျွန်တော့်အနားက ဖြတ်ပြီးသွားတယ်၊ ကျွန်တော်က မှောင်ရိပ်က ရပ်နေလို့ ကျွန်တော့်ကို သူကမမြင်ဘူး၊ သူ့ကိုသာ ကျွန်တော်က မြင်လိုက်ရတယ်၊ မျက်လုံးပြူးပြူး၊ မျက်ဆန်ပြူးပြူးနဲ့၊ အင်မတန် ကြောက်လာတဲ့ မျက်နှာထားပဲ၊ ကျွန်တော့်နောက်အိပ်မက်ထဲမှာတောင် သည်မျက်နှာ ချည့် မြင်နေလို့ အတော်ဒုက္ခရောက်သေးတယ်။

"အဲသည်အကောင်ဟာ ဘထွန်းပေါ့၊ ကျွန်တော်လည်းဘာဖြစ်ပါလိမ့်မလဲလို့ အိမ်ထဲဝင်ပြေးပြီးကြည့်တော့ မီးခွက်ရောင်မှာ ဦးဘသာ အလောင်းက ပက်လက် ကလေးလန်လို့၊ အလောင်းနားမှာတော့ ကျွန်တော့် ခြောက်လုံးပြူးသေနတ်က ကပ်လို့နေတာမြင်တော့ အေးမြင့်ရေလို့ခေါ်လို့လည်း ဘယ်သူမှမထူးဘူး၊ အိမ်ထဲမှာ လည်း လူတစ်ယောက်မှမရှိတော့ ကျွန်တော့်စိတ်ထဲက ကြောက်လာရော၊ ဒါနဲ့ သေနတ် ကျွန်တော်ကောက်ပြီး ပြေးမယ်လုပ်တော့..." ဟု မောင်ဘချိုက ပြော၍ စကားမဆုံးမီ မောင်ထွန်းမြတ်က...၊

"ဘာပြုလို့ သေနတ်ကို ကောက်သလဲ" ဟု ထောက်၍ မေးလိုက်လေ၏။

ထိုအခါ မောင်ဘချိုက "မဆိုနိုင်ဘူး၊ ကျွန်တော့်စိတ်က သည်သေနတ်ကို လူသေနားမှာ တွေ့ရင် ကျွန်တော်ဒုက္ခရောက်လိမ့်မယ်လို့ ယူပြေးမယ်ကြံတာပဲ။ ပြေးမယ်လို့ လုပ်တော့ လှအောင်က ကျွန်တော့်ဆီ ပြေးလာတာမြင်တော့ ဘာကြောင့်လဲ မဆိုနိုင်ဘူး၊ သေနတ်ကို အိမ်ထဲတစ်ခါပြန်ပစ်လိုက်ပြီး ထွက်ပြေးတာပဲ၊ လှအောင် က နေပါဦးဆိုတာတောင် ကျွန်တော် လှည့်မကြည့်ဘူး" ဟု ပြောလေလျှင် မောင်ထွန်းမြတ်က "အဲဒါ အခက်ဆုံးပဲ၊ သည်အမှုစစ်ဆေးတုန်းက လှအောင်က သည်အတိုင်း အစစ်ခံတာပဲ" ဟု ပြောလေ၏။

ထိုအခါ မောင်ဘချိုသည် မြေကို ခြေဖြင့်ဆောင့်လျက် "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော့်ကိုက အင်မတန် ကြောက်တတ်တဲ့ အကောင်ပါ၊ အဲဒါနဲ့ ကျွန်တော်ပြေးသွားတော့ လမ်းမှာ ထွန်းဖေနဲ့ တွေ့ပြန်ရော၊ သည်တော့



http://myanmarpyithar.net

ကျွန်တော်က ထွန်းဖေဟာ သေနတ်သံကြားကြားချင်း ကျွန်တော့်အရင်ပြေးသွားတဲ့ အကောင်ပဲ၊ သည်တော့ ဘထွန်းကို သူမြင်လိုက်စရာရှိတယ်လို့ အောက်မေ့ပြီး–

"ဟိုခွေးမသား မမြင်လိုက်ဘူးလားဟေ့လို့ မေးတော့"

"ဘယ်ခွေးမသားလဲ" တဲ့။

"အေးမြင့်ပိုးနေတဲ့ ဘထွန်းလေ" ဆိုတော့…၊

"အေးမြင့် ပိုးတာဖြင့် မင်းတစ်ယောက်ရှိတာပဲ၊ ဘယ်က ဘထွန်းလဲ၊ ငါမသိပါဘူးတဲ့"

"မင်း သေနတ်သံ မကြားဘူးလား" ဆိုတော့…

"ကြားတယ်" တဲ့။

"ဒါဖြင့် သေနတ်သံကြားတုန်းက အိမ်ဆီကို မင်းပြေးသွားတယ်မဟုတ်လား ဆိုတော့ 'ဘယ်အိမ်ဆီကိုလဲ'တဲ့၊ ဒါနဲ့ သူမသိပါဘူးလေလို့ အောက်မေ့ပြီး ကျွန်တော်လည်း ထွက်ပြေးရော"

"တစ်မှားပေါ် တစ်မှားဆင့်ပြန်တာပဲကွဲ့"

"မှားပါတယ်၊ မှားပါတယ်၊ ကျွန်တော်တော့မှားလို့ ဆုံးနိုင်မယ့် အကောင် မဟုတ်ပါဘူး၊ ကျွန်တော်လုပ်သမျှဖြင့် အမှားချည်းပါပဲ၊ တစ်ခါတလေ ခြေချော် လက်ချော်များမှ မှန်တယ်လို့ မရှိပါဘူး"

"ဒါနဲ့ သည်ညပဲ တစ်ခါတည်း ထွက်ပြေးရောလား"

"ထွက်မပြေးသေးဘူး၊ ကျွန်တော် အသာရှောင်နေပြီး အဝေးက သတင်းနားထောင်နေတော့ တရားသူကြီးက ကျွန်တော်ပဲသတ်တယ်လို့ စီရင်ချက် ချလိုက်တယ်လို့ ကြားရော ကျွန်တော်လည်း ထွက်ပြေးရော"ဟု မောင်ဘချိုသည် တည်ကြည်စွာ ပြောလေ၏။ ထိုအခါ မောင်ထွန်းမြတ်သည် မောင်ဘချို၏ မျက်နှာကို စေ့စေ့ကြည့်လျှက် –

"မင်း တကယ်မသတ်လျှင် ဘာပြုလို့ ထွက်ပြေးရသလဲ၊ ဦးဘသာကို မင်းမသတ်၊ ဘထွန်းဆိုတဲ့အကောင် သတ်တယ်လို့ ပြောပါတော့လား"

"မပြောပါနဲ့တော့ ကိုထွန်းမြတ်ရယ်၊ ကျွန်တော် မိုက်လို့ မပြောမိတာပေါ့၊ သေတောင် မြေကြီးအောက်တွင်းတူးပြီး မိုက်ဦးမယ့် အကောင်ပါပဲ၊ ကိုထွန်းမြတ် လည်း ကျွန်တော်ပြောတာ မယုံဘူးပေါ့လေ၊ ဒါကြောင့် ကျွန်တော် အစက အပြောသားပဲ၊ သို့သော် ကိုထွန်းမြတ် ယုံချင်လည်းယုံ၊ မယုံချင်လည်းနေ၊ ကျွန်တော် ယခုပြောတာ အမှန်အတိုင်း ကျွန်တော်ပြောတာပဲ၊ ကျွန်တော့်မေမေကို ဘယ်လောက် ချစ်တယ်ဆိုတာ ကိုထွန်းမြတ်လည်း သိတယ်မဟုတ်လား၊ သည်တော့ မဟုတ်

မမှန်တာပြောခဲ့လျှင် မေမေ့မျက်နှာသည်တစ်သက်မှာ မတွေ့ရတဲ့အပြင် ဘဝဆက် တိုင်းဆက်တိုင်း မေမေ့ကျိန်စာသင့်ပြီး အဝီစိက မတက်ဘဲရှိရပါစေရဲ့ဗျာ" ဟု ငိုသံပါနှင့် ကျိန်ဆိုလေလျှင် မောင်ထွန်းမြတ်လည်း ဘာမျှပြန်မပြောဘဲ စဉ်းစား နေပြီးနောက်–

"ဘထွန်းကို မင်း နောက်တွေ့သေးသလား" ဟု မေးလိုက် လေ၏။

ထိုအခါ ဘချိုက "သည်အကောင်ကို ကျွန်တော်တွေ့အောင် ရှာနေတာပဲ၊ မတွေ့သေးဘူး" ဟု ပြန်ပြောလေ၏။

"သူ့ရုပ်လက္ခဏာ ပြောစမ်းပါဦး"

"သူ့ပုံပန်းကတော့ အောက်သားပဲ၊ အဝတ်အစားလည်း အစဉ်မပြတ် ကောင်းကောင်းဝတ်ပြီး ခေါင်းပေါင်းစလည်း ရှည်ရှည်ချတတ်တယ်၊ စိန်ကြယ်သီးနှင့် စိန်နာရီကြိုးနဲ့၊ လက်မှာလည်း အင်မတန်ကြီးတဲ့ စိတ်လက်စွပ်ကြီး ဝတ်တတ်တယ်၊ အသားက ဖြူဖြူ၊ ဆံပင်ကောင်းကောင်း၊ လူကလည်း လူချော၊ ဝတ်ပုံစားပုံ ကလည်း အင်မတန်အချိုးအစားကျပြီး စခန်းလည်း အင်မတန်ကြီးတဲ့ အကောင်ပဲ"

"သည့်ပြင်ကော သူ့အကြောင်း ဘာများ သိသေးသလဲ"

"သည့်ပြင်တော့ ကျွန်တော်မသိပါဘူး၊ အေးမြင့်ပြောပုံတော့ သည်အကောင် ပိုက်ဆံအတော်ချမ်းသာတဲ့ လက္ခဏာပဲ"

"ကဲကဲ၊ သည့်ပြင်ပြောစရာ ရှိလျှင် မင့်မေမေနှင့်သွားပြီး စကားပြောချေဦး၊ ငါလည်း မင့်အဖေ ရုတ်တရက်ပြန်မလာရအောင် သွားပြီး စကားပြောချေဦးမယ်" ဟု ပြောကာ မောင်ထွန်းမြတ်သည် မောင်ဘချိုကို မိခင်ရှိရာသို့ ပို့ခဲ့ပြီးလျှင် လမ်းတွင် မောင်ဘချို၏ အကြောင်းကို စဉ်းစားလျက် အိမ်သို့ပြန်သွားလေ၏။

အိမ်သို့ရောက်လျှင် ဝန်ထောက်ကြီးအား ဥပဒေစာအုပ်တို့မှ ထုတ်နုတ်၍ လိုရင်းအချက် ၃–၄ ခုကို စကားရှည်ရှည်ဆွဲ၍ ပြောပြီးလျှင် တစ်နာရီခန့်ကြာအောင် ဆွဲ၍ ထားလေ၏။

မောင်ဘချို သားအမိနှစ်ယောက်တို့လည်း မျက်ရည်စက်လက်နှင့် ၁၅– မိနစ်ခန့်မျှ စကားပြောကြပြီးလျှင် မောင်ဘချိုသည် ငွေ ၁၀၀ ကို အိတ်တွင်ထည့်၍ မိခင်ကို ဦး ၃– ကြိမ်ချပြီး နမ မိမိရီကိုလည်း နှုတ်ဆက်၍ အိမ်ပေါ်မှဖြည်းညင်းစွာ ဆင်းသွားရာလေ၏။

■



http://myanmarpyithar.net

## အခန်း(၅)

ဝါဆိုလပြည့်နေ့ နံနက်၌ မဂျမ်းပုံသည် အိပ်ရာမှ စောစောထ၍ တစ်အိမ်လုံး သုတ်သင်ရှင်းလင်းလျက် အိမ်ထောင်ပစ္စည်းတို့ကို နေရာတကျ ဆင်ပြင်ပြီးလျှင် အစေခံတို့ကိုလည်း မြည်တွန်တောက်တီးလျက် နေလေ၏။ မဂျမ်းပုံမှာ အဖိုး ထိုက်တန်၍ သစ်လွင်သော အဝတ်တို့ကို ဝတ်ဆင်ရန် ဝါသနာမရှိသော်လည်း မည်သည့်အခါ မဆို ဈေးပေါ့်ကင်းသဖြင့် ဖြူစင်သန့်ရှင်းသော အဝတ်တို့ကို အစဉ်မပြတ် ဝတ်လေ့ရှိကုန်၏။ တစ်နေရာတည်းတွင် ငြိမ်သက်စွာ မနေဘဲ လူးလာခတ်လျက် အစေခံတို့ကို စီမံခန့်ခွဲနေရင်းပင် ၇ နာရီခွဲလျှင် ခွဲချင်း၊ ကာလနဂါး အိပ်ပျော်၍နေသည်ကို နှိုးဘိသကဲ့သို့ မောင်ထွန်းမြတ်၏ အခန်းကို လက်ဖြင့်ပြင်းစွာခေါက်၍ "ဟေ့ ထွန်းမြတ်၊ ထ" ဟု ခေါ်၍နှိုးရာ –

မောင်ထွန်းမြတ်က အိပ်ချင်သံနှင့် အခန်းတွင်းမှ "ဘာလုပ် စောစောထရ မှာလဲ၊ အခုမှ ၇ နာရီခွဲရှိသေးတယ်၊ သည်ကနေ့ ဝါဝင်နေ့မို့ ရုံးတက်စရာမရှိဘူး" ဟု ပြောလျှင်–။

မဂျမ်းပုံက မိမိပြောနေကျ ဖြစ်သော အာဏာသံနှင့် "ရုံးတက်တက် မတက်တက် အခု မင်းထရမယ်၊ သည်ကနေ့ ထမင်းလည်း စောစောစားရမယ်၊ ငါလည်း ဥပုသ်စောင့်သွားမလို့" ဟုပြောပြီး မီးဖိုချောင်သို့သွားရာ လမ်းတွင် မိမိတို့၏အိမ်ထောင်မှုတို့သည် သပ်သပ်ရပ်ရပ် နေရာတကျ ရှိပါ၏လားဟု သေချာစွာ ကြည့်၍ သွားလေ၏။

မီးဖိုအနီးသို့ ရောက်လျှင် "မိနှစ်၊ မှန်ဘီဒိုကို ဖုန်စင်အောင်သုတ်ပါလို့ နင့် ငါခိုင်းတာ ဘယ့်နှယ်ကြောင့် မသုတ်သေးသလဲ" ဟု မေးလျှင် အစေခံမိနှစ်က "ခုတင်ကပဲ ကျွန်မ သုတ်လာခဲ့တယ်၊ အစ်မကြီးမျက်စိက ဘယ်အကြိုအကြားများ ကြည့်လာခဲ့ပါလိမ့်မယ်" ဟု ပြောရာ၊

"ဘယ်အကြိုအကြား ကြည့်ရမလဲ၊ ဖုန်ရှိတဲ့နေရာ ကြည့်ခဲ့တာပေါ့၊



http://myanmarpyithar.net

သွားအခုချက်ချင်း သုတ်လိုက်”ဟု ခိုင်းနေဆဲတွင် ယောက်ျားအစေခံ မောင်မှူးက လာ၍…

“ဆရာက ခေါင်းဖြီးဖို့ ဘီးရှာမတွေ့လို့ အစ်မကြီးခေါင်းက ဘီးပေးလိုက်စမ်းပါ”တဲ့ ဟု ပြောလျှင်။

“ဘာ– ဘီးလိုချင်တယ်၊ သွား…မပေးနိုင်ဘူး၊ ထမင်းပြင်ပြီးပြီ၊ ခေါင်းနောက်မှ ဖြီးလို့ နင့်ဆရာပြောလိုက်” ဟု အလုပ်ရှုပ်နေသော အမူအရာနှင့် နှုတ်ခမ်းစူကာ ပြောလိုက်လေ၏။

မောင်ထွန်းမြတ်လည်း သပ်ရပ်စွာနေထိုင်ရန် ဝါသနာရှိသဖြင့် ဆံပင်စုတ်ဖွားနှင့် မနေလိုသောကြောင့် မိနှစ်ထံမှဘီးကို တိတ်တဆိတ် အငှားခိုင်းလိုက်ပြီးလျှင် သျှောင်ချောထုံး၍ အိမ်ပေါ်မှ ဆင်းလာပြီးလျှင် ထမင်းပွဲတွင် ထိုင်လေ၏။

“ဘယ့်နှယ်ကြောင့် သည်ကနေ့မနက် ကျွန်တော်တို့ ထမင်းစောစောစားသလဲ၊ လက်ဖက်ရည်တောင် မသောက်ရဘူးလား”

“အောင်မယ်၊ မင်းက သည်အချိန်မှထပြီး လက်ဖက်ရည်လေးဘာလေးလုပ်နေသေးသလား၊ သည်ကနေ့ ဝါဝင်နေ့၊ ဥပုသ်ဇရပ် သို့သွားစရာရှိတယ်၊ ထမင်းချက်တဲ့မိန်းမ မြရင် ထွက်သွားပြီ”

“ဘာပြုလို့လဲ”

“မနေ့ညက ဆွမ်းလောင်းဖို့ ကြက်သားဟင်းကို ညဦးက ချက်ထားပါလို့ ပြောတော့ ကောင်းပါပြီ အစ်မကြီးရဲ့တဲ့၊ တော်တော်ကြာလို့ မေးတော့ ချက်ပြီးပါပြီတဲ့၊ မြည်းရအောင် နည်းနည်းသွားယူစမ်း ဆိုတော့ ယီးတီးယားတားလုပ်နေလို့ ငါကမီးဖိုချောင် သွားကြည့်တော့ မိန်းမချောက ကြက်အကောင်တွေတော့ သည်အတိုင်း ထားပြီး အသည်းအမြစ်တွေတော့ ချက်စားထားကြတော့တယ်၊ သည်တော့ ဘသမီး နားရွက်ဆွဲပြီး ငါ့ဘာလို့ လိမ်ပြောရသလဲ၊ သည်အသည်းအမြစ်က ဘယ်သူစားထားသလဲမေးတော့ ထမင်းချက် အလုပ် မရှားပါဘူးလေ၊ ဘာလေးနဲ့ စော်စော်ကားကားပြောသေးတယ်၊ ဒါနဲ့ ဒင့်နားရွက်ဆွဲပြီး အိမ့်ပြင်ထုတ်ပစ်လိုက်ကရော၊ သူ့ပစ္စည်းကလေးများတောင် မိနှစ်အပို့ခိုင်းလိုက်ရတယ်၊ ငါ့မှာတစ်ညလုံး ကြက်သားချက်နေရတာပေါ့” ဟု မဂျမ်းပုံသည် လက်လှုပ်ခေါင်းလှုပ်ကာနှင့် ပြောလျှင် မောင်ထွန်းမြတ်သည် အလွန်တရာ ရယ်ချင်လှသော်လည်း မရယ်ဝံ့သဖြင့် ပြုံးရုံသာပြုံးလျက်…၊

“ဘာပြုလို့ အစ်မကြီးကိုယ်တိုင် ချက်ရသလဲ၊ မိနှစ် မချက်တတ်



http://myanmarpyithar.net

ဘူးလား" ဟု မေးလေ၏။

"အောင်မယ် မိနစ်ချက်တဲ့ ကြက်သားလားကွယ် ဆွမ်းလောင်းရမှာ၊ သည်ဟာနဲ့ သည်ကနေ့ မိမိရီလည်းသည်အိမ်လာပြီး ဥပုသ်စောင့်လိမ့်မယ်"

"ဟုတ်လား"

"အေး... မနေ့က မဖုရားကလေး သူ့ခမည်းတော်က ကြိမ်းထားပါပကော၊ နက်ဖြန်ဝါဝင်မို့ မချောက တိုက်ထဲသွားပြီး အထည်ဆန်းတွေဝယ်ပြီး အချုပ်အပ်ပါရော၊ စက်ချုပ်တဲ့လူကလည်း မသိရှာလို့ ခမည်းတော်ကြီးရှေ့မှာ လာပြီး အင်္ကျီတွေလုံချည်တွေ လာပေးတာကိုး၊ သည်တော့ ဘယ်သူ့ဖို့လဲလို့ ဝန်ထောက်ကြီး ကမေးတော့ မိမိရီအပ်ထားတဲ့ အထည်ပါဘုရားလို့ ပြောတာပေါ့လေ၊ ဘာမျှမပြောနဲ့ ဝန်ထောက်ကြီးက အထည်တွေကို ယူကြည့်ပြီး အိမ်ရှေ့ အကုန်လွှင့်ပစ်တာပဲ၊ ဒါမှကောင်းတယ် မိန်းမရှုပ်ကလေး"

"ဒါနဲ့ သီလခံဖို့ အစ်မကြီးတို့ ဘယ်ကျောင်းသွားမလဲ"

"နန်းဦးတိုက်ပေါ့"

"ဒါနဲ့ပြောရဦးမယ်၊ ဟိုအရှေ့ဘက်က စစ်ကဲကြီးသမီး ခင်စိန်ကြည် ကလေးတို့ သားအဖလည်း နန်းဦးတိုက်ကို သီလခံလာကြမယ်လို့ သတင်းကြား တာကိုး၊ သည်တော့ သည်အပိုင်းက မိမိရီတို့၊ ဟိုဘက်က နယ်ပိုင်ဝန်ထောက်သမီး မစောရင်တို့က ခင်စိန်ကြည်ထက် မသာသာအောင် ဝတ်ကြမယ် ကျိတ်ပြီးစိတ်ထဲက ပြိုင်နေကြတာကို" ဟု မဂျမ်းပုံသည် ဤကဲ့သို့ အဝတ်အစားမှာ ပြိုင်ကြသည်ကို မနှစ်လိုသော မျက်နှာထားနှင့် မဲ့ရွဲ့ကာပြောလေ၏။

ထို့နောက် ထမင်းစား၍ပြီးလျှင် မောင်ထွန်းမြတ်တို့ မောင်နှမ နှစ်ယောက် သည် အိမ်ဦးခန်းတွင် ရပ်လျက် စကားပြောရင်း လမ်းဘက်သို့ မျှော်ကြည့်နေစဉ် မိမိရီသည် ဇာနားတပ်လျက်ရှိသော ဖက်ဖူးရောင် ဖဲကြီးလုံချည်၊ အလွှန်ပါးသော တိုက်သရက်ထည် အဆင်ဆန်းကို ဇာများစွာထည့်၍ ချုပ်ထားသော အင်္ကျီနှင့် ငှက်မွေးပုဝါကို ခြုံလျက် ပုသိမ်ထီးကလေးကို မခို့တရို့ကိုင်ဆောင်ပြီးလျှင် စိန်လက်စွပ်၊ စိတ်တစ်လုံးနားကပ်၊ စိန်လက်ကောက်၊ စိန်ဆံထိုး၊ စိန်ကြယ်သီးမှစ၍ တစ်ကိုယ်လုံး စိန်မွမ်း၍လာသည်ကို မဂျမ်းပုံမြင်လျှင် "တယ် ကြွားချင်တဲ့ ဝမ်းတွင်းရူးမကလေးပါကလား" ဟု တိုးတိုးပြောလျက် မိမိရီသည် အနီးသို့ ရောက်လာလျှင်...။

"လုပ်လာလိုက်တာတယ်လှပါကလားဟေ့၊ လွန်ရော"ဟု ပြောလိုက်ရာ...။

မိမိရီသည် အနည်းငယ် မျက်နှာပူလျက် "အချို့က သည်ထက်တောင်



http://myanmarpyithar.net

လုပ်လာကြတာ ဟိုကျတွေ့ပါလိမ့်မယ်၊ သည်အရပ်တစ်ရပ်လုံး ခင်စိန်ကြည်ထက် မသာသာအောင် လုပ်နေကြတာကိုး အစ်မကြီးရဲ့၊ မနေ့ကများ တိုက်ထဲမှာ မြို့အုပ်သမီးရော ဟိုဘက်လမ်းက နယ်ပိုင်ဝန်ထောက်သမီးရော အခွန်သမီးရော ပြည့်သွားတာပဲ"

မောင်ထွန်းမြတ်က "တကယ်လို့များ ခင်စိန်ကြည်က သိပ်ပြီး ဝတ်မလာတော့ ဘယ့်နှယ်လုပ်မလဲ" ဟု မေးလိုက်ရာ...

မိမိရီက "အို–မဝတ်ဘဲနေပါ့မလား၊ ဝတ်မှာပေါ့" ဟု ပြန်ပြောလေ၏။

ထိုအခါ မောင်ထွန်းမြတ်က "တကယ်လို့ သူတို့မလာဖြစ်ရင်ကော ဝယ်လိုက်ရတဲ့ ဇာတွေ၊ ငှက်မွေးပုဝါတွေ အကုန်ကောကုန်မှာပေါ့လေ" ဟု ရယ်လျက် ပြောပြီးလျှင်...။

"ငှက်မွေးပုဝါက တယ်ပြီး အနံကောင်းပါကလား၊ ဘယ်တိုက်က ဝယ်သလဲ" စသည်ဖြင့်ပြော၍ အိမ်မှ ၃ ယောက်သားထွက်သွားရင်း နန်းဦးတိုက်သို့ ရောက်ကြလေ၏။

ဇရပ်ပေါ်၌ မိန်းကလေးတို့သည် တစ်ယောက်၏ အဝတ်ကို တစ်ယောက် ကြည့်လျက် စိတ်၌ အဝတ်ချင်းပြိုင်၍ နေကြစဉ် စစ်ကဲကြီး ဦးထင်ကျော်နှင့် ခင်စိန်ကြည်တို့သည် ကျောင်းပေါက်ဝမှ ဝင်လာကြသည်ကို မြင်ကြလေလျှင် မိန်းကလေးတို့သည် အံ့အားသင့်၍ နှာခေါင်းရှုံ့လျက် နေကြကုန်၏။

ခင်စိန်ကြည်သည် တိုက်သရက်ထည် လုံချည် အပြာကလေးနှင့် ပဒုမ္မာအင်္ကျီ ဒိုဘီချကိုဝတ်လျက် ပိုးအနက်ထီးကလေးကို ကပိုကရို ကိုင်ပြီးလျှင် စိန်တစ်လုံး နားကပ်ကလေးနှင့် ကျောက်စိမ်းလက်ကောက်ကလေး တစ်ဆင့်ကိုသာ ဝတ်လျက် ဖခင်နှင့်အတူ ဇရပ်ပေါ်သို့ တက်လာကြပြီးလျှင် သီလခံယူလေ၏။ မိမိရီလည်း ချစ်ဖွယ်ကောင်းသော ခင်စိန်ကြည်၏ မျက်နှာကို စိုက်ကြည့်လျက်...

"အစ်မကြီး၊ ဟိုဟာ ခင်စိန်ကြည် ဟုတ်ကဲ့လား၊ ဘာမျှမဝတ်မစား ပါကလား" ဟု မေးလျှင်...

"ခင်စိန်ကြည်မှ ခင်စိန်ကြည်အစစ်ပေါ့။"

"ဘာလဲ ညည်းက ညည်းတို့လို ခြယ်မလာလို့လား" ဟု ပြောပြီးလျှင် သီလယူ၍ နေကြလေ၏။

သီလယူရင်း မိမိရီ အောက်မေ့သည်မှာ "သူ့မျက်နှာကလေးကိုက အလိုလို ကျက်သရေရှိတဲ့ မျက်နှာကလေးပါကလား၊ မဝတ်မစားပေမယ့် ရိုးရိုးကလေးနဲ့ အင်မတန်ကြည့်ကောင်းတာကိုး၊ ငါတို့ ကောင်မတွေကသာ အဟုတ်ကြီးထင်ပြီး



http://myanmarpyithar.net

ဝတ်လို့စားလို့ လာလိုက်ကြတာ ငါ့နှယ်ရှက်ပါဘိတော့တယ်၊ မေ့လို့ သည်ဟာတွေ ဝတ်လာခဲ့မိတော့တယ်" စသည်ဖြင့် မိမိကိုယ်ကို အပြစ်တင်လျက် နေလေ၏။ သီလခံ၍အပြီး ဇရပ်အောက်သို့ ဆင်းကြလျှင် စစ်ကဲကြီးသည် မောင်ထွန်းမြတ်ကို မြင်၍ –

"အလို မောင်ထွန်းမြတ်လား၊ သည်ကနေ့ ဘယ်သွားစရာ ရှိသေးသလဲ၊ သွားစရာမရှိလျှင် အိမ်လိုက်ခဲ့ပါဦး၊ ပြောစရာကလေး ၁ ခု ၂ ခုရှိလို့၊ အိမ်မှာပဲ နေ့စာစားတာပေါ့" ဟု ပြောလျှင်...။

မောင်ထွန်းမြတ်သည် မဂျမ်းပုံတို့ဘက်လှည့်၍။

"အစ်မကြီး ကျွန်တော် စစ်ကဲကြီးအိမ်မှာ နေ့စာစားတော့မယ်၊ သွားကြပေတော့နော်... မိမိရီ"

မောင်ထွန်းမြတ်သည် စစ်ကဲကြီးတို့သားအဖနှင့် လိုက်၍သွားလျှင် မိမိရီနှင့် မဂျမ်းပုံတို့သည် အိမ်သို့ပြန်လာကြလေ၏။

လမ်းတွင် မိမိရီက "ကိုထွန်းမြတ်က စစ်ကဲကြီးနဲ့ တယ်ကျွမ်းပါကလား" ဟု ပြောလျှင်...။

မဂျမ်းပုံက "လူကြီးလူကောင်းမှန်လျှင် သူနဲ့မကျွမ်းတာ ဘယ်ရှိမလဲ၊ ဒါနဲ့ ခင်စိန်ကြည်က မျက်နှာကလေးရော ကိုယ်လုံး ကိုယ်ပေါက်ကလေးရော တယ်ချစ်စရာကောင်းပါကလား" ဟု ပြောရာ မိမိရီသည် ဘာမျှပြန်မပြောဘဲ ညှိုးငယ်သော မျက်နှာထားနှင့် ပြန်လာလေ၏။

အိမ်သို့ရောက်လျှင် မဂျမ်းပုံသည် ကောင်းမွန်စွာ ချက်ပြုတ်ထားသော စားဖွယ်တို့ကို ကျွေးမွေးပါသော်လည်း မိမိရီမှာ များစွာ အာသာမရှိဘဲ အစ်မကြီး ရိပ်မိမည်စိုးသောကြောင့်သာ ဟန်လုပ်၍ အနည်းငယ် စားသောက်လေ၏။

မောင်ထွန်းမြတ်မှာမူ စစ်ကဲကြီးအိမ်သို့ ရောက်၍ အနည်းငယ်စကားပြောဆိုကြပြီးနောက် မနက်စာစားရန် စားပွဲတွင် ထိုင်လျက်ရှိကြသည့်အခါ ဗိုလ်ကြီးများ စားပွဲကဲ့သို့ လှပစုံလင်စွာ ပြင်ဆင်လျက် ထားသော စားပွဲကိုကြည့်ရာမှ မိမိနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော ခင်စိန်ကြည်မျက်နှာကို ကြည့်ပြီး... သက်ပြင်းချမိလေ၏။

ထမင်းစားပြီးလျှင် ခင်စိန်ကြည်သည် စားပွဲမှထ၍ မိမိအခန်းသို့ သွားပြီးလျှင် ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်လျက် ဇိနတ္ထပကာသနီကျမ်းကို ဖတ်၍နေရာ စာတွင်ကောင်းကောင်း စိတ်မရောက်သဖြင့် စာအုပ်ကို ချပြီးလျှင် မိခင်၏ဓာတ်ပုံကို ကြည့်လျက် စဉ်းစားနေလေကြောင်း။ ထိုကဲ့သို့ စဉ်းစားနေရာမှ ဖခင်ကို



http://myanmarpyithar.net

သတိရပြန်၍ ဖခင်ကောင်းစွာ မကျန်းမာသည့်အကြောင်းကို တွေးတောလျက်နေဆဲတွင် လူတစ်ယောက်၏ မျက်နှာသည် ခင်စိန်ကြည်၏ စိတ်ထဲတွင် ရုတ်တရက်ပေါ်လာလေ၏။ ၎င်းလူသည် အခြားမဟုတ်၊ ဆပ်ကပ်ပွဲကို မစ်ဆက်ဘရောင်းနှင့်သွားစဉ်က တွေ့ခဲ့သော မောင်သက်ညွှန့် ဖြစ်လေသည်။

၎င်းသူကို တွေးမိခြင်း အကြောင်းမှာ ဆပ်ကပ်ကြည့်ပြီး ၅ ရက်လောက်ကြာသောနေ့၌ အဒေါ်တော်သူ ဝတ်လုံကတော်ကြီးသည် မည်သည့်အကြံအစည်ရှိသည်မသိ၊ စစ်ကဲကြီးအိမ်သို့လာ၍ ခင်စိန်ကြည်ကို အလည်လိုက်ခဲ့ပါဟု ရထားနှင့်တင်၍ ခေါ်သွားဖူးလေ၏။

ထိုအခါက ထိုအိမ်တွင် မောင်သက်ညွှန့်လည်း ရှိသဖြင့် စွမ်းအားရှိသမျှကြိုးစားအားထုတ်၍ ရယ်မောစရာ စကားရွှမ်းများကို ဖန်တီး၍ပြောပြီးလျှင် မောင်သက်ညွှန့်သည် အကျွမ်းဖွဲ့လေ၏။

မောင်သက်ညွှန့်မှာ အလွန်တရာ လူရည်လည်သည့်ပြင် မိန်းမကလေးတို့ စိတ်သဘောကို သိတတ်သည်ဖြစ်သောကြောင့် ခင်စိန်ကြည်အား ချစ်ကြိုက်ကြောင်းနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း စကားစပ်၍ မပြောဘဲ မိမိအား နှစ်သက်လောက်အောင်သာလျှင် ကြိုးစားအားထုတ်သွယ်ဝိုက်ကာ ပြောလေ၏။ ၎င်းနေ့အချိန်ကုန်၍ ပြန်လာလျှင် ခင်စိန်ကြည်သည် မောင်သက်ညွှန့်၏ အကြောင်းကို စဉ်းစားမိလေ၏။

နောက်တစ်နေ့၌လည်း ဝတ်လုံကတော်ကြီး လာ၍ခေါ်ပြန်လျှင် ခင်စိန်ကြည်စဉ်းစားမိသည်မှာ ငါ၏အဒေါ် ဝတ်လုံကတော်သည် ငါ့အား ဘယ်သောအခါမှ မျက်နှာထား ချိုဖူးသည်မရှိ၊ ယခုမှာမူ မျက်နှာထားချိုရုံမျှမက သူ့အိမ်ကို အလည်လိုက်ရန် တစ်ကြိမ်မှ နှစ်ကြိမ်တိုင်အောင် လာ၍ခေါ်သည်ဖြစ်သောကြောင့် အကြံတစ်ခု ရှိသည့် လက္ခဏာတူသည်၊ လိုက်၍တော်မည်မထင်ဟု စဉ်းစားရင်း မျက်နှာပူလျက်...။

"ဒေါ်ဒေါ် ကျွန်မကို အရေးတယူ တမင်လာပြီး ခေါ်လာတာ အပုံကြီးကျေးဇူးတင်ပါတယ်၊ သို့သော် ကျွန်မ ခေါင်းနည်းနည်းကိုက်လို့ မလိုက်ပါရစေနဲ့"ဟု ပြောလိုက်လေ၏။

ဤနေရာ၌ အချို့မိန်းကလေးတို့မှာ "ငါတို့ဒေါ်ဒေါ်၊ ငါတို့ ဦးလေးအိမ်ကပဲ၊ ဘာကိစ္စရှိသလဲ" ဟု အောက်မေ့၍ ကောက်ကောက်ပါအောင် လိုက်သွားမည်ဖြစ်လေသည်။ ခင်စိန်ကြည်မှာ ဤကဲ့သို့ သဘောမရှိ။ မိမိသည် မောင်သက်ညွှန့်အား မည်မျှပင် ချစ်ကြိုက်စေကာမူ မိန်းမကြိုက်က မျှော်လိုက်ကာ ယောကျ်ားကြိုက်က

စိုက်စိုက်လာ ဆိုသည့်စကားအတိုင်း မိန်းမသည် ယောကျ်ားရှိရာသို့ သွားရိုးမရှိဟု မည်မျှပင် လိုက်လိုသော်လည်း မလိုက်ဘဲနေလေ၏။

ခင်စိန်ကြည်သည် ၄င်းအကြောင်းများကို ပြန်လှန်စဉ်းစား ၍နေဆဲတွင် မိမိဥပုသ်ယူ၍ ထားမိသည်ကို သတိရသဖြင့် ဇိနတ္ထ စာအုပ်ကို ဖွင့်ပြီးလျှင် တတ်အားသမျှ ကြိုးစား၍ ဖတ်နေလေ၏။

■

## အခန်း(၆)

စစ်ကဲကြီး ဦးထင်ကျော်သည် ထိုအိမ်၌ နေထိုင်လျက်ပင်ရှိသော်လည်း အိမ်ဝင်းမှစ၍ အိမ်တွင်းရှိ အိမ်ထောင်မှု ပရိဘောဂတို့သည်ကား မောင်ထွန်းမြတ်၏ ပစ္စည်းချည်းသာဖြစ်၍ မောင်ထွန်းမြတ်သည် စစ်ကဲကြီးထံမှ အိမ်လခ ရရှိလေသည်။ ဤသို့ရောင်းဝယ်ပြီးဖြစ်သော်လည်း ၎င်းအကြောင်းကို မောင်ထွန်းမြတ်၏ စာရေးဦးသာဒွန်း နှင့် မဂျမ်းပုံတို့မှတစ်ပါး အခြားသူတစ်ဦး တစ်ယောက်မျှ မသိကြကုန်။

စစ်ကဲကြီးသည် ငယ်စဉ်မှစ၍ အသုံးအစွဲကြီးခဲ့သောကြောင့် အမွေအနှစ်ရသည့်ပစ္စည်းတို့ ကုန်ခန်းသည့်အပြင် ၎င်းအိမ်နှင့် ဝင်းတို့လည်း လိုက်၍သွားရကား မိမိ၏သမီးကလေး ခင်စိန်ကြည်အား စိုးစဉ်းမျှ ပြော၍မပြကုန်။

ခင်စိန်ကြည်လည်း ပိုက်ဆံဆိုသည်မှာ အချိန်ကျလျှင် အလိုလိုရသည်ဟု အောက်မေ့ဘိသကဲ့သို့ ဖခင်၏ ခမ်းခမ်းနားနား နေထိုင်သော အခြေအနေကိုမြင်သဖြင့် အမှုမဲ့အမှတ်မဲ့ နေထိုင်ခဲ့ရာ မိမိတို့ မြေပိုင်ဟူ၍ တစ်ဖျာရာမျှမရှိသည့်ပြင် ကြွေးမြီအမြောက်အမြား တင်လျက်ရှိသည့်အကြောင်းတို့ကို မရိပ်မိရာကုန်။

စစ်ကဲကြီးမှာမူ သမီးကလေးကို ပြော၍ပြသော်လည်း စိတ်ပူရုံသာ ရှိတော့မည်။ ပြန်၍ရဦးမည်မဟုတ်ဟု သဘောရသောကြောင့် လျှို့ဝှက်၍ ထားမြဲတိုင်း ထားလေ၏။

"သြော်... ငါများ သေသွားရင် ပိုက်ဆံကလည်း တစ်ပြားတစ်ချပ်မျှ မကျန်တဲ့ပြင် ကြွေးရှင်တွေကလည်းဝိုင်းလာပြီး ပင်စင်ကလေးကလည်း ပြုတ်ရာတော့မယ်၊ သြော် သမီးကလေး၊ သမီးကလေး မင့်အတွက်တော့ ဖေဖေ ပူလှချေရဲ့နော်၊ ဒင်းကတော့ ဘာမျှမသိရှာဘူး၊ တစ်နေ့ကတောင် ရှိတဲ့စန္ဒရား အသံမကောင်းလို့ အသစ်တစ်ခု လိုချင်တယ်တဲ့၊ ပြောရာသေးတယ်၊ ငါဘယ့်နှယ်ကြံလို့ ပြောပါရမယ်" စသည်ဖြင့် စိတ်ကူးနေရင်း မိမိအနီးတွင် ထိုင်၍ အင်္ဂလိပ်ပုံ စာအုပ်တစ်ခုကို ဖတ်လျက်နေသော သမီးချောကလေး၏ မျက်နှာကို



http://myanmarpyithar.net

ကြည့်နေရာ ခင်စိန်ကြည်သည် ပုံတွင် ရယ်စရာတစ်ခု တွေ့၍–

"ဖေဖေဘုရား၊ နားထောင်စမ်းပါဘုရား၊ သည်အပိုဒ်ကလေး" ဟု ဆို၍ ဖတ်ပြပြီးလျှင် ရယ်လိုက်ရာ

ပါးပေါက်ကလေးတို့သည် ပါးတစ်ဖက်တစ်ချက်၌ ပေါ်လာလျက်။ ရယ်လိုက်သည့် အသံသည်လည်း ကြည်လင်အေးမြ၍ လွန်စွာသောကကင်းပေ၏။

စစ်ကဲကြီးလည်း "ဩော်...ဘာကိုမျှ မသိရှာဘူးနော်" ဟု အောက်မေ့၍ ပြုံးလေလျှင် ခင်စိန်ကြည်က မိမိဖတ်ပြသည်ကို ပြုံးသည်ထင်မှတ်၍ ဖခင်ပြုံးအောင် လုပ်ရသည့်အတွက် အားရဝမ်းသာ ရှိလေ၏။

စစ်ကဲကြီးသည် မိမိခင်ပွန်း ငယ်စဉ်က သေဆုံးပြီးသည့်နောက် ရာထူး တိုးတက်သည့်ပြင် ပစ္စည်းဥစ္စာများစွာ အမွေအနှစ်ရရှိပါသော်လည်း နောက်ထပ်၍ အိမ်ထောင်မပြုကုန်။ တစ်နေ့သ၌ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်က ပြုံးရယ်၍ "ဘယ့်နှယ်လဲ မိတ်ဆွေကြီးရဲ့၊ သည်လိုပဲ နေတော့လား၊ မတင့်တယ် ပါဘူးလေ၊ တစ်ယောက်လောက်တော့ ချိတ်ဦးမှပေါ့" ဟု ပြောလျှင် –

စစ်ကဲကြီးသည် ဣန္ဒြေရှိသောမျက်နှာနှင့် "အိမ်ထောင်ပြုချင်တဲ့စိတ်ဆိုသ၍ ခင်တို့ မေမေနဲ့အတူတူ ထည့်ပြီး မြှုပ်လိုက်ပြီ" ဟု ပြောလျှင်။

သူငယ်ချင်းဖြစ်သူလည်း စစ်ကဲကြီး၏ မျက်နှာထားကိုမြင်၍ နောက်ထပ် မပြောဘဲ ရှိကုန်၏။

စစ်ကဲကြီးသည် ခင်ပွန်းသေလွန်သည်မှာ ခင်စိန်ကြည်၏ အသက်နှင့်အမျှ ရှိသော်လည်း မနေ့ကပင် သေဘိသကဲ့သို့ အောက်မေ့၍ အလွမ်းမပြေနိုင်ဘဲရှိခဲ့ရာ ယခုမှာမူ သေလွန်သူ ခင်ပွန်းသည်အတွက် လွမ်းရသည့်ပြင် အသက်အရွယ် ကလည်းအို၊ ရှိနေသူ သမီးကလေးအတွက်ကြောင့်လည်း စိတ်မအေးရသည်တစ်ဖက် ဖြစ်ရကား နှလုံးမကောင်းသော ရောဂါစွဲကပ်၍ ဆရာဝန်ကြီးကိုပင် ခဏခဏ ခေါ်ရလေ၏။

ခင်စိန်ကြည်သည် စာအုပ်တွင် နောက်တစ်ခု ရယ်ဖွယ်တွေ့သဖြင့် ဖတ်၍ ပြဦးမည်ပြုရာ အစေခံတစ်ယောက်က ဆရာဝန်ကြီး လာပါသည်ဘုရားဟု တင်လျှောက်သောကြောင့် စာအုပ်ကို ချထား၍ ဖခင်အနီးသို့လာရာ ဆရာဝန်ကြီး လည်း အခန်းတွင်းသို့ ဝင်လာလေ၏။

သွေးများကို စမ်းသပ်၍ ရင်ကိုလည်း သေချာစွာကြည့်ပြီးလျှင် "ယနေ့ ရောဂါတိုးသည်၊ အခါတိုင်းထက် စိတ်မချမ်းမသာ ဖြစ်သည့်လက္ခဏာ ရှိသည်" ဟု ဆရာဝန်ကြီးက ပြောရာ ခင်စိန်ကြည်သည် ဖခင်၏ မျက်နှာနှင့် ဆရာဝန်ကြီး၏



http://myanmarpyithar.net

မျက်နှာကို ကြည့်ပြီးလျှင်…။

"ဖေဖေ သည်လောက်နေမကောင်းမှန်း ခင်မသိရပါကလား၊ ဖေဖေ ဘယ်အတွက် စိတ်မချမ်းသာသလဲ၊ ဖေဖေ့သမီး ပြောပါဦးဘုရား၊ ဆရာဝန်ကြီး ဖေဖေမြန်မြန် ပျောက်အောင်ကုပါနော်၊ ဖေဖေ စိတ်မကောင်းရင် ခင်က အနားက ထိုင်ပြီး ရယ်စရာပြောနေမယ် ဘုရာ့–နော်၊ ခုတင်က စာအုပ် ဖေဖေကြိုက်တယ် မဟုတ်လားဘုရာ့" ဟု မျက်ရည်လည်လျက် ပြောရာ–

"ဖေဖေ ဘာမျှမဖြစ်ပါဘူး သမီးရယ်၊ ဆရာဝန်ကြီးက အထင်မှားလို့ပါ၊ ဖေဖေ နေလို့အကောင်းသားပဲ၊ ဖေဖေ့သမီးနဲ့ ဖေဖေအတူနေရရင် ဖေဖေ ဘယ်တော့ စိတ်မချမ်းမသာ ရှိနိုင်ပါမလဲ" ဟု သမီးနှင့်ဖခင်တို့ ပြောနေကြလျှင် ဆရာဝန်ကြီးလည်း မျက်နှာလွှဲ လျက်နေလေ၏။

၎င်းနောက် စစ်ကဲကြီးက မိမိအနီးတွင်ရှိသည့် ငွေစီးကရက်ဘူးတွင် စီးကရက်ကုန်နေသဖြင့် "သမီးရယ်၊ ဖေဖေ့စီးကရက်ဘူးကို ဘီဒိုထဲက သွားယူပေးစမ်းပါ၊ သည်မှာကုန်နေပြီ" ဟု လွှတ်လိုက်လျှင် ခင်စိန်ကြည်သည် ဖခင်ခိုင်းစေသည်ကို ဆောင်ရွက်ရသောကြောင့် ဝမ်းမြောက်စွာ ထသွားလေ၏။

ခင်စိန်ကြည်သွားလျှင် ဆရာဝန်ကြီးက "အနေအထိုင် အသွားအလာ သတိပြုပါ၊ နှလုံးတုန်လောက်သော သတင်းတို့ကို မကြားရလျှင် ကောင်းတယ်၊ စိတ်မချမ်းသာစရာအကြောင်းများကိုလည်း မစဉ်းစားပါနှင့်" စသည်ဖြင့် ပြောပြီးလျှင် ရွှေဒင်္ဂါးတစ်ပြားယူ၍ ပြန်သွားလေ၏။

ခင်စိန်ကြည်လည်း စီးကရက်ဘူးကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာလျှင် ဖခင်ကို မမြင်ရသည်မှာ ၅ မိနစ်ခန့်မျှသာရှိသော်လည်း ၎င်း ၅ မိနစ်အတွင်းတွင် ဖခင်သည် ၅ နှစ်ခန့်မျှအို၍ သွားသည်ဟု စိတ်၌ထင်သောကြောင့် "ဖေဖေ ဘာဖြစ်သလဲဘုရား" ဟု ချိုသာစွာ မေးသော်လည်း မေး၍မရသည်နှင့် ထိတ်လန့်ပြီး "လှမောင် ရေ၊ စောရီ ရေ၊ ဒေါ်ခင်တို့" ဟု အစေခံတို့ကို ခေါ်ဆဲတွင် မောင်ထွန်းမြတ်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

အစေခံတို့လည်း ခေါ်သံကြားသဖြင့် ပျာယီးပျာယာနှင့် ဝင်လာကြသောအခါ မောင်ထွန်းမြတ်သည် စစ်ကဲကြီး၏ မျက်နှာကိုကြည့်ပြီးလျှင် အစေခံတို့ဘက်သို့ လှည့်၍ "ကိစ္စမရှိပါဘူး၊ အပြင်မှာသာနေကြ၊ အလိုရှိမှ ခေါ်လိုက်မယ်" ဟု ပြောလိုက်လေ၏။

ထိုနောက် စစ်ကဲကြီး၏အနီးတွင် ဒူးထောက်လျက် မျက်နှာကို သေချာစွာ ကြည့်ရာ ကြည့်နေသည့် အတွင်းတွင်ပင် စစ်ကဲကြီး၏ ကာယကံရှင်သည်



http://myanmarpyithar.net

ဆုတ်ယုတ်လျက်သွားသည်ကို မြင်ရလျှင် အစေခံတစ်ယောက်ကို ဆရာဝန်ကြီးထံ အမြန်စေလွှတ်လိုက်လေ၏။

ခင်စိန်ကြည်လည်း ဖခင်၏ ခြေကိုဖက်လျက် "ဖေဖေဘုရား၊ ဖေဖေဘုရား၊ ခင်ခေါ်တာ မထူးဘူးလားဘုရား" ဟု သနားစဖွယ် မျက်ရည်ဝဲလျက် ခေါ်ရှာလေ၏။ သို့ခေါ်ပါသော်လည်း စစ်ကဲကြီးမှာ မျက်စိမှိတ်လျက် ငြိမ်သက်စွာ နေလေလျှင်–

"တစ်ဆိတ်လုပ်ပါဦးရှင်၊ ကျွန်မဖေဖေ ဘယ်တော့မှ သည်လို မဖြစ်ဖူးပါဘူးရှင်" ဟု ခင်စိန်ကြည်သည် မောင်ထွန်းမြတ်အား တောင်းပန်လေ၏။

မောင်ထွန်းမြတ်မှာ ဥပဒေကိုသာ နားလည်၍ လူနာကို မည်သို့ပြုစုရမည် မသိသဖြင့်–

"ကိစ္စမရှိပါဘူး၊ ဆရာဝန်ကြီးလည်း အခုပဲ လာပါလိမ့်မည်" ဟု ဆို၍သာပြောပြီး ဆရာဝန်ကိုသာ မျှော်လျက်နေကြလေ၏။

နာရီဝက်ခန့်ကြာရှိလျှင် ဆရာဝန်ကြီးသည် မော်တော်ကားနှင့် ရောက်လာရာ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်ဘက်သို့လှည့်၍ "ကျုပ်တစ်ခု ပြောပါရစေ၊ ဆရာတို့မည်သည်မှာ လူနာအခန်းတွင်း၌ မိန်းမသားတို့ရှိလျှင် မကြိုက်တတ်သောကြောင့် ခေတ္တလောက် အခန်းပြင်သို့သွားနေလျှင် သာ၍ကောင်းမည် ထင်ပါသည်" ဟု တောင်းပန်သောအသံဖြင့် ပြောလျှင်–။

ခင်စိန်ကြည်က "ပြောလို့မှကောင်းပလေ မောင်ကြီးရယ်၊ မိန်းမသား ဆိုပေမယ့် ကျွန်မမှာ သမီးအရင်းဖြစ်တဲ့ပြင် သမီးတစ်ခု အဖေတစ်ခု ဆွေမရှိမျိုးမရှိ နေရတဲ့အထဲ ကျွန်မဖေဖေမမာလို့မှ ကျွန်မ မပြုစုရဘူးလားရှင်" ဟု ပြန်ပြောလေ၏။

ထိုအခါ မောင်ထွန်းမြတ်သည် လွန်စွာ အကျပ်ကျ၍ အခွင့်ပြု၍လည်း မတော်၊ အခွင့်မပြုပြန်လျှင်လည်း မည်သို့ကြံဖန်၍ ပြောရမည်မသိ။ တရားခွင်၌ဖြစ်မူ တရားသူကြီးတို့ နားဝင်လောက်အောင် စီကာပတ်ကုံး ပြောရန် စကားမရှား သော်လည်း အခန်းတွင်း၌နေရန် မသင့်တော်သည့်အကြောင်းကို ဤမိန်းကလေးအား ပြောရန် အလွန် ခဲယဉ်းလျက် ရှိလေ၏။

"ကျုပ် ဆိုလိုတာက သည်လိုပါ၊ ဖခင် နေမကောင်းသည့်အခါ သမီး မပြုစုရဘူးလို့ ပြောလိုသည်မဟုတ်ပါဘူး၊ ဆရာဝန်တို့ သဘောကိုသိလို့ စစ်ကဲကြီးအကျိုး နှမအကျိုး ပြောမိပါတယ်၊ ပြောမိသည့်အတွက် ကျုပ်အပေါ် စိတ်မရှိပါနဲ့"

"ကျွန်မအကျိုးလား၊ ဘာအကျိုးလားရှင်"

"စစ်ကဲကြီးအကျိုး"



http://myanmarpyithar.net

"ကျွန်မအပြင်မှာနေရင် ဖေဖေ့မှာ အကျိုးရှိမယ်လို့ ရှင် အမှန်ပဲ သိသလား"

"အမှန်ပဲသိပါတယ်၊ အမှန်မသိလျှင် သည်လောက်တောင် ပြောမနေပါဘူး"

ခင်စိန်ကြည်သည် ဖခင်၏မျက်နှာကို လှမ်း၍ တစ်ချက်ကြည့်ပြီးလျှင် ရင်ကိုမလျက် စကားတစ်ခွန်းမှထပ်၍မပြောဘဲ အခန်းပြင်သို့ ထွက်သွားလေ၏။

ဆရာဝန်ကြီးလည်း လက်ကို သွေးစမ်းလျက် ရင်ကို ကိရိယာ တန်ဆာတို့ဖြင့် ကြည့်ပြီးလျှင် ခေါင်းခါလေ၏။

မောင်ထွန်းမြတ်လည်း "ဘယ်သို့ရှိပါသလဲ၊ စိုးရိမ်ရန်ရှိပါသလား" ဟု မေးရာ၊

"၂၃–နာရီအတွင်း" ဟု ပြော၍ ကုလားထိုင်တွင်ထိုင်၍ စာတစ်စောင် ရေးပြီးလျှင် လက်အောက်ဆရာဝန်ကလေးထံ လူတစ်ယောက်ကို လွှတ်လိုက်လေ၏။

ထိုအခါ မောင်ထွန်းမြတ်က "လူနာကို အိပ်ခန်းသို့ ရွှေ့ပြောင်းလျှင် မတော်သင့်ပေဘူးလား"ဟု မေးလျှင်၊

"အခန်းပြောင်းလျှင် တစ်ခါတည်း သေဖို့ရှိသည်၊ မရွှေ့ပါနှင့်တော့၊ မထူးပါဘူး" ဟု ပြောသဖြင့် မောင်ထွန်းမြတ်သည် လူနာနှင့် ဆရာဝန်ကြီးကို ခေတ္တထားခဲ့ပြီးလျှင် ခင်စိန်ကြည်ရှိရာအခန်းသို့ သွားလေ၏။

ခင်စိန်ကြည်လည်း မောင်ထွန်းမြတ်ကိုမြင်လျှင် ထိုင်ရာမှ ရုတ်တရက်ထ၍ "ဖေဖေ ဘယ့်နှယ်နေသလဲရှင်၊ သတိရပြီလား၊ ကျွန်မကို မေးနေသလား" ဟု မေးလျှင် မောင်ထွန်းမြတ်က "သတိမရသေးဘူး" ဟု ပြောရာ။

"ဆရာဝန်ကြီးက ဘယ့်နှယ်ပြောသလဲရှင့်၊ ပြောစမ်းပါ၊ ရှိကြီးခိုးပါရဲ့" ဟု မောင်ထွန်းမြတ်အနားသို့ကပ်၍ မျက်ရည်ရွှဲလျက်ရှိသော မျက်နှာကလေးနှင့် မောင်ထွန်းမြတ်ကို မော်ကြည့်၍မေးရာ...။

မောင်ထွန်းမြတ်မှာ ရုတ်တရက် ဘာကိုမျှပြန်မပြောနိုင်ဘဲ ခင်စိန်ကြည်နှင့် အတူ ထိုင်လျက်သာ ငိုလိုက်ချင်၏။ လိမ်လည်၍လည်း မပြောကောင်း၊ ရုတ်တရက် ပြောလိုက်လျှင်လည်း နားမဆံ့အောင် ဖြစ်၍သွားမည်ကို စိုးသဖြင့် "စစ်ကဲကြီးရောဂါကဖြင့် ကြီးတာပဲ၊ သို့သော် ရုတ်တရက်တော့ ကိစ္စရှိနိုင်မယ် မထင်ပါဘူး" ဟု တဖြည်းဖြည်း ပြောလျှင်။

ခင်စိန်ကြည်သည် တစ်ကိုယ်လုံး တုန်လှုပ်လျက် "ဖေဖေ့ မျက်နှာ တစ်ခါတည်း သွားကြည့်ပါရစေရှင်၊ တစ်ခါတည်းဖြင့် ဆရာဝန်ကြီးကလည်း



http://myanmarpyithar.net

ခွင့်ပြုကောင်းပါရဲ့ ” ဟု တောင်းပန်ပြန်လျှင်။

မောင်ထွန်းမြတ်သည် စကားဖြင့် ရုတ်တရက်ပြန်၍မပြောနိုင်သောကြောင့် အခန်းပေါက်တွင် ဆီး၍ရပ်လျက်

“မတော်လို့ပါနှမရယ်၊ သမီးနဲ့အဖ ဘယ်မှာခွဲထားချင်တယ်လို့ ရှိပါ့မလဲ၊ မတော်သေးလို့ပါ... တောင်းပန်ပါရစေ” ဟု ပြောသည်တွင်၊

ခင်စိန်ကြည်က “ကျွန်မဖေဖေကို သည်ကိုလာပြီး စောင့်ရှောက်သည့်အတွက် ဘယ်လောက် ကျေးဇူးတင်တယ်ဆိုတာ ပြောလို့တောင် မပြနိုင်ပါဘူး မောင်ကြီး ရယ်...၊ ကျွန်မတို့မှာ ဆွေးမျိုးညာတိဆိုလို့လည်း အင်မတန်မှ နည်းပါတယ်၊ ဦးလေးတစ်ယောက် တော့ရှိပါရဲ့၊ ဒါပေမယ့် ဖေဖေနဲ့ တယ်ပြီး သင့်တင့်ကြတဲ့လက္ခဏာ မရှိဘူး၊ သည်တော့ ကျွန်မမှာ အားကိုးရာမဲ့ ဖြစ်ပြီးနေလို့လို့ ကိုထွန်းမြတ်ကို ကျွန်မ မောင်ကြီးအရင်းလို သဘောထားပါရစေ၊ ကျွန်မကိုလည်း နှမကလေးလို့ အောက်မေ့ပါရှင့်၊ မောင်ကြီးလည်း သည်ကနေ့ည အိမ်မပြန်ပါနှင့်တော့၊ သည်မှာပဲ ခေတ္တနေပြီး ဖေဖေ့ကို စောင့်ရှောက်လိုက်ပါရှင့်၊ ကဲ ဖေဖေ့တစ်ဆိတ်လောက် သွားကြည့်လိုက်ပါဦး၊ ကြည့်ပြီး ကျွန်မကို လာပြောလှည့်ပါဦးရှင်...” ဟုပြောလျှင်။

မောင်ထွန်းမြတ်မှာ ဉာဏ်မျှလောက် ချောလှသည့် မိန်းကလေးတစ်ယောက်က မျက်ရည်စက်လက်နှင့် မိမိအား အားကိုးပါရစေဟု သနားစဖွယ် ခိုင်းစေသည့် အလုပ်ဖြစ်သည့်အတွက် ငရဲသို့ ခေတ္တလောက်ဆင်းပြီး ငရဲခံလိုက်ပါဦးဟု ပြောလျှင် မငြင်းမဆန် ဝမ်းမြောက်စွာဆင်း၍ ခံကောင်းခံလိမ့်မည် ဖြစ်လေသတည်း။

ထို့နောက် မောင်ထွန်းမြတ်သည် အစ်မကြီးထံ စာတစ်စောင် ကိုး၍ အစေခံတစ်ယောက်ကို လွှတ်လိုက်ပြီးလျှင် ထိုညဥ့်တွင် လူနာရှိသည့်အခန်းနှင့် ခင်စိန်ကြည်ရှိရာအခန်းသို့ ကူးချည်လာလှည့်လုပ်၍ မိန်းကလေးအား တတ်အားသမျှ အားပေးလျက် နေရလေ၏။

မောင်ထွန်းမြတ်နှင့် ခင်စိန်ကြည်တို့မှာ ကြိမ်ပေါင်းများစွာ တွေ့ဆုံကြဖူးသည် မရှိသော်လည်း ခင်စိန်ကြည်မှာ မိမိ ဒုက္ခတွေ့၍ နေသည့်အခါ၌ မောင်ထွန်းမြတ်သည် ဆွေမတော် မျိုးမစပ်ဘဲလျက် စောင့်ရှောက်ပြုစုသည့်အတွက် များစွာ ကျေးဇူးတင် ရှာသည်ဖြစ်သောကြောင့် မောင်အကြီးကဲ့သို့ အားထားလျက် အကျွမ်းတဝင် ရှိကြ ကုန်၏။

မိုးလင်းလုနီးလေလျှင် မောင်ထွန်းမြတ်သည် ဆရာဝန်ကြီးနှင့် စကားပြောပြီး ၍ ခင်စိန်ကြည်အခန်းသို့ ဝင်လာပြီးလျှင် ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်လျက်

“စိတ်ကဲကြီးကဖြင့် မသက်သာဘူး နှမရယ်”

"လုံးလုံး သတိမရဘူးလား"

"သတိတော့ရပါရဲ့"

"သတိရလျှင် ကျွန်မကို မမေးဘူးလား"

"စကားမပြောနိုင်ဘူး"

"စိုးရိမ်ရသေးလား"

"အပုံကြီး စိုးရိမ်ရတယ်"

"ကျွန်မ မကြည့်ရဘူးလား"

"ကြည့်ချင်ကြည့်ပါတော့၊ မထူးပါဘူး" ဟု ပြောလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်မျက်နှာကို ကြည့်လျက်... "ကျွန်မကို ဖွင့်ပြောပါတော့ မောင်ကြီးရယ် ကျွန်မဖေဖေ ရှိမှရှိသေးရဲ့လား" ဟု မေးလျှင် မောင်ထွန်းမြတ်သည် မျက်နှာလွှဲလျက် "သတိထားပါ နှမရယ်..." ခင်စိန်ကြည်သည် စကားကိုဆုံးအောင် နားမထောင်ဘဲ ပြေးသွားပြီးလျှင် ဖခင်ရှိရာအခန်းသို့ ဝင်ပြေးလေ၏။

ဆရာဝန်ကြီးလည်း အစေခံတို့ကို အကြောင်းကြားပြီး ဖြစ်သောကြောင့် အစေခံတို့သည် အခန်းပေါက်တွင် ရပ်၍ မျက်ရည်စက်လက်နှင့် စကားတီးတိုး ပြောလျက် နေကြသည်ကိုတွေ့လျှင် ခင်စိန်ကြည်သည် ၎င်းတို့ကိုဖယ်၍ အခန်းတွင်းသို့ ပြေးဝင်ပြီးလျှင်...။

"အောင်မယ်လေး ဖေဖေရဲ့" ဟု ဟစ်အော်၍ အလောင်းအနီးတွင် ဒူးထောက်ကာ သည်းစွာ ငိုကြွေးရှာ၏။

မိခင်လည်းမရှိ၊ ဆွေမျိုးညာတိလည်း အားထားလောက်အောင် အရင်းအချာမရှိ၊ မွေးပေါက်ဖော်လည်းမရှိ၊ ငယ်စဉ်မှစ၍ အဖေတစ်ခု သမီးတစ်ခု နေထိုင်ခဲ့ကြရာ ဖခင်မှာလည်း သူတစ်ပါး ဖခင်နှင့်မတူ၊ အလွန်တရာ အလိုလိုက်၍ မိခင်မှုမက ယုယပိုက်ထွေး အကလေးကဲ့သို့ စောင့်ရှောက်ကာ ငေါက်၍မျှပြောဖူးသည် မရှိသော ဖခင်သည် ညနေခင်းအခါကပင် ရယ်မောပြောဆိုလျက် နေကြရာမှ ယခုနံနက်မလင်းမီပင် ရုတ်တရက် ရှောင်တခင် သေလွန်၍ သွားသည့်အတွက် ခင်စိန်ကြည်မှာ မည်မျှလောက် အပူကြီးပူရှာလိမ့်မည်ကို တွေးဆတော်မူနိုင်ကြမည်ဖြစ်၍ ဖော်ပြရန် မလိုချေ။

စစ်ကဲကြီး၏ အလောင်းကို အခန်းပြောင်းပြီး၍ နံနက် ၁၀–နာရီအချိန်ခန့် ရှိလျှင် ခင်စိန်ကြည်သည် ဖခင်အလောင်းရှိရာမှ အိမ်အောက်သို့ ခေတ္တဆင်းအသွား ဧည့်ခန်းတွင် လူအချို့တို့သည် စကားဆူညံစွာ ပြောလျက်နေကြသည်ကို မြင်လေရာ ၎င်းလူတို့၏ မျက်နှာကိုလည်း မမြင်ဖူးသောကြောင့် ကိစ္စကိုမေးမည်ဟု အနီးသို့



http://myanmarpyithar.net

သွားလျှင် မိမိ၏အစေခံတစ်ယောက်က ပြောနေသည်ကို ကြားရသည်မှာ...။

"မဟုတ်ပါဘူးခင်ဗျားတို့ရဲ့၊ ကျွန်တော်ပြောပါရစေဦး၊ ခင်ဗျားတို့က စစ်ကဲကြီးဆီက ရရန်ရှိတာမတော့ ဟုတ်ပါရဲ့၊ သို့သော် ခမျာကလေးကတော့ ဘာမျှမသိရှာဘူးဗျ၊ သူ့ခမြာ အဖေသေလို့ ဒုက္ခရောက်တဲ့အထဲမှာ ခင်ဗျားတို့က လာပြီး အပူတိုက်လို့ ကောင်းနိုင်ပါမလားဗျ" ဟု ပြောလျှင်။

တစ်ယောက်သောသူက "ကျုပ်တို့နဲ့ စကားတစ်ခွန်းနှစ်ခွန်း ပြောရုံကလေးမှ သူက ဆင်းမလာနိုင်လျှင် ကျုပ်တို့က သူရှိရာသွားရမှာပေါ့၊ ကြည့်ပါဦးတော့ဗျာ၊ ကျုပ်တို့ငွေတွေတော့ သုံးတော့သုံးတတ်ကရော၊ တော်တော်ကြာတော့ ကျုပ်တို့တောင် အဖက်လုပ်ပြီး စကားပြောမယ့်လူမရှိဘူးတဲ့၊ ကျုပ်တို့တော့ မတွေ့ရလျှင် မပြန်ဘူး၊ သည်မှာပဲ အိပ်တန်အိပ်ရလိမ့်မယ်"

ခင်စိန်ကြည်လည်း မိမိအစေခံကို ခေါ်ပြီးလျှင်... "ဘာဖြစ်ကြတာလဲ၊ ပြောစမ်းပါ"

"မပြောပါရစေနဲ့ မမလေးဘုရား၊ ကိုထွန်းမြတ်ကို အခေါ် လွှတ်လိုက်ပါပြီ။ သူတို့မမြင်ခင် အိမ်ပေါ်ကိုသာ ပြန်တက်နေပါ မမလေးရဲ့"

"ဖေဖေ့ဆီမှာ ငွေရစရာရှိလို့တဲ့လား"

"မှန်ပါ၊ သည်လိုပြောကြပါတယ်" ဟု ပြောလျှင် ခင်စိန်ကြည်သည် လူတို့ရှိရာ အိမ်ရှေ့ခန်းသို့ ဝင်သွားလေ၏။

"ကျွန်မနဲ့တွေ့ချင်ကြတယ်ဆို၊ ဘာကိစ္စလဲ ရှင်တို့" ဟု မေးလျှင် ကြွေးရှင်တို့သည် အသီးသီး မိမိတို့ရရန်ရှိသည်များကို ပြောကြလေ၏။ အချို့ကား လက်မှတ်ထိုး၍ ချေးသောအကြွေး၊ အချို့ကား ကုန်ဖိုးအကြွေး၊ အချို့ကား အထည်အဝတ်ဖိုးကြွေး၊ အချို့ကား စားသောက်ရန်အတွက်ယူသောကြွေး စသည်ဖြင့် ဝိုင်း၍ပြောကြလျှင် ခင်စိန်ကြည်လည်း ဘာကိုမျှ ပြန်မပြောနိုင်ဘဲ အံ့အားသင့်လျက် နေလေ၏။

ထိုအခါ တစ်ယောက်သောသူက "ကျုပ်တို့ ယခုလို လာပြီးနှောင့်ယှက်သလို လုပ်ရတာများ အင်မတန်အားနာပါတယ်၊ သို့သော် စစ်ကဲကြီးမှာ ကြွေးထူတဲ့ အကြောင်းရိပ်မိလေတော့ အရင်လာအရင်ရတမ်း အောက်မေ့လို့ လာခဲ့ပါတယ်" ဟုကောင်းမွန်စွာ ပြောလျှင်။

တစ်ယောက်သောသူက– "ခင်ဗျားထက် ကျုပ်က ဦးတော့မပေါ့၊ ကျုပ် ရောက်တော့ ခင်ဗျားတို့ ဘယ်သူမှ မရောက်သေးဘူး" ဟု ဝင်၍ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်က "ဒါဖြင့် ကျွန်မကို ဘာလုပ်စေချင် ကြသလဲ၊



http://myanmarpyithar.net

ကျွန်မတို့ လက်ထဲမှာလည်း ယခုတစ်ပြားမှမရှိသေးဘူး” ဟု ပြောလျှင် တစ်ယောက်သောသူက

“မရှိရှိတာ ကြံဖန်ပေးမှပေါ့လေ၊ မရှိဘူးဆိုတာနဲ့ ကျုပ်တို့က အေးနိုင်ပါ့မလား၊ သုံးတုန်းကတော့...” ဟု ပြောဆဲတွင် မောင်ထွန်းမြတ်သည် အခန်းတွင်းသို့ ရုတ်တရက် ဝင်လာ၍ “ဘာလဲ ဘာလဲ၊ ဘာဖြစ်ကြတာလဲ၊ ခင်ဗျားတို့ ဘာအလိုရှိကြသလဲ” ဟု အသံခပ်မာမာနှင့် မေးရာ။

တစ်ယောက်က “ဘာလိုချင်ရမလဲလေ၊ ကျုပ်တို့ရစရာရှိတဲ့ကြွေး၊ ကျုပ်တို့လိုချင်တာပေါ့...” ဟု ပြောလျှင်။

“ရရန်ရှိလျှင် အချိန်ကျတော့ရလိမ့်မယ်ပေါ့၊ အခုချက်ချင်း ခင်ဗျားတို့လာလို့ ကောင်းနိုင်ပါ့မလား” ဟု မောင်ထွန်းမြတ်က ပြောလေ၏။

ထိုအခါ တစ်ယောက်က “ချက်ချင်းပဲ လာရတယ်ဗျာ၊ ပူပူနွေးနွေးရှိတဲ့ အခိုက်က ရလိုက်မှပေါ့၊ တော်တော်ကြာမှဖြင့် ယီးတီးယားတားနဲ့ ကျုပ်တို့ အလကား အဆုံးမခံနိုင်ပါဘူး” ဟု ပြန်ပြော လေသောအခါ–

မောင်ထွန်းမြတ်က “ကဲ–တယ်စကားရှည်တယ်ဗျာ၊ ခင်ဗျားတို့အခုချက်ချင်း ထွက်သွားမလား၊ မသွားဘူးလား”

“မသွားဘူး၊ ခင်ဗျားက ဘာဆိုင်သလဲ”

“ကျုပ်က ဆိုင်လို့ပြောတာပေါ့၊ ကောင်းပြီ... ခင်ဗျားတို့ အားလုံး ထွက်သွားလိုက်ကြပါ၊ မသွားလို့ရှိရင် ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲရပါလိမ့်မယ်၊ သည်အိမ် စစ်ကဲကြီးအိမ်မဟုတ်ဘူး၊ ရောင်းပြီးတာ တော်တော်ကြာပြီ” ဟု ပြောလျှင် အချို့ကရယ်လျက် အချို့က “သည်လိုအဖြန်းမျိုးနဲ့ မရသေးဘူးဗျို့၊ ဒါမျိုးတွေ ရိုးကုန်ပြီ” ဟု ပြောကြ၏။

မောင်ထွန်းမြတ်သည် လွန်စွာတည်ကြည်သော မျက်နှာနှင့်... “ကျွန်တော် ပြောမယ် ခင်ဗျာတို့ ယခု ကျွန်တော် ခင်ဗျားတို့ကို လိမ်ပြောလိုက်ရင် တော်တော်ကြာကျတော့ ကျွန်တော်လိမ်တာ ပေါ်လာမယ့်ဟာကပဲ၊ ကျွန်တော် လိမ်ပါ့မလား၊ မလိမ်ပါဘူး၊ သည်အိမ်သည်ဝင်းနဲ့ သည်အိမ်ထောင်မှုတွေကို အားလုံးကုန် ရောင်းပြီးတာ ၃–၄–လ ရှိသွားပြီ” ဟု ပြောလျှင် ...

တစ်ယောက်က “ဘယ်သူ့ကိုရောင်းသလဲ” “အမိန့်တော်ရ မောင်ထွန်းမြတ်ကို ရောင်းလိုက်ပြီ” “ကြားဖူးတယ်၊ ကြားဖူးတယ်၊ တော်တော်ကောင်းတဲ့ ရှေ့နေကလေးဆိုကပဲ”

“အဲသည်ရှေ့နေကလေးဟာ ကျုပ်ပဲ၊ သည်အိမ်ဟာ ကျုပ်အိမ်”



http://myanmarpyithar.net

"ငွေကို အပြေဆပ်ပြီးပြီလား"

"ဆပ်ပြီးပြီ၊ ၃-လတောင် ရှိပြီ"

"သည်ငွေကို စစ်ကဲကြီး ဘာလုပ်ပစ်သလဲ"

"ဘာလုပ်ပစ်တယ် ကျုပ်မသိနိုင်ဘူး၊ ကျုပ်နဲ့လည်းမဆိုင်ဘူး၊ အဲသည်တော့ ကျုပ်အိမ်ဖြစ်တဲ့အတွက် ကျုပ်အခွင့်မရှိဘဲ ခင်ဗျားတို့ ဝင်ခဲ့ကြတာ ကျူးလွန်မှုနဲ့ တရားစွဲမခံချင် ခုချက်ချင်း ထွက်သွားလိုက်ကြပါ" ဟု အာဏာသံနှင့် ပြောလျှင် လူတို့သည် တစ်ယောက်ပြီးတစ်ယောက် အခန်းမှ ထွက်သွားကြရာ တစ်ယောက် သောသူက ထွက်ရင်း "တယ်ပြီး စုတ်ပွဲ့တဲ့ ငနဲကြီးဗျာ၊ သေတာပဲ အေးပါ တယ်" ဟု ပြောသွားသည်ကို မောင်ထွန်းမြတ်ကြားလျှင် "စုတ်ပွဲ့သည်ဖြစ်စေ၊ မစုတ်ပွဲ့သည်ဖြစ်စေ၊ သူ့သမီးရှေ့မှာ မင်းသည်လိုပြောဖို့ အခွင့်မရှိပါဘူး" ဟု စိတ်ထွက်သော မျက်နှာထားနှင့် ပြောလိုက်လေ၏။

ထိုနောက် ခင်စိန်ကြည်ဘက်သို့လှည့်ကာ "ကဲ လာနမ" ဟု အခန်းအပြင် ဘက်သို့ထွက်မည်ပြုရာ ခင်စိန်ကြည်သည် ထိုင်၍ငိုလျက် "ကျွန်မ သည်အဖြစ်တွေ မသိဘူးမောင်ကြီးရဲ့၊ ဖေဖေလည်း ကျွန်မကို ဘယ်တော့မှ သည်အကြောင်းနဲ့စပ်ပြီး မပြောဖူးဘူး၊ သူတို့ကို ပေးရန်ရှိတယ်ဆိုရင် ကျွန်မရှိတဲ့ လက်ဝတ်လက်စားကလေး တွေရောင်းပြီးပေးမှာပဲ၊ ကျွန်မလည်း မဝတ်ချင်ပါဘူး၊ ဒါကလေးတွေ ရောင်းပြီး ဖေဖေသင်္ဂြိုဟ်လို့ကျန်တာ သူတို့ကို အကုန်ပေးလိုက်ရမှ ကျွန်မစိတ်အေးတော့မယ် မောင်ကြီးရယ်၊ ကဲကဲ မောင်ကြီးပဲ ကြည့်ရှုရောင်းပေးပါတော့၊ ဖေဖေ့အသုဘ အတွက်လည်း မောင်ကြီး စီမံပြီး ငွေကျန်သေးရင်လည်း သည်လူတွေ ဆပ်လိုက် ပါတော့" ဟု ဆို၍ ရှိသမျှ လက်ဝတ်လက်စားတွေကို အကုန်အပ်လိုက်လေ၏။

■



http://myanmarpyithar.net

## အခန်း(၇)

စစ်ကဲကြီး ဦးထင်ကျော်နှင့်ညီတစ်ဝမ်းကွဲတော်စပ်သူ ဝတ်လုံတော်ရမင်း ဦးသာဒင်မှာ စစ်ကဲကြီး မသေမီ တစ်လလောက်မှာပင် ရွှေဘိုသို့ပြောင်းရွှေ့ နေထိုင်လျက်ရှိရာ မိမိအစ်ကို သေဆုံးကြောင်းကို ကြေးနန်းရရှိသဖြင့် နာရီပြန်တစ်ချက် ရထားနှင့် လိုက်လာပြီးလျှင် စစ်ကဲကြီး၏အိမ်သို့ ရောက်လာ၏။ ဝတ်လုံကြီးသည်မိမိအစ်ကို၏ အသုံးအစွဲကြီးကြောင်းကို အရိပ်အမြွက်သာ သိရှိခဲ့ရာ အိမ်သို့ရောက်၍ ပိုက်ဆံ ကြေးငွေ မကျန်ရစ်ဘဲလျက် အကြွေးမျှသာ ကျန်ရစ်ကြောင်း၊ သမီးကလေး စားသောက်ရစ်ရန် အတွက်လည်း ပိုက်ဆံတစ်ပြားမှ ချန်၍ မထားခဲ့သည့်ပြင် မိမိ၏အလောင်းကို သင်္ဂြိုဟ်ရန်အတွက်ကိုမျှ ကြေးငွေအလွယ်တကူ မရှိကြောင်းကို ကြားသိရလျှင် များစွာ အံ့သြ၍ ကြက်သေသေလျက် နေလေ၏။

ဝတ်လုံကြီးမှာ အသက် ၄၀ ကျော်ခန့်ရှိ၍ ဝဝတုတ်တုတ် ထောင်ထောင် မောင်းမောင်းနှင့် ဣန္ဒြေကြီးသော မျက်နှာထားရှိလျှက် လူတစ်ဖက်သားနှင့် အရော တဝင် ပြောဆိုလေ့မရှိကုန်။ ဤသို့ အကြောင်းစုံကို ကြားသိရလျှင် ဝတ်လုံကြီးသည် အိမ်ဦးခန်းတွင် လူးလာခတ်လျက်နေရာမှ မောင်ထွန်းမြတ်ဘက်သို့ လှည့်ပြီးလျှင် "တယ်ရှက်စရာ ကောင်းပါကလား၊ သူများတကာ သုံးကြစွဲကြပါရဲ့၊ သို့သော် သည်လိုလူမျိုးတော့ ကြားပဲမကြားဖူးပါဘူး" ဟု ပြောလျှင်

မောင်ထွန်းမြတ်က "မှန်ပါ၊ နည်းနည်း အမြော်အမြင်နည်းရာ ကျတာပါပဲ" ဟုပြောရာ...။

"ဘာတဲ့မောင်၊ အမြော်အမြင်နည်းတယ်တဲ့၊ အမြော်အမြင်နည်းတာမကဘူး မောင်ရဲ့၊ ဒါကရူးတာမိုက်တာ၊ လူရူးလူမိုက်၊ ဘယ့်နှယ်မောင်ရယ်၊ သည်လိုလူမျိုး မောင်ကြားဖူးရဲ့လား မောင်ရဲ့၊ ကြည့်စမ်းပါ့၊ ယခု မိန်းကလေးမှာ ဖြုန်းခနဲ သူသေသွား၊ နေစရာ အိမ်တောင်မရှိရစ်ဘူးတဲ့မောင်ရဲ့၊ ဖွီ... ဒါနဲ့ သည်အိမ်ကို



http://myanmarpyithar.net

မောင်က ဝယ်ပြီးပြီလို့ ခင်စိန်ကြည်ကပြောတယ်၊ ဟုတ်ကလား"

"မှန်ပါ၊ ဝယ်ပြီးတာ ၃ လလောက် ရှိပါပြီ"

"အင်း တယ်ကောင်းတဲ့လူပဲ၊ ကြည့်ပါဗျာ၊ သေလို့မှ အလောင်း သင်္ဂြိုဟ်စရာမရှိအောင် လုပ်ပဲလုပ်လွန်းတယ်၊ ခင်စိန်ကြည်က သူ့ လက်ဝတ်လက်စားကလေးများ ရောင်းချပြီး သင်္ဂြိုဟ်ရအောင် မောင့် အပ်ထားတယ်ဆို"

"မှန်ပါ၊ ရောင်းရတဲ့ငွေနဲ့ သင့်တင့်အောင် သင်္ဂြိုဟ်ပြီး ကျန်တာကြွေးဆပ်ဆိုလို့ ပြောပါတယ်"

"အင်း တယ်ကောင်း၊ တယ်လှ၊ တယ်သင့်မြတ်ပါပေတယ်၊ မပြောချင်ပါဘူးလေ သူ့အကြောင်းတော့... မိန်းကလေးတောင် ကိုယ်ကခေါ်သွားမပေါ့လေ၊ တယ်ကောင်း တယ်ကောင်း" ဟု ပြောလျက် ဆေးပြင်းလိပ်ကို တစ်လိပ်ပြီးတစ်လိပ်ညှို၍သောက်ပြီးလျှင် အိမ်ဦးခန်းတွင် စင်္ကြံလျှောက်လျက်နေလေ၏။

စစ်ကဲကြီး ဦးထင်ကျော်၏ ဈာပနကိစ္စပြီးစီးသည်နောက် တစ်နေ့နံနက်၌ ဝတ်လုံတော်ရမင်း ဦးသာဒင်သည် မိမိဝန်စည်စလယ်များကို မြင်းရထားပေါ်သို့ တင်ပြီးမှ မြင်းရထားတံခါးကိုကိုင်လျက် "ကဲ ဦးလေးသွားဦးမယ်နော် တူမ၊ ရေနံချောင်းက ကိစ္စပြီးပြီးချင်း ဦးလေး ပြန်လာခဲ့မယ်၊ မင့်ဒေါ်ဒေါ်နဲ့ ရွှေဘိုမှာ နေနှင့်ဦးနော်" ဟု ပြော၍ မောင်ထွန်းမြတ်ဘက်သို့လှည့်ပြီးလျှင် "ကျေးဇူးအပုံကြီးတင်ပါတယ်မောင်ရယ်၊ မောင်မရှိလျှင် ဦးဖြင့် ဘယ့်နှယ်များလုပ်ရ မယ်တောင် မသိဘူး၊ ရွှေဘိုလည်း မကြာမကြာ လာလည်ပါနော်"

"မှန်ပါ၊ ရောက်တဲ့အခါ ဝင်ပါ့မယ်"

"အင်း သွားဦးမယ်နော်မောင်၊ သွားပြီတူမ" ဟု နှုတ်ဆက်လေ၏။

ထိုအခါ ခင်စိန်ကြည်သည် များစွာ မျက်နှာပူသောမျက်နှာ ထားနှင့်ဦးလေးအနီးသို့လာ၍ "ဦးလေး ကျွန်မမှာ စရိတ်မလုံလောက်လို့" ဟု ပြောလျှင်။

"အလို ဟုတ်သားပဲ၊ ငါ လုံးလုံး သတိမရဘူးဟေ့" ဟု ပြော၍ မိမိ၏ ပိုက်ဆံအိတ်ကို ထုတ်၍ ကြည့်ပြီးလျှင် "အလို ဦးလေးမှာလည်း ငွေနည်းနေပါလား၊ ရော့တူမ ကဲ ဒါနဲ့လောက်အောင် ကြည့်သုံးသွား ပေတော့" ဟု ဆို၍ ငွေစက္ကူ ၁ဝ တန်တစ်ချပ်ကို ပေးခဲ့ပြီးလျှင် ရထားပေါ်သို့ တက်သွားလေ၏။

ဝတ်လုံကြီး ရေနံချောင်းသွားသည့် သင်္ဘောဆိပ်သို့ ဆင်းသွားပြီးနောက် အနည်းငယ်ကြာလျှင် ခင်စိန်ကြည်သည် ရွှေဘိုရထား ထွက်ချိန် နီးသည်ဖြစ်သောကြောင့် မိမိယူရန် ရှိသမျှတို့ကို သိမ်းဆည်း၍ မစောဆိုသည့် အစေခံသူငယ်မကလေးနှင့် မြင်းရထားပေါ်သို့ တက်ကြလေ၏။ အခြားအစေခံတို့လည်း



http://myanmarpyithar.net

မိမိတို့သခင်မကလေးနှင့် ငယ်စဉ်ကစ၍ အတူနေထိုင်ခဲ့ကြသည် ဖြစ်သောကြောင့် များစွာချစ်ခင် မြတ်နိုးရှိကြရာ ခင်စိန်ကြည်နှင့် ကွဲကြရတော့မည်ဟု များစွာ ငိုကြွေးလျက် ရှိကြကုန်၏။ ခင်စိန်ကြည်သည် ၄င်းတို့အား ထိုက်သည် အလျောက် ပြောဆိုပြီးလျှင် အားလုံးကို မျက်ရည်စက်လက်နှင့် နှုတ်ဆက်ပြီးသည့်အခါ ရထားလည်း မောင်းသွားလေ၏။ မောင်ထွန်းမြတ်လည်း မိမိ၏စက်ဘီးကိုစီးလျက် မြင်းရထားနံဘေးမှ လိုက်လေ၏။

မီးရထားဘူတာရုံသို့ ရောက်လျှင် မောင်ထွန်းမြတ်သည် ဝန်စည် စလယ်များကို တန်ဆာလုပ်၍ ပထမတန်းလက်မှတ်နှစ်စောင်ကို ယူပြီးလျှင် ခင်စိန်ကြည်အားပေး၍ ခင်စိန်ကြည်နှင့် မစောတို့ကို မီးရထားပေါ်သို့ နေရာတကျ တင်ပေးပြီးလျှင် မီးရထားနံဘေးတွင် ရပ်လျက်နေသည့်အခါ...။

"ကျွန်မ ကျေးဇူးတင်သလောက် ပြောရလျှင် ပြောလို့တောင် မဆုံးနိုင်ပါဘူး မောင်ကြီးရယ်၊ ကျွန်မတို့ သွားချေပါဦးမယ်၊ ဦးလေး ကိုလည်း မောင်ကြီးက ရောက်တဲ့အခါ ဝင်မယ်လို့ ဝန်ခံလိုက်တယ်မဟုတ်လား၊ အဲ–ရွှေဘိုရောက်တဲ့အခါ ဝင်ပါရှင်၊ မဝင်ဘဲမနေပါနဲ့" ဟု ခင်စိန်ကြည်က ငိုလျက်ပြောလျှင်...။

မောင်ထွန်းမြတ်သည် ယုယပိုက်ထွေး ပြောလိုသည်အလျောက် ပြောလိုက်က မိမိဝမ်းတွင်းရှိ စိတ်သဘောကို သိ၍သွားမည်ကို စိုးသောကြောင့်... "ဘာများမေ့သလဲ ကြည့်ကြဦး၊ မေ့တာရှိရင် တင်ပို့လိုက်မယ်" ဟု ပြောရိုးရှိသည် အတိုင်းသာ ပြောလေ၏။ ထိုအခါ ခင်စိန်ကြည်က...

"ကျေးဇူးကြီးလှပါပြီ၊ မောင်ကြီးကျေးဇူးတော့ ဘယ်တော့မှ မမေ့ပါဘူးရှင်" ဟုပြော၍

"သည်လောက်ဟာကလေးများ ကျေးဇူးတင်စရာမဟုတ်ပါဘူး နှမရယ်၊ သည်လောက်မကတောင် နှမအတွက်ဆိုလျှင် ဆောင်ရွက်ပါမယ်" ဟု မောင်ထွန်းမြတ်က ပြန်ပြောဆဲတွင် ရထားသည် တရွေ့ရွေ့ထွက်သွားလေ၏။

ထိုအခါ ခင်စိန်ကြည်သည် ကွယ်လွန်သူ ဖခင်ကို တွေး၍ လွမ်းဆွတ်မိသည်နှင့် မောင်ထွန်းမြတ်အား နှုတ်တောင်ပင် မဆက်နိုင်လောက်အောင် မျက်နှာကိုပဝါအုပ်ပြီး၍ သွားရှာလေ၏။

မောင်ထွန်းမြတ်သည် ရထားထွက်သွားသည်ကို မျက်စိတဆုံး ရပ်လျက် ကြည့်နေပြီး ရထားသည် ကွေ့သွားသဖြင့် မမြင်ရသောအခါ ဟီးချလျက် အိမ်သို့ပြန်သွားလေ၏။

ခင်စိန်ကြည်မှာ မီးရထားထိုင်ခုံပေါ်မှာ မှီထိုင်လျက် ဖခင်သေဆုံး



http://myanmarpyithar.net

သည့်အတွက်နှင့် မိမိနေထိုင်ခဲ့သော နေအိမ်ကိုစွန့်ပစ်၍ တစ်ရပ်တစ်ရွာသို့ သွားပြီးလျှင် သူတစ်ပါးအိမ်တွင် နေထိုင်ရဦးမည့်အရေးများကို တွေးတော၍ မျက်ရည်မဆည်နိုင်အောင် ရှိလေ၏။ ထိုနောက် မောင်ထွန်းမြတ်၏ အကြောင်း စဉ်းစားမိပြန်သဖြင့် ၎င်းအားလည်း ကျေးဇူးတင်ရန် များစွာရှိပေသည့် အကြောင်းများ ကို စဉ်းစား၍နေစဉ်

မစောက "မမလေးဘုရား၊ မမလေးအနားက ဘာစက္ကူလဲ ဘုရား" ဟု ပြောသဖြင့် ကောက်ယူပြီး ဖြေ၍ကြည့်ရာ ငွေစက္ကူ တစ်ရာတန်တစ်ချပ်ကို တွေ့သောအခါ ခင်စိန်ကြည်လည်း ၎င်းငွေစက္ကူသည် မိမိအနီးသို့ မည်သို့ရောက်ရန် ရှိသနည်းဟု တွေးတော၍ မရသလောက်ဖြစ်လေ၏။ ထိုနောက်မှ မောင်ထွန်းမြတ်ကို သတိရသဖြင့် "ကိုထွန်းမြတ်သည် ငါ၏အဖြစ်ကိုသိ၍ ချထားခဲ့ရှာသည်ဖြစ်မည်၊ သြော် တယ်ပြီး သဘောကြီးတဲ့ လူတစ်ယောက်ပါ ကလား၊ ငါ့ဖခင် ကိစ္စမှာလည်း သူလာပြီး ခြေမကိုင်မိ လက်မကိုင်မိ စိတ်ရောကိုယ်ပါ ဆောင်ရွက်ရှာတဲ့အပြင် ငါ့မှာ ကြေးငွေမလုံမလောက် ဖြစ်နေတာကိုလည်း သိရှာလို့ သည်ဟာကို ပေးလိုက်ရှာတာပဲ၊ သို့သော် သူကောင်းတိုင်းလည်းပဲ ငါက အလိုက်မသိလို့ မတော်ပေ ဘူး၊ သည်ငွေကို ငါသုံးလို့လည်း မတော်ဘူး၊ သို့သော် စာနဲ့ရေးပြီး ပြန်ပို့လျှင်လည်း ရိုင်းရာကျတော့မယ်၊ သည်တော့–သူနဲ့တွေ့တဲ့အခါကျမှ ပြန်ပေးတော့မယ်လေ" ဟု အောက်မေ့၍ စက္ကူကို သိမ်းထားလိုက်လေ၏။

မိမိရီသည် မောင်ထွန်းမြတ် စစ်ကဲကြီး၏ကိစ္စတွင် ၎င်းအိမ်၌ပင် အချိန် ကုန်၍နေသည်ကို သိသဖြင့် ခင်စိန်ကြည်ကို မနာလိုသော စိတ်ရှိ၍နေသည်ဖြစ်ရာ ခင်စိန်ကြည်သွားမည့်နေ့ကိုလည်း သိနှင့်ပြီး ဖြစ်သောကြောင့် မိမိ၏ အိမ်ပြတင်း ပေါက်မှလှမ်း၍ ကြည့်နေစဉ် ခင်စိန်ကြည်၏ရထားသည် အိမ်ရှေ့မှဖြတ်၍ သွားသောအခါ မောင်ထွန်းမြတ်လည်း ရထားနံဘေးမှ စက်ဘီးနှင့် လိုက်၍သွားသည် ကိုမြင်လိုက်ရသဖြင့် များစွာမချမ်းသာသော စိတ်နှင့် ဝင်းပေါက်မှရပ်၍ မောင်ထွန်းမြတ်၏ အပြန်ကို စောင့်နေဆဲတွင် အဖ ဝန်ထောက်မင်း ပေါက်လာ၍။

"ဟဲ့ မိမိရီ၊ ကြားပြီးပြီလား" ဟု မေးရာ "ဘာအကြောင်းလဲ ဖေဖေရဲ့"

"မောင်ထွန်းမြတ် အကြောင်းလေ၊ ဟောဟိုက စက်ဘီးနဲ့လာတာ သူမဟုတ် ဘူးလား…

"ဘယ့်နှယ်လဲကွဲ့ မောင်ထွန်းမြတ်၊ စစ်ကဲကြီးနေတဲ့အိမ်ကို မင်းက ဝယ်လိုက်တယ်ဆို…"

"ဟုတ်တယ်၊ ကျွန်တော်ဝယ်လိုက်တာ တော်တော်ကြာသွားပြီ"



http://myanmarpyithar.net

"တယ်လာတဲ့လူတွေပါလား၊ မင်းတို့က ကျိတ်ကြံကြတယ် ပေါ့လေ"

"မဟုတ်ပါဘူးဦးရယ်" ဟူ၍သာ ပြောပြီးလျှင် "ကဲ–ကျွန်တော် အလုပ်တွေများနေလို့ သွားချေပါဦးမယ်၊ သွားဦးမယ်နော် မိမိရီ" ဟု နှုတ်ဆက်ကာ ထွက်သွားလေ၏။

■

## အခန်း(၈)

ရွှေဘိုမြို့၌ ရှိသူ ဝတ်လုံကတော်ကြီးသည် ခင်စိန်ကြည် လာမည့် အကြောင်းကို ကြေးနန်းရရှိလေလျှင် ခင်စိန်ကြည်ကို ဘယ်သောအခါမျှ မနှစ်သက် မချစ်ခင်ဘဲ ရှိခဲ့ရာ ယခု ခင်စိန်ကြည်သည် မိမိတို့နှင့်အတူလာ၍ နေထိုင်မည်ဟု ကြားရပြန်သောအခါ–

"သည်မိန်းမပျံကလေးက သည် ဘာလုပ်လာဦးမလို့လဲတဲ့လဲ၊ သူ့ဘာသာသူ တခြားမှာ ဘာလုပ်မနေနိုင်ရသလဲ၊ နေပေစေဦး၊ မောင်သာဒင်တော့ သူက မန္တလေးသွားပြီး သည်ကောင်မလေးကို တမင်ခေါ်ရတယ်ပေါ့လေ၊ ဖွီ... သင်းနေနိုင်နေရောပေါ့၊ သင်း မျက်ခွက်မှ..." စသည်ဖြင့် ကြိမ်းမောင်း၍ နေနှင့်လေ၏။

ခင်စိန်ကြည်မှာမူ ဒေါ်ဒေါ်၏သဘောကို သိပြီးဖြစ်သော်လည်း အခြား၌ တည်းခိုနေထိုင်ရန် အလျဉ်းမရှိသဖြင့်သာလျှင် လာခဲ့ရာ အိမ်သို့ရောက်လျှင် ဝတ်လုံကတော်ကြီးက အိမ်ပေါက်မှဆီး၍ "ဩော်– ရောက်လာ ပြီကိုး၊ ဘယ်လောက်ကြာမလဲ၊ ဘာလုပ်လာရတာတုန်း" ဟု မသာယာသော မျက်နှာထားနှင့် မေးရာ။

ခင်စိန်ကြည်သည် မျက်ရည်လည်လျက် "ကျွန်မကို စိတ်မဆိုးပါနှင့် ဒေါ်ဒေါ်ရယ်၊ ကျွန်မမှာ ဖေဖေသေပြီးနေစရာမှ အိမ်မရှိလို့ ဒေါ်ဒေါ်တို့နဲ့နေမယ်လို့ လာခဲ့ပါတယ်" ဟု ပြောလျှင်။

"ညည်းလာမှန်း ဒေါ်ဒေါ်ကမသိလို့ ဘာမှလည်း ပြင်ဆင်မထားရဘူး၊ ကဲ မီးဖိုချောင်နားက အခန်းပဲ ရှင်းလင်းပြီး နေကြပေတော့" ဟု အခြားအခန်းကောင်းရှိလျက် ညစ်ပတ်စွန်းပေသော အခန်းကို ပေးလေ၏။

ခင်စိန်ကြည်လည်း အခန်းတွင်းသို့ ဝင်ကြည့်၍ အခန်းအခြေအနေကို မြင်လျှင် ဖခင်ရှိစဉ်အခါ နေထိုင်ခဲ့ရပုံများနှင့် ကွာလှသောကြောင့် ဖခင်ကို တ၍ တီးတိုးငိုရှာသောအခါ မစောက "မငိုပါနဲ့ မမလေးဘုရား၊ ကျွန်မ ရှင်းပေးပါမယ်၊ မမလေးက ထိုင်သာနေပါ" ဟု ငိုလျက်ပြော၍ အခန်းကို ရှင်းလင်းသုတ်သင်ပြီးလျှင်



http://myanmarpyithar.net

အိပ်ရာ နေရာများကို ပြင်၍ ပေးလေ၏။ ထမင်းစားချိန်ရောက်၍ အိမ်အောက်သို့ဆင်းလာလျှင် ဝတ်လုံကတော်ကြီးက "အလို... ညည်းအိပ်နေတယ် မှတ်လို့ ငါစားပြီးပြီ၊ ကဲ ကဲ ညည်းကောင်မလေးနဲ့ ညည်းနဲ့ စားကြပေတော့" ဟု ပြော၍ မိမိမှာမူ ကောင်းမွန်သော ဟင်းတို့နှင့် စား၍ ခင်စိန်ကြည် ကိုကား ညံ့ဖျင်းသောဟင်းတို့နှင့်သာ ကျွေးလေ၏။ မစောလည်း မိမိသခင်မနှင့် ဘယ်သောအခါမျှ အတူဝင်၍မစားဖူးသောကြောင့် ဝင်၍မစားဘဲ အနီးတွင် ထိုင်နေလျှင် ဝတ်လုံကတော်ကြီးက...။

"ဟိုကောင်မလေးကကော တစ်ခါတည်း ပြီးအောင် ဝင်စားပါတော့လား" ဟု ပြောလျှင် "တော်ပါပြီ မင်းကတော်၊ မမလေးပြီးမှ စားပါတော့မည်" ဟု မစောက ပြန်ပြောပြီး အနီးမှာသာ ထိုင်လျက် နေလျှင် "တယ်ပွေတယ်အေ၊ တစ်ခါတည်း ဝင်စားလိုက်ပြီးရောပေါ့..." ဝတ်လုံကတော်က မသာသော မျက်နှာနှင့် ပြောလေ၏။

ဝတ်လုံကတော်သည် မိမိ၏ တူမကလေးအား ဤကဲ့သို့ ပမာနမပြုအကြင်နာမရှိဘဲ နေခဲ့ရာ ၅ ရက်ခန့်မျှရှိလျှင် ဝတ်လုံကတော်သည် ကြေးနန်းတစ်စောင် ရရှိလေ၏။ ၎င်းကြေးနန်းမှာ...၊

"ကျွန်တော် လာလည်ပါသည်၊ ဘူတာရုံသို့လာ၍ ကြိုပါ" ဟု ပါသော မောင်သက်ညွန့် ထံမှ ကြေးနန်းဖြစ်လေသည်။

ဝတ်လုံကတော်လည်း ကောင်းမွန်စွာ ဝတ်စားဆင်ယင်၍ ဘူတာရုံသို့ ရထားပိုင်နှင့် သွား၍ ကြိုပြီးလျှင် မောင်သက်ညွန့်နှင့် အတူ ပြန်လာ လေ၏။ မောင်သက်ညွန့်လည်း အိမ်သို့ရောက်၍ ခင်စိန်ကြည်ကို မြင်လျှင် များစွာ အံ့ဩဝမ်းမြောက်၍ "ဘယ်တုန်းက လာပါသလဲ" ဟု မေးရာ ဝတ်လုံကတော်က ဝင်၍ "သူရောက်တာ ၄-၅ ရက်လောက် ရှိသွားပြီ၊ ကဲ လာ ဝန်ထောက်မင်းတို့အိမ် သွားလည် ရအောင်" ဟု ပြောလျှင်၊

မောင်သက်ညွန့်က "နေပါဦးမမရယ်၊ အလည်သက်သက်လာပါသလား" ဟု ခင်စိန်ကြည်ကို မေးပြန်လျှင် ဝတ်လုံကတော်က တစ်ဖန်ဝင်၍ "အလည်လာတာ မဟုတ်ဘူး၊ သူ့အဖေ စစ်ကဲကြီးသေလို့ သည်မှာနေမလို့လာတာ၊ ကဲ... မိုးချုပ်နေတော့မယ်၊ ဝန်ထောက်..."

"ဩော်-မသိရပါဘူးဗျာ၊ ဘယ်တုန်းက ဆုံးရှာပါလိမ့်၊ လူချင်းတော့ မတွေ့ရဖူးပါဘူးဗျာ၊ မတွေ့ရဖူးသော်လည်း သည်ကနမ ဖေဖေဆိုတာနဲ့ ကိုယ့်ဦးကြီးလို အောက်မေ့ပြီး အပုံကြီးဝမ်းနည်းပါတယ်၊ စောစောက သိရလျှင် မသာတောင်



http://myanmarpyithar.net

မှီအောင် လာပါရဲ့ဗျာ” ဟု ဝမ်းနည်းသည့် မျက်နှာထားနှင့် ပြောလျှင် ခင်စိန်ကြည်မှာ ရွှေဘိုသို့ ရောက်သည့်နေ့ကစ၍ မိမိအား တစ်ယောက်သောသူမှ ကရုဏာရှိသည့် စကားတို့ကို ပြောဖူးသည်မရှိသဖြင့် မောင်သက်ညွန့်အား ဝမ်းတွင်း၌ ကျေးဇူးတင်မိရှာ၏။

ဝတ်လုံကတော်လည်း “မိုးချုပ်နေတော့မည်” ဟုပြော၍ မောင်သက်ညွန့်ကို ခေါ်သွားပြီးလျှင် ဝန်ထောက်မင်းအိမ်မှာ ထမင်းစား၍ မိုးချုပ်မှ ပြန်ခဲ့လေ၏။ ဝတ်လုံကတော်တို့ ပြန်လာလျှင် ခင်စိန်ကြည်တို့လည်း အိပ်ခန်းသို့ ဝင်နှင့်ပြီဖြစ်သောကြောင့် မောင်သက်ညွန့်မှာ ခင်စိန်ကြည်နှင့် စကားပြောစရာ အချက်မရလေရကား မိမိအခန်းသို့ ဝင်၍ အိပ်ရလေ၏။

မောင်သက်ညွန့်ရောက်၍ ၃ ရက်ခန့် ရှိလေလျှင် ဝတ်လုံကတော်သည် ခင်စိန်ကြည်နှင့် မောင်သက်ညွန့်ကို မည်သို့ပင် ကြံစည်၍ ခွဲပါသော်လည်း တစ်နေ့အမှုမဟုတ်သဖြင့် မတတ်နိုင်ဘဲ ရှိရာ မောင်သက်ညွန့်သည် ခင်စိန်ကြည်၏ အနီးမှာပင် အစဉ်ထိုင်လျက် ဖခင်သေဆုံးသဖြင့် စိတ်နှလုံးပူပင်လျက် ရှိနေရှာသည့် မိန်းကလေးတစ်ဦးကို စိတ်ပြေလက်ပျောက် ရှိပါစေတော့ဟု အောက်မေ့လေသလား။ သို့တည်းမဟုတ် အခြားအကြံအစည်ရှိလေသလား မသိ။ ရယ်ရွှင်ဖွယ်ကောင်းသော ပုံဝတ္ထုမှစ၍ ရန်ကုန်မြို့၊ မန္တလေးမြို့များတွင် မိမိကြည့်ခဲ့ရသည့် ဇာတ်လူပြက်တို့၏ ပြက်လုံးများကို ခြေဟန်လက်ဟန်နှင့်တကွ သရုပ်ပါအောင် ပြောပြီးလျှင် မိန်းကလေး မရယ်လျှင် ရယ်အောင် လုပ်တတ်ပေ၏။

ခင်စိန်ကြည်မှာမူ အပူတွေ့နေသည့်အခါဖြစ်၍ မိမိအား အရေးတယူ ဂရုစိုက်ပြီးလျှင် ပြောဆိုပေသည်ဟု ကျေးဇူးတင်လျက် ရှိရှာ၏။ ခင်စိန်ကြည် ပန်းခြံတွင် လမ်းလျှောက်နေလျှင် မောင်သက်ညွန့်သည် နံဘေးမှကပ်လျှက်၊ ဇာထိုးနေလျှင်လည်း နံဘေးမှာထိုင်လျက်၊ စာဖတ်နေလျှင်လည်း အနီးတွင်ရပ်လျက်၊ မည်သည့်အလုပ်ကို လုပ်နေသည်ဖြစ်စေ မောင်သက်ညွန့်သည် အစဉ်မပြတ် ကပ်လျှက်ရှိရကား ဝတ်လုံကတော်သည် များစွာသဘောမကျ မနာလိုစူဆောင့်လျက် ရှိလေ၏။

ဝတ်လုံကတော်ကြီးမှာ မောင်သက်တင်ဆိုသည့် ၅–နှစ် သားအရွယ်ရှိ သားကလေးတစ်ယောက် ရှိလေ၏။ ၄င်းသူငယ်ကလေးသည် မိခင်ဖြစ်သူ ဝတ်လုံကတော်အား ဘယ်သောအခါမျှ ချစ်ခင်ခဲ့သည်မရှိရာ မိခင်လုပ်သူကလည်း သားကလေးကို အလေးမပြု ဂရုမစိုက် ချစ်ခင်ကြင်နာခြင်းမရှိဘဲ စိတ်တိုင်းမကျသောအခါ၌သာလျှင် ရိုက်နှက်ဖေါ်ရကုန်၏။



http://myanmarpyithar.net

မောင်သက်တင်သည် ခင်စိန်ကြည်ကိုမြင်သည့်နေမှစ၍ မိမိ၏မိခင်ထက် အဆများစွာ ပိုမို၍ ချစ်ခင်ရကား ခင်စိန်ကြည်သွားရာကိုပင် နောက်က တစ်ကောက်ကောက်လိုက်လျက် နေလေ၏။ ခင်စိန်ကြည်လည်း သူငယ်ကလေးအား များစွာချစ်ခင်၍ မိမိ၌ပါလာသော ပိုးစ၊ ဖဲစကလေးများကို အင်္ကျီကလေး၊ လုံချည်ကလေးများ ချုပ်၍ပေးလေ၏။

တစ်နေ့သ၌ ခင်စိန်ကြည်၊ မောင်သက်တင်နှင့် မောင်သက်ညွန့်တို့သည် ပန်းခြံတွင် လမ်းလျှောက်လျက်နေကြရာ မောင်သက်တင်ကလေးက…။

"မမ–ဟိုမှာ လူတွေအုံလို့ ဘာလုပ်နေကြတာတုန်း ဟောဝက်ဝံကြီး ပါကလား၊ မမကျွန်တော့ကို ပြစမ်းပါ၊ လာပါမမရယ်၊ ကျွန်တော့ကြည့်ချင်လွန်းလို့ပါ" ဟု ခင်စိန်ကြည်၏လက်ကို အတင်းဆွဲ၍ ခေါ်သွားလျှင် ၃–ဦးသားတို့သည် ကုလားဝက်ဝံပွဲသို့ သွားကြလေ၏။ ထမင်းစားချိန်ရောက်သော်လည်း ဝက်ဝံပွဲ မပြီးသေးသဖြင့် မောင်သက်တင်က "နေပါဦးမမရယ်၊ ပြီးခါနီးပါပြီ၊ ခဏကလေး ပါ" ဟု တဖြည်းဖြည်းဆွဲထားလေ၏။

ဝတ်လုံကတော်ကမူ အိမ်၌ထမင်းပွဲခူး၍ စောင့်နေလေ၏။ ဝက်ဝံပွဲ ပြီးလျှင်ခင်စိန်ကြည်သည် မောင်သက်တင်လက်ကိုဆွဲလျက် မောင်သက်ညွန့်က နောက်ကကပ်လျက် ဝင်လာကြပြီး ခင်စိန်ကြည်သည် အဝတ်လဲရန် အပေါ်သို့ တက်သွားလေ၏။ မိမိအခန်းတွင်းသို့ ရောက်၍ အဝတ်လဲ နေသည်အခါ မောင်သက်တင်ကလေးက ဒူးကိုဖက်၍ ဝက်ဝံကြီးအကြောင်းကိုတွတ်တီးတွတ်တာ ပြောလျက်နေကြစဉ် ဝတ်လုံကတော် အခန်းတွင်းသို့ဝင်လာပြီးလျှင်…။

"ကိုယ်တို့ကဘယ်သွားနေကြသလဲ" ဟု အလွန်တရာစိတ်ဆိုးသော မျက်နှာထားနှင့်ငေါက်မေးရာ။

"မောင်သက်တင်က ဝက်ဝံပွဲကြည့်ချင်တယ်ဆိုလို့ လိုက်ပြနေရတယ်ဒေါ်ဒေါ် ရယ်" ဟု ခင်စိန်ကြည်ကပြန်ပြောလျှင်။

"ဟေ့ ခင်စိန်ကြည်၊ ညည်းက ညည်းကိုညည်း မရှက်ဘူးလားအေ့၊ ညည်းကမရှက်ပေမယ့် ငါကရှက်လှတယ်"

"ဒေါ်ဒေါ်ပြောတာ ကျွန်မနားမလည်ပါဘူးဒေါ်ဒေါ်ရယ်၊ ကျွန်မဘာလုပ် လို့တုန်း"

"တယ်၊ ညည်းကလူများအိမ်မှာလည်း နေသေးရဲ့၊ ကျေးဇူးရှင် ကျေးစွပ်ဆိုတဲ့စကားလို လူများအရှက်လည်း ခွဲသေးရဲ့ ကောင်းပါပေရဲ့အေ ညည်းလုပ်ပုံ၊ တကတည်း ထွက်သွားလိုက်တာ ကြာလှပြီ၊ အခုမှပြန်လာကြ



http://myanmarpyithar.net

တော့တယ်၊ညည်းက သက်ညွန့်နဲ့ တော်ရာ သွားပြီး ဘာလုပ်နေကြသတုန်း၊ သည်ကောင်ကလေး ရောက်လာ ကတည်းက သူ့ကိုထနေတာ ငါမပြောချင်လို့ ကြည့်နေ၊ အကောင်းမှတ်လို့” ဟု နှုတ်ခမ်းစူကာ ပြစ်တင်ပြောဆိုလေ၏။

ဤသို့ မတရားသဖြင့် စွပ်စွဲခြင်းကို ခံရလေလျှင် ခင်စိန်ကြည်သည် စစ်ကဲကြီး၏ သမီးတစ်ယောက်ဖြစ်လျက် အနုပ်စုတ်ကုတ်စုတ် မျိုးမည်မသန့်သည့် မိန်းမတစ်ယောက်ကထ၍ ဝတ်လုံကတော်ဖြစ်သောကြောင့် မိမိအား ဆဲရေးတိုင်းထွာ ပြုလုပ်ရမလားဟု များစွာ အမြက်ထွက်၍ ရှက်လည်းရှက်သည်နှင့် ထိုင်ရာမှထ၍ ဖားလျား ကျလျက်ရှိသော မိမိဆံပင်ကိုလက်ဖြင့်တွန်းဖယ်ပြီးလျှင်။

“ကျွန်မ–မထဘူးဒေါ်ဒေါ်ရေ့၊ ကျွန်မတို့အမျိုး ထတဲ့အမျိုးမဟုတ်ဘူး၊ ထတာက အပျိုများကမထဘူး၊ အအိုများကသာထပြီးနေတယ်၊ ထတော့ ကျွန်မ မထဘူး ဒေါ်ဒေါ်ကထတာ” ဟုပြန်၍ ပြောလျှင် ဟုတ်သည်ကို ပြောလျှင် နာတတ်သည်ဆိုသည့်အတိုင်း ခင်စိန်ကြည်သည် ဟုတ်မှန်ရာကို ပြောမိလျက် ရှိသောကြောင့်ဝတ်လုံကတော်သည် ပြင်းစွာ အမျက်ထွက်သဖြင့် စိတ်ကို မချုပ်တည်းနိုင်ရကား...။

ခင်စိန်ကြည်၏ လက်ဝဲဘက်ပါးကို မိမိ၏ လက်ျာလက်ဖြင့် တစ်ချက် ချလိုက်ရာ ခင်စိန်ကြည်မှာ နာကျင်လှသည်ဖြစ်၍ ငုံ၍အသွားတွင် လက်ဝဲလက်နှင့် လက်ျာဘက်ပါးကို တစ်ချက်ထပ်၍ ချပြန်၏။ ခင်စိန်ကြည်မှာ မိမိ၏ပါးကိုချ၍ နာကျင်သည်ထက် အချခံရလေခြင်းဟုအောက်မေ့၍ ဝမ်းနည်းခြင်းသည် သာ၍ပင် ကြီးရကား မျက်နှာကို လက်နှစ်ဘက်ဖြင့်ပိတ်ပြီး ငိုကြွေးရာလေ၏။ အနီးတွင် မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနှင့် ကြည့်လျက်နေသော မောင်သက်တင် ကလေးမှာလည်း မိမိအားရိုက်လိုက်ဘိသကဲ့သို့ အော်၍ငိုလေလျှင် ဝတ်လုံ ကတော်က...

“ဒီခွေးမသားကလေးက ဘာဖြစ်တာတုန်း”ဟု ဆိုလျက် နားရင်းကို တစ်ချက်ချလိုက်ပြီးလျှင် အခန်းပြင်သို့ဆွဲခေါ်သွားလေ၏။

ထိုညည့်၌ ခင်စိန်ကြည်သည် တစ်ညည့်လုံးအိပ်၍ မပျော်ဘဲ ဤအိမ်မှ မည်သို့ လွတ်နိုင်ပါအံ့နည်းဟု စဉ်းစားလျက်နေရှာ၏။ ဝတ်လုံကတော်နှင့်အတူ နေ၍လည်းမဖြစ်၊ အခြား၌လည်း နေရန်မရှိ ဦးလေးသွားရာရေနံချောင်းသို့ လိုက်သွား၍ဦးလေးအား တိုင်ကြားလျှင်လည်း အချည်းနှီးပင်ဖြစ်မည်ဟု မကြံတတ် မစည်တတ်ဖြစ်ပြီးလျှင်ထိုည၌ အတွင်းတွင် ခင်စိန်ကြည်သည်မိမိဖခင်နှင့်အတူ သေ၍လိုက်ရလျှင် ကောင်းလေစွဟု ကြိမ်ဖန်များစွာ အောက်မေ့မိ ရှာလေ၏။



http://myanmarpyithar.net

နံနက်မိုးလင်းလျှင် မောင်သက်တင်ကလေးသည် ခင်စိန်ကြည်၏ အခန်းတွင်းသို့ ပြေးဝင်လာ၍ "မမ လာ၊ ကျွန်တော်တို့အောက်ဆင်းကြစို့၊ ဟိုမှာကြည့်စမ်း၊ သူတို့သွားကြပြီ"ဟု ပြလျှင် ခင်စိန်ကြည်လည်း ပြတင်းပေါက်မှလှမ်း၍ ကြည့်လိုက်ရာ မောင်သက်ညွန့် နှင့် ဝတ်လုံကတော်တို့သည် ရထားနှင့်ထွက်၍ သွားကြသည်ကို မြင်ရသဖြင့် အဝတ်လဲ၍ အိမ်အောက်သို့ဆင်းသွားကြလေ၏။

အိမ်အောက်သို့ရောက်လျှင် မြင်းရထားတစ်စီးသည် ဝင်းတစ်ဝင်းသို့ ဝင်လာ၍ လူတစ်ယောက်သည် မြင်းရထားပေါ်မှဆင်းလာလျှင် ခင်စိန်ကြည်သည်အိမ်ဝမှ ရပ်လျက်...

"အောင်မယ် ကိုထွန်းမြတ်ပါကလား၊ ဘယ်တုန်းကရောက်သလဲ၊ ဝမ်းသာလိုက်တာရှင်၊ လာမယ်လို့တော့ ကျွန်မထင်မိပါရဲ့၊ သို့သော် သည်လောက်ရက်အတွင်းတော့ လာသေးမယ် မထင်မိပေဘူးရှင်" ဟု ရွှင်လန်းသော မျက်နှာဖြင့် ဆီး၍ နှုတ်ဆက်လျှင်။

"ရွှေဘိုက အမှုသည်တစ်ယောက်က ငှားလို့ မနေ့ကပဲ ရောက်တယ်၊ ရောက်တဲ့အခါ နှမတို့ဆီ ဝင်ဦးမယ်လို့လာခဲ့တယ်၊ ဝတ်လုံတော်ရမင်း ရေနံချောင်းက မပြန်သေးဘူးဆို"

"ဟုတ်တယ်ရှင်၊ မပြန်လာသေး..." ဟု ပြောဆဲတွင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်၏ (၁၀၀) တန်စက္ကူကို သတိရ၍ ပြောမည့်စကားကို မပြောနိုင်ဘဲ မျက်နှာပျက်လျက်နေလေ၏။

မိမိ၌လည်း ကြေးငွေမရှိ၊ ဝတ်လုံတော်ရမင်းလည်း မပြန်လာသေး။ ပြန်လာပါလျှင်လည်း ဝတ်လုံတော်ရမင်းထံမှ မတောင်းလိုသဖြင့် ခင်စိန်ကြည်သည် အသေးအဖွဲသုံးရန်အတွက် စက္ကူကိုလဲ၍ သုံးမိလေ၏။

မောင်ထွန်းမြတ်သည် မောင်သက်တင်ကိုကြည့်၍ "တယ်ချစ်စရာကောင်းတဲ့ လူကလေးပါကလား" ဟု ပြောလျှင်။

"ကျွန်မတို့ဦးလေးသား မောင်သက်တင်ပေါ့"

"တယ်ပွင့်ပွင့်လင်းလင်းရှိတဲ့ မျက်နှာကလေး၊ မင့်အသက် ဘယ်လောက်ရှိပြီလဲဟေ့..."

"ကျွန်တော်က ၅-နှစ်ခင်ဗျ၊ ကျွန်တော့်ညီကလေးက ၂-နှစ်" ဟု သွက်သွက်လက်လက် ပြန်၍ပြောလျှင် ခင်စိန်ကြည်သည် လူကလေးကို ငုံ့၍ နမ်းလျက်...

"သည်ဟာက မမတို့မောင်ကြီး ကိုထွန်းမြတ်ပေါ့...၊ မမကို အင်မတန်



http://myanmarpyithar.net

ခင်ရှာတယ်" ဟု ပြောလျှင် မောင်သက်တင်လည်း မောင်ထွန်းမြတ်၏မျက်နှာကို သေချာစွာ မော်ကြည့်၍... "ဟုတ်လားခင်ဗျာ၊ ခင်ဗျားက ကျွန်တော့် မမကိုချစ်ရင် ကျွန်တော်က ခင်ဗျားကိုချစ်မှာပဲ" ဟု ပြော၍ မောင်ထွန်းမြတ်၏လက်ကို သွား၍ကိုင်လျှင်

ခင်စိန်ကြည်က "အင်မတန် ခင်ရှာတယ် လူကလေးရယ်၊ ဒါနဲ့ ရှင့်ဟိုဥစ္စာ ကျွန်မ မသုံးဘူးလို့အောက်မေ့တာ... အင်မတန် ကျေးဇူးတင်ပါတယ်ရှင်၊ အခုတော့ ကျွန်မလည်း ဦးလေး..." ဟု တစ်ခွန်းချင်းပြော၍နေလျှင်။

မောင်ထွန်းမြတ်က မသိချင်ပြု၍ရယ်လျက် "နှမပြောတာ နားမလည်ပါဘူး၊ ဘာပြောတာလဲ၊ ဒါနဲ့ ဝတ်လုံကတော်ကြီးကော မရှိဘူးလား၊ ဘယ်သွားသလဲ" ဟုမေးရာ။

ခင်စိန်ကြည်သည် မိမိနေရသည့်အဖြစ်ကို ရုတ်တရက် သတိရ၍ ညှိုးငယ်သော မျက်နှာထားနှင့် "အလည်သွားကြပါတယ်" ဟု ပြောလေ၏။

မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်၏မျက်နှာကဲကိုခတ်လျက် "နှမ သည်မှာ နေထိုင်ရတာ တယ်ပြီး စိတ်မချမ်းသာဘူးထင်တယ်" ဟု မေးလျှင်။

ခင်စိန်ကြည်သည် အားကိုးရာမဲ့ဖြစ်နေ၍ အလွန်တရာ ညှိုးငယ်သော မျက်နှာထားနှင့် မောင်ထွန်းမြတ်၏မျက်နှာကို မော်ကြည့်ပြီးလျှင် "ကျွန်မဖေဖေနဲ့ နေတုန်းကလိုတော့ ဘယ်မှာ စိတ်ချမ်းသာနိုင်မလဲ မောင်ကြီးရယ်၊ သည်မှာတော့ ကိုယ့်ဦးလေးအိမ် ဆိုပေမယ့် ဦးလေးကလည်း မလာသေး၊ မပြောပါရစေနဲ့ မောင်ကြီးရှင်၊ ကျွန်မသည်မှာလည်း မနေချင်၊ သည့်ပြင်မှာလည်း ဘယ်မှနေစရာမရှိ၊ ဘယ်သူ့ကိုမှ လှည့်ကြည့်လိုက်လို့ အားကိုးစရာလည်းမရှိ..."

"မမက သည်ကနေ့မနက်တောင် ကျွန်တော့်ပြောသေးတယ်၊ သည်အိမ်မှာ မနေဘူးတဲ့၊ သွားတော့မယ်တဲ့၊ ဘာပြုလို့တုန်း ကျွန်တော်သိတယ်၊ မေမေက ရိုက်လို့၊ မေမေကလေ..."

"ဟဲ့... တိတ်တိတ်နေ မောင်သက်တင်" ဟု ခင်စိန်ကြည်ကဝင်၍ပြောသော်လည်း "မေမေက ရိုက်လို့ခင်ဗျ၊ ပါးကို နှစ်ချက်တောင်ပဲ ရိုက်တယ်၊ ကျွန်တော့် ရှေ့တင်ပဲ ကျွန်တော်ကတောင် မမရိုက်လို့ ငိုတော့ ကျွန်တော့်တောင် မေမေက ရိုက်သေးတယ်၊ ကျွန်တော်တော့ ကလေးမို့ ရိုက်ပါစေတော့၊ မမတော့ သူက ဘာပြုလို့ ရိုက်ရသလဲ" ဟု ပြောလျှင်။

ခင်စိန်ကြည်က "မောင်သက်တင် မင်း တယ်စကားများတယ်၊ သွား–အပြင်သွား ကစားချေ" ဟု ထုတ်လိုက်လေ၏။



http://myanmarpyithar.net

မောင်ထွန်းမြတ်သည် ကလေးပြောသည်ကိုကြားလျှင် ခင်စိန်ကြည်ကို များစွာကရုဏာဖြစ်၍ ဝတ်လုံကတော်ကြီးကိုလည်း လွန်စွာစိတ်ဆိုးလျက် "ဟုတ်ကဲ့လား နှမရယ်၊ ကလေးပြောတာ ဟုတ်ကဲ့လား" ဟု မေးလျှင်။

"ကျွန်မအကြောင်းပေါ့မောင်ကြီးရယ်၊ ဦးလေးမလာခင် သည်လိုပဲ နေရဦးမှာပဲ"

"ဦးလေးလာတော့ကော"

"ဦးလေးလာတော့...မပြောတတ်သေးပါဘူး မောင်ကြီးရယ်၊ ကျွန်မဒေါ်ဒေါ်နဲ့တော့ အမှန်ပဲ နေနိုင်ပုံမပေါ်ဘူး၊ ကျွန်မကို သည်လိုချည်းပဲ နှိပ်စက်နေလျှင်ဖြင့် ကျွန်မ ဘယ်နေနိုင်ဖို့ရှိမလဲ မောင်ကြီးရယ်၊ တကယ်ဆိုတော့ ကျွန်မဒုက္ခတွေ သူသိရက်နဲ့ ကျွန်မကို သည်လိုနှိပ်စက်ဖို့ မကောင်းပါဘူးရှင်" ဟု ပြောရင်း မျက်ရည်တို့သည် ချုပ်တည်း၍မရနိုင်ဘဲ ပါးတစ်ဖက်တစ်ချက်တို့မှ ယိုစီးလျက် ရှိကုန်၏။

မောင်ထွန်းမြတ်လည်း မိမိစိတ်ကို အနိုင်နိုင် ချုပ်တည်း၍ "မောင်ကြီးများ တတ်နိုင်မယ်ဆိုလျှင်ဖြင့် ဆောင်ရွက်ပါတယ် နှမရယ်" ဟု ကရုဏာအားကြီးသော အသံဖြင့်ပြောရာ–

"မောင်ကြီးလည်း ဘာတတ်နိုင်မလဲ မောင်ကြီးရယ်၊ ကျွန်မ အကြောင်းနဲ့ ကျွန်မ ဖန်တီးလာတာ၊ ဘယ်သူမှ တတ်နိုင်မယ်မဟုတ်ပါဘူး" ဟု အလွန်တရာ အားငယ်သောလေသံဖြင့် ပြောလေ၏။

ထိုအခါ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏မျက်နှာကို သေချာစွာ ကြည့်လျက် လက်ကလေးကို အမှတ်မဲ့ ယူကိုင်ပြီးလျှင်...

"မောင်ကြီးတတ်နိုင်တဲ့ နည်းတစ်နည်းတော့ ရှိတယ်၊ သို့သော်လည်း သည်နည်းတော့ နှမ မလိုက်နာချင်ပေဘူးလား မပြောတတ်ဘူး..." ဟု ပြောလျှင်။

ခင်စိန်ကြည်သည် နားမလည်သဖြင့် မောင်ထွန်းမြတ်ကို ကြည့်လျက်ပင် နေရာ "မောင်ကြီးပြောလျှင် နှမ စိတ်ဆိုးမလား၊ စိတ်မဆိုးနဲ့နော်...ကဲဒါဖြင့် မန္တလေးကိုပြန်ပြီး နှမတို့ အရင်နေတဲ့အိမ်ကို ပြန်နေမလား" ဟု ထပ်၍ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်က "ဘယ်လိုနေရမှာလဲ" ဟု နားမလည်သဖြင့် ထပ်၍မေးရာ

"မောင်ကြီးနဲ့ အတူတူပေါ့" ဟု မောင်ထွန်းမြတ်က ပြန်ပြောလေလျှင်။

ခင်စိန်ကြည်မှာ များစွာ အံ့အားသင့်လျက် အသက်ကိုမျှ မရှူရှိုက်မိဘဲ ငေး၍ကြည့်နေလေ၏။ ခင်စိန်ကြည်မှာ မောင်ထွန်းမြတ်အား မောင်အရင်းကဲ့သို့



http://myanmarpyithar.net

အောက်မေ့၍ များစွာ ချစ်ခင် အကျွမ်းဝင်လျက် မိမိ၌ ဒုက္ခတွေ့ကြုံနေရသည်များကို မိမိမောင်အား တိုင်ကြားဘိသကဲ့သို့ အရောတဝင် ပြောဆိုခဲ့သည်မှန်၏။ သို့သော် မောင်ထွန်းမြတ်ကို ယခုကဲ့သို့ ချစ်ခင်စုံမက်ရန်မှာ တစ်ခါဖူးမျှ မကြံစည်စိတ်မကူး မိသည်ဖြစ်သောကြောင့် မောင်ထွန်းမြတ်ဆိုလိုသည့် အဓိပ္ပာယ်ကို သိလျှင်သိချင်း မောင်ထွန်းမြတ် ကိုင်ထားသောလက်ကို ရုန်းဖယ်၍ ငြင်းပယ်စကား ပြောမည် ပြုသော်လည်း မောင်ထွန်းမြတ်က လက်ကို မလွှတ်ဘဲ အခြားလက်တစ်ဖက်ပါ ကိုင်ထားလေ၏။

ထိုကဲ့သို့ ကိုင်ထားပုံသည် အချို့စာအုပ်များတွင် ပါလေ့ရှိသည့် သမီးရည်းစား စကားပြောပုံကဲ့သို့ ဝတ္ထုပုံပြင် သက်သေ စသည်ဖြင့် ဇနက္ကမင်း သဘော်ပျက်သလေး၊ မေခလာနတ်သမီးလေး စသည်တို့ကဲ့သို့ စကားပိုအလျှဉ်းမပါ။ မိမိတို့တစ်သက်၌ တစ်ဦးတည်းသော မိန်းမကို နှစ်နှစ်ခြိုက်ခြိုက် လှိုက်လှိုက်လှဲလှဲ ချစ်ခင်စုံမက်ကြသော အခါ၌ ပြောလေ့ရှိကြသည့်အတိုင်း ယုံကြည်ဖွယ်သော မျက်နှာထား၊ ချစ်ခင်ဖွယ်သော အမူအရာ၊ နူးညံ့သိမ်မွေ့၍ နာပျော်ဖွယ်ရှိသောအသံဖြင့် စိတ်ရောကိုယ်ပါ ပြောဆို သည်ကို ကြားရမြင်ရလျှင် ခင်စိန်ကြည်မှာ အခြားတစ်ယောက်အပေါ်၌ ငြိတွယ်ပြီး မဖြစ်လျှင် ထိုနေရာ၌ပင် မောင်ထွန်းမြတ်ပြောသည်ကို လိုက်နာမည် ဖြစ်လေသည်။ သို့ရာတွင် ဤသို့ပြောနေစဉ် ဝတ်လုံကတော်ကြီးသည် ရုတ်တရက် ဝင်လာပြီး အကြောင်းကို ရိပ်မိသည်တွင် အခန်းအဝင်ဝ ခြေသုတ်ခုံပေါ်တွင် တုံ့၍ ရပ်လျက်။

"ဘယ့်နှယ်ဟာတွေလဲ" ဟု ဖွင့်၍မပြောသော်လည်း ပြောဘိသကဲ့သို့ မျက်နှာထားပြလေသော် ထိုအခါ မောင်ထွန်းမြတ်မှာ ရိုးသားဖြောင့်မတ်သော အကြံအစည်ဖြင့် ပြောဆိုနေသည်ဖြစ်သောကြောင့် မျက်နှာထားမပျက်ဘဲ။

"ဝတ်လုံတော်ရမင်းတော့ ကျွန်တော့်ကို သိပါတယ်၊ ကျွန်တော် မန္တလေးက ရှေ့နေ မောင်ထွန်းမြတ်ပါပဲ"ဟု ပြောလျှင် ဝတ်လုံကတော်သည် မောင်ထွန်းမြတ်ကို ခြေဆုံးခေါင်းဆုံးကြည့်၍...။

"မောင့်နာမည်တော့ ကြားဖူးပါရဲ့၊ သို့သော် မောင်နဲ့ ခင်စိန်ကြည်နဲ့အင်မတန် အရောတဝင်ဖြစ်ပြီး ယခုလို..."

"ကျွန်တော် အစီရင်ခံပါရစေ ဝတ်လုံကတော်ကြီးခင်ဗျာ၊ ခင်စိန်ကြည်နဲ့ ကျွန်တော်နဲ့ ဘယ်သောအခါမျှ အင်မတန် အရောတဝင် မရှိခဲ့ဖူးပါဘူး၊ ယခုမှပဲ ကျွန်တော့်စကားကို လက်သင့်ခံဖို့ တောင်းပန်ဆဲ ရှိပါသေးတယ်"ဟု ပြောလျှင်။

ဝတ်လုံကတော်သည် ခင်စိန်ကြည်ကို မိမိအိမ်မှ မည်သို့ကြံစည်၍ ထုတ်ရ ပါမည်ဟု ကြံစည်တွေးတော၍ မရနိုင်ရှိရသည့်အတွင်း ယခု မောင်ထွန်းမြတ်က



http://myanmarpyithar.net

လာ၍ပြောဆိုလာသည်ဟု ကြားရလျှင် မိမိလက်မှ သည်ကောင်မကလေး လွတ်ပေတော့မည်ဟု မျက်နှာထားကြီး၍နေရာမှ ရုတ်တရက် ချိုလာပြီးလျှင်။

"ဒါဖြင့် ဘာပြောစရာရှိသလဲ၊ ခင်စိန်ကြည်က ကျေးဇူးတင်ဖို့သာ ရှိတာပေါ့၊ သူ့ခမျာမှာလည်း အမိမရှိ အဖမရှိ ခနမရှိဖြစ်နေတဲ့ အခါမှာတော့...ဟုတ်တယ်လေ၊ အဒေါ်က အမှန်ပြောတာ၊ မောင်လိုလူ တစ်ယောက်က ပြောဆိုလာတယ်ဆိုတော့ ဘာပြောဖို့ရှိသေးသလဲ၊ နို့ ခင်စိန်ကြည်ကကော ဘယ့်နှယ်ပြောသလဲ၊ သဘောတူမှာပေါ့လေ" ဟု မေးလျှင် ခင်စိန်ကြည်သည် ဝတ်လုံကတော်အား အဖက်လုပ်၍ ပြန်မပြောဘဲ မောင်ထွန်းမြတ်၏အနီးသို့ ကပ်ပြီးလျှင်။

"ကျွန်မ တစ်နာရီလောက် စဉ်းစားဖို့ခွင့်ပြုပါရှင်" ဟု ပြောရာ။

"စဉ်းစားပါခင်၊ စဉ်းစားပါ၊ စဉ်းစားပါရစေဦးဆိုတော့... မျှော်လင့်စရာ ရှိသေးတာပေါ့၊ ဒါဖြင့် ညနေလောက်မှ တစ်ခေါက် လာခဲ့ဦးမယ် ဟုတ်လား၊ သွားချေပါဦးမယ်ဒေါ်ဒေါ်"

ခင်စိန်ကြည်လည်း အိမ်ပေါ်သို့တက်၍ မိမိအခန်းတွင်းသို့ ဝင်ပြီးလျှင် စဉ်းစားဆင်ခြင်လျက်နေလေ၏။ ခင်စိန်ကြည်မှာ မိခင်အုပ်၍ ကြီးခဲ့ရရှာသည် မဟုတ်သောကြောင့် ဤအရာမျိုး၌ စဉ်းလည်း မစဉ်းစားတတ်၊ တိုင်ပင်ရန်လည်း တစ်ယောက်မျှမရှိသဖြင့် ကလေးကဲ့သို့သာလျှင် စဉ်းစားတတ်ရှာ၏။ ကိုထွန်းမြတ်၏ အိမ်သည် ငါတို့ ယခုနေသော အိမ်ထက်ကြီး၏၊ လှ၏၊ နေရာလည်း ကောင်း၏။ ကိုထွန်းမြတ်သည်လည်း စိတ်သဘောပြည့်ဝ၍ ချစ်ခင်ဖွယ်ကောင်း၏။ ချစ်ခင်ကြင်နာတတ်သော စိတ်လည်းရှိ၏။ သို့ဖြစ်သောကြောင့် လက်ခံရတော့မည်လား။ သို့သော်... ဟာ ဘယ်နည်းနဲ့မဆို သည်မှာနေရတာနှင့် စာလိုက်လျှင်တော့ နတ်ပြည်နဲ့ ငရဲလောက် ကွာမှာပဲ။ ဒါတော့ ဟုတ်ပါပြီ။ သို့သော် ငါက သူ့ကို မကြိုက်တာက ခက်တယ်၊ ငါကြိုက်တာကတော့ ကိုသက်ညွှန့်၊ ပြောလာတာက ကိုထွန်းမြတ်၊ ဟိုတစ်ယောက်ကများ ပြောလာပါတော့နော်၊ သို့မဟုတ်လည်း သူ့ကို ငါ လုံးလုံးမမြင်ဖူးရင်လည်း အကောင်းသားဟူ၍ စဉ်းစားလျက်နေလျှင် ဝတ်လုံကတော်ကြီးသည် ဝင်လာပြီး။

"ဘယ့်နှယ်လဲ တူမကြီး၊ စဉ်းစားမိပြီလား၊ ဘာစဉ်းစားဖို့ ရှိသလဲ၊ သူ့အကြောင်းလည်း တူမကြီး သိပြီးမဟုတ်လား၊ လူရိုးလူဖြောင့် သိက္ခာသမာဓိနဲ့ ပြည့်စုံ၊ သည်လိုဟာတော့ ဟုတ်တာပြော၊ အင်မတန်ရှားတာကပ၊ ကာလက ဘော်ကြော့တွေသာများတာ၊ စိတ်ကူးမလွဲနဲ့ တူမကြီး" စသည်ဖြင့် အတွင်လော့လေ၏။

ခင်စိန်ကြည်မှာ မစဉ်းစားတတ်အောင်ဖြစ်လျက် ဟိုဘက်ယိမ်း သည်ဘက်ယိုင် စိတ်ဒွိဟဖြစ်၍နေစဉ် မောင်ထွန်းမြတ်သည် ဝင်းတွင်းသို့ဝင်၍လာသည်ကို ပြတင်းပေါက်မှ မြင်သဖြင့် အိမ်အောက်သို့ ဆင်းလာခဲ့ရာ မည်သို့ပြောရမည်ကို မတွေးနိုင်အောင်ပင် ရှိပေသေး၏။ အောက်သို့အဆင်း လှေကားတွင် မောင်သက်ညွန့်နှင့် တွေ့သဖြင့် ခင်စိန်ကြည်သည် မိမိ၏ရင်ခုန်သံကို ကြားရသည်တိုင်အောင် ရင်ခုန်လျက် ရှိနေလေရာ မောင်သက်ညွန့်က...

"ဘယ့်နှယ်လဲခင်၊ ဘယ်သွားပုန်းနေသလဲ၊ ကျွန်တော်တို့ အကြောင်း ကြားပြီးပြီလား"

"မကြားသေးဘူး"

"သည်မယ် ခုတင်က မမနဲ့ ကျွန်တော် ဒေါက်ကပ်နဲ့ ထွက်သွားကြတော့ ကျွန်တော်က ဒေါက်ကပ်မောင်းသွားတာကိုး။ မောင်းသွားတော့ ကိုတော်မြတ်မြင်းကလေးက လမ်းကျတော့ လန့်ပါရော၊ လန့်ပြီး ပဒပ်ရပ်လိုက်၊ ကန်လိုက်၊ ပေါက်လိုက်နဲ့လုပ်တော့ မမကလေ ကြောက်လွန်းလို့ ကျွန်တော့်ကို ဖက်ထားလိုက်တာ၊ တော်တော်ကြာ မြင်းလည်း ဒူးထောက်ရက် လဲသွားရော မမလည်း ရထားပေါ်ကဆင်းပြေးပြီး အိမ်ခြေကျင်ပြန်ပြေးလိုက်တာ၊ ဒါနဲ့ မိုက်လှတဲ့ သတ္တဝါကလေးကြိမ်ဒဏ်များများကြီးပေးပြီး လမ်းတစ်လျှောက်လုံး ဒုန်းစိုင်းပြန်လာ၊ အိမ်ရောက်တော့ အဆင်သင့် ကိုထွန်းမြတ်နဲ့တွေ့၊ လူကောင်းတစ်ယောက်ပေပဲဗျာ၊ ကိုထွန်းမြတ်နာမည်ကလည်း မြတ်၊ လူကလည်း မြတ် ကျွန်တော်တို့တော့ ခင့်အတွက် အပုံကြီး ဝမ်းမြောက်ပါတယ်"ဟု ပြောလျှင် ခင်စိန်ကြည်သည် တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ မောင်သက်ညွန့်၏မျက်နှာကိုသာ မော်၍ ကြည့်နေသောအခါ။

မောင်သက်ညွန့်က ဆက်လက်၍ "ဘာလဲ သိနင့်တာ အံ့ဩသလား၊ ဘာအံ့ဩစရာရှိသလဲခင်ရယ်၊ ကျွန်တော်တို့တော့ တစ်အိမ်သားတည်း ဖြစ်နေကြတာပဲ၊ ခုတင်ပဲ မမက ဆီးပြောလိုက်လို့ အကုန်ပဲကြားခဲ့ရပါပြီဗျာ၊ တယ်ဝမ်းမြောက်ပါတယ်"

"ကျေးဇူးတင်ပါရဲ့ရှင်၊ သို့သော် ဝမ်းမြောက်တာကနည်းနည်း အရင်ကျနေတယ်မှတ်တယ်"

"ဟုတ်လား၊ ဒါဖြင့် ယခု ဝမ်းမမြောက်ရသေး၊ နောက်တစ်ယောက်နဲ့ကျမှ ဝမ်းမြောက်ရမှာပေါ့လေ၊ ကိုယ်တို့တော့ဗျာ၊ မကြံစည်ဝံ့ပါဘူး၊ ကြံစည်တုန်းကတော့ ကြံစည်မိပါရဲ့၊ ကိုယ်တို့တော့မြင်ရုံသာ မြင်ရဆိုတဲ့ အထဲကပါပဲ"ဟု ထေ့၍ပြောပြီးလျှင် အိမ်ပေါ်သို့ တက်သွားလေ၏။



http://myanmarpyithar.net

ခင်စိန်ကြည်သည် မောင်သက်ညွှန့်၏ကျောကို ခေတ္တငေး၍ ကြည့်ပြီးမှ "ဤသူကား လူဘော်ကြော့ဖြစ်သည်၊ အဟုတ်ချစ်ခင်သောစိတ်မရှိ၊ အကယ်ချစ်ခင်ပါက..." စသည်ဖြင့် စဉ်းစားလျက် အိမ်အောက်သို့ ဆင်းသွားလေ၏။

မောင်ထွန်းမြတ်သည် ကုလားထိုင်ပေါ်တွင် ထိုင်လျက်စောင့် နေရာမှ ထပြီးလျှင် "ဘယ့်နှယ်လဲ နှမရယ်၊ မောင်ကြီးပြောတာ သဘောတူရဲ့လား" ဟု ချိုသာသောအသံဖြင့်မေးရာ ခင်စိန်ကြည်က–

"ဟုတ်ကဲ့ရှင်၊ သို့သော်လည်း ကျွန်မ တစ်ခု ပြောချင်တယ်" ဟု စ၍ ပြောလျှင်။

မောင်ထွန်းမြတ်သည် ရွှင်လန်းသော မျက်နှာထားနှင့် ခင်စိန်ကြည်၏လက်ကို ကိုင်ပြီးလျှင်ကြည့်ပါ "သို့သော်မလဲဘာနဲ့တော့ နှမရယ်၊ ပြောစရာရှိတာ ဖြည်းဖြည်းသည်မှာထိုင်ပြီး ပြောတာပေါ့၊ သဘောတူပြီဆိုတာ ကြားရ မောင် အင်မတန်ကြီးဝမ်းသာလှပါပြီ နှမရယ်" ဟုဆို၍ ကုလားထိုင်တစ်ခုပေါ်သို့ ခင်စိန်ကြည်ကို ထိုင်စေလေ၏။ မိမိသည်လည်း အနီးတွင်ရှိ ကုလားထိုင်ပေါ်မှာ ထိုင်လျက် နတ်ပြည်သို့ရောက်သကဲ့သို့ ဝမ်းသာအားရဖြစ်နေစဉ် ခင်စိန်ကြည်က "သို့သော်လည်း ကျွန်မတစ်ခုပြောချင်တယ်၊ ရှင့်ကို ကျွန်မမြင်တဲ့နေ့ကစပြီး အင်မတန်ပဲ ခင်ပါရဲ့၊ မြတ်နိုးပါရဲ့၊ မောင်အရင်းလိုပါပဲ မခြားပါဘူး၊ သို့သော် သည်လိုနည်းနဲ့တော့ ကျွန်မ မချစ်သေးဘူး"

"အို ဒါတော့ဟုတ်သားပေါ့။ တဖြည်းဖြည်းတော့ ချစ်မှာပေါ့"

■



http://myanmarpyithar.net

## အခန်း (၉)

နောက်တစ်နေ့ မောင်ထွန်းမြတ်သည် ရွှေဘိုမှပြန်သွား၍ မန္တလေးသို့ ရောက်သည်နှင့် မိမိ၏အိမ်သို့ ဝင်သည့်အခါတွင် ကျောင်းပြေး၍ပြန်လာသော သူငယ်ကလေးများ အိမ်သို့ရောက်သောအခါ မိဘတို့ သိမည်ကိုစိုးဘိသကဲ့သို့ မောင်ထွန်းမြတ်လည်း မိမိ မိန်းမယူမည့် အကြောင်းကို မဂျမ်းပုံ သိမည်စိုးလျက်ရှိလေ၏။ မောင်ထွန်းမြတ်သည် မဂျမ်းပုံ၏လက်ပေါ်မှာကြီးခဲ့ရာ အစ်မကြီး၏စိတ်ကို ကောင်းကောင်းသိသဖြင့် မိမိအိမ်ထောင်ပြုလျှင် အမှန်စိတ်ဆိုးလိမ့်မည်ဟု ရိပ်မိလေ၏။

အကယ်၍ အိမ်ထောင်ပြုစေကာမူ ပိုက်ဆံရှိ၍ တစ်စုံတစ်ခု လုပ်ဖော်ကိုင်ဖော် ရသော မိန်းကလေးတစ်ယောက်နှင့်ဆိုလျှင် တော်လေသေး၏။ ယခုမှာမူ ပိုက်ဆံကြေးငွေဟူ၍လည်းမရှိ။ လုပ်ဖော်ကိုင်ဖော်လည်း ရမည်မဟုတ်။ သည်ခင်စိန်ကြည်နှင့် သင့်မြတ်ကြမည် ဆိုပါလျှင် မဂျမ်းပုံသည် မုချသဘောတူမည် မဟုတ်ဟု မောင်ထွန်းမြတ်သည် ထင်မိလေ၏။ ခင်စိန်ကြည်မှာ အရုပ်အရည် ချောသည် လှသည်မှန်၏။ သို့သော် မဂျမ်းပုံမှာ အရုပ်အရည်ချောလှခြင်းသည် ကြည့်ရှုရန်သာလျှင် ကောင်းလေသည်၊ အရုပ်အရည်ချောလှ၍ အသုံးမဝင်သော မိန်းကလေး တစ်ယောက်ကို သားမယားအဖြစ်ဖြင့် ပေါင်းသင်းရန်ကား အလျဉ်း မတော်သင့်ဟု အယူရှိလေသည်။

သို့ဖြစ်၍ ခင်စိန်ကြည်နှင့် အကြောင်းကိုသိရလျှင် မည်သို့ ကြံဖန်၍ ဖျက်မည်ကို မသိသောကြောင့် မောင်ထွန်းမြတ်သည် အစ်မကြီးအား မတိုင်ပင်ဘဲ ရှိလေ၏။

မန္တလေးမြို့ လယ်ဝန်မင်းတစ်ယောက်သည် စစ်ကဲကြီး နေထိုင်ဖူးသော မောင်ထွန်းမြတ်၏အိမ်ကို ငှားမည်ဟု သတင်းရ၍ စာဖြင့်ရေးသားရာ အိမ်ခ အနည်းငယ်ကွာသောကြောင့် ဆစ်လျက်ရှိနေစဉ် မောင်ထွန်းမြတ် ပြန်လာသည့် နေ့တွင်ပင် လယ်ဝန်မင်းထံမှ စာတစ်စောင် ရရှိလေ၏။

၎င်းစာမှာ မောင်ထွန်းမြတ်ပြောသည့်အတိုင်း အိမ်ခပေးရန် သဘောတူ

ကြောင်းပါရှိရာ၊ မောင်ထွန်းမြတ်သည် ဤအိမ်ကိုငှားမည် မကြံစည်ကြောင်းနှင့် အစ်မကြီး မသိအောင် စာပြန်၍ရေးလိုက်လေ၏။

မဂျမ်းပုံမှာမူ မသိရှာသေးသဖြင့် အိမ်ကို လူငှားရပေတော့မည်ဟု ဝမ်းမြောက်လျက် ရှိလေ၏။

မောင်ထွန်းမြတ်သည် ရွှေဘိုမှပြန်ရောက်၍ ၅–ရက်ခန့်ရှိလျှင် မိမိရီသည် မောင်ထွန်းမြတ်တို့၏ နေအိမ်သို့ အလည်လာရာ မောင်ထွန်းမြတ်တို့ မောင်နှမတို့သည် ညနေစာစားပြီး၍ လက်ဖက်ရည် သောက်လျက်ရှိနေကြသည်ကို တွေ့ရလေ၏။

**မိမိရီ** "အလို…အစ်မကြီးတို့ ထမင်းစားပြီးကြပြီ၊ တယ်စောပါကလား"

**မဂျမ်းပုံ** "အေးတော်–ကိုယ့်မောင်က သွားစရာရှိလို့တဲ့၊ လက်ဖက်ရည်တောင် အတော်အသောက်ခိုင်းရတယ်"

**မောင်ထွန်းမြတ်** "မသောက်ချင်ပါဘူးပြောတာအစ်မကြီးရယ်၊ ကျွန်တော်သွားစရာတွေ များလွန်းလို့ပါ"

**မဂျမ်းပုံ** "ဘာပြုလို့ မသောက်ရမှာလဲ၊ မသောက်ဘဲ မင်းမသွားရဘူး၊ သူဖြင့် သည်လိုချည်းပဲ အခုတော်ကြည့်ပါဦး၊ နက်ဖြန် ရွှေဘိုသွားမှာ မခုမှ ပြောရသတဲ့၊ သည်အမှုက မပြီးသေးဘူးလား"

**မောင်ထွန်းမြတ်** "မပြီးသေးဘူး"

**မဂျမ်းပုံ** "ကဲ ဒါဖြင့် မင့်သားရေအိတ် သွားပြင်လိုက်ဦးမယ်"

မောင်ထွန်းမြတ်သည် ရုတ်တရက်ထ၍ "နေပါစေအစ်မကြီးရယ်၊ ကျွန်တော့်ဘာသာ ပြင်ပါမယ်၊ သားရေအိတ်ကိုသာ ကျွန်တော့်အခန်းထဲ သွင်းထားလိုက်ပါစေ၊ ဟိုသားရေအိတ်အကြီးဟာ" မဂျမ်းပုံသည် မည်သည့်အရာမဆို မစွက်ရဘဲ မနေနိုင်သဖြင့် "သားရေအိတ်အကြီးဟာ ဘာလုပ်ဖို့လဲ၊ သားရေအိတ်အကြီးကို ဘိုးအေလောက်ရှိတဲ့ သားရေအိတ်ကြီးကို မင်းက ဘာထည့်မလို့လဲ"

**မောင်ထွန်းမြတ်** "စက္ကူတွေ၊ စာအုပ်တွေ ယူစရာရှိလို့ပေါ့ အစ်မကြီးရယ်"

**မဂျမ်းပုံ** "အောင်မယ် စာအုပ်တွေက ဘယ်လောက်များလို့လဲကွယ်… ငါထည့်ပြပါမယ်၊ အငယ်နဲ့ဝင်အောင်"

**မောင်ထွန်းမြတ်** " မဟုတ်ပါဘူးအစ်မကြီးရယ်၊ ကျွန်တော့်ဟာ ကျွန်တော်ထည့်ပါမယ် နေပါစေ၊ ဟိုစာက ဘာလုပ်ဖို့လဲ"

**မဂျမ်းပုံ** "အိုဟုတ်သား၊ မင့်ခေါင်းတစ်လုံးရှိ ငါ့ပေးစမ်းပါ"

မောင်ထွန်းမြတ်သည် မိမိဒိုင်ယာရီနေ့စဉ်မှတ်တမ်းစာအုပ်ကို ထုတ်၍



http://myanmarpyithar.net

စာအုပ်အကြားတွင် ညှပ်လျက်ထားသော တံဆိပ်ခေါင်းကိုယူရာ၊ မဂျမ်းပုံသည် ၎င်းစာအုပ်ကြားတွင် စာတစ်စောင်ကို မြင်လိုက်သဖြင့် ဖျတ်ခနဲလှမ်းယူ၍ "သည်စာက ဘယ်ကစာလဲ၊ ဟော့မိန်းမ လက်ရေးနဲ့ပါကလား" ဟု မေးလျှင် မောင်ထွန်းမြတ်သည် စာကို လုယူ၍ "မဟုတ်ပါဘူးအစ်မကြီးရယ်၊ ဘာပြုလို့ သူတစ်ပါးစာကို ဖတ်ချင်သလဲ" ဟု ပြန်၍မေးရာ "မောင်ထွန်းမြတ်၊ မင်းက အခု ဘာဖြစ်တာလဲ" ဟု မဂျမ်းပုံကဆိုလျှင် မောင်ထွန်းမြတ်က စာကို ပြန်ပိတ်လျက် "ဘာမှမဖြစ်ပါဘူးဗျာ၊ သူတစ်ပါးစာဆိုတာ မကြည့်ကောင်းဘူး အစ်မကြီးရဲ့၊ မဟုတ်ဘူးလား မိမိရီရယ်" ဟု ရယ်လျက် ပြောလေ၏။

**မိမိရီ** "သည်တစ်ခေါက် ရွှေဘိုရောက်လျှင် ဝတ်လုံကြီးတို့အိမ် ဝင်ဦးမလား"

**မောင်ထွန်းမြတ်** "ဝင်ဦးမယ်"

**မိမိရီ** "ခင်စိန်ကြည်ကော ယောကျ်ားယူမယ့်အကြောင်းများ မကြားခဲ့ဘူးလား"

**မောင်ထွန်းမြတ်** "ဟာ ကိုယ်ကြားခဲ့တာတွေ အကုန်လုံး ဘယ်မှတ်မိနိုင်မလဲ၊ ကဲ မိမိရီ ကျုပ်လည်း အဲသည်လမ်းကသွားရမည်၊ လိုက်တော့မလား၊ သွားကြစို့" ဟု ခင်စိန်ကြည်အကြောင်းကို မပြောချင်သောကြောင့် စကားစ သတ်ပြီးလျှင် ထလေ၏။

အိမ်ပြင်သို့ရောက်လျှင် မိမိရီက "မဟုတ်ပါဘူးကိုထွန်းမြတ် ကဲ့ ပြောစမ်းပါဦး၊ ခင်စိန်ကြည်တစ်ယောက် ယောကျ်ားယူမယ့် အကြောင်းများ မကြားခဲ့ဘူးလား"

**မြတ်** "အေးလေ၊ ကြားတာတွေကို အကုန်မမှတ်နိုင်ပါဘူးလို့ ပြောပြီးပြီ မဟုတ်လား"

**ရီ** "ကဲ–ပြန်စဉ်းစားပြီး ပြောစမ်းပါဦး၊ ကြားသလား မကြားဘူးလား"

**မြတ်** "အလို–တယ်ခက်ပါလား၊ သူယူချင်ယူမှာပေါ့"

**ရီ** "ဘယ်သူ့ကိုတုန်း"

**မြတ်** "တစ်ခေါက်သွားတာနဲ့ ဘယ်သိနိုင်ဦးမှာတုန်း၊ သည်တစ်ခေါက် အပြန်ဖြင့် သိခဲ့လိမ့်မယ်ထင်တယ်"

**ရီ** "အောင်မယ်၊ ဟုတ်တယ်ရှင့်၊ သိရအောင် မေးမြန်းပြီး မှတ်ခဲ့စမ်းပါ၊ ဝတ်လုံကြီးသား ရှိတယ်ဆိုပါကလား၊ သူနဲ့များ ထင်ပါရဲ့"

**မြတ်** "တယ် အတွေးကောင်းပါကလား၊ သားကလေးကဖြင့် အခုမှ ၅ နှစ်လောက် ရှိသေးတယ်။ တယ်သွက်လက်တဲ့ သူငယ်ကလေး မိမိရီရေ…၊ ကိုယ်တို့တော့ ကလေးများရရင် သည်လိုကလေးမျိုးမှ လိုချင်တယ်" ဟု အမှတ်မဲ့ ပြောလိုက်ရာ…



http://myanmarpyithar.net

**ရီ** "အလို တယ်တော်ပါကလား။ လူပျိုကြီးလုပ်နေတော့မယ်လို့ အများက ထင်နေကြတဲ့အထဲ ကလေးတွေ ဘာတွေများ စိတ်ကူးလို့"

**မြတ်** "လူပျိုကြီးလုပ်နေတော့မယ်လို့ ဘယ်တော့က ပြောဖူးလို့တုန်း"

**ရီ** "မပြောတတ်ပါရဘူးရှင်၊ သည်လိုထင်ကြတာပေါ့၊ အသက် ၃၀ ရှိလို့ သားမယား..."

**မြတ်** "ဘယ်တော့က ၃၀ ရှိသေးလို့တုန်း၊ ၃၀ ရှိတဲ့အခါကျတော့ လူအို ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဘယ်သူသိနိုင်သလဲ"

**ရီ** "ဒါဖြင့် ရှင့်စိတ်ထဲကတော့ မှန်းထားတာရှိတယ်ပေါ့လေ"

**မြတ်** "ဒါတော့ မရှိဘူးမပြောဘူးလေ၊ အချိန်တန်တော့ နွားပိန်ကန်လိမ့်မတဲ့၊ မကြားဖူးဘူးလား"

ထိုကဲ့သို့ မောင်ထွန်းမြတ် ပြောသည်ကိုကြားလျှင် မိမိရီသည် မိမိအား စောင်း၍ပြောနေသည်မှတ်ရာ၍ ခြေလှမ်းရမှန်းကိုမျှမသိဘဲ ရှိရှာ၏။ အိမ်ပေါက်သို့ ရောက်လျှင်..."မေမေနဲ့တွေ့ရအောင် မတက်ဘူးလား၊ မေမေကတောင် ရှင့်–ညနေကပဲ ပြောနေသေးတယ်၊ မောင်ထွန်းမြတ်တို့များ အခုတလော တယ်စိမ်းနေတယ်တဲ့" ဟုပြောလျှင် "မတက်သေးဘူး မိမိရီရယ်၊ သွားစရာတွေက များသေးတယ်၊ မစိမ်းပါဘူးလို့ မိမိရီက ပြောလိုက်ပါတော့"

မောင်ထွန်းမြတ်သည် ရွှေဘိုသို့သွား၍ ၃–ရက်မြောက်သည့် နေ့တွင် စာရေးကြီး ဦးသာဒွန်းသည် မဂျမ်းပုံထံလာ၍ "ဟောဒီမယ်အစ်မကြီး၊ ကိုထွန်းမြတ် ဆီက အစ်မကြီးဖို့ စာတစ်စောင်"

"အလို–မောင်ထွန်းမြတ်က ငါ့ဆီ စာများရေးလို့လား၊ ဘယ်တော့ ပြန်ခဲ့မယ်တဲ့လဲ"

"မပြောတတ်ဘူး၊ ကျွန်တော့်စာထဲမှာတော့ ပြန်ဖို့အကြောင်း မပါဘူး" ဟု ပြောလျှင် မဂျမ်းပုံသည် စာကိုဖွင့်၍ဖတ်ရာ မိမိတစ်သက်တွင် ဤမျှလောက် မအံ့သြဖူးတဲ့သတင်းကို ကြားရသည့်လက္ခဏာ နှင့် ကုလားထိုင်ပေါ်သို့ ပက်လက်လန်၍ လဲသွားလေ၏။ စာတွင် ပါရှိသည်ကား...

"ကျွန်တော် မောင်ဖြစ်သူ စာအားဖြင့် အကြောင်းကြားလိုက်ပါသည် အစ်မကြီးခင်ဗျား၊ ကျွန်တော်သည် ကွယ်လွန်သူ စစ်ကဲကြီး ဦးထင်ကျော်၏သမီး ခင်စိန်ကြည်နှင့် ထိမ်းမြား၍ပြီးပါကြောင်း နောက်စာတွင် အကြောင်းစုံထည့်၍ ရေးလိုက်မည်ဖြစ်ပါကြောင်း။"

**မောင်ထွန်းမြတ်**



http://myanmarpyithar.net

မဂျမ်းပုံလည်း စာကိုဖတ်ပြီး၍ စကားပြောနိုင်သောအဖြစ်သို့ ရောက်လျှင် "ပြောင်တာ၊ အလကားပြောင်တာ၊ ဘာပြုလို့ ရှင်က ပါးစပ်ကြီးဟပြီး ရူးသလိုလို ယီးတီးယားတားလုပ်နေရတာတုန်း၊ ပြော ဒါဟုတ်သလား မဟုတ်ဘူးလား ပြောစမ်းပါ" ဟု အလွန်သဘောကောင်း၍ ဘာမျှမလုပ်ရှာသူ ဦးသာဒွန်းအား ငေါက်၍မေးလျှင်။

"ကျွန်တော်လည်း အင်မတန် အံ့ဩနေတာပဲအစ်မကြီးရဲ့၊ ပြောင်းတာ ဟုတ်မယ်မထင်ဘူး၊ ကျွန်တော့်စာထဲမှာလည်း သည်လိုပဲပါတယ်" ဟု ပြောရာ။

"မဟုတ်ပါဘူးလေ၊ မဟုတ်ပါဘူး၊ သူသွားတာမှ ၃–ရက်ရှိသေး၊ ဒါကပဲ သွားတုန်းကလည်း မယားယူဖို့ စိတ်မှမကူးသေးဘဲကပဲ"

"ဒါတော့ ကျွန်တော်တို့ ဘယ်သိနိုင်မလဲ အစ်မကြီးရယ်၊ သွားတုန်း ကတည်းကကိုက အတောင်းအရမ်းသွားသလားမှ မသိဘဲ" ဟု ဦးသာဒွန်းက ပြောလျှင် မဂျမ်းပုံကအော်လျက်။

"ဘယ့်နှယ် အတောင်းအရမ်းသွားတယ်၊ သူသည်လောက် ရူးပါ့မလား၊ ပြန်လာပေစေဦး၊ သင်းတို့နှစ်ယောက်တော့လား၊ ဘယ်တော့မှမကြေဘူး၊ ကြည့်ပါဦး တော်၊ စစ်ကဲကြီးသမီးနဲ့မှတဲ့၊ စာအုပ်ကလေးဖတ်ပြီး ဘာမှလုပ်ဖော်မရဘဲ လင်နားကပ်နေမယ့် ကောင်မကလေးနဲ့မှတဲ့၊ သူ့ထက် ရူးတဲ့မိုက်တဲ့အကောင် ရှိသေးရဲ့လား"

"သူ ဘာရူးလို့လဲ အစ်မကြီးရယ်"

"ဘာပြောတယ်၊ သည့်ပြင် ဘယ့်နှယ်ရူးရဦးမလဲ၊ ရူးရုံ ဘာကမလဲ၊ မိုက်တယ်၊ ရူးတယ်၊ အတယ်၊ ပိန်းတယ်၊ ဉာဏ်မရှိ၊ အစဉ်းစားမရှိ၊ အမြော်အမြင်မရှိ...အစကများ သိရရင်လေ ဒင့်ကလား ရူးတယ်ဆိုပြီး အရူးထောင် မရောက်ရောက်အောင် ပို့မှာ၊ ရှင်က ဘာကြည့်သလဲ၊ ထောင်မချနိုင်ဘူးမှတ်သလား၊ ချမှာ–ချမှာ...ကဲ– သူတို့ပြန်လာ၊ ဘယ်နေကြမယ်"

"စစ်ကဲကြီးနေတဲ့အိမ် နေလိမ့်မယ်ထင်တယ် အစ်မကြီးရဲ့"

"ဘယ့်နှယ် စစ်ကဲကြီးနေတဲ့အိမ်၊ လယ်ဝန်မင်းနှင့် အတူနေမလို့လား၊ ရှင်လည်း ရူးပြီထင်တယ်"

"လယ်ဝန်မင်းကို အိမ်မငှားဘူးလို့ သူမသွားခင်က စာပြန် ရေးသွားတယ်၊ အဲဒါကြောင့် ကျွန်တော်က သူတို့နေဖို့လို့ မှန်းထားတယ်မှတ်တယ်" ဟု ပြောလျှင်။

မဂျမ်းပုံသည် အလွန်တရာ အံ့ဩလှသဖြင့် ပါးစပ်ဟ၍နေရာမှ ထပြီးလျှင် ဦးသာဒွန်း၏နောက်သို့သွား၍ နားရွက်နှစ်ဖက်ကို လက်ဖြင့် ဖိ၍မပြီးလျှင်



http://myanmarpyithar.net

အကလေးများကို ရွှေမြင်တင်ပြဘိသကဲ့သို့ သေးငယ် ပုတိုက်သော ဦးသာဒွန်း၏ ကိုယ်ကို မြှောက်ပြီးလျှင် ၃ ကြိမ်တိုင်တိုင် ကြမ်းနှင့်ခြေနှင့် ဆောင့်လေလျှင် ဦးသာဒွန်းမှာ မဂျမ်းပုံ၏လက်တွင်းတွင် အကလေးကဲ့သို့ဖြစ်၍ မရုန်းနိုင်ဘဲ "အောင်မယ်လေး အစ်မကြီးရဲ့၊ အောင်မယ်လေး သေရချေရဲ့ အစ်မကြီးရဲ့" ဟု သနားစဖွယ် တောင်းပန်ရှာလေ၏။

ထို့နောက် မဂျမ်းပုံလည်း အားကုန်ပြီဖြစ်၍ လွှတ်လိုက်ပြီးလျှင် "ကဲ– မှတ်ပြီလား၊ နောက်တစ်ခါ သိရက်သားနဲ့ မပြောဘဲနေဦး၊ ဘာလဲ ရှင်က အလိုတူအလိုပါ ကူညီအားပေးတာပဲ၊ လူကြီးက သေခါနီးမှ လိမ်ချင်ရသေးတယ်"

"မဟုတ်ပါဘူးအစ်မကြီးရယ်၊ ပေးချင်တဲ့သစ္စာပေးပါတော့၊ ကျွန်တော်လည်း သိနှင့်ရတာ မဟုတ်ပါဘူး၊ စာရတော့ ကျွန်တော်လည်း အစ်မကြီးလိုပဲ အင်မတန် အံ့သြတာပါပဲ"

"ကောင်းပြီ၊ ဒါဖြင့် လယ်ဝန်မင်းကို အိမ်မငှားဘူးလို့ စာပြန်ရေးတာတော့ ရှင်သိတယ်ဆို၊ အတူတူပေါ့၊ ရှင်လည်း အလိုတူ အလိုပါပဲ"

"ကျွန်တော်က ပြီးမှသိရတာပါ အစ်မကြီးရယ်၊ တကယ်လို့ပဲ အစက သိနှင့်ပါဦးတော့ ကျွန်တော်က စာရေး၊ သူက သခင်၊ ကျွန်တော် ဘာတတ်နိုင်ပါ့မလဲ အစ်မကြီးရယ်၊ သည်အိမ်ကို သူနေမယ်ဆိုလျှင်လည်းပဲ နေနိုင်လောက်ပါတယ် အစ်မကြီးရယ်၊ အစ်မကြီးလည်း သိသားပဲ၊ မိန်းကလေးမှာလည်းပဲ ဆိုစရာမရှိပါပေဘူး၊ အရုပ်လည်းချော၊ အမျိုးလည်းကောင်း၊ သဘောလည်းကောင်း"

"တော်ပါ၊ တော်ပါ၊ ရှင်လည်း ထွန်းမြတ်နဲ့အတူတူပါပဲ၊ ရှင်တို့နှစ်ယောက် စလုံး အရှူးထောင်ချလိုက်မှ တော်မယ်"

ဦးသာဒွန်းလည်း ကိစ္စပြီး၍ အလုပ်ရုံးသို့သွားလျှင် မဂျမ်းပုံသည် ကုလား ထိုင်ပေါ်တွင်ထိုင်လျက် အနည်းနည်းအဖုံဖုံ စဉ်းစား၍နေရာ အကြံတစ်ခု ရသဖြင့် မိမိရီတို့အိမ်သို့ သွားလေ၏။ မဂျမ်းပုံမှာ မိမိမောင်နှင့် ခင်စိန်ကြည်တို့ ထိမ်းမြားကြ သည့်အကြောင်းကို သူတစ်ပါးတို့ သိနှင့်ကြလျှင် မောင်ထွန်းမြတ်သည် မိမိ၏ အစ်မကြီးအား အရေးလုပ်၍ မတိုင်မပင်ဘဲ သဘောရှိသလို လုပ်ကိုင်သည်ဟု ပြောဆိုကြမည်စိုး၍၊ မိမိသည် ဤသတင်းကို အရင်လွှင့်မည် အကြံအစည်နှင့် သွားခြင်းဖြစ်လေသည်။ ဝန်ထောက်ကြီးအိမ်သို့ရောက်၍ ပြတင်းပေါက်တွင် ပြုံးလျက်ရပ်နေသော မိမိရီကိုမြင်လျှင် "တယ်အထင်ကြီးတဲ့ ကောင်မကလေး၊ မှတ်ဟဲ့ နင်တော့ သည်တစ်ခါ" ဟု တစ်ယောက်တည်း ပြောသွား၍ အိမ်အောက်သို့ ရောက်လျှင်–



http://myanmarpyithar.net

**မိမိရီက** "အလို အစ်မကြီး–စောစောစီးစီး အလည်လာသလား" ဟုမေးလျှင် မဂျမ်းပုံသည် ဘာမျှပြန်မပြောဘဲ ကုလားထိုင်ပေါ်တွင်ထိုင်၍ ညည်းညူလျက် နေလေ၏။ ဝန်ထောက်ကတော်မှာ ထိုအချိန်၌ လမ်းမလျှောက်စဖူး လမ်းလျှောက် သွားလျက် ရှိလေသဖြင့် အိမ်မှာ မိမိရီတစ်ယောက်တည်းသာ ရှိလေ၏။

**ရီ** "ဘာဖြစ်လာသလဲ အစ်မကြီး၊ ဘာများ စိတ်ညစ်လာသလဲ"

**ဂျမ်း** "စိတ်ညစ်ရုံဘာကမလဲ အမိရယ်၊ ကျုပ်တော့ အူအသည်း ကျွမ်းသန္တာ လန်သွားတာပဲ... မောင်ထွန်းမြတ်"

**ရီ** "အလို ကိုထွန်းမြတ် ဘာပြုလို့လဲ၊ နေမကောင်းဘူးကြားလို့လား"

**ဂျမ်း** 'နေမကောင်းရုံမကလို့ သေသွားရင်ကော ငါက ဘာဖြစ်ရဦးမှာတုန်း"

**ရီ** "ဘယ့်နှယ်ပြောတာတုန်း အစ်မကြီးရယ်"

**ဂျမ်း** "ဘယ့်နှယ်ပြောရမတုန်း၊ ငါ့စိတ်ထဲရှိတာ ပြောတာပေါ့" ဟုပြောလျှင် မိမိရီသည် မည်သည့်အကြောင်း ဖြစ်လေသနည်း ဟု တွေးတောလျက် မျက်နှာ မကောင်းဘဲရှိနေရာ မဂျမ်းပုံက "ကြည့်ပါဦးတော်၊ လယ်ဝန်မင်းကိုလည်း အိမ် မငှားသေးဘူးတဲ့၊ သူနေမလို့တဲ့၊ သည်အိမ်ကြီးကို" ဟု ပြောလျှင် မိမိရီမှာ စကားကုန်ပြီမှတ်၍ ဤမျှလောက်အကြောင်းနှင့် စိတ်ညစ်ရန်မရှိဟု မျက်နှာသာ၍ လာသည်ကို မဂျမ်းပုံမြင်လျှင်။

"နေဦး၊ ညည်းကလေးတော့ ပြီးတော့ သိပါလိမ့်မယ်" ဟု စိတ်တွင် အောက်မေ့ပြီးလျှင် "ငါတောင်–သည်ကနေ့မှ ကြားရတယ်တော်၊ ကြားကြားချင်း စိတ်ဆိုးလွန်းလို့ ဦးသာဒွန်းကြီး ကိုင်ရမ်းလိုက်တာ လက်မောင်းများတောင်အောင့်လို့၊ ဒင်းတို့တော့ သည်လိုလုပ်မှ မှတ်မယ်" ဟု ပြောပြန်ရာ မိမိရီမှာ နားမလည်နိုင်အောင် ဖြစ်၍ မဂျမ်းပုံ၏မျက်နှာကိုသာ ကြည့်လျက်နေလေ၏။

**ဂျမ်း** "ဟို စစ်ကဲကြီး ဦးထင်ကျော်သမီး ခင်စိန်ကြည်ကလေး သိတယ် မဟုတ်လား"

**ရီ** "သိတယ်၊ ဘာဖြစ်သလဲ အစ်မကြီးရဲ့"

**ဂျမ်း** "ဥပုသ်ဇရပ်လာတုန်းက သရက်ထည်လုံချည်ကလေးနဲ့ ငါ ခုတောင် မျက်စိထဲ မြင်နေသေးတယ်၊ ချောတော့ ချောပါရဲ့၊ တယ်ချော..."

**ရီ** "ဒါ ဘာဖြစ်သလဲ အစ်မကြီးရဲ့"

**ဂျမ်း** "အေး–သူနဲ့ ထွန်းမြတ်နဲ့ မင်္ဂလာဆောင်ပြီးကြပြီ"

မိမိရီမှာ ဤစကားကိုကြားလျှင် အစ်မကြီး မဂျမ်းပုံ၏ရှေ့တွင် ဖြစ်၍ စိတ်ကိုချုပ်တီးလျက် သတိထားပါသော်လည်း မရနိုင်ဘဲ မျက်နှာ လည်ပင်းစ



http://myanmarpyithar.net

သည်တို့၌ သွေးတစ်စက်မျှ မရှိဘိသကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်သွားပြီးလျှင်…။

"မဟုတ်ပါဘူး အစ်မကြီးရယ်၊ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး" ဟု ပြောရာ "ဟုတ်လွန်းအားကြီးသေးတယ်အမိရေ့၊ မနေ့ကပဲ သူတို့မင်္ဂလာဆောင်ကြသတဲ့၊ အစကများ ငါ့သိရရင်တော် ရွှေဘို တစ်ခါတည်းလိုက်သွားပြီး မင်္ဂလာဆောင်နေတာ တွေ့ရပေစေ၊ လူထဲမှာကို အတင်းဆွဲပြီး ခေါ်လာခဲ့မှာ၊ မလုပ်ဘူး မမှတ်နဲ့ အမိရေ့ လုပ်မှာ၊ အခုတော့ ခရီးက လွန်ကုန်ပြီ၊ ငါလည်း ဘာမှ မတတ်နိုင်ဘူး"

"နေပါဦးအစ်မကြီးရယ်၊ မေမေ မှာထားခဲ့တာကလေးတစ်ခု မေ့နေလို့" ဟု ပြော၍ မိမိရီသည် အိမ်ပေါ်သို့တက်သွားပြီးလျှင် မိမိအခန်းတွင်းသို့ဝင်၍ မိမိ၏ကိုယ်ကို ကြမ်းပေါ်သို့ ပစ်လှဲပြီးလျှင် သည်းစွာ ငိုကြွေးလေ၏။

မိမိရီမှာ အပျိုပေါက်ကလေးဖြစ်၍လာသည်မှစ၍ ၎င်းအချိန် တိုင်အောင် နှစ်လများစွာ မောင်ထွန်းမြတ်တစ်ယောက်တည်းအား စိတ်ထဲ၌ စွဲစွဲမြဲမြဲ ချစ်ကြိုက်ခဲ့လျက် မိမိ၏အချစ်ကို မျှိုသိပ်၍လာခဲ့ရာ မောင်ထွန်းမြတ်သည်လည်း မိမိအား ချစ်ခင်စုံမက်လေသည်ဟု ယုံကြည် မျှော်လင့်လျက်ရှိသဖြင့် မောင်ထွန်းမြတ်နှင့် ခင်စိန်ကြည်တို့ ထိမ်းမြားကြသောညကပင် အိပ်ရာတွင် တစ်ယောက်တည်း မောင်ထွန်းမြတ်၏ အကြောင်းကို စဉ်းစားမိရှာသေး၏။ အားရအောင် ငိုကြွေးပြီးမှ မိမိရီသည် မျက်ရည်တို့ကို သုတ်လိမ်း၍ အိမ်အောက်သို့ ဆင်းလာလျှင်။

မဂျမ်းပုံက "ကြည့်ပါဦးတော့အေ၊ ဟိုက တစ်သက်လုံး သူ့အဖေနဲ့ ဗိုလ်လိုနေလာတဲ့ မိန်းကလေး၊ ဝတ်ဖို့စားဖို့ စန္ဒရားတီးဖို့၊ အင်္ဂလိပ်ပုံစာအုပ်ဖတ်ဖို့၊ ဒါပဲတတ်မယ်၊ သူ့ပုံသူ့ပန်းနဲ့အေ သည်မိန်းကလေးများ ကြံမှကြံစည်ပါပေတယ်၊ အခု ကျုပ်ပြန်ရင် ဘာလုပ်မလဲသိလား၊ ယူစရာရှိတာယူပြီး ဟိုအိမ် ကျုပ်က ဦးအောင် ပြောင်းနေနှင့်ရမယ်"

"သူ့မိန်းမက ကြိုက်ပါ့မလား အစ်မကြီးရဲ့"

"ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ၊ ဘယ့်နှယ် အမိရယ်၊ သူ ရောက်လာလို့ အကုန်အကျများရမယ့်အထဲ အိမ်ထောင်ခွဲမနေနိုင်ပါဘူး၊ ခုနေတဲ့အိမ် အငှားချပြီး ကျုပ်က ဟိုလိုက်နေရမယ်၊ ဘယ့်နှယ်တော်–ကျုပ်နဲ့ တစ်သက်လုံးနေလာပြီး မောင်ကလေးဆိုပေမယ့် သားကလေးကို ဂရုတစိုက်ပြီးလာခဲ့၊ အခုတော့မှ သူက ခွဲနေချင်လို့ ကျုပ်ကမနေဘူး–ကျုပ်က၊ သွားဦးမယ်–မိမိရီ"

■



http://myanmarpyithar.net

## အခန်း (၁၀)

မောင်ထွန်းမြတ်သည် ရွှေဘိုသို့ရောက်၍ ဝတ်လုံကတော်နှင့်တွေ့လျှင် ဝတ်လုံတော်ရမင်းသည် ရေနံချောင်းမှ ပြန်၍မလာသေးရှိရာ ဝတ်လုံကတော်ကြီးက "မောင်တို့ဦးတော့ မလာသေးဘူး၊ သို့သော် ဒေါ်ဒေါ်ပြီးလည်း ပြီးတာပါပဲ၊ ဒေါ်ဒေါ်လည်း စာရေးလိုက်ပါပြီ၊ မောင့်မှာလည်း အခေါက်ခေါက်အခါခါလာရတော့ အလုပ်ပျက်အကိုင်ပျက် ဖြစ်နေရှာမယ်၊ သည်တော့ ဦးလာအောင် စောင့်မနေပါနဲ့တော့၊ ပြီးလည်းပြီးတာပေါ့၊ ဒေါ်ဒေါ်အရှိသားပဲ၊ သည်တော့ သန်ဘက်ခါလောက်ပဲ တောင်းရမ်းကြပေတော့" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ငြင်းဆန်ရန်မရှိသဖြင့် ဝတ်လုံကတော် ပြောသည့်နေ့တွင် တောင်းရမ်းပြောဆို၍ လင်မယားနှစ်ယောက်တို့သည် မန္တလေးသို့ ပြန်လာခဲ့ကြလေ၏။

မန္တလေးသို့ရောက်လျှင် မောင်ထွန်းမြတ်မှာ မိမိ၏အစ်မကြီးနှင့်လည်း ရုတ်တရက် မတွေ့လိုသေးသည်တစ်ကြောင်း၊ ခင်စိန်ကြည်အတွက်လည်း ဝယ်ရန်ခြမ်းရန်လိုသေးသည်တစ်ကြောင်း၊ မိမိလည်း အလုပ်ဝင်ရန် စိတ်မရှိသေးသည် တစ်ကြောင်းကြောင့် ရေကြောင်းဖြင့်စုန်၍ ရန်ကုန်သို့ သွားကြကုန်၏။ မောင်ထွန်းမြတ်မှာ မိမိတစ်ယောက်တည်း ခရီးသွားသည့်အခါ ဒုတိယတန်းဖြင့်သာ စီး၍သွားလေ့ရှိသော်လည်း၊ ခင်စိန်ကြည်မှာ ဖခင်ရှိစဉ်အခါက ပထမတန်းဖြင့်သာ သွားလာလေ့ရှိသောကြောင့် ဖခင်ရှိစဉ်အခါကထက် မယုတ်လျော့စေရန် ပထမတန်းဖြင့် စီး၍သွားလေ၏။ ဤသို့ သင်္ဘောနှင့်စုန်လာကြရာ ပခုက္ကူသို့ရောက်၍ သင်္ဘောလည်း ညဥ့်အိပ်ရန် ဆိုက်ကပ်လေ၏။

ခင်စိန်ကြည်၏ ဦးလေး–ဝတ်လုံတော်ရမင်းလည်း သတင်းစာ တစ်စောင်တွင် တူမ ခင်စိန်ကြည် လက်ထပ်ကြောင်းကို တွေ့သဖြင့် မြင်းခြံမှ သင်္ဘောစီးမည်ဟု ကူးတို့သင်္ဘောဖြင့် ဆန်လာရာ သင်္ဘောလည်း ပခုက္ကူတွင် ဆိုက်၍အိပ်လေ၏။ ဝတ်လုံကြီးလည်း မိမိ သင်္ဘောမဆင်း၍ မန္တလေးက စာပို့သင်္ဘောတွင် မိတ်ဆွေများ

ပါလေသလောဟု စာပို့သင်္ဘောပေါ်သို့ တက်လာရာ သင်္ဘောဦးခန်းတွင် တူမ ခင်စိန်ကြည်ကို မြင်လျှင်၊

"ဟဲ့ ခင်၊ ဘယ်ကိုလဲ နင်တို့" ဟု မေးလျှင်။

"ရန်ကုန်သွားမယ်" လို့ပြောရာ။

"ထွန်းမြတ်ကော"

"အောက်ခဏဆင်းသွားတယ် ဦးလေးရဲ့"

"ဘယ့်နှယ် နင် သူ့ကြိုက်သလဲ၊ ငါ့ ဘာပြုလို့ စာမပေးကြသလဲ"

"ဒေါ်ဒေါ်နဲ့ ကိုထွန်းမြတ်က စာပေးကြတယ်ပြောတာပဲ ဦးလေးရဲ့၊ ပြီး တော့လည်း ဖေဖေရှိစဉ်က ဖေဖေက သည်လူယုံပြီး အိမ်လက်သင့်ခံလို့ဖြစ်တာပဲ"ဟု ပြောဆဲတွင် မောင်ထွန်းမြတ်လည်း ဝင်လာ၏။

"အလို…ဦးလား–ကူးတို့နဲ့ ပါလာသလား၊ နေရာကျလိုက်တာခင်ဗျာ"ဟု ပြောလျက် လက်ကိုဆွဲ၍ နှုတ်ဆက်မည်ဟု လက်ကိုဆန့်ရာ ဝတ်လုံကြီးသည် မမြင်ချင်ပြု၍ "ခင်စိန်ကြည်၊ ဦးတို့ စကားတစ်ခွန်းပြောစရာရှိလို့ အပြင်ခဏ သွားလိုက်ပါဦး" ဟု ပြော၍ ခင်စိန်ကြည် ထသွားလျှင်။

"ဘယ့်နှယ်လဲမောင်၊ မောင်က ကျုပ်မရှိတုန်း ကျုပ်အိမ်သွားပြီး ဘယ့်နှယ် ကြောင့် ကျုပ်တူမကို တိတ်တဆိတ် လက်ထပ်ရပါသလဲ" ဟု မေးလျှင်။

မောင်ထွန်းမြတ်မှာ ရိုးသားဖြောင့်မတ်သော သဘောရှိ၍ လူတစ်ဖက်သားကို မတရားသဖြင့် ကြံစည်ဖူးသည်မရှိသောကြောင့် အလျဉ်းပင် တုန်လှုပ်ခြင်း မရှိသော်လည်း လွန်စွာ အံ့ဩလှ၍ "ဦး အမိန့်ရှိတာ ကျွန်တော်နားမလည်မိပါ" ဟု ပြောလျှင်။

"ဘာ နားမလည်စရာရှိသလဲမောင်၊ အုပ်ထိန်းသူမရှိတဲ့အခိုက် မောင်နဲ့ ဂုဏ်ချင်းမတူတဲ့ မိန်းကလေးတစ်ဦးကို ပုန်းခိုးကွယ်ခိုး ဖြားယောင်းသွေးဆောင်ပြီး ကြံစည်တာ ကောင်းသလား"

**မြတ်** "ခင်စိန်ကြည်အပေါ်၌ ကျွန်တော် ဘယ်နေရာမှ ပုန်းခိုး ကွယ်ခိုး ကြံစည်ခဲ့တယ် မရှိပါကလား ခင်ဗျာ၊ ဦး အကြားလွဲပါလိမ့်မယ်"

**ဝတ်လုံ** "ကျုပ် ဘာအကြားလွဲရမလဲ၊ ကျုပ်မှာ လုံးလုံး မကြားရဘူး၊ သတင်းစာထဲတွေ့လို့ ကျုပ်သိရတယ်"

**မြတ်** "ခင်စိန်ကြည်က ကောင်းပါပြီဆိုပြီးတဲ့နောက် ဦးဆီကို ကျွန်တော် အကျိုးအကြောင်း စာရေးထည့်လိုက်ပါတယ်၊ တကယ်ဆိုတော့ ဦးက ကျွန်တော့်ကို အရေးလုပ်ပြီး စာမပြန်တဲ့အတွက် ဦးကို ကျွန်တော်ကတောင် အပြစ်တင်ဖို့ရှိပါတယ်"



http://myanmarpyithar.net

**ဝတ်လုံ** “စာထဲ ဘာရေးထည့်လိုက်သလဲ”

**မြတ်** “ခင်စိန်ကြည်က သဘောတူကြောင်း၊ ကျွန်တော့်မှာ ဥစ္စာကြေးငွေ မည်မျှရှိကြောင်း၊ ကျွန်တော်တို့နှစ်ဦးလုံးက မြန်မြန်ပြီးစီးချင်တဲ့အကြောင်း”

**ဝတ်လုံ** “သည်စာ ဘယ်ကို လိပ်တပ်သလဲ”

**မြတ်** “သည်စာရေးပြီး ဝတ်လုံကတော်ကြီးက သူထည့်လိုက်မယ် ဆိုလို့ သူ့လက်ကို ကျွန်တော် အပ်လိုက်ရတယ်၊ နောက်ပြီး ဒေါ်ဒေါ်က စာရေးခေါ်လို့ ကျွန်တော် ရွှေဘိုရောက်တော့လည်း သူပြီးရင် ပြီးပါတယ်၊ သူသဘောတူရင် ဦး သဘောတူတာနဲ့ အတူတူပါပဲလို့ပြောပြီး ဒေါ်ဒေါ်ပဲ ရက်သတ်မှတ်ပါတယ်”

**ဝတ်လုံ** “မောင်ပြောတာ အမှန်ပဲလား၊ ယုံရတော့မှာလား”

**မြတ်** “ကျွန်တော် တစ်ခု အစီရင်ခံပါရစေ၊ ကျွန်တော့်ကို ဦးတို့ထက် ဂုဏ်အသရေညံ့တဲ့ လူတစ်ယောက်လို့ ထင်တာထင်ပါတော့၊ သို့သော် လူတစ် ဖက်သားအပေါ်၌ ကောက်ကျစ်စဉ်းလဲ လိမ်လည်ပြောဆိုတတ်တယ်လို့ဖြင့် ကျွန်တော် အထင်မခံပါရစေနဲ့၊ သည်အကြောင်းတွေကို ဦးမသိသေးမှန်း ကျွန်တော် အခု ဦးကပြောမှ သိရပါတယ်”

**ဝတ်လုံ** “ကဲ ဒါရှိပါစေတော့၊ ဒါဖြင့် မောင်တို့က ဘယ့်နှယ်ကြောင့် သည်လောက်တောင် အရင်လိုရသလဲ၊ ခင်စိန်ကြည်မှာ တစ်နေ့ကတင် အိမ်ရောက်လို့ ကျုပ်တောင် ရေနံချောင်းက မပြန်သေးဘူး၊ တကတည်း လွန်ပဲ လွန်လွန်းတယ်”

**မြတ်** “ကျွန်တော့်သဘောအတိုင်းသာဖြင့် ခင်စိန်ကြည်က ကောင်းပါပြီဆိုတဲ့ နေ့ကပဲ ကျွန်တော် တစ်ခါတည်း ခေါ်ခဲ့ချင်တာပဲ၊ သည်လိုခေါ်ခဲ့လျှင်လည်း ခင်စိန်ကြည် စိတ်ချမ်းသာဖို့ပါပဲ”

**ဝတ်လုံ** “အလို ဟုတ်မှ ဟုတ်ပါ့မလားမောင်၊ ဒါနဲ့ ပြောစမ်းပါဦး၊ ဘာပြုလို့တုန်း”

**မြတ်** “ကျွန်တော်သိသလောက်ပြောရရင် ဦး စိတ်မချမ်းသာပေဘူး”

**ဝတ်လုံ** “ပြောသာပြောပါ၊ သိပါရစေ”

**မြတ်** “တစ်နေ့တော့ အမှုလိုက်ရင်း ရွှေဘိုရောက်တော့ ဦးတို့ ခင်စိန်ကြည်တို့ ကပဲ ရောက်တဲ့အခါ ဝင်ပါလို့ ဖိတ်ထားတဲ့အတိုင်း ရောက်လို့မှမဝင်ဘူးဆိုတော့ ကျွန်တော် ရိုင်းရာကျမှာစိုးလို့ အိမ်ဝင်တော့ ခင်စိန်ကြည် နှိပ်စက်ညှင်းဆဲခံနေရတာ ကျွန်တော် သိရရော”

**ဝတ်လုံ** “ဘယ့်နှယ်ပြောတယ်မောင်၊ နှိပ်စက်ညှင်းဆဲခံနေရတယ်”

**မြတ်** “ကျွန်တော်မပြောချင်ပါဘူး ဦးရယ်၊ ပါးတောင် အချခံရှာရတယ်”



http://myanmarpyithar.net

ဟု ပြောရာ ဝတ်လုံကြီးသည် အလွန်တရာ အံ့ဩလျက်ရှိနေလျှင်။

**မြတ်** "ကျွန်တော်သိရတာမှာလည်း ဦးသားကလေးက တွတ်တီးတွတ်တာနဲ့ ပြောလို့ သိရတာပါ၊ ခင်စိန်ကြည်ကတော့ ပြောတာ မဟုတ်ပါဘူး" ကလေးက ပြောတော့လည်း သူ့ခမျာ ဘယ်ကွယ်နိုင်တော့မလဲ စဉ်းစားကြည့်ပါဦးရယ်၊ ခမျာမှာ ဖခင်သေပြီး အားကိုးရာမဲ့ဖြစ်ပြီး နေရှာတဲ့အခိုက်မှာ သည်လိုဖြစ်ရတယ်ဆိုတာ ကြားရတော့ ဘယ်သူမသနားဘဲ နေနိုင်ပါ့မလဲ၊ ကျွန်တော်လည်း သည်လို ကြားရကြားရခြင်း ခင်စိန်ကြည်အပေါ်မှာ အင်မတန် ကရုဏာအားကြီးလို့ ယူကြုံးမရဖြစ်ပြီး သည်လိုအဖြစ်ကလွတ်အောင် ကြံစည်မယ်လို့ အောက်မေ့မိတော့ ကျွန်တော်တတ်နိုင်တဲ့နည်းက သည်တစ်နည်းပဲ ကြည့်လို့မြင်တယ်၊ သည်တော့ ကျွန်တော် သည်နည်းကိုပဲ ခင်စိန်ကြည်ကို ပြောပြရပါတယ်"

**ဝတ်လုံ** "ဒါဖြင့် မောင်သွားတုန်းကတော့ သည်လိုအကြံအစည်နဲ့သွားတာ မဟုတ်ဘူးပေါ့လေ"

**မြတ်** "မကြံစည်မိပါဘူး ဦးရယ်၊ သည်လိုကြားရတော့မှ ကျွန်တော် ရုတ်တရက် အကြံရပါတယ်"

**ဝတ်လုံ** "ဒါဖြင့် မောင်က ကြိုက်လို့မဟုတ်ဘူး၊ သနားလို့ပေါ့လေ" ဟု မေးပြန်လျှင် မောင်ထွန်းမြတ်သည် အနည်းငယ်ရှက်သော မျက်နှာနှင့်...။

**မြတ်** "သည်လိုဟာမျိုးဆိုတာ ယောကျ်ားချင်းပြောလေ့ရှိတဲ့ ဟာမျိုးလည်း မဟုတ်ပါဘူးဦးရယ်၊ သို့သော် ဦးက မေးလို့ရှိမှ ပြောရတာပေါ့၊ ခင်စိန်ကြည်ကို ကျွန်တော်က သနားရုံမကပါဘူး၊ အစကတည်းကကို ကြိုက်လည်းကြိုက်မိပါတယ်၊ သို့သော် ကြိုက်လို့လဲသေစေကာမူ သည်လိုကြံစည်ဝံ့မယ် မဟုတ်ပါဘူး၊ ကံအား လျော်စွာ ရွှေဘို ရောက်သွားတော့ သည်လိုအကြောင်းကြားရလို့သာ ကျွန်တော် ကြံစည်မိပါတယ်၊ ကျွန်တော်နဲ့ မတန်ဘူးဆိုတာတော့ ကျွန်တော်သိပါရဲ့"

**ဝတ်လုံ** "ဟုတ်လည်း ဟုတ်သားပဲ"

**မြတ်** "သို့သော် စစ်ကဲသမီးနဲ့ရတဲ့ ရှေ့နေတွေတော့ အပုံပါပဲဦးရယ်"

**ဝတ်လုံ** "သူ့ဖခင်လက်ထက်က နေထိုင်ခဲ့သလို မောင်က ထားနိုင်ပါ့မလား"

**မြတ်** "ကျွန်တော်တို့ ရန်ကုန်ကပြန်ရင် စစ်ကဲကြီးနေသွားတဲ့ အိမ်မှာပဲ နေရမှာပဲ၊ အစေခံတွေ အခြွေအရံတွေတော့ အရင်ကလို မများနိုင်ပေဘူးပေါ့လေ။ သည်အကြောင်းတွေကို ကျွန်တော် ပဌမကတည်းက ခင်စိန်ကြည်ကို ပြောပြပါတယ်၊ သူသဘောမတူဘူးဆိုရင် ငြင်းပယ်နိုင်ဖို့အခွင့်လည်း ရှိပါတယ်၊ ကျွန်တော့်မှာ စုဆောင်းပြီးပစ္စည်း ဘယ်လောက်ရှိတယ်၊ ကျွန်တော် တစ်လကို ဘယ်လောက်



http://myanmarpyithar.net

စီတယ်ဆိုတာ ဝတ်လုံကတော်ကြီးကိုလည်း ကျွန်တော် ပြောပြပါတယ်၊ ကျွန်တော် နက်ဖြန်သေသွားမယ်ဆိုရင် ဘဏ်တိုးချည်းပဲ တစ်လ ၁၀၀ ကျော်ကျော်လောက် ခင်စိန်ကြည်ရဖို့ရှိပါတယ်၊ သည်အကြောင်းများကို ဦးဆီ ကျွန်တော်ရေးတဲ့စာထဲမှာ ထည့်လိုက်ပါတယ်" ဟု ပြော့ရာ ဝတ်လုံကြီးသည် မောင်ထွန်းမြတ်၏စကားကို ကြားလျှင် အတန်ငယ် စဉ်းစားလျက်နေလေ၏။

ထို့နောက် မောင်ထွန်းမြတ်က "သည်တော့ ဦးက ကျွန်တော့်ကို ပုန်းခိုးကွယ်ခိုးနဲ့ ကြံစည်တယ်လို့ စွပ်စွဲတာ ဦး နည်းနည်းအရင် မလိုပေဘူးလား" ဟု ပြောလျှင် ဝတ်လုံကြီးသည် ထိုင်ရာမှထ၍ မောင်ထွန်းမြတ်အား လက်ပေးလျက်။

"ခုတင်တုန်းကတော့ မောင့်လက်ကို ကျုပ်မဆွဲဘဲနေမိပါတယ်၊ အခုတော့ မောင်က ကျုပ်လက်ကို မဆွဲချင်ပေဘူးလား မပြောတတ်ပေဘူး၊ ကျုပ်က ကျုပ်မှားမှန်းသိရင် ဝန်ခံတတ်တဲ့ လူတစ်ယောက်ပါ၊ သည်တော့ စောစောက မောင့်ကို စွပ်စွဲမိသမျှ မှားပါတယ်လို့ဝန်ခံတဲ့အပြင် မောင်ပြုလုပ်ပုံများကို ကျုပ်က အပုံကြီး ချီးမွမ်းပါတယ်။

"ခင်စိန်ကြည်...ဟောသည်မယ် ငါက တွေ့စတုန်းကတော့နင့်ယောကျ်ားကို ထိုးမယ်တောင် ကြံမိတယ်၊ အခုတော့ မထိုးချင်တဲ့အပြင် သူ့ကို ချီးမွမ်းပြီး ပြန်ရပေတော့မယ်၊ သည်လိုယောကျ်ား အင်မတန်ရှားတယ်တဲ့နော်၊ ကြိုးစားပြီး သူ့သည်းညည်းခံ၊ သူ့ကို ပြုစုရစ်၊ ကဲ–ဦးလေးသွားဦးမယ် တူကြီးနဲ့ တူမကြီး"

■



http://myanmarpyithar.net

# အခန်း (၁၁)

မောင်ထွန်းမြတ်နှင့် ခင်စိန်ကြည်တို့သည် ရန်ကုန်သို့ရောက်ကြ၍ အိမ်ထောင်ပစ္စည်းအနည်းငယ်နှင့် ခင်စိန်ကြည်အတွက် ဖဲထည်ပိုးထည် လက်ဝတ်လက်စားတို့ကို ဝယ်ပေးလေကြောင်း။ ထိုအခါ ရွှေတိဂုံဘုရားကို ဖူးမြော်၍ ကန်တော်ကြီး၊ တိရစ္ဆာန်ရုံ အစရှိသော ကြည့်ရှုဖွယ်အရာတို့ကို ကြည့်ရှုကြပြီးလျှင် ၁၀ ရက်လောက်ကြာသောအခါ သဘော်နှင့် မန္တလေးသို့ ပြန်ကြလေ၏။

မိမိတို့ရောက်မည့်နေ့ကိုလည်း အစ်မကြီး မဂျမ်းပုံထံ ကြေးနန်း ရိုက်လိုက်ပြီးဖြစ်၍ ရောက်မည့်အချိန်တွင် မဂျမ်းပုံသည် အိမ်ပေါက်မှရပ်လျက် ကြိုနေသဖြင့် လင်မယားနှစ်ယောက်တို့သည် ဝန်စည်စလယ် အမြောက်အမြားတို့ကို မြင်းရထားနှစ်စီးပေါ်တွင်တင်၍ မော်တော်ကားနှင့် ဝင်းတွင်းသို့ဝင်လာကြသည်ကိုမြင်လျှင် မဂျမ်းပုံမှာ တစ်လခန့်မျှ ကြာပြီဖြစ်သည်နှင့် စိတ်ဆိုးပြေသဖြင့် လွန်ပြီးအမှုကို ပြန်ပြော၍ အကျိုးမရှိဟု အောက်မေ့မိလေ၏။

အိမ်တွင်းသို့ရောက်လျှင် မောင်ထွန်းမြတ်က "အစ်မကြီးလည်း သည်လာသလား၊ ကောင်းပါလေ့အစ်မကြီးရယ်၊ ခင်စိန်ကြည်–သည်ဟာပဲ ကျုပ်တို့အစ်မကြီး" ဟု ပြောလျှင် သမီးယောက်မ နှစ်ယောက်တို့သည် နှုတ်ခွန်းဆက်သ၍ပြီးလျှင်–

"တော်တော်ပျော်ခဲ့ကြပါစ–အမိန့်တော်ရကတော်" ဟု မဂျမ်းပုံက မေးရာ။

ခင်စိန်ကြည်က "ဟုတ်ကဲ့ရှင်" ဟု ပြန်ပြောလျှင်…

"ကဲ မင်းကတော်လေး၊ ထမင်းစားရအောင် အဝတ်အစားများလဲချေဦးမယ်ဟု မှတ်တယ်" ဟု ပြောရာ ခင်စိန်ကြည်သည် မောင်ထွန်းမြတ်၏လက်ကိုကိုင်လျက် အိမ်ပေါ်သို့ တက်သွားလေ၏။

ခင်စိန်ကြည်မှာ မိမိဖခင် သေဆုံး၍သွားသော အိမ်ဖြစ်သောကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း မသိ။ အိမ်ပေါ်သို့ တက်မိလျှင်တက်မိချင်း များစွာ စိတ်မချမ်းသာရှိလေ၏။ အဝတ်လဲပြီး အိမ်အောက်



http://myanmarpyithar.net

သို့ဆင်းလာလျှင် မဂျမ်းပုံနှင့်တွေ့၍။

"ကျွန်မ သည်ကနေ့ ညစာထမင်းမစားချင်ဘူး" ဟု ပြောရာ၊

မဂျမ်းပုံက "အလို...ဘာဖြစ်လို့လဲ" ဟု မေးလျှင်။

"ကျွန်မ ရင်ပြည့်လွန်းလို့ လက်ဖက်ရည် တစ်ခွက်လောက်သာ သောက်ချင်တယ်"

"လက်ဖက်ရည်၊ သည်အချိန်သောက်လို့ ရေနွေးဘယ်က ရမလဲ၊ ရင်ပြည့်ရင် လက်ဖက်ရည်နဲ့လည်း မတော်ဘူးထင်တယ်"

"သြော်...ဒါဖြင့်နေပါစေ" ဟု ပြောဆဲတွင်... မောင်ထွန်းမြတ် ဝင်လာရာ။

"ကိုထွန်းမြတ်၊ ကျွန်မ ထမင်းမစားချင်ဘူး၊ စောစောပဲ အိပ်ပါရစေတော့"

"အလို...ဘာပြုလို့လဲ၊ ခင် ခရီးပန်းတယ်ထင်တယ်၊ မဆာပေမယ့် နည်းနည်းဖြစ်ဖြစ် နှိုက်ပါဦးလေ၊ သူများစားတာမြင်တော့ ဆာလာပါလိမ့်မယ်" ဟုပြောလျှင် ခင်စိန်ကြည်သည် မစားချင်ဘဲလျက်နှင့် လင်အလိုပြည့်အောင် ထမင်းပွဲတွင် ဝင်၍ထိုင်လေ၏။

ထမင်းစားပြီး၍ အိမ်ပေါ်သို့ တက်သွားကြလျှင် မောင်ထွန်းမြတ်က

"ခင်–မျက်နှာတယ်မသာဘူး မောင်ထင်တယ်၊ ဘာပြုလဲ ခင်–ပြောစမ်းပါ မောင့်ကို"

"ဘာမှုမပြုပါဘူး၊ နည်းနည်းအိပ်ချင်လို့လား၊ စိတ်လေးလို့လားမသိဘူး၊ သည်အခန်းက ဖေဖေနေတဲ့အခန်းမဟုတ်လား"

"ဟုတ်တယ်၊ သြော် ဒါကြောင့်လား၊ ဒါဖြင့် နက်ဖြန် အခန်းပြောင်းတာပေါ့"

"အို ဒါကြောင့် မဟုတ်ပါဘူးရှင်၊ မပြောင်းပါရစေနဲ့၊ ဖေဖေ နေသွားတဲ့ အခန်းမှာပဲ ကျွန်မနေချင်ပါတယ်" ဟု ပြောသော်လည်း ခင်စိန်ကြည်မှာ ကြောက်ရွံ့ဟန်မျက်နှာထားနှင့်နေသဖြင့် မောင်ထွန်းမြတ်သည် အခန်းတံခါးကို ထ၍ဖွင့်လျှင် ခင်စိန်ကြည်သည် လင်၏အနီး၌ကပ်လျက် "ရှင် အပြင်သွားဦး မလို့လား၊ ကြာကြာကြီး မနေနဲ့ရှင်" ဟု ပြောလျှင်။

"အို... တစ်နာရီလောက်ပါ" ဟု ပြော၍ ထွက်သွားလေ၏။

အခန်းပြင်တွင် မစောကိုမြင်၍ "မမယ်စော၊ ငါတို့ အောက်မဆင်းကြဘူးလို့ အစ်မကြီး ပြောလိုက်တော့" ဟု ပြောပြီးလျှင် အခန်းပေါက်ကို ပိတ်လိုက်၍ ခင်စိန်ကြည်ကိုကြည့်လျက် ရယ်လေ၏။ ခင်စိန်ကြည်လည်း "သြော် ငါ့ကို အင်မတန် အရေးလုပ်ရှာပါပေတယ်" ဟု အောက်မေ့မိရှာလေ၏။

နံနက်လင်းလျှင် မောင်ထွန်းမြတ်သည် အိပ်ရာမှ စောစောထ၍ အိမ်အောက်



http://myanmarpyithar.net

သို့ဆင်းလာလျှင် မဂျမ်းပုံမှာ မိမိလုပ်လေ့ရှိသည့်အတိုင်း အစေခံတို့ကို မြည်တွန်တောက်တီး၍ တစ်နေရာတည်း၌ ထိုင်၍ အငြိမ်မနေဘဲ နှစ်ဖက်ရစ် ဆံထုံးကလေးကို ကျစ်ကျစ်ပါအောင် ထုံးလျက် ချေးညှော်မရှိ ဖြူစင်သော တလိုင်းပေါက်အင်္ကျီ လက်တိုကလေးနှင့် လူးလာခတ်လျက်နေနှင့်သည်ကိုမြင်ရ၍ မောင်ထွန်းမြတ်သည် အစ်မကြီး၏အကဲကိုခတ်လျက် "ထမင်းစားပြီးမှ ပြန်မယ်မဟုတ်လား အစ်မကြီး" ဟု မေးလျှင်။

"အလို ထမင်းစားပြီးတော့ ကျုပ်က ဘယ်ပြန်ရဦးမှာတုန်း၊ ကျုပ်မပြန်ဘူး၊ ကျုပ် သည်မှာနေမလို့" ဟု ပြောရာ မောင်ထွန်းမြတ်သည် အံ့အားသင့်လျက်နေလျှင်။

"ဘာလဲ မင်းက ငါမပြောချင်လို့နေတာ၊ ဘယ့်နှယ်မောင်ရယ်၊ မိန်းမယူချင်လို့ ယူပဲယူပါဦးတော့၊ တကယ်ဆိုတော့ ကိုယ်နဲ့တန်တဲ့ဟာတွေ အပုံမောင်ရယ်၊ အခုတော့..."

"တော်တော့ အစ်မကြီး၊ ကျွန်တော်ပြောမယ်၊ ကျွန်တော် ရန်ကုန်ကနေပြီး စာတစ်စောင် ထည့်လိုက်တယ်မဟုတ်လား၊ အဲသည် စာထဲမှာ ဘယ်လိုအကြောင်းကြောင့်ဆိုတာ အကုန်ပါတယ်မဟုတ်ဘူးလား၊ သည်တော့ ကျွန်တော့်ကို သည်အကြောင်း ထပ်မပြောနဲ့တော့၊ စိတ်လည်းမရှိပါနဲ့၊ အနို့ အစ်မကြီးနေတဲ့ အိမ်တော့ကော"

"ငါနေတဲ့အိမ်ကို အငှားချလိုက်ပြီ၊ မနေ့ကပဲ လူရောက်တယ်၊ သည်တော့ မင်းက ငါ့ကို သည်မှာမနေစေချင်ရင် ငါ အိမ်ငှားနေ ရရုံရှိမှာပေါ့၊ သို့သော် မင်းတစ်ခု စဉ်းစားကြည့်ပါ၊ ငါ သည်မှာနေရင် မင်းတို့နှစ်ယောက်စလုံး အကျိုးရှိဖို့ပါပဲ၊ ဟိုအိမ်ဟာ ငါအမွေရတဲ့အိမ် မဟုတ်လား၊ အဲသည်အိမ်ခကလေးကပဲ တော်တော်ခုမယ်၊ ပြီးတော့ ငါအပေါင်ခံလို့ရတဲ့ အတိုးကလေးကလည်း ခုဦးမယ်၊ သည်တော့ မင့်မှာ အကုန်အကျသက်သာမယ် မဟုတ်ဘူးလား၊ ပြီးတော့လည်း မင့်မိန်းမကလေးက အိမ်အသုံးအဆောင် အိမ်ထောင်ဦးစီးဖို့ဆို ဘာမှ နားမလည်သေးဘူး၊ သည်တော့ ငါသည်မှာနေရင် သူက အသာကလေးထိုင်နေရုံပဲ၊ စီမံစရာရှိ ငါသာစီမံမယ်၊ လုပ်စရာကိုင်စရာရှိ ငါသာလုပ်မယ် ကိုင်မယ်၊ သည်တော့ သူလည်း သက်သာ၊ မင့်မှာလည်း အကုန်အကျနည်း၊ မင်းတို့နှစ်ဦးစလုံး အကျိုးရှိမယ် မဟုတ်ဘူးလား" ဟု ပြောလျှင်။

မောင်ထွန်းမြတ်မှာ ငယ်စဉ်မှစ၍ အစ်မကြီးစကားကို ငြင်းဆန်ဖူးသည် မရှိသည့်ပြင် ယခုပြောသည့်စကားမှာလည်း ဟုတ်လောက်သင့်သည်ဟု အယူရှိသော



http://myanmarpyithar.net

ကြောင့် "အိမ်ကတော့ ကျယ်ပါရဲ့ အစ်မကြီးရယ်၊ သို့သော်..."

"အောင်မယ်၊ ကျယ်လွန်းတောင် အားကြီးပါသေးတယ် မောင်ရယ်၊ ငါတော့ ချောင်နားက အခန်းကလေးတစ်ခန်းရရင် ပြီးတာပါ..."

"အလို ဟိုကရောက်လာတာက ဘာကြီးလဲ"

"ကျွန်တော် ရန်ကုန်က ဝယ်ခဲ့တဲ့ စန္ဒရားပေါ့"

"အောင်မယ်လေး၊ လုပ်လှချေကလား ငါ့မောင်ရယ်၊ အိမ်ရှိတဲ့ဟာက ဘာပြုလို့တုန်း"

"သည်ဟာကြီးက ပျက်နေလို့ အသံမကောင်းဘူးတဲ့"

"သည်အသစ်ကြီးက ဘယ်လောက်တဲ့တုန်း"

"ဘယ်လောက်ဖြစ်ဖြစ် အစ်မကြီးရယ်"

"ပြောစမ်းပါကွဲ့၊ ဘယ်လောက်တုန်း"

"၁၅၀၀"

"အောင်မယ်လေးတော့၊ မနေ့က မင်းတို့စီးလာတာကြီးကလည်း မင်း ဝယ်ခဲ့တာဆို"

"ဟုတ်တယ်"

"ဘယ်လောက်လဲ"

"၃၅၀၀" ဟု ပြောလျှင် မဂျမ်းပုံသည် အံ့သြလှသဖြင့် စကားမပြောနိုင်ဘဲ လက်နှစ်ဖက်ကို မြှောက်လျက် ငေး၍ကြည့်နေလေ၏။

ခင်စိန်ကြည်လည်း အိပ်ရာမှထလာ၍ အိမ်အောက်သို့ ဆင်းလာလျှင် "ကြက်ကလေး နင်းမိပါတယ်" ဟု မဂျမ်းပုံက ပြောလိုက်လျှင် မျက်နှာပျက်လျက် "ခရီးပန်းလာလို့ထင်ပါရဲ့၊ အိပ်ပျော်လိုက်တာ" ဟု မောင်ထွန်းမြတ်ကို ကြည့်၍ ပြောလျှင် "ကောင်းပါလေခင်-ကဲ- လက်ဖက်ရည်သောက်၊ အစ်မကြီး ခင့်ဖို့ လက်ဖက်ရည်အေးကုန်ပြီ၊ အသစ်ဖျော်ပေးပါဦး" ဟု ပြောရာ။

"ဖျော်ပြီးသားတွေ ဘယ်သွန်ပစ်ရမလဲ" ဟု အစ်မကြီးက ပြောလျှင်။

"နေပါစေ၊ ကျွန်မ အေးအေးပဲသောက်တတ်ပါတယ်" ဟု ပြော၍ မောင်ထွန်းမြတ်၏မျက်နှာကိုကြည့်၍ ပြုံးလျက်သောက်လေ၏။

ထမင်းစား၍ပြီးလျှင် ခင်စိန်ကြည်က "ကဲ-ဝင်းထဲ လျှောက်ကြည့်ရအောင်၊ စံပယ်ပင်တွေလည်း ပွင့်ကုန်ကြပြီထင်တယ်၊ ပန်းပင်ကလေးတွေလည်း မမြင်ရတာ ကြာလှပြီ" ဟု ပြောလျှင် မောင်ထွန်းမြတ်က "အလို မကြည့်နိုင်သေးဘူးခင်ရေ့၊ အလုပ်ရုံးများမရောက်တာ တစ်လလောက်ရှိသွားပြီ၊ သွားရဦးမယ်၊ ၉ နာရီလည်း



http://myanmarpyithar.net

ခွဲပြီးပြီ” ဟု ပြောလျှင် ခင်စိန်ကြည်သည် မျက်ရည်လည်လျက် “တစ်နေ့တလေ လောက်မှ မနေနိုင်ဘူးလား ကိုထွန်းမြတ်ရယ်၊ ရှင်မရှိရင် ကျွန်မတစ်ယောက်တည်း ဘယ့်နှယ်လုပ်နေရစ်ရမလဲ” ဟု ပြောရာ။

မောင်ထွန်းမြတ်သည် ပါးနှစ်ဖက်ကိုကိုင်လျက် “အင်မတန် နေချင်ပါတယ် ခင်ရယ်၊ သို့သော် နေလို့မဖြစ်သေး–ခင်ရဲ့၊ ဦးသာဒွန်းနဲ့လည်း မတွေ့ရသေးဘူး၊ သို့သော် ကိစ္စပြီးရင်ပြီးချင်း ပြန်ခဲ့မယ် နော်–ဟုတ်လား၊ တစ်ယောက်တည်းပျင်းရင် စန္ဒရားတီးနေပါလား၊ မောင့်စာအုပ်တွေလည်းရှိတယ်၊ ဖတ်ပါလား၊ ကဲ–လာ၊ မောင့် လိုက်ပို့မယ်မဟုတ်လား” ဟု ပြောလျှင် ခင်စိန်ကြည်လည်း အားရဝမ်းသာ ထ၍ မောင်ထွန်းမြတ်နှင့် ထွက်သွားကြလေ၏။

လမ်းသို့ရောက်လျှင် အစ်မကြီး မဂျမ်းပုံ၏အကြောင်းကိုပြောရန် တော်သင့်ပြီ အောက်မေ့၍ “အစ်မကြီးကတော့ မောင်တို့နဲ့ နေချင်တယ်တဲ့ ခင်ရယ်၊ မောင်တို့ချည်း ဘဲနေရင် သာကောင်းမယ်လည်း ထင်ရဲ့၊ သူ သည်မှာနေရင် ခင်တော့ ဗာယီရ နည်းမယ်လည်း ထင်ရဲ့၊ မပြောတတ်အောင်ဖြစ်နေတယ်” ဟု ပြောလျှင် ခင်စိန်ကြည် သည် နေရာတိုင်း၌ စွက်ချင်ဟန်လက္ခဏာရှိသော မိန်းမကြီးနှင့် အတူတကွနေရမည့် အရေးကို တွေးမိလျှင် အနည်းငယ် စိတ်မချမ်းသာခြင်းဖြစ်သော်လည်း သူတစ်ပါး တို့၏ စိတ်နှလုံးကို အနည်းငယ်မျှ မသက်သာအောင် မပြုတတ်သော စိတ်သဘော ရှိသဖြင့် အတူနေထိုင်ရန် မတော်သင့်ဟု မပြောလိုသောကြောင့် “ရှင်တို့ သဘောပေါ့” ဟု ပြောလျှင်။

“မဟုတ်ဘူး–ခင်၊ မောင်တို့သဘော မပြောပါနဲ့၊ ခင့်သဘောကို ပြောပါ၊ ဘယ်အရာမဆို ခင့်အလိုအတိုင်း၊ ခင့်သဘောရှိတဲ့အတိုင်း ဖြစ်စေမယ်လို့ မောင်ကြုံရွယ်ခဲ့ပါတယ်၊ သည်တော့ ခင်က ဘယ်လိုသဘောရှိသလဲ ပြောပါ” ဟု ဆိုလျှင်။

ခင်စိန်ကြည်မှာ မောင်ထွန်းမြတ်တစ်ယောက်လုံး ရှိလျက်နှင့် မဂျမ်းပုံ ဘယ်လိုပင် စွာနိုင်သော်လည်း စိတ်မချမ်းမသာ ဖြစ်ရန်မရှိဟု အောက်မေ့၍ “နေပါစေ ကိုထွန်းမြတ်ရယ်၊ ကိစ္စမရှိပါဘူး” ဟု ပြောလျှင်။

“အဲလေ တစ်လနှစ်လ စမ်းကြည့်သေးတာပေါ့ မဟုတ်ဘူးလား”ဟုပြောရင်း လမ်းခွသို့ရောက်လျှင် ခင်စိန်ကြည်သည် လင်နှင့်မခွဲချင်သောကြောင့် “ကျွန်မဖြင့် ရှင်နဲ့သာ အတူလိုက်ပြီး ရှင့်စာရေးကလေးသာ လုပ်ချင်တော့တာပဲ၊ ကျွန်မ တစ်ယောက်တည်း ပြန်သွားရမှာ ပျင်းစရာကြီးကောင်းလိုက်တာ” ဟု ပြောလျှင် မောင်ထွန်းမြတ်က ဦးခေါင်းကိုယမ်းလျက် “မညာနဲ့–မညာနဲ့၊ ပြန်ပြီး တစ်ခါလိုက်



http://myanmarpyithar.net

ပို့အောင် လုပ်တာပေါ့လေ၊ မရဘူး၊ မရဘူး” ဟု ရယ်လျက်ပြော၍ နှုတ်ဆက်ပြီးလျှင် ဆက်လက်သွားလေ၏။

ခင်စိန်ကြည်လည်း တစ်ယောက်တည်း ပြန်သွား၍ အိမ်သို့ ရောက်လျှင် ပန်းပင်ကလေးများကို ကြည့်၍နေပါသော်လည်း အပျင်းမပြေ။ အိမ်ပေါ်သို့တက်၍ နေပါသော်လည်း ယောင်တီးယောင်ပတ်။ စန္ဒရားတီးပါသော်လည်း စိတ်မပါ။ စာဖတ်ရန်လည်း စိတ်မရှိသဖြင့် တစ်နေ့လုံး ပျင်းလျက်ရှိနေရာ ညနေ ၄ နာရီ ခန့်ရှိလျှင် မောင်ထွန်းမြတ် လာချိန်နီးပြီဖြစ်၍ ဝင်းပေါက်သို့ထွက်လာပြီးလျှင် လမ်းကို မျှော်ကြည့်ရာ မောင်ထွန်းမြတ်ကို မမြင်သေးသဖြင့် ဝင်းအတွင်းရှိ သစ်ပင်ရိပ် အောက်တွင် ထိုင်လျက်နေလေ၏။

နာရီတစ်ဝက်ခန့်မျှရှိလျှင် မောင်ထွန်းမြတ်သည် ပျာယီးပျာယာနှင့် ပြန်လာ၍ သစ်ပင်ကိုမှီလျက် အိပ်ပျော်နေသည့် ခင်စိန်ကြည်ကို မြင်လျှင် ခြေဖျားထောက်လျက် အနီးသို့လာပြီးမှ ခင်စိန်ကြည်၏ ရုပ်လက္ခဏာကို ကြည့်နေရာ ဦးခေါင်းပေါ်တွင် ခပ်စောင်းစောင်းနှင့် ကပိုကရိုပတ်လျက်ထားသော ဆံပင်တို့သည် ပခုံးပေါ်သို့ လျှောကျလျက်။ နှုတ်ခမ်းကလေးသည်လည်း ပြုံးတော့မည်လိုလိုနှင့် အကလေး များ အိပ်ပျော်နေဘိသကဲ့သို့နေသည်ကိုမြင်လျှင် အလွန်တရာ လှပ တင့်တယ် ရှုချင်စဖွယ်ရှိဘိ၏တကား။ ဤသူငယ်မသည် ငါ၏ခင်ပွန်း ဖြစ်ဘိ၏တကားဟု အောက်မေ့မိသဖြင့် နှစ်ခြိုက်ကြည်နူးသောစိတ်ဖြင့် ပြုံးလိုက်ရာ ခင်စိန်ကြည်လည်း အိပ်ရာမှ လန့်နိုး၍ “အလို ပြန်လာပြီလား၊ ကျွန်မ အိပ်ပျော်သွားတယ်မှတ်တယ်” ဟု ပြော၍ လင်၏လက်ကိုကိုင်လျက် ထလေလျှင် “မလုပ်ပါနဲ့ခင်ရယ်၊ အိပ်ပျော်နေတုန်းများ လူခိုးသွားမှဖြင့် သည်က အဆုံးမခံနိုင်ပါဘူး”

“ကျွန်မ ရှင့်ခြေသံ နားထောင်ရင်း မှေးခနဲဖြစ်သွားတယ်”

“သည်ကနေ့ တစ်နေ့လုံး ဘာလုပ်နေသလဲ၊ ခင် ပျင်းမနေဘူးလား”

“အို...ပျင်းလိုက်တာမှ မပြောပါနဲ့တော့ရှင်...။ စန္ဒရားသစ် တီးစမ်းလိုက်၊ နာရီကြည့်လိုက်၊ တော်တော်ကြာ စာအုပ်ဖွင့်ဖတ်လိုက်၊ နာရီကြည့်လိုက်၊ နာရီများကလည်း နှေးလိုက်တာရှင့်” ဟု ပြောနေကြဆဲတွင် မဂျမ်းပုံသည် အိမ်ပေါက်ကနေ၍ “ဟော့ ထမင်းပြင်ပြီးတာ ကြာလှပြီကွဲ့၊ ဟိုတစ်ယောက်ကကော ပျောက်များ သွားရော့မှတ်တယ်” ဟု အော်၍ပြောလျှင် မောင်ထွန်းမြတ်လည်း “လာပါပြီ အစ်မကြီးရဲ့” ဟု ပြော၍ အိမ်တွင်းသို့ဝင်လာကြရာ မောင်ထွန်းမြတ် သည် အဝတ်လဲရန် အိမ်ပေါ်သို့တက်သွားလေလျှင် ခင်စိန်ကြည်လည်း မဂျမ်းပုံ ပြောဦးမည်ကို ကြောက်၍ အိမ်ပေါ်သို့ တက်လိုက်သွားပြီး နောက်မှ အတူတူဆင်း၍



http://myanmarpyithar.net

စားလေ၏။

သီတင်းနေ့တိုင်ရောက်လျှင် တနင်္ဂနွေနေ့လည်း ဆုံနေသည်နှင့် "မောင်ထွန်းမြတ်တို့ သီလယူကြမယ်မဟုတ်လား၊ သည်ကနေ့ တနင်္ဂနွေနေ့လည်း ဖြစ်တယ်၊ ကြုံတဲ့အခါမှ စောင့်ရတာ စောင့်ကြနော်" ဟု မဂျမ်းပုံက ပြောလျှင် မောင်ထွန်းမြတ်လည်း "ကောင်းပါပြီအစ်မကြီး" ဟု ပြောလေ၏။ ထမင်းစားပြီး၍ မောင်ထွန်းမြတ်လည်း မော်တော်ကားကြီး ထုတ်လာသည်ကို မဂျမ်းပုံမြင်လျှင် ... "အလိုဘာလုပ်မလို့လဲ၊ မင်းက သည်ဟာကြီးနဲ့..."

"နေပူတယ်အစ်မကြီးရဲ့၊ ခင်က မသွားနိုင်ပေဘူး"

"အောင်မယ်၊ မင်းက နန်းဦးတိုက် သီလခံသွားတာများ သည်ဟာကြီးနဲ့သွားမယ်လို့ပေါ့လေ၊ လွန်လွန်းတယ်တော်၊ နေပူလို့ အရည်များ ဖြစ်သွားမယ်တဲ့လား" ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း စကားတုံ့ပြန်၍မပြောဘဲ အိမ်ပေါ်သို့တက်သွား၍ "ကဲ–ခင်၊ သွားကြစို့" ဟု ခင်စိန်ကြည်ကို ခေါ်လာပြီးလျှင် ထွက်သွားကြလေ၏။ လမ်းတွင် ထီးကြီးကိုဆောင်းလျက် ချွေးတလုံးလုံး ဖုန်တထောင်းထောင်းနှင့် သွားနေသော မဂျမ်းပုံကို တွေ့ကြရာ မဂျမ်းပုံမှာ လှည့်မကြည့်ဘဲ မမြင်ချင်ပြုလျက်သွားလေ၏။

သီလခံ၍အပြန် ကျောင်းပေါက်တွင် မိမိရီသည် မိန်းကလေး အဖော်အချို့နှင့် ရပ်လျက် ခေတ္တစကားပြောနေရာ မောင်ထွန်းမြတ် လင်မယားတို့လည်း ထွက်လာကြပြီးလျှင် မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏လက်ကိုကိုင်၍ မော်တော်ကားပေါ်သို့ တက်လိုက်သည်ကို မိမိရီမြင်လိုက်ရလျှင် အနေခက်လှ၍ မျက်နှာပျက်လျက် ရှိလေ၏။ မော်တော်ကား ထွက်ခါနီးတွင် မောင်ထွန်းမြတ်သည် မော်တော်ကားပေါ်မှ မိမိရီကိုမြင်သဖြင့် "အလို မိမိရီလား၊ ဒေါ်ဒေါ် မာရဲ့နော်" ဟု နှုတ်ဆက်၍သွားလေ၏။ ခင်စိန်ကြည်က "တယ်ချော ပါကလား၊ သူ့နာမည်က ဘယ့်နယ်တဲ့" "မိမိရီတဲ့" "ဩော် မိမိရီ– တယ်သနားစရာကောင်းတဲ့ နာမည်ကလေးပဲ"

■



http://myanmarpyithar.net

## အခန်း(၁၂)

တနင်္ဂနွေနေ့တစ်နေ့၌ ရာဇဝတ်ဝန်ထောက်မင်း သားအမိသားအဖ ၃ ယောက်တို့သည် မောင်ထွန်းမြတ်၏ အိမ်သို့လာ၍ လည်ကြရာ ခင်စိန်ကြည်သည် မိမိအခန်းတွင်းတွင် ခေါင်းဖြီးလျက်ရှိနေသဖြင့် အခန်းပြင်၌ မိနှစ်နှင့်မစောတို့သည် အစေခံတို့ဘာဝ ပြောဆိုလျက် နေကြသည်ကို ခင်စိန်ကြည်သည် ကြားရလေ၏။

**နှစ်** "အမိန့်တော်ရကတော်ရှိလား"

**စော** "ရှိတယ်"

**နှစ်** "ရာဇဝတ်ဝန်ထောက်မင်းတို့ လာကြတယ်၊ မိမိရီလည်း ပါလာတယ်၊ ဝတ်လို့စားလို့၊ ကြည့်ပါဦး မစော၊ သူမို့ လာဝံ့ပါပေတယ်"

**စော** "ဘာဖြစ်လို့လဲ"

**နှစ်** "ရှင်က မသိသေးဘူးလား၊ သူက ကိုကို့ကို လူပျိုကတည်းက ကြိုက်နေတာပေါ့တော့၊ ကိုကိုပြန်လာရင် သူတို့ ၃ ဦး ၃ ဖလှယ် ဘယ့်နှယ်များ နေကြမလဲ၊ ကြည့်စမ်းချင်လှတယ်ရှင်" ဟု ပြောလေ၏။

ထို့နောက် မစောလည်း ခင်စိန်ကြည်အခန်းတွင်းသို့ဝင်၍ "ဧည့်သည်လာတယ်တဲ့ မမလေးဘုရား" ဟု ပြောလျှင် ခင်စိန်ကြည်လည်း အဝတ်အစားလဲပြီး၍ အိမ်အောက်သို့ ဆင်းသွားလေ၏။ အိမ်အောက်သို့ရောက်လျှင် ဝတ္တရားရှိသည့်အတိုင်း ဧည့်ခံ၍ နာရီတစ်ဝက်ခန့် စကားပြောဆိုကြပြီးနောက် ဝန်ထောက်ကြီးတို့သည် ပြန်ကြမည်ဟု ထနေကြစဉ် မဂျမ်းပုံဝင်လာ၍ ထမင်းစားပြီးမှပြန်ကြရန် တားလေ၏။ သို့သော်လည်း ဝန်ထောက်မင်းက မိမိမှာ ကိစ္စရှိသေး၍ မနေနိုင်။ မိမိရီမှာ နေလိုကနေနိုင်သည်ဟု ပြောလျှင် မိမိရီမှာ မဂျမ်းပုံက တားသည်ဖြစ်သောကြောင့် နေရစ်ခဲ့လေ၏။

ခင်စိန်ကြည်သည်လည်း မိမိရီကို မြင်လျှင်မြင်ချင်း အစေခံ မစောနှင့် မိနှစ်တို့ ပြောကြသည့်စကားကို သတိရလေကြောင်း။ မိမိရီမှာလည်း မိန်းမချော



http://myanmarpyithar.net

ကလေးတစ်ယောက်ပင် ဖြစ်သဖြင့် အနည်းငယ် မနာလိုသောစိတ် ဖြစ်မိသည့်အတိုင်း ထိုင်၍စကားပြောနေကြစဉ် ခင်စိန်ကြည်၏ သပ်သပ်ရပ်ရပ် ဝတ်ပုံစားပုံနှင့် ကျက်သရေရှိသော မျက်နှာကို စိုက်၍ကြည့်လျက် စိတ်မချမ်းသာ ဖြစ်ရာ၏။

ဝန်ထောက်ကြီးလင်မယား ပြန်သွားကြလျှင် မိမိရီသည် ခင်စိန်ကြည်၊ မဂျမ်းပုံတို့နှင့် ပြတင်းပေါက် အနီးတွင်ရပ်လျက် စကားပြောနေကြစဉ် မောင်ထွန်းမြတ်သည် ဝင်းပေါက်မှ ဝင်လာ၍ မိန်းမ ၃ ယောက်ကို မြင်လျှင်ပြုံးလျက် အိမ်တွင်းသို့ ဝင်လာပြီး "မိမိရီ တို့များ အခုမှပဲ လာပေတော့တယ်ဗျာ" ဟု နှုတ်ဆက်လျှင် မိမိရီသည် မျက်နှာပျက်၍သွားသည်ကို ခင်စိန်ကြည် မြင်လိုက်လေ၏။

ထမင်းစား၍ပြီးကြလျှင် မဂျမ်းပုံသည် မိမိရီကိုခေါ်၍ မိမိ စိုက်ထားသော မုန်လာထုပ်ခင်း၊ နိုကိုခင်းတို့ကို ပြလျက်ရှိရာ မိမိရီက "ဘယ့်နှယ် အစ်မကြီး၊ ယောင်းမတော်နဲ့ တော်တော်တည့်ကြပါစ" ဟု မေးလျှင် မဂျမ်းပုံက "မိန်းကလေးက အတော်သားပဲဟေ့၊ အစကတော့ ငါက ဟန်ကြီးပန်ကြီးနဲ့ တော်တော် လေလှိုင်းမယ့် ဟာကလေး မှတ်မိပေတယ်၊ အခုတော့ သူက သည်လိုမဟုတ်ရှာဘူးဟေ့၊ သူ့လင်တော့ တော်တော်ချစ်တဲ့ လက္ခဏာရှိတယ်၊ လင်ရုံးပြန်ကို မျှော်ချည်းနေတာပဲ၊ လင်မရှိမှဖြင့် သူ့မျက်နှာက မကောင်းဘူး" ဟု ပြောလေ၏။

ထိုအခါ မိမိရီသည် မိမိနမ်းလျက်ရှိသော နှင်းဆီပန်းကလေးကို ပွတ်ခြေ ရင်း... "သူ နေ့လယ်တိုင် ဘာလုပ်နေသလဲ"

"ဘာလုပ်လိမ့်မလဲတော်၊ ဘာမှမလုပ်ပါဘူး၊ သီချင်းကလေး နည်းနည်းဆိုရဲ့၊ စန္ဒရားကလေးလည်း နည်းနည်းတီးရဲ့၊ စာကလေးလည်း ခဏတစ်ဖြုတ်ဖတ်၊ ဧည့်သည်ကလေးများလာရင်လည်း ဧည့်ခံရဲ့၊ ဒါပဲ၊ သည့်ပြင်ဖြင့် သူ့လင်ရုံးသွားရင် လမ်းအထိ လိုက်သွားပြီး မဖင့်ဖင့်အောင်လုပ်၊ ဟိုအကောင်းကလည်း ဒါကို သဘောကျလွန်းလို့ ကြည်လို့... တစ်မနက်ဟာတော့အေ မိုးတွေကလည်းသည်းလို့၊ လေတွေကလည်း ကျလို့၊ ဒါတောင်မနေဘူး၊ လိုက်ပို့မိအောင် ပို့သေးတယ်၊ ငါကတောင် မနေနိုင်လို့ အဝတ်တွေ ရေစိုကုန်ပါမယ် ပြောတော့ ကိစ္စမရှိပါဘူးတဲ့၊ သူ့မှာတော့ အဝတ်ပျက်စီးတာ ဘာကိစ္စ ရှိလိမ့်မလဲ၊ ဟိုအမိုက်ကောင်ကကော အခုများဖြင့် အမူတောင် တယ်ပြီး ဂရုမစိုက်ဘူး၊ သူ့မယားကလေးပဲ ဂရုစိုက်ဖော် ရတော့တယ်" ဟု ပြောလျှင် မိမိရီက "ဒါတော့ ဟုတ်ပေသားပဲ အစ်မကြီးရယ်" ဟု ထောက်၍ပြောလေ၏။

ထိုအခါ မဂျမ်းပုံက "ဘာဟုတ်ရမလဲ ညည်းက၊ ဟိုတစ်နေ့ ညနေတုန်း ကလည်း ဟိုဟာကြီးစီးပြီး (မဂျမ်းပုံမှာ မော်တော်ကားဟု မခေါ်ချင်သောကြောင့်



http://myanmarpyithar.net

ဟိုဟာကြီးဟု ခေါ်လေ့ရှိ၏)။ လင်မယားနှစ်ယောက် လည်တော်မူကြတာပေါ့လေ၊ ငါ့ဖြင့် ထမင်းစားမယ်လို့ တမျှော်မျှော်နဲ့ စောင့်လိုက်ရတာ၊ လာနိုင်ကြဘူး၊ တော်တော်နဲ့ လာပြန်တော့လည်း ယောက်ျားလုပ်တဲ့အကောင်က ထမင်းပွဲက ခေါင်းကိုက်တယ်လို့ ထသွားရင်ဘဲ မိန်းမလုပ်တဲ့ဟာက ထမင်းပြီးအောင် မစားဘဲ လင်နောက် ထလိုက်သွားပါရော၊ ဒါနဲ့ ငါက အခန်းတံခါးတွန်းဖွင့်ပြီး ထမင်းလက်စ မသတ်ဘူးလား မေးမယ်လုပ်တော့ အောင်မယ် ယောက်ျားက ပက်လက်ကုလားထိုင် ပေါ်လှဲပြီး မိန်းမက အနားဒူးထောက်ပြီး သည်ရေမွှေးရှူပါ၊ သည်ဘန်းဘူးလိမ်းပါ၊ သည်သွေးဆေး သောက်ပါနဲ့၊ တကတည်း လုပ်နေလိုက် ကြတာ ငါက အမြင်ကတ်တယ်–ကြာတော့၊ တကယ်ဆိုအေ ယောက်ျားပဲ သည်လောက်တောင် လုပ်နေရသလား၊ ငါနဲ့ချည်းနေတုန်းကတော့ သည်အကောင် သည်လိုဖြစ်ရင် ဝမ်းနှုတ်ဆီ ၂ ဇွန်းလောက်တိုက်ပြီး စောစောအိပ်ခိုင်းလိုက်တာပဲ ပြီးရော” ဟု ပြောလျှင် မိမိရီမှာ ဘာမျှပြန်မပြောဘဲ မျက်နှာလွှဲလျက်နေလေ၏။

ဤသို့ပြောဆိုနေကြစဉ် မာလီကုလားနှင့်တွေ့၍ မဂျမ်းပုံသည် ၎င်းအား ဥယျာဉ်စိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ အမိန့်ပေးလျှက်ရှိနေခိုက် မိမိရီလည်း အိမ်တွင်းသို့ ပြန်၍ဝင်သွားပြီး စန္ဒရားတီးသံကြားသဖြင့် အခန်းတံခါးကို ဖြည်းညင်းစွာ တွန်း၍ဖွင့်လိုက်ရာ ခင်စိန်ကြည်၊ မောင်ထွန်းမြတ်တို့ စန္ဒရားတီးနေသည်ကို မြင်ရလေ၏။

ခင်စိန်ကြည်က စိန်ခြူးကြာညောင်ဆိုသည့် ဘောလယ်ကို စန္ဒရားနှင့် ဆို၍တီးရင်း... “ရှင်က ဘောလယ်တယ်ကြိုက်ပါကလား၊ ဘာပြုလို့တုန်း”ဟု ပြုံးရယ်ကာ နောက်ကကပ်၍ ရပ်နေသော မောင်ထွန်းမြတ်မျက်နှာကို ကြည့်၍ မေးလျှင်။

မောင်ထွန်းမြတ်က “မပြောတတ်ပါဘူး ခင်ရယ်၊ သူများဆိုတော့ သည်လောက် မကြိုက်ပါဘူး၊ ခင်ဆိုတာကြားရမှ ဘောလယ်ကို စွဲနေပါပြီ”

“ကဲတော်ပြီမဟုတ်လား၊ အစ်မကြီးတို့လာလောက်ပြီထင်တယ်”

“နေပါဦးခင်၊ တနေ့ကဆိုတဲ့ တေးထပ်ကလေး လုပ်စမ်းပါဦး”

“ဘယ်ဒင်းဟာလဲ၊ ကျောက်မြင်းသီလာဆိုတဲ့ ၈ဝ ပေါ်လား”

“မဟုတ်ပါဘူးလေ၊ ကြင်နာဦးဆိုလား၊ ဘာဆိုလားပါ,ပါတယ်”

”သြော်...စိန်ဝဇီရာနီလာပွင့်သို့ ဆိုတဲ့ ဟာလား”

“အဲ–ဟုတ်တယ်၊ဟုတ်တယ်”ဟု ပြောလျှင် ခင်စိတ်ကြည်သည် အောက်ပါ တေးထပ်ကိုဆို၍ စန္ဒရားနှင့် လိုက်၍တီးလေ၏။



http://myanmarpyithar.net

"စိန်ဝဇီရာ၊ နီလာပွင့်သို့ စီမြွာတင့်တဲ့ ကိုးမျက်ခြယ်၊ သီဟာပလ္လင့် မိုးထက်လယ်မှာ–စိုးလျက်စံပါယ် ရှိန်ရောင်မြူး၊ မရူအားပေ့ ရများရောင်တယ်။ လူ့သားဘောင်ကို–ကြည့်ပဲပျော်မွေ့ကြူး။ ဖော်ဆွေမဲ့လို့–ပွေတဲ့သူကို။ ကြွေငဲ့အပူ– မြင်လာဘူး။ လေသွဲ့ခါယူ ထင်ရာရူးချည့်။ ကြင်နာဦးကြောင့် စက်မပျော်။ နေမင်းရည်မှိန်သည့်ချိန်ကျတော့။ တည်ငြိမ်မရ–မောင်မှန်းမိ၍မျှော်။ ရွှေမင်ဆေးက ရေးပျက်ချော်တယ်။ ဆွေးဘက်သနော်–ချိန်ခါဦးမို့၊တိမ်ပြာကျူးလို–မြူခိုးတွေမှောင်။ ပူပျိုးစေဘွဲ့နှောင်။ လူဇာတိသို့–မချိအောင်ကို။ ကလိယောင်ယောင် အိပ်မက်လာ လို့လေး။

ကဲ–ဒါပဲ၊ ကိုထွန်းမြတ်ကလည်း ဖွေဖွေလိုပဲ ညည်းညူတဲ့ သီချင်းမှ ကြိုက်တာကိုး၊ကျွန်မလည်း သည်လိုပဲ၊ ကဲ တော်တော်နားညည်းပြီမှတ်တယ် ဟု ပြော၍ လင်ကိုမှီပြီးလျှင် ချစ်ဖွယ်ကောင်းသော မျက်နှာလေးဖြင့် မော်၍ ကြည့်လိုက်ရာ မောင်ထွန်းမြတ်က "ခင့်အသံကလေးကြားလို့လည်း ဘယ်တော့မှ မညည်း၊ ဟောသည်မျက်နှာကလေးမြင်ရလို့လည်း ဘယ်တော့မှမဝ"ဟု ပြော၍ မျက်နှာကို လက်နှစ်ဖက်နှင့်ကိုင်ပြီးလျှင်...

မိမိရီမှာ မမြင်လိုသဖြင့် အခန်းတံခါးကို ပြန်၍ပိတ်ပြီးလျှင် ပြတင်းပေါက် တစ်ခုအနီးသို့သွား၍ မေးထောက်လျက်ငေးနေစဉ် မောင်ထွန်းမြတ်လင်မယားတို့ ထွက်လာခိုက်နှင့် ကြုံနေသဖြင့် မောင်ထွန်းမြတ်က "အလို မိမိရီတစ်ယောက်တည်း လား၊ အစ်မကြီးကော"

"နောက်ကလာပြီ"ဟုပြောဆဲတွင် မဂျမ်းပုံဝင်လာ၍ "ဟေ့ မောင် ထွန်းမြတ်–ငါက ပန်းမုန်လာပင် စိုက်စရာမရှိလို့ရွက်လုပင်တွေကို အရွှေ့ခိုင်း ထားတာ၊ မင်းကမာလီကုလားကို ဘယ့်နှယ်ပြောခဲ့ရပြန်သလဲ"

"ခင်စိန်ကြည်က ရွှေ့လို့မတော်ဘူးပြောလို့ မရွှေ့နဲ့တော့လို့ ပြောထားတယ်"

"အောင်မယ်၊ ငါတမင်ရွှေ့ဖို့ ပြောထားတာ၊ မင်းက ဘာလုပ်ဝင်စွာ ရတာလဲ"

"ခင်စိန်ကြည်က ဘယ်ဒင်းမျိုးမဆို သူ့ဖခင်ရှိတုန်းကလိုရှိစေချင်တယ်တဲ့၊ ပန်းမုန်လာ ဘာလုပ်ဖို့လဲ အစ်မကြီးရယ်၊ အစ်မကြီး စားချင် ကျွန်တော်ဈေးက ဝယ်ပေးပါမယ်"

"မာလီကုလား အလကားမထားနိုင်ဘူးကွဲ့၊ ဝယ်လို့ရမှန်း ငါအသိသားပေါ့၊ မင်းက ဝင်ဝင်မစွာကြပါနဲ့၊ တယ်မိုက်တဲ့ အကောင်ကိုး" ဟု ပြောလျှင် မောင်ထွန်းမြတ်က ခင်စိန်ကြည်နဲ့ မိမိရီတို့ကို ကြည့်လျက် "အစ်မကြီးကသာ



http://myanmarpyithar.net

ကျွန်တော်မိုက်တယ် ထင်တာကိုး အစ်မကြီးရဲ့" ဟု ပြုံး၍ပြောလေ၏။

မောင်ထွန်းမြတ်မှာ စိတ်လည်းရှည် သဘောလည်း ကောင်းသည့်ပြင် အစ်မကြီး၏ သဘောကိုလည်း သိပြီးဖြစ်၍ မဂျမ်းပုံသည် မည်သို့ပင် စကားများသော်လည်း စိတ်ဆိုးသည်မရှိဘဲ မဂျမ်းပုံ၏ စကားကို အများအားဖြင့် နာယူလေ့ရှိလျက် ပြန်ပြောသည့်အခါတို့၌လည်း ပြုံးရယ်လျက်သာလျှင် ပြောတတ်၏။ ခင်စိန်ကြည်မှာမူ ဤကဲ့သို့မရှိနိုင်ဘဲ နေရာတိုင်း၌ ဝင်၍ပြောချင် ဆိုချင်ရှိသော မိန်းမကြီးတစ်ယောက်ဟု အောက်မေ့၍ အနည်းငယ် မခံချင်ရှိလေ၏။

မဂျမ်းပုံမှာ ညစာစားပြီးလျှင် အခြားအစာ စားလေ့မရှိသော်လည်း မိမိရီလာသည့်နေ့ဖြစ်၍ လက်သုပ်ကိုသုပ်ကျွေးရာ ၄ ဦးသား တို့သည် လက်သုပ်စားရင်း ရယ်မောစရာပြောလျက်နေကြစဉ် ၁၀ နာရီထိုးလျှင် မိမိရီက "၁၀ နာရီတောင်ထိုးပြီ အစ်မကြီးရေ့၊ ကျွန်မပြန်မှတော်မယ်၊ အကြိုမလာသေးဘူးထင်တယ်" ဟု ပြောလေ၏။

ထိုအခါ မောင်ထွန်းမြတ်က အစေခံတစ်ယောက်ကို ခေါ်မေး၍ မလာသေးကြောင်း သိကြလျှင် မိမိရီက... "မေမေလည်း အိပ်ပျော်ပြီ၊ ဖေဖေကလည်း ကျွန်မကိုမေ့နေပြီထင်တယ်" ဟု ပြောရာ ခင်စိန်ကြည်က "ဒါဖြင့် မောင်မြားမှန်အိမ်နဲ့ လိုက်ပို့စေမှထင်ပါရဲ့" ဟု ပြောလေကြောင်း။ မောင်ထွန်းမြတ်ကမူ အပျိုအရွယ်ကလေးကို အချိန်မဲ့၌ ယောက်ျားအစေခံနှင့် မသွားစေလိုသောကြောင့် "မိုးလည်းချုပ်လှပြီ၊ ကျုပ်ကိုယ်တိုင် လိုက်ပို့မှ တော်မယ်" ဟု ပြော၍ တုတ်တစ်ချောင်းကို ကိုင်လျက် ထွက်သွားကြလေ၏။

ဝင်းပြင်သို့ ရောက်၍ အနည်းငယ်သွားမိကြလျှင် "သွားရမှာက တော်တော်ကလေး လှမ်းသေးတယ် မိမိရီရေ့၊ ခပ်သုတ်သုတ်ကလေးသွားမှ" ဟု ပြောလျှင် "ပြန်ချင်လှပြီပေါ့လေ" ဟု မိမိရီစိတ်ထဲ၌ အောက်မေ့ပြီးလျှင်။

"သူ့တော့ပြောမှပဲ၊ မပြောရရင် ငါ ရင်ကျပ်ပြီး သေလိမ့်မယ်၊ ပြောလိုက်ရမှ ရင်နည်းနည်းချောင်လိမ့်မယ်" ဟု စဉ်းစားမိ၏။ မိမိရီမှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း သိတတ်သောအရွယ်သို့ ရောက်သည်မှစ၍ မောင်ထွန်းမြတ်ကို လှိုက်လှိုက်လှဲလှဲ အသည်းစွဲအောင် ချစ်ခင်စုံမက်နေသည်နှင့် မောင်ထွန်းမြတ်သည် မိမိအား တစ်နေ့သော်လည်း ပြောနိုးနိုး၊ တစ်နေ့သော်လည်း ဖွင့်နိုးနိုးနှင့် မျှော်လင့်စောင့်ဆိုင်းလျက် နေလေ၏။

မိမိက စတင်၍ပြောရမည်မှာလည်း မိန်းမသားဖြစ်၍ မပြောစကောင်းသောကြောင့် အချစ်ကို မျိုသိပ်လျက်ထားခဲ့ရာ မောင်ထွန်းမြတ်သည် မိမိအား

မိမိချစ်ခင်သကဲ့သို့ပင် ချစ်ခင်သည်ဟု အောက်မေ့ရှာ၏။ သို့သော် အချိန်မကျသေးသဖြင့် မပြောဘဲ နေသေးသည်။ တစ်နေ့နေ့ကျလျှင် မုချပြောရမည်ဟု စိတ်တွင် အောက်မေ့လျက်ရှိစဉ်တွင် မောင်ထွန်းမြတ်သည် ခင်စိန်ကြည်နှင့် ရတ်တရက် လက်ထပ်ပြီးလျှင် တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိကြကြောင်းကို ကြားခဲ့ရရုံမျှမက မိမိမျက်စိနှင့်ပင် မြင်ခဲ့ရပြန်သောအခါ အလွန်တရာ ရင်လေးလျက် အသားဆတ်ဆတ်တုန်အောင် အနေရခက်ရကား တစ်သက်ပတ်လုံး မြိုသိပ်လျက်ထားခဲ့သော အချစ်တို့သည် ချုပ်တီး၍မရနိုင်ဘဲ ဝမ်းတွင်းတွင် ဗလုံဆန်လျက် အကုန်ပြန်၍ ပြောလိုက်ရမှ တော်တော့မည်ဟု အောက်မေ့ကာ အချက်ကို ရှာနေလေ၏။ မောင်ထွန်းမြတ်မှာမူ ဤအဖြစ်များကို မသိရှာသောကြောင့် အရေးမကြီးသော စကားတို့ကိုသာ ရယ်မောပြောဆိုလျက်လိုက်လေ၏။

"မိမိရီတို့ သည်နှစ် တောင်ပြုံးပွဲသွားဦးမလား" ဟု မေးလျှင် မိမိရီမှာ ပြန်၍မပြောနိုင်ဘဲ စိတ်ကို ချုပ်တီးလျက်နေရလေ၏။ ထိုအခါ မောင်ထွန်းမြတ်က "မေးတာမကြားဘူးလားမိမိရီရဲ့" ဟု ထပ်၍မေးပြန်လျှင် မိမိရီသည် ဘာကိုမျှ ပြန်မပြောဘဲ ရှိုက်လျက်သာနေသည်ကို မြင်သောအခါ။

"အလို... ဘာဖြစ်လို့လဲ မိမိရီ၊ နေမကောင်းလို့လား" ဟုမေး၍လက်ကိုယူ၍ စမ်းကြည့်လေ၏။ မိမိရီသည် လက်ကို ဖယ်ရုန်း၍ "ဘာဖြစ်လို့လဲတဲ့၊ ရှင်ကများ ဘာဖြစ်လို့လဲလို့ မေးရသေးသလားရှင်" ဟု ရှိုက်လျက်ပြောလျှင် မောင်ထွန်းမြတ်သည် အလွန်တရာ အံ့သြ၍ စကားမပြောနိုင်ဘဲ ရှိနေရာမှ မည်သို့နည်းနှင့်မသိ။ မိမိရီ၏အဖြစ်ကို အနည်းငယ်ရိပ်မိ၍ မချမ်းသာသောစိတ်နှင့်ရပ်ပြီး "ဘာဖြစ်တာလဲ မိမိရီရယ်၊ မိမိရီ စိတ်ဆိုးစရာ ကျုပ် ဘာများလုပ်မိလို့ပါလဲ"

**ရီ** "ကျွန်မ စိတ်ဆိုးရင်ကော ရှင်က ဘာအရေးလုပ်စရာ ရှိသလဲ၊ ကျွန်မ အခုချက်ချင်း လဲသေသွားရင်ကော ရှင် အရေးလုပ်စရာလား၊ ကျွန်မက ရှင်နဲ့ ဘာဆိုင်လို့လဲ"

**မြတ်** "တိုးတိုးပြောပါ မိမိရီ၊ သူများကြားသွားမှဖြင့် မိမိရီကို အလွဲထင်ကြလိမ့်မယ်"

**ရီ** "ဟုတ်တယ်၊ ကျွန်မစိတ်ညစ်ရင်ကော ရှင် ဘာပူစရာ ရှိသလဲ၊ စိတ်ညစ်တာများတော့ မပြောနဲ့တော့ ကိုထွန်းမြတ်ရေ၊ ကျွန်မဖြင့် သည်နေရာမှာသာ လဲပြီး သေလိုက်ချင်တယ်၊ နေလည်း မနေချင်ပါဘူး၊ နေလို့လည်း အကျိုးမရှိပါဘူး" ဟု ပြောလျှင် မောင်ထွန်းမြတ်မှာ လွန်စွာမှ နှလုံးမသာမယာဖြစ်ရှာလေ၏။



http://myanmarpyithar.net

**မြတ်** "မိမိရီပြောတာ မရိပ်မိချင်ပြုလို့လည်း အပိုပဲ၊ သို့သော်လည်း မိမိရီရယ်၊ ကျုပ်က သည်လိုများ အထင်ရောက်စေရအောင် ပြောမိဆိုမိဖူးသလား"

**ရီ** "ရှင်က ဘာပြုလို့ ကျွန်မတို့အိမ်ကို သည်လောက်တောင် ခဏခဏ လာရသလဲ"ဟု ပြောကာ လည်ပင်းကကြိုးကိုကိုင်ပြပြီး "သည်ရွှေကြိုးကို ဘာပြုလို့ ဝယ်ပေးရသလဲ၊ ကျွန်မနဲ့ရှင်က မောင်နှမမျှမက ဘာပြုလို့ အကျွမ်းတဝင် နေရသလဲ၊ သည်ဟာတွေ အလကားပေါ့လေ"

**မြတ်** "နေပါဦးမိမိရီရဲ့၊ အခု မိမိရီက ပြောတဲ့အတိုင်း မောင်နှမလိုပဲ အောက်မေ့ပြီး အကျွမ်းတဝင်နေမိပါတယ်၊ သည့်ပြင်စိတ်လည်း ဘယ်တော့မှ မဖြစ်ဖူးပါဘူး"

**ရီ** "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ရှင်ကတော့ သည့်ပြင်စိတ်လည်း ဘယ်တော့မှမရှိပါဘူး၊ ကျွန်မက ရှိရင်လည်း ရှင်က အရေးမလုပ်ပါဘူး၊ သိပါပြီ၊ ရှင်က"

**မြတ်** "တိုးတိုး မိမိရီ၊ တိုးတိုး၊ အခု သည်လိုဖြစ်ရတာ ကျုပ်အင်မတန် စိတ်နှလုံးမချမ်းသာ ဖြစ်ရပါတယ်၊ ကျုပ်လည်း သည်အကြောင်းကို အခုမှပဲ သိရပါတယ် မိမိရီရယ်၊ ယုံပါတော့၊ အမှန်ပြောရမှာဖြင့် မိမိရီကို နှမကလေးလိုသာ အောက်မေ့ခဲ့မိပါတယ်၊ မိမိရီ ထင်ယောင်ထင်မှားဖြစ်ရအောင် မတော်တဆ ပြောမိဆိုမိလို့ရှိရင်လည်း သည်အတွက် အပုံကြီးဝမ်းနည်းပါတယ်"ဟု ပြောလျှင် မိမိရီသည် စိတ်တွင်ရှိသမျှကို ပြောလိုက်ရပြီဖြစ်၍ အနည်းငယ် အမျက်ပြေလျက်။

**ရီ** "အနို့ ရှင် သူနဲ့မတွေ့ရရင်ကော ဘယ့်နှယ်ရှိမလဲ"

**မြတ်** "ဒါတော့ မပြောတတ်ဘူး မိမိရီ၊ မောင်လိုနှမလို အောက်မေ့တယ်လို့ ပြောပြီးပါပြီကော၊ မတွေ့ရင် ဘယ်လိုဆိုတာ ကျုပ် ဘယ့်နှယ်သိနိုင်မလဲ"

**ရီ** "ကျွန်မက ဒါသိရရင် တော်ပါပြီ၊ အရပ်ထဲကတော့ ကျွန်မတို့ နှစ်ယောက်အကြောင်း ပြောပြောနေကြတယ်၊ အခုတော့ ရှင်က သည်လိုဆိုတော့ ကျွန်မကိုသနားကြတယ်၊ ကျွန်မဖြင့် သေသာသေလိုက်ချင်တာပဲ ကိုထွန်းမြတ်ရေ"

**မြတ်** "ကျုပ်လည်း အပုံကြီးပဲ ဝမ်းနည်းပါတယ်မိမိရီရယ်၊ ကျုပ်တတ်နိုင်တဲ့ အရာများဖြင့် မိမိရီ သည်လို စိတ်ညစ်မခံစေရပါဘူး၊ သည်ဟာတွေ ဖျောက်ပစ်လိုက်ပါ၊ သည်အကြောင်းတွေ စဉ်းစားမနေပါနဲ့၊ သည်ကရှေ့ကို မောင်နှမအရင်းလိုပဲ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ကြတာပေါ့၊ တော်တော်ကြာတော့လည်းလေ မေ့ရမယ့်လူပေါ်လာတော့ မမေ့ပါနဲ့လို့ဆိုတောင် ရမှာမဟုတ်ပါဘူး" ဟု ပြောင်လှောင်၍ စကားစကို သတ်မိလျှင် မိမိရီသည် မောင်ထွန်းမြတ်၏ မျက်နှာကို



http://myanmarpyithar.net

ကြည့်လျှက် "မပြောပါနဲ့ ကိုထွန်းမြတ်ရယ်၊ ကျွန်မ သည်လိုသဘောမဟုတ်ဘူးနော်" ဟု ပြော၍ နောက်ထပ် စကားမပြောကြဘဲ လျှောက်လာကြရာ မိမိရီသည် မိမိ ပြောမိသမျှကို ပြန်၍စဉ်းစားမိသဖြင့် အလွန်ရှက်ဖွယ် ကောင်းပါ တကားဟု အောက်မေ့ပြီး ဝမ်းနည်းခြင်းဖြစ်ရင်း ဝင်းပေါက်သို့ရောက်လျှင် "ကျွန်မ ဘယ့်နှယ် ဟာတွေများ လျှောက်ပြီး ပြောမိပါလိမ့်မယ်ရှင်၊ ကျွန်မ ပြောတာတွေ ဂရုမစိုက်ပါနဲ့၊ မေ့ပစ်လိုက်ပါနော်" "ကျုပ်ကဖြင့် အခုတောင် သတိမရဘူး၊ ကဲသွားပေတော့နော်၊ ဒေါ်ဒေါ့်လည်း ပြောလိုက်ပါ၊ မိုးချုပ်လို့ မဝင်သေးဘူးလို့" "ဟုတ်ကဲ့ရှင်၊ သွားပေဦးတော့"

မောင်ထွန်းမြတ်လည်း အိမ်သို့အပြန်လမ်းတွင် မိမိရီ၏ အကြောင်းကို စဉ်းစားလျက်လာရာ စိတ်နှလုံး မသာမယာရှိရာ၏။ "ဟယ်–သို့သော် တော်တော်ကြာတော့ ငါပြောတဲ့အတိုင်း သူကြိုက်တာ တစ်ယောက် ပေါ်လာပြန်တော့ ငါ့ကို မေ့မှာပါပဲ၊ တစ်သက်လုံး လင်မယူဘူးလေး ဘာလေးဆိုတာတွေက အလကား၊ သူတို့ ပြောရိုးပြောစဉ်မို့ ပြောတာပါ" စသည်ဖြင့် စဉ်းစားလာရာ။

"ကိုထွန်းမြတ်" ဟု ဝင်းပေါက်မှခေါ်လိုက်လျှင်။

"အလို–ခင်လား..."

"ဟုတ်တယ်၊ ရှင်သွားတာ ကြာလွန်းလို့ ကျွန်မလိုက်ကြိုမလို့"

"မောင်ပြန်မလာဘူးဟာလိုက်လို့ ခင်ရယ်"

"ဝန်ထောက်ကြီးတို့နဲ့ ရှင် အင်မတန် ကျွမ်းသလား"

"ကျွမ်းဆို အမျိုးပဲ"

"မိမိရီကလေးက တယ်လှတယ်နော်၊ မလှဘူးလား"

ဟု မေးရာ မောင်ထွန်းမြတ်ကလည်း ယခင်ကအဖြစ်ကို သတိရ၍ ရယ်လျှင် "လှတယ်မထင်ဘူးလား"

"လှတယ်၊ ဘာဖြစ်သလဲခင် – လှရင်"

"လှလည်းလှ၊ သည်လောက်လည်း အကျွမ်းဝင်နေကြတာ၊ မကြိုက်ခဲ့ဖူးဘူးလား"

"ဘာပြုလို့ကြိုက်ရမှာတုန်း၊ မောင်ကြိုက်တာက ဟောသည်မှာ"

■

## အခန်း(၁၃)

မောင်ထွန်းမြတ်သည် ခင်စိန်ကြည်နှင့် အကြောင်းဆက်သည်မှာ ၂ နှစ်ခန့်မျှ ကြာရှိလေ၏။ မဂျမ်းပုံလည်း မောင်ထွန်းမြတ်တို့နှင့်အတူ နေထိုင်လျက်ရှိရာ ခင်စိန်ကြည်မှာ အိမ်ထောင်ရှင်ဖြစ်သော်လည်း အမည်မျှသာလျှင်ရှိ၍ မဂျမ်းပုံမှာ အစစအရာရာ၌ စီမံခန့်ခွဲလျက် ရှိလေ၏။ သို့ပင်ရှိသော်လည်း မဂျမ်းပုံသည် စီမံခန့်ခွဲရုံမျှနှင့် အေးခဲ့ပါလျှင် တော်ပါလေသေး၏။ ယခုမှာမူ ဤမျှလောက်နှင့် မကသေး။ ခင်စိန်ကြည်၏ ရှေ့မှာပင် အကုန်အကျများကြောင်း၊ အချို့သူတို့က လည်း လုပ်ဖော်ကိုင်ဖော်မရ၊ ထိုင်၍သာလျှင် စားဖော်ရကြောင်း၊ မောင်ထွန်းမြတ် မှာလည်း ပိုက်ဆံကြေးငွေ ချမ်းသာသော မိန်းမတစ်ယောက်နှင့် ရလောက်ပါလျက် စိတ်ကူးလွဲကြောင်း စသည်ဖြင့် မိန်းမတို့ ပြောလေ့ရှိသည့်အတိုင်း စောင်းမြောင်း ပြောဆိုလေလျှင် ခင်စိန်ကြည်မှာ များစွာ စိတ်နလုံး မချမ်းသာ၍ အနေကျပ် အထိုင်ကျပ် ရှိရှာ၏။ အစေခံတို့ကို အမိန့်ပေးရာ ၌လည်း မဂျမ်းပုံသည် ခင်စိန်ကြည်ပေးပြီး အမိန့်ကို ဖျက်ပယ်၍ ဆန့်ကျင်ဘက် အမိန့်ပေးတတ်၏။

ဤသို့ ခဏခဏ နေ့ရှိသမျှ ဖြစ်ခဲ့ကြလျှင် ခင်စိန်ကြည်သည် သည်းမခံ နိုင်လှသဖြင့် မောင်ထွန်းမြတ်အား မိမိတို့နှစ်ယောက်တည်း တသီးတသန့် နေထိုင်ကြရလျှင် သာ၍ စိတ်ချမ်းသာမည်ထင်ကြောင်း ပြောရာ မောင်ထွန်းမြတ်သည် မိမိမယား၏အလိုကို နေရာတိုင်း၌ လိုက်ခဲ့သည်ဖြစ်သောကြောင့် အစ်မကြီးအား မိမိအိမ်သို့ပြန်၍ နေထိုင်ရန်အကြောင်းပြောရာ မဂျမ်းပုံက "မင့်မိန်းမအလိုလား– မင့်အလိုလား" ဟု မေးလေ၏။

မောင်ထွန်းမြတ်မှာ လိမ်လည်၍ မပြောတတ်သောကြောင့် "နှစ်ယောက်စလုံး အလို" ဟု ပြောလိုက်လေရာ မဂျမ်းပုံသည် ရုတ်တရက်ထ၍ ခင်စိန်ကြည်ရှိရာသို့ သွားပြီးလျှင် မည်ကဲ့သို့အဖြစ်ကို ပြုမိကြောင်း၊ ယခုနေထိုင်ကြသော အိမ်မှာလည်း ကျယ်ဝန်းလှသည့်ပြင် မိမိမှာလည်း ချောင်ခန်းကလေးတစ်ခန်းနှင့် ပြီးနိုင်သည်

ဖြစ်သောကြောင့် မနေလောက် မထိုင်လောက် ကျဉ်းကျပ်လှသည် ဟူ၍လည်း ပြောရန်မရှိကြောင်း၊ သို့ဖြစ်၍ မိမိအား ဘယ်အတွက်ကြောင့် ပြောင်းရွှေ့နေထိုင်စေလိုကြောင်းများကို မေးမြန်းလျှင် ခင်စိန်ကြည်မှာ လူတစ်ဖက်သား စိတ်နှလုံး မသက်သာမည့်အရာကို အထူးသဖြင့် ရှောင်ကြဉ်တတ်သည် ဖြစ်သော ကြောင့် မဂျမ်းပုံကို မိမိမှားယွင်းကြောင်းကို တောင်းပန်၍ မောင်ထွန်းမြတ်ကိုလည်း ဤအကြောင်းနှင့် စပ်လျဉ်း၍ နောက်ထပ်မပြောရန် ပြောရှာလေ၏။

မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်သည် အစ်မကြီးအတွက် မည်မျှလောက် စိတ်မချမ်းသာဖြစ်သည့်အကြောင်းကို ကုန်စင်အောင် မသိသဖြင့် မပြောပါနှင့်တော့ဟု တောင်းပန်လျှင် အေးကြပြီ အောက်မေ့၍ မပြောဘဲနေလေ၏။ အကြောင်းကို ကုန်စင်အောင် သိခဲ့ပါလျှင် သမီးယောင်းမနှစ်ယောက်ကို တစ်နာရီမျှ အတူထားမည် မဟုတ်ချေ။

ဤသို့တစ်ကြိမ် ဖြစ်ပြီးသည်နောက် အပြောအဆို အစောင်းအမြောင်းကို အနည်းငယ် ဆင်ခြင်ပေတော့ မည်ဟု အောက်မေ့ပါလျှင် မှားလေတော့သည်။ ၄င်းနေ့မှစ၍ မဂျမ်းပုံသည် အထက်ကထက်ပင် ပိုမို၍ စောင်းချိတ်လျက် ခင်စိန်ကြည်၏ရှေ့တွင် အစေခံတို့ကို ကြိမ်းမောင်း၍ "ညည်းတို့က အခုတလော ဘယ်သူ့ အတုခိုးပြီး မလုပ်ချင်မကိုင်ချင် ဖြစ်နေကြတာလဲ၊ အရင်တုန်းက ညည်းတို့သည်လိုမဟုတ်ပါဘူး" စသည်ဖြင့် နေ့စဉ်နှင့်အမျှ စောင်းမြောင်းပြောဆိုပြန်လျှင် ခင်စိန်ကြည်မှာ မဂျမ်းပုံ၏သဘောကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း ရှိခဲ့ပါမူ သူပြောလျှင်ပြောချင်း၊ သူစောင်းလျှင်စောင်းချင်း၊ ခွန်းတုံ့ပြန်၍ပြောဆိုတတ်သောသဘောရှိပါက နေနိုင်ရန်ရှိလေသေး၏။ ယခုမှာမူ ခင်စိန်ကြည်မှာ အလွန်တရာ နူးညံ့ပျော့ပျောင်းသော သဘောရှိသဖြင့် အစ်မကြီးပြောလျှင် လက်နှစ်ဖက်ကိုထောက်ကာ မေးတင်ပြီးလျှင် ဘာမှပြန်မပြောဘဲ မျက်ရည်လည်လျက်သာ သာနေရှာလေ၏။

တစ်နေ့သ၌ ခင်စိန်ကြည်သည် ဤသို့ လက်ပေါ်တွင် မေးတင်၍နေရာမှ "ညနေတိုင်စေချင်လှပါပြီနော်" ဟု ညည်းညူမိလျှင်။

"ဘာဖြစ်လို့လဲ"ဟု မဂျမ်းပုံကမေးရာ "ကိုထွန်းမြတ်ပြန်လာစေချင်လို့ပေါ့"ဟုပြောလေ၏။

မဂျမ်းပုံလည်း နှာခေါင်းရှုံ့လျက် "မင်းကတော်ကလေးပျင်းတယ်မှတ်တယ်"

"ဟုတ်တယ်"

"ပျင်းမှာပေါ့၊ သည်ကများ သည်လိုတစ်နေ့လုံး ဘာမှမလုပ်ပဲအလကား

ထိုင်နေရရင် ပျင်းလို့ သေတောင်သေရဲ့"

"ဘာမှ လုပ်စရာမရှိဘဲကိုး အစ်မကြီးရဲ့"

"ဒါတော့ လူကလုပ်ချင်တဲ့နောက် လုပ်စရာဘယ်ရှားလိမ့်မလဲ၊ မလုပ်ချင်ရင်သာပေါ့၊ အလကား သည်လိုထိုင်နေမည့်အတူတူ တံမြက်စည်းလှည်းမယ်၊ အင်္ကျီအစုတ်ချုပ်မယ်၊ ချုပ်ပြီးပေးချင်တဲ့သူပေးမယ်"

"ကျွန်မလားရှင်၊ တံမြက်စည်းလှည်းရမှာ၊ အင်္ကျီစုတ်ချုပ်ရမှာ"

"ဘာဖြစ်လဲ၊ ချုပ်ရင်ကော အလကားနေမယ့်အတူတူတော့"

"ကျွန်မက ချုပ်မှမချုပ်တတ်ဘဲ"

"မွေးကတည်းက တတ်လာတဲ့သူ ဘယ်သူရှိသလဲ၊ လုပ်တော့တတ်ကရော ပေါ့၊ သည်လို လက်ပိုက်ပြီးအလကားထိုင်နေမယ့်အတူတူ သည်ကလိုတော့ ဖိနပ်ဟောင်းဖြစ်ဖြစ် ရှာချုပ်နေမှာပေါ့"

"ကျွန်မက အခုတလော နေလို့လည်းတယ်မကောင်းဘူး"

"ဒါဖြင့်သည်လိုထိုင်နေမယ့်အစား ချွေးရအောင်လမ်းလျှောက်ပါလား၊ သည်လိုနေလို့ ဘယ်တော့ နေကောင်းနိုင်မလဲ"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မမျက်နှာ မြင်ပြီးရင်တော့သည်လောက် ပျင်းမှာ မဟုတ် ပါဘူး၊ သည်တော့လုပ်စရာတွေလည်း ပေါ်လာမှာပဲ"

"ဟုတ်ပါတယ်၊ သည်တော့ တစ်အိမ်လုံးပဲလုပ်စရာတွေ ပေါ်လာမှာပေါ့၊ အလို…ဟိုက ထွန်းမြတ်ပါလား၊ ဘာပြုလို့ ဒီကနေ့ စောစောစီးစီး ပြန်လာပါလိမ့်" ဟုပြောလျှင် ခင်စိန်ကြည်သည် ထိုင်နေရာမှ အားရဝမ်းသာနှင့် ထပြေး၍ လင်၏လက်ကိုကိုင်ပြီးလျှင် "ဝမ်းသာလိုက်တာ ကိုထွန်းမြတ်ရယ်…၊ ဘာဖြစ်လို့ သည်ကနေ့ စောစောပြန်လာသလဲ"ဟုမေးလျှင်"ခင်နဲ့လျှောက်လည်ရအောင်ပေါ့"ဟု ပြောရာ မနက်တုန်းကတော့ သည်လိုမပြောခဲ့ပါလား" "အို…မနက်တုန်းကတော့ စောစောပြန်နိုင်မယ် မပြန်နိုင်ဘူး အမှန်မပြောနိုင်လို့ မပြောခဲ့ဘူးခင်ရဲ့၊ မောင်မြား–မော်တော်ကားထုတ်လိုက်ပါ၊ ကဲ–ခင် အဝတ်လဲချေပေတော့"

ခင်စိန်ကြည်သည် အဝတ်လဲရန် အိမ်ပေါ်သို့ တက်သွားလျှင် မဂျမ်းပုံက "သည်ဟာကြီးနဲ့ မင်းတို့ကဘယ်သွားဦးမလို့လဲ"

"လည်မလို့ပေါ့ အစ်မကြီးရဲ့"

"လည်မလို့"

"ခင် ပျင်းနေမှာစိုးလို့ တစ်ခါတလေ လျှောက်လည်မလို့ပေါ့"



http://myanmarpyithar.net

"ကောင်းပါပေ့ကွယ်၊ မင်းလုပ်ပုံနဲ့ တော်တော်ကြာ မင့်ဘယ်သူဌားလိမ့်မလဲ ကြည့်ပါ"

"အခုလိုအခါမှာတော့ အမှုကျွန်တော် အရေးမလုပ်နိုင်သေးဘူး အစ်မကြီးရဲ့၊ ခင့်အဖြစ်လည်း အစ်မကြီးအသိသားပဲ"

"သိပါတယ်မောင် သိပါတယ်၊ သိလွန်းအားကြီးလို့ခက်နေသေးတယ်၊ တကယ်ဆိုတော့ သူငယ်ချင်း မောင်မျှားနဲ့ လည်ရောပေါ့တော်၊ မောင်မြားလည်း လုပ်တတ်သားပဲ"

"မောင်မြားနဲ့ ကျွန်တော် စိတ်မချနိုင်ဘူး အစ်မကြီးရေ့၊ မတော်တဆ တိုက်ခိုက်ရှိမှဖြင့် အထိတ်အလန့်ခံတဲ့အခါ မဟုတ်ဘူး"

ဤကဲ့သို့ မောင်နှစ်မနှစ်ယောက် စကားပြောနေကြစဉ် ခင်စိန်ကြည်သည် ရွှင်ပျသောမျက်နှာထားဖြင့် ဝတ်စားဆင်ယင်လျက် အိမ်ပေါ်မှ ဆင်းလာရာ မောင်ထွန်းမြတ်သည် ၎င်းအား ယုယဖြည်းညင်းစွာ မော်တော်ကားပေါ်သို့ တင်ပေးပြီး ထွက်သွားကြလျှင် မဂျမ်းပုံမှာ ၎င်တို့အား စူအောင့် သောမျက်နှာဖြင့် ငေးလျက် ကြည့်နေရစ်လေ၏။

ဤသို့သောအဖြစ်အပျက်တို့ကို နေ့စဉ်ကြုံတွေ့လျက်ရှိရာ ခင်စိန်ကြည်သည် မဂျမ်းပုံအတွက်ကြောင့် များစွာ စိတ်မချမ်းမသာ ရှိလေ၏။ သို့ရာတွင် မဂျမ်းပုံသည် မောင်ထွန်းမြတ်၏ရှေ့၌ကား ခင်စိန်ကြည် စိတ်မချမ်းသာဖြစ်စေရအောင် မပြောမဆိုချေ။ မောင်ထွန်းမြတ် မရှိသောအခါ၌သာလျှင် ဝါသနာအတိုင်း စောင်းချိတ်၍ ပြောဆိုလေ့ရှိလေသည်။ မောင်ထွန်းမြတ်မှာလည်း မဂျမ်းပုံသည် မိမိအား ပြောဆိုရန် ရှိလျှင် မဆင်ခြင်ဘဲ ပြောဆိုတတ်သော်လည်း ခင်စိန်ကြည်ကိုလည်း ဤသို့ပင် ရှိပေလိမ့်မည်ဟု အလျဉ်းအယူ မရှိချေ။ ခင်စိန်ကြည်၏ သဘောမှာလည်း မဂျမ်းပုံ၏သဘောကို လင်အား အကုန်ပြန်၍ပြောလျှင် မောင်နှစ်မချင်း ရန်တိုက်၍ ပေးသည်နှင့် တူချေတော့မည်ဟု အောက်မေ့၍ မျိုသိပ်လျက်သာလျှင် သည်းခံနိုင်သမျှ သည်းခံရှာ၏။

မဂျမ်းပုံသည် မောင်ထွန်းမြတ်၏အိမ်သို့ လာရောက်နေထိုင်ရာ၌ စားရမဲ့ သောက်ရမဲ့ဖြစ်၍ လာရောက်နေထိုင်သည်မဟုတ်။ ဖခင် သေဆုံးပြီးသည့်နောက် မဂျမ်းပုံမှာလည်း မောင်ထွန်းမြတ်နှင့် အတူ အမွေရသောပစ္စည်း များလည်း ရှိလေသည်။ ယခုအငှါးချလျက်ရှိသော အိမ်မှာ မဂျမ်းပုံပိုင်အိမ်ဖြစ်သည့်ပြင် မိမိအတွက် စုငွေ ၁၀၀၀၀ဝိ ကျော်လောက်ကိုလည်း ရွှေထည်စိန်ထည် စသည်တို့ကို အပေါင်ခံသဖြင့် အတိုးရလေသေးသည်။ ၎င်းရသမျှ အိမ်ခနှင့်ငွေတိုးတို့ကိုလည်း မိမိမယူဘဲ



http://myanmarpyithar.net

မောင်ထွန်းမြတ်တို့ ကုန်ကျသော အသုံးအစွဲထဲသို့ထည့်သွင်းလေသည်။ မဂျမ်းပုံမှာ ခင်စိန်ကြည် စိတ်မချမ်းမသာဖြစ်စေရအောင် နေ့ရှိသမျှ လုပ်မိလျက်ရှိသော်လည်း ခင်စိန်ကြည်သည် မိမိအတွက် မည်မျှ စိတ်မချမ်းသာသည့်အဖြစ်ကို ကုန်စင်အောင် မသိချေ။အဘယ်ကြောင့်ဆိုသော် မိမိသည်တစ်သက်ပတ်လုံး ဤကဲ့သို့ ဩဇာပေးရန် ဝါသနာပါခဲ့သည့်ပြင် သူတစ်ပါးတို့လည်း မိမိတို့ကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း လုပ်နိုင်ကိုင်နိုင် ရှိလိမ့်မည်၊ ရှိရမည်၊ ရှိသင့်သည်ဟု မှတ်ထင်ခဲ့သည် ဖြစ်သောကြောင့်တည်း။

တစ်နေ့သ၌ အစေခံမစောသည် အခန်းပေါက်တစ်ခုအနီးတွင် မျက်ရည်စက်လက်နှင့် ထိုင်လျက်နေသည်ကို မဂျမ်းပုံမြင်လေလျှင် တစ်သက်လုံး ဘယ်သောအခါမျှ ဖြည်းညှင်းစွာ မသွားဘူးဘဲ ခြေဖျားထောက်လျက် တစ်လှမ်းချင်း လာပြီးလျှင် မစောအနီးသို့လာ၍ ထိုင်ကာ အလွန်စိုးရိမ်လျက်ရှိသော မျက်နှာထားနှင့်... "ဘယ့်နှယ်လဲမယ်စော၊ စိုးရိမ်ရသတဲ့လား"

"မပြောတတ်ဘူးအစ်မကြီးရဲ့၊ ကျွန်မလည်းမကြုံဖူးလို့ မသိဘူး၊ မမလေးညည်းအသံကြားတော့ ငိုချင်လွန်းလို့ထွက်လာခဲ့တယ်"

"အေး–သည်ဟာက ငါတို့မိန်းမများမွေးတာကိုး၊ ညည်းတို့ ငါတို့ ကံကောင်းလို့ သည်ဟာမျိုးက လွတ်ခဲ့ကြရတယ်၊ ကိစ္စမရှိတန်ပါဘူး ထင်ပါရဲ့အေ... ဘယ်နှယ်တဲ့လဲ၊ မသေစေချင်သေးပါဘူးတော်၊ ချမ်းသာပါစေ" ဟုမဂျမ်းပုံသည် အလွန်စိုးရိမ်သောအသံဖြင့် တိုးတိုးကလေး ပြော၏။

အကယ်၍ ခင်စိန်ကြည်သည် တိမ်းပါးယိမ်းပါးရှိခဲ့ပါလျှင် မိမိနှင့်အတူ ခေတ္တနေရသည့်အခိုက် စိတ်မချမ်းသာစေရအောင် ကြံဖန်၍လုပ်မိသကဲ့သို့ ရှိသောကြောင့် ပြုခဲ့မိသည့်အဖြစ်ကို နောင်တရဟန်လက္ခဏာ ရှိလေရကား... မဂျမ်းပုံသည် နောက်ထပ်၍ စကားမပြောဘဲ နှစ်ယောက်သားတို့သည် ကြောင့်ကြသော မျက်နှာထားနှင့် နားစွင့်လျက် နေကြစဉ် နာရီတစ်ဝက်ခန့်ရှိသောအခါ အခန်းထဲမှ ကလေးငိုသံ ကြားကြလေ၏။ ထိုအခါ နှစ်ယောက်သားသည် ထိုင်ရာမှထ၍ လျင်မြန်စွာသွားကြရာ ခင်စိန်ကြည်သည် သမီး မိန်းကလေး ဖွားမြင်ကြောင်း ကြားသိကြရလေ၏။

■



http://myanmarpyithar.net

## အခန်း(၁၄)

နောက် ၃ ရက်လောက်ကြာသည့်နေ့၌ မိနှစ်နှင့်မစောတို့သည် ခင်စိန်ကြည် အခန်းအနီးတွင်ထိုင်၍ မီးနေစောင့်နေကြစဉ် ခင်စိန်ကြည်မှာ အားနည်းသည့် အခါဖြစ်၍မျက်စိမှိတ်လျက် နေသည်ကို မြင်လေလျှင် မိနှစ်သည် အခန်းပေါက်မှ လှမ်း၍ကြည့်ကာ အိပ်ပျော်နေသည်ထင်မှတ်ပြီး မစောအား ပြောသည်မှာ။

"မမလေးကြည့်ရတာ တယ်မာပုံမရဘူးမစောရေ့၊ သည်တောင်က တက်နိုင်ပါ့မလား"

**မစော** "ဟယ်–တောက်တီးတောက်တဲ့ ကောင်မကလေးကလဲ၊ တစ်နေ့ကများ သည့်ထက်တောင်ဆိုးသေးတာကပဲ၊ အခု အပုံကြီး တော်သွားသေးတယ်"

**မိနှစ်** "မတော်တဆများ ဖြစ်သွားရင်တော့ ဟိုကတစ်ယောက် က တယ်ဝမ်းသာမှာပေါ့လေ၊ အရင်တစ်ခါသာ အလွတ်ခံတယ်၊ သည်တစ်ခါတော့ အလွတ်ခံမှာမဟုတ်ဘူး"

**မစော** "ဟဲ့–ဘယ့်နှယ်အလကားဟာတွေ လျှောက်ပြောနေတာလဲ မိနှစ်ကဲ့"

**မိနှစ်** "ရှင်ကသာ အလကားဟာတွေလုပ်နေပါ၊ ကျွန်မက သိလို့ပြောတာ ပေါ့၊ မိမိရီကတော့ အခုတောင် ကြိုက်ရှာတုန်းတော့ သိရဲ့လား"

**မစော** "ညည်းက ဘာကြောင့် သိရသလဲ"

**မိနှစ်** "မိမိရီတို့အိမ်နေတဲ့ ကျွန်မအစ်မ မချစ်က ပြောလို့ပေါ့၊ မိမိရီလည်ပင်း ဆွဲထားတဲ့ ရွှေကြိုးကလေးဟာ မြင်ရဲ့လား၊ အဲဒါဟာ ကိုထွန်းမြတ်က ပေးတာပေါ့၊ သည်ရွှေကြိုးကလေးကို ညအိပ်ရင်တောင် ခေါင်းအုံးအောက်ကို ထားအိပ်တယ်တဲ့"

**မစော** "ဒါ ဘာပြုသတုန်း'

**မိနှစ်** "ဒါ ဘာပြုရမလဲ၊ စဉ်းစားကြည့်ပါလား၊ ပြီးတော့လည်း ကိုထွန်းမြတ် ရွှေဘို နက်ဖြန်သွားမယ်ဆိုတော့ အဲသည်နေ့မှာ ကိုထွန်းမြတ်က မိမိရီကို လိုက်ပို့တာကိုး၊ ပို့ပြီးလို့ ကိုထွန်းမြတ် ပြန်သွားတော့ မိမိရီက သူ့တစ်ယောက်တည်း



http://myanmarpyithar.net

ပြောသွားတာကိုး၊ မချစ်ကလည်း သူ့အချက်ရှိလို့ မှောင်ရိပ်က စောင့်နေတော့ "အခုမှပဲ သိရပေတော့တယ် ကိုထွန်းမြတ်ကယ်လို့" မျက်နှာထား ခပ်ပြုံးပြုံးနဲ့ ပြောသွားတာ လရောင်နှင့် မြင်လိုက်ရသတဲ့ မစောရဲ့၊ သည်တော့ သူတို့နှစ်ယောက်တော့ အမှန် အချက်ရှိတယ်၊ တစ်ယောက် တစ်ယောက်လည်း ချစ်ကြိုက်နေကြတဲ့ လက္ခဏာပဲ၊ နောက်တော့မှ ကိုထွန်းမြတ်က ကျွန်မတို့မမလေးနဲ့တွေ့လို့ မိမိရီကို မေ့တဲ့လက္ခဏာနဲ့တူတယ်၊ ယောကျ်ားများ တယ်ရက်စက်တယ်နော်"

**မစော** "ကိုထွန်းမြတ် ကြည့်ရတော့ ရက်စက်ပုံမရပါကလားအေ"

**မိနှစ်** "ပြီးတော့ ရှိသေးတယ်၊ ကိုထွန်းမြတ်နဲ့ မမလေးတို့ ရွှေဘိုမှာ လက်ထပ်ကြတယ်လို့ အစ်မကြီးကကြားရော၊ ကြားတော့ မိမိရီဆီ ချက်ချင်းသွားပြောတာကိုး၊ မိမိရီလည်း သည်အကြောင်းကြားတော့ ဘာမှမပြောနဲ့၊ အိမ်ပေါ်တက်သွားပြီး အခန်းထဲရောက်လျှင်ပဲ ကြမ်းပေါ်ကိုပစ်လှဲပြီး ချုံးချုံးချ ငိုရှာသတဲ့၊ မချစ်ကလည်း အခန်းထဲကအသံကြားလို့ အခန်းတံခါး အသာကလေးဖွင့်ကြည့်တော့ မိမိရီက တကတည်း ကြမ်းပေါ်လှိမ့်ပြီး ငိုနေလိုက်တာတဲ့ မစောရဲ့"

**မစော** "ကိုယ့်မချစ်တဲ့သူ ချစ်နေလို့အလကားပေါ့၊ မိမိရီက တယ်မိုက်ပါကလား"

**မိနှစ်** "ဒါတော့ မသိနိုင်ဘူးလေ၊ အခုလည်းပဲ ကိုထွန်းမြတ် ရုံးသွားချိန် ရုံးပြန်ချိန်ကျမှဖြင့် ပြတင်းပေါက်ကကွယ်ပြီး နေ့တိုင်း ချောင်းကြည့်သတဲ့"

**မစော** "အင်း–အခုတောင် မိုက်တုန်းပါကလား"

**မိနှစ်** "ဒါကြောင့် ခုတင်က ပြောတယ်မဟုတ်ဘူးလား၊ မမလေးများ မတော်တဆ ဖြစ်သွားမှဖြင့် မိမိရီကတော့ အကြည်ဆိုက်မှာပဲ"

**မစော** "တော်အေ–ညည်းက သည်စကားမပြောနဲ့၊ မမလေး ဘာမျှမဖြစ်ဘူး"

**မိနှစ်** "မဖြစ်ပါစေနဲ့လို့ ကျွန်မတို့လည်း ဆုတောင်းပါရဲ့ရှင်၊ ဖြစ်လို့ရှိရင်တော့ ကျွန်မပြောတဲ့အတိုင်းဖြစ်ပြီးသားပါပဲ၊ သည်ကလေးလေးတော့ မိထွေးနဲ့ ဘယ်တော့တည့်နိုင်ပါမလဲ၊ အခုတောင် သူ့စိတ်ထဲကတော့ ခင်စိန်ကြည် မုန်းလှရောပေါ့"

**မစော** "တော်တော့အေ၊ ညည်း နောက်ထပ်မပြောနဲ့တော့၊ ငါ အစ်မကြီး သွားပြောလိုက်မယ်"

**မိနှစ်** "ပြောစရာလည်း မရှိပါဘူးတော်၊ ကုန်ပြီ၊ ဒါပါပဲ"

ခင်စိန်ကြည်သည် အိပ်မပျော်ဘဲ မျက်စိသာ မှိတ်လျက်နေသည် ဖြစ်သောကြောင့် မိနှစ်နှင့် မယ်စောတို့ပြောသော စကားကို တစ်လုံးမကျန် ကြားရလေလျှင် မိမိသည် ကျန်းကျန်းမာမာရှိသည့်အခါ ဖြစ်ပါက လင်၏သဘောကို သိပြီးဖြစ်သော



http://myanmarpyithar.net

ကြောင့် အစေခံတို့ ပြောစကားကို ယုံဖွယ်မရှိဟု မှတ်ထင်မည် ဖြစ်လေသည်။ ယခုမှာမူ မကျန်းမမာ အားနည်းသည့်အခါဖြစ်၍ ကောင်းစွာ မစဉ်းစားမဆင်ခြင်နိုင်သည့်အခါ ဖြစ်လေရကား မောင်ထွန်းမြတ်သည် မိမိရှီနှင့် အမှန်ချစ်ကြိုက်ဖူးသည် ဖြစ်ရမည်ဟု ယုံကြည်ပြီး များစွာ မနာလိုသောစိတ် ဖြစ်၍ အမျက်ထွက်လျက်နေဆဲတွင် မောင်ထွန်းမြတ်သည် အခန်းတွင်းသို့ ဝင်လာရာ။

"ဘယ့်နှယ်လဲခင်၊ ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား" ဟု မေးလေ၏။

ခင်စိန်ကြည်က "ခင် တစ်ခုမှာခဲ့ပါရစေ ကိုထွန်းမြတ်၊ ခင်များ သေသွားလို့ရှိရင် သူ့မယူပါနဲ့နော်၊ သူ့များယူရင် ခင်ဖြင့် ကလေးအတွက် စိတ်ချနိုင်မှာမဟုတ်ဘူး" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ကယောင်ကတမ်း ပြောသည်ထင်မှတ်၍ ခင်စိန်ကြည်အား ချော့မော့ပြောဆိုပါသော်လည်း ခင်စိန်ကြည်သည် စိတ်ဆိုးမပြေနိုင်ဘဲ "ခင့်ကလေးကို နှိပ်စက်မှာ သူက၊ သူ့ကိုဖြင့် မယူရစ်ပါနဲ့ရှင်" ဟု ပြောပြန်လျှင်…။

"ဘယ့်နှယ်လဲ၊ ခင် အိပ်မက်မက်နေတယ်ထင်တယ်၊ တောက်တီးတောက်တဲ့တွေ လျှောက်ပြောမနေပါနဲ့ခင်ရယ်၊ ကိုယ့်ကိုယ်ကို မာအောင် ကြိုးစားပြီး ဂရုစိုက်မှပေါ့" ဟု ပြောရာ။

"ဂရုစိုက်စရာလည်း မရှိပါဘူး ကိုထွန်းမြတ်ရေ့၊ ခင်တော့ မနေရပါဘူး၊ သည်တော့ သူ့ကို မယူရစ်ပါဘူးလို့ ရှင်က အခု အာမခံပါ၊ သည်လိုအာမခံမှ ခင် အသက်ဖြောင့်ဖြောင့် ထွက်နိုင်ပါမယ်"

"မဟုတ်ပါဘူးခင်ရယ်၊ နည်းနဲ့လမ်းနဲ့ဆိုရင်တော့ ခင်ပြောတာကို ဘာမဆို မောင်လုပ်ပါမယ်၊ ယခုတော့ ဘယ့်နှယ်ဟာတွေ လျှောက်ပြောနေတာလဲ ခင်ရဲ့၊ ခင် ဘာပြုလို့ သေရမှာတုန်း၊ ခင်လည်း မသေရပါဘူး၊ ခင်ပြောတာပဲ၊ ဘယ်သူ့ကို ပြောတယ်တောင် မောင် မသိပါဘူး"

"ရှင် အဟုတ်ပဲ မသိဘူးလား၊ ခင်နဲ့မရခင်က ဘယ်သူနဲ့ရှင် ကြိုက်ဖူးသလဲ၊ အခုတောင် ရှင် ကြိုက်ချင်ကြိုက်နေဦးမှာ"

"ဘယ်သူ့ပြောတာလဲ ခင်ရယ်"

"မိမိရှီပေါ့" ဟု ပြောလျှင်။

မောင်ထွန်းမြတ်သည် ထိုင်နေရာမှထ၍ ခုတင်နံဘေးတွင် ရပ်လျက် ကြွေရှိသော မျက်နှာထားနှင့် "မိမိရှီနဲ့ ကျုပ်နဲ့ကို ဘယ်နည်းနဲ့ ခင်က အထင်လွဲရတယ်ဆိုတာ ကျုပ်မပြောတတ်ပေဘူး၊ မိမိရှီဆိုတဲ့ မိန်းကလေးကို ကျုပ်က ဘယ်အခါမျှ ကြိုက်လည်း မကြိုက်ရဖူးပါဘူး၊ ကြိုက်မယ်လို့ စိတ်ထဲက



http://myanmarpyithar.net

တောင် ခင်နဲ့ အကြောင်းမပါခင်ကတည်းက မကူးမိပါဘူး၊ ရပြီးမှဆိုတာမှာတော့ ဝေးပါရဲ့ ခင်ရယ်၊ ခင်လည်း သည်လောက်တော့ သိသင့်ပါတယ်ထင်တယ်”

“သူကတော့ ရှင့်ကို ကြိုက်ပါကလား”

“ယောကျ်ားက စတင်၍မကြိုက်ဘဲ မိန်းမက ယောကျ်ားကို ကြိုက်တယ်ဆိုတာ မိန်းမမိုက်တာပေါ့၊ မိမိရီလည်း သည်လောက် မိုက်မယ်တောင် မထင်ပါဘူး၊ တကယ်လို့ သူကပဲ ကြိုက်ပါစေဦး၊ မောင်ကဖြင့် သတိတောင်မရပါဘူးခင်ရယ်– ယုံပါတော့၊ မိမိရီနဲ့ မောင့်ကို ခင်က စိုးရိမ်တယ်ဆိုတာ အစ်မကြီးနဲ့ စိုးရိမ်တယ်ဆိုတာနဲ့ အတူတူပဲ” ဟု ပြောလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်၏ တည်ကြည်သော အမူအရာနှင့် ဣန္ဒြေရှိသော မျက်နှာကို မြင်ရကား လင်၏စကားကို လုံးလုံးယုံကြည်၍ မိမိအထင်လွဲချေပြီဟု အောက်မေ့ပြီးလျှင် ၎င်းအတွက် စိတ်ချယုံကြည်ရှိလေ၏။

မောင်ထွန်းမြတ်လည်း အနည်းငယ် စိတ်နာသောအသံဖြင့် “အခု ခင်ပြောပုံတော့ တစ်နှစ်လုံးလုံး မောင်ကြိုးစားခဲ့သမျှ အလကားလို ကျတော့တာပေါ့၊ ခင့်ကို ဘယ်လိုအရေးယူခဲ့တယ်၊ ဘယ်လို စောင့်ရှောက်ခဲ့တယ်ဆိုတာ မြင်တာနဲ့ သိလောက်ပါတယ်–ခင်ရယ်၊ သည်လိုဖွင့်ပြောဖို့တောင် မရှိပါဘူး” ဟု ပြောလျှင် ခင်စိန်ကြည်သည် မျက်ရည်ဝိုင်းလျက် လင်၏မျက်နှာကို မော်ကြည့်၍… “ခင့်ကို စိတ်မဆိုးပါနဲ့ မောင်ရယ်၊ ခင်ကလည်း အရေးယူလွန်းအားကြီးလို့ သည်လို စိုးရိမ်ပါတယ်” ဟု ပြောရာ မောင်ထွန်းမြတ်လည်း အခါတိုင်းကဲ့သို့ ရွှင်ပျသော မျက်နှာထားနှင့် “ခင် အိပ်မက် မက်နေတယ်ထင်တယ်၊ သည်လို အိပ်မက်တွေ မက်မက်ပြီး လင်ကိုဖြင့် အပြစ်မရှာပါနဲ့ ခင်ရယ်”ဟု ပြုံးရယ်လျက် ပြောလေ၏။

ခင်စိန်ကြည်မှာ လင်၏သဘောကိုသိ၍၊ လင်ပြောသည်ကို ပြောသည့်အခိုက်တွင် လုံးလုံးယုံကြည်သည်မှန်၏။ သို့သော် မိန်းမ၌ဖြစ်စေ၊ ယောကျ်ား၌ဖြစ်စေ မသင်္ကာသောစိတ်သည် တစ်ကြိမ် ဖြစ်ဖူးပါလျှင် ထပ်ခါထပ်ခါ ပေါ်လာမြဲဖြစ်ရကား ခင်စိန်ကြည်မှာလည်း ၎င်းစိတ်သည် မကြာမကြာ ပေါ်ပေါက်လာလေ၏။ ဤသို့ မဖြစ်စေရန် ကြိုးစားပါသော်လည်း မိနှစ်နှင့် မစောတို့၏စကားကို ခဏခဏ သတိရသည်ဖြစ်သောကြောင့် မယုံကြည်သောစိတ်သည် ရံဖန်ရံခါ ပေါ်ပေါက်လာလေ၏။

■



http://myanmarpyithar.net

## အခန်း (၁၅)

မောင်ထွန်းမြတ်နှင့် ခင်စိန်ကြည်တို့ အကြောင်းပါကြသည်မှာ ၆ နှစ်ခန့်မျှရှိခဲ့ရာ အကလေး ၃ ယောက် ရရှိကြလေ၏။ အကြီးမှာ ခင်မကြီးဟု အမည်မှည့်၍ အရုပ်အရည်မှာ အမေတူ၊ အလတ်နှင့် အငယ်မှာ အဖေတူ၍ ခင်မောင်ကြီး၊ ခင်မောင်ကလေးဟု အမည်ပေးကုန်၏။ အငယ်ဆုံး ခင်မောင်ကလေးမှာ အခါလည်သားခန့်ရှိသောအခါ ခင်စိန်ကြည်မှာ တချောင်ချောင်ဖြစ်လျက် မကျန်းမမာ ရှိလေ၏။ တစ်နေ့သ၌ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်အတွက် စိုးရိမ်မကင်း ရှိ၍ ဆရာဝန်ကြီးကိုတိုင်ပင်ရာ ဆရာဝန်ကြီးက ‘သည်ကဲ့သို့ ခွန်အား နည်းတဲ့ ရောဂါမျိုးမှာ တယ်ခက်တယ်၊ ဆေးတိုက်လို့လည်း အကျိုးမရှိဘူး၊ သို့ဖြစ်၍ ခေတ္တလောက် အရပ်ပြောင်းရွှေ့ပြီး နေထိုင်စေရလျှင် ကောင်းမယ်ထင်တယ်၊ ဘယ်အရပ်ပဲဖြစ်စေ မန္တလေးကလွဲလျှင် ပြီးရော၊ မိတ်ဆွေများ အခြားအရပ်မှာ မရှိဘူးလား၊ ခေတ္တသွားလည်ပါစေ၊ ကောင်းတယ်” ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်ရှိရာ အခန်းသို့သွား၍ “ကဲ ဆရာဝန်ကြီးက ပြောသွားတယ်ခင်၊ ခင့်ကို တခြား ခေတ္တလောက် သွားလည်ရလိမ့်မယ်တဲ့”

“ဘယ်သွားရမယ်တဲ့လဲ”

“ဘယ်ပဲဖြစ်ဖြစ်တဲ့၊ ကျောက်ဆည်ဖြစ်ဖြစ်၊ ရန်ကုန်ဖြစ်ဖြစ်၊ ဘယ်မြို့ဖြစ်ဖြစ် သွားချင်တဲ့မြို့ကိုတဲ့၊ မန္တလေးကလွဲလျှင် ပြီးရောတဲ့၊ သို့သော် မနှစ်က သည်လာလည်တဲ့ မောင်တို့နဲ့ ကျောင်းနေဘက်သူငယ်ချင်း မောင်ဘစံက တစ်နေ့ကပဲ မိတ္ထီလာကနေပြီး စာရေးလိုက်တယ်၊ သူတို့ဆီများ တစ်ခါလောက် လင်မယားနှစ်ယောက် စလုံး လာလည်ကြပါဦးတဲ့၊ သူ့မိန်းမကလေးလည်း ခင် မြင်လိုက်သားပဲ၊ တယ် သဘောကောင်းရှာတယ်၊ သည်တော့ သူတို့ဆီကို တစ်လလောက် ခင်သွား လည်ရင်ဖြင့် ကောင်းလိမ့်မယ်ထင်တယ်”

“မောင်ကကော”

"မောင်လည်း လိုက်ပို့မယ်ပေါ့၊ ပြီးတော့ ပြန်လာဦးမှဖြစ်မယ် ခင်ရဲ့၊ တနင်္ဂနွေတစ်ပတ်ကို တစ်ခါလောက် မောင် လာလည်မယ်ပေါ့"

"တော်တော့၊ မောင် ထပ်မပြောနဲ့တော့၊ မောင်မပါဘဲ ခင် ဘယ်မှမသွားဘူး"

"မဟုတ်ဘူးခင် မောင်ပြောမယ်၊ အခု ဆရာဝန်ကြီးပြောတဲ့အတိုင်း ခင်သွားလည်လို့ ပြန်လာတဲ့အခါကျတော့ ကျန်းကျန်းမာမာရှိတာ မြင်ရရင် မောင် ဝမ်းသာမယ်မဟုတ်ဘူးလား၊ သည်တော့ မောင်စိတ်ချမ်းသာအောင် သွားလိုက်ပါခင်၊ မောင်လည်း မကြာမကြာ လာလည်မယ်ပေါ့" စသည်ဖြင့် အတန်တန် ချော့မော့ပြောဆိုလျှင် ခင်စိန်ကြည်မှာ ရှေ့နေ မောင်ဘစံ၏မိန်းမ မသိန်းတင်နှင့် အကျွမ်းတဝင် ချစ်ခင်ကြပြီးဖြစ်၍ ၎င်းတို့ရှိရာ မိတ္ထီလာသို့ သွားလည်ရန် သဘောတူလေ၏။

ခင်စိန်ကြည်မှာ ကျွန်ုပ်တို့ ပထမသိကျွမ်းစဉ်က ခင်စိန်ကြည် နှင့် မတူချေ၊ ထိုအခါ၌မူကား အိမ်ထောင်ရှင် မဟုတ်သေးသည့်ပြင် အရွယ်လည်း ငယ်လှ၍ သောကများစွာ မရှိသောကြောင့် အစဉ်မပြတ် ပြုံးလျက်ရှိသောမျက်နှာ ရှိပေ၏။ ယခုမှာမူ ၆ နှစ်ခန့်မျှ ကျော်လွန်၍ အသက်လည်း ၂၅ နှစ်ကျော်ခန့် ရှိသည့်ပြင် ကောင်းစွာ မကျန်းမာသဖြင့် ဖျော့တော့သော အသားအရေရှိ၍ မျက်နှာလည်း ရွှင်ရွှင်လန်းလန်းမရှိဘဲ ညှိုးငယ်လျက်ရှိကုန်၏။ မျက်ကွင်းတို့သည် ဆေးဆိုး၍ထားဘိသကဲ့သို့ ညိုလျက် လက်ဖျားခြေဖျားတို့သည်လည်း အစဉ်မပြတ် ပူ၍ ပူအိုက်သည့်ရာသီပင် ဖြစ်သော်လည်း စောင်ခြုံလျက် နေရရှာ၏။ နေ့အခါ၌ ပြတင်းပေါက်အနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်လျက် တစ်နေ့လုံး လှုပ်ရှားခြင်းမရှိဘဲ အကလေးတို့ ကစားနေကြသည်ကိုငေးလျက် ကြည့်နေရကုန်၏။ ညနေတိုင် လျှင်လည်း ရှေးကကဲ့သို့ လင်လာမည့်လမ်းကို ပြေး၍ မကြိုနိုင်ရှာတော့ချေ။ အကလေးတို့သည် မိမိတို့ဖခင်ကို ဝင်းပေါက်မှ ပြေး၍ကြိုကြသည့်အခါ မောင်ထွန်းမြတ်က ၎င်းတို့ကို လက်တွဲလျက် ပြန်လာသည်ကို ပြတင်းပေါက်မှ ညှိုးငယ်သော မျက်နှာကလေးဖြင့် ပြုံးလျက်သာလျှင် နှုတ်ဆက်နိုင်တော့၏။

ဤသို့နေထိုင်စဉ်အတွင်း ခင်စိန်ကြည်မှာ မိမိ၏ ခင်ပွန်းမောင်ထွန်းမြတ်သည် မိမိရှိအား ချစ်ကြိုက်ဖူးသည်ဟု မကြာမကြာ အောက်မေ့မိ၏။ မောင်ထွန်းမြတ်လည်း ရစကအခါကဲ့သို့ မိမိမယားအား လွန်စွာ အရေးမလုပ်နိုင်တော့ချေ။ အလုပ်ကလည်း အလွန်များသည့်ပြင် အကြောင်းပါကြသည်မှာလည်း နှစ်,လ, များပြီ ဖြစ်သောကြောင့် အထက်ကကဲ့သို့ ယုယုယယ ပိုက်ပိုက်ထွေးထွေး မလုပ်နိုင်တော့ချေ။

ဤသို့ဆိုရာ၌ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်အား အချစ်ပေါ့၍ ဂရု



http://myanmarpyithar.net

မစိုက်ဘဲရှိသည်ဟု မယူသင့်ပေ။ အကလေးတို့သည် ကစားစရာအသစ်တစ်ခုကို ရစအခါ၌ လွန်စွာနှစ်ခြိုက်မြတ်နိုး၍ မျက်စိအောက်က အပျောက်မခံနိုင်ဘဲ အိပ်ရာမှာပင် အတူဖက်၍ အိပ်တတ်လေ့ရှိ၏။ ရက်အနည်းငယ်ကြာရှိလျှင် ၎င်း ကစားစရာကို ချောင်တစ်ချောင်၌ ပစ်ထား၍ အခြားတစ်ခုကို စုံမက်ပြန်၏။ ဤသို့သော သဘောသည် လူတို့၏ဓမ္မတာမျှသာလျှင် ဖြစ်ရကား ယောကျ်ားတို့မှာလည်း မိမိတို့၏မယားအား ရစအခါကကဲ့သို့ လွန်စွာ အရေးတယူ မရှိနိုင်သော်လည်း နောင်အသစ်တစ်ယောက်အား စိတ်မကွက်ခဲ့ပါလျှင် တော်သင့်ပြီဟု မှတ်ထင်သင့်ပေသည်။

မောင်ထွန်းမြတ်မှာလည်း ထိုနည်းအတူ ရစအခါကကဲ့သို့ မိမိမယား၏ စိတ်နှင့်သာလျှင် တစ်နေ့လုံး မနေနိုင်ဘဲ အလုပ်ကလည်း တစ်ဖက်ဖြစ်သောကြောင့် မှန်မှန်သာလျှင် ရှိကုန်၏။ ခင်စိန်ကြည် မှာမူ ဤကဲ့သို့သော သဘောသည် လူတို့၌ဖြစ်တတ်သော သဘောသာလျှင် ဖြစ်သည်ဟု မအောက်မေ့နိုင်ဘဲ မိမိရီအား ချစ်ခင်ခြင်းရှိသည် အတွက်ကြောင့် မိမိအား အေးစက်စက်ရှိတော့သည်ဟု အောက်မေ့မိရှာ၏။

"အစတုန်းကတော့ ငါ စန္ဒရားတီးလျှင် ငါ့အနားက ရပ်ပြီးနေတယ်၊ တီးလို့ပြီးတဲ့အခါကျတော့လည်း...အခုတော့ သည်လို မဟုတ်ဘူး၊ ငါသည်မှာ တီးလျှင်သူ ဟိုကထိုင်ပြီး ဆေးလိပ်ကြီး သောက်နေတယ်၊ ငါ စာဖတ်လျှင်လည်း အရင်ကတော့ သူက ငါနဲ့အတူ လိုက်ဖတ်ပြီး ရယ်စရာရှိ အတူရယ်မောကြတယ်၊ လွမ်းစရာရှိ အတူလွမ်းကြတယ်၊ စာအုပ်ထဲက လင်မယားချစ်တာတွေ့ရင် ငါတို့ လင်မယားနဲ့ ဘယ့်နှယ်လဲတဲ့ မေးဖော်ရတယ်၊ အခုတော့ သည်လို မဟုတ်ဘူး၊ ငါက စာတစ်အုပ်ဖတ်လျှင် သူကလည်း သည့်ပြင်တစ်အုပ်ဖတ်တယ်" စသည်ဖြင့် စဉ်းစားမိရှာ၏။ (မိန်းကလေးအပေါင်းတို့သည် ခင်စိန်ကြည်ကိုကြည့်၍ သူကဲ့သို့ အထင်မလွဲကြစေရန် သတိပြုသင့်လှပေသည်)။

သို့ရာတွင် ခင်စိန်ကြည်မှာ မောင်ထွန်းမြတ်၏စိတ်သဘောသည် ဖောက်ပြန်နေပြီဟု ဧကန်မုချလည်း မထင်နိုင်ချေ။ အခြားယောကျ်ားတို့နှင့် ယှဉ်၍ကြည့်လိုက်သောအခါ၌ မောင်ထွန်းမြတ်၏ စိတ်သဘောသည် များစွာ ကြီးရင့်မြင့်မြတ် ကောင်းမွန်ဖြူစင်ကြောင်းကို သိရှိပြန်လျှင်လည်း မိမိ၏ခင်ပွန်းအား အလွန်တရာ ကျေးဇူးတင်၍ တတ်အားသမျှ ချစ်ခင်မြတ်နိုးမည်ဟု အောက်မေ့မိပြန်၏။ သို့သော် မိမိရီနှင့်အကြောင်းကို စဉ်းစားမိပြန်သောအခါ၌မူကား ခင်စိန်ကြည်သည် မဝေခွဲနိုင်အောင် ရှိပြန်ရှာလေ၏။



http://myanmarpyithar.net

မိတ္ထီလာသို့ သွားမည့်နေ့နံနက်၌ ခင်စိန်ကြည်သည် ကလေး ၃ ယောက်ကို ခေါ်၍ "ကဲ–ငါ့သား ငါ့သမီးများ၊ မေမေနဲ့ မီးရထားကြီး စီးသွားကြရအောင် လိုက်ကြမယ်မဟုတ်လား" ဟု မေးလျှင်...

အကလေးတို့လည်း အားရဝမ်းသာ လက်ခုပ်လက်ဝါးတီး၍ မိခင်၏ လုံချည်ကို ဆွဲလျက် ခင်မောင်ကြီးက "မေမေ...ခင်မောင်လေးရော၊ နော်တို့ရော ကုန်လုံးလား" ဟု မေးလျှင်။

"ကုန်လုံးပေါ့၊ မေမေရော၊ မစောရော၊ မင်းတို့ရော" ဟု ပြောလျှင် မဂျမ်းပုံလည်း အနီးတွင် စက်ချုပ်လျက်နေသည်နှင့် ကြုံကြိုက်၍ ခင်စိန်ကြည်သည် အဝေးသို့ သွား၍လည်မည့်အကြောင်းကို သဘောမကျ၍ စဉ်းစားသည်မှာ "တယ် နေရာရှာတာကိုး၊ ကြား မကြားဖူးပေါင်တော်၊ လူမမာတာ ဟိုသွားမှလေး၊ သည်သွားမှလေးနဲ့၊ သူတို့အင်္ဂလိပ်စာကလေးတတ်လို့ အင်္ဂလိပ်ခြေမစော်ကလေး နံလျှင်ပဲ တဆိတ်ကလေးရှိ ဆရာဝန်ခေါ်၊ တဆိတ်ကလေးရှိ ဆေးရုံသွားနဲ့၊ အခု လည်းတော်... ကြည့်ပလား၊ မိတ္ထီလာသွားမှပဲ ခွန်အားရှိလိမ့်မယ်တဲ့၊ ငါတို့ဖြင့် မိတ္ထီလာထားလို့ ရှမ်းစုတောင် မသွားဖူးပေါင်၊ ဒါပေမယ့် မာ–ပတော်။ ဘာမျှ မဖြစ်ပေါင်..." စသည်ဖြင့် စဉ်းစားနေရာမှ အကလေးတို့လည်း လိုက်၍သွားကြ မည်ကို ကြားလျှင် စက်ချုပ်ရာမှလှည့်၍ "ဆရာဝန်က သွားဖို့ပြောတဲ့အထဲ ကလေးတွေ မပါပါဘူး၊ သူတို့ ဘာဖြစ်လို့ လိုက်ရမှာလဲ"

"ဆရာဝန်ကတော့ ကလေးတွေကို ခေါ်ရမယ်လို့ ဖွင့်မပြောဘူးပေါ့၊ သို့သော် မိခင်သွားလျှင် ကလေးဆိုတာ ပါမြဲပေါ့၊ သူတို့ လိုက်တဲ့အတွက် မထူးပါဘူး"

"ထူးပါသော်တော်၊ သူတို့လိုက်ရင် ပိုက်ဆံက ထူးဦးမှာပေါ့၊ အခု သည်ဟာကကုန် တော်တော်ကြာ ဟိုဟာကကုန်နဲ့ ကြာတော့ ထွန်းမြတ် ခက်လိမ့်မယ် မင်းကတော်ရဲ့၊ မင်းကတော်နဲ့ မယ်စောနဲ့ နှစ်ယောက်သွားရင်လည်း စရိတ်ကုန်လှပြီ၊ အခုတော့ ကလေးတွေ တပြုံကြီးနဲ့ အထိန်းတွေနဲ့ လုပ်နေမှဖြင့် ဘယ်ခံနိုင်ပါမလဲ"

ဟု ပြောရာ ကြက်မသည် စွန်ကိုမြင်သောအခါ မိမိ၏ကြက်ကလေးများကို အတောင်အောက်သို့ သွင်းဘိသကဲ့သို့ ခင်စိန်ကြည်လည်း မဂျမ်းပုံစကားကို ကြားလျှင် အကလေး ၃ ယောက်ကို လက်ဖြင့်ဖက်လျက်နေလျှင် "ပြီးတော့လည်းပဲ အခုသွားမှာက သူ မာအောင်သွားတာ၊ သည်လို ကလေးတွေတပြုံကြီး ခေါ်သွားမှဖြင့် သူတို့ဂရုစိုက်နေရတာနဲ့ ဘယ် လူမာနိုင်လိမ့်မလဲ" ဟု မဂျမ်းပုံက ပြောပြန်လေ၏။



http://myanmarpyithar.net

ထိုအခါ ခင်စိန်ကြည်သည် ခင်မောင်ကလေးကို ယူချီ၍ "မေမေသွားရင် သားကလေး မေမေနဲ့ ခွဲနေရစ်မလား၊ မေမေတစ်ယောက်တည်း သွားမှဖြင့် မောင်တို့ကို လွမ်းတာနဲ့ ရောဂါတောင် တိုးဦးမှာပေါ့ သားတို့ရယ်..." ဟု မျက်ရည်လည်လျက် ညည်းညူ၍ ပြောလျှင်။

"ဘာပြုလို့ တစ်ယောက်တည်းလဲ၊ ထွန်းမြတ်ကတော့ အလကားလား" ဟု မဂျမ်းပုံက ကြားဖြတ်၍ ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်က "ကိုထွန်းမြတ်က လိုက်ပို့ရုံပို့ပြီး ပြန်ရမှာ"

"ဒါတော့ ဒါပေါ့လေ၊ အနို့ သူ့အလုပ်တွေ ပစ်ထားလို့ ထမင်းဘယ်က စားရမလဲ၊ အခုလို အကုန်အကျများပုံနဲ့တော့ သည့်ထက်မကလုပ်မှ တော်ကာကျမယ်၊ ဒါတော့ ပြောသာပြောရတယ်၊ မင်းကတော်တို့တော့ လင်မယား၊ သည်မှာက မောင်နှမ မဆိုင်ပါဘူး၊ မင်းကတော်သဘောပါပဲ" ဟု ပြောလျှင် ခင်စိန်ကြည်လည်း ဘာမျှ ပြန်ပြောရန်မရှိဘဲ မျက်ရည်ကျလျက်ရှိနေရာတွင် အစေခံ မစောမှာ အနီးတွင်ရှိသဖြင့် မမလေးအား သနားမိရှာ၏။

အချိန်နီးလျှင် မောင်ထွန်းမြတ်လည်း အလုပ်ရုံးမှ ပြန်လာ၍ ခင်မကြီးကို ပခုံးပေါ်တွင်ထမ်းလျက် ခင်စိန်ကြည်ရှိရာသို့အသွား လမ်းတွင် မစောနှင့်တွေ့၍။

"မမလေးက ကလေးတွေကို အကုန်ခေါ်သွားချင်သတဲ့"

"ဟုတ်လား"

"သူတို့မပါရင် မမလေး အပုံကြီး စိတ်ညစ်လိမ့်မယ်"

"အေးလေ–သူတို့ပါ ခေါ်သွားတာပေါ့" ဟု ပြော၍ ခင်စိန်ကြည်ရှိရာသို့ ရောက်လျှင်။

"ခင်က ကလေးတွေ ခေါ်သွားချင်တယ်ဆို"

"ခေါ်ပါရစေရှင်...ရှိကြီးခိုးပါရဲ့" ဟု ရွှင်လန်းသောမျက်နှာဖြင့် ပြောရာ။

"ဒါဖြင့် ခေါ်သွားလေ၊ ဘာဖြစ်လဲ၊ သူတို့လည်း ရောက်ဖူးတယ်ရှိရောပေါ့"

"ခင်က အကုန်အကျများနေမလားလို့" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ရွှင်ပျချိုသာသော မျက်နှာထားနှင့် "အကုန်အကျက ခင့်အပူမဟုတ်ပါဘူး၊ ခင်က ကိုယ့်ကိုကိုယ် ကျန်းမာအောင်လုပ်ပါ၊ ကလေး ၃ ယောက်အတွက် ငွေ ၁၀ဝ လောက် အပိုကုန်လို့ ဘာအတွက်ရှိသလဲ၊ ခင် ကျန်းမာရင်ပြီးရော" ဟု ပြောလျှင် ခင်စိန်ကြည်သည် အလွန်တရာ ကျေးဇူးတင်သဖြင့် လင်၏လက်ကို ကိုင်လျက် မျက်နှာကို မော်ကြည့်ပြီးလျှင် "ခုပုံတော့ အရင်ကလိုပဲ ခင့်ကို ချစ်သေးတယ် ပေါ့လေ" ဟု ပြောလေ၏။ မောင်ထွန်းမြတ်မှာ ခင်စိန်ကြည်ပြောသည့် အဓိပ္ပာယ်ကို

နားမလည်ဘဲ "ချစ်ပါတယ်ခင်ရယ်၊ အရင်ကထက် အဆတစ်ရာ အဆတစ်ထောင် ပိုပြီးချစ်ပါတယ်" ဟု ပြန်ပြောလေ၏။

မဂျမ်းပုံလည်း အကလေးတို့ လိုက်ပါသွားကြမည်ကို ကြားလျှင် မောင်ထွန်း မြတ်ရှိရာသို့လာ၍ "ကလေးတွေ ခေါ်သွားလို့ ဖြစ်နိုင်မလားကွဲ့ မင်းက၊ ဟိုကျ သူတို့တစ်တွေ ရှုပ်နေတာနဲ့ မင့်မယား ဘယ်တော့ မာနိုင်မှာလဲကွဲ့၊ မလိုက်စေနဲ့ သူတို့" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် မယား၌ အကျိုးရှိပါမူ ၎င်း၏အလိုကို မည်သည့်အရာ၌မဆို လိုက်လိုသည်မှန်၏။ ယခုမှာမူ အလိုလိုက်သည့်အတွက် အကျိုးယုတ်မည်ဟုကြားရလျှင် စိတ်ပူပင်သဖြင့် ဆရာဝန်ကြီးကို တိုင်ပင်ရာ ဆရာဝန်ကြီးမှာလည်း မဂျမ်းပုံက ပြောပြီးဖြစ်၍ လိုက်ရန် အခွင့်မပြုဘဲ ရှိလေ၏။

သွားခါနီးတွင် ခင်စိန်ကြည်သည် မစောကို ခေါ်၍– "မစော သည်မှာ ကလေးတွေနဲ့ နေရစ်ရလိမ့်မယ်"

"ဘာပြုလို့လဲမမလေးဘုရား၊ ကျွန်မကိုသဘောမကျလို့ မခေါ်သလား"

"ညည်းကို သဘောကျလွန်းလို့ ငါက သည်မှာထားခဲ့ချင်တယ်၊ ညည်းရော ငါရောမရှိလျှင် ကလေးတွေကို မိနှစ်နဲ့ အစ်မကြီးနဲ့ စိတ်မချနိုင်ဘူး"

"ဘုရားကျွန်မတော့ မမလေးသွားရာကို လိုက်တော့လိုက်ချင်တာပဲ ဘုရား၊ သို့သော်လည်း ဟုတ်တော့ဟုတ်ပါရဲ့"

"ငါမရှိတဲ့နောက် ကလေးတွေကို စောင့်ရှောက်ရစ်ပါနော်၊ ငါလည်း အပုံကြီး နေမကောင်းဘူး၊ ပြန်ကောင်းလာမှ လာရမယ်"

"ဘယ့်နှယ်ပြောတာလဲ မမလေးဘုရား၊ သည်လိုမပြောပါနဲ့၊ ဟိုက ပြန်လာတော့ အရင်တုန်းကလို မာမာကျန်းကျန်း ရှိလာမှာပေါ့"

"အေးအေး၊ သည်လိုရှိပါစေ အောက်မေ့ရတာပဲ၊ သို့သော် ငါများ မပြန်နိုင်ခဲ့ရင် ကလေးတွေကို ညည်းက စောင့်ရှောက်ရစ်ပါနော်၊ သူတို့ကိုလည်း မေမေ့အကြောင်း မကြာမကြာ ပြောရစ်ပါ"

"စိတ်ချတော်မူပါ မမလေးဘုရား၊ ဘုရားကျွန်မ တစ်သက်တော့ သည် ကလေးတွေနဲ့ ဘယ်တော့မှ မခွဲပါဘူး" ဟု ပြော၍ ခင်စိန်ကြည်သည် အစေခံ မိနှစ်နှင့် အတူတကွ ထွက်သွားကြလျှင် မစောသည် ထိုင်လျက် ငိုနေရစ်လေ၏။

■



http://myanmarpyithar.net

## အခန်း (၁၆)

မောင်ထွန်းမြတ်သည် ခင်စိန်ကြည်ကိုလိုက်ပို့၍ ၃–ရက်ခန့် နေပြီးလျှင် မိနုစ်နှင့် ခင်စိန်ကြည်တို့ကို သူငယ်ချင်း မောင်ဘစံ၏အိမ်မှာ ထားခဲ့၍ ပြန်လာခဲ့လေ၏။

သွားခါနီးတွင် "ကဲ မောင်သွားဦးမယ်နော်၊ ခင် ကိုယ့်ကိုယ်ကို ကောင်းကောင်းမာအောင် ဂရုစိုက်ရစ်နော်"

"သွားပေဦးတော့မောင်၊ ခင်မကြီးတို့လည်း မေမေက အပုံကြီး လွမ်းပါတယ်လို့ ပြောလိုက်ပါရှင်၊ ပြီးတော့လည်းပဲ..."

"ပြီးတော့ ဘာလဲ"

"မိမိရီကိုလည်း ရှင်က သွားပြီးပိုးမနေပါနဲ့ရှင်" ဟု ကျီစား၍ ပြောသလိုလို၊ တကယ်ပြောသလိုလိုနှင့် ပြောလျှင် မောင်ထွန်းမြတ်လည်း ကျီစား၍ပြောသည် အောက်မေ့၍ ရယ်မောလျက် ပြန်လာခဲ့လေ၏။ အကယ်ပြောသည်ဟု အောက်မေ့ခဲ့ပါလျှင် ခင်စိန်ကြည်က "သည်က ပြန်သွားလျှင် ကုလားအုပ်စီးပြီး လည်မနေပါနဲ့" ဟု မှာလိုက်ဘိသကဲ့သို့ အံ့ဩမည်ဖြစ်လေသည်။

ရှေ့နေ မောင်ဘစံ၏အိမ်သည် မိတ္ထီလာရေကန်နှင့် မနီးမဝေးတွင် ရှိသဖြင့် မောင်ထွန်းမြတ် ပြန်သွားသည့်ညနေ၌ ခင်စိန်ကြည်သည် မိနုစ်နှင့် နှစ်ယောက် ရေကန်သို့ လမ်းလျှောက်ထွက်သွားကြလေ၏။ ရေကန်သို့ရောက်လျှင် ခင်စိန်ကြည်သည် ခွန်အားနည်းပါး သည့်အခါဖြစ်၍ အနည်းငယ် မူးဝေလျက် ရှိလေရာ မိနုစ်ကိုအိမ်သို့ ပြန်၍ နှာဘူးယူစေရန် စေလွှတ်လိုက်လေ၏။ ထို့နောက် ရေကန်အနီးရှိ ခုံရှည်တစ်ခုပေါ်တွင် တစ်ယောက်တည်း ထိုင်လျက်နေရာ ခင်စိန်ကြည်မှာ ငယ်စဉ်ကကဲ့သို့ အသားအရေ ကြည်လင်နုပျိုခြင်း မရှိသည့်ပြင် မကျန်းမမာသည့်အခိုက်ဖြစ်၍ ဖျော့တော့နွမ်းနယ်လျက် ရှိလေ၏။ သို့သော်လည်း အရုပ်အရည်မှာ အလွန်တရာမွန်ရည်လှ၍ တစ်ကြိမ်မြင်လိုက်လျှင် နောက်တစ်ကြိမ်

ထပ်၍ ကြည့်မိလောက်အောင် ရှိသေးရကား လမ်းလျှောက်သွားသူတို့သည် ခင်စိန်ကြည်ကိုမြင်လျှင် "တယ် ကျက်သရေရှိတဲ့ မျက်နှာကလေးပါကလား၊ ဘယ် အရပ်သူပါလိမ့်၊ မိတ္ထီလာသူတော့ အမှန်မဟုတ်ပေဘူး၊ ဖြူဖြူစင်စင်ရှိပုံကတော့ အောက်သူ၊ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ရှိတဲ့ အမူအရာကတော့ မန္တလေးသူ၊ တယ်ချောပါကလား၊ ဘာမင်းကတော်ပါလိမ့်" စသည်ဖြင့် အချင်းချင်း ပြောဆိုလျက် သွားကြကုန်၏။

ခင်စိန်ကြည်လည်း လမ်းသွားလမ်းလာတို့အား ကြည့်လျက်နေစဉ် ရုံးစာရေး နှင့်တူသော လူနှစ်ယောက်တို့သည် တောက်ပပြောင်လက်သော အဝတ်အစားတို့ကို ဝတ်ဆင်လျက် တုတ်ကောက်ကလေးများကို ရမ်းလျက်လာကြရာ ခင်စိန်ကြည်၏ အနီးသို့ရောက်လျှင် ရဲတင်း၍ အရှက်မရှိသော မျက်စိတို့ဖြင့် စိုက်ကြည့်ကြလေ၏။ ခင်စိန်ကြည်၏ ဣန္ဒြေရှိသော မျက်နှာထားနှင့် မိန်းမကောင်းပီသသော အမူအရာကို မြင်လျှင် မျက်စိကို အောက်ချလျက် သွားကြကုန်၏။ ထို့နောက် ကောင်းမွန်သပ်ရပ်စွာ ဝတ်စားဆင်ယင်လျက် အရပ်အရည်ချော၍ ယဉ်ကျေးဖွယ်ရာသော အမူအရာ ရှိသည့် လူတစ်ယောက်သည် လျှောက်လာရာ ခင်စိန်ကြည်သည် ၎င်းလူကိုမြင်လျှင် တစ်ကိုယ်လုံးတုန်လှုပ်လျက် ဝမ်းသာရမည်ကဲ့သို့ ဖြစ်လေ၏။

၎င်းလူလည်း ခင်စိန်ကြည်အနီးသို့ရောက်လျှင် စာရေးနှစ်ယောက်ကဲ့သို့ စားတော့ဝါးတော့မလို ရဲတင်းသော မျက်နှာထားဖြင့် မကြည့်ဘဲ ယောကျ်ားကောင်း ပီပီ အရပ်အရည်ချောသည်ကို ချီးမွမ်းသော မျက်နှာထားနှင့်သာလျှင် "တယ်ချောတဲ့ မိန်းမတစ်ယောက်ပါကလား" ဟု အောက်မေ့လျက် ကြည့်လေ၏။ "ချောလည်းချော၊ ဝတ်ပုံစားပုံကလည်း ဗိုလ်ခပ်ဆန်ဆန်၊ အမူအရာကလည်း တည်တည်တံ့တံ့၊ ဘယ့်နှယ်ကြောင့် တစ်ယောက်တည်း ထိုင်နေပါလိမ့်မယ်၊ အလို–သည်မျက်နှာ ငါမြင်ဖူးပါတယ်၊ သြော်" ဟု သတိရ၍ "ခင်စိန်–အဟင်း–အမိန့်တော်ရမင်း ဦးထွန်းမြတ်ကတော် မဟုတ်ပါလားခင်ဗျာ" ဟု အနီးသို့ကပ်၍မေးလျှင် ခင်စိန်ကြည် လည်း ယီးတီးယောင်တောင်ဖြစ်လျက် "ဟုတ်ပါသည်" ဟု ပြောလေ၏။

"လူချင်းမတွေ့ကြတာ အပုံကြီးကြာပြီ၊ ယခုလို ဘွားခနဲ တွေ့ရပြန်တော့ တွေ့ရတဲ့အတွက် ဝမ်းမြောက်တာနဲ့ အရင်ကလိုပဲ သွားပြီး အောက်မေ့မိပါတယ်" ဟု ပြောပြီးလျှင် ခုံရှည်၏အခြားအစွန်းတွင် ဝင်၍ထိုင်လေ၏။ ခင်စိန်ကြည်၏ မျက်နှာမှာလည်း ဖျော့တော့ခြင်းကင်း၍ ကျန်းမာသောအခါကကဲ့သို့ ရတ်တရက် ဖြစ်၍သွားသည်ကို ၎င်းလူသည်မြင်လျှင် "သည်လောက်ချောတဲ့မိန်းမကို မမြင်ရတာ ကြာလှပြီ" ဟု အောက်မေ့မိလေ၏။

"မိတ္ထီလာကို ဘာကိစ္စ လာပါသလဲခင်ဗျာ"

"ကျွန်မ တယ်မကျန်းမမာလို့ ဆရာဝန်များက အဝေးမြို့မှာ ခေတ္တသွားပြီး လည်ရမယ်ဆိုလို့၊ ကိုထွန်းမြတ်လည်း သည်ကနေ့ပဲ ပြန်သွားတယ်၊ ကိုသက်ညွန့် သည်မှာနေသလား"

"သည်မှာမနေပါဘူး၊ ဟုတ်ပါ–ကြည့်ရတာလည်း အင်မတန် မမာတဲ့ လက္ခဏာရှိပါတယ်၊ ကျွန်တော်လည်း ကံအားလျော်စွာ သည်မှာရှိတဲ့အခိုက် တန်တာရှိရင် ခိုင်းပါ၊ ကျွန်တော် ဆောင်ရွက်ပါရစေ" ဟု ပြောလေ၏။ ခင်စိန်ကြည်မှာလည်း မောင်သက်ညွန့်ကို တွေ့ရသည်နှင့် အဘယ့်ကြောင့် ဤမျှလောက် တုန်လှုပ်ရလေသနည်း ဟု မိမိကိုယ်ကိုမိမိ စိတ်လည်းဆိုး။ မိမိသည် မောင်သက်ညွန့်ကို လုံးလုံးမေ့ပြီဟု အောက်မေ့မိရာမှာလည်း၊ ယခုမှ လုံးလုံးမမေ့သေးကြောင်းကို သိရလေ၏။

"ကျေးဇူးတင်လှပါတယ်ရှင်၊ ဆောင်ရွက်စရာတော့ မရှိပါဘူး၊ မိနစ်ကလည်း လာခဲလိုက်တာ၊ ကျွန်မ ပြန်ချေပါဦးမယ်ရှင်"

"အမိန့်တော်ရကတော် ကြည့်ရတာ အင်မတန် နေမကောင်းပုံ ရလိုက်တာ၊ တစ်ယောက်တည်း ပြန်လို့ မတော်ဘူးမှတ်ပါတယ်၊ ကျွန်တော် လိုက်ပို့ပါရစေ" ဟု ပြော၍ ခင်စိန်ကြည်နှင့်အတူ လိုက်လာလျှင် ခင်စိန်ကြည်မှာ မောင်သက်ညွန့်နှင့် ဆွေးမျိုးနီးစပ်လည်း တော်သည့်အဖြစ်ကို သတိရ၍ မလိုက်ပါနှင့်တော့ဟု အတင်းငြင်းဆန်ရန် ခက်သဖြင့် လိုက်ရန် ခွင့်ပြုရလေ၏။

"ကျွန်တော်တို့မမ ဝတ်လုံကတော်ကြီးနဲ့များ တွေ့သေးသလား"

"ဝတ်လုံကြီးနဲ့ မောင်သက်တင်ကလေးတော့ တစ်ခါတစ်ခါ လာလည်ကြပါရဲ့၊ ဝတ်လုံကတော်နဲ့တော့ တစ်ခါမျှမတွေ့ဘူး"

"ကျွန်တော်လည်း သူတို့နဲ့ ဟိုတုန်းကတည်းက တစ်ခါမျှ မတွေ့ရသေးဘူး၊ ကျွန်တော်လည်း မိတ္ထီလာကို မနေ့ကပဲရောက်တယ်"

"အလည်ပဲလား"

"ဟုတ်ကဲ့၊ အလည်ပါပဲဆိုပါတော့၊ ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက်က သည်မြို့မှာ မြို့အုပ်ဖြစ်လေတော့ အလည်လာခဲ့ပါဆိုလို့ မရောက်ဖူးတာနဲ့ လာလည်ပါတယ်"

"ဘယ်နှရက်လောက်ကြာမယ် အောက်မေ့သလဲ"

"မပြောတတ်ပါဘူး၊ မနေ့ကတစ်ရက် သည်ကနေ့တစ်ရက် လျှောက်လည်တာနဲ့ပဲ တော်တော်နှံ့သွားပါပြီ၊ သည်မြို့ကလည်း မြို့ကလေးကိုး၊ ရန်ကုန်၊



http://myanmarpyithar.net

မန္တလေးတို့လိုတော့ လည်ပတ်စရာမပေါတာနဲ့ နက်ဖြန်လောက် ပြန်မယ်အောက်မေ့မိတာပဲ”

“နက်ဖြန် ဘယ်ရထားနဲ့လဲ”

“ခုတင်ကတော့ ပြန်မယ်အောက်မေ့မိတာပဲ၊ အခုတော့လည်း ပြန်ချင်တဲ့စိတ်မရှိပြန်ဘူး” ဟု ခင်စိန်ကြည်ကိုကြည့်လျက် ပြောရင်းပင် တည်းခိုရာအိမ်အနီးသို့ ရောက်သဖြင့် ခင်စိန်ကြည်က “ဟော ကျွန်မတို့တည်းတဲ့အိမ် ရောက်ပြီ” ဟု ပြော၍ အိမ်တွင်းသို့ဝင် သွားရာ မောင်သက်ညွန့်လည်း ဆွေမျိုးတော်စပ်သည် အောက်မေ့၍ မဖိတ်မခေါ်ဘဲ အိမ်တွင်းသို့ ဝင်၍လိုက်သွားလေ၏။

အိမ်တွင်းသို့ရောက်လျှင် အမိန့်တော်ရမင်း မောင်ဘစံနှင့် အမိန့်တော်ရကတော်တို့ကို မောင်သက်ညွန့်က “ရွှေဘိုမှာရှိတဲ့ ခင်တို့ ဒေါ်ဒေါ် ဝတ်လုံကတော်က ကျွန်တော်နဲ့ မောင်နှမပါပဲ၊ သည်က ခင်နဲ့ ကျွန်တော်နဲ့လည်း ရွှေဘိုမှာနေတုန်းက မောင်လိုနှမလို တစ်အိမ်တည်း အတူနေလာခဲ့ကြ၊ ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်း မြို့အုပ်မင်းမောင်ဘကြည်ထံ ခေတ္တအလည်လာခိုက် အခန့်သင့်ဘဲ ခင်နဲ့ ရေကန်နားတွေ့လို့ အိမ်သိရအောင်လိုက်ပြီး ကြည့်လာပါတယ်၊ အခု သည်က နောင်တော်နဲ့ အစ်မတို့မျက်နှာမြင်ရမြင်မြင်ချင်းပဲ မိတ်ဆွေအရင်းလို အောက်မေ့မိပါတယ်၊ ကျွန်တော်ရှိတဲ့အခိုက် မြို့အုပ်မင်းအိမ်ကိုလည်း လာလည်တော်မူကြပါ၊ ရန်ကုန်များ ရောက်လို့ရှိလျှင်လည်း ကျွန်တော်တို့အိမ်မှာပဲ တည်းကြပါ” စသည်ဖြင့် ပြောပြီး မိတ်ဆွေဖွဲ့ရာ အမိန့်တော်ရမင်း လင်မယားလည်း မောင်သက်ညွန့်၏ အမူအရာနှင့် ပြောပုံဆိုပုံတို့ကို နှစ်သက်လှ၍ ကောင်းမွန်စွာ ဝတ်ပြုပြီးလျှင် အကျွမ်းဖွဲ့ကုန်၏။

နာရီဝက်ခန့်ရှိလျှင် မောင်သက်ညွန့်သည် သွားတော့မည်ဟု ထ၍ “နက်ဖြန်ကော ခင် လမ်းလျှောက်ဦးမလား” ဟု မေးလျှင် “မပြောတတ်သေးဘူး”ဟု ပြန်ပြောရာ “လမ်းလျှောက်လို့ရှိရင် တစ်ယောက်တည်း လျှောက်လို့ မတော်ပေဘူးမှတ်တယ်၊ သည်က မင်းကတော်ကလည်း ကလေးတွေနဲ့တော့ မအားပေဘူး၊ ကျွန်တော်ကတော့ လူအားသက်သက်ဖြစ်တော့ ကျွန်တော်ရှိတဲ့အခိုက် စောင့်ရှောက်ဖို့ ဝတ္တရားရှိတဲ့အတိုင်း စောင့်ရှောက်မှတော်မယ်၊ ကိုထွန်းမြတ်ကလည်း သူ့မိန်းမ စောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်မယ် မဟုတ်လား” ဟု ခင်စိန်ကြည်၏ မျက်နှာကိုကြည့်ကာ ပြော၍ နှုတ်ဆက်ပြီး ထွက်သွားလေ၏။

နောက်တစ်နေ့ ညနေအေးအချိန်၌ မောင်သက်ညွန့်သည် အခါတိုင်းထက်ပင် ဂရုစိုက်၍ ကောင်းမွန်ရှုချင်ဖွယ်ရှိအောင် ဝတ်စားဆင်ယင်လျက် ခင်စိန်ကြည်



http://myanmarpyithar.net

ရှိရာအိမ်သို့ လာပြီးလျှင် "ဘယ့်နှယ်လဲ ခင်၊ ကျွန်တော်က နောက်ကျနေသလား" ဟု အမှန်သွားမည်ကို သိသည်အဟန်နှင့် မေး၍ ခင်စိန်ကြည်၏ ထီးကလေးကို ယူပေးရာ ခင်စိန်ကြည်မှာ ဘာမျှပြန်၍မပြောနိုင်ဘဲ ထွက်၍လာခဲ့ရလေ၏။

လမ်းသို့ရောက်လျှင် မောင်သက်ညွှန့်သည် ရှေ့အခါကကဲ့သို့ မိန်းမတို့၏ နားတွင် ကြား၍မငြီးနိုင်လောက်သော အသံဖြင့် စိတ်ပါဖွယ်ဖြစ်သော စကားတို့ကို ယဉ်ကျေးသိမ်မွေ့သော အမူအရာနှင့် ပြောဆိုပြီးလျှင် ခင်စိန်ကြည် လိုက်နိုင် လောက်ရုံသာလျှင် တဖြည်းဖြည်းလျှောက်၍ မီးထွန်းချိန်လောက်တွင် အိမ်သို့လိုက်၍ ပို့လေ၏။ ဤသို့ တစ်နေ့မှတစ်နေ့ ညနေတိုင်း လမ်းလျှောက်ကြရာ ၁၀ ရက် ခန့်မျှ ရှိလေ၏။

ခင်စိန်ကြည်သည် မောင်သက်ညွှန့်အား ရှေးအခါက နှစ်သက်ဖူးသည်မျှမက ယခုတစ်ဖန်လည်း မောင်သက်ညွှန့်နှင့်တွေ့ရလျှင် စိတ်နှလုံး နှစ်သိမ့်သည်အဖြစ်ကို သိလျက်နှင့် အဘယ့်ကြောင့် ညနေတိုင်း မောင်သက်ညွှန့်နှင့်အတူ လမ်းလျှောက် ရပါသနည်းဟု အပြစ်တင်ဖွယ်ရှိပေ၏။ မောင်သက်ညွှန့်သည် ခင်စိန်ကြည်၏စိတ် သဘောနှင့်တွေ့အောင် ကြိုးစားအားထုတ်သည် မှန်သော်လည်း မောင်သည် ချစ်ခင်သော နှမကလေးအား အရေးတယူပြုဘိသကဲ့သို့သာလျှင် ပြု၍ မောင်နှမကဲ့သို့ မအပ်စပ်သော စကားတို့ကို အလျဉ်းမပြောသည်လည်းတစ်ကြောင်း၊ အထက်က ဖော်ပြခဲ့သည့်အတိုင်း ဆွေမျိုးနီးစပ်လည်းတော်သဖြင့် မိမိအား ဤကဲ့သို့ ဂရုတစိုက်ရှိ သည်ကို မစိုက်ပါနှင့်ဟုပြောရန် ခဲယဉ်းသည်လည်းတစ်ကြောင်း၊ မိမိမှာလည်း မောင်ထွန်းမြတ်၏မယားဖြစ်ပြီး၍ မိမိ၏စိတ်သည်လည်း ဘယ်နည်းနှင့်မျှ ဖောက်လွဲ ဖောက်ပြန်မရှိနိုင်ဟု ယုံကြည်သည်လည်းတစ်ကြောင်း၊ မိမိလာသည်မှာလည်း ကျန်းမာစေရန်လာသည်ဖြစ်၍ ဣရိယာပုတ် မျှတခြင်းအားဖြင့် အလျင်အမြန် ကျန်းမာခဲ့လျှင် မိမိ၏ လင်သားနှင့် ကလေးများကို အလျင်အမြန် တွေ့ရချေမည်ဟု အောက်မေ့သောကြောင့်တစ်ကြောင်း ဖြစ်လေသည်။

၎င်း ၁၀ ရက်အတွင်းတွင် ခင်စိန်ကြည်မှာ များစွာ သန်စွမ်း ကျမ်းမာလာ၍ မျက်ကွင်းညိုခြင်း၊ အသားအရေဖျော့တော့ခြင်း၊ တွေဝေထိုင်းမှိုင်းခြင်း စသည်တို့သည် ပျောက်ကင်းလျက် မျက်နှာသည်လည်း ပြည့်ဖြိုးရွှင်လန်းလာလေ၏။ ၁၁ ရက် ရောက်သည့် နေ့တွင် မောင်ထွန်းမြတ်လည်း အလည်လာမည်ဟု ကြေးနန်းရိုက် လိုက်ရာ ခင်စိန်ကြည်သည် မောင်သက်ညွှန့်နှင့် ဘူတာရုံသို့ သွား၍ ကြိုလေ၏။

မောင်ထွန်းမြတ်သည် ရထားပေါ်မှအဆင်းတွင် ဘူတာရုံ အနီး၌ရပ်လျက် ရှိသော လူတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို မြင်လျှင် ရုတ်တရက် မမှတ်မိသဖြင့်



http://myanmarpyithar.net

"တယ်ချောတဲ့ ယောကျ်ားနဲ့ မိန်းမပါကလား" ဟု အောက်မေ့မိ၏။ အနီးသို့ရောက်၍ မိမိမယား ဖြစ်ကြောင်းကိုသိလျှင် မောင်ထွန်းမြတ်သည် များစွာ အားရဝမ်းသာ ရှိ၍ "အောင်မယ်လေးခင်ရယ်၊ မှတ်တောင် မမှတ်မိဘူး၊ တယ် ဟန်ရပါကလား၊ ဘာများလုပ်လို့ သည်လောက်တောင် မာလွယ်ရသတုန်း၊ ပြောစမ်းပါဦး" ဟုပြော၍ မယားအနီးတွင် ရပ်လျက်ရှိသော လူချောကို လှမ်းကြည့်ရာ မြင်ဖူးပါသည်ဟု အောက်မေ့ဆဲတွင် ခင်စိန်ကြည်က "ကိုသက်ညွှန့်လေ၊ ကျွန်မရေးလိုက်တဲ့စာထဲမှာ သူ သည်မှာရှိတယ်လို့ ပါတယ်မဟုတ်ဘူးလား" ဟု ပြော၍ မောင်ထွန်းမြတ်လည်း စဉ်းစားလျက်နေလျှင် မောင်သက်ညွှန့်က "ဟုတ်ပါ–ကျွန်တော်လည်း သည်မှာ အလည်လာတဲ့အခိုက်နဲ့ အခန့်သင့်လို့ ညနေတိုင်း ခင် လမ်းလျှောက်တိုင်း လိုက်ပို့ ရပါသည်" ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း အလွန်တရာ ကျေးဇူးတင်ကြောင်း ပြောလျက် အိမ်သို့သွားကြလေ၏။

အိမ်သို့ရောက်လျှင် မောင်သက်ညွှန့်လည်း နှုတ်ဆက်၍ ပြန်သွားရာ "ဘယ့်နှယ်လဲ ပြောစမ်းပါဦးခင်ရဲ့၊ မာလွယ်လှချေ့ကလား၊ ကျုပ်ဖြင့် သည်လောက် ရက်နဲ့ သည်လောက်ထူးတဲ့ဟာ ပြောလို့တောင် ယုံမယ်မဟုတ်ဘူး၊ တယ်ကောင်းတဲ့ မိတ္ထီလာပါကလား" ဟု ပြောလျှင် ခင်စိန်ကြည်မှာ မိတ္ထီလာကောင်း၍မဟုတ်၊ အခြားအကြောင်း ကြောင့်ဖြစ်သည်ဟု အောက်မေ့မိသောကြောင့် မျက်နှာပျက်၍ မိမိကိုယ်ကိုမိမိ စိတ်ဆိုးလျက် "ဘာကြောင့်လဲ မပြောတတ်ပါဘူးရှင်၊ ဒါနဲ့ ကလေးတွေအားလုံး မာကြရဲ့ရှင့်နော်၊ မေမေ့များ သတိမှရကြပါရဲ့လား၊ ခင်မောင်ကလေးကကော– ဘာများ မှာလိုက်သေးသလဲ" ဟု မေးလျှင် မောင်ထွန်းမြတ်သည် ရယ်လျက် "တစ်နှစ်သားကလေးက ဘာမှာတတ်လိမ့် မလဲခင်ရယ်၊ ခင်မကြီးကဖြင့် မေမေ့ လွမ်းလှပြီတဲ့၊ မှာလိုက်ရှာတယ်၊ သူတို့ လွမ်းတာက ဘာဟုတ်သေးသလဲ ခင်ရယ်..." စသည်ဖြင့် ရယ်မောပြောဆိုကာ နေကြလေ၏။

နောက်တစ်နေ့နံနက်၌ မောင်သက်ညွှန့်သည် အိမ်သို့လာ၍ မောင်ထွန်းမြတ်၊ မောင်ဘစံတို့နှင့် အရပ်ရပ်သတင်းတို့ကို ပြောဆို ရယ်မောလျက်နေကြ၍ နာရီ တစ်ဝက်ခန့်ရှိလျှင် မောင်ထွန်းမြတ်သည် ဤသူကား အလွန်စကားပြော ကောင်း၍ လူမှုလူရေး၌လည်း ကျွမ်းကျင်ဟန်လက္ခဏာရှိသည်ဟု အောက်မေ့မိ၏။ မောင်ထွန်း မြတ်လည်း မိမိမရှိသည့်အခါ၌ မိမိ၏မယားကို ဆွေမျိုးနီးစပ်တော်ခါ မျှနှင့် ဤမျှလောက် စောင့်ရှောက်ပေးသည့်အကြောင်းကိုသိ၍ များစွာ ကျေးဇူးတင်သည်နှင့် မန္တလေးသို့ အလည်လာဖြစ်ခဲ့ပါလျှင် မိမိအိမ်၌ တည်းခိုပါဟု ပင့်ဖိတ်လေ၏။



http://myanmarpyithar.net

ထိုကဲ့သို့ ယောက်ျား ၃ ဦးတို့သည် ဧည့်ခံခန်းတွင် စကားပြောလျက် နေကြစဉ် ခင်စိန်ကြည်မှာ မိမိအခန်းပြတင်းပေါက်တွင် ထိုင်လျက် လမ်းသွား လမ်းလာတို့ကို ငေး၍ကြည့်နေရင်း မိမိ၏ အဖြစ်အပျက်ကို စဉ်းစား၍နေလေ၏။

ခင်စိန်ကြည်သည် မောင်သက်ညွှန့်ကို မြင်ရသည့်အတွက်၊ ၎င်း၏အသံကို ကြားရသည့်အတွက် နှလုံးနှစ်သိမ့်ခြင်းဖြစ်သည်ကို သိရကား၊ ဤသိသော အမှုအရာသည် စိတ်၌ပင်ဖြစ်သည် မှန်သော်လည်း မိမိ၏ခင်ပွန်းမောင်ထွန်းမြတ်အား ပြစ်မှားဘိသကဲ့သို့ ရှိလေတော့သည်ဟု အောက်မေ့၍ မိမိကိုယ်ကို အပြစ်တင်လျက် ဤသို့မဖြစ်ရန် ကြိုးစားရှာ၏။ သို့ရာတွင် ဤသို့ဖြစ်ခြင်းသည် မိမိအလိုတူ၍ ဖြစ်ရသည်မဟုတ်။ အလိုမတူသည့်အပြင် မှားကြောင်းကိုသိလျက်နှင့် အလိုလို ဖြစ်တတ်သောသဘောဖြစ်သောကြောင့် နှိမ်နင်း၍ မရနိုင်ဘဲရှိလေ၏။

သို့ရာတွင် ခင်စိန်ကြည်မှာ မယား၏ဝတ္တရားကို မေ့လျော့၍ မောင်သက်ညွှန့် နှင့် ဖောက်လွဲဖောက်ပြန် ကြံစည်မိချေတော့မည် ဟူ၍ကား အလျဉ်းစိုးရိမ်ခြင်းမရှိပေ။ မောင်သက်ညွှန့်ကိုမြင်၍၊ မောင်သက်ညွှန့်အသံကို ကြားရသောအခါ၌ စိတ်နှလုံး တုန်လှုပ်၍ ဝမ်းသာဘိသကဲ့သို့ဖြစ်သည်ကိုပင်လျှင် မခံချင်သောစိတ်သဘော ရှိပေ၏။

မောင်သက်ညွှန့်ပြန်သွား၍ မောင်ဘစံလည်း ရုံးသို့သွားလျှင် ခင်စိန်ကြည် သည် မောင်ထွန်းမြတ်ရှိရာသို့ ထွက်လာ၍ "ခင် တစ်ခု ခွင့်တောင်းပါရစေ မောင်၊ ခင် တောင်းတာ ခွင့်ပြုမယ်လို့ မောင်က ကတိထားမှာလား"

"ဘာတောင်းချင်သလဲခင်၊ ပြောပါ"

"သည်လိုနဲ့မပြောဘူး၊ ကတိထားမှပြောမယ်"

"မောင် တတ်နိုင်တဲ့ဟာဖြင့် ခွင့်ပြုပါ့မယ်၊ ပြောသာပြောပါ"

"ခင် သည်မှာနေရသမျှ ကာလပတ်လုံး မောင်နဲ့အတူတူ နေပါရစေ၊ မောင်မပြန်ပါနဲ့တော့" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် အံ့သြသော မျက်နှာ ထားနှင့် ကြည့်လျက် "သည်လိုတော့ ဘယ်ဖြစ်နိုင်မလဲ ခင်...၊ မောင့်မှာ အမှု ရက်ချိန်းတွေကလည်းရှိတယ်"

"ရှိကြီးခိုးပါရဲ့မောင်ရယ်–မောင် မပြန်ပါနဲ့တော့"

"နေလို့ဖြစ်ရင်လည်း နေချင်ပါတယ်ခင်ရယ်၊ အခုတော့ မဖြစ်နိုင်လို့ပါ၊ ခင်လည်း အသိသားပဲ၊ သည် ၁ ရက် ၂ ရက်ကလေး လာတာတောင် အင်မတန် ကြံဖန်လာရပါတယ်"

"မောင် နက်ဖြန်ပြန်မယ်ဟုတ်လား"



http://myanmarpyithar.net

"ပြန်ရလိမ့်မယ် ခင်ရယ်"

"ဒါဖြင့် ခင်လည်းလိုက်မယ်" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ပြုံးလျက် "မလုပ်နဲ့၊ မလုပ်နဲ့၊ လိုက်ဖို့လည်း မောင်က ခွင့်မပြုနိုင်ဘူး၊ သည်ရောက်တာ ၁၅ ရက်လောက်ရှိသေး၊ သည်လောက်တောင် သိသိသာသာ ကျန်းမာလာပုံတော့ နောက် ၁၅ ရက်ဆိုလျှင် ကောင်းကောင်းပျောက်မှာပဲ၊ ၁၅ ရက်တော့ နေရစ်ရလိမ့်ဦးမယ်" ဟု ပြောလျှင်။

ခင်စိန်ကြည်သည် မျက်နှာပျက်လျက် "မောင်နဲ့ခွဲပြီး မနေ ရစ်ခဲ့ချင်ဘူး"

"ဘာပြုလို့လဲ ခင်"

"အို... မောင်မရှိရင် ပျင်းလို့ပေါ့" ဟု ပြောသော်လည်း မရဘဲ မောင်ထွန်းမြတ်သည် နောက်တစ်နေ့တွင် ပြန်၍သွားလေ၏။ ပြန်ခါနီးတွင် မောင်ထွန်းမြတ်သည် မောင်သက်ညွှန့်အား မိမိမယားကို အထက်ကကဲ့သို့ စောင့်ရှောက်ရစ်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ကြောင်းများကို ပြောသွားလေ၏။

■

## အခန်း (၁၇)

မောင်ထွန်းမြတ်မှာ မိမိကိုယ်တိုင် တည်ကြည်ဖြောင့်မတ်သော စိတ်သဘောရှိရကား သူတစ်ပါးတို့လည်း မိမိကဲ့သို့ပင် ရှိချေမည်ဟု အောက်မေ့သောကြောင့် မောင်သက်ညွန့်အား ဤသို့ ယုံကြည်စိတ်ချ၍ မှာထားခဲ့ခြင်းဖြစ်လေသည်။ ထို့ပြင် မိမိမယား၏ စိတ်သဘောကိုလည်း လုံးလုံးကြီး ယုံကြည်စိတ်ချပြီးဖြစ်၍ မည်သည့် ယောကျ်ားမျိုးနှင့်မဆို လူမရှိသော တောကြီးထဲ၌ ထားခဲ့သည်တိုင်အောင် စိုးရိမ်ရန်မရှိဟု အောက်မေ့လေသည်။

မောင်ထွန်းမြတ် မန္တလေးသို့ပြန်သွား၍ ၇ ရက်ခန့် ကြာရှိခဲ့သည့်အတွင်း၌ မိတ္ထီလာမြို့၌ မောင်သက်ညွန့်သည် နေ့စဉ်မပြတ် ခင်စိန်ကြည်အိမ်သို့ဝင်၍ လမ်းလျှောက်ရန် ခေါ်လေ၏။ ခင်စိန်ကြည်လည်း မောင်သက်ညွန့်နှင့် မတွေ့ရန် သွားချိန်မကျမီ ထွက်သွားနှင့်၍ သွားနေကျမဟုတ်သော လမ်းတို့မှ လျှောက်သွားသော်လည်း မောင်သက်ညွန့်သည် မတွေ့တွေ့အောင် ရှာ၍လိုက်လေ၏။ ဤသို့ သောနည်းနှင့် မရပြန်သဖြင့် မောင်သက်ညွန့်အား မလာနှင့်တော့ဟု ဖွင့်၍ပြောမည်ဟု အောက်မေ့ပြန်လျှင် မောင်သက်ညွန့်က ဘယ်အတွက်ကြောင့် ဘာလဲဟု မေးပြန်၍ ပြန်၍မပြောတတ်အောင်ဖြစ်ပြီးလျှင် အမှန်ကိုဖွင့်၍ အမှတ်မဲ့ပြောလိုက်မိမည်ကို စိုးသောကြောင့် ဤသို့လည်း မပြောဝံ့ဘဲရှိလေ၏။ ထို့ပြင် ခင်စိန်ကြည်မှာပြန်ရက်လည်း နီးပြီဖြစ်သောကြောင့် မိတ္ထီလာမှ ပြန်သွားလျှင် မောင်သက်ညွန့်နှင့် ကွဲရတော့မည်ဖြစ်၍ မိမိအား နှောင့်ယှက်ရန်မတတ်နိုင် ဟူ၍လည်း အောက်မေ့မိလေ၏။

တစ်နေ့သ၌ ခင်စိန်ကြည်နှင့် မောင်သက်ညွန့်တို့သည် အခါတိုင်းထက် ဝေးဝေးလမ်းလျှောက်ကြပြီးနောက် ခင်စိန်ကြည်မှာ အနည်းငယ် မောပန်းသည်ဖြစ်၍ မိတ္ထီလာကန်ကြီးအနီး ထိုင်ခုံတစ်ခုပေါ်တွင် အမောဖြေလျက်နေကြရာ နေမင်းသည် လည်း အရောင်အရှိန်ဖျော့၍ ဝင်လုဆဲဆဲရှိရာ လူသွားလူလာလည်းပြတ်၍ တစ်မြို့လုံး ဆိတ်ငြိမ်လျက် ကန်တွင်းမှ ခရု၊ ဖားတလက်မှစ၍ ရေသတ္တဝါ

ငယ်တို့ တွန်မြည်ကြသည့်အသံကို ခင်စိန်ကြည်နှင့် မောင်သက်ညွန့်တို့ သဲကွဲစွာ ကြားရကုန်၏။ နေဝင်ချိန်နီးသဖြင့် လေညင်းကလေးသည်လည်း ကန်ဘက်မှ သုတ်လာလျှင် အနီးရှိ ညောင်ပင်ကြီးမှ ညောင်ရွက်တို့သည် အရွက်ချင်း ခတ်သဖြင့် မိုးရွာသောအသံကဲ့သို့ မြည်လေလျှင် အဖော်ကွဲလျက်ရှိသော ကျီးတစ်ကောင်သည် ညောင်ကိုင်းပေါ်တွင် နားနေရာမှ လန့်ပြီးလျှင် ခင်စိန်ကြည် တို့၏ ဦးခေါင်းပေါ်မှ မြည်လျက် ပျံသွားလေ၏။ မောင်သက်ညွန့်လည်း မိမိသောက်လျက်ရှိသော စီးကရက်တိုကို ပစ်လိုက်ပြီးလျှင်။

"ကျွန်တော်တို့ ရွှေဘိုမှာနေကြတုန်းက ကျုံးနားမှာ သည်လိုပဲ တစ်ညနေ ထိုင်နေကြတာ ခင်မှတ်မိသေးသလား"

"မှတ်မိတယ်၊ ဒေါ်ဒေါ်ကတောင် လိုက်ပြီးခေါ်သေးတယ် မဟုတ်လား"

"သြော်–ခင်လည်း မှတ်မိသကိုး၊ ဟုတ်တယ်၊ မမက သည်တုန်းက ကျွန်တော့် ဘယ့်နှယ်များ ထင်နေတယ်မပြောတတ်ပါဘူး" "ရှင်"

"မမက သည်လိုပဲ၊ သူ့အနားမှာသာကပ်ပြီး နေစေချင်တယ်၊ သည့်ပြင်လူနဲ့ လည်ရင် မကြိုက်ချင်ဘူး၊ ကိုယ်ကတော့လည်း သည့်ပြင်တစ်ယောက်နဲ့မှ သွားချင် လာချင်တယ်"

"ဝန်ထောက်မင်းသမီးနဲ့လား"

"ဝန်ထောက်မင်းသမီးနဲ့များ ဘယ်တော့သွားဖူးသလဲ၊ ဒါတော့ ခင်ရယ်၊ ခင်လည်း အသိသားနဲ့" ဟု ပြော၍ ခင်စိန်ကြည်ကို ကြည့်လိုက်လျှင် ဆိုလိုသည့် အဓိပ္ပာယ်ကို ရိပ်မိ၍ ခင်စိန်ကြည်သည် မျက်နှာထားခက်သဖြင့် မျက်နှာလွှဲလျက် နေရာ။

"သြော်…မှားပါဘိတော့၊ လွန်သွားတဲ့နှစ်တွေ ပြန်ဆွဲလို့များ ရလျှင် ဆွဲလိုက်ပါရဲ့–ခင်ရယ်၊ သည်ကအကောင်ကိုက အင်မတန် မိုက်ပါတယ်လေ၊ အဖိုးတန် ပတ္တမြား မီးနိုင်လောက်သားနဲ့၊ မစဉ်းစားတဲ့အတွက် ငါးပါးကြီး မှောက်တာပါပဲ–ခင်ရယ်၊ အခုတော့ သူများ လက်ရောက်မှ…" ဟု ပြောဆဲတွင် ခင်စိန်ကြည်သည် ဆက်လက်၍ မကြားလိုသဖြင့် ထိုင်ရာမှ ထလေလျှင် "နေပါဦးခင်ရယ်၊ စမိလို့ရှိမှ ဆုံးအောင်ပဲ ပြောပါရစေတော့၊ တစ်သက်လုံးမှာ သည်တစ်ခါပဲ ကျွန်တော်ပြောဖို့ရှိပါတယ်၊ ဟိုတုန်းအခါကတည်းကိုက တစ်နေ့သော် လည်း ပြောမယ်ဟဲ့၊ တစ်နေ့သော်လည်း ပြောမယ်ဟဲ့နဲ့ ကိုယ်ကတော့ ခင့်မှာ အတိဒုက္ခရောက်နေတဲ့အခါပါကလားလို့ မတော်သေးဘူးလေလို့ အောက်မေ့ပြီး နေမိ၊ သည်လို မထောက်ထား မညှာတာတဲ့လူက ဖြုန်းခနဲဆိုလာပြီး…"



http://myanmarpyithar.net

"တော်ပြီရှင်–တော်ပြီ၊ ကျွန်မ နားမထောင်ချင်ဘူး"

"ခဏကလေးပါခင်ရယ်၊ ဆုံးအောင် နားထောင်ပါဦး၊ ခင်နဲ့ လွဲသွားပြီးတဲ့နောက် ဘယ်အတွက်ကြောင့် လွဲရတယ်ဆိုတာ တစ်ခါလောက်များ တွေ့ရလျှင် ပြောပြလိုက်မဟဲ့လို့ သည်လောက်ကြာအောင် ခဲပြီးလာခဲ့၊ တစ်နေ့မှ စိတ်မအေးပါဘူးခင်ရယ်၊ ဟိုတုန်းကတော့ ကိုယ့်စိတ်ကိုသည်လောက်မှန်း မသိပေဘူး၊ လွဲပြီးတဲ့နောက်မှ ခင့်အတွက် ဘယ်လောက် အစွဲအလမ်းကြီးတယ်ဆိုတာ သိရပါတယ်"

"ကျွန်မအုပ်ထိန်းသူမရှိတဲ့အခါမို့ မကြားချင်တဲ့စကားကို ရှင်က အတင်းပြောတာပေါ့လေ" ဟု မျက်နှာထားတင်းတင်းထား၍ ပြောပါသော်လည်း စိတ်၌မူကား ခင်စိန်ကြည်သည် လွတ်လွတ်လပ်လပ် ဖြစ်ခဲ့ပါက ဤကဲ့သို့သော စကားတို့ကို ကြားလိုမည်ဖြစ်လေသည်။

"ပြောတာနဲ့တော့ မထူးပါဘူးခင်ရယ်၊ အခုမှတော့ လွန်လည်း ကုန်ကြပါပြီ၊ ဘယ့်နှယ်မှလည်း တတ်နိုင်ကြတာ မဟုတ်ပါဘူး၊ မိုက်တော့ ကိုယ်က မိုက်ပေတာပဲ၊ ကိုယ်မိုက်လို့ ခင်လည်း သည်လိုအကောင်နဲ့ ဖြစ်သွားရတာ သနားပါရဲ့" ဟု ပြောလျှင် ခင်စိန်ကြည်သည် အလွန်အမျက်ထွက်၍ "ကျွန်မယောကျ်ားကိုလား ရှင်က အကောင်ဆိုတာ၊ ကျွန်မကိုရှင်ကများ သနားရသေးတယ်၊ ဘာမှတ်လို့လဲ ရှင်က ကိုထွန်းမြတ်ဟာ ကျွန်မ အင်မတန်ချစ်တဲ့ မြတ်နိုးတဲ့ ယောကျ်ား–ရှင့်၊ သိရဲ့လား၊ သူ့ကို ကျွန်မယူတာလည်း ကျွန်မကိုယ်၌ကိုက သဘောကျလို့ယူတာ၊ သူ့ယူမိတာ မှားတယ်ထင်လိမ့်မယ်လို့များ ရှင်က အောက်မေ့နေသလား– အကွာကြီး၊ တစ်နေ့တခြားတောင် ပိုပြီး မြတ်နိုးလာသေးတယ်၊ ရှင်က ရှင့်ကိုယ်ရှင် ဘာထင်လို့လဲ၊ ရှင့်ပုံရှင့်ပန်းနဲ့ ရှင့်သဘောထားနဲ့များ ကျွန်မယောကျ်ားနဲ့ ယှဉ်နိုင်မယ်ထင်လို့လား"

မောင်သက်ညွန့်လည်း နှုတ်ခမ်းကိုကိုက်လျက် "မထင်ပါဘူးဗျာ" ဟု ပြောလျှင်။

"ရှင့်ကို ကျွန်မက မောင်နှမလို ယုံကြည်အားထားပြီးနေမိလို့ ရှင်က သည်လိုစော်ကားတာပေါ့လေ၊ ကိုထွန်းမြတ်ရှိရင် ရှင် သည်လိုပြောဝံ့မလား၊ ဆုတ်ပါသွားပါမယ်" ဟု ပြော၍ ထွက်သွားလေလျှင် မောင်သက်ညွန့်သည် အတင်းကပ်၍လိုက်ပြီးလျှင် "ကျွန်တော်က အမှတ်တမဲ့ လွတ်ခနဲ ပြောမိတာများ ဖွဲ့မယူပါနဲ့ခင်ရယ်၊ ရှေးကလိုပဲ ကိုထွန်းမြတ်မရှိတဲ့အခါ မောင်လိုနှမလို စောင့်ရှောက်ပြီးနေပါရစေ"

"သည်လိုအောက်မေ့မိလို့ အခု သည်လိုအပြောခံရတယ် မဟုတ်ဘူးလား၊

ကိုထွန်းမြတ်က မသိရှာလို့ သူ့မယား စောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်စကား ပြောသွားတာ၊ သည်လိုမှန်းများသိရင်လေ ရှင့်ကလား”

“မှားပါတယ် ခင်ရယ်၊ မှားမိပါတယ်၊ ကျွန်တော်လည်း ယခု သည်အတွက် တောင်းပန်ပါတယ်၊ နောက်ကိုလည်း သည်လိုမမှားစေရပါဘူး၊ ကိုယ့်စိတ်ကိုလည်း ကိုယ်အပုံကြီး ချုပ်တီးပါတယ်၊ ချုပ်တီးလို့မရနိုင်ဘဲ အမှတ်တမဲ့ လွှတ်ခနဲ ထွက်သွားမိတဲ့အတွက်...”

ခင်စိန်ကြည်သည် ရပ်နေသော မြင်းရထားတစ်စီးပေါ်သို့ ရုတ်တရက် တက်သွား၍ တံခါးကိုပိတ်ပြီးလျှင် ရထားသမားအားမိမိနေရပ်ကိုပြော၍ မောင်းသွားလေ၏။ မောင်သက်ညွှန့်မှာ စကားလက်စမသတ်ရဘဲ လမ်းတွင်ရပ်လျက် အင်္ကျီအိတ်ကို လက်နှိုက်ပြီးလျှင် နှုတ်ခမ်းကိုကိုက်ကာရထားကိုငေး၍ကြည့်နေရစ်လေ၏။

နောက်တစ်နေ့ညနေ၌ မောင်ထွန်းမြတ်သည် မိတ္ထီလာဘူတာရုံမှ ဆင်း၍ ပျာယီးပျာယာနှင့်လာပြီးလျှင် အိမ်သို့ရောက်၍ ခင်စိန်ကြည်နှင့်တွေ့လျှင် “အောင်မယ်လေး လန့်လိုက်တာဗျာ၊ ဘယ့်နှယ်ကြောင့် သည်လို အလန့်တကြား လုပ်ရတာတုန်း၊ ခင်ရဲ့၊ ကြေးနန်းရတော့ ည ၁၁–နာရီလောက်ရှိပြီ၊ ညရထားကလည်း မရှိတော့ ညတွင်းချင်းလည်း မလာနိုင်၊ မိုးကလည်း လင်းခဲလိုက်တာလေ၊ တကယ်ဆိုတော့ ဘယ်လိုအကြောင်းကြောင့်ဆိုတာ ထည့်ပြောလိုက်ပါတော့၊ ယခုတော့ ဘာမှန်းမသိ ညာမှန်းမသိနဲ့၊ အစ်မကြီးကတော့ ပြောပါရဲ့၊ ဘာမှမဖြစ်ပါဘူးကွယ်၊ မင့်လာစေချင်လို့ ရိုက်လိုက်တာပါတဲ့၊ အကြောင်းထူးရင် ထည့်ရိုက်လိုက်မှာပေါ့တဲ့၊ ဘာဖြစ်လို့လဲ ခင်၊ ပြောစမ်းပါ” ဟု မေးလျှင်။

“အစ်မကြီးက သည်တစ်ခါ တော်တော်အတွေးကောင်းသားပဲ”ဟု ပြုံးလျက် ပြောလျှင်။

“ကြည့်စမ်း–ကြည့်စမ်း၊ ခင်ကတော့ ကျီစားလိုက်တာပေါ့လေ၊ သည်ကတော့ တစ်ညလုံး တစ်ရေးမှမအိပ်နိုင်ဘူး၊ တတ်လည်း တတ်နိုင်တယ်ဗျာ၊ ကဲ–ဘာမျှ မဖြစ်လျှင်ဖြင့် နက်ဖြန်ခါ အရေးကြီးတဲ့အမှုကြီးတစ်ခုက ချိန်းထားလို့ သည်ကနေ့ည မောင်ပြန်ရလိမ့်မယ်၊ ခင်လည်း ရက်စေ့လုပါပြီ၊ နောက် ၇ ရက်လောက် လိုပါတော့တယ်” ဟု ပြောလျှင် ခင်စိန်ကြည်လည်း လင်နားသို့ကပ်၍ “ခင်လည်း သည်ကနေ့ည ရက်စေ့ပြီ” မျက်နှာထားတစ်မျိုးနှင့် ပြောလေ၏။

မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်၏မျက်နှာကို ကြည့်လေလျှင် အရင်တစ်ခေါက်ကထက်ပင် ကျန်းမာ၍လာသည့်လက္ခဏာ ရှိသည်ကို မြင်ရသဖြင့် နောက်ထပ်၍ ရက်တစ်ပတ်ခန့်နေရလျှင် ရှင်းရှင်းပင် ပျောက်ချေတော့မည်ဟု



http://myanmarpyithar.net

အောက်မေ့သဖြင့် ရက်မစေ့မီ ပြန်၍ မလိုက်ရန် အတန်တန်ပြောပါသော်လည်း ခင်စိန်ကြည်သည် မျက်ရည်စက်လက်နှင့် တောင်းပန်လျက်ရှိလျှင် "သည်လောက်တောင် ခင်ပြန်လိုက်ချင် လိုက်တာပေါ့၊ မောင်ပြောတာက ခင့်အကျိုးပြောတာပါ၊ မောင်ကလည်း ခင့်ကို ယခုခေါ်သွားရမယ်ဆို ဝမ်းမသာဘဲ ရှိပါ့မလား၊ သို့သော် ဘာပြုလို့ဆိုတာ မောင့် ပြောစမ်းပါ၊ ပျင်းလို့ဆိုတာလည်း မဟုတ်သေးပါဘူး၊ သည့်ပြင်အကြောင်း ရှိပါလိမ့်ဦးမယ်" ဟု မေးလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်နှင့်အကြောင်းမပါမီက မောင်သက်ညွှန့်နှင့် ချစ်ကြိုက်ဖူးသည့်အတွက် မောင်သက်ညွှန့်ရှိသည့်မြို့၌ မနေလိုကြောင်းကို ဖွင့်၍ လင်ကို ပြောလိုက်မည် ကြံပါသော်လည်း ပြောရန်စကားကို ပါးစပ်မှမထွက်နိုင်သဖြင့် "ကလေးတွေလည်း လွမ်းလို့၊ ပျင်းလည်း ပျင်းလို့" ဟု ပြောလေ၏။

ကျွန်ုပ်တို့သည် ခင်စိန်ကြည်ကို သိကျွမ်းသည့်နေ့မှစ၍ ယနေ့တိုင် ခင်စိန်ကြည် ကြံပုံစည်ပုံ၊ ပြောပုံဆိုပုံ၊ လုပ်ပုံကိုင်ပုံတို့ကို ထောက်ချင့်၍ကြည့်ခဲ့ပါလျှင် ခင်စိန်ကြည်သည် ဖြောင့်မတ်တည်ကြည်သော သဘောရှိကြောင်း၊ အမှားကိုပြုရန် ကြောက်ရွံ့ကြောင်း၊ အမှန်ကိုသာ ပြုလိုသောဆန္ဒရှိကြောင်း၊ စိတ်သဘော ဖြူစင်ကြောင်း စသည်တို့ကို သိရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ဖွယ် ရှိလေသည်။

၎င်းနေ့ညနေ၌ မောင်သက်ညွှန့်သည် အိမ်သို့ဝင်လာ၍ ပြန်ကြမည်အကြောင်းကို ကြားသိရလျှင် လင်မယားနှစ်ယောက်အား အနည်းငယ်မျှ မျက်နှာမပျက်ဘဲ နှုတ်ဆက်၍ ဘူတာရုံသို့ လိုက်ပို့လေ၏၊ မောင်ထွန်းမြတ်လည်း မသိရှာသဖြင့် မောင်သက်ညွှန့်အား ကျေးဇူးတင်ကြောင်း ပြောပြီးလျှင် မန္တလေးသို့ အလည်သက်သက်လာရောက်၍ မိမိအိမ်၌ တည်းခိုရန် ပင့်ဖိတ်လေ၏။

မီးရထားထွက်သွား၍ မောင်သက်ညွှန့်သည် မီးတိုင်အောက်တွင်ရပ်လျက် မျှော်ကြည့်နေရစ်သည်ကို ခင်စိန်ကြည်မြင်လျှင် ဤလူ၏ လက်တွင်းမှ လွတ်ပေတော့မည်ဟု ဝမ်းမြောက်သောစိတ်နှင့် လင်၏ လက်မောင်းကိုကိုင်လိုက်လျှင်–

"ဘာပြုသလဲခင်၊ အေးလို့လား...စောင်ယူမလား"

"ဘာမျှမဖြစ်ပါဘူး၊ ပျော်လွန်းလို့ပါ၊ ခင့်ကို နောက်တစ်ယောက်တည်း ဘယ်တော့မှ ခွဲမထားခဲ့နဲ့နော်"

"ဘယ်တော့မှ မခွဲပါဘူးခင်ရယ်၊ ယခုထားရတာတောင် ခင့်စိတ်မချမ်းသာတာထက် မောင်က သာပြီး စိတ်မချမ်းသာရပါသေးတယ်"



http://myanmarpyithar.net

■

## အခန်း (၁၈)

ခင်စိန်ကြည်သည် မိမိအိမ်သို့ ပြန်ရောက်စအခါ၌ သားသမီးတို့နှင့် တွေ့ရသည် တစ်ကြောင်း၊ မိမိကျန်းကျန်းမာမာရှိသည့်ပြင် မောင်သက်ညွန့်၏ လက်မှလွတ်၍ စိတ်ချရပေပြီဟု အောက်မေ့သည်တစ်ကြောင်းကြောင့် စိတ်နှလုံး ချမ်းသာလျက် ရှိလေ၏။ သို့ရာတွင် ရက်အနည်းငယ်လွန်၍ နေသားကျလျက်ရှိလာလျှင် ရှေးအခါ ကျန်းမာစဉ်ကကဲ့သို့ ထကြွလှုပ်ရှားသွားလာလိုသောစိတ်လည်းမရှိ။ လူ့ပြည်၌ ချစ်ခင်လောက်သောသူအားလုံးတို့သည် ရုတ်တရက် သေပျောက်၍ သွားသဖြင့် ဂရုစိုက်လောက်သောသူဟူ၍ တစ်စုံတစ်ယောက်မျှ မရှိဘိသကဲ့သို့ ပျင်းရိအားငယ်လျက် အလိုမပြည့်သော စိတ်သဘောရှိလေ၏။ ဤသို့ရှိစဉ်အခါ မောင်သက်ညွန့်၏အကြောင်းကို မိမိစိတ်မှ ကြိုးစားအားထုတ်၍ နှင်ထုတ်ပါသော်လည်း မထွက်ဘဲရှိရကား မိမိ၏ကိုယ်ကိုမိမိ အပြစ်တင်၍ စိတ်ဆိုးလျက်ရှိလေ၏။ ညဥ့်အခါ၌မူကား စိတ်ကို အစိုးရသည့်အခါ မဟုတ်သောကြောင့် အိပ်မက်မက်တိုင်း မောင်သက်ညွန့်၏အကြောင်းချည်းသာလျှင် မက်မြင်မိလေ၏။ တစ်ခါတစ်ရံ အိပ်မက်ရာမှ လန့်၍နိုးလျှင် အိပ်မက်ကို စိတ်ဆိုး၍ နောက်ထပ်လာပြန်မည်ကို စိုးသောကြောင့် လင်ကိုနှိုးပြီးလျှင် တစ်ညဥ့်လုံး စကားပြော၍နေလေ၏။

တစ်နေ့သ၌ မောင်ထွန်းမြတ်သည် ရုံးမှပြန်လာ၍ ခင်စိန်ကြည်ထံလာပြီးလျှင် "ဟောသည်မှာ ခင်ရေ့ ဧည့်သည်တစ်ယောက် လာလိမ့်မယ်၊ အခန်းများ ပြင်ဆင်ပြီးရှိရဲ့မဟုတ်လား" ဟု ပြောလျှင် "ပြင်တာမကြာပါဘူး၊ ဘယ်သူလာမလို့လဲ"

"မောင်သက်ညွန့်"

"ဘယ်သူ" ဟု ထိတ်လန့်အံ့ဩသော မျက်နှာထားနှင့် ထပ်၍မေးလျှင်။

ယနေ့မန္တလေးစာအုပ်တိုက်

http://myanmarpyithar.net

"မောင်သက်ညွှန့်လေ၊ သည်ကနေ့ပဲ စာရတယ်၊ ကိစ္စကလေးတစ်ခုရှိလို့တဲ့၊ သူ့မိတ်ဆွေများလည်း တွေ့ရင်းတဲ့၊ သူ့ကျေးဇူးလည်း ရှိပါပေတယ်၊ မိတ္ထီလာ လာတုန်းက ခင့်ကို စောင့်ရှောက်ပေးတဲ့အတွက် အပုံကြီး ကျေးဇူးတင်ဖို့ကောင်းတယ် မဟုတ်လား ခင်ရဲ့"

ခင်စိန်ကြည်သည် မောင်သက်ညွှန့် လာမည့်အကြောင်းကို ကြားလျှင် ကြားချင်း ရုတ်တရက် ဝမ်းမြောက်သောစိတ် ဖြစ်၍သွားလေ၏။ သို့သော်လည်း သတိရသည်နှင့် စိတ်ကိုသိမ်းဆည်း၍ မောင်သက်ညွှန့်သည် မိမိတို့နှင့်အတူ လာရောက်နေထိုင်ရန် အလျဉ်း မတော်သင့်ချေဟု အောက်မေ့မိပြီး မိမိလင်အား ၎င်းလူကို လက်သင့်မခံရန် မည်သို့ပြောရပါမည်ဟု ကြံစည်ရှာလေ၏။ သို့သော်လည်း ပြောရန် အကြောင်းရှာ၍မတွေ့နိုင်ဘဲရှိရာ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏ မျက်နှာကို မြင်သဖြင့်–

"ကြာမယ်လည်း မဟုတ်ပါဘူးခင်ရယ်၊ ၄–၅ ရက်လောက်ပါပဲ ထင်ပါရဲ့"

"ဟုတ်ပါပြီ၊ ဘာကိစ္စရှိလို့တဲ့လဲ"

"သူ့ကိစ္စတော့ ဘယ်သိမလဲ၊ စာထဲမှာလည်းမပါဘူး၊ ခင်က မလာစေချင်ဘူးလား"

"ဟုတ်တယ်"

"ဘာပြုလို့လဲ"

"အို ဘာမျှ မဖြစ်ပါဘူး၊ သည်အိမ်မှာ မတည်းစေချင်လို့ပေါ့"

"အခုမှတော့ မတတ်နိုင်ဘူးခင်ရေ့၊ မိတ္ထီလာတုန်းကတော့ ကိုယ်က ဖိတ်ခဲ့မိပါပေတယ်၊ သည်လိုမှန်းသိရင် ဖိတ်မယ်မဟုတ်ပါဘူး"

"ဘယ်တော့ ရောက်မလဲ"

"နက်ဖြန်ရောက်လိမ့်မယ်"

နောက်တစ်နေ့နံနက်၌ ခင်စိန်ကြည်သည် အိမ်ပေါ်မှ အိမ်အောက်သို့ မဆင်းဘဲ အိပ်ခန်းထဲတွင် ထိုင်လျက်ရှိစဉ် ခင်မကြီးသည် အခန်းတွင်းသို့ ပြေးဝင်လာ၍... "မေမေ၊ အိမ်အောက်မှာ လူကြီးတစ်ယောက် လာတယ်၊ လူကြီးကလေ ကျွန်မကို ဖမ်းပြီးညှစ်တယ် မေမေရဲ့၊ သည်လူကြီး ကျွန်မမုန်းပါတယ်၊ သူက မေမေနဲ့ ဖေဖေ့ကို မေးနေတယ်"

"သွား၊ သမီး မင့်ဖေဖေ သွားပြောလိုက်၊ မေမေတော့ ခေါင်းကိုက်လို့ အောက်မဆင်းနိုင်ဘူးလို့ မင့်ဖေဖေ ပြောလိုက်"

မောင်ထွန်းမြတ်လည်း ခင်မကြီးက ပြော၍ အိမ်အောက်သို့



http://myanmarpyithar.net

ဆင်းသွားပြီးလျှင် မောင်သက်ညွန့်၏ ပစ္စည်းများကို အစေခံတို့အား ယူသွားစေ၍ မောင်သက်ညွန့်ကို နေရာထိုင်ခင်းပေးပြီးလျှင် ကောင်းမွန်စွာ ဧည့်ခံလျက်ရှိလေ၏။

မောင်သက်ညွန့်လည်း အကလေး ၃ ယောက်ကို မြင်၍ "တယ်ချောတဲ့ ကလေးကလေးတွေ၊ မျက်နှာကလေးတွေကလည်း တစ်ဆင်တည်းလိုပဲ"

"ဟုတ်တယ်၊ အားလုံးလိုပဲ သူတို့မေမေ တူကြတယ်၊ သူတို့ မေမေ ငယ်ငယ်ကလည်း သည်လိုပဲ"

"ရွှေဘိုမှာတုန်းက အိမ်နီးချင်းပါပဲ"

မောင်သက်ညွန့်လည်း ထိုင်ရာမှထ၍ ခင်မကြီးကို ဖမ်းပြီးလျှင် "ကဲ သည်တစ်ခါတော့မိပြီ၊ ခုတင်က ဘာပြုလို့ ထွက်ပြေးရသလဲ" ဟု မေးရာ "ကျွန်မထွက်ပြေးတာမဟုတ်ပါဘူး၊ မေမေနဲ့ ဖေဖေ့ကို သွားပြောတာပါ" ဟု ပြော၍ ရုန်းလေလျှင် မောင်သက်ညွန့်လည်း အကလေးကို မလွှတ်ဘဲရှိရာ ခင်မကြီးလည်း "ကျွန်မကို သည်လိုဖက်ထားတာ မကြိုက်ပါဘူး" ဟု ပြောရင်း ငိုလေ၏။

မောင်သက်ညွန့်လည်း ရယ်မောလျက်သာ၍ပင် မြဲအောင်ဖက်ထားလေလျှင် မောင်ထွန်းမြတ်လည်း ထိုင်ရာမှထ၍ အကလေးကို ယူပြီးလျှင် မိမိဒူးပေါ်တွင် တင်ထားရာ ခင်မကြီးသည် ဖခင်၏ လည်ပင်းကိုဖက်၍ "ဖေဖေ၊ သည်လူကြီး ကျွန်မကြောက်ပါတယ်၊ နောက်တစ်ခါ ကျွန်မကို မချီပါစေနဲ့ ဖေဖေရဲ့၊ သူ့မျက်နှာထား ကျွန်မ, မကြိုက်ပါဘူး" ဟု နားနားသို့ကပ်၍ တီးတိုးပြောလေ၏။ မောင်ထွန်းမြတ်လည်း ခင်မကြီးကို ဖက်ထားပြီးလျှင်...

"ကိုသက်ညွန့်က အကလေးများနဲ့ မနေဖူးဘူးမှတ်တယ်၊ သူတို့က အင်မတန် သိတတ်တယ်"

"တယ်ပွေတဲ့ဟာကလေးတွေပဲ၊ ကျွန်တော်ဖြင့် ရှုပ်တယ် အောက်မေ့တာပဲ၊ ကလေးတွေမေမေကော မမြင်ပါကလား"

"ခင်စိန်ကြည်က သည်ကနေ့မနက် ခေါင်းကိုက်လို့ အိမ်ပေါ်က မဆင်းပါရစေနဲ့တဲ့"

နောက်တစ်နေ့ညနေ၌ ဝန်ထောက်ကတော် ဒေါ်အေးမြနှင့်သမီး မိမိရီတို့သည် မောင်ထွန်းမြတ်အိမ်သို့ လမ်းလျှောက်လာကြ၍ ဝင်းပေါက်သို့ ဝင်မိလျှင် မောင်ထွန်းမြတ်လင်မယားနှင့် မဂျမ်းပုံတို့သည် ဝင်းအနီးထိုင်ခုံတစ်ခုပေါ်၌ ထိုင်လျက် နေကြသည်နှင့်တွေ့လျှင် ခင်စိန်ကြည်က–

"အလို...ဒေါ်ဒေါ်တို့လား၊ ဘယ်က မျက်စိလည်လာကြသလဲ၊ စားသောက်

ပြီးခဲ့ကြပြီလား၊ ကျွန်မတို့လည်း ခုပဲပြီးတယ်၊ လက်ဖက်ရည် သောက်ပြီးမှ ပြန်ရလိမ့်မယ်နော်" ဟု ပြောလျှင် ဝန်ထောက်ကတော်ကြီးက။

"ဒုက္ခမရှာပါနဲ့ တူမကြီးရယ်၊ ဒေါ်ဒေါ်တို့ပြီးခဲ့ပါပြီ..."ဟု ပြောရာ။

"ပြီးခဲ့ရင်ကော နောက်ထပ် မသောက်ရဘူးလားဒေါ်ဒေါ်ရဲ့၊ ဒေါ်ဒေါ်က အင်မတန် လက်ဖက်ရည် ကြိုက်ပါတယ်" စသည်ဖြင့် ပြောဆိုနေကြဆဲတွင် မောင်သက်ညွန့်သည် ခင်မောင်ကြီးကို လက်ဆွဲ၍ မနီးမဝေးတွင်ရပ်လျက် "ဘယ်ကဟာတွေပါလိမ့်မယ်၊ သားအမိနဲ့တူတယ်၊ မိန်းကလေးက တယ်နိပ်ပါကလား၊ သွားကြည့်ဦးမှတော်မယ်" ဟု အောက်မေ့၍ အနီးသို့ချဉ်းလေ၏။

ထိုအခါ မောင်ထွန်းမြတ်က "ရန်ကုန်က ကျွန်တော်တို့မိတ်ဆွေ ကိုသက်ညွန့်ပဲ" ဟု ဝန်ထောက်ကတော်ကြီးအား ပြောပြီးလျှင် မောင်သက်ညွန့် ဘက်သို့ တစ်ဖန်လှည့်ကာ "ကျွန်တော်တို့ဒေါ်ဒေါ် ရာဇဝတ် ဝန်ထောက်ကတော် သားအမိပါပဲ၊ ကျွန်တော်တို့ မိခင်မရှိတဲ့နောက် သည်ကဒေါ်ဒေါ်က မိခင်ကိုယ်စားပါပဲ" ဟု မောက်သက်ညွန့် အား ပြောလေ၏။ ၎င်းနောက် အရပ်ရပ်စကားများကို တစ်ယောက်တစ်ခွန်း ပြောဆိုကြပြီးနောက် မောင်သက်ညွန့်လည်း မိမိရီ၏ မျက်နှာထားကိုသဘောမကျသည်နှင့် ခင်မောင်ကြီးကို ခေါ်ပြီးလျှင် ပြေးတမ်းလိုက်တမ်း ကစားလျက် ရှိကြလေ၏။

ခင်စိန်ကြည် သမီးယောက်မနှစ်ယောက်တို့လည်း ဝန်ထောက်ကတော်ကြီးနှင့် စကားကောင်း၍ နေကြလျှင် မောင်ထွန်းမြတ်လည်း မိမိရီကို ပန်းပင်များပြရင်း "ဒေါ်ဒါက သည်ကနေ့ ဘာဖြစ်ပြန်ပြီလဲ၊ မျက်နှာနည်းနည်း ညှိုးတယ်ထင်ပါတယ်"

"သြော်... မေမေက အိပ်မက်မက်ပြန်ပြီတဲ့...၊ သည်အိပ်မက်မျိုး မမက်တာ အတော်ကြာသွားလို့ တစ်ခါဖြင့် အေးပေပြီလို့ အောက်မေ့မိတယ်၊ မနေ့ညက တစ်ခါမက်ရပြန်ပြီတဲ့၊ မက်ပြန်မှဖြင့် နေမကောင်းရပြန်ဘူး"

"မိမိရီက အိပ်မက်ကို ဂရုမစိုက်ပါနဲ့လို့ မပြောဘူးလား"

"သြော် ပြောပြီလားရှင်၊ ပြောပေမယ့် မေမေက အိပ်မက်မက်ပြီးတဲ့ အခါကျမှဖြင့် တိုင်ပြောရသလိုပဲ၊ ပြောလို့မရပါဘူး၊ ပြောပြန်မှဖြင့် မေမေ မတတ်နိုင်ဘူးသမီးရယ်တဲ့၊ အိပ်မက်ကို မေမေက မက်အောင်လုပ်တာ မဟုတ်ဘူးတဲ့၊ သည်အိပ်မက်မျိုးမက်ရအောင် မောင်ကြီးအကြောင်းတောင် မစဉ်းစားရပါဘူးတဲ့" ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း အကလေးများ ပစ်ထားသော ဘောလုံးကလေး တစ်လုံးကို လမ်းတွင်တွေ့၍ ကောက်ယူပြီးလျှင် မြှောက်၍ကစားလျက် "မောင်ဘချို



http://myanmarpyithar.net

ဆီကများ ဘာသတင်းမှ မကြားရဘူးလား…"

မကြားရပါဘူးရှင်၊ သည်အတွက် မေမေက အပုံကြီး စိတ်ပူနေတယ်၊ အောင်မယ် ကိုထွန်းမြတ်ရေ့…၊ မေမေ့အိမ်မက်က အင်မတန်ထူးဆန်းတယ်"

"ဘာထူးဆန်းသလဲ"

ထူးဆန်းတာကလား၊မောင်ကြီးလာတုန်းကလေ မောင်ကြီးက ဦးဘသာကို သူမသတ်ဘူး၊ ဘထွန်းဆိုတဲ့အကောင် သတ်တယ်လို့ ကျွန်မတို့ကို ပြောသွားတယ် မဟုတ်ဘူးလား၊ မေမေကလည်း အိပ်မက်ထဲ ဦးဘသာသတ်တဲ့လူနဲ့ တွေ့ရသတဲ့၊ အဲ့သည်လူက ကျွန်မတို့အိမ် လာလည်သတဲ့ လူကလည်း လူချော၊ ဝတ်လို့စားလို့ တဲ့၊ ကျွန်မတို့ကလည်း မေမေ့မပြောဘဲနဲ့ သည်လိုမက်တာမထူးဆန်းဘူးလားရှင်၊ တကယ်ဆိုတော့ လူသတ်တဲ့လူဟာ ညစ်ညစ်စုတ်စုတ် အရုပ်ဆိုးဆိုး သည်လိုသာ စိတ်ကထင်တတ်တယ်မဟုတ်ဘူးလားရှင်၊ အခုတော့ မောင်ကြီးပြောတဲ့အတိုင်း ကိုက်လို့"

"ဒါဖြင့် သည်လူကို မြင်ရရင် သိမှာပေါ့လေ"

"သည်လိုတော့ မမှတ်မိဘူးတဲ့၊ ပြီးတော့လည်းပဲ မေမေက လှအောင် သတ်တယ်ထင်တယ်လို့ မောင်ကြီးကိုပြောတော့ မောင်ကြီးက ဘယ်နည်းနဲ့မှ လှအောင် မသတ်နိုင်ကြောင်း ပြောတယ်မဟုတ်ဘူးလား၊ မေမေ့အိမ်မက်ထဲမှာတော့ သတ်တဲ့လူနဲ့ လှအောင်နဲ့ သိသတဲ့၊ အဲဒီလူကတောင် လှအောင်ကိုခေါ်ပြီး တိုးတိုးကလေး တိုင်ပင်ကြသတဲ့၊ အိပ်မက်မက်တိုင်းမက်တိုင်း လှအောင်ကဖြင့် ပါတာချည့်ပဲ၊ သည်ဟာလည်း တစ်ချက် ထူးဆန်းတယ်မဟုတ်ဘူးလား၊ ကျွန်မလည်း အိပ်မက်ကို အယုံအကြည်မရှိတတ်ပါဘူး၊ သို့သော် မေမေ့အိမ်မက်ကတော့ တယ်ခက်တယ်" "သည် ဘထွန်းဆိုတဲ့ကောင်…" ဟုပြောဆဲတွင် သစ်ပင် တစ်ပင်အောက်ရှိ ထိုင်ခုံတစ်ခု ပေါ်တွင် ထိုင်လျှက် ကလေးကျာပွတ်တစ်ခုကို ကြိုးချည်၍နေသော မောင်သက်ညွန့်နှင့် ဘွားကနဲတွေ့လေလျှင် မိမိရီသည် ထိတ်လန့်တုန်လှုပ်ပြီး မောင်ထွန်းမြတ်၏လက်မောင်းကို ဆွဲပြီးလျှင် ပြန်လာကြရာ စိတ်မချနိုင်သဖြင့်…။

"ကြားများသွားသလားရှင်"ဟုမေးရာ။

"သည်လောက် မစိုးရိမ်ပါနဲ့ မိမိရီရဲ့၊ ကြားရင်ကော ဘာဖြစ်သလဲ၊ ဘထွန်းအကြောင်း ပြောတာကပဲ၊ မောင်ဘချို ဘယ်မှာ နေတယ်ဆိုတဲ့အကြောင်း ပြောတာမှမဟုတ်ဘဲ၊ မောင်သက်ညွန့်က ဧည့်သည်ကပဲ၊ သည်အကြောင်းတွေ သူဘာမှမသိပါဘူး၊ စိတ်မပူပါနဲ့" ဟု ကြင်နာသနားသော မျက်နှာထားဖြင့်



http://myanmarpyithar.net

မိမိရီကိုကြည့်လျှက် ပြောရာ။

ခင်စိန်ကြည်၊ ဝန်ထောက်ကတော်ကြီးနှင့် မဂျမ်းပုံတို့လည်း မနီးမဝေးတွင် ရှိကြသည်ဖြစ်၍ ခင်စိန်ကြည်သည် ပြောသည့်စကားကို မကြားရသော်လည်း မောင်ထွန်းမြတ်၏ မျက်နှာထားကို မြင်လိုက်ရလျှင် များစွာစိတ်မချမ်းသာဖြစ်၍ ၎င်းတို့နှစ်ဦးသည် ဧကန်မုချအချိန်းအချက်ရှိကြပြီးဖြစ်၍ ကွယ်ရာသို့သွားပြီးလျှင် စကားပြောကြသည်ဟု မှတ်ထင်မိလေ၏။

မိမိရီလည်း ပူအိုက်သောရာသီဖြစ်၍ ခြုံလျှက်ထားသော ပဝါကို နောက်သို့ လျှောချ၍ ပဝါစတစ်ဖက်ကို လက်ဖြင့်ကိုင်ပြီးလျှင် မျက်နှာကို ယပ်လျက်လာရာ အရွယ်ကောင်းစဉ်အခါကထက်ပင် အဆများစွာပိုမိုလှပ၍ စိတ်သဘောသည်လည်း ဒုက္ခတွေ့ ကြုံရသည့်အတွက် နူးညံ့ပျော့ပျောင်းနေသည့်ပြင် သနားချစ်ခင်ဖွယ် ကောင်းသော မျက်နှာထားလည်း ရှိပေ၏။

အနီးသို့ ရောက်လာကြလျှင် ဝန်ထောက်ကြီးကတော်က "မေမေဖြင့် ခြေကျင်မပြန်နိုင်ဘူးသမီးရေ့၊ ဘယ့်နှယ်လုပ်မလဲ၊ လာတုန်းကတော့ အပြန်လည်း ခြေကျင်ပြန်နိုင်မယ် အောက်မေ့လို့ ရထားလည်း မမှာခဲ့မိဘူး"ဟု ပြောလျှင်။

မောင်ထွန်းမြတ်က "လက်ဖက်ရည်သောက်ပြီးမှပြန်ရမယ်နော်ဒေါ်ဒေါ်၊ ရထားတော့ ကိစ္စမရှိပါဘူး မောင်မျှားကို ကျွန်တော် လွှတ်လိုက်ပါမယ်" ဟု ပြောလျှင်။

"ဒေါ်ဒေါ်တို့က သက်သက်လာပြီး ဒုက္ခပေးနေတာပဲ၊ မကောင်းနိုင်ပါဘူး" ဟုဝန်ထောက်ကတော်ကြီးကပြောရာ။

မောင်ထွန်းမြတ်က "ဟုတ်တယ်၊ အင်မတန် အင်မတန် ဒုက္ခကြီးပေါ့... မောင်မြားလည်း မြင်းရထားခေါ်ရတာ ဝေးလွန်းလို့ ခြေထောက်တောင် တိုတော့မယ်၊ ဒေါ်ဒေါ်ဖြင့် သည်လိုချည်းပဲ၊ ဘယ်နေရာဖြစ်ဖြစ် သူများ အင်မတန် ညှာတာကိုး"

"ဒေါ်ဒေါ့်တူကတော့ သည်လိုပါ၊ သူများ စိတ်အေးအောင် အင်မတန် ပြောတတ်၊ ဆိုတတ်၊ လုပ်တတ်၊ ကိုင်တတ်တယ်၊ ရှားပါးပေတယ်တူကြီးရယ်၊ သည်လိုလူမျိုးတော့..."

"တယ်ပြီး ဒေါ်ဒေါ်က... ကျွန်တော် စိတ်ကြီးဝင်အောင် ပြောနေပြန်ပြီ" ဟု ရယ်မောပြောဆိုလျက် နေကြလေ၏။

နေဝင်၍ အနည်းငယ် မှောင်လေလျှင် လက်ဖက်ရည်သောက်ချိန်ကျပြီဖြစ်၍ အိမ်တွင်းသို့ ဝင်သွားကြလျှင် မောင်သက်ညွန့်လည်း ပူအိုက်သည့် ရာသီဖြစ်သဖြင့်

ပိုးရုပ်အင်္ကျီကလေးကို လက်ပင့်၍ အဖျားညှိပြီး ခြေသလုံးသို့ ဝဲလျက်ရှိသော ဆံပင်ကို ဖားလျားချလျက် ယပ်တောင်ကလေးကို ကိုင်ပြီးလျှင် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ထလာရာ မိမိရီလည်း ငေး၍ကြည့်နေလေ၏။

စားပွဲတွင် ဝိုင်း၍ထိုင်လျက် လက်ဖက်ရည်သောက်နေကြရာ အခြားသူတို့သည် ရယ်မောစရာတို့ကို ပြောဆိုနေကြလျှင် မိမိရီမှာ စကားတစ်ခွန်းမျှလည်း မပြော၊ မောင်သက်ညွန့်က ရယ်ဖွယ်ကောင်းသော ပုံတိုပတ်စကလေးများကို ပြောသောအခါ၌လည်း ရယ်မောခြင်းမရှိဘဲ မောင်သက်ညွန့်ကိုသာ စိုက်၍ကြည့်နေလေ၏။

လက်ဖက်ရည် သောက်ပြီးကြလျှင် မိမိရီသည် အခြားသူ မမြင်အောင် မောင်ထွန်းမြတ်ကို လက်တို့၍ "အပြင် ခဏလောက် လိုက်ခဲ့စမ်းပါရှင်" ဟု ပြော၍ အိမ်ပြင်သို့ ထွက်သွားလျှင် မောင်ထွန်းမြတ်လည်း ထွက်လိုက်သွားလေ၏။

ခင်စိန်ကြည်မှာ အခြားသူတို့နှင့် စကားပြော၍နေသော်လည်း မိမိရီကို ဂရုစိုက်၍ စောင်းမြောင်းကြည့်နေသည်ဖြစ်သောကြောင့် မိမိရီက လက်တို့၍ ခေါ်သည်ကို မြင်လိုက်ရသဖြင့် ပြတင်းပေါက်တစ်ခုသို့သွားပြီးလျှင် ချောင်းမြောင်းကြည့်ရှုလျက် နေလေ၏။ ခင်စိန်ကြည်သည် မောင်ထွန်းမြတ်နှင့် အကြောင်းပါသည့်နေ့မှစ၍ ဤမျှလောက် စိတ်နှလုံးမချမ်းမသာ မဖြစ်ရရှာဖူးကုန်။

မိမိရီလည်း အိမ်ပြင်သို့ရောက်လျှင် ဝင်းထောင့်အနီးသို့သွား၍ အိမ်ဘက်သို့ လှည့်ကြည့်ရာ လလည်းသာသည်နှင့် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်နှင့် မိမိရီတို့ စကားပြောနေကြသည်ကို မြင်ရလေ၏။

**ရီ** "ကျွန်မတို့က သည်အိမ်လာပြီး ကိုထွန်းမြတ်တို့ကို အင်မတန် ဒုက္ခပေးနေတာပဲ၊ ကျွန်မလည်း မပြောသေးဘူးလို့နေတာ မနေနိုင်ဘူးရှင်"

**မြတ်** "ဘယ်က ဒုက္ခပေးရမလဲ၊ ဘာပြောချင်လို့လဲ"

**ရီ** "ကိုသက်ညွန့်ဆိုတဲ့လူက ဆံပင်မကောင်းဘူးလား" ဟု မေးလျှင် မောင်ထွန်းမြတ်သည် မိမိအား ဤအကြောင်းကိုပြောရန် အိမ်ပြင်သို့ ခေါ်လာသည်ဟု လွန်စွာအံ့သြလျက် မိမိရီကို ရှုးပြီထင်၍ "ဆံပင်ကောင်းရင် ဘာဖြစ်သလဲ" ဟု ခပ်ငေါက်ငေါက်နှင့် မေးလိုက်ရာ။

**ရီ** "အသားလည်း ဖြူတယ်"

**မြတ်** "ဖြူရင်ကော ဘာဖြစ်သလဲ"

**ရီ** "ရုပ်လည်းချောတယ်"

**မြတ်** "မိမိရီ၊ သည်ကနေ့ည ဘာဖြစ်သလဲ"

**ရီ** "ရန်ကုန်သားဆို"

**မြတ်** "ဘာဖြစ်သလဲ–ဒါ"

**ရီ** "လက်မှာလည်း စိန်လက်စွပ်ကြီး ဝတ်ထားတယ်မဟုတ်လား" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် မိမိရီပြောသည်ကို ရိပ်မိ၍ အတန်ငယ် စဉ်းစား ပြီးလျှင်...။

"အင်း–မိမိရီ အခုပြောမှ သတိရတယ်၊ မောင်ဘချိုပြောတဲ့ လူပုံနဲ့တော့ ကိုက်တာပဲ။

"သို့သော် မဟုတ်နိုင်ပါဘူး မိမိရီရယ်၊ ဟုတ်ပုံမရပါဘူး"

"ဒါတော့ ကျွန်မလည်း မပြောတတ်ဘူးလေ၊ တူလို့ပြောရတာပဲ၊ ညနေက တစ်ခါမြင်တော့ သတိမရပါဘူး၊ ခုတင်ကမှ ဆံပင် ဖားလျားချနေတာမြင်တော့ ဖြုန်းခနဲသွားပြီးသတိရတာနဲ့ ကျွန်မဖြင့် လက်ဖက်ရည်တောင် ဖြောင့်အောင် မသောက်နိုင်ဘူး၊ ဟုတ်တယ်မဟုတ်ဘူး အသေအချာ သိရအောင် ဘယ့်နှယ် လုပ်မလဲ"

"အင်း–ဟုတ်တယ်၊ ဒါဖြင့် မောင်ဘချိုကို ၄–၅–၁၀ ရက် အတွင်း သည်ရောက်အောင်ခေါ်မှ နေရာကျမယ်၊ သူ ဘယ်မှာနေတယ်တဲ့လဲ"

"ကျွန်မလည်း မသိဘူး၊ သူ့ဆီက စာမရတာကြာလှပြီ"

"အဲဒါကခက်တယ်၊ ဒါဖြင့် မောင်သက်ညွန့်ကို နည်းနည်း တီးခေါက်ကြည့်ရမှာပဲ၊ အသေအချာတော့ မောင်ဘချိုရှိမှပဲ သိနိုင်မယ်"

"သူ သည်မှာ ဘယ်နှရက် ကြာမယ်တဲ့လဲ"

"၁၀ ရက်လောက် ကြာလိမ့်မည် ပြောတယ်"

"သည်အတွင်းများ မောင်ကြီးလာရင်တော့ အင်မတန် နေရာကျမှာပဲနော်" ဟု ပြော၍ အိမ်ဘက်သို့ လျှောက်လာကြရာ မောင်ထွန်းမြတ်က "ဟုတ်တယ်၊ သူသည်မှာရှိတဲ့အခိုက် ထောက်လှမ်းစုံစမ်း..." ဟု ပြောဆဲတွင် မောင်သက်ညွန့် လည်း ယပ်တောင်ကလေးနှင့် လေညင်းခံရင်း လမ်းလျှောက်နေသည်နှင့် ရုတ်တရက် တွေ့ဆုံကြလျှင် မောင်သက်ညွန့်က အကျွမ်းတဝင် နှုတ်ဆက်၍ အတူလိုက်မည်ကဲ့သို့ ပြုလေလျှင် မောင်ထွန်းမြတ်က လက်ပြ၍ "ကျွန်တော် အခုပဲ လာခဲ့ပါမယ်၊ သွားနှင့်ပါ" ဟု ပြောသောကြောင့် မောင်သက်ညွန့်လည်း အိမ်တွင်းသို့ ဝင်နှင့် လေ၏။

အိမ်တွင်းသို့ရောက်လျှင် ပြတင်းပေါက်အနီးတွင်ရပ်၍ ချောင်းမြောင်း ကြည့်နေသော ခင်စိန်ကြည်နှင့်တွေ့ရာ မောင်သက်ညွန့်က...



http://myanmarpyithar.net

"မိမိရီဆိုတာ ဘယ်သူလဲ၊ သူတို့နှစ်ယောက် အင်မတန် နေရာကျနေတယ် မှတ်တယ်၊ သည်ကနေ့ညနေချည်းပဲ နှစ်ခါရှိပြီ၊ တွေ့တာ" ဟု ပြောလျှင်–

'ဘာပြောတယ်၊ ရှင်က" ဟု ခင်စိန်ကြည်က ခပ်မာမာ မေးလိုက်လျှင်–

"စိတ်မရှိပါနဲ့ဗျာ၊ တွေ့တဲ့အကြောင်း ပြောတာပါ"

■

# အခန်း (၁၉)

မောင်သက်ညွန့်သည် မောင်ထွန်းမြတ်အိမ်တွင် ဧည့်သည်အဖြစ်နှင့် ၇-ရက်ခန့် နေထိုင်လျက်ရှိရာ ခင်စိန်ကြည်သည် မိမိ၏လင်အတွက် တစ်နေ့ထက်တစ်နေ့ စိတ်မချမ်းသာဘဲရှိလေ၏။ မောင်သက်ညွန့်လည်း အခြားသို့သွားရန်ကိစ္စမရှိ၍ အိမ်တွင်နေသည့်အခါ၌ မောင်ထွန်းမြတ်ကို မိမိရီနှင့် ထင်ယောင်ထင်မှား ဖြစ်စေရန် ကြိုးစားအားထုတ်၍ ပြောဆိုလေ၏။

ခင်စိန်ကြည်မှာ မောင်သက်ညွန့်ပြောသည်ကို ယုံကြည်ခြင်း မရှိသော်လည်း မိမိမျက်စိနှင့်မြင်ရသည့် အကြိမ်ပေါင်းလည်း များလှသည်နှင့် အထင်လွဲလျက် ရှိရသည်အတွင်း မောင်သက်ညွန့်က ထပ်၍ ပြောပြန်လျှင် သတိပေးဘိသကဲ့သို့ ရှိလေ၏။

ငင်းနေ့၌လည်း ခင်စိန်ကြည်သည် ရိုးတိုက်မှ ဝယ်ရန်တစ်ခုရှိ၍ မြင်းရထားနှင့် မိမိရီတို့၏ အိမ်ရှေ့မှဖြတ်၍ သွားလေလျှင် မိမိရီနှင့် မောင်ထွန်းမြတ် တို့သည် ဝင်းပေါက်အနီး ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်၍ စကားပြောလျက်ရှိနေကြရာ အရေးကြီးသည့်စကား ဖြစ်သောကြောင့် မြင်းရထားကို လှည့်၍မကြည့်နိုင်ဘဲ ရှိရကား-ခင်စိန်ကြည်က "တယ်စကားကောင်းနေကြပါကလား" ဟု အောက်မေ့ မိလေ၏။ ဝယ်ရန်ရှိသမျှကို ဝယ်ပြီး၍ ပြန်လာသောအခါ၌လည်း မောင်ထွန်းမြတ် တို့သည် ငင်းနေရာ၌ပင်ထိုင်လျက် ရှိကြသေးသည်ကို ခင်စိန်ကြည် မြင်ပြန်လျှင် မိမိလင်အပေါ်၌ များစွာစိတ်ဆိုး၍ အံကြိတ်လျက် အိမ်သို့ ပြန်လာခဲ့ရလေ၏။

နောက်တစ်နေ့နံနက်၌ ဝန်ထောက်ကြီးတို့သားအမိ သားအဖ ၃ ယောက်တို့ သည် ထမင်းပွဲတွင်ထိုင်လျက်ရှိကြစဉ် စာပို့ကုလားသည် ဝင်းတွင်းသို့ ဝင်လာသော အခါ မိမိရီသည် ထမင်းပွဲမှထ၍ အိမ်ပြင်သို့ ထွက်သွားရာ "စာတစ်စောင်တည်း ပါတယ်မမ" ဟု ပြော၍ စာတစ်စောင်ကို ပေးသွားလေ၏။

မိမိရီလည်း စာကိုယူ၍ ထမင်းပွဲသို့ ထိုင်မိလျှင်... ဝန်ထောက်ကြီးက "ဘယ်ကစာလဲ" ဟု မေးရာ။

"မမဆီက စာပါဖေဖေရဲ့"

"ဒါဖြင့် ဖတ်လေ၊ ဘာအကြောင်းလဲ"

"ဟုတ်ကဲ့၊ ဖတ်ပါမယ် ဖေဖေရဲ့"ဟု ပြော၍ စာကိုဖွင့်လေလျှင် စက္ကူခေါက်ကလေးတစ်ခုသည် စာအိတ်တွင်းမှ ကျသွားလေ၏။ ဝန်ထောက်ကြီးမှာ ဟင်းခွက်ကိုငုံ့၍ နှိုက်နေခိုက်ဖြစ်၍ ကျသွားသည်ကို မမြင်လိုက်ဘဲရှိရာ ဝန်ထောက်ကတော်ကြီးက "ဟဲ့ သမီး ဘာလဲ ကျသွားပါကလား" ဟု ပြောလျှင် မိမိရီသည် ကျသွားသော စက္ကူခေါက်ကလေးကို လက်ဖြင့် ကောက်ယူ၍ ဝှက်ထားလေ၏။

ဝန်ထောက်ကတော်ကြီးလည်း မကြားသေးဟု အောက်မေ့၍ "ဟဲ့–ဘာလဲမသိဘူး ကျသွားတယ်၊ ကြည့်ပါဦး" ဟု ထပ်၍ ပြောလျှင် မိမိရီသည် အပြောရခက်သဖြင့် မိခင်အားကြည့်၍နေစဉ် ဝန်ထောက်ကြီးက "ဟဲ့–ကောင်မကလေး၊ နင်မေမေပြောတာ မကြားဘူးလား"၊ "ဘာမှမကျပါဘူး ဖေဖေရဲ့" ဟု ပြော၍ ထိုင်ရာမှထ၍ အဝတ်ကိုခါပြပြီးလျှင် မိခင်ကို စိုက်၍ကြည့်ရာ ဝန်ထောက်ကတော်ကြီးလည်း ရိပ်မိသဖြင့် ထပ်၍မပြောဘဲ ဆိတ်ဆိတ်နေလေ၏။

မိမိရီလည်း အမ မိမိကြည်ထံမှ စာကိုဖတ်ပြီးလျှင် စားပွဲပေါ်တွင် ချထားရာ ဝန်ထောက်ကြီးလည်း စာကိုကောက်ယူ၍ ဖတ်ကြည့်ပြီးလျှင် "ဘာမှ အထူးမပါပါပဲကလား၊ သူ့ကလေးအင်္ကျီ တိုနေတာများ စာထဲထည့်ရေးလို့ ဘယ်သူက သိချင်ဦးမှာလဲ၊ မိမိရီ ဆေးတံယူခဲ့စမ်း" ဟု ပြော၍ ထလေ၏။ ဝန်ထောက်ကတော်က–

"ခုတင်က ကျသွားတာဘာလဲ သမီးရဲ့၊ မေမေ မြင်လိုက်ပါတယ်"

"ဟုတ်ပါတယ်မေမေရဲ့၊ ကျပါတယ်၊ ဖေဖေက ဘာဖြစ်ဖြစ် အင်မတန် သိချင်တတ်လွန်းလို့ မမက သူများ မသိစေချင်တဲ့အကြောင်း ရေးချင်ရင် စက္ကူအငယ်ကလေးနဲ့ တခြားရေးပြီး ထည့်တတ်တယ်၊ သည်တစ်ခါ ဘာများပါမလဲ မသိဘူး"

"သမီးက ဘယ့်နှယ်ပြောသလဲ၊ သမီးစာကို ဖေဖေ မကြည့်ကောင်းဘူး အောက်မေ့သလား"

"မဟုတ်ပါဘူးမေမေရယ်၊ ဖေဖေက သိတတ်တဲ့ဖေဖေဖြင့် ညီအစ်မချင်း ရေးတဲ့စာဆိုတာ တစ်ခါတလေ တောက်တီးတောက်တဲ့ တွေ့ပါလို့ ဖေဖေကြည့်လို့ မတော်ပေဘူးဆိုတာ သိတတ်ဖို့ ကောင်းပါတယ်" ဟု ပြော၍ စက္ကူခေါက်ကလေးကို ဖြေဖတ်ရာ ပြီးလျှင် ပြီးချင်း စက္ကူကို လက်ဖြင့် ခြေလိုက်ပြီးမှ "မောင်ကြီးအကြောင်း မေမေရေ့၊ ကံကောင်းလို့ ဖေဖေမမြင်ပေတာ တစ်ကျေးဇူး၊ မြင်များမြင်မှဖြင့်"

"ပြောစမ်းပါဦးသမီးရဲ့၊ မေမေကြားချင်လှပါပြီ၊ ငါ့သားအကြောင်း ဘာများ



http://myanmarpyithar.net

ပါသလဲ၊ ပြောစမ်းပါဦး”

“ယခု ရွှေလသာရင် မောင်ကြီး သည်ကိုလာလိမ့်မယ်လို့ စာရသတဲ့၊ ကျွန်မက စိတ်ပန်းပင်အောက်ကို ညတိုင်း လှမ်းကြည့်ရမတဲ့” ဟု ပြောလျှင်။

“ကောင်းပါလေရဲ့တော်၊ မောင်မင်းကြီးသား ငါ့သားကလေး မမြင်ရတာ ကြာလှပြီ၊ သည်တစ်ခါလာရင်ဖြင့် ဝအောင် ကြည့်လိုက်ရဦးမယ်၊ သည်ကနေ့ လဆန်း ၆ ရက်ရှိပြီ၊ ရွှေလသာရင် လာမယ်ဆိုတော့ ၄–၅ ရက် အတောအတွင်း ကျတာပေါ့၊ ကောင်းပါလေရဲ့တော်၊ စာရွက်ကလေး ဆုတ်ပစ်လိုက်ပါသမီးရယ်၊ မထားပါနဲ့”

“ကိုထွန်းမြတ် ပြရဦးမယ်မေမေရဲ့၊ ပြပြီးတော့ ဆုတ်ပစ်ပါမယ်”

“ဒါဖြင့် မောင်ထွန်းမြတ်ကို သည်ကနေ့ ပြဖြစ်အောင်ပြပါ သမီးရယ်၊ ပြပြီးတော့ ဆုတ်ပစ်ဖို့ မမေ့ပါနဲ့”

မိမိရီလည်း မောင်ထွန်းမြတ်ကိုတွေ့ရန် အလုပ်ရုံးသို့သွားရာ စာရေးကြီး ဦးသာဒွန်းက “အခုပဲ ရုံးသွားတယ်မမလေးရယ်၊ သည်ကနေ့ အမှုများလို့ အပြန် သည်ကို ဝင်မှဝင်မယ်” ဟု ပြောလိုက်လျှင် မိမိရီသည် အိမ်သို့ပြန်လာခဲ့ရလေ၏။ ၎င်းနေ့ညနေ၌ မိမိရီသည် ဝင်းပေါက်မှရပ်၍ မောင်ထွန်းမြတ်အပြန်ကို စောင့်ဆိုင်းလျက်နေရာ မောင်ထွန်းမြတ်ကို မမြင်ဘဲရှိလေလျှင် မိခင်အား “မေမေ၊ ကိုထွန်းမြတ် သည်လမ်းက မပြန်ဘူး၊ ကျွန်မ အိမ်သွားလိုက်ရမလား”

“သွားလိုက်ပါသမီးရယ်၊ သူနဲ့တွေ့မှနေရာကျမယ်၊ သူ့ကို အကျိုးအကြောင်း ကုန်အောင်ပြောပြီး ဘယ့်နှယ်လုပ်မလဲလို့မေးခဲ့ပါ သမီးရယ်”

ထမင်းစား၍ပြီးကျလျှင် ဝန်ထောက်ကြီးသည် ပက်လက် ကုလားထိုင် ပေါ်တွင် ထိုင်လျက် ဆေးတံသောက်နေရာ မိမိရီက “ဖေဖေ သည်ကနေ့ည အခွန်ဝန်မင်းအိမ်သွားမယ်လို့ဆို”

“နင့်အလုပ်လား”

“ကျွန်မက ဖေဖေမေ့နေသလားလို့ပါ”

“ငါသွားစရာရှိတာ ငါ မေ့ပါ့မလား၊ သည်ကောင်မလေးကို၊ သူ့အသံသူ တယ်ကြားချင်တယ်မှတ်တယ်”

ဝန်ထောက်မင်းလည်း ၆ နာရီထိုး၍ အိမ်ပေါ်မှ ဆင်းသွားလေလျှင် မိမိရီသည် မောင်ထွန်းမြတ်၏အိမ်သို့ သွားလေ၏။ ဝင်းပေါက်တွင် မစောနှင့်တွေ့၍ “ကိုထွန်းမြတ်လာပြီလားဟေ့” ဟု မေးရာ “မလာသေးဘူးရှင့်၊ မဝင်ဘူးလား အစ်မကြီးရဲ့၊ မမလေးတော့ ရှိတယ်” ဟု ပြောလျှင် မိမိရီသည် သူတစ်ပါးနှင့်

စကားမပြောလိုသည်ဖြစ်၍ ပြန်မည်ဟု လှည့်သွားရာ မောင်ထွန်းမြတ်လာသည်နှင့် တွေ့လေ၏။ ခင်စိန်ကြည်လည်း ပြတင်းပေါက်အနီးတွင် ထိုင်လျက်ရှိသဖြင့် မိမိရီသည် ဝင်းပေါက်မှ လှည့်ပြန်သွား၍ မောင်ထွန်းမြတ်နှင့် တွေ့ပြီးလျှင် စာရွက်ကလေးတစ်ရွက်ကို ဖြန့်၍ပြနေသည်ကို မြင်ရလေ၏။

မစောလည်း အိမ်တွင်းသို့ ဝင်လာလျှင် "ဟဲ့–ဟိုဟာ မိမိရီ မဟုတ်လား" ဟု မေးရာ "ဟုတ်တယ်၊ မမလေးဘုရား၊ လာပြီးမှ ကိုကိုမရှိဘူးပြောလိုက်လို့ လှည့်ပြန်သွားပြီး၊ ဟိုအနားမှာပဲ ကိုကိုနဲ့ တွေ့နေကြတယ်" ဟု ပြောလျှင် မောင်သက်ညွန့်သည် အနီးတွင်ရှိသဖြင့် ခင်စိန်ကြည်အား ကရုဏာအားကြီးသော မျက်နှာထားနှင့် ဟန်လုပ်ကာ ပြတင်းပေါက်ဘက်သို့လှည့်၍ မောင်ထွန်းမြတ်တို့ကို ကြည့်နေပြန်၏။

မိမိရီက "အခန့်သင့်လိုက်တာရှင်၊ သည်ကနေ့ ကျွန်မ အလုပ်ရုံးတောင် ရောက်သေးတယ်၊ အခုလည်း မရောက်သေးဘူး ဆိုတာနဲ့ ပြန်တော့မယ်လုပ်တုန်း အခန့်သင့်လိုက်တာ၊ သတင်းကောင်း ကြားရတယ်ရှင့်"

"ဘာသတင်းလဲ" ဟု မောင်ထွန်းမြတ်က မေးလျှင်။

မိမိရီသည် မိမိကြည်ထံမှရသော စာရွက်ကလေးကို ထုတ်၍ပြန်လေ၏။ မောင်ထွန်းမြတ် မိမိရီတို့လည်း ခေါင်းချင်းဆိုင်လျက် စာကို ဖတ်နေကြလျှင် ခင်စိန်ကြည်၊ မောင်သက်ညွန့်နှင့် မဂျမ်းပုံတို့သည် ပြတင်းပေါက်တစ်ခုစီမှ ကြည့်လျက် နေကြကုန်၏။

မိမိရီက "မောင်ကြီး ကံကောင်းလာပြီထင်တယ်ရှင့်၊ တစ်နေ့ကပဲ သူ သည်မှာရှိလျှင် နေရာကျမယ့်အကြောင်း ပြောနေကြတုန်း သည်ကနေ့ သည်စာ ရတယ်၊ မောင်သက်ညွန့်ကို မြင်စေရအောင်တော့ ကိုထွန်းမြတ်က ကြံမှပဲ"

"သူ ဘယ်တော့ ပြန်မယ်တဲ့လဲ"

"သန်ဘက်ခါ ပြန်မယ်ပြောတယ်"

"ပြီးပါပြီရှင်၊ ဒါဖြင့် သည်အတွင်း မောင်ကြီးမလာလျှင် ဘယ့်နှယ်လုပ်ရ ပါမယ်"

"သည်ကနေ့ နက်ဖြန်လာ–မလာလျှင် မောင်သက်ညွန့်ကို တားလို့ရလျှင် တားရမှာပဲ၊ မိမိရီပြောတဲ့အတိုင်း မောင်ဘချို ကံကောင်းလျှင်ဖြင့် သူတို့နှစ်ယောက် ဆုံမိကြမှာပဲ၊ သည်စာရတဲ့အကြောင်း ဒေါ်ဒေါ်သိပြီလား"

"မောင်ကြီးအကြောင်း ပါမှန်းမသိတာနဲ့ စာကို မေမေ့ရှေ့မှာ ဖွင့်မိလို့ သိသွားပြီရှင့်၊ မေမေလည်း မစားနိုင်မသောက်နိုင်ဖြစ်ပြီး မောင်ကြီးချည့် တ,မျှော်နေ



http://myanmarpyithar.net

ရတာပဲ”

“မောင်ဘချိုက တယ်လွဲတာကိုး၊ ကိုယ်မှမသတ်ဘဲနဲ့ သတ်သလိုလုပ်ပြီး တိမ်းရှောင်နေတာ၊ အင်မတန်လွဲတယ်”

“မောင်ကြီးမသတ်တဲ့အကြောင်း ကိုထွန်းမြတ် ကောင်းကောင်း ယုံပြီ ပေါ့လေ”

“ယုံပါတယ်၊ ယုံပါတယ်၊ ဘထွန်းသာတွေ့ဖို့ လိုတော့တာပဲ”

“ဒါနဲ့ မောင်သက်ညွန့်ကို သူမြင်ဖို့ ဘယ့်နှယ်ကြံမလဲ”

“အခုမပြောနိုင်သေးဘူး ကြံရဦးမယ်၊ သူ လာ,လာချင်း အကြောင်းကြား လှည့်နော်၊ ကဲ- ပြန်ပေဦးတော့” ဟု ပြောပြီးမှ စကားတစ်ခု ကျန်သေး၍ မိမိရီနှင့်အတူလိုက်သွားပြီးလျှင်”

“မောင်ဘချိုလာလို့ ငွေများ လိုတယ်ဆိုလျှင် မိမိရီတို့မှာ အခန့်မသင့်လျှင် ပြောနော်”

“ကျေးဇူးတင်လှပါတယ်ရှင်၊ လိုလျှင် ကျွန်မပြောပါမယ်”

မောင်ထွန်းမြတ်လည်း ပျာယီးပျာယာနှင့် အိမ်တွင်းသို့ ဝင်လာ၍ “ကျွန်တော် အပုံကြီးနောက်ကျနေတယ်မှတ်တယ်” ဟု ပြော၍ ထမင်းစားရန် စောင့်ဆိုင်းနေကြရသည့်အတွက် တောင်းပန်ပြောဆိုလေလျှင် ခင်စိန်ကြည်သည် မျက်နှာထား တင်းလျက် စကားတစ်ခွန်းမျှ မပြောဘဲနေသည်ကို မောင်ထွန်းမြတ်လည်း မမြင်မိကုန်။

ထမင်းပွဲတွင် မဂျမ်းပုံက “မိမိရီက ဘာတဲ့လဲ” ဟု မေးလျှင်။

“အို ကျွန်တော်နဲ့ ကိစ္စတစ်ခုရှိလို့ပေါ့၊ သည်ငါးမြီး မြည်းကြည့်စမ်းခင်”

“မင်းတို့နှစ်ယောက် ဖတ်နေကြတာ ဘာလဲ၊ စာနဲ့တူပါကလား” ဟု မဂျမ်းပုံက ထပ်၍မေးပြန်လျှင်။

မောင်ထွန်းမြတ်က ပြုံးရယ်၍ “အစ်မကြီးက ဘာတွေ လျှောက်မေးနေသလဲ၊ မိန်းကလေးတစ်ယောက်က သူ့ရည်းစားက ပေးတဲ့စာ ကျွန်တော့် ယုံလို့ပြလာရင် အစ်မကြီး ပြန်ပြောလို့ ကောင်းနိုင်မလား”

“ဘာတွေ တောက်တီးတောက်တဲ့ လျှောက်ပြောနေသလဲကွဲ့၊ မင်းက သူလာတာ ဘာကိစ္စလဲ၊ ပြောစမ်းပါ၊ အခုတလော မိမိရီက မင့်ကို ခဏခဏ တွေ့ချင်ပါကလား” ဟု ပြောပြန်လျှင်။

မောင်ထွန်းမြတ်သည် ဣန္ဒြေရှိသော မျက်နှာနှင့် အစ်မကြီးအား လှမ်းကြည့် လိုက်ရာ မဂျမ်းပုံလည်း ရိပ်မိ၍ “အရင်ကအမူ ပေါ်လာပြန်ပြီလားကွယ်” ဟု



http://myanmarpyithar.net

မေးလေ၏။

"အရင်က အမူ" ဆိုသည်မှာ မဂျမ်းပုံသည် မောင်ဘချို၏ အမူအကြောင်းကို ဆိုလိုသည်ဖြစ်ရာ ခင်စိန်ကြည်မှာမူ မိမိရှိနှင့် အရင်က ချစ်ကြိုက်ဖူးကြသည် အကြောင်းကို ဆိုလိုသည်မှတ်ရှာ၏။

မောင်ထွန်းမြတ်လည်း "အစ်မကြီးကလဲ၊ ထမင်းဖြောင့်ဖြောင့် စားမှာစားပါ၊ တွေ့ကရာတွေ လျှောက်မမေးပါနဲ့၊ မိန်းကလေးက ကိုယ့်ကိုယုံကြည်လို့ ပြောတဲ့ဥစ္စာ၊ ကိုယ်က သူများပြောလို့ ကောင်းနိုင်မလား၊ မဟုတ်ဘူးလား ကိုသက်ညွန့်" ဟု မောင်သက်ညွန့်အား ပြုံးရယ်၍ မေးလိုက်လျှင် မောင်သက်ညွန့်လည်း ခင်စိန်ကြည်ကိုကြည့်၍ ပြုံးလေ၏။

မဂျမ်းပုံလည်း နောက်ထပ်၍ စကားတစ်ခွန်းမျှမပြောဘဲ ထမင်းကိုသာ ငုံ့၍စားနေလေ၏။

ဂင်းညဉ့်အိပ်ရာဝင်၌ ခင်စိန်ကြည်က "အခုတလော မိမိရှိက ဘာကိစ္စရှိလို့လဲ၊ ရှင်နဲ့ ခဏခဏတိုင်ပင်ကြပါကလား"

"မပြောကောင်းပါဘူးခင်ရယ်...၊ ကိစ္စတစ်ခုရှိလို့ပေါ့"

"သည်ကိစ္စက ကျွန်မတောင်သိရမယ့်ကိစ္စ မဟုတ်ဘူးလား" ဟု မေးလျှင် မောင်ထွန်းမြတ်သည် ဖွင့်၍ပြောလိုက်လျှင် ကောင်းမည်လောဟု အတန်ငယ် စဉ်းစားပြီးနောက် "မသိချင်ပါနဲ့ခင်ရယ်၊ ဝမ်းသာရမယ့်စကား မဟုတ်ပါဘူး၊ မိမိရှိတို့မောင် မောင်ဘချိုအကြောင်းပါ" ဟု ပြောလျှင် ခင်စိန်ကြည်သည် အနည်းငယ်မျှ ယုံကြည်ခြင်းမရှိဘဲ "ငါ့အား ဖွင့်၍ပြောလျှင် ငါစိတ်ဆိုးမည်ကိုသိ၍ အမှန်ကို မပြောဘဲ လှည့်ပတ်ပြောဆိုလေတော့သည်" ဟု အောက်မေ့မိလေ၏။ မောင်ထွန်းမြတ်မှာမူ မိမိမယားသည် မိမိအား သင်္ကာမကင်း ဖြစ်၍နေသည့် အကြောင်းကို မသိရှာသောကြောင့် ခင်စိန်ကြည်က ဆိတ်ဆိတ်နေလျှင် စိတ်ကျေနပ်ပြီဟု အောက်မေ့လေ၏။

နောက်တစ်နေ့နံနက်၌ မောင်ထွန်းမြတ်သည် အိမ်ပေါ်မှ ဆင်းလာ၍ ဧည့်ခံခန်းတွင် မောင်သက်ညွန့်နှင့်တွေ့လျှင် မောင်သက်ညွန့်က "ကျွန်တော် နက်ဖြန် ပြန်ရတော့မယ်၊ ကိုထွန်းမြတ်တို့ အိမ်မှာ ယခုတည်းခိုနေထိုင်ရတဲ့အတွက် အပုံကြီး ကျွန်တော် ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ရန်ကုန်ကိုလည်း သားရော မယားရော တစ်ခါလောက်လာပြီး လည်စေချင်ပါသေးတယ်၊ သည်တော့မှ ကျွန်တော်က ကျေးဇူးဆပ်..."

"သီတင်းကျွတ်လ ရုံးပိတ်လောက်များ လာဖြစ်ကောင်း



http://myanmarpyithar.net

လာဖြစ်ပါလိမ့်မယ်။ နက်ဖြန် ပြန်တော့မလို့လား၊ နေပါဦးဗျာ၊ အရေးကြီးတဲ့ ကိစ္စမရှိရင် တောင်ပြုံးပွဲပြီးမှ ပြန်ပါတော့ဗျာ၊ ကျွန်တော်တို့လည်း တစ်အိမ်လုံး လိုက်ပို့ပါမယ်"

"မရောက်ဖူးလို့ တစ်ခေါက်လောက်တော့ ရောက်ချင်ပါရဲ့ဗျာ၊ သို့သော် ရက်ကလည်း တော်တော်ဝေးသေးလို့ ကျွန်တော့်အတွက် ဝန်တက်နေမှာ အားနာစရာ ကောင်းလှပါတယ်၊ ပွဲနီးမှ တစ်ခေါက်လာဦးမယ်" ဟု ပြောလျှင်။

"ကျွန်တော့်အိမ်မှာနေရတဲ့အတွက်တော့ အားနာစရာမရှိပါဘူးဗျာ၊ ဝန်လည်း မလေးပါဘူး၊ တောင်ပြုံးပွဲပြီးမှ ပြန်ပါ" ဟု အတင်းတားလေလျှင်။

မောင်သက်ညွှန့်သည် ပြန်လိုသောစိတ် မရှိသော်လည်း ရက်စေ့၍သာ ပြန်ရမည်ဖြစ်နေသည်အတွင်း မောင်ထွန်းမြတ်က တားလေလျှင် ပွဲပြီးမှ ပြန်တော့မည်ဟု ဆက်လက်နေထိုင်လျက် ရှိလေ၏။

မောင်ထွန်းမြတ်လည်း မောင်သက်ညွှန့်အား ၈–နှစ်ခန့် ကျော်လွန်သည့် အခါက မန္တလေးသို့ မလာရောက်ဖူးပါလောဟု တီးခေါက်မေးမြန်းမည်ကြံရာ မိမိအကြံကို ရိပ်မိ၍ ပြန်သွားမည်ကို စိုးသောကြောင့် မောင်ဘချိုလာသည်ကိုသာ စောင့်ဆိုင်းလျက်နေလေ၏။

နံနက်စာစားပြီးကြလျှင် မောင်သက်ညွှန့်သည် မောင်ထွန်းမြတ်နှင့်အတူ လမ်းလျှောက်၍ ရုံးအနီးသို့ရောက်အောင် လိုက်သွားပြီးလျှင် ပြန်လာရာ အိမ်ဦးခန်းတွင် ခင်စိန်ကြည်နှင့်တွေ့၍ မိမိရီသည် မောင်ထွန်းမြတ် ရုံးသို့အသွား လမ်းမှစောင့်၍ နာရီတစ်ဝက်ခန့်မျှ စကားပြောနေကြကြောင်းကို ပြောလေ၏။

ခင်စိန်ကြည်လည်း မောင်သက်ညွှန့်စကားကိုကြား၍ မောင်ထွန်းမြတ်နှင့် မိမိရီတို့အကြောင်းကို စဉ်းစားတွေဝေလျက်နေစဉ် အစေခံတစ်ယောက်သည် စာတစ်စောင်ကို ယူလာ၍ ခင်စိန်ကြည်အား ပေးလေ၏။

၎င်းစာမှာ နောက်စနေနေ့ညဉ့် အခွန်ဝန်မင်းက မောင်ထွန်းမြတ် လင်မယား နှင့် မဂျမ်းပုံတို့ကို ဘုရားကိုးဆူ ပူဇော်ရင်း ညစာ ထမင်း သုံးဆောင်ရန် ဖိတ်ကြားသောစာ ဖြစ်လေသည်။ ခင်စိန်ကြည်သည် ပြန်စာရေးရန် စားပွဲသို့ သွားသောအခါ မဂျမ်းပုံနှင့်တွေ့လျှင်... "ဟောသည်မယ် အခွန်ဝန်မင်းက ထမင်းစား ဖိတ်တဲ့စာ" ဟု ပြော၍ ပြလျှင်။

"အမိန့်တော်ရကတော်တို့ သွားကြမလို့လား"

"သွားမလို့"

"မောင်သက်ညွှန့်ကော ဘယ့်နှယ်လုပ်မလဲ"

"သူ့ဘာသာသူ ဘာလုပ်လုပ် သူနေရစ်မှာပေါ့၊ အစ်မကြီးကောလိုက်မလား"

"ကျုပ်တို့မလိုက်ပါဘူး"



http://myanmarpyithar.net

"ဒါဖြင့် နေရာကျပြီ၊ မောင်သက်ညွန့်နဲ့ နေရစ်ကြပေတော့"

"သူ့အရေးလုပ်လို့ မလိုက်တာမဟုတ်ဘူး အမိန့်တော်ရ ကတော်ရေ့၊ အဝတ်ဝယ်နေရမှာစိုးလို့"

"ဝယ်ရဘာဖြစ်သလဲ၊ ကျွန်မလည်း ဝယ်ရဦးမှာပဲ"

"အလို အခု အဝတ်ဝယ်ရဦးမယ်၊ လွန်လွန်းလှချေကလား၊ လုံချည်တွေ၊ အင်္ကျီတွေ ဗီရိုကြီးနဲ့ တစ်လုံးပဲတော်၊ ဝတ်ပါလေ့၊ ရှိတဲ့ဟာတွေတော့ မဝတ်ဘဲနဲ့ အသစ်ဝယ်ရဦးမယ်ပေါ့လေ"

"ဘယ်က ဘီရိုနဲ့ တစ်လုံးရှိလို့လဲ၊ ဝတ်ပြီးသားတွေချည်း ရှိတာပဲ၊ အသစ်ဆိုလို့ တစ်ထည်မှမရှိဘူး" ဟု ပြော၍ ပြန်စာရေးပြီးလျှင် အစေခံ မောင်မြားအားပေး၍ မစောအား... "ဟဲ့ မယ်စော၊ ခင်မကြီးအင်္ကျီအတိုင်းယူဖို့ စက်ချုပ်တဲ့ ကိုလူသာ သည်ကနေ့ လာမယ် မဟုတ်လား" မေးလျှင် မယ်စောလည်း ပြန်မပြောဘဲ မဂျမ်းပုံကို လှမ်းကြည့်ရာ...။

မဂျမ်းပုံလည်း ဇာထိုးရာမှ မော်ကြည့်၍ "မောင်လူသာ မလာဘူး၊ မလာနဲ့တော့လို့ ပြောလိုက်ပြီ၊ ခင်မကြီးဖို့ အင်္ကျီအသစ်တွေ မလိုပါဘူး"

"ဘာပြုလို့မလိုရမလဲ၊ ကိုယ့်ကလေးအတွက် ဘာလိုတယ်ဆိုတာ ကိုယ် မသိဘဲနေပါ့မလား" ဟု စိတ်မချမ်းသာသည့်အခါဖြစ်၍ စိတ်တိုသောအသံဖြင့် ပြန်၍ပြောရာ။

"ဝယ်ကြပါတော်–ဝယ်ကြပါ၊ ထွန်းမြတ်ဖြင့် လုပ်ရလွန်းလို့ သေလုပြီ၊ သေလုအောင်လုပ်တာတောင် အဝင်နဲ့အထွက်နဲ့ မျှတယ် မမျှဘူး မင်းကတော်တို့ သိကြရဲ့လား..." ဟု မေးလျှင် ခင်စိန်ကြည်သည် သူတစ်ပါးအား ထောက်ထား ညှာတာတတ်သော သဘောရှိသည် ဖြစ်၍ မိမိတို့အတွက် များစွာဝန်လေးမည်ကို စိုးသောကြောင့် အဝတ်သစ်ကို မဝယ်တော့ပါဟု အောက်မေ့ပြီးလျှင် မချမ်းသာ သောစိတ်ဖြင့် စဉ်းစားကာ တွေဝေလျက်နေလေ၏။

မစောလည်း ကရုဏာရှိသော မျက်နှာထားနှင့် ကြည့်လျက်နေလျှင် "ငါခိုင်းတဲ့ဟာများကတောင် ငါ့ကို သနားကုန်ကြပါပြီလား" ဟု အောက်မေ့၍ အလိုမပြည့်သောစိတ်နှင့် ထိုင်နေလေ၏။

■

## အခန်း (၂၀)

စနေနေ့ညသည် လဆန်း ၁၂–ရက်ဖြစ်သဖြင့် နေဝင်လျှင်ဝင်ချင်း လမင်းသည် စိတ်နှလုံး ကြည်နူးဖွယ်ကောင်းသောအရောင်ဖြင့် ထွက်ပေါ်လျက်ရှိရာ ခရီးသည် တစ်ယောက်သည် ဟောင်းနွမ်းသော အဝတ်တို့ကို ဝတ်ဆင်လျက် လူသွားလူလာ တို့ကို စောင်းမြောင်းကြည့်ရှုပြီးလျှင် မှောင်ရိပ်တို့မှခိုလျက် လျင်မြန်စွာ လျှောက်လာ ကာ ဝန်ထောက်မင်း ဦးကျော်မင်း၏ဝင်းကို ကျော်ပြီးလျှင် ဝင်းအတွင်းရှိ စိန်ပန်းပင်အောက်တွင် ရပ်နေလေ၏။

ဝန်ထောက်မင်းလည်း အခွန်းဝန်မင်းက ဘုရားကိုးဆူပူဇော်ရန် ဖိတ်ကြားသဖြင့် ထွက်သွားပြီဖြစ်သောကြောင့် မိမိရီလည်း ပြတင်းပေါက်တစ်ခုမှရပ်လျက် စိန်ပန်းပင်အောက်သို့ မျှော်ကြည့်နေစဉ် ၎င်းလူက လက်ကိုင်ပဝါဖြူဖြင့် ယပ်၍ ခေါ်သည်ကိုမြင်လျှင် ရိပ်မိသဖြင့် မိမိရီသည် အိမ်အောက်သို့ ဆင်းသွားလေ၏။

**ရီ** "မျှော်လိုက်ရတာမောင်ကြီးရယ်၊ ယနေ့မှလာပေတော့တယ်"

**ချို** "မေမေရှိလား"

**ရီ** "မေမေလည်း ဖေဖေနဲ့ အခုပဲ အခွန်ဝန်မင်းအိမ် ဘုရားကိုးဆူ ပူဇော် သွားကြတယ်၊ မေမေက မလိုက်ချင်ပါဘူးဆိုတာ ဖေဖေက အတင်းလိုက်ရမယ် ပြောလို့ ကျွန်မတောင်မှ မောင်ကြီးလာရင် မတွေ့ဘဲနေမှာစိုးလို့ မနည်းကြံပြော နေရစ်ရတယ်၊ ဖေဖေကတောင် စိတ်ဆိုးသေးတယ်"

**ချို**"ပြီးပါရောဗျာ၊ မေမေနဲ့ မတွေ့ရပါဘူး"

**ရီ** "ဘာဖြစ်လို့လဲ မောင်ကြီးရဲ့၊ နက်ဖြန်တော့ တွေ့ရမှာပေါ့"

**ချို** "နက်ဖြန်ထိအောင် ငါမနေဝံ့ဘူး"

**ရီ** "နေဦးမှပေါ့ မောင်ကြီးရယ်၊ မောင်ကြီးကို ပြောစရာ စကားလည်း ရှိတယ်"



http://myanmarpyithar.net

**ချို** "ဘာအကြောင်းလဲ"

**ရီ** "မောင်ကြီးပြောတဲ့ ဘထွန်းနဲ့တူတဲ့ လူတစ်ယောက် ရောက်လာတယ်"

**ချို** "ဟုတ်လား၊ ပြောစမ်းပါဟဲ့၊ ဘယ်မှာလဲ"

**ရီ** "ကိုထွန်းမြတ်တို့အိမ်မှာ"

**ချို** "ဟေ-ဟုတ်လား၊ လူပုံပြောစမ်းပါ၊ လူပုံကို"

**ရီ** "အသားဖြူဖြူ ဆံပင်ကောင်းကောင်း၊ မျက်လုံးခပ်ပြူးပြူး၊ ရန်ကုန်သား၊ အဝတ်အစားလည်း အင်မတန်ဝတ်တယ်၊ စိန်ရှပ်အင်္ကျီသီး၊ စိန်လက်စွပ်၊ စိန်နာရီကြိုးနဲ့ အပြောအဆိုလည်း လည်ပတ်တယ်၊ စခန်းလည်း ကြီးပုံရတယ်"

**ချို** "အလုံးအရပ်ကော"

**ရီ** "ခပ်သေးသေးနွဲ့နွဲ့ပဲ"

**ချို** "ဟုတ်ပြီဟေ့၊ ဟုတ်ပြီဟေ့၊ သည်ကောင်နဲ့တူတယ်၊ ငါကြည့်စမ်းပါရစေ၊ နာမည်ကော"

**ရီ** "နာမည်တော့ ဘထွန်းမဟုတ်ဘူးမောင်ကြီးရဲ့"

**ချို** "အေး၊ ဘယ်သူတဲ့လဲ"

**ရီ** "မောင်သက်ညွန့်တဲ့"

**ချို** "ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဘယ်မှာလဲ၊ ဘယ်မှာလဲ၊ ငါ အခု ကြည့်စမ်းပါရစေ..."

**ရီ** "နေပါဦးမောင်ကြီးရဲ့၊ အရင်မလိုပါနဲ့၊ မောင်ကြီးပြောတော့ ဘထွန်းဆို"

**ချို** "အို နောက်မှငါပြောပါမယ်၊ ကိုထွန်းမြတ်နဲ့ ငါ သည်ကနေ့ည တွေ့ချင်တယ်၊ သွားခေါ်စမ်းပါ"

**ရီ** "မောင်ကြီး သွားစေချင်သွားရမှာပေါ့၊ ကျွန်မဖြင့် အခွန်ဝန်မင်းအိမ် သွားကြပြီမှတ်တယ်"

**ချို** "သွားကြည့်လိုက်ပါဦးနှမရယ်၊ တွေ့ရင် ချက်ချင်းခေါ်ခဲ့ပါ"

ငင်းနေ့ညနေ၌ မောင်ထွန်းမြတ်သည် ရုံးမှဆင်းလျှင် အမှုကြီးတစ်ခု အယူခံရန်ရှိသဖြင့် အိမ်သို့မပြန်သေးဘဲ အလုပ်ရုံးသို့သွား၍ စာရေးကြီး ဦးသာဒွန်းနှင့် တိုင်ပင်ပြောဆိုနေရာမှ ၇ နာရီခွဲအချိန်ကျမှ အခွန်ဝန်မင်းအိမ်သို့ သွားရန်ရှိသေးသည်ကို သတိရသည်နှင့် ရုတ်တရက် ထလာပြီးလျှင် အိမ်သို့အပြန် လမ်းတွင် မိမိရီနှင့် တွေ့လေ၏။

"အလို-မိမိရီတစ်ယောက်တည်း ဘယ်သွားမလို့လဲ"

"အခန့်သင့်လိုက်တာရှင်၊ ကိုထွန်းမြတ်ဆီလာမလို့၊ မောင်ကြီး ရောက်နေပြီ"



http://myanmarpyithar.net

"ဟုတ်လား၊ ဒါဖြင့် အိမ်ခဏကလေးသွားပြီး ချက်ချင်းပြန်လာခဲ့မယ်၊ ပြန်နှင့်ပေတော့နော်...ပြန်ဝံ့ပါရဲ့ရှင်"

"ပြန်ဝံ့ပါရဲ့ရှင်"

အိမ်သို့ရောက်လျှင် ခင်စိန်ကြည်လည်း အဝတ်အစားလဲလျက် စောင့်နေရာ "အခွန်ဝန်မင်းအိမ် သည်ကနေ့ည သွားစရာရှိတာ မေ့နေသလား"

"မမေ့ဘူးခင်ရေ့၊ တနင်္လာနေ့ အမှုကြီးတစ်ခု အယူခံစရာရှိလို့ အလုပ်ရုံးက အခုမှ ပြန်ခဲ့ရတယ်၊ အခုတောင် အလုပ်မပြီးသေးဘူး၊ မလိုက်နိုင်တဲ့အကြောင်း ခင့်ကို လာပြောလာတယ်၊ အခွန်ဝန်မင်းလည်း ခင်က ပြောလိုက်ပါတော့"

"ဘာပြုလို့ ရှင်မလိုက်နိုင်ရသလဲ"

"အင်မတန်အရေးကြီးတဲ့ ကိစ္စရှိလို့ပါ ခင်ရယ်... ခင် စောင့်နေမှာစိုးလို့ တမင်လာပြောလာရတယ်"

ခင်စိန်ကြည်သည် မောင်ထွန်းမြတ်ပြောသည်ကို အလျဉ်း မယုံကြည်ဘဲ မျက်နှာမှုန်လျက်ရှိနေသည်ကို မောင်ထွန်းမြတ် မြင်လျှင်...။

"စိတ်မဆိုးပါနဲ့ခင်ရယ်၊ မောင်က အင်မတန် လိုက်ချင်ပါတယ်၊ ကိစ္စက သည်ကနေ့ညမလုပ်ရင် မဖြစ်လို့ပါ..."

"ခါတိုင်း ဘယ်တော့မှ ညကို ပြန်မသွားရဖူးပါဘူး"

"သည်တစ်ခါ ကိစ္စကတော့ မလုပ်မပြီးလို့ပါ ခင်ရယ်..."

"ဒါဖြင့် ဟို–လိုက်ခဲ့မလား"

"မလာနိုင်ပေဘူးမှတ်တယ်"

ခင်စိန်ကြည်လည်း နောက်ထပ်၍ စကားမပြောဘဲ အိမ်ပေါ်မှ ဆင်းသွားလျက် မောင်ထွန်းမြတ်လည်း နောက်ကလိုက်သွား၍ မော်တော်ကားပေါ်သို့ တင်ပေးပြီးလျှင် "သွားတော့နော်–ခင်၊ မင်းကတော်ကိုလည်း ကျေနပ်အောင် ပြောလိုက်ပါ" ဟု ပြောလျှင် ခင်စိန်ကြည်သည် ဘာမျှပြန်မပြောဘဲ မျက်နှာလွှဲလျက်နေလျှင်... မော်တော်ကားလည်း ထွက်သွားလေ၏။

မောင်ထွန်းမြတ်လည်း မိမိရီတို့အိမ်သို့ရောက်၍ စိန်ပန်းပင်အောက်တွင် မောင်နမနှစ်ယောက်နှင့်တွေ့လျှင် မိမိရီကို ဝင်းပေါက်မှစောင့်နေရန် စေလွှတ်လိုက်ပြီးမှ "ဘယ်တော့က ရောက်သလဲ မောင်ဘချို"

"သည်ကနေ့ပဲရောက်တယ်၊ သက်ညွှန့်ဆိုတဲ့အကောင် ခင်ဗျားတို့အိမ်မှာဆို ဘာလုပ်လာသလဲ၊ ဘယ်တော့က ရောက်သလဲ"

"အလည်လာတာပဲ ၁၅–ရက်လောက် ရှိသွားပြီ၊ မိမိရီက ပြောပြီးပြီလား"



http://myanmarpyithar.net

"ပြောပြီးပြီ၊ ကျွန်တော် ကြည့်ချင်လှပြီဗျာ...ဟုတ်ကဲ့လားလို့"

"အေးပါကွယ်၊ နေပါဦး၊ မင်းပြောတော့ ဘထွန်းဆို..."

"ဟုတ်တယ်၊ ကျွန်တော်လည်း အစက သူ့နာမည် ဘထွန်း မှတ်နေတာပဲ၊ တစ်နေ့တော့ သူ ရန်ကုန် ဆူးလေဘုရားနားမှာ မိန်းကလေးတစ်ယောက်နဲ့ လမ်းလျှောက်လာတာ တွေ့တယ်၊ တွေ့တော့ သူက ကျွန်တော့်လည်း မြင်ရော မျက်နှာပျက်ပြီး မြင်းရထားတစ်စီးပေါ် တက်သွားကြတယ်၊ သည်တော့ ကျွန်တော်က သူ့အိမ် သိရအောင် မြင်းရထားနောက်မြီးခိုပြီး လိုက်သွားတော့ မြင်းရထားလည်း ရပ်ရော ကျွန်တော်က ရထားနားက အသာရပ်ပြီးနေတော့ သူက ရထားပေါ်က ဆင်းအလာ မျက်နှာ သေသေချာချာကြည့်တော့ မျက်နှာပျက်သွားပြန်တယ်၊ ဒါနဲ့ သည်အကောင် သည်အိမ်မှာ နေတယ်လို့ အိမ်ကို သေသေချာချာမှတ်ပြီး ပြန်လာခဲ့ရော၊ နောက်တစ်နေ့ ညနေကျတော့ သည်အကောင့်နာမည် သေသေချာချာသိရအောင် သွားပြီး အိမ်နီးချင်းတစ်ယောက်ကို သည်အိမ်မှာ ကိုဘထွန်းဆိုတဲ့ လူတစ်ယောက် နေတယ်မဟုတ်လားမေးတော့ ဘယ်က ကိုဘထွန်း လဲတဲ့၊ လူခပ်ငယ်ငယ်လေ၊ သနားကမားနဲ့ ဖြူဖြူသေးသေးသွယ်သွယ်လေလို့ မေးတော့ ငယ်လား မငယ်လားတော့ မသိဘူး၊ သည်အိမ်ရှင်ကဖြင့် ဆံပင်ဖြူဖြူ အသား မည်းမည်း ဝဝတုတ်တုတ်ပဲတဲ့၊ သားများကော မရှိဘူးလားမေးတော့ မရှိပါဘူး၊ သူတို့အဘိုးကြီးလင်မယားပဲ ရှိတယ်တဲ့၊ ဒါဖြင့် မနေ့ကများ သည်အိမ်ကို လူခပ်ငယ်ငယ်တစ်ယောက်နဲ့ မိန်းမတစ်ယောက်နဲ့ မလာဘူးလား မေးတော့ သည်အိမ်တော့ လာကြတဲ့လူတွေအပုံပေါ့၊ ကျုပ်က ဘယ်စောင့်ကြည့်နေနိုင်မလဲတဲ့" ဟု ပြောလျှင်။

"ဒါပဲလား" ဟု မောင်ထွန်းမြတ်က မေးရာ။

"ဒါတင် ဘယ်ကမလဲ၊ ဒါနဲ့ သူ့မတွေ့တွေ့အောင် ရှာမယ်လို့ နေ့တိုင်း လမ်းလျှောက်ပြီးကြည့်တော့ သူနဲ့ လူတစ်ယောက်နဲ့ လမ်းလျှောက်သွားတာ တွေ့လိုက်တယ်၊ ကျွန်တော်ကလည်း မီအောင်လိုက်တော့ ဓာတ်ရထားပေါ် တက်သွားကြတယ်၊ တစ်နေ့တော့လည်း အရိပ်ပြပွဲအထွက်မှာရပ်ပြီးနေတာတွေ့လို့ ကျွန်တော်က သူ့ရှေ့တည့်တည့် သွားရပ်ပြီး မျက်နှာသေသေချာချာကြည့်တော့... ဟော့–အကောင်၊ ဘာလဲ မင်း ငါ့ကို ဘာလုပ်မလို့ လိုက်လိုက် ချောင်းနေသလဲတဲ့ မေးတော့ ခင်ဗျားနာမည် ကျုပ်သိချင်လို့ဟု ကျွန်တော်က ပြောတော့ သူက အင်မတန်စိတ်ဆိုးပြီး မင်း ငါ့ကိုလိုက်ပြီး မနှောင့်ယှက်နဲ့၊ မင့်ကို ငါသိတယ်၊ မင့်ကိုငါ နောက်တစ်ခါတွေ့ရရင် ဂါတ်တဲ တစ်ခါတည်း အပ်လိုက်တော့မယ်တဲ့ပြောပြီး



http://myanmarpyithar.net

မော်တော်ကား တစ်စီးပေါ် တက်သွားတယ်၊ နောက်တစ်နေ့တော့လည်း မြင်းပွဲမှာ လူတစ်ယောက်နဲ့ရပ်ပြီး စကားပြောနေကြတော့ ကျွန်တော်က သူ့နာမည်ကြား ရအောင် အမှတ်တမဲ့ နောက်ကကပ်ပြီး နားထောင်နေတော့ သူက "ကျုပ် မြင်းသာလောင်းပါဗျာ၊ ကျုပ်မြင်းက မနိုင်တော့ ခင်ဗျားပြောချင်တိုင်းပြော" တဲ့၊ ပြောတော့ ဟိုလူက ခင်ဗျားမြင်းက ဘာတဲ့လဲ၊ သက်ညွန့်လေ ကျုပ်နာမည်ပေါ့တဲ့၊ ဒါနဲ့ ကျွန်တော်က သူ့နာမည်သိလို့ သွားတော့မယ်လုပ်တုန်း သူက ဖြုန်းခနဲ နောက်လှည့်ကြည့်လိုက်တော့ ကျွန်တော်လည်း မရှောင်နိုင်တာနဲ့ တွေ့သွားရော၊ ကျွန်တော့်မြင်တော့ သူ ကြောက်လည်းကြောက် စိတ်လည်းဆိုး၊ ဒါနဲ့ ပုလိပ်သားတစ်ယောက် လက်ယပ်ခေါ်ပြီး ကျွန်တော့် လက်ညှိုးထိုးပြတယ်၊ ကျွန်တော်လည်း ကြောက်တာနဲ့ လူတွေအကြားထဲ တိုးပြီးသွားရော၊ တော်တော်ကြာ မြင်းပွဲပြီးလို့ အိမ်ပြန်လာတော့ စိတ်မချတာနဲ့ နောက်လှည့်ကြည့်လိုက်တော့ ခုတင်က ပုလိပ်သားပဲ ကျွန်တော့်နောက်က လိုက်လာတယ်၊ ဒါနဲ့ ကျွန်တော်က မြင်းရထားအောက်က ဘယ်က ဖြတ်သန်း လမ်းကြိုလမ်းကြားက ဖောက်ထွက်ပြီး မြင်းရထားတစ်စီးပေါ် တက်လိုက်သွား၊ အိမ်လည်းရောက်လို့ အေးရပေပြီ အောက်မေ့မိတယ်၊ တော်တော်ကြာ ပြတင်းပေါက်က ချောင်းကြည့်လိုက်တော့ အိမ်နားမှာ ခုတင်က ပုလိပ်သားပဲ အိမ်နံပါတ်တွေ ဘာတွေ ရေးမှတ်ပြီး အိမ်ပေါ် မော်ကြည့်နေတော့တယ်၊ ဒါနဲ့ ကျွန်တော်လည်း ထမင်းဆာလာတာကို ပျောက်သွားပြီး ယူစရာကလေးများ အသာယူ၊ အထုပ်ကလေးနဲ့ထုပ်ပြီး အိမ်နောက်ဘေးက ထွက်ပြေးပြီး၊ သူတောင်းစားလို လုပ်စားခဲ့ရတယ်၊ ပျော်ဘွယ်ကျတော့မှ လူ တစ်ယောက်ဆီက ပိုက်ဆံ ၂-ပြားတောင်း စာရေးစက္ကူနဲ့ စာအိတ်နဲ့ဝယ်ပြီး မိမိကြည်တို့ဆီ စာထည့်လိုက်ရတယ်"

မောင်ဘချိုလည်း စကားပြောပြီးလျှင် မိမိရီပေးထားသော ပေါင်မုန့်နှင့် အမဲသားကို စား၍နေရာ မောင်ထွန်းမြတ်လည်း မောင်ဘချိုစကားကို ပြန်လှန်စဉ်းစား ပြီးမှ "အိမ်က မောင်သက်ညွန့်နဲ့တော့ နာမည်လည်းတူ မြို့လည်းတူ လူပုံလည်း တူတာပဲ၊ သည်တော့ ၁ ရက် ၂ ရက်အတွင်း မောင်သက်ညွန့်ကို မင်းမြင်ရအောင် ငါကြံမယ်၊ မောင်သက်ညွန့်ကို မင်းမြင်ပြီးလို့ ဟုတ်တယ်ဆိုတော့ မင်း တခြားမှာ ရှောင်နေသေးတာပေါ့၊ ငါက သူ့ကို တားထားပြီး သူ သတ်ကြောင်း ထင်ရှားအောင် ပြဆိုကြံစည်မယ်ပေါ့" ဟု ပြော၍ မိမိတို့အကြံအစည်ကို တိုင်ပင်လျက် နေကြလေ၏။

ခင်စိန်ကြည်လည်း အခွန်ဝန်မင်းအိမ်၌ ပရိသတ်တို့နှင့် ဝိုင်းဝန်း၍



http://myanmarpyithar.net

စကားစမြည် ပြောဆိုနေရာမှ ခေါင်းကိုက်သောကြောင့် ပြန်ရန် အခွင့်ပြုပါဟု မင်းကတော်အား လှည့်ဖြားကာ တောင်းပန်ပြောဆို ဝန်ထောက်ကတော်ကြီး မအေးမြကိုလည်း နှုတ်ဆက်ပြီးလျှင် မော်တော်ကားနှင့် ပြန်လာရာ လမ်းတွင် စဉ်းစားမိသည်မှာ "အဖေရော အမေရောက နှစ်ယောက်လုံး သည်လာနေကြတဲ့ အခိုက် မောင်ထွန်းမြတ်နဲ့ မိမိရီကဖြင့် အိမ်မှာ ပျော်နေမှာပဲ၊ တကယ်ဆိုတော့ မိမိရီပါ လိုက်ခဲ့ဖို့ပေါ့၊ အခုတော့ သက်သက် အချက်ရှိလို့ သူ နေရစ်တာပဲ" စသည်ဖြင့် စိတ်ကူး၍ အမျက်ထွက်လျက်လာစဉ် လူတစ်ယောက်သည် မှောင်ရိပ်မှ ရုတ်တရက်ထွက်၍ မော်တော်ကားမောင်းသူ မောင်မြားကို လက်ပြလိုက်လျှင် မောင်မြားက မောင်သက်ညွန့်မှန်းသိ၍ မော်တော်ကားကို ရပ်လေ၏။ မောင်သက်ညွန့် လည်း အနီးသို့ကပ်၍ "ကျွန်တော်အိမ်မှာ ပျင်းလွန်းလို့ လမ်းလျှောက်မယ်ထွက်လာ၊ အပြန်တော့ တစ်ဆိတ်ခြေညောင်းတာနဲ့ လိုက်ခဲ့ပါရစေ" ဟု ပြောလျှင် ခင်စိန်ကြည် လည်း ငြင်းဆန်၍မကောင်းသဖြင့် နေရာဖယ်၍ပေးရလေ၏။

မောင်သက်ညွန့်က "ဘယ့်နှယ် ပြန်လာတာ စောလှချေကလား၊ အခုမှ ၉ နာရီလောက် ရှိသေးတယ်" ဟု ပြောလျှင် ခင်စိန်ကြည်လည်း အဘယ့်ကြောင့် စောစောပြန်၍လာသည်ဟု မပြောဘဲ "ကိုထွန်းမြတ် ပြန်လာပြီလား" ဟု မေးလျှင်။

"ကိုထွန်းမြတ်လား ဘာလာဦးမလဲ၊ ကိုထွန်းမြတ်က သည်အချိန်များတော့" ဟု ထေ့၍ပြောရာ ခင်စိန်ကြည်လည်း နောက်ထပ်၍မပြောဘဲနေမည်ဟု ကြံပါ သော်လည်း မနေနိုင်သဖြင့်။

"ဘာပြုလို့လဲ" ဟု မေးမိလျှင်။

"ကျွန်တော်လည်း မသိပါဘူး၊ ခုတင်က သူတို့အိမ်ရှေ့ အမှတ်တမဲ့ လျှောက်သွားတော့ လားလားသစ်ပင်ရိပ်နား တိုးတိုးကလေး စကားပြောနေ လိုက်ကြတာ၊ တခြားသူ ဟုတ်ပါရိုးလား၊ ကိုထွန်းမြတ်နဲ့ မိမိရီပေါ့" ဟု ပြောရာ။

ခင်စိန်ကြည်မှာ မိမိ၏လင် မောင်ထွန်းမြတ်သည် မိမိရီနှင့် အချိန်းအချက်ရှိ၍ မိမိနှင့်အတူမလိုက်ဘဲ ကိစ္စကြီးတစ်ခုရှိသည်ဟု လိမ်လည်ပြောဆိုပြီးလျှင် မိမိရီနှင့် ကြည်၍နေလေတော့သည်ဟု မောင်ထွန်းမြတ်အပေါ်၌ လွန်မင်းစွာ အမျက်ထွက် လေ၏။ သို့သော်လည်း မောင်သက်ညွန့်ရှိသည်နှင့် စိတ်ကိုချုပ်တီး၍ လက်ပိုက်ပြီး လျှင် အံကြိတ်လျက်သာနေလေ၏။

မိမိရီတို့၏ အိမ်ရှေ့သို့ရောက်လျှင် မော်တော်ကားကို ဖြည်းဖြည်း မောင်းရန် ပြောပြီး ဝင်းအတွင်းကို သေချာစွာကြည့်ရာ လရောင်တွင် မောင်ထွန်းမြတ်နှင့်

မိမိရိတို့သည် လမ်းလျှောက်လျက် စကား ပြောနေကြသည်ကို မြင်ရကား ခင်စိန်ကြည်သည် စိတ်ကိုမချုပ်တီးနိုင်သဖြင့် ငိုမိရှာ၏။

မောင်သက်ညွန့်လည်း အနီးသို့ တိုး၍ထိုင်ပြီးလျှင် သူတစ်ပါးတို့က အရေးမလုပ်သော်လည်း သူတစ်ပါးအရေးလုပ်စဉ်အခါကထက် ပိုမို၍ အရေးတယူ မည့်သူတစ်ယောက် ရှိပါသေးသည်။ မိမိအား မချစ်ခင် မကြင်နာသူကို ချစ်ခင်ရခြင်းသည်လည်း အကျိုးမရှိ။ မိမိ ချစ်ခင်သောသူသည် အခြားတစ်ယောက် အား မိမိထက် ပိုမို၍ ချစ်ခင်သည်ကို သိလျက်နှင့် အတူနေထိုင်ရခြင်းသည်လည်း စိတ်ပင်ပန်းညှိုးနွမ်းရုံမျှသာ ဖြစ်တော့သည် စသည်ဖြင့် ချော့မော့ဖြားယောင်း ပြောဆိုလျှင် ခင်စိန်ကြည်မှာ အလွန်တရာ စိတ်နှလုံးမချမ်းသာလှသည့် အခါ ဖြစ်သဖြင့် အရှုးကဲ့သို့ မစဉ်းစားနိုင်အောင်ဖြစ်၍ ထင်ယောင်ထင်မှား ကြံမိကြံရာ ကြံမိလေ၏။

■



http://myanmarpyithar.net

# အခန်း (၂၁)

ခင်စိန်ကြည်တို့၏ မော်တော်ကားသွား၍ ၁၅မိနစ်ခန့်ရှိလျှင် ဝန်ထောက်ကတော်ကြီးလည်း တစ်ယောက်တည်း မြင်းရထားပေါ်မှ ဆင်းလာလျှင် မိမိရီလည်း ပျာယီးပျာယာနှင့်လာ၍ "ဘယ့်နှယ်လဲ၊ မေမေတစ်ယောက်တည်းလား၊ ဖေဖေကော"

"မိမိတို့ဖေဖေမပါသေးဘူး၊ မိတ်ဆွေတွေ ဆုံမိကြတာနဲ့ စကားကောင်းနေကြလို့ တော်တော်ညဥ့်နက်မှ ပြန်လာလိမ့်မယ်၊ ပြန်ချင်ရင် ပြန်နှင့်တော့ဆိုလို့ မေမေတစ်ယောက်တည်း ပြန်လာခဲ့တယ်"

"ဟန်ရလိုက်တာမေမေရယ်၊ သတင်းကောင်းတစ်ခု ပြောဖို့ရှိတယ်"

"သားအကြောင်းလား သမီးရယ်"

"ဟုတ်တယ်မေမေရဲ့၊ မောင်ကြီး ရောက်နေပြီ"

"ဟုတ်လား၊ ဘယ်မှာလဲ တွေ့ချင်လှပြီသမီးရေ့...ခေါ်ခဲ့ပါ"ဟု ပြော၍ ဘယ်သောအခါမျှ လျင်မြန်စွာ လမ်းမလျှောက်နိုင်သော ဝန်ထောက်ကတော်ကြီးသည် အိမ်ပေါ်သို့ ပြေး၍တက်သွားလေ၏။

မိမိရီလည်း မောင်ထွန်းမြတ်နှင့်တိုင်ပင်လျက်ရှိသော မောင်ဘချို ကိုခေါ်၍ မိခင်ထံ ပို့ပြီးလျှင် မောင်ထွန်းမြတ်နှင့်ဝင်းပေါက်အနီးတွင် ဝန်ထောက်ကြီးအပြန်ကို စောင့်ကြည့်လျက်နေလေ၏။

သားအမိနှစ်ယောက်တို့လည်း ၁နာရီခန့်မျှ စကားပြောဆိုနေကြ၍ ၁၀ နာရီခွဲလျှင် မောင်ဘချိုသည် အိမ်ပေါ်မှဆင်းလာပြီးလျှင် နှမ မိမိရီနှင့် မောင်ထွန်းမြတ်ကို နှုတ်ဆက်၍ မှောင်ရိပ်တို့မှခိုလျက် အနောက်စူးစူးသို့ ထွက်သွားလေ၏။

မောင်ထွန်းမြတ်လည်း မိမိရီကို နှုတ်ဆက်လျှင်။

"မေမေ့တွေ့ရအောင် အိမ်ပေါ်မတက်ဘူးလား" မိမိရီက မေးရာ။

"တော်တော်ညဥ့်နက်သွားပြီ၊ မတက်သေးဘူး....ဒေါ်ဒေါ့်ပြောလိုက်ပါတော့၊ ခပ်စောစောက မော်တော်ကားဟာ ခင်,ထင်တယ်၊ သွားဦးမယ်နော်"

မောင်ထွန်းမြတ်လည်း အိမ်သို့ရောက်လျှင် ခင်စိန်ကြည်သည် စားပွဲတွင် ထိုင်၍ စာရေးလျက်နေသည်ကိုတွေ့လေ၏။ မောင်ထွန်းမြတ်လည်း အခွန်ဝန်မင်း အိမ်သွားသည့်အကြောင်းများကို အနည်းငယ်မေးမြန်းလျှင် ခင်စိန်ကြည်သည် လေသံတိုတိုသံဖြတ်နှင့်သာလျှင် ပြန်၍ပြောလေ၏။

"မအိပ်ချင်သေးဘူးလား ခင်၊ ညဥ့်နက်လှပါပြီကော"

"မအိပ်သေးဘူး"

"မောင်ဖြင့် အိပ်ချင်လှပြီ၊ အိပ်ချေတော့မယ်"

"အိပ်ချင်အိပ်ချေပါလား"ဟုပြောလျှင် မောင်ထွန်းမြတ်လည်း အခွန်ဝန်မင်း အိမ်သို့ အတူမလိုက်သည့်အတွက် စိတ်ကောက်၍နေသည် ထင်မှတ်၍ ပြုံးရယ်လျက် ပခုံးပေါ်သို့ လက်တင်ပြီးလျှင်"မောင်မလိုက်တာ စိတ်ကောက်နေသလား ခင်က မလိုက်နိုင်လို့ပါ ခင်ရယ်၊ လိုက်ချင်ပါတယ်၊ မနက်ကျမှ မောင်ပြောပြမယ်၊ အခုတော့ ညောင်းလည်းညောင်း အိပ်လည်းအိပ်ချင်လှပြီ၊ ခင်လည်းအိပ်ပါတော့ လား"ဟု မယားစိတ်ပြေရအောင် မျက်နှာရွှင်ရွှင်လန်းလန်းထား၍ မေးလေ၏။

ခင်စိန်ကြည်သည် ဘာကိုမျှပြန်မပြောဘဲ စာကိုသာ ငုံ့၍ ရေးနေလျှင် မောင်ထွန်းမြတ်လည်း အိပ်ခန်းသို့ တက်သွားလေ၏။

မောင်ထွန်းမြတ် တက်သွား၍ ၁နာရီခန့်ရှိလျှင် ခင်စိန်ကြည်သည် ဖယောင်းတိုင်ကိုင်လျက် အိမ်ပေါ်သို့ ဖြည်းညင်းစွာ တက်သွား၍ မစောအခန်းသို့ ဝင်သွားရာ မစောလည်း အိပ်ပျော်စဖြစ်သဖြင့် အိပ်ရာမှ ကယောင်ကတမ်းထ၍ မျက်စိကိုပွတ်လျက် "ဘာပြုလဲ မမလေးဘုရား၊ နေမကောင်းလို့လား"

"အေးဟုတ်တယ်" ဟု ပြန်ပြောရာ ခင်စိန်ကြည်မှာ အကယ်ပင် နေမကောင်းဘိသကဲ့သို့ တစ်ကိုယ်လုံးတုန်၍ မျက်လုံး မျက်ဆံ နီလျက်ရှိလေ၏။

"ဘာဖြစ်သလဲမမလေးဘုရား၊ ကိုကိုကော ပြန်မလာသေးဘူးလား"

"ဘာပဲဖြစ်ဖြစ် မစော ညည်း ငါ့ကို တစ်ခု ကတိထားမလား"

"မမလေးအလိုကိုသာ အမိန့်ရှိပါဘုရား၊ဘုရားကျွန်မမှာတော့ကျွန်ဆိုပေ မယ့် သူတပါးကျွန်နဲ့ မတူပါဘူးဘုရား၊ မမလေးဖေဖေရှိတုန်းကစပြီး မမလေး ကလည်း ခပ်ငယ်ငယ် ဘုရားကျွန်မကလည်း ငယ်ငယ် အတူနေလာခဲ့ရလို့မို့ မမလေးအလိုဆိုရင် ကတိမထားပေမယ့် ကတိထားသလိုဘဲ မျက်မှောက်မျက်ကွက် ဆောင်ရွက်ခဲ့ပါတယ်ဘုရား၊ ဘာပြောချင်လို့လဲ ဘုရားပြောပါ"ဟု ပြောလျှင်၊

ခင်စိန်ကြည်သည် ရုတ်တရက် ပြန်မပြောနိုင်ဘဲ ရင်တွင် အလုံးဆို့လျက် အတန်ငယ်ဆိုင်းငံ့နေပြီးမှ"ငါ...တစ်စုံတစ်ခုဖြစ်ခဲ့လို့ရှိရင် ကလေးတွေကို ညည်း



http://myanmarpyithar.net

ပစ်မထားပါနဲ့နော်၊ အတူနေရစ်ပါ၊ နေနိုင်ပါ့မလား” ဟု မေးလျှင် မစောသည် အံ့သြလျက် မော်ကြည့်နေလျှင်...“အရင်တစ်ခါ ညည်း ကတိထားပြီး မဟုတ်လား၊ ငါမရှိတဲ့နောက် ကလေးတွေနဲ့ အတူနေရစ်ပါနော် မစော ဟုတ်လား”

“နေရစ်ပါမယ် မမလေးဘုရား၊ စိတ်ချတော်မူပါ၊ ဒါနဲ့ ဘာဖြစ်လို့လဲဘုရား၊ အင်မတန်နေမကောင်းလို့လား၊ ဘုရားကျွန်မ...”

“သွားဦးမယ်မစော၊ ငါပြောတာမမေ့နဲ့နော်”ဟုပြော၍ မစောစကားကို ဆုံးအောင် နားမထောင်ဘဲ အခန်းတွင်းမှ ထွက်သွားလေလျှင် မစောလည်း အိပ်ချင်လှပြီဖြစ်၍ ပြန်အိပ်လေ၏။

ငင်းညဥ့်၌ မောင်ထွန်းမြတ်လည်း အိပ်ရာမှ လန့်နိုး၍ ခင်စိန်ကြည် မလာသေးကြောင်း သိရလေလျှင် မီးခြစ်၍ နာရီကိုကြည့်ရာ ၃ နာရီခွဲတိတိ ရှိနေသည်ကို မြင်သဖြင့် အံ့သြလျက် အိမ်အောက်သို့ ဆင်းလာလျှင် တစ်အိမ်လုံး မှောင်အတိပြီး၍ ဆိတ်ငြိမ်လျက် ရှိကုန်၏။ မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်သည် စာရေးရင်း အိပ်ပျော်နေပြီထင်မှတ်၍ “ခင်”ဟုခေါ်သော်လည်း မည်သူမျှပြန်၍ မထူးဘဲ မိမိ၏ပဲ့တင်သံကိုသာ ကြားရလေ၏။ ငင်းနောက် မိမိအခန်းသို့ ပြန်တက်သွား၍ ဖယောင်းတိုင်တစ်တိုင်ကို ထွန်းပြီးလျှင် တစ်အိမ်လုံးအနှံ့အပြား လိုက်လံရှာဖွေပါသော်လည်း မတွေ့နိုင်ဘဲရှိသဖြင့် အစ်မကြီးမဂျမ်းပုံအခန်းတံခါးကို လက်ဖြင့်ခေါက်ရာ။

မဂျမ်းပုံမှာ အအိပ်ဆတ်သဖြင့် အိပ်ရာမှ ထထိုင်၍ “ဘယ်သူလဲ” မေးလေ၏။

“ကျွန်တော်ပါ အစ်မကြီးရဲ့”

“ထွန်းမြတ်လား၊ ဘာကိစ္စလဲ ဝင်ခဲ့လေ”ဟုပြော၍ မောင်ထွန်းမြတ်လည်း အခန်းတွင်းသို့ ဝင်သွားလျှင်။

“ဘယ်သူ ဘာပြုလို့လဲ”

“ခင်စိန်ကြည် ရှာမတွေ့လို့”

“ဟေ– အခုလေ ဘယ်နှနာရီရှိပြီလဲ”

“၃ နာရီခွဲပြီးပြီ၊ အိပ်ရာလည်း လာမအိပ်ဘူး”

“သြော်–စောစောက မစောနေမကောင်းဘူးကြားတယ်၊ သူများအင်မတန် နေမကောင်းလို့ ထင်ပါရဲ့၊ သူ့အခန်း သွားကြည့်စမ်းပါဦးကွယ်” ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း ပျာယီးပျာယာနှင့်မစောအခန်းသို့သွား၍ မိမိ၏မယားသည် မစောခုတင်အနီးတွင် ထိုင်လျက်နေသည်ကိုတွေ့မည်အထင်နှင့် အခန်းတံခါးကို



http://myanmarpyithar.net

ဖြည်းညင်းစွာ ဖွင့်ကြည့်ရာ အခန်းတွင်း၌လည်း မှောင်လျက်နေသည်ကိုသာ တွေ့လေ၏။

မောင်ထွန်းမြတ်လည်း ဖယောင်းတိုင်ကိုကိုင်လျက် အခန်းတွင်းသို့ဝင်သွားရာ မစောလည်း အိပ်ရာမှ လူးထ၍ အံ့အားသင့်လျက်နေလျှင် "ခင်စိန်ကြည် မလာဘူးလား" ဟု မေးလေ၏။

မစောလည်း ကောင်းစွာ မကြားသဖြင့် "မမလေး ဘာဖြစ်လို့လဲ ကိုကို"

"နင့်မမလေး ရှာမတွေ့လို့ သည်များ လာသလားလို့"

"ဩော်–လာတယ်ကိုကိုရေ့၊ သူလည်း ထွက်သွားရော ၁၂ နာရီလည်း ထိုးရော"

"ဟုတ်လား၊ ဘာကိစ္စ လာသလဲ...."ဟုမေးလျှင် "အခု ဘယ်နှနာရီ ထိုးပြီလဲ..." ဟု ပြန်၍မေးလျှင် ...

"၃ နာရီခွဲပြီးပြီ" ဟု ပြောရာ မစောသည် ခင်စိန်ကြည် ပြောစကားကို သတိရ၍ ခုတင်ပေါ်မှ ခုန်ဆင်းပြီးလျှင် မောင်ထွန်းမြတ်၏လက်ကို ဖက်၍ "ကိုကိုရေ့၊ မမလေးမရှိဘူးကိုကိုရဲ့၊ ကိုယ့်ကိုယ်ကို သတ်ပြီးသေပြီထင်တယ်၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကျွန်မ အခုမှ ရိပ်မိတယ်" ဟု ငိုလျက်ပြောလျှင်။

"ဟဲ့ မယ်စော၊ ဘယ့်နှယ်ဟာလဲ"

"ဟုတ်ပါပြီကိုကိုရေ့၊ အခုမှ မမလေး ပြောတာတွေ ကျွန်မ ရိပ်မိတယ်၊ အစကတော့ မရိပ်မိပေဘူး၊ သည်လာတုန်းက မမလေးက မျက်နှာလည်း မကောင်းဘူးကိုကိုရဲ့၊ ကျွန်မကိုလည်း သူမရှိတဲ့နောက် ကလေးတွေနဲ့ အတူနေရစ်ပါလို့ မှာသွားရှာသေးတယ် ကိုကိုရဲ့"

မောင်ထွန်းမြတ်လည်း မစောကို ရူးနေပြီထင်မှတ်၍ မစဉ်းစားတတ်အောင် ဖြစ်လျက်နေလျှင်...

"ကိုကိုက ကျွန်မပြောတာမယုံဘူးလား၊ အဟုတ်ပဲ ကိုကိုရေ့ အဟုတ်ပါပဲ၊ မမလေးက စိတ်မချမ်းသာရှာဘူး၊ ဒါကြောင့် သည်လိုလုပ်တာပဲ"

"ဟဲ့–မယ်စော နင်ရူးနေသလား၊ မမလေး စိတ်ညစ်ရအောင် ဘာဖြစ်လို့လဲ" ဟု ပြောဆဲတွင် မဂျမ်းပုံလည်း အခန်းတွင်းသို့ ဝင်လာလေ၏။

"ဘယ့်နှယ်လဲ၊ ခင်စိန်ကြည် တွေ့ပြီလား"

"မတွေ့သေးဘူးအစ်မကြီးရေ့၊ တွေ့ရင်လည်း အရှင်တော့ တွေ့ရမှာ မဟုတ်ပါဘူး၊ အလောင်းသာတွေ့တော့မှာပဲ၊ မမလေး သေတဲ့အတွက် ကိုကိုတော့ အပြစ်တင်ဖို့မရှိပါပေဘူး၊ အစ်မကြီးကိုသာ အပြစ်တင်ဖို့ရှိတယ်၊ အစ်မကြီးက



http://myanmarpyithar.net

မမလေးစိတ်ညစ်အောင်ချည်းပဲ လုပ်နေတာပဲ၊ ဟုတ်သားပဲ အစ်မကြီးက”

“မစော နင်ဘာဖြစ်သလဲ၊ ရူးသလား၊ ခင်စိန်ကြည်ဘယ်မှာလဲပြောစမ်းပါ”

“မမလေး စိတ်ညစ်လို့ သွားသတ်သေပြီ အစ်မကြီးရဲ့၊ ကျွန်မပြောတာ မကြားဘူးလား၊ နေစရာမကောင်းအောင် အစ်မကြီးကချည်းပဲ လုပ်နေတာပဲ၊ သည်ဟာဝယ်လည်း ဝယ်ပြန်ပြီ၊ ထိုင်နေလည်း နေနိုင်တယ်၊ ကိုယ့်အိမ်ကိုယ်မင်း နေရတာမှ မဟုတ်ဘဲ၊ အစ်မကြီးက မြည်လိုက်တွန်လိုက် အော်လိုက်ငေါက်လိုက် မရိုက်တာ တမယ်လိုတော့တာပဲ၊ ဒါတောင် မမလေးက ဘယ်လောက်သည်းခံနိုင် သလဲလို့ ကိုကို့တောင်မပြောဘူး၊ မေးကြည့်ပါလား၊ ကိုကို့ကို ပြောသလားလို့၊ ဒါတွေကို ကိုကိုများ သိရရင်လား ဘယ်လောက် အသည်းနာလိုက်မလဲ”ဟု မရပ်မဆိုင်းဘဲ လျှင်မြန်စွာ ပြောလေလျှင် မောင်နှမနှစ်ယောက်လုံး အံ့အားသင့်လျက် စကားမပြောနိုင်ကြဘဲ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လျက်နေကြ လေ၏။

၎င်းနောက် မောင်ထွန်းမြတ်က “ဘာပြောတယ်မယ်စော၊ ငါကောင်းကောင်း နားမလည်လိုက်ပါဘူး”ဟု ပြောလျှင် “ဟုတ်တယ် ကိုကိုရဲ့၊ ကိုကို့ ကျွန်မပြောမလို့ ကြံနေတာကြာလှပြီ၊ အခုမှတော့ ထူးလည်းမထူးပါဘူး၊ မမလေး သည်အိမ် ရောက်တဲ့နေ့ကစပြီး မမလေးအတွက် ကိုကို့မှာ အကုန်အကျများသလေး ဒုက္ခ ရောက်လိမ့်မယ်လေးနဲ့ တတွတ်တွတ်ပြောနေတာပဲ၊ အဖိုးမတန်တဲ့ဟာကလေး တစ်ခု လိုချင်တာတောင် ကိုကိုမွဲအောင် လုပ်နေကြတယ်တဲ့၊ သည်ကနေ့ည သွားဖို့ဟာမှာလည်း မမလေးက လုံချည်အသစ်တစ်ထည် ဝယ်ချင်တာ အစ်မကြီး ကြောင့် မဝယ်ရဘူး၊ ခင်မကြီးဖို့ အင်္ကျီချုပ်မလို့ဟာလည်း အစ်မကြီးက မချုပ်ရ ဘူးဆိုလို့ မချုပ်ရဘူး၊ မမလေးက အသုံးအစွဲပက်စက်လွန်းလို့ ကိုကို့မှာ မမလေး အသုံးတော်ခံနိုင်အောင် နွားလိုလုပ်နေရသတဲ့၊ တကယ်ဆိုတော့ မမလေး ဘယ်နေရာ ပက်ပက်စက်စက် သုံးရစွဲရလို့လဲ၊ ဘယ်တော့မှ သည်လိုသဘော မရှိရှာပါဘူး၊ ကျွန်မ သိပါတယ်၊ ကိုကိုလည်းသိပါတယ်၊ အစ်မကြီးလည်း သိမှာပါပဲ၊ သည်လိုပြောတဲ့အခါကျမှဖြင့် မမလေးက မျက်ရည်ကလေးလည်လို့ လက်ကလေး ပိုက်ပြီး မှိုင်နေရှာတာပဲ၊ မမလေးသဘောက သူများနဲ့တူတာမဟုတ်ဘူး၊ အင်မတန် နူးညံ့တယ်၊ ကြမ်းကြမ်းတမ်းတမ်းပြောလိုက်ဆိုလိုက်လို့ ခံတတ်ရှာတာ မဟုတ်ဘူး၊ ကိုကိုတော့ သိမှာပါပဲ၊ အစ်မကြီးကတော့ မသိတတ်လို့ပြောတာပဲ၊ ဒါကြောင့် အခု သည်လိုဖြစ်တာ”

မောင်ထွန်းမြတ်လည်း အစ်မကြီး မဂျမ်းပုံဘက်သို့လှည့်၍ “ဟုတ်လား



http://myanmarpyithar.net

အစ်မကြီး”ဟု မေးလျှင် မဂျမ်းပုံမှာ တစ်သက်တွင် ဤမျှလောက် စကားမပြော နိုင်အောင် မရှိဖူးဘဲ မျက်နှာမည်းလျက် ငေးနေလေလျှင် မောင်ထွန်းမြတ်လည်း အခန်းပြင်သို့ ထွက်သွားလေ၏။

မောင်ထွန်းမြတ်မှာ ခင်စိန်ကြည်သည် မည်မျှလောက်ပင် စိတ်ညစ်ညူး သော်လည်း မိမိကိုယ်ကိုမိမိ ဘယ်နည်းနှင့်မျှ သတ်၍သေမည်မဟုတ်၊ အိမ်ပြင်သို့ ထွက်၍လမ်းလျှောက်နေမည်ထင်သည်ဟု အောက်မေ့၍ ဝင်းတွင်းသို့ လိုက်ရှာရန် အင်္ကျီထပ်၍ဝတ်နေစဉ် မစောလည်း စာတစ်စောင်ကိုကိုင်လျက် “မမလေး မှန်တင်ခုံအံဆွဲထဲကတွေ့တယ်ကိုကိုရေ့။ မမလေးလက်ရေးပဲ”ဟု ပြော၍ပေးလေ ၏။ မောင်ထွန်းမြတ်လည်း စာကိုယူ၍ကြည့်ရာ “ကိုထွန်းမြတ်”ဟု စာအိတ်ပေါ်တွင် ရေးထားသည်ကိုမြင်လျှင် မောင်ထွန်းမြတ်သည် မိမိ၏စိတ်ကို အစဉ်မပြတ် ချုပ်တီးနိုင်သောလူတစ်ယောက် ဖြစ်လျက်နှင့် စာအိတ်ကိုဖွင့်စဉ်အခါ လက်တို့သည် ဆတ်ဆတ်တုန်လျက် ရှိကုန်၏။

၎င်းစာမှာ…

***“အကလေးတို့သည် ကြီးပြင်း၍ သိတတ်သောအရွယ်ရောက်သည့်အခါ မိခင်သည် သူတို့အား အဘယ်ကြောင့် ပစ်၍သွားလေသည်ဟု မေးခဲ့ပါလျှင် သူတို့၏ဖခင် ဆိုးသည့်အတွက် မနေနိုင်သောကြောင့် ထွက်သွားရသည်ဟု ပြောရစ်ပါလေ၊ သူတို့၏မိခင်သည် ဘယ်ကဲ့သို့ ပုံပန်းရှိသည်၊ မည်သည့် အမျိုးအနွယ်ဖြစ်သည့်အကြောင်းကိုမေးလျှင်လည်း ပြောလိုလျှင် ပြောရစ်ပါလေ”***

ဤစာကို တွေ့ရှိလျှင် မောင်ထွန်းမြတ်သည် ရုတ်တရက် ဖတ်၍မရနိုင်ဘဲ စာရွက်သည် မျက်စိအောက်တွင် လည်လျက်နေဘိသကဲ့သို့ ရှိလေ၏။ စာကိုဖတ်၍ ပြီးလျှင်ပြီးချင်း အနီးတွင်ရှိသော ပက်လက်ကုလားထိုင်ပေါ်တွင် လှဲချပြီးလျှင် မိမိသည် ခင်စိန်ကြည် မနေနိုင်လောက်အောင် မည်သည့်နေရာ၌ ဆိုးသွမ်းခဲ့သည်ကို စဉ်းစား၍ မရနိုင်ဘဲရှိရှာ၏။ မိမိသည် ခင်စိန်ကြည်နှင့် အကြောင်းပါသည့် နေ့မှ စ၍ ခင်စိန်ကြည်အား အထူးသဖြင့် အရေးဂရုပြုပြီးလျှင် မည်သည့်နေရာမျှ လိုလေသေးသည်မရှိရစေရန် ကြိုးစားအားထုတ်၍ စောင့်ရှောက်ခဲ့သည်မှန်၏။ မယ်စောပြောသည့်စကားအတိုင်း အစ်မကြီးသည် ခင်စိန်ကြည်အပေါ်၌ ဆိုးခဲ့သည် မှန်စေကာမူ မိမိသည် ဤအကြောင်းကိုမျှ မသိရသောကြောင့် အလိုတူအလိုပါ ဟူ၍လည်း မဆိုနိုင်။ ၎င်းအတွက်လည်း မိမိဆိုးသည်ဟူ၍လည်း မဆိုနိုင်သဖြင့် စာကို နောက်တစ်ကြိမ် ထပ်၍ဖတ်ပြန်ရာ အစေခံတို့လည်း နိုးကြပြီဖြစ်၍



http://myanmarpyithar.net

အခန်းပြင်တွင် မိနှစ်က မောင်မြားအား "ကိုသက်ညွန့်လည်း ဘယ်ရောက်သွားမှန်း မသိဘူး၊ သူ့အခန်းမှာလည်း မရှိဘူး" ဟု ပြောသံကိုကြားလျှင် ...

မောင်ထွန်းမြတ်သည် ပြင်းစွာ တုန်လှုပ်လျက် နှုတ်ခမ်းတို့သည်လည်း ပြာလျက်ရှိသည်ကို အနီးတွင်ရပ်လျက်ရှိသော မစောမြင်သဖြင့် သနားမိရှာလေ၏။ မောင်ထွန်းမြတ်လည်း စာရွက်ကို ကိုင်၍ ကယောင်ချောက်ချားနှင့် အခန်းပြင်သို့ ထွက်သွားမည်ပြုလုပ်ပြီး မထွက်ဘဲ ဒိုင်ယာရီစာအုပ်ကိုထုတ်၍ စာရွက်ကို ညှပ်ပြီးလျှင် စာအုပ်ကို အိတ်ထဲသို့ ပြန်ထည့်၍ မစောအား "သည်အကြောင်း ဘယ်သူ့မှ မပြောနဲ့နော်" ဟု ပြောရာ။

"ဘာတဲ့လဲကိုကို၊ မမလေး သေပြီတဲ့လား"

"မသေဘူး၊ သေတာထက် ဆိုးတော့မပေါ့" ဟုပြောဆဲတွင် ခင်မကြီးသည် အိပ်ရာမှ လန့်နိုး၍ ထိတ်လန့်သောမျက်နှာဖြင့် အခန်းတွင်းသို့ ဝင်လာ၍။

"ဘာဖြစ်ကြသလဲဖေဖေ၊ မေမေကော" ဟုမေးလျှင်။

မစောက "ကလေး ဘာပြုလို့ ထလာသလဲ၊ အအေးမိလိမ့်မယ်၊ သွားအိပ် ချေလေ" ဟု ပြောရာ။

"အိပ်ပါမယ် နေပါဦး၊ မေမေကော ဘယ်မှာလဲ" ဟုထပ်၍ မေးပြန်လျှင်။

"မနက်ကျမှပေါ့ကလေးရဲ့၊ ဘယ့်နှယ်လဲ ကိုကို၊ ခင်မကြီး ပြန်အိပ်ရမယ် မဟုတ်ဘူးလား" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ကြားဟန်လက္ခဏာမရှိဘဲ ခင်မကြီး၏ပခုံးကိုကိုင်၍ မစောအားပြပြီးလျှင်.... "သည်ကနေ့ကစပြီး မမကြီးနော်" ဟု ပြော၍ အခန်းအပြင်သို့ ထွက်သွားရာ မစောလည်း မှိုင်လျက်နေရစ်လေ၏။

မမကြီးလည်း အခန်းပေါက်အနီးသို့သွား၍ အစေခံတို့စုရုံး ပြောနေကြသည်ကို ကြားသဖြင့် မစောထံ ပြန်လာပြီးလျှင် "သူတို့ ပြောနေကြတာ အဟုတ်လားမစော"

"ဘာပြောနေကြသလဲကလေးရဲ့"

"ကိုသက်ညွန့်က မေမေ့ ခေါ်ပြေးတယ်ဆို" ဟု ပြောလျှင် မစောသည် ကုလားထိုင်ပေါ်သို့ ပက်လက်လန်၍ လဲသွားလေ၏။

မမကြီးလည်း "ဘာပြုလို့ ခေါ်သွားတာလဲ မစောရဲ့၊ ပြောစမ်းပါ၊ မေမေ့သတ်ပစ်မလို့လား၊ ဟုတ်လား"

"အိပ်ချေလေ ကလေး၊ ဒါနဲ့ နေမကောင်းဘဲ နေလိမ့်မယ်"

"မေမေ့တွေ့ချင်တယ်မစောရဲ့၊ မေမေ ဘယ်တော့ ပြန်လာမလဲ" ဟု ပြောဆဲတွင် မဂျမ်းပုံသည် အခန်းတွင်းသို့ ဖြည်းညင်းစွာ ဝင်လာ၍ ကုလားထိုင်



http://myanmarpyithar.net

တစ်လုံးပေါ်တွင် ထိုင်ရာ မျက်နှာမည်းလျက် အလွန်တရာ ဝမ်းနည်း၍ နောင်တကြီး ရသည့် လက္ခဏာရှိပေ၏။

ဝန်ထောက်မင်း ဦးကျော်မင်းလည်း ၎င်းညဉ့်တွင် အခွန်ဝန်မင်းအိမ်မှ ၁၂နာရီနှင့် နာရီပြန်တစ်ချက်အတွင်းပြန်လာ၍ မိမိမယားဝန်ထောက်ကတော်ကြီးအား မောင်ထွန်းမြတ်တို့၏အိမ်ဆီမှ မြင်းရထားတစ်စီးသည် ကဆုန်ချ၍ မောင်းသွားသည်ကို မြင်လိုက်ကြောင်း ပြောလေ၏။



http://myanmarpyithar.net

## အခန်း (၂၂)

ခင်စိန်ကြည်သည် လင်နှင့် သားသမီးတို့ကို စွန့်ပစ်၍သွားသည်မှာ ၁ နှစ်ခန့် ရှိလေ၏။ တစ်နေ့သ၌ ခင်စိန်ကြည်သည် ရန်ကုန်နှင့်မနီးမဝေး တောရွာတစ်ရွာ၌ အိမ်ကြီးတစ်ဆောင် ပြတင်းပေါက်အနီး ကုလားထိုင်တစ်လုံးပေါ်တွင် လက်ပိုက်၍ ထိုင်လျက် ပြတင်းပေါက်မှ ငေးကြည့်နေလေ၏။ ခင်စိန်ကြည်သည် မောင်သက်ညွန့် အား ချစ်ကြိုက်မိသည်မှန်၏။ သို့ရာတွင် သားသမီးနှင့် လင်သားကို စွန့်ပစ်၍ အိမ်မှထွက်ခွာလာရခြင်းမှာ မောင်သက်ညွန့်အတွက် လုံးလုံးဖြစ်သည်ဟု မယူသင့်ပေ။ မောင်ထွန်းမြတ်နှင့် နေစဉ်အခါ မောင်ထွန်းမြတ်ကို မိမိရှိနှင့်အထင်မှားသည့်အတွက် လွန်စွာ စိတ်နလုံးမချမ်းသာလှသဖြင့် ဤသို့သောအဖြစ်မှ လွတ်စေတော့ဟု ကြံမိကြံရာကြံခဲ့ရာရာ ယခုမှာမူ မောင်ထွန်းမြတ်နှင့်နေစဉ်အခါကထက် အဆများစွာ ပိုမို၍ ဒုက္ခဆင်းရဲ တွေ့ကြုံရလေ၏။

ခင်စိန်ကြည်သည် မောင်သက်ညွန့်နှင့် အိမ်မှထွက်မိလျှင် ထွက်မိချင်း မိမိ၏အဖြစ်ကိုပြန်၍သတိရပြီးလျှင် မှားလေတော့ပြီဟု သိလျက်နှင့် ဖွတ်နှစ်ဆိုသည့် စကားကဲ့သို့ မကောင်းသည့်အဖြစ်ကို သိလျက်နှင့် နောက်သို့မဆုတ်နိုင်ဘဲ ရှေ့သို့တိုးရခြင်း ဖြစ်လေသည်။ အိမ်မှ ထွက်၍လာစအခါကပင် မိမိသည် မောင်သက်ညွန့်နှင့် အတူနေထိုင်သည်ဖြစ်စေ၊ တသီးတခြားနေထိုင်သည်ဖြစ်စေ ဤတစ်သက်၌ တစ်ခဏမျှ စိတ်ချမ်းသာနိုင်မည်မဟုတ်ဟု အောက်မေ့မိလေ၏။

မောင်သက်ညွန့်လည်း ခင်စိန်ကြည်နှင့် အစဉ်မပြတ် အတူမနေထိုင်ဘဲ ရန်ကုန်နှင့် ခင်စိန်ကြည်ရှိရာသို့ ကူးသန်းလျက်ရှိရာ တစ်နှစ်အနက် ၄လခန့်သာလျှင် ခင်စိန်ကြည်နှင့် အတူနေထိုင်လေ၏။ မောင်သက်ညွန့် ရန်ကုန်သို့ သွားသည့်အခါ တို့၌ ခင်စိန်ကြည်သည် အတူလိုက်ရန် ပြောပါသော်လည်း မောင်သက်ညွန့်က "မတော်သေးလို့ပေ့ါခင်ရယ်၊ နောက်တော့ ခေါ်မယ်ပေါ့"ဟု လှည့်ပတ်ပြောဆို၍



http://myanmarpyithar.net

ထားခဲ့လေ၏။ မောင်သက်ညွန့်မှာ ခင်စိန်ကြည်အား မောင်ထွန်းမြတ်ကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် ချစ်ကြိုက်လှသည်မဟုတ်သဖြင့် ထွက်ပြေးစအခါကသာလျှင် အရေးတယူလုပ်လျက် ရက်အနည်းငယ်လွန်လျှင် မထီမဲ့မြင်ပြု၍ လျစ်လျူသာလျှင် နေကုန်၏။

ငင်းနေ့ညနေ၌ ချမ်းအေးသည့်ဥတုဖြစ်၍ ခင်စိန်ကြည်သည် မီးလင်းဖို တစ်ခုကို ပြတင်းပေါက်အနီးတွင်ထား၍ ပြတင်းမှထိုင်လျက် ရွာသူရွာသားတို့သည် တောမှ အလုပ်ပြီး၍ ရယ်မောပြောဆိုပြန်လာကြသည်ကိုမမြင်ဘဲ ငေးကြည့်လျက် နေရာ လေမင်းသည် ဖြည်းညင်းစွာ တိုက်နေရာမှ တဖြည်းဖြည်း ပြင်းလျက်လာလျှင် အိမ်ကြီးသည်လည်း ဟောင်းနွမ်းလုပြီဖြစ်၍ ထိုမှဤမှ ယိမ်းယိုင်လျက် ပုခက်လွှဲသကဲ့သို့ရှိကုန်၏။ မောင်သက်ညွန့်လည်း ရန်ကုန်သို့ သွားနေခိုက်ဖြစ်၍ ခင်စိန်ကြည် သည် ငင်းအိမ်ကြီး၌ မိန်းမအစေခံတစ်ယောက်နှင့် နေထိုင်ရရှာ၏။ ခင်စိန်ကြည်၏ ရုပ်လက္ခဏာမှာ မောင်ထွန်းမြတ်နှင့်နေစဉ် မိတ္ထီလာသို့သွားသောအခါ ကထက်ပင် ကြုံလှီနွမ်းလျော့၍ မျက်ကွင်းမည်းညိုခြင်း၊ အသားအရေ ဖျော့တော့ခြောက်ခန်းခြင်း၊ လက်ဖဝါး၊ ခြေဖဝါးစပ်ပူစပ်ရှားရှိခြင်း၊ နှုတ်ခမ်း ကွဲအက်ခြင်း စသည်ဖြင့် အရုပ်အဆင်းပျက်လှဘနန်းရှိအောင် မကျန်းမမာ ဖြစ်လျက်ရှိလေ၏။

ခင်စိန်ကြည်သည် ပြတင်းပေါက်အနီးတွင် နှလုံးမသာယာသောမျက်နှာဖြင့် ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်လှန်တွေးတော နေသည့်လက္ခဏာနှင့်ထိုင်နေရာ မောင်သက်ညွန့်သည် သားရေအိတ်ကို လက်ဆွဲလျက် အိမ်ပေါ်သို့တက်လာလျှင် အနီးတွင်ထိုင်၍ အကလေးကို ပုခက်လွှဲလျက်ရှိသော အစေခံမိန်းမကို အခြားသို့ ခေတ္တသွားနေရန် ပြောပြီးမှ…"ဘာလုပ်လာသလဲ"ဟု တုန်ရယ်ခြင်းကင်းသော အသံဖြင့် မေးလေ၏။ မောင်သက်ညွန့်လည်း ကုလားထိုင်တစ်လုံးကိုဆွဲ၍ အနီးသို့ ချဉ်းကပ်မည်ပြုရာ။

ခင်စိန်ကြည်က မျက်နှာထားတင်းတင်းနှင့် "ဘာလုပ်လာသလဲ"ဟု ထပ်၍ မေးလေလျှင်…

"သည်လောက် အပင်ပန်းခံပြီး တမင်လာခဲ့ရတာများ သည်လောက်မျက်နှာ ထားတင်းဖို့ မကောင်းပါဘူးခင်ရယ်" ဟု ပြောလျှင်…

ခင်စိန်ကြည်သည် မောင်သက်ညွန့်၏အပေါ်၌ များစွာစိတ်ဆိုးရန် အကြောင်း ရှိသော်လည်း စိတ်ကိုချုပ်တီး၍ အမျက်ကိုအပြင်သို့မထွက်စေဘဲ ငြိမ်သက်သော အသံဖြင့်….

"ကျွန်မကို ရှင်စာရေးပြီးသည့်နောက် ကျွန်မမျက်နှာ ရှင်လာပြီးကြည့်တာ



http://myanmarpyithar.net

အင်မတန် အံ့ဩဖို့ကောင်းတယ်၊ ရှင်လာတာလည်း ကျွန်မတစ်ခုတော့ဝမ်းသာပါရဲ့၊ ဘယ့်နှယ်ကြောင့် ဝမ်းသာသလဲဆိုတော့ စာရပြီးပြီးချင်း စာပြန်ရေးဖို့ဟာ စာမရေးနိုင်သေးလို့ အခုတော့ ရှင်လာပေလို့ စာရေးရသက်သာတာပေါ့၊ ကျွန်မကို ရှင် ဘယ့်နှယ် မိန်းမစားမှတ်သလဲ”

“ဖြည်းဖြည်း ခင် ဖြည်းဖြည်း၊ ကျုပ်က စာထဲမှာ နည်းလမ်းရှိသလောက် ရေးလိုက်တယ်မဟုတ်လား၊ သည်ဥစ္စာ...”

“ဘာနည်းလမ်းလဲ၊ တော်ပြီ ကိုသက်ညွန့်၊ ကျွန်မကို သည်အကြောင်း ထပ်မပြောနဲ့တော့၊ ရှင်နဲ့ကျွန်မနဲ့သည်ကနေ့ကစပြီး ပြီးကြပြီ”ဟုပြောလျှင် စားပွဲအံဆွဲကိုဆွဲ၍ တစ်စုံတစ်ခုကိုရှာလျက်နေရာ...

မောင်သက်ညွန့်က “ခင်လည်း စဉ်းစားကြည့်ပါ၊ ကျုပ်အခြေအနေနဲ့ လူတစ်ယောက်က လင်ကွာပြီး မိန်းမတစ်ယောက်ကို မယားကြီးအဖြစ်နဲ့ယူဖို့ အပုံကြီးခဲယဉ်းပါတယ်၊ သည်တော့ စာထဲမှာပါတဲ့အတိုင်း...”

“တော်ပြီ ကိုသက်ညွန့်၊ ဆင်ခြေမလဲပါနဲ့တော့၊ ရှင့်စိတ် သဘောကို ကျွန်မ ယခုသိပြီ၊ ဟိုက မိန်းမက အငယ်၊ ကျွန်မက အကြီးဖြစ်စေဦးတော့ ရှင်နဲ့ကျွန်မ နေနိုင်ဖို့မရှိဘူး၊ ရှင်ပြောသလိုများတော့ ပြောဝံ့တာတောင် အင်မတန် အံ့ဩဖို့ကောင်းတယ်”

“ခင်က သည်လောက်တောင် ဖြစ်နေရင်လည်း ဘယ်တတ်နိုင်မလဲ”

“မတတ်နိုင်ပါဘူး၊ ဟုတ်ပါတယ်၊ ရှင်က တတ်နိုင်လည်း ကျွန်မက အကွာကြီးပါ”

“သည်လောက်မပြောပါနဲ့အစ်မရယ်၊ အစကလည်း အစ်မကို ကျုပ်က ပြောရတာက တော်တော်ပါ၊ အစ်မဘာသာ အစ်မလင် စိတ်ကောက်ပြီး ထွက်လာတာပါ”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်”

“ဒါနဲ့ စကားစပ်မိလို့ ပြောရဦးမယ်၊ ကိုထွန်းမြတ်ကို ခင်က သက်သက် အထင်လွဲတာ၊ ဟုတ်တာမဟုတ်ဘူး”

“ဘာပြောတယ်”

“မိမိရီနဲ့ ကိုထွန်းမြတ်ပြောတယ်”

“ဘာဖြစ်သလဲ ဒါ”

“ဩော် သူတို့နှစ်ယောက်ကို ခင်ကအထင်လွဲတဲ့အကြောင်း ပြောတယ်၊ သူတို့က ဘာမှဟုတ်ကြတာမဟုတ်ဘူး၊ သူတို့ကိစ္စနဲ့ သူတို့ပြောကြတာ”



http://myanmarpyithar.net

"ဘာကိစ္စလဲ"

"မိမိရီမောင် လူသတ်မှုအကြောင်းဆို ထင်ပါရဲ့"

"ရှင်က ဘာပြုလို့ သိရသလဲ"

"ကျုပ်က သူတို့ပြောတာ ကြားလို့ပေါ့"

"ကြည့်စမ်း၊ ဟိုတုန်းကတော့ ရှင်က တစ်မျိုးပါကလား"

"ဒါတော့ ကိုယ်လိုရာ ကိုယ်ဆွဲပြောရတာပေါ့" ဟု ပြောလျှင် ခင်စိန်ကြည်သည် တစ်စုံတစ်ရာမျှမပြောဘဲ မှိုင်လျက်နေလေ၏။ ၎င်းနောက် မောင်သက်ညွန့်က ပုခက်ရှိရာသို့ လက်ညှိုးညွှန်ပြီးလျှင် "သည်ပစ္စည်းကလေး ဘယ့်နှယ်နာမည်မှည့်ထားသလဲ"

"ဘယ့်နှယ်မှ မှည့်ရသေးဘူး"

"ဘယ်သူနဲ့ တူသလဲ" "ကျုပ်နဲ့တူရင်တော့ ချောမှာပေါ့"

"ရှင်နဲ့များ စိတ်သဘောတူလျှင်တော့ သေပါစေ ဆုတောင်းလိုက်မှာပဲ"

"သည့်ပြင်များ ဘာပြောစရာရှိသေးသလဲ၊ လာလာမစနဲ့ ခင်ရဲ့၊ သည်က သာပြီး အရွဲ့ပြောနိုင်သေးတယ်၊ ခင် မသိဘူးလား"

"သိပါပြီရှင်၊ သိပါပြီ၊ ကဲ ရှင်နဲ့ ကျွန်မနဲ့ ကိစ္စပြီးကြပြီ၊ သည်အိမ်ကို ကျွန်မနာမည်နဲ့ငှားထားတာ၊ ပေးစရာရှိ ကျွန်မပေးရမယ်၊ ရှင်နဲ့ ဘာမျှမဆိုင်ဘူး၊ သွားပေတော့" ဟုပြောပြီးလျှင် စားပွဲ အံဆွဲမှ ငွေစက္ကူများကိုယူ၍ "တနေ့က ရှင် ငွေ ၁၀ဝ ပို့လိုက်တယ် မဟုတ်လား၊ ရော့ ဟောသည်မှာ စေ့ရဲ့လား ရေကြည့်"

"ဘာပြုလို့လဲ"

"ရှင်နဲ့ ကျွန်မနဲ့ ဘာမျှမစပ်ယှက်ဘူး၊ ကဲလေ ယူပါ"

"ခင်က တစ်ယောက်နဲ့တစ်ယောက် လုံးလုံးဖြတ်စေချင်ပြီဆိုလျှင် ဖြတ်ကြတာပေါ့၊ ဖြတ်တာလည်း ခပ်ကောင်းကောင်းပါပဲ၊ အတူနေလို့လည်း တည့်ပုံမရပါဘူး၊ သို့သော် ခင့်အလိုနော် သည်ကအလို မဟုတ်ဘူး၊ ကဲဒါဖြင့် ခင်တို့ သားအမိနှစ်ယောက် တစ်လ ဘယ်လောက်ရရင် စားလောက်မလဲ၊ တစ်လကို..."

"တော်ပြီ၊ ရှင် နောက်ထပ်မပြောနဲ့တော့၊ ကျွန်မကိုရှင်ကဘာမှတ်သလဲ"

"ဘာမှတ်ရမလဲ ခင်ရဲ့၊ နို့ ဘာစားနေကြမလဲ"

"ဘာပဲစားစား ရှင့်အပူမဟုတ်ဘူး၊ နောက်ဆုံး ဘယ်လိုနည်းနဲ့မှ ကြံလို့ဖန်လို့ မရဘူးဆိုရင် ကျွန်မယောကျ်ားဆီက ငွေတောင်းရင်သာ တောင်းမလား၊ ရှင့်ဆီက ပိုက်ဆံ ကျွန်မ မယူဘူး၊ ကဲ သည်လောက်ပြောရင် ရှင်သိဖို့ကောင်းပြီ"

"ဘယ်သူ့ဆီက ခင့်ယောကျ်ားဆီက၊ ခင့်ယောကျ်ား ဘယ်သူလဲ" ဟု မောင်သက်ညွန့်က ပြောင်လှောင်၍ မေးလေလျှင် ခင်စိန်ကြည်သည် မျက်နှာပျက်၍ "ကျွန်မအရင်ယောကျ်ား ကိုထွန်းမြတ်ပြောတာပါ၊ ရှင်ကများ ပြောရသေး သလားရှင်"

"ဒါဖြင့် ခင့်အတွက်မလိုချင်ရင် ကလေးအတွက် ပေးရမှာပေါ့၊ ကလေးတော့ ကိုယ့်တာဝန်ဖြစ်ပေတာကိုး" ဟု ပြောလျှင် ခင်စိန်ကြည်သည် ထိုင်ရာမှထ၍ မောင်သက်ညွန့်၏မျက်နှာအနီးတွင် လက်ခုပ်တီးလျက် "ရှင့်ဆီကလို့ဆိုရင် တစ်ပြားတစ်ချပ်မှ ကျွန်မမယူဘူး၊ ပို့ဝံ့ရင် စမ်းပို့စမ်း၊ အကုန် အိမ်သာထဲ ချပစ်မယ်၊ ကျွန်မကို ရှင်က ဘာမှတ်သလဲ၊ ဘယ့်နှယ်မိန်းမစား မှတ်သလဲ၊ ရှင်က ရှင်ဖျက်ဆီးလို့ ကျွန်မ ပျက်စီးရပေမယ့် ကျွန်မ စစ်ကဲကြီး ဦးထင်ကျော်၏ သမီးရှင့်"

"ဒါတော့ ခင့်ကိုယ်ခင် ဖျက်တာပါ ခင်ရယ်၊ သည်ကဖျက်တာက တော်တော်ပါ"

"သိပါတယ်၊ သိပါတယ်၊ ရှင်မပြောနဲ့တော့၊ သွားပါတော့"

"ဒါဖြင့် ခင်က သည်လောက်တင်းရင် ဘယ်တတ်နိုင်မလဲ၊ နောက် စိတ်သဘောများပြောင်းလို့ရှိလျှင် စာရေးလိုက်နော်"

"မထင်ပါနဲ့ရှင်၊ တော်ပါတော့"

"ဒါဖြင့် သည်ကနေ့ကစပြီး တစ်ယောက်နဲ့တစ်ယောက် ရန်သူကြီးပေါ့လေ"

"သည်ကနေ့ကစပြီး သူစိမ်းပဲ"

မောင်သက်ညွန့်လည်း လက်ဆွဲသားရေအိတ်ကို ဆွဲလျက် ဆင်းသွား၍ အစေခံမိန်းမနှင့် အိမ်အောက်တွင်တွေ့လျှင် ၎င်းအား လခငွေ တစ်နှစ်တွက်နှင့် အိမ်ရှင်ကိုလည်း တစ်နှစ်တွက်အိမ်ခပေးပြီးလျှင် ကိစ္စချောချောမောမောပြီးစီးပေပြီဟု ဝမ်းမြောက်ဝမ်းသာနှင့် သင်္ဘောသို့ဆင်း၍ အိပ်လေ၏။

ခင်စိန်ကြည်မှာမူ ပြတင်းပေါက်အနီး ကုလားထိုင်ပေါ်တွင် ထိုင်လျက် မိမိလင်ကို အထင်မှားလေသည့်အတွက် လက်စားချေ ရရုံမျှရှိစေတော့ဟု သားသမီး နှင့် လင်တို့ကို စွန့်ပစ်ခဲ့၍ သူတစ်ပါး ကဲ့ရဲ့ပြစ်တင်မည်ကိုမျှစိုးရိမ်ခြင်းမရှိနိုင်ဘဲ ထွက်လာခဲ့မိရာ ယခုမှာမူ ဆွေမရှိမျိုးမရှိ အမိမရှိ အဖမရှိ မိတ်ဆွေကောင်းဟူ၍လည်း တစ်ယောက်မျှမရှိသည့်ပြင် ပိုက်ဆံကြေးငွေလည်း မရှိသဖြင့် မိမိအတွက် ကလေး တစ်ဖက်နှင့် ရှာကြံ၍စားရမည်ကဲ့သို့ ဖြစ်လေတော့သည်ဟု စဉ်းစားစိတ်ကူးလျက် မောင်ထွန်းမြတ်သည် အကယ်၍ပင် မိမိထင်သည့်အတိုင်း မှန်စေကာမူ



http://myanmarpyithar.net

မောင်သက်ညွန့်နှင့်ကား မနိုင်းယှဉ်လောက်အောင်ပင် ကွာလေသေးတော့သည်ဟု မိမိပြုခဲ့မိသမျှကို နောင်တကြီးရ၍ သားသမီးတို့ကိုလည်း လွမ်းဆွတ်လှသဖြင့် မျက်ရည်ကျလျက်နေလေ၏။

မောင်သက်ညွန့်ကလည်း မိမိရီနှင့် မောင်ထွန်းမြတ်တို့သည် မည်သို့မျှ မရှိကြောင်းကို ပြောသွားရာ၌ ခင်စိန်ကြည်အား စိတ်မချမ်းသာစေရန်သာလျှင် ပြော၍သွားလေသလော။ သို့တည်းမဟုတ် အမှန်ပင် ဖြစ်လေသလော–အကယ်၍ မောင်သက်ညွန့် ပြောသည့်အတိုင်း မည်သို့မျှ မရှိဘဲလျက် မိမိအထင်လွဲလေသည် မှန်ခဲ့ပါလျှင် အမှားကြီးမှားလေစွ–မိုက်လေစွဟု အောက်မေ့၍ မိမိယခုနေထိုင်ရခြင်းသည် အိပ်မက်မက်သည်သာဖြစ်၍ အိပ်ရာမှနိုးလျှင် မောင်ထွန်းမြတ်နှင့် အတူနေထိုင်လျက်ရှိသည်ကိုတွေ့ရလျှင် အလွန်တရာ ကောင်းလေစွ စသည်ဖြင့် မဖြစ်နိုင်သည်ကို ဆုတောင်းလျက်ရှိလေ၏။

ခင်စိန်ကြည်သည် ဤသို့ကုလားထိုင်ပေါ်တွင် ထိုင်လျက် ပြတင်းပေါက်ပေါ်သို့ တံတောင်နှစ်ဖက်ဖြင့်ထောက်၍ မျက်နှာကိုလက်နှစ်ဖက်ဖြင့် ဆုပ်ပြီးလျှင် မျက်ရည်အသွယ်သွယ်ကျလျက် သန်းခေါင်ကျော်သည့်တိုင်အောင် စဉ်းစား စိတ်ကူးလျက်နေရာမှ အိပ်ရာသို့ ဝင်အိပ်ရာ အိပ်မက်ထဲ၌ မိမိသည် ရှေးအခါကကဲ့သို့ မောင်ထွန်းမြတ်နှင့်လက်တွဲ၍ လမ်းလျှောက်လျက် ရယ်မောစရာများကို နှစ်ယောက်သား ပြောဆိုရယ်မောနေကြစဉ် ခင်မောင်ကြီးက မေမေဟု ခေါ်လိုက်ရာတွင် လန့်နိုး၍ ခင်မောင်ကြီးမဟုတ်၊ မောင်သက်ညွန့်နှင့်မွေးသော အကလေး ငိုသံမျှသာ ဖြစ်သဖြင့် အိပ်မက်ပါတကားဟု သတိရပြီး သက်ပြင်းချ မိလေ၏။

■



http://myanmarpyithar.net

## အခန်း(၂၃)

မောင်သက်ညွန့် ပြန်သွားပြီးသည် နောက်တစ်နေ့၌ ခင်စိန်ကြည်သည် မိမိ၌ ပိုက်ဆံကြေးငွေ တစ်ပြားတစ်ချပ်မျှမရှိ၊ အဖ စစ်ကဲကြီးသည် ခင်စိန်ကြည်၏မိခင်နှင့် အကြောင်းပါစဉ်အခါက လက်ဖွဲ့သော စိန်ပတ်လည်ကွင်း လက်စွပ်ကလေးတစ်ကွင်း ရှိသေးရာ ဖခင်က မိမိအား ဝတ်ပေး၍ "မိခင်အစား ဤလက်စွပ်ကို အရေးယူလေ" ဟု မှာထားခဲ့သော လက်စွပ်ဖြစ်၍ ဖခင်၏ကိစ္စ၌ မိမိလက်ဝတ်လက်စားတို့ကို ရောင်းချစဉ်အခါက ချန်၍ထားခဲ့ရာ ယခုမှာမူ စားသောက်ရန်အတွက်ဖြစ်၍ ရောင်းချသုံးစွဲရလေ၏။

မောင်သက်ညွန့်နှင့် ခွဲပြီးသည်နောက် ၂ လခန့်ကြာရှိ၍ ခင်စိန်ကြည်သည် အထက်က တစ်ကြိမ်ကဲ့သို့ ပြတင်းပေါက်အနီးတွင် ထိုင်လျက်နေစဉ် အစေခံမိန်းမသည် အိမ်ပေါ်သို့တက်လာ၍ "အိမ်အောက်မှာလူကြီးတစ်ယောက်က တွေ့ချင်လို့တဲ့၊ စောင့်နေတယ်" ဟုပြောလျှင် ခင်စိန်ကြည်သည် မည်သူဖြစ်လေတော့သနည်းဟု တွေးတော၍ မရသဖြင့်...။

"ဘယ်လိုလူပုံလဲ"

"ထောင်ထောင်မောင်းမောင်းပဲ၊ ကြည့်ရတာ အင်မတန် ခန့်ညားတယ်"ဟု ပြောလျှင်

ခင်စိန်ကြည်သည် မောင်ထွန်းမြတ် ဖြစ်လေတော့သလားဟု အံ့အားသင့်လျက်– "ဘယ်အရွယ်လောက်ရှိပြီလဲ"

"၅၀–ကျော်လောက်ရှိပြီမှတ်တယ်" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် မိမိရှိရာသို့ လာပါမည်လားဟု မိမိထင်သည်ကို ရှက်သောမျက်နှာဖြင့် "နာမည်သွားမေးလိုက်စမ်းပါဦး" ဟု ပြောသဖြင့် အစေခံမိန်းမလည်း ဆင်းသွားလေ၏။

အစေခံမိန်းမပြန်လာလျှင် ၎င်းနောက်မှ လူတစ်ယောက်သည် ကပ်၍လိုက်လာရာ ခင်စိန်ကြည်သည် ဝတ်လုံတော်ရမင်း ဦးသာဒင်ကိုမြင်လျှင် မျက်နှာကို

လက်ဖြင့်အုပ်လျက်… "ဦးလေးပါကလား၊ ဦးလေးရဲ့ ကျွန်မသည်မှာ ရှိတယ်ဆိုတာ ဘယ့်နှယ် ဦးလေးသိသလဲ" ဟု မျက်ရည်ကျလျက် မျက်နှာကို မကြည့်ဘဲ မေးလျှင်… "သက်ညွန့်နဲ့ ရန်ကုန်မှာ တစ်နေ့ကတွေ့တော့လို့ နင့်ကို ဘယ်ပစ်ထားသလဲ ငါ မေးကြည့်တယ်၊ သက်ညွန့်မိန်းမရပြီ၊ နင်သိရဲ့လား"

"သိပါတယ် ဦးလေးရယ်"

"ဒါနဲ့ သင်း– ငါမေးကြည့်တော့ သည်ရွာ နေရာချလိုက်တယ်" ဟု ပြော၍ ၂ ဦးလုံး စကားပြတ်နေကြလျှင် ဝတ်လုံကြီးသည် အခန်း၏အခြေအနေကို အကဲခတ်လျက်နေလေ၏။

"ကျွန်မကို ဦးလေး ဘာပြုလို့ လိုက်ရှာသလဲ ဦးလေးရယ်၊ သည်လောက်တောင် ဦးလေးတို့ အရှက်ခွဲတဲ့ဟာ ပစ်ထားဖို့သာ ကောင်းပါတယ်" ဟု ပြောလျှင်။

ဝတ်လုံကြီးသည် လူတစ်ဖက်သားအား ပြောရန်ရှိလျှင် ညှာတာ၍ပြောတတ်သောအလေ့မရှိသဖြင့် "ငါ့အရှက် ခွဲတာ ဘာအတွက်ရှိသလဲ၊ နင့်လင် အရှက်ခွဲတာကော၊ နင့်ကလေးတွေ အရှက်ခွဲတာကော– ငါက ဦးလေး ဘာကိစ္စရှိသလဲ၊ အခုတော့ နင့်မှာ ကြည့်ရှုမဲ့လူမရှိလို့ ဝတ္တရားရှိတဲ့အတိုင်း လာမေးလာတယ်၊ ငါပစ်ထားလျှင် တော်တော်ကြာ နင် သည်ထက်များဆိုးသွား ဘယ့်နှယ်လုပ်မလဲ" ဟုပြောလျှင် ခင်စိန်ကြည်သည် ဦးခေါင်းကိုငုံ့လျက် နေလေ၏။

"နင့်ပိုက်ဆံလည်းမရှိဘူး၊ ဘယ့်နှယ်များ လုပ်နေမယ်ထိုင်မယ် ကြံသလဲ"

"ကျွန်မ ပိုက်ဆံနည်းနည်း ရှိပါသေးတယ်"

"သည်အကောင့်ငွေ နင်ယူတယ်" ဟု ငေါက်၍ မေးလျှင် ခင်စိန်ကြည်လည်း ဦးလေးမျက်နှာကို မော်ကြည့်၍ "မဟုတ်ပါဘူး ဦးလေးရယ်…၊ ကျွန်မရှိတာကလေး ရောင်းလို့ချလို့ရတာပါ၊ သည်ငွေကလေး ကုန်သွားရင် ဆရာမလုပ်မယ် အောက်မေ့တာပဲ"

"ထွန်းမြတ်က ပြောတော့ နင် ဘာမျှယူမသွားဘူး ပြောပါကလား"

"သူဝယ်ပေးတာဆိုလို့ ကျွန်မ တစ်ခုမျှမယူပါဘူး၊ ကျွန်မ မေမေ့လက်စွပ်ကလေးပါ၊ ကိုထွန်းမြတ်နဲ့ ဦးလေး တွေ့ပြီးပြီပေါ့လေ"

"တွေ့ရပါသော်လေ၊ ဘယ့်နှယ် ကိုယ့်အမျိုးထဲကဟာ တစ်ယောက်က သူ့အပေါ် သည်လောက်ပစ်မှားတော့ ချက်ချင်းသွားပြီး အကျိုးအကြောင်း မေးရတာပေါ့၊ နင့်ကို အရင်က အင်မတန် သည်လိုအရာမှာ ယုံကြည်လွန်းလို့ သည်လို အကြောင်းကြားတော့ နင်ရူးပြီ ငါထင်မိတယ်၊ ဒါနဲ့ ထွန်းမြတ်အိမ် ရောက်တော့လည်း



http://myanmarpyithar.net

ဘယ့်နှယ်ကြောင့်ဆိုတာ မသိရဘူး၊ ထွန်းမြတ်ကိုယ်တိုင်လည်း မသိရှာဘူး၊ ဘယ့်နှယ်ကြောင့် နင် သူ့ သည်လိုလုပ်သလဲဟယ်”

ခင်စိန်ကြည်လည်း မျက်နှာပူသည်နှင့် ဦးခေါင်းကို ငုံ့သည်ထက် ငုံ့၍ မိမိအတွက် မောင်ထွန်းမြတ်သည် လွန်စွာစိတ်ဆင်းရဲခြင်း ဖြစ်ရှာချေမည်ဟု မောင်ထွန်းမြတ်၏ အပေါ်၌ ငါသည် မှားခြင်းကြီး မှားလေတော့ပြီဟု အောက်မေ့လေလျှင် ဝတ်လုံကြီးသည် ခင်စိန်ကြည် မျက်နှာထားကိုမြင်၍ ကရုဏာရှိသော အသံဖြင့်...

“ခင်စိန်ကြည်”

“ဦးလေး”

“နင် အခုဖြင့် တော်တော် နောင်တရပြီမှတ်တယ်၊ ကဲ–ဦးလေး ပြောစမ်းပါ၊ ဘာပြုလို့ သည်အကောင်နဲ့ သည်လိုမှားရသလဲ၊ ဦးလေးဖြင့် စဉ်းစားလို့ကိုမရဘူး၊ သည်အကောင်အကြောင်းလည်း ထွန်းမြတ်နဲ့ ညားစကတည်းက ငါ သတိအပေးသား မဟုတ်လား”

“သူ ကျွန်မတို့အိမ်လာတာ ကိုထွန်းမြတ်ခေါ်လို့လာတာပဲ”

“အေးလေ ခေါ်ရင်ကော ဘာဖြစ်သလဲ၊ ကိုယ့်မယားကို ယုံလို့ ခေါ်တာပေါ့၊ ကိုယ့်မယားဟာ မယားဝတ်အတိုင်း၊ ကျေပွန်တဲ့ မိန်းမမှတ်လို့ ခေါ်တာပေါ့၊ သည်လိုဖြစ်လိမ့် မယ်လို့ ဘယ်သူသိနိုင်ပါမလဲ” ဟု ခပ်မာမာ ပြောပြန်လျှင် ခင်စိန်ကြည်သည် ပြန်၍မပြောနိုင်ဘဲ မျက်နှာကို အောက်ချလျက် နေပြန်၏။

“သည်လိုကောင်းတဲ့လင်၊ သည်လိုမယား ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိတဲ့ လင်မျိုး နင်ဘယ်တော့တွေ့နိုင်မလဲ၊ သည်လိုလင် ရလို့မှ နင် ကောင်းကောင်း မနေနိုင်တာ ငါဖြင့် အင်မတန် အံ့သြတယ်ဟယ်၊ နင် ရေးထားခဲ့တဲ့စာ ထွန်းမြတ်က ငါ့ကိုပြတယ်၊ ငါ့တစ်ယောက်တည်း သူ သည်စာကိုပြတယ်၊ သည်စာဖတ်တော့ ငါလည်း နားမလည်ဘူး၊ သူလည်း နားမလည်ရှာဘူး၊ သူ့အစ်မကြီး မဂျမ်းပုံအတွက် ကြောင့် နင် စိတ်မချမ်းသာဘူး ဆိုတာ နင်သွားပြီးတဲ့နောက်မှ သူ သိတယ်၊ သည်တော့ တကယ်ဆို လင်ကို အကျိုးအကြောင်း ပြန်ပြောပါတော့လားတဲ့၊ ဒါလည်း အကြောင်း မဟုတ်သေးပါဘူး၊ သည်အစ်မအတွက်ကြောင့် လင်ကို သည်လိုလုပ်တယ်ဆိုတာ မဟုတ်သေးပါဘူး၊ သည့်ပြင်အကြောင်း ရှိပါလိမ့်ဦးမယ်”

“သည်အကြောင်းတွေ မပြောကြပါစို့နဲ့ ဦးလေးရယ်၊ ပြောလို့လည်း မထူးပါဘူး”

“ဘယ့်နှယ်မပြောရမလဲ၊ သည်ဟာ ပြောရအောင် ငါလာတာ၊ မိန်းကလေး



http://myanmarpyithar.net

တစ်ယောက် သည်လို မှောက်မှားတယ်ဆိုလျှင် ဘယ်အကြောင်းကြောင့် ဆိုတာ ဖခင်လုပ်တဲ့သူက ထောက်လှမ်းမေးမြန်းဖို့ရှိတယ်၊ နင့်မှာ ဖခင်မရှိလို့ ငါ နင့်ဖခင်ပဲ၊ နင့်အဖေကိုယ်စားပဲ”

ခင်စိန်ကြည်လည်း ဆည်၍မရနိုင်အောင် ကျလျက်ရှိသော မျက်ရည်တို့ကို သိမ်းလျက်နေလျှင်။

“နင်ရေးတဲ့စာ ငါမမြင်ရရင် နင်က သည်ခွေးမသား သက်ညွန့်ကိုကြိုက်လို့ သက်သက်လိုက်သွားတယ်ထင်မှာပဲ၊ အခုတော့ နင်က နင့်လင်ဆိုးလို့တဲ့၊ ဘာဆိုး သလဲပြောစမ်း၊ ဦးလေးကို”

“သူ သိပါတယ်ဦးလေးရယ်”

“ဟဲ့ သူမသိဘူး၊ ကမ္ဘာပေါ်မှာ ထွန်းမြတ်ထက် ဖြောင့်မတ် တည်ကြည်တဲ့ အကောင်ရှိသေးသလား၊ သူ ငါလိမ်မပြောဘူး၊ ငါယုံတယ်၊ သူ့ ငါမေးတော့ သူက မျက်နှာကလေးငယ်ငယ်နဲ့ သူ မသိရကြောင်းပြောတော့ သူပြောတာမှန်ကြောင်း ငါ့အသက်တောင် ငါလောင်းဝံ့ သေးရဲ့” ဟု ပြောလျှင် ခင်စိန်ကြည်သည် ဦးလေး ဝတ်လုံတော်ရမင်း မေးသည်ကို မပြောဘဲမနေနိုင်သဖြင့် “ကိုထွန်းမြတ် ကို သည့်ပြင်မိန်းမတစ်ယောက်နဲ့ မသင်္ကာလို့” ဟု ပြောလျှင်။

ဝတ်လုံကြီးလည်း ခင်စိန်ကြည်အား ပြုံးကြည့်၍

“ဟော့… ဘာပြောတယ်”

“သည့်ပြင် မိန်းမတစ်ယောက်နဲ့ ကြိုက်နေတယ်ထင်လို့”

“ဒါလည်း ငါတွေးမိလို့ သည်လိုများ ရှိခဲ့သလားလို့ သူ့ကို မေးကြည့်တော့ နင်နဲ့ အကြောင်းပါပြီးသည်နောက် သည့်ပြင် မိန်းမတစ်ယောက် အပေါ်မှာ စိတ်နှင့် တောင် တစ်ကြိမ်တစ်ခါမျှ မပြစ်မှားမိပါဘူးတဲ့၊ သည်လိုများ လူတိုင်း အာမခံနိုင်မယ် မှတ်လို့လား၊ အကွာကြီး၊ တော်လည်းတော်ပါပေတယ်၊ သည်တော့ ငါက ဘယ့်နှယ်ထင်သလဲ၊ နင်ရေးတဲ့စာ အလကားစာ၊ အလကား ရမယ်ရှာပြီး ရေးတဲ့ စာလို့ ငါထင်တာပေါ့၊ ထွန်းမြတ်ကိုလည်း ငါ သည်လိုပြောတာပဲ၊ ပြီးတော့ ငါ မေးကြည့်တယ်၊ တစ်အိမ်တည်း အတူတူနေကြပြီး ဘယ့်နှယ်ကြောင့် သည်– သည်–သည်ခွေးမသားနဲ့ နင်နဲ့အကြောင်း မရိပ်မိရသလဲမေးတော့ သူ့မယားသူ အင်မတန် ယုံလွန်းလို့ တစ်ကြိမ်တစ်ခါမျှ မသင်္ကာတဲ့စိတ် မရှိရှာဘူးတဲ့၊ သည် အကောင်မျိုး တစ်ကောင်မကဘူး၊ အကောင်တစ်ရာ ဝိုင်းနေစေဦးတော့ သူ့မယား သူယုံမှာပဲတဲ့၊ သည်လိုလူမျိုးမှ နင်လုပ်မှလုပ်ရက်ပလေတယ်ဟယ်” ဟု ပြောလျှင်…

ခင်စိန်ကြည်သည် ယူကျုံးမရဖြစ်၍ အသည်းနာလှသည်နှင့် ရင်ကို



http://myanmarpyithar.net

လက်နှစ်ဖက်ဖြင့်ဖိလျက် ဦးခေါင်းငုံ့၍ ထိုင်နေရာ "သည် အကောင် အိမ်မှာရှိတုန်းက သူ့ခမျာလည်း အင်မတန် အလုပ်များနေရှာတယ်–ဆိုပဲ၊ ရုံးကအမှုထက် သည့်ပြင် အမှုတစ်ခုက သာပြီး အရေးကြီးနေလို့ နေ့ရောညရော ဂရုစိုက်ပြီး နေရလို့တဲ့၊ သူနဲ့ ဆွေမျိုးတော်တဲ့ ရာဇဝတ်ဝန်ထောက်ဆိုလား ဘာဆိုလား – အဲ သူ့သား အတွက်ဆိုထင်ပါရဲ့၊ နင်တို့သွားမယ့်ညမှာလည်း အဲသည်ကောင်ကလေး အတွက် ကြောင့် နင်နဲ့ အတူမလိုက်ဘူးဆိုထင်ပါရဲ့၊ သည်အတွက် နင်ကတောင် စိတ်ဆိုး သေးတယ်ဆို"

"ကိုထွန်းမြတ်နဲ့ မိမိရီနဲ့ စကားပြောနေတာ ကျွန်မက မော်တော်ကားပေါ်က အမြင်သားကပဲ"

"နင် ဘာသိလို့လဲ၊ နင်အစက အလွဲထင်နေလို့ ဘာပဲမြင်မြင် ဒါထင်တာပဲ၊ နင်က သည်ညက–အဲသည်ကောင်ကလေး ရောက်လာလို့ ဝန်ထောက်ကြီး မရှိတုန်း မောင်နှမ ၃ ယောက် တိုင်ပင်နေကြသတဲ့၊ ထွန်းမြတ်က သည်အကြောင်း ဘယ်သူမျှမပြောဘူး၊ ငါ့တစ်ယောက်မှ အထင်မလွဲပါစေနဲ့တော့လို့ ဖွင့်ပြောရှာတာ၊ နင် သည်လောက် ဉာဏ်မွဲမှန်း အစက ငါမသိဘူး၊ သည်လို မယုံကြည်စရာ ဖြစ်ရင်ကော နင် သည်လိုလုပ်ဖို့တော်သလား၊ ဒါလည်း မဟုတ်သေးပါဘူး၊ ဟိုခွေးမသားပြောတာနဲ့ နင်ကလည်း ပါသွားတာပါ" ဟု ပြောလျှင်...

ခင်စိန်ကြည်သည် မိမိအားရိုက်နှက်ဘိသကဲ့သို့ နာကျင်လှသဖြင့် တွန့်လိမ်လျက် "ရှိခိုးပါရဲ့ဦးလေး၊ တော်ပါတော့၊ မပြောပါနဲ့တော့၊ မထူးပါဘူး"

"ထွန်းမြတ်က နင့်အပေါ် အင်မတန် သစ္စာရှိပေတာ၊ သည်လိုလူမျိုးများ ရတဲ့မိန်းမများ ညတိုင်း ရှိခိုးနေဖို့ကောင်းတယ်၊ အင်မတန်ကောင်းတဲ့၊ ကြီးရင့်တဲ့၊ မြင့်မြတ်တဲ့ စိတ်သဘောပါပေတယ်၊ ငါတို့မြန်မာထဲမှာ သည်လိုလူများ များများ ရှိလျှင် တို့အမျိုးကြီးပွားမယ်၊ ငါဖြင့် သူ့ကိုတွေးမိလေ ချီးမွမ်းလေပဲ၊ သူက တရားစွဲရင် ဟိုခွေးမသား ဘာဖြစ်မယ် နင်သိသလားဟင်၊ ဒါတောင် သူ တရား မစွဲဘူး၊ ဟိုအကောင် ထောင်ကျလို့ သူ့မိန်းမ ပြန်ကောင်းမှာ မဟုတ်ဘူးတဲ့"

"တော်ပါတော့ ဦးလေးရယ်၊ ကျွန်မမိုက်မိပါတယ်၊ ရူးမိပါတယ်၊ ကျွန်မ မိုက်တဲ့အတွက် တစ်သက်လုံး ဒုက္ခတွေ့လို့ ဆုံးနိုင်မယ် မဟုတ်ပါဘူး ဦးလေးရယ်၊ ကျွန်မဒုက္ခနဲ့ ကျွန်မရှိပါစေတော့"

"နင် ဘယ်မှာနေမယ် စိတ်ကူးသလဲ"

"အခုတော့ မပြောတတ်သေးပါဘူး ဦးလေးရယ်၊ ကျွန်မ မာမာချင်း သည်ရွာကတော့ ပြောင်းရမှာပဲ"



http://myanmarpyithar.net

"အခု နင့်ကို ဘယ်သူက ထမင်းချက်ကျွေးသလဲ"

"မိန်းမကြီးတစ်ယောက် ငှားထားရတယ်၊ ကျွန်မ မကျန်းမာသေးလို့ပါ၊ ကျန်းမာလို့ ကလေးလမ်းလျှောက်နိုင်တော့ မငှားပါဘူး"ဟု အစေခံတစ်ယောက်ထားသည်ကိုပင် ဦးလေးက အပြစ်တင်မည်ထင်၍ ပြောလျှင် ဝတ်လုံကြီးလည်း ကလေးရှိရာဘက်သို့ ကျောခိုင်းလျက်ထိုင်နေသည်ဖြစ်သောကြောင့် ကလေးကို မမြင်သေးဘဲရှိရာ ခင်စိန်ကြည်ပြောသောအခါမှ ကလေးရှိကြောင်းကို သိရလျှင်...။

"အလို ကလေးရှိတယ်ဟုတ်လား ခင်စိန်ကြည်"ဟုမေးရာ ခင်စိန်ကြည်သည် ဘာမျှပြန်မပြောဘဲရှိလျှင် ဝတ်လုံကြီးသည် ထိုင်ရာမှထ၍ လက်ကို နောက်သို့ပစ်ပြီးလျှင် စင်္ကြံလျှောက်လျက် "တယ်ရိုင်းတဲ့အကောင်၊ ဆိုးတဲ့အကောင်၊ ခွေးမသား"စသည်ဖြင့် ရွတ်လျက်နေလေ၏။

ဤသို့ ၅မိနစ်ခန့် တစ်ယောက်တည်း လမ်းလျှောက်၍နေရာမှ ရုတ်တရက် ခင်စိန်ကြည်ဘက်သို့လှည့်၍ "နင်နဲ့ကလေးနဲ့ နှစ်ယောက် တစ်လ ဘယ်လောက် ရလျှင် လောက်မလဲ" ဟု မေးလျှင်။

"မယူပါရစေနဲ့ ဦးလေးရယ်၊ ကျွန်မဟာကျွန်မ ရှာစားပါမယ်"

"ဘယ့်နှယ် နင့်ဝမ်း နင်ရှာစားလို့ ဝနိုင်ပါမလဲ၊ သည်အတွက် ငါလာတာ နင်တို့နှစ်ယောက်အတွက် ငါ့တာဝန်ဖြစ်တယ်၊ တော်ပြီ ထပ်မပြောနဲ့၊ နင့်အဖေရှိရင် နင့်ကို ပစ်ထားမလား၊ ငါ နင့် အဖေကိုယ်စားဖြစ်တယ်၊ သူလုပ်သလို ငါလုပ်ဖို့ ဝတ္တရားရှိတယ်"ဟု ပြောလျှင် ခင်စိန်ကြည်သည် ဖခင်အကြောင်းကို ပြောသဖြင့် မျက်ရည်ကျလျက် "ဆရာမ လုပ်ရရင် ၂ယောက်တွက် စားလောက်အောင် ရလိမ့်မယ် ကျွန်မထင်တာပဲ"

"ဘယ်လောက်ရမယ်ထင်သလဲ"

"များများတော့မဟုတ်ပါဘူးပေါ့ ဦးလေးရယ်၊ တစ်လ ၃-၄ဆယ်ပေါ့"

"အင်း-တယ်နေရာကျပါကလား၊ တော်ပါ၊ တစ်လ ၅ဝိ ငါမှန်မှန်ပို့မယ်"

"မလုပ်ပါနဲ့ဦးလေးရယ်၊ ကျွန်မဟာ ကြည့်ရှုထိုက်တဲ့ ကောင်မကလေး မဟုတ်ပါဘူး မလုပ်ပါနဲ့၊ မယူပါရစေနဲ့"

"တော်ပြီ တော်ပြီ၊ ငါ သည်အတွက်လာတာ၊ အဖကိုယ်စား ဝတ္တရားနဲ့ ညီအောင်ငါပြုရမယ်၊ လဆန်းတစ်ရက်နေ့တိုင်း ငွေ ၅ဝ မှန်မှန်ပို့လိုက်မယ်"

"ဒါဖြင့်တစ်ဝက်တော်ပါပြီ ဦးလေးရယ်၊ ၂၅ိဆိုလျှင် ကျွန်မတို့နှစ်ယောက် တော်ပါပြီ"

"တော်ပြီ ငါပြောပြီးပြီ၊ တစ်လ ၅ဝိ-လဆန်း တစ်ရက်နေ့တိုင်း ငါပို့ရမယ်၊



http://myanmarpyithar.net

ရော့ ဟောသည်ဟာကအလွယ်" ဟု ဆို၍ ၁၀တန် စက္ကူ ၅ ချပ်ကို ပေးလေလျှင် ခင်စိန်ကြည်လည်း မိမိသည် သူတစ်ပါး၏ စောင်မကြည့်ရှုခြင်းကို မခံထိုက်သော မိန်းမတစ်ယောက်ဖြစ်သည်ဟု အောက်မေ့၍ "တော်ပါပြီ ဦးလေးရယ်၊ ကျွန်မမှာ ရှိပါသေးတယ်၊ မယူပါရစေနဲ့"

"စကားမများနဲ့ ယူလိုက်၊ သည်ဟာများတာမဟုတ်ဘူး၊ ဒါနဲ့ စားနှင့်ရအောင်၊ ကြွေးများ ပေးစရာရှိသလား"

"မရှိပါဘူး ဦးလေးရယ်"

"အေး–ကြွေးမတင်စေနဲ့၊ ငါ့ဆီ တစ်ခါတစ်ခါ စာရေးနော်"

"သူများက ကျွန်မ ဘာများပြောကြသလဲ" ဟု ခင်စိန်ကြည်က စွန့်၍ မေးလိုက်လျှင်။

ဝတ်လုံကြီးလည်း မေးမှမေးနိုင်ပေသည်ဟု အံ့ဩဟန်လက္ခဏာ နှင့် "ဘယ့်နှယ်ပြောရမလဲ၊ သူများ သည်လိုလုပ်ရင် နင် ဘယ့်နှယ်ပြောမလဲ၊ သူများလည်း သည်လိုပဲပြောတာပေါ့၊ ကဲ ငါသွားဦးမယ်၊ စာရေးဖို့မမေ့နဲ့နော်" ဟု ပြော၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။

ခင်စိန်ကြည်လည်း ထိုင်ရာမှမထဘဲ သန်းခေါင်နီးသည့်တိုင်အောင် စဉ်းစားတွေဝေလျက် မျက်ရည်တဝဲဝဲနှင့် နေရစ်ရှာလေ၏။

■

တစ်နေ့သ၌ ညနေအချိန်တွင် ရာဇဝတ်ဝန်ထောက်မင်း သားအမိ သားအဖ ၃ ယောက်တို့သည် ထမင်းပွဲတွင် ထိုင်လျက်နေကြစဉ် မိမိရီသည် ဖခင် ဝန်ထောက်ကြီးက ဆဲဆိုကြိမ်းမောင်း၍ထားသဖြင့် မျက်ရည်လည်လျက်ရှိနေရာ ဝန်ထောက်ကတော်ကြီးမှာလည်း လင် ဝန်ထောက်မင်း ပြောသည့်အတိုင်း သဘောတူသည် ဖြစ်သဖြင့် မိမိရီအားလည်း သနားကရုဏာ ကြင်နာသော မျက်နှာထားနှင့် ကြည့်လျက်နေလေ၏။ ဝန်ထောက်ကတော်၏သဘောမှာ ဝန်ထောက်ကြီးက မိမိတို့နေအိမ်ကို မီးရှို့၍ပစ်လျှင် ကောင်းမည်ထင်သည်ဟုပြောခဲ့လျှင် သဘောတူမည်သာလျှင် ဖြစ်လေ၏။

ဝန်ထောက်မင်းသည် သမီး မိမိရီအား စိတ်ဆိုးရခြင်း၏ အကြောင်းမှာ မိမိရီသည် လွန်ခဲ့သည့် ၃–၄နှစ်အတွင်း မိမိနှင့် ဂုဏ်ရည်မျှသူ ၃–၄ဦးတို့က လာရောက်ပြောဆိုကြသော်လည်း မည်သူ၏စကားကိုမျှ လက်မခံဘဲ ငြင်းဆန်



http://myanmarpyithar.net

ခဲ့သောကြောင့် ဖြစ်လေသည်။ ၎င်းနေ့ညဥ္စလည်း ဝန်ထောက်မင်းကတော်သင့်သည် အောက်မေ့သောသူတစ်ယောက်ကို မိမိရီသည် ငြင်းဆန်လိုက်ပြန်သဖြင့် ဝန်ထောက်ကြီးသည် စားပွဲကို လက်ဖြင့်ထုလျက် "နင် တမင်လုပ်တာ၊ ငါသိတယ်၊ ငါစိတ်ဆိုးအောင် နင်က တမင်လုပ်တာ"

"မဟုတ်ပါဘူးဖေဖေရယ်"

"ဒါဖြင့် ဘာပြုလို့ ငါပြောတာ နားမထောင်သလဲ"ဟု မေး၍ မိမိရီလည်း ဘာမျှပြန်မပြောဘဲနေလျှင် "ပြောလေ–ဘာပြုလို့ မပြောသလဲ၊ သည်လူ ဘာဆိုစရာရှိသလဲ၊ ဘီအေလည်းအောင်တယ်၊ မြို့အုပ်လည်းဖြစ်တယ်၊ နင်က ဘာငြင်းဆန်စရာရှိသလဲ၊ ပြောပါဦးလေ"

"ကျွန်မမှ မကြိုက်ဘဲ"

"ဘာပြုလို့ မကြိုက်ရသလဲ၊ အလကားပြောတာ၊ သူလာလည်တော့ ဘာပြုလို့ နင်က စကားပြောရသလဲ"

"မိတ်ဆွေအဖြစ်နဲ့တော့ ချစ်ခင်ပါရဲ့၊ လင်အမှတ်နဲ့ဆိုတော့ ကျွန်မသူ့ကိုမကြိုက်နိုင်ဘူး"

"ကောင်မကလေး ရူးပြီမှတ်တယ်၊ လင်မှမဟုတ်သေးဘဲနဲ့ အလကားလင်အဖြစ်နဲ့ ချစ်ရမလား၊ လင်မဖြစ်သေးဘဲနဲ့ လင်လို ချစ်တယ်လို့ ဘယ်မှာကြားဖူးသလဲ"မိမိရီလည်း ပြန်၍မပြောတတ်ဘဲရှိနေလျှင်။ "အရပ်ထဲက ဘယ့်နှယ်ပြောနေကြသလဲ သိလား၊ ဟို ခွေးမသား ဘေချို့ကြောင့် နင်လင်မရ နိုင်ဘူးတဲ့၊ သည်လိုပြောနေကြတဲ့အထဲ သူက ၃–၄ယောက်ရှိပြီ ပြောလာကြတာ၊ တစ်ယောက်မှသဘောမကျနိုင်ဘူးတဲ့၊ တကယ်ဆိုတော့ အရှက်ပြေပဲဖြစ်ဖြစ် တစ်ယောက်ယောက်ယူလိုက်ဖို့ကောင်းတယ်"

"အရပ်ထဲကလည်း အသိကြသားပဲ ဖေဖေရယ်"

"သိ ဘာဖြစ်သလဲ၊ သိရင်ပြီးရောလား၊ နင်က ဘာဖြစ်လို့ မယူရသလဲ၊ နင့်ကို အင်မတန် ခေါင်းမာတဲ့ ကောင်မကလေး" စသည်ဖြင့် ပြောဆိုနေဆဲတွင် မောင်ထွန်းမြတ်လည်း အိမ်ပေါ်သို့ တက်လာလေ၏။

မောင်ထွန်းမြတ်မှာ ခင်စိန်ကြည် ထွက်သွားပြီးသည့်နောက် တစ်နှစ်ကျော်ကျော်ရှိခဲ့ရာ ရှေးအခါကကဲ့သို့ မျက်နှာရွှင်လန်းခြင်း၊ စိုးရိမ်သောကကင်းသော မျက်နှာထားရှိခြင်း၊ စကားရွှမ်းပြောရန် ဝါသနာပါခြင်း စသည်တို့ ကွယ်ပျောက်၍ ကြွေ့ရှိသောမျက်နှာထားနှင့်သာလျှင် ပေါင်းသင်းတတ်ကုန်၏။ မောင်ထွန်းမြတ် တက်လာ၍ မိမိရီလည်း ထွက်ပြေးမည်ကြံလျှင် ဝန်ထောက်ကြီးက "ဘယ်ကလဲ



http://myanmarpyithar.net

နေဦး၊ နင့် ငါပြောစရာရှိသေးတယ်၊ နင့်ကိုငါ လူ့ရှေ့မှာ တစ်မျိုး အရှက်ခွဲဦးမယ်” ဟု ပြော၍ မိမိရီလည်း မျက်နှာပျက်လျက် ပြန်၍ထိုင်လျှင် “ကြည့်ပါဦးတော့ကွယ် မောင်ထွန်းမြတ်၊ အရပ်ထဲက အလိုလိုမှ ပြောချင်ဆိုချင် ရှိကြတဲ့အထဲ သူက ပြောစရာချည်းပဲလုပ်နေတယ်၊ အရပ်ထဲက သူ့မောင်ကြောင့် သူ လင်မရနိုင်ဘူးတဲ့ ပြောနေကြတုန်း၊ သူက ၃-၄ ယောက်ရှိပြီ၊ ပြောလာကြတာ တစ်ယောက်မှ သဘောမကျဘူးတဲ့၊ အခုလည်းပဲ နောက်ရောက်လာတဲ့ မြို့အုပ်ကလေး မြင်လား၊ ဘီအေကလေးကွဲ့၊ ဒါများ သူက မူရသေးသတဲ့၊ ငါလိုတော့ အရပ်ထဲကပြောတာနဲ့ ပုလိပ်သားဖြစ်ဖြစ် ယူလိုက်မှာပဲ” ဟု ပြောသည်နှင့် မောင်ထွန်းမြတ်ကလည်း မိမိရီကိုကြည့်လိုက်ရာ မိမိရီမှာ ဦးခေါင်းကို ငုံ့လျက်သာနေလျှင် “ဘယ့်နှယ်လဲကွဲ့ မောင်ထွန်းမြတ်၊ ငါပြောတာ မဟုတ်ဘူးလား”

“မိမိရီက အိမ်ထောင်ရက်သားပြုဖို့ စိတ်မရှိဘူးထင်ပါရဲ့”

“သူ့စိတ် ငါသိပါတယ်ကွယ်၊ ငါ့ကို သက်သက် ကဏ္ဍကလုပ်နေတာပါ၊ ငါက ယူစေချင်လို့ သူကမယူတာ၊ မယူနဲ့သာဆိုစမ်း၊တိတ်တိတ်လိုက်ပြေးမှာ...ဒါနဲ့ မောင်ထွန်းမြတ်၊ မင်း...အခုတလော နယ်ပိုင်ဝန်ထောက်မင်းအိမ် အင်မတန် သွားနေတယ်ဆို၊ နယ်ပိုင်ဝန်ထောက်မင်း သမီးကလည်း ခပ်ချောချောနဲ့ ငါသိပါတယ် ကွယ့်၊ မင်းက ဘာဖြစ်ဖြစ် ကုပ်ကုပ်ကြံတဲ့လူကိုးကွယ့်”

“ဦးက တယ်ကြားတတ်တာကိုး”ဟု ပြောလေ၏။ ထို့နောက် ဆက်လက်၍ ပြောဆိုကြရာတွင် ဝန်ထောက်ကြီးလည်း မောင်ထွန်းမြတ်သည် မိမိရီအား မိမိဘက်မှလိုက်လိုက်လျောလျော မပြောဆိုသည်နှင့် အိမ်ပေါ်မှဆင်း၍ အလည် သွားလေ၏။

မိမိရီမှာ ခင်စိန်ကြည်တို့ ထွက်ပြေးကြသည့်နေ့မှစ၍ မောင်ဘချို၏ အကြောင်းကို မောင်ထွန်းမြတ်အား စပ်၍မပြောဘဲရှိနေခဲ့လျှင် မောင်ဘချိုလည်း နောက်တစ်နေ့တွင်ပင် မန္တလေးမှထွက်ခွာသွားရရှာလေ၏။ မိမိရီမှာ မောင်ထွန်း မြတ်နှင့်နှစ်ယောက်တည်း တွေ့သည့်အခါတို့၌ ဤအကြောင်းကို စကားစပ်၍ ပြောလိုလှသော်လည်း မောင်သက်ညွန့်၏အကြောင်းကို မောင်ထွန်းမြတ်အား ပြောရမည်ကို အားစပ်သဖြင့် မောင်ထွန်းမြတ်လည်း စတင်၍ ပြောလိမ့်မည်ဟု မျှော်လင့်လျက်နေရာ၊ မောင်ထွန်းမြတ်က ၎င်းအကြောင်းနှင့် ပတ်သက်၍ တစ်ခွန်းမျှမပြောဘဲရှိလေ၏။ ဝန်ထောက်မင်း ဆင်းသွားလျှင် မိမိရီလည်း စတင်၍စကားမပြောဘဲ ထိုင်နေလေလျှင်။

မောင်ထွန်းမြတ်က “ဘယ့်နှယ်လဲ မိမိရီ၊ ဦးစိတ်ဆိုးပုံ ပြောစမ်းပါဦး”



http://myanmarpyithar.net

ဟု အနည်းငယ် ပြုံး၍မေးလျှင် မိမိရီလည်း ပြန်၍မပြောဘဲ မျက်နှာပျက်လျက် ရှိလေ၏။

"ဦးပြောတဲ့ မြို့အုပ်ကလေးဆိုတာ နောက်ရောက်လာတဲ့ ကိုသိန်းတင် မှတ်တယ်၊ မိမိရီနဲ့ မိတ်ဆွေပဲမဟုတ်လား" ဟုမေး၍ မိမိရီက ခေါင်းညိတ်လေလျှင် "လူကောင်းကလေးပေပဲဗျာ၊ သည်လို လူတော့ ဘယ်လိုမိန်းမကမှ ငြင်းပယ်ဖို့ မရှိပါပေဘူး"

"ဟုတ်ပါရဲ့၊ လူကောင်းကလေးပါပဲ၊ ဒါနဲ့ရှင် ဖေဖေက ပြောတာ အဟုတ်လား"

"ဘာပြောလို့လဲ"

"ခုတင်ကပြောတာလေ၊ ခုတင်က ပြောတာလေ၊ နယ်ပိုင် ဝန်ထောက်မင်း သမီးနဲ့ဆို"

"မဟုတ်ပါဘူး၊ မိမိရီရယ်၊ အလကား ပြောကြတာပါ၊ ကျုပ် သည်တစ်သက် နောက်အိမ်ထောင်ပြုမယ်မကြံဘူး၊ မိမိရီက အံ့သြသလား၊ သူ့တစ်သက် ကျုပ်တစ်သက် နောက်အိမ်ထောင်မပြုတော့ဘူး မိမိရီရဲ့" ဟု ပြော၍ မိုးချုပ်သည်နှင့် နှုတ်ဆက်ပြီး မောင်ထွန်းမြတ်သည် ဆင်းသွားလေ၏။

■



http://myanmarpyithar.net

## အခန်း (၂၄)

ဝတ်လုံတော်ရမင်း ဦးသာဒင် ပြန်သွားပြီးသည်နောက် တစ်လခန့် ကြာရှိလျှင် ခင်စိန်ကြည်သည် ၎င်းရွာမှ ပြောင်းရွှေ့နေထိုင်ရန် ကြံစည်ပါသော်လည်း ကောင်းမွန်စွာမကျန်းမာသေးသည်နှင့် အထက်က အိမ်ကြီး၌ပင် ဆက်လက်နေထိုင်လျက်ရှိလေသေး၏။ ခင်စိန်ကြည်သည် မိမိဝမ်းစာကိုမျှ မိမိရှာကြံ၍ မစားနိုင်ဘဲဦးလေးဝတ်လုံတော်ရမင်းက စောင်မကြည့်ရှုပေသဖြင့် သူတစ်ပါး၏ နှာခေါင်းနှင့် အသက်ရှူ၍နေရသဖြင့် မိမိလည်းမကျန်းမာ၊ ကလေးကလည်း တစ်ဖက်နှင့် သူတစ်ပါးရပ်ရွာ၌ အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှမရှိဘဲ နေထိုင်ရသည့်အတွက် မည်မျှ စိတ်ဒုက္ခရောက်ရှာလိမ့်မည်ကို ပြဆိုရန် မလိုချေ။ သေရခြင်းသည် ဤကဲ့သို့သောအဖြစ်ထက် မြတ်သေး၏ဟု မကြာမကြာ အောက်မေ့မိလေ၏။

တစ်နေ့သ၌ ခင်စိန်ကြည်သည် အိပ်ရာတွင်လှဲလျက် ဖယောင်းတိုင်နှင့် စာတစ်အုပ်ကိုဖတ်၍နေရာ တစ်ခါတစ်ရံ၌လည်း စာတွင်စိတ်ရောက်၍ တစ်ခါတစ်ရံ၌လည်း မိမိ၏လင်နှင့် အကလေး ၃ယောက်တို့သည် မည်သို့ နေထိုင်ကြရှာလိမ့်မည်ဟု တွေးတောစိတ်ကူးလျက် သန်းခေါင်ကျော်သည့်တိုင်အောင် စာအုပ်ကိုကိုင်၍နေလေ၏။ ၁၂နာရီထိုးပြီးသဖြင့် သန်းခေါင်ကြက်တို့သည် အိပ်တန်းတို့မှ ကြွက်ကြွက်ဆူအောင် တွန်မြည်ကြလျှင် ခင်စိန်ကြည်သည် မျက်လုံးလေး၍လာသဖြင့် စာအုပ်ကိုမလွှတ်ဘဲ အိပ်ပျော်၍သွားလေ၏။

အတန်ငယ်ကြာလတ်သော် ခင်စိန်ကြည်သည် တစ်ကိုယ်လုံး သည်းမခံနိုင်အောင် ပူလှသည်နှင့် အိပ်ရာမှလန့်နိုး၍ မျက်စိကို ဖွင့်ကြည့်လေလျှင် ဘာကိုမျှရုတ်တရက် မမြင်ရဘဲ မီးတောက်မီးလျှံ တို့ကိုသာလျှင် မြင်ရကုန်၏။ ခင်စိန်ကြည်လည်း ပူလောင်လှသည်ဖြစ်၍ ထမည်ပြုရာ မကျန်းမာသည့်အခိုက်



http://myanmarpyithar.net

ဖြစ်သည့်ပြင် မီးလောင်၍ ထားသောကြောင့် ရတ်တရက် မထနိုင်ဘဲ ရှိနေရာတွင် လူတစ်ယောက်သည် မိမိအားအတင်းပွေ့ယူ၍ သွားသည်ဟု စိတ်တွင် မှတ်ထင်လိုက်ပြီးသည်နောက် သတိမေ့၍သွားလေ၏။

သတိရ၍ မျက်စိကိုဖွင့်ကြည့်လိုက်လျှင် မိမိအနီးတွင် တစ်စုံတစ်ယောက်ကိုမျှ မမြင်ရဘဲ တစ်ကိုယ်လုံးကိုလည်း အဝတ်တို့ဖြင့် ကျပ်စည်း၍ ထားသည်ကို တွေ့ရှိရလေ၏။ ၎င်းနောက် မိမိသည် မည်သည့်နေရာသို့ ရောက်နေပါလိမ့်မည်လော၊ တစ်ကိုယ်လုံးကိုလည်း ဘယ်အတွက်ကြောင့် ကျပ်စည်း၍ထားပါသလောဟု မိမိအဖြစ်ကို ပြန်လှန်စဉ်းစားပြီးလျှင် ပတ်ဝန်းကျင်အရပ်တို့ကို ကြည့်ရှုလေလျှင် မိမိအိပ်ပျော်နေရာ၌ မီးလောင်သဖြင့် ရန်ကုန်ဆေးရုံသို့ရောက်နေသည့်အကြောင်းကို ရိပ်မိလေ၏။

မနီးမဝေး၌ ဆရာမ နှစ်ယောက်တို့လည်း ခင်စိန်ကြည် သတိရလာသည်ကို မြင်သဖြင့် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်၍ အနီးသို့လာကြရာ။

တစ်ယောက်က "သတိရပြီလားရှင်၊ ဘယ့်နှယ်နေသလဲ၊ ဘာလိုချင်သလဲ"

"သတိရပါပြီ၊ ကျွန်မ သည်ရောက်တာ ဘယ်နှစ်ရက်လောက်ရှိပြီလဲ"

"သည်ကနေ့ပါ ၃ ရက်ရှိပြီ"

"ကျွန်မကလေးကော ရှိသေးရဲ့လား"

"ရှိပါတယ်၊ ကိုယ့်ကိုယ်ကို ကျန်းမာအောင်သာနေပါရှင်၊ ကလေးက ကိစ္စမရှိပါဘူး"

"မှန်မှန်ပြောပါရှင်၊ ကျွန်မကိုမလိမ်ပါနဲ့၊ ကျွန်မတောင် သည်လောက်ရှိရင် ကလေးတော့ ဘာခံနိုင်မလဲ၊ မှန်မှန်သာပြောပါ၊ ကျွန်မစိတ်ခိုင်ပါတယ်" ဟုမေး၍ ဆရာမနှစ်ယောက်လည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေကြလျှင် ခင်စိန်ကြည်က "ကျွန်မထင်တဲ့အတိုင်း မဟုတ်လားရှင်" ဟု ထပ်မေး၍ ဘာမျှ ပြန်မပြောဘဲနေကြလျှင် ခင်စိန်ကြည်သည် ကလေးဆုံးသည့်အကြောင်းကို ရိပ်မိ၍ လူတစ်ဖက်သားအား သနားကရုဏာရှိတတ်သည်ဖြစ်လျက်နှင့် ကလေး သေသွားသည့်အတွက် ဝမ်းမနည်းနိုင်အောင်ရှိလေ၏။ ဆရာမနှစ်ယောက်လည်း ခင်စိန်ကြည်အား အစာအနည်းငယ် ပေးကြပြီးနောက်။

"တော်တော်နေသာပြီလား"

"နေသာပါပြီ"

"အခုတော့ ကိစ္စမရှိပါဘူး၊ မနက်တုန်းကတော့ ရှင်သေပြီ အောက်မေ့လို့ ဆရာဝန်ကြီးက သတင်းစာထဲ ထည့်ရိုက်လိုက်ပြီ၊ အခုတော့ ကိစ္စမရှိပါဘူး"



http://myanmarpyithar.net

"ကျွန်မတော့ သေရင်လည်း ဝမ်းနည်းစရာမရှိပါဘူး၊ အကလေးကကော ချက်ချင်းပဲ သေသလား"

"ဆေးရုံရောက်တော့ အသက်မရှိဘူး၊ ကဲ–မအေးမြင့်၊ ရှင်က သည်အနား နေရစ်ပါဦး၊ ကျွန်မ ဆရာဝန်ကြီး သွားပြောလိုက်ဦးမယ်"

နောက် ၅ရက်လောက်ကြာကာလ ရွှေဘိုမြို့၌ ဝတ်လုံကတော်ကြီးသည် အိမ်ဦးခန်းတွင် ရန်ကုန်ဂေဇက်ကို ဖြန့်၍ဖတ်နေရာ (ဝတ်လုံကတော်မှာလည်း မိန်းကလေးကျောင်းထွက်ဖြစ်၍ အင်္ဂလိပ်စာ အနည်းငယ်တတ်လေသည်)။ တစ်စုံ တစ်ခုကို တွေ့သဖြင့်။

"အလို...သွားရှာပြီကိုး၊ မချောကလေး သည်တစ်ခါမှ မိုက်စတုံးပေတော့ တယ်"ဟု ပြောလျှင် မောင်သက်တင်ကလေးလည်းအနီးတွင်ထိုင်လျက်ရှိသည်နှင့်။

"ဘာအကြောင်းလဲ မေမေ"

"ခင်စိန်ကြည် နင် မှတ်မိသေးသလား"

"ဘာပြုလို့ မမှတ်မိရသလဲ မေမေရယ်၊ မမကို ကျွန်တော် ဘယ်တော့ မေ့နိုင်ပါ့မလဲ၊ ကမ္ဘာပေါ် သည်မမလောက်ချစ်တာ မရှိသေးဘူး"

"အေး သေရှာပြီ"

"အဟုတ်လားမေမေရယ်၊ ဘယ်မှာလဲ၊ ဘာပြုလို့လဲတဲ့လဲ"ဟု မျက်ရည် ဝိုင်းလျက် ထိုင်ရာမှ ထ၍မေးလျှင်...။

"မီးလောင်လို့တဲ့၊ သေတာလည်း ခပ်ကောင်းကောင်းပါပဲကွယ်၊ သည်လောက်ဖြစ်ပြီးမှတော့ နေဖို့လည်းမကောင်းပါဘူး"

"မေမေက သည်လိုမပြောပါနဲ့ မေမေရယ်၊ ဘယ့်နှယ်ကြောင့် သေတာ ကောင်းရမလဲ"

"ဟဲ့–နင် သူ့အကြောင်းသိပြီမဟုတ်လား၊ သည်လို တစ်မျိုးလုံးတစ်ဆွေလုံး အရှက်ခွဲပြီးမှ ဘယ်မှာနေဖို့ကောင်းနိုင်တော့မတုန်း၊ သူ့ ဘယ်သူက အရေးလုပ် ဦးမှာတုန်း"

"သူများ အရေးမလုပ်ပေမယ့် ကျွန်တော်ကအရေးလုပ်မှာပေါ့၊ ကျွန်တော်က ဂရုစိုက်မှာပေါ့"ဟုပြော၍ ဝတ်လုံတော်ရကတော်က ပြုံးလေလျှင် မောင်သက်တင် ကထပ်၍

"ကျွန်တော်က ဂရုစိုက်မယ်၊ စောင့်ရှောက်မယ်၊ ပြုစုမယ် ဘာဖြစ်သလဲ၊ မမလောက်များ ကျွန်တော် ဘယ်သူ့မှ မချစ်ဖူးဘူး" ဟု ပြောလျှင်။

"သည်လိုဖြစ်ပြီးမှတောင် နင်က သူ့ကို ချစ်သေးတယ်"

"ဘာပြုလို့မချစ်ရမှာလဲ၊ မမက သူ့ဘာသာသူနေတာ ဟိုအကောင်က ဘာပြုလို့ သွားပြီးရှုပ်ရသလဲ၊ ကျွန်တော်လား အရွယ်က နည်းနည်းငယ်နေလို့၊ ကြီးများကြီးရင်လား သည်အကောင်မျက်နှာ သေသေချာချာကြည့်ပြီး ဘွတ်ဖိနပ်နဲ့ ကန်ချင်တယ်၊ ကျွန်တော်လည်း ကြီးလုပြီ၊ နေနှင့်ဦး သည်အကောင်တော့"

"နင် ဘာသိလို့တုန်း"

"ဘာပြုလို့မသိရသလဲ၊ ကျွန်တော်သိပါတယ်၊ ပြစမ်းပါ မေမေ သတင်းစာ" ဟု မိခင်ထံမှ ရန်ကုန်ဂေဇက်ကိုယူ၍ မတတ် တတတ်နှင့် ဖတ်လေ၏။ သတင်းစာတွင် ပါရှိသည်မှာ။

***"ပင်စင်အငြိမ်းစား စစ်ကဲကြီး ဦးထင်ကျော်၏သမီး ခင်စိန်ကြည်သည် အိပ်ရာထဲတွင် မီးလောင်ခံရသဖြင့် ရန်ကုန်ဆေးရုံ၌ ဒီဇင်ဘာလ ၅–ရက်နေ့တွင် အနိစ္စရောက်ကြောင်း"***

မောင်သက်တင်လည်း ဤအကြောင်းကို ဖတ်မိလျှင်။

"မေမေ၊ ဖေဖေ့ဆီ စာရေးလိုက်မှပေါ့၊ ဖေဖေက သတင်းစာ ဖတ်ကြည့်ဖြစ်မှ ကြည့်ဖြစ်မယ်"

"အေးကွယ် အရင်မလိုပါဘူး၊ ခုမှတော့ ဘာထူးသေးသလဲ"

"မေမေကဖြင့် သည်လိုချည်းပဲ၊ အင်မတန် အသနားအကြင်နာနည်းတယ်"

"ဘာလဲ ကောင်ကလေးက၊ နင့်အလုပ်လား၊ သွား စာဖတ်ချေ"

မန္တလေးမြို့၌ မောင်ထွန်းမြတ်လည်း ရုံးသို့မသွားမီ အလုပ်ရုံး သို့ဝင်၍ အမှုတွဲများကို ပြင်ဆင်နေစဉ် စာရေးကြီး ဦးသာဒွန်းသည် မောင်ထွန်းမြတ်အခန်းသို့ ဝင်လာ၍ "သတင်းထူးတစ်ခု ကြားပြီးပြီလား" ဟုမေးရာ။

"ဘာသတင်းလဲ"

"ရန်ကုန်ဂေဇက် ဖတ်ပြီးပြီမဟုတ်လား"

"မဖတ်သေးပါဘူးဗျာ၊ ဘာများပါလို့လဲ"

"ကိုထွန်းမြတ် ဝမ်းနည်းစရာတစ်ခုပါလို့"

"ဟုတ်လား၊ ဘာအကြောင်းလဲ" ဟု မေးလျှင်။

ဦးသာဒွန်းသည် ရန်ကုန်ဂေဇက်တွင် ပါလာသောသတင်းကို ဖွင့်ပြလေ၏။ မောင်ထွန်းမြတ်သည် သတင်းကို ဖတ်ပြီးသောအခါ တုန်တုန်ရီရီအသံဖြင့် ...။

"ဦးသာဒွန်းရယ်၊ ကျွန်တော့်လောက် ကံဆိုးတဲ့လူ ရှိမယ်မထင်ပါဘူးဗျာ၊ သူ့ခမျာကလည်း ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလိုဖြစ်နေတာပဲ၊ ကျွန်တော့်



http://myanmarpyithar.net

အသည်းတွေတော့ ကျွမ်းကြွေကုန်ပါပြီဗျာ”ဟုပြောပြီး စူးစိုက်ငေးနေရာ ဦးသာဒွန်းလည်း အလိုက်သိစွာ သနားကြင်နာလှသဖြင့် မကြည့်ရက်နိုင်ဘဲ အခန်းပြင်သို့ ထွက်ခဲ့လေသည်။ မောင်ထွန်းမြတ်လည်း မိမိသည် ခင်စိန်ကြည်ကို မည်မျှယုယခဲ့ပုံ၊ ခင်စိန်ကြည်ကလည်း ခဏခဏပင် ရှင်နဲ့ခွဲပြီးတော့ ခဏကလေးတောင်မှ မနေချင်ဘူး၊ ကျွန်မဖြင့် ရှင်နဲ့သာ အတူလိုက်ပြီး ရှင့် စာရေးမကလေးသာ လုပ်ချင်တော့တာပဲဟု ကန္တဲ့ကရ မျက်နှာညှိုးငယ်စွာ ပြောပုံကလေးတွေကို တရေးရေး မြင်ယောင်မိလေ၏။ ထို့ပြင် ဒီလိုဖြစ်ရတာ အစ်မကြီးလည်း တရားခံတစ်ယောက်ဖြစ်တာပဲဟု အောက်မေ့မိလေ၏။

ကိုထွန်းမြတ်ကို ဘာများ မကျေနပ်စရာရှိပါသလဲကွယ်၊ ကိုထွန်းမြတ်ကို စိတ်တိုင်းမကျတောင်မှ ကလေးတွေရဲ့မျက်နှာကို ထောက်ထားညှာတာသင့်ပါတယ်၊ ယခုတော့ ကလေးတွေဟာ မိတဆိုးကလေးတွေ ဖြစ်ကုန်ကြပြီဟု ဆက်လက်တွေးတောပြီးလျှင် ကလေးတွေကို အတိုးနှင့် ချစ်ခင်ပြုစု၍ လိမ္မာရေးခြားရှိရန်အတွက် စဉ်းစားနေလေ၏။ ဦးသာဒွန်းက ရုံးချိန်နီးကြောင်း လာပြောသောအခါ မောင်ထွန်းမြတ်မှာ အိပ်မက်မှလန့်နိုးသော သူကဲ့သို့ ရုတ်တရက်ထ၍ ရုံးသို့ စိတ်လက်မအီမသာ ညှိုးငယ်စွာ ထွက်သွားလေ၏။

■



http://myanmarpyithar.net

## အခန်း (၂၅)

တစ်နေ့သ၌ ည ၈ နာရီအချိန်ခန့်တွင် မောင်ထွန်းမြတ်သည် အိမ်ဦးခန်းရှိ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် စာတစ်အုပ်ကိုဖတ်လျက် အစ်မကြီး မဂျမ်းပုံလည်းချမ်းအေးလှသည်နှင့် စောင်ကြီးတစ်ထည်ကိုခြုံ၍ အနီးရှိကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိကြရာ အိမ်ပြင်၌ကား ပြာသိုလအတွင်းဖြစ်၍ ဆီးနှင်းတို့သည် ပတ်ဝန်းကျင်အရပ်တို့၌ ပိတ်ပိုင်းဝေဆိုင်းလျက်ရှိရကား လမ်းမီးအိမ်တို့သည် လင်းရောင်မထွက်နိုင်ဘဲ မှေးမှိန်လျက်ရှိကြကုန်၏။ အိမ်တွင်း၌ကား ခန်းဆီး လိုက်ကာ၊ ကော်ဇော စသည်တို့ဖြင့် ခမ်းနားကောင်းမွန်၍ နေထိုင်ချင်ဖွယ် ခင်းကျင်းပြင်ဆင်လျက်ထားရာ ဓာတ်မီးရောင်သည်လည်း တောက်ပကြည်လင်သော အရောင်ဖြင့် တစ်ခန်းလုံး ထိန်ထိန်လင်းလျက် လက်ဖက်ရည်ကရားသည်လည်း အနီးရှိ လေမီးဖို၌ ဆူလျက်ရှိလေ၏။ အစ်မကြီး မဂျမ်းပုံသည် ကုလားထိုင်တွင် ထိုင်နေရာမှ နာစေးသဖြင့် တစ်ချက်တစ်ချက် နှာခေါင်းရှုံ့လျက်နေရာ မဂျမ်းပုံသည် ဤမျှလောက် နှာစေးခေါင်းကိုက်ရောဂါမျှကို ပမာဏမပြုလောက်ဟု အောက်မေ့သဖြင့် အိပ်ရာသို့ ဝင်၍မအိပ်သေးဘဲအခါတိုင်းကဲ့သို့ပင် ထိုင်လျက်ရှိနေလေ၏။ "သည်နှမ်းမနဲ သွားစားမိလို့ ငါ သည်လိုဖြစ်တာ၊ ဘယ်တော့မှ ငါ သည်လိုများ မဖြစ်ဖူးပါဘူး" ဟုပြော၍ မောင်ထွန်းမြတ်လည်း စာဖတ်ရာမှ မော်ကြည့်နေလျှင် "မင်းက ငါ့ ဘာပြုံးကြည့်ရတာလဲ၊ နှမ်းမနဲစားမိလို့ မဟုတ်ဘူးလား"

"နှမ်းမနဲစားတာနဲ့ သည်လိုဖြစ်ပါ့မလား အစ်မကြီးရယ်၊ အများကြီးများ စားရင်ဖြင့် မပြောတတ်ဘူး"

"မင်း ဘာမျှ စဉ်းစားဉာဏ်မရှိဘဲကိုကွဲ့၊ ဘာဖြစ်ဖြစ် ဘယ်တော့များ ငါ ပါးဖြဲနားဖြဲ သိပ်စားဖူးလို့လဲ"ဟု စိတ်တိုသောအသံဖြင့်ပြောလျှင် မောင်ထွန်းမြတ်လည်း ပြန်၍မပြောဘဲ စာဖတ်လျက် နေလေ၏။

မဂျမ်းပုံလည်း နှာစေးချောင်းဆိုး အသံဝင် လည်ချောင်းနာ ခေါင်းကိုက်



http://myanmarpyithar.net

ဖြစ်နေ၍နေရာတွင် အငြိမ်မနေနိုင်ဘဲ ထချေထိုင်ချေ နေရာပြောင်းချေ လုပ်လျက်နေရာမှ .... "ဘယ်နှနာရီရှိပြီလဲဟေ့"

"ကိုးနာရီ ထိုးလုပြီ"

"ဒါဖြင့် ငါအိပ်မှ ထင်တယ်"

"ကာဖီမဖျော်ဘူးလား အစ်မကြီးရဲ့" ဟု ပြော၍၊ ကာဖီတစ်ခွက်စီဖျော်သောက်ကြပြီးလျှင် မဂျမ်းပုံလည်း အိမ်ပေါ်သို့ တက်သွားလေ၏။

မောင်ထွန်းမြတ်လည်း နာရီတစ်ဝက်ခန့် ဆက်လက်၍ စာဖတ်နေရာမှ စာအုပ်ကို စားပွဲပေါ်သို့ပစ်ချလိုက်ပြီးလျှင် ထိုင်ရာမှထ၍ ခြေလက်ကိုဆန့်တန်းလျက် အညောင်းဖြေပြီးနောက် အခန်းပေါက်အနီး ခြေသုတ်ဖုံပေါ်တွင်ရပ်လျက် အပြင်သို့လှမ်းကြည့်ရာ"အောင်မယ်၊ တယ် နှင်းတွေကျပါကလား၊ လကလည်း မထွက်သေးဘူး၊ မှောင်ကလည်း မိုက်လိုက်တာ" ဟု ပြောဆဲတွင် လူတစ်ယောက်သည် မိမိအနီးသို့ ရုတ်တရက်လာရပ်၍... "ဝင်ပါရစေဗျာ၊ ခင်ဗျား တစ်ယောက်တည်းမဟုတ်လား" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် အသံကို ကြားဖူးသည်အောက်မေ့၍ နောက်သို့ဆုတ် ပြီးလျှင် မီးရောင်တွင်ကြည့်ရာ မောင်ဘချိုလည်း အခန်းတွင်းသို့ဝင်၍ လိုက်လာလေ၏။

အိမ်တွင်းသို့ရောက်လျှင် မောင်ဘချိုက"အပေါက်တွေပိတ်ပါဗျာ၊ မြန်မြန်ပိတ်ပါ၊ လူတစ်ယောက် ကျွန်တော့်နောက်က လိုက်လာတယ်မှတ်တယ်" ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း အခန်းပြတင်းပေါက်တို့ကို လျင်မြန်စွာ ပိတ်လေလျှင် မောင်ဘချိုသည် ကုလားထိုင်ပေါ်တွင် အညောင်းဖြေလျက် နှင်းရွှဲသော အဝတ်အစားတို့ကို ချွတ်၍နေလေ၏။ မောင်ထွန်းမြတ်လည်း တံခါးတို့ကို လုံခြုံစွာပိတ်ပြီးလျှင် ..."လာပြန်ပြီလားဟေ့ မောင်ဘချို"

"လာပြန်ပြီဗျာ၊ သည်အကောင်ကြောင့် ကျွန်တော် ဒုက္ခရောက်လိုက်တာ"

"ဘယ်အကောင်လဲ" ဟုမေးလျှင် မောင်ဘချိုလည်း အနည်းငယ်ဆိုင်းငံ့၍ "သက်ညွှန့်ဆိုတဲ့အကောင်ပေါ့" ဟု ပြောရာ။

မောင်ထွန်းမြတ်လည်း မျက်နှာပျက်၍ "ငါတစ်ခုပြောမယ်ကွယ်မောင်ဘချို"

"ဘာလဲဗျာ"

"ငါ့ကို သည်အကောင်အကြောင်း နောက်ထပ်ပြီး မပြောပါနဲ့တော့ကွယ်၊ ငါ မကြားချင်ဘူး" ဟု ပြောလျှင် မောင်ဘချိုလည်း မျက်နှာငယ်နှင့် "နို့ကျွန်တော့်သည်လိုပဲ ပစ်ထားတော့မလားဗျာ၊ သည်အမှုကို ခင်ဗျား လုပ်မပေးရင် ကျွန်တော့် ဘယ်သူ လုပ်ပေးမယ့်သူ ရှိသေးသလဲ"



http://myanmarpyithar.net

"သည်အမှုက ရှေ့နေအလုပ်လည်း တယ်မဟုတ်ပါဘူးကွယ်၊ စုံထောက်နဲ့မှ သာပြီး နေရာကျပါတယ်၊ စုံထောက်ကောင်းတဲ့ လူတစ်ယောက်လက် ငါအပ်ပေး ပါမယ်"

"တော်ပြီ ကိုထွန်းမြတ်၊ ခင်ဗျားစုံထောက်ကို ကျွန်တော်မယုံနိုင်ဘူး၊ မတော်များ..."

"ငါ နားလည်ပါတယ်ကွယ်၊ မယုံရမယ့်လူ ငါအလကား အပ်ပါမလား"

"ခင်ဗျားတော့ ဘာပြုလို့လဲဗျာ"

"ငါလား သည်အကောင့်အမှု လိုက်ချင်မှာထားလို့ သူ့မျက်နှာလည်း ငါမကြည့်ချင်ဘူး၊ သူ့လည်း ငါ့ညပ်နဲ့တောင် မကိုင်ချင်ဘူး"

"ဒါဖြင့် ကျွန်တော်တော့ခက်တာပဲ၊ တစ်သက်လုံး သည်လိုပဲ နေရပုံ ပေါက်ပါပြီ"

သည်လိုလည်း အားမလျှော့ပါနဲ့ကွယ်၊ ငါလည်း တတ်နိုင်သလောက်..." ဟုပြောဆဲတွင် အခန်းတံခါးကို တစ်စုံတစ်ခုဖြင့် ပြင်းထန်စွာ ခေါက်ဘိသကဲ့သို့ တစ်အိမ်လုံး ဆူလျက်ရှိသောအသံကို ကြားလေလျှင် မောင်ဘချိုလည်း ထိုင်ရာမှ ခုန်ထ၍ ချွတ်ထားသောအင်္ကျီကို ပျာယီးပျာယာနှင့် ပြောင်းပြန်ဝတ်ပြီးလျှင် မျက်လုံးပြူး မျက်ဆံပြူးပြူးနှင့် တောင်မြောက်လေးပါးတို့ကို ကြည့်ရာ ပုန်းအောင်း ရန်နေရာ မတွေ့နိုင်သဖြင့် စားပွဲခုံတစ်ခုအောက်သို့ ဝင်မည်အပြုတွင် မောင်ထွန်းမြတ် က ပခုံးကိုကိုင်၍ "သည်လောက် မကြောက်ပါနဲ့ကွဲ့ မောင်ဘချို၊ ငါ ရှိပါတယ်၊ မင်းဘာမျှမဖြစ်ရပါဘူး" ဟု စိတ်အေးအောင် ပြောလျှင် "ကျွန်တော့်နောက်က နောက်ယောင်ခံပြီး လိုက်လာတဲ့ ပုလိပ်သား မှတ်တယ်ဗျ၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ" ဟု တစ်ကိုယ်လုံး တုန်လျက်ပြောလျှင်–

"မဟုတ်ပါဘူးကွဲ့၊ အိမ်တွင်းဘက်ကပါ၊ အစ်မကြီးပါကွဲ့၊ အသာထိုင်နေပါ"

"ဟုတ်လား၊ သူဝင်လာဦးမှာလား၊ မဝင်အောင် မတတ်နိုင်ဘူးလားဗျာ"

"ဒါတော့ ငါမတတ်နိုင်ဘူးကွဲ့၊ သူဝင်ချင်ရင်လည်း ဝင်ရမှာ အေးမှာ၊ သူ့သဘော မင်းအသိသားမဟုတ်လား၊ အစ်မကြီးမြင်လို့ ကိစ္စမရှိပါဘူးကွယ်"

ဤသို့ပြောနေကြစဉ် အခန်းအပြင်မှ မဂျမ်းပုံလည်း ရပ်နားခြင်းမရှိဘဲ တစ်အိမ်လုံးဆူညံလျက်ရှိအောင် အခန်းတံခါးကို မြင်းလုံးဖြင့်ဆောင့်လျက်နေရာ မောင်ထွန်းမြတ်လည်း အစ်မကြီးသဘောကိုသိ၍ အခန်းတွင်းမှနေ၍ ပြောလျှင် အချည်းနှီးပင်ရှိမည်ဟု အခန်းတံခါးကိုလျင်မြန်စွာဖွင့်၍ အခန်းပြင်သို့ ရုတ်တရက် ထွက်ပြီးလျှင် အခန်းကိုပြန်ပိတ်လိုက်ရာ မဂျမ်းပုံလည်း စိတ်ဆိုးသောမျက်နှာထားနှင့်



http://myanmarpyithar.net

ရပ်လျက်နေသည်ကို တွေ့ရလေ၏။

မဂျမ်းပုံမှာ အိပ်ခန်းသို့တက်သွား၍ ချမ်းအေးလှသည်နှင့် ဖလန်နယ် အဝတ်တစ်ခုကို ခေါင်းတွင်ပတ်လျက် အိပ်ကြည့်ရာ။ နှာစေး၍ အသက်ကောင်းစွာ မရှူရှိုက်နိုင်သဖြင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲ ရှိသည့်အခိုက် မောင်ထွန်းမြတ်နှင့် မောင်ဘချိုတို့ စကားပြောနေကြသောအခန်းသည် မိမိအခန်းနှင့် အထက်အောက် ဖြစ်နေသဖြင့်။ မဂျမ်းပုံလည်းနားပါးသည်နှင့် စကားပြောသံကြားသည် အောက်မေ့၍ မိနှစ်ကိုခေါ်ပြီးလျှင် "ဟဲ့ မိနှစ် အောက်မှာ နင့်ကိုကို ဘယ်သူနဲ့ စကားပြောနေသလဲ။ သွားကြည့်စမ်း"ဟု ခိုင်းလိုက်လေသည်။ မိနှစ်လည်း ပြန်လာ၍ "ဘယ်သူနဲ့လည်း မသိဘူး အစ်မကြီးရေ့ စကားပြောနေတာတော့ အမှန်ပဲ၊ တံခါးလည်းပိတ်ထား တယ်"ဟု ပြောလျှင်။ မဂျမ်းပုံလည်း သိချင်တတ်သောသဘောရှိသဖြင့် အိပ်ရာမှ ထ၍ အိမ်အောက်သို့ဆင်းသွားလေသည်။

မောင်ထွန်းမြတ်လည်း အခန်းတွင်းမှထွက်လာလေလျှင် အစ်မကြီးမဂျမ်းပုံ မှာ ဖလန်နယ်အဝတ်နှင့် ဦးခေါင်းကိုပတ်ထားရာ။ ခေါင်းပေါ်တွင် အချွန်ကြီး ထွက်လျက် ကတော့ကြီးကို ဆောင်း၍ထားသည်နှင့် တူလှသည်ဖြစ်၍ အစ်မကြီး စိတ်ဆိုးနေသည်ကို သတိမရနိုင်ဘဲ ပြုံး၍ "ဘာကိစ္စလဲ အစ်မကြီး"

"ဘာ–ဘာကိစ္စလဲ–လဲ။ ဟိုအခန်းထဲက ဘယ်သူလဲ။ ပြောစမ်း" ဟု ငေါက်၍မေးလျှင်၊ မောင်ထွန်းမြတ်လည်း မျက်နှာထားပြင်၍ "ဘယ်သူဖြစ်ဖြစ် အစ်မကြီးရယ်၊ ကျွန်တော်နဲ့ ကိစ္စရှိလို့ပါ။ အစ်မကြီး နေမကောင်းဘူးဆို၊ စောစောစီးစီးအိပ်ပါတော့လား"

"ဘာပြုလို့ ငါအိပ်ရမလဲ၊ ဟိုအထဲက ဘယ်ကကောင်မတုန်း ပြောစမ်း။ တံခါး ငါခေါက်နေတာကြာလှပြီ၊ ဒါတောင်မကြားနိုင်ဘူး။ ဘာများစကားကောင်းနေ ကြသလဲ။ ဖယ်ပါ ငါဝင်ကြည့်ပါ့မယ်။"ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း ခင်စိန်ကြည် ထွက်သွားပြီးသည့်နောက် ဤမျှလောက် မရယ်မောဖူးဘဲ ပြင်းစွာ ရယ်မော၍ "အစ်မကြီးက ဘယ်သူမှတ်လို့လဲ အစ်မကြီးရဲ့"

"ဘယ်သူမှတ်မှတ် ငါဝင်ကြည့်မယ်၊ ဆုတ်စမ်းပါ"

"ဒါတော့ အစ်မကြီးသဘောပေါ့၊ သို့သော် အစ်မကြီး တစ်ခုတော့ သတိ ပေးလိုက်မယ်၊ အခန်းထဲဝင်ကြည့်ရင် ရယ်စရာမတွေ့ရဘူး၊ ငိုစရာတွေ့ရလိမ့်မယ်၊ အခန်းထဲမှာ အစ်မကြီးမောင် မောင်ဘချိုပေါ့" ဟု ပြော၍ မဂျမ်းပုံလည်း အခန်း တွင်းသို့ ဝင်မည်ပြုရာ– "နေဦးလေ အစ်မကြီး၊ ခေါင်းကဟာကြီးနဲ့ သည်လိုပဲ ဝင်တော့မလား"



http://myanmarpyithar.net

“ဝင် ဘာဖြစ်သလဲကွဲ့၊ ဒင်းငယ်ငယ်က တစ်နေ့ ၄–၅–၁၀ ခါ ငါ ရိုက်လာခဲ့တာ၊ အခုမှ ဒင့်ကို ငါက အရေးလုပ်နေရဦးမှာလား” ဟု ပြောပြီး ဝင်သွားလေ၏။ မောင်ထွန်းမြတ်လည်း မိနှစ်ကိုခေါ်၍ “စားစရာ ဘာများရှိသလဲ၊ ရှိတာ အကုန်ယူခဲ့ပြီး သည်အခန်းမှာ ပြင်ထားလိုက်၊ ပြင်ပြီး နင်တို့ အိပ်ကြတော့၊ မနက်မှလာသိမ်း” ဟု ပြော၍ မောင်ထွန်းမြတ်လည်း မောင်ဘချိုရှိရာ အခန်းသို့ ဝင်သွားပြီးလျှင် အပေါက်ကို ကလန့်ချ၍ ထားလေ၏။

အခန်းတွင်းသို့ရောက်လျှင် အစ်မကြီးလည်း ဖလန်နယ်ကတော့ကြီးကို ဆောင်းလျက် မောင်ဘချိုလည်း အင်္ကျီကို ပြောင်းပြန်ဝတ်လျက် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ရပ်ကာ ကြည့်နေကြရာမှ အစ်မကြီးက “ မင်းသည်လာဝံ့တာ ငါအံ့သြတယ်ကွယ်၊ မင်းအရင်တစ်ခါလာတာ လူတွေသိကုန်ကြပြီ၊ မင်းသိရဲ့လား”

“ဟုတ်လား၊ ဘယ်သူပြောလို့ သိသွားသလဲ”

“ဘယ်သူက ပြောတယ် ငါမသိဘူး၊ သိတာတော့အမှန်ပဲ၊ ညစ်ညစ်စုတ်စုတ်ဝတ်ပြီးလာသတဲ့၊ ပြောနေကြတယ်”

“ဒါဖြင့် မိချင်လည်း မိသွားပါစေတော့ အစ်မကြီးရယ်၊ ကျွန်တော်ဖြင့် သည်လိုချည့် တထိတ်ထိတ်တလန့်လန့်နဲ့၊ နေရမယ်အတူတူ မိသွားလို့ သေရတာက ကောင်းပါသေးတယ်”

“ဒါတော့ မင့်အမှု မင်းရှာတာပဲ၊ မင်း ဘာပြုလို့ သည်အကောင် ကို တွေ့ရက်သားနဲ့ ဖမ်းပြီး မပို့လိုက်သလဲ”

“ဖမ်းပို့လို့ ဘယ့်နှယ်လုပ်မလဲ၊ သက်သေမှ ကျွန်တော်က မပြနိုင်ဘဲ၊ ကျွန်တော်ပြောတဲ့စကားတစ်ခုတည်းနဲ့ ဘယ်သူက ကျွန်တော့်ယုံကြည်လိမ့်မလဲ”

“မောင်ဘချို”

“ခင်ဗျာ”

“မင်းလောက် ဉာဏ်နည်းတဲ့အကောင် ဘယ်မှာရှိသေးသလဲ၊ ငါတို့ သည်လိုဖြစ်စမ်းပါစေကွယ်၊ သည်ညဥ့်ကတည်းက သည်အကောင် ချက်ချင်းဖမ်းပို့လိုက်မှာပေါ့၊ သူကတော့ မဟုတ်ပေါင်၊ ကိုယ်မသတ်ဘဲနဲ့ ကိုယ်သတ်သလိုလုပ်ပြီး ရှောင်တိမ်းနေလိုက်ရသေးတယ်၊ မင်းက လူသတ်မှုဖြစ်တာ ဂုဏ်ရှိတယ်ထင်လို့လား၊ နည်းနည်းကြီးသွားလို့ကွယ်၊ မင်းပြန်ငယ်စေချင်သေးတယ်၊ ငါ့လက် ဘယ်လောက်ပြင်းသလဲ သိရအောင်”

“အစ်မကြီးတို့ကတော့ ကျွန်တော့်ချည်းပဲ အပြစ်တင်ကြတာပေါ့လေ”



http://myanmarpyithar.net

"မင့်အပြစ်မတင် ဘယ်သူ့အပြစ်တင်ရဦးမလဲ၊ မင်းမိုက်လို့ မင်း သည်လို ဒုက္ခရောက်တယ်မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အစ်မကြီးရယ်"

မဂျမ်းပုံလည်း အားရအောင် ပြောပြီး၍ ကရုဏာဖြစ်လာသည်နှင့် "မင်း သည်ကနေ့ည ဘယ်အိပ်မယ်လို့တုန်း"

"မပြောတတ်သေးပါဘူး အစ်မကြီးရယ်၊ နှင်းထဲမှာ အိပ်လို့ အအေးမိပြီး သေသွားလည်း မိုက်စတုံးတာပေါ့" ဟု ပြောလျှင် အစ်မကြီးလည်း အစေခံတို့ မသိစေဘဲ မောင်ဘချိုကို မည်သည့်နေရာ၌ သိပ်ရမည်နည်းဟု စဉ်းစား၍ "ဒါဖြင့် ငါအိပ်တဲ့အခန်းနောက်က အခန်းကလေးထဲမှာ အိပ်ပေတော့၊ ကဲ ငါ သွားပြီး အိပ်ရာပြင်ချေဦးမယ်" ဟုပြော၍ ထသွားလေ၏။

မောင်ထွန်းမြတ်လည်း မောင်ဘချိုကိုခေါ်၍ မိနှစ်ပြင်ထားသော စားဖွယ် သောက်ဖွယ်တို့ကို ကျွေးမွေးလေ၏။ မောင်ဘချိုမှာ ဤမျှလောက် ကောင်းမွန်သော အစာတို့ကို မစားရသည်မှာ ကြာလှပြီဖြစ်၍ ဝမ်းပြည့်အောင်စားပြီးလျှင် ကုလားထိုင် ပေါ်တွင် အိပ်ပျော်၍သွားရာ ၅မိနစ်ခန့်ရှိလျှင် အိပ်ရာမှလန့်နိုး၍ လက်ဖြင့်ကာပြီး လျှင်..."ကျုပ် မသတ်ဘူးဗျ၊ ကျုပ်သတ်တာ မဟုတ်ဘူးဗျ ... ၊ သတ်တာက တစ်ယောက်ဗျ၊ သတ်တဲ့အကောင်က ..." "ဟေ့ မောင်ဘချို .... မောင်ဘချို" ဟုခေါ်၍ မောင်ထွန်းမြတ်က သတိပေးမှ မျက်လုံးကို ပွတ်ကြည့်ပြီးလျှင် "အောင်မယ် လန့်လိုက်တာဗျာ၊ အိပ်မက်ထဲမှာ ကျွန်တော့်မိသွားလို့ တကတဲ ရုန်းလိုက်ရတာဗျာ"

"မင်းက တယ်ကြောက်တာကိုးကွဲ့၊ အိပ်မက်ထဲမှာတောင် စိတ်စွဲနေတာပဲ၊ ကဲ ဝပြီလား၊ သည်ကြက်ပေါင်ကြော်ကလေး ကုန်အောင် စားလိုက်ဦးလေ၊ တော်ပြီလား၊ ကဲ ဒါဖြင့် ညဥ့်လည်းနက်ပြီ၊ မင့်အိပ်ရာ ငါလိုက်ပို့မယ်၊ လာ သွားကြစို့" ဟု ပြော၍မောင်ဘချိုအား မဂျမ်းပုံနောက်ရှိ အခန်းသို့ လိုက်ပို့ပြီးလျှင် အိပ်ကြလေ၏။

နံနက်လင်းလျှင် မဂျမ်းပုံသည် မိနှစ်အား "ငါ သည်ကနေ့ နေမကောင်းလို့ အိမ်အောက်မဆင်းနိုင်ဘူး၊ ထမင်းပွဲပြင်ပြီး သည်အခန်းထဲ ယူခဲ့ပေတော့" ဟု ပြောသည်နှင့် မိနှစ်လည်း ထမင်းပွဲ ပြင်ပြီးလျှင် အခန်းတွင်းသို့ ယူလာရာ "ကဲ သွားတော့၊ နောက်တစ်နာရီလောက်ကြာမှ လာယူလှည့် ငါ အခု မစားချင်သေး ဘူး" ဟု ပြောလိုက်လေကြောင်း၊ မိနှစ်ထွက်သွားလျှင် မဂျမ်းပုံသည် မိမိ အခန်း ပေါက်ကိုပိတ်၍ မောင်ဘချို၏အခန်းကို ဖွင့်ရာ မောင်ဘချိုမှာ ချောင်တစ်ခုတွင်



http://myanmarpyithar.net

ကုပ်၍ထိုင်နေသည်ကို တွေ့လေသောအခါ "မိုက်တုန်းကတော့ မင်း မိုက်ပြီး သည်လောက် မကြောက်ပါနဲ့ကွယ်၊ ကဲ လာ ထမင်းစားမယ်"

ထမင်းစားပြီး၍ မိနစ်လည်း ထမင်းပွဲကိုသိမ်းသွားလျှင် မောင်ထွန်းမြတ်လည်း အစ်မကြီးအခန်းမှဖြတ်၍ မောင်ဘချိုအခန်းသို့ ဝင်သွားပြီးလျှင် "ဘယ့်နှယ် စားလို့ ကောင်းရဲ့လားဟေ့"

"ဘာပြောကောင်းမလဲဗျာ၊ သည်လိုဆန်မျိုးသည်လိုဟင်းမျိုးများ မစားရတာ ကြာလှပြီကော၊ အို-ဒါနဲ့ ကျွန်တော် သည်မှာပုန်းနေလို့ စိတ်မအေးပါဘူး၊ သွားချင်လှပါပြီ၊ အစေခံတွေများ သိသွားမှဖြင့် ခက်တော့မှာပဲ"

"နေပါဦးကွယ်၊ ညနေကျတော့ မင်းသွားချင်တဲ့ဆီ သွားတာပေါ့" ဟု ပြောဆဲတွင် မောင်ဘချို၏ဖခင် ရာဇဝတ်ဝန်ထောက်မင်းသည် လှေကားပေါ်သို့ တက်လာ၍

"မောင်ထွန်းမြတ် ဘယ်ကလဲကွဲ့၊ သည်ခဏ လာခဲ့ပါဦး" ဟု အော်ခေါ်သည်ကို မောင်ဘချိုကြားလျှင် နေစရာမရှိအောင် ကြောက်လှသဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက်ရှိလေ၏။

မောင်ထွန်းမြတ်လည်း ရုတ်တရက် မျက်နှာပျက်၍ "မင်း သည်မှာခဏ နေရစ်ဦး၊ ငါသွားပြီး စကားပြောလိုက်ဦးမယ်" ဟု ပြော၍ မောင်ဘချိုအား အပေါက်ကိုပိတ်ထား စေပြီးလျှင် အစ်မကြီးအခန်းသို့ ဝင်မိလျှင် ဝင်မိချင်း ဝန်ထောက်ကြီးလည်း အစ်မကြီး အခန်းသို့ဝင်လာ၍ "ဘယ့်နှယ် မဂျမ်းပုံလည်း နေမကောင်းဘူးဆို၊ ဒါနဲ့ - ဟေ့မောင်ထွန်းမြတ်၊ မင့် ငါတစ်ခုပြောစရာရှိလို့" ဟုပြောလျှင် မဂျမ်းပုံက ဘာအကြောင်းများလဲဦးရဲ့၊ သည်လောက် အရေးကြီး ရအောင် မိမိကြည်တို့ဆီက အကြောင်းလား" ဟု မေးလေကြောင်း။

ဝန်ထောက်ကြီးမှာ စိတ်ဆိုးနေခိုက်ဖြစ်၍ "ဘယ်က မိမိကြည်အကြောင်း ရမလဲ၊ ဟိုခွေးမသားအကြောင်းပေါ့၊ ခွေးမသား အခု သည်ရောက်နေတယ်ဆို ပါကလား"

"ဘယ့်နှယ်ဦးက သေသေချာချာ ကွဲပြားအောင်ဦးရဲ့၊ ဘယ်ကခွေးမသားက ဘယ်ရောက်တာလဲ" ဟုမောင်ထွန်းမြတ်ကမေးလျှင်...

"ဘယ်က ခွေးမသားရမလဲကွဲ့ ငါ့သားဘချိုပေါ့၊ သည် အကောင်များ သားပြောရတာတောင် ရက်ပါရဲ့" ဟုပြောလျှင် မောင်ဘချိုမှာ တံခါးတစ်ချပ် တည်းသာခြားသည်ဖြစ်၍ အလုံးစုံကြားသိရကား မည်မျှလောက် တုန်လှုပ်လေသည်ကို ပြော၍မပြနိုင်ကုန်။



http://myanmarpyithar.net

"ဘယ်ရောက်တာလဲ ဦးရဲ့"

"ဘယ်ရောက်ရမလဲကွဲ့၊ ဟောသည့်စာကို သည်ကနေ့ မနက်ပဲ ငါရတယ်၊ မင်းဖတ်ကြည့်တော့"မောင်ထွန်းမြတ်လည်း စာကိုယူ၍ဖတ်ကြည့်ရာ ၎င်းစာမှာ ဝန်ထောက်မင်း၏သား ဝရမ်းပြေးသည် ၁–ရက်၊ ၂–ရက်အတွင်း မန္တလေးသို့ ရောက်လာမည့်အကြောင်း၊ ရောက်လာ၍ မဖမ်းမိစေလိုလျှင် မြန်မြန်ပြန်၍ လွတ်လိုက်ရမည့်အကြောင်း ဖြစ်လေသည်။ စာကိုဖတ်ပြီးလျှင် "ဘယ်သူ့ဆီကလို့လဲ မပါပါကလားဦးရဲ့"

"မပါဘူးလေ"

"ကျွန်တော်သာဖြင့် သည်လို လက်မှတ်မထိုးဘဲနဲ့ ရေးတဲ့စာရရင် ဘာအရေးလုပ်မလဲ၊ ဆုတ်ပစ်လိုက်မှာပေါ့"

"ဒါနဲ့သည်အကောင် သည်မြို့လာသလား၊ မလာဘူးလား၊ ငါသိချင်တယ်"

"လာရင် ဘာလုပ်မလဲဦးက"

"လာရင်လား၊ လာရင်ငါကိုယ်တိုင် သွားဖမ်းပြီး အချုပ်ထောင် ပို့လိုက်မှာပေါ့"

"သည်အကြောင်း မောင်ဘချိုလည်း အသိသားနဲ့၊ လာဝံ့ပါ့မလား ဦးရယ်၊ စဉ်းစားကြည့်မှပေါ့၊ ဦးက ဦးကိုယ်ဦး ဒုက္ခရှာနေတာပဲ"

"ငါက ဒုက္ခရှာတယ်ဆိုရအောင် သည်ကိုဘာသာကို ငါသတ်သလားကွဲ့၊ ထွက်ပြေးပြီး တော်ရာမနေသေးဘဲ ငါ့အဖေ လာလာပြီး ဒုက္ခရှာသလားကွဲ့"

"ကျွန်တော်ပြောတာ ဆုံးအောင်နားထောင်ပါဦး ဦးရဲ့၊ ဦး ဒုက္ခရှာတယ်ဆိုတာက ဦးက သည်သားအကြောင်းကြားရင် စိတ်ဆိုးတယ်...."

"ဆိုးသလေ ဒါ ဘာဖြစ်သလဲ၊ မင့်သားက မင့်သည်လိုလုပ်ရင် မင်းကော စိတ်မဆိုးဘူးလားကွဲ့"

"နေပါဦး ဦးရယ်၊ ကျွန်တော့်စကားဆုံးအောင် ပြောပါရစေဦး၊ ဦးက သည်အကြောင်းကြားရင် စိတ်ဆိုးမှန်းသိလို့ သူများက ဦးစိတ်ဆိုးအောင် တမင်လုပ်ကြတာပါ ဦးရဲ့"

"မပြောပါနဲ့ကွယ် မဟုတ်ပါဘူး၊ ငါ့ကို ဘယ်သူ စိတ်ဆိုးအောင်လုပ်မယ့်လူ ရှိသလဲ"

"ဒါတော့ မပြောတတ်ဘူးလေ၊ ရေးတဲ့လူက ဘယ်သူဘယ်ဝါဆိုတာ သိအောင် အလကားရေးပါ့မလား၊ ကျွန်တော်ဖြင့် သည်လိုစာမျိုး အယုံအကြည် မရှိပါဘူး" ဟုပြောလျှင် ဝန်ထောက်ကြီးသည် မောင်ထွန်းမြတ်ပြောသည့်



http://myanmarpyithar.net

စကားကိုကားနားထောင်လေ့ရှိသဖြင့် ဘာမျှမပြောဘဲ အိမ်ပေါ်မှ ဆင်းသွားလေ၏။

မောင်ထွန်းမြတ်လည်း ဝန်ထောက်ကြီးကို ဝင်းအပြင်သို့ ရောက်အောင် လိုက်ပို့ပြီးလျှင် မောင်ဘချိုအခန်းသို့ ပြန်လာရာ "ကျွန်တော်ဖြင့် ကြောက်လွန်း အားကြီးလို့ သေများသေရလိမ့်မယ် မှတ်တယ်ဗျာ၊ သွားပြီလား ဖေဖေ အခု၊ ကောင်းပါလေဗျာ၊ ကျွန်တော်ဖြင့် မျက်လုံးကို ပြူးနေတာပဲ"

"မင်းမပြောနဲ့ ငါတို့တောင် ကြောက်လိုက်တာကွယ်၊ မဟုတ်ဘူးလား အစ်မကြီး"

"မပြောပါနဲ့တော့ကွယ်၊ ငါဖြင့် မွေးကတည်းက သည်လောက်များ တစ်ခါမှမကြောက်ဖူးပါဘူး"

"ဒါနဲ့ ကျွန်တော်မေမေ့ကို သည်ကနေ့ည တွေ့ရပါဦးမလားဗျာ"

"မတော်ပေဘူးထင်တယ် မောင်ဘချို၊ နောက်များမှ တွေ့ပေတော့"

"နို့ မိမိရီကော" "မိမိရီတော့ ငါရုံးသွားရင်း ဝင်ပြောလိုက်မယ်၊ သို့သော်မိုးတွေကလည်းရွာ ..."

"အောင်မယ် မိုးမကလို့၊ မိုးပုဆိန် ရွာဦးတော့၊ လာပါတယ်ဗျာ၊ ကျွန်တော့်နှမ ကျွန်တော် သိပါတယ်"

"ဒါဖြင့် ငါဝင်ပြောလိုက်မယ်၊ ဒေါ်ဒေါ့်အစ်မကြီး နေမကောင်းလို့ မိမိရီ တစ်ဆိတ်လာပါလို့ ပြောလိုက်မယ်နော် အစ်မကြီး"

"အေးပါကွယ်၊ ငါသေတယ်ပဲ ပြောချင်ပြော"

မောင်ထွန်းမြတ်လည်း မိုးရွာနေသည်ဖြစ်၍ မော်တော်ကားနှင့် မိမိရီအိမ်သို့ သွားပြီးလျှင် ဝန်ထောက်ကြီးမရှိခိုက်တွင် မိမိရီအား မောင်ဘချိုသည် အိမ်တွင် ရောက်နေကြောင်းကိုပြော၍ ဝန်ထောက် ကတော်ကြီးကို "ဒေါ်ဒေါ် သည်ကနေ့ဖြင့် အစ်မကြီးနေမကောင်းလို့ မိမိရီ ခေါ်သွားရလိမ့်မယ် ဒေါ်ဒေါ်ရေ့"

"မိုးတွေက ရွာသနဲ့၊ မလုပ်ပါနဲ့ တူကြီးရယ်"

"မိုးရွာပေမယ့် မိုးပေါက်တစ်ပေါက်မှ မစွတ်စေရပါဘူး ဒေါ်ဒေါ်ရဲ့၊ မော်တော်ကားနဲ့ပါ၊ သူ့လိုက်ပို့ပြီးမှ ကျွန်တော် ရုံးသွားပါမယ်" ဟုပြော၍ ဝန်ထောက်ကတော်လည်း အခွင့်ပြုရလေလျှင် မောင်ထွန်းမြတ်သည် မိမိရီကို အိမ်သို့ပို့ခဲ့ပြီးမှ ရုံးသို့သွားလေ၏။

ညနေတိုင်ရောက်၍ မောင်ထွန်းမြတ် ရုံးမှပြန်လာပြီးလျှင် မောင်ဘချိုအခန်း တွင်းသို့ ဝင်သွားရာ မောင်ဘချိုမှာ သွားချိန်နီးပြီ ဖြစ်သောကြောင့် မျက်နှာ မသာမယာနှင့် မိမိရီမှာ ငိုလျက်နေသည်ကိုတွေ့ရလေ၏။ မီးထွန်းချိန်ရောက်၍



http://myanmarpyithar.net

မောင်ဘချိုအား ထမင်းကျွေးမွေး၊ လမ်းစရိတ်များလည်း ပေးပြီးလျှင် မောင်ထွန်းမြတ်က မောင်ဘချိုအား မိမိနေထိုင်သည့်အရပ်ကို စာရေး၍ထည့်ရန် အထပ်ထပ်မှာကြား၍ မိမိလည်း စုံထောက်တစ်ယောက်အား ဤအမှုကို လွှဲအပ်မည့်အကြောင်းကို ပြောဆိုပြီးနောက် အစ်မကြီးအား အစေခံတို့ကို အိမ်နောက်သို့ခေါ်၍ စကားပြောဆိုနေစေပြီးလျှင် မောင်ဘချို၊ မောင်ထွန်းမြတ်နှင့် မိမိရီတို့သည် အိမ်ပေါ်မှ ဆင်းသွားကြလေ၏။ အိမ်ရှေ့သို့ရောက်လျှင် မိမိရီလည်း မျက်ရည်စက်လက်နှင့် မောင်အား နှုတ်ဆက်ပြီးနောက် မိုးလည်းရွာနေသည်ဖြစ်၍ မောင်ဘချိုသည် အစ်မကြီး ပေးလိုက်သော ထီးကြီးကိုဆောင်းလျက် ထွက်သွားရာလေ၏။ မောင်ထွန်းမြတ်လည်း ဝင်းပေါက်သို့ရောက် အောင် လိုက်ပို့ပြီးမှ မိမိရီထံ ပြန်လာ၍ "ကဲ– မိမိရီပြန်မယ် မဟုတ်လား"

"ပြန်မှပေါ့ရှင်၊ ဖေဖေကဖြင့် ကြိမ်းများနေဦးမလား မသိဘူး"

"ကိစ္စမရှိပါဘူး၊ ကျုပ်ပြောပေါ့မယ်"

"ရှင် လိုက်ဦးမယ်လို့လား"

"မလိုက် ဘယ့်နှယ်လုပ်ရမတုန်း၊ ကဲ–လာ အစ်မကြီးတော့ အစေခံတွေနဲ့ စကားကောင်းနေသေးတယ် မှတ်တယ်"

"မော်တော်ကားပေါ်သို့ရောက်လျှင် မိမိရီလည်း မောင်ဘချို အတွက် စိတ်မချမ်းမသာသဖြင့် ချောင်တွင်ကုပ်၍ ငိုလျက်နေလျှင် ..."မငိုပါနဲ့ မိမိရီရယ်၊ တစ်နေ့တော့ ချမ်းသာတာ တွေ့ရလိမ့်ဦးမယ်ပေါ့"

အိမ်သို့ရောက်လျှင် မောင်ထွန်းမြတ်သည် မောင်မြားအား"မင်းပြန်နှင့်တော့၊ ငါခြေကျင်ပြန်တော့မယ်"ဟုပြောလျှင် မိမိရီက "ကိုထွန်းမြတ် ကြာကြာနေဦးမယ် ပေါ့လေ၊ မေမေက ဘယ်လောက် ဝမ်းသာမယ်လို့..." ဟု ပြော၍ အိမ်ပေါ်သို့ တက်လာကြလျှင် ဝန်ထောက်ကတော်ကြီးမှာ ဝန်ထောက်ကြီးလည်းမရှိ၊ သမီးလည်း မပြန်သေးသဖြင့် တစ်ယောက်တည်း ပျင်းလှသည်နှင့် အိပ်ရာတွင် အိပ်ပျော်နေသည်ကို တွေ့ရလေ၏။

မိမိရီလည်း မိခင်အိပ်ပျော်နေသဖြင့် အိမ်ဦးခန်းတွင် မောင်ထွန်းမြတ်ကို နေရာထိုင်ခင်းပေး၍ မောင်ကြီး၏အကြောင်းကို စဉ်းစားလျက်နေရာ မောင်ထွန်းမြတ်လည်း တစ်စုံတစ်ခုကို စိတ်ကူးလျက် မိမိရီကိုစိုက်၍ ကြည့်နေလေ၏။ ဤသို့ ၂ဦးလုံးစကားမပြောဘဲ အတန်ကြာနေကြပြီးနောက် မိမိရီက မောင်ထွန်းမြတ်သည် မိမိအား စိုက်၍ကြည့်နေသည်ဟု အောက်မေ့သဖြင့် မော်ကြည့်လိုက်ရာ မောင်ထွန်းမြတ်က "မိမိရီ၊ ကျုပ်တစ်ခုပြောမယ်၊ နားထောင်မလား" ဟု မေးလျှင်



http://myanmarpyithar.net

မိမိရီသည်မောင်ထွန်းမြတ်မျက်နှာကို မြင်သဖြင့် ပြောမည့် စကားကို ရိပ်မိ၍ မျက်နှာကိုအောက်သို့ ချနေလေလျှင် "ဟိုတုန်းက မပြောမိတဲ့စကား အခုပြောရင် မိမိရီက "နားထောင်ဦးမလား" ဟု မေးလေကြောင်း။ မိမိရီသည် ဦးခေါင်းကို ခါလျက်နေလျှင် "ဘာပြုလို့လဲ၊ ကဲ တိုးတိုးကလေး ပြောစမ်းပါဦး" ဟု အနီးသို့ တိုး၍လာပြီး... "ဟိုတုန်းက တစ်ယောက်နဲ့ဖြစ်ပြီးလို့လား ဟုတ်လား" ဟု မေးရာ မိမိရီသည် အဘယ်အတွက်ကြောင့်မသိ၊ မျက်ရည်လည်လျက် "မဟုတ်ပါဘူး ရှင်၊ ဟိုညက ကျွန်မပြောမိတာ သတိရလို့ပါ၊ ရှင်က သည်ဟာကြောင့် ကျွန်မကို အားနာလို့ သနားလို့ ပြောလာတာမဟုတ်လား"

"မဟုတ်ပါဘူး မိမိရီရယ်၊ တကယ့်ကို စုံမက်လို့၊ ချစ်ခင်လို့ ..." ဤကဲ့သို့ မောင်ထွန်းမြတ်နှင့် မိမိရီတို့ နှစ်ယောက်တည်း စကားပြောနေကြစဉ် အတွင်းတွင် မောင်ထွန်းမြတ် အိမ်မှထွက်သွားသော မောင်ဘချိုသည် မှောင်ရိပ်တို့မှ ခိုလျက် ဦးခေါင်းကိုငုံ့၍ လျင်မြန်စွာ လျှောက်သွားရာ လမ်းမီးတိုင် တစ်ခုအောက်တွင် အခြားသူတစ်ယောက်နှင့် ထိုးချင်းတိုက်မိလေကြောင်း။ မီးရောင်တွင် နှစ်ဦးသား မျက်နှာချင်းဆိုင်လျက် ကြည့်နေကြရာ ထိုသူက မောင်ဘချိုအား "ဘယ့်နှယ် အကောင်လဲ၊ မျက်စိမပါဘူးလားကွဲ့" ဟု မေးလိုက်လျှင် မောင်ဘချိုမှာ ပထဝီမြေကြီး သည် မိမိခြေအောက်တွင် အက်ကွဲ၍ မိမိအား မျို၍သွားလျှင် ကောင်းလေစွဟု အောက်မေ့လျက် "အောင်မယ်လေးဗျ" ဟု အော်ပြီးလျှင် ထွက်ပြေးသောအခါ ကျန်ရစ်သူ ဝန်ထောက်မင်းမှာ ငေး၍ကြည့်လျက် "ဘယ့်နှယ်အကောင်ပါလိမ့်မယ်" ဟု ပြော၍ သွားရန်လမ်းကို ဆက်လက်သွားလေ၏။

နောက်တစ်နေ့ညနေ၌ မဂျမ်းပုံသည် နှာစေးပျောက်သဖြင့် အိမ်ဦးခန်းတွင် မောင်ထွန်းမြတ်နှင့် ထိုင်နေကြကြောင်း။ မောင်ထွန်းမြတ်သည် မိမိအိမ်ထောင်ပြုမည် အကြောင်းကို အစ်မကြီးအား ပြောမည်ဟု အောက်မေ့၍ "ခင်စိန်ကြည်နဲ့ အကြောင်းပါကြတုန်းက အစ်မကြီးကို မတိုင်ပင်တဲ့အတွက် အစ်မကြီးက ကျွန်တော့် ကို အပြစ်တင်တယ်မဟုတ်လား"

"အပြစ်တင်ရပါသော်လေ၊ ငါ့ကို မင်း အစကတိုင်ပင်ရင် မင်း သည်လို အရှက်ကွဲအကျိုးနည်းဖြစ်ရပါမလား" ဟု ပြောလျှင် "လွန်ပြီးအမှုကို ထပ်မပြောပါနဲ့ အစ်မကြီးရယ်၊ ရှေ့သို့အရေးကိုသာပြောပါ၊ ဒါကြောင့် ကျွန်တော်က သည်တစ်ခါဖြင့် အစ်မကြီးကို စောစောစီးစီးက တိုင်ပင်ရမှာပဲ၊ ကျွန်တော် မိန်းမယူတော့မယ်လို့"

"ဘယ့်နှယ် ဘာပြောတယ်"

"ကျွန်တော် မိန်းမယူတော့မယ်လို့"



http://myanmarpyithar.net

"မင်းကလေ"

"ဟုတ်တယ် ကျွန်တော်ပေါ့၊ ဘာဖြစ်သလဲ၊ ဘာများ အံ့ဩစရာရှိသလဲ အစ်မကြီးရဲ့"

"မလုပ်ပါနဲ့ မောင်ထွန်းမြတ်ရယ်၊ သူများမတော့ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သတဲ့၊ မင်းကတော့ တစ်ခါကြုံလို့လည်းမမှတ်၊ နောက်တစ်ခါ ထပ်ဦးမယ်ပေါ့လေ"

"အဲဒါကြောင့် ကျွန်တော် အစ်မကြီးကို မတိုင်ပင်ဝံ့တာပဲ၊ ကျွန်တော်က အစ်မကြီးရယ်လို့ တိုင်ပင်ပြီဆိုမှဖြင့် အစ်မကြီးက သည်လိုချည်း ပြောတာပဲ၊ ကျွန်တော့်ကို အစ်မကြီးက ကလေးကလေး အောက်မေ့နေသလား အစ်မကြီးရဲ့"

"မသိတတ်တဲ့လူကျတော့ ကလေးလိုပဲ မှတ်ရတယ်မောင်ရေ့၊ ဘယ့်နှယ်တော်၊ တစ်ယောက်ယူလို့မှားမှန်းသိရက်နဲ့ နောက်တစ်ယောက် ယူဦးမယ်ဆိုလို့ တော်နိုင်မလားတဲ့"

"အစ်မကြီးက အစ်မကြီးအိမ်ထောင်မပြုချင်တာနဲ့ သူများလည်း အိမ်ထောင်မပြုရဘူးလား အစ်မကြီးရဲ့၊ အစ်မကြီးက လွတ်လွတ်လပ်လပ်နေတာကြိုက်တယ်၊ ကျွန်တော်က မိန်းမနဲ့နေရတာကြိုက်တယ်၊ အကြိုက်ချင်း မတူကြဘူးပေါ့"

"အေးပါ၊ ယူပါ ယူပါ၊ တော်တော်ကြာတော့သာ ဟိုတစ်ယောက်လို အရက်ခွဲသွားဦးမယ်သတိထား" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် မျက်နှာပျက်၍ သွားသော်လည်း ဒေါသအလျောက် ပြန်၍မပြောဘဲ "သည်တစ်ယောက်ကတော့ သည်လိုလုပ်ပါဘူး၊ ကျွန်တော် သိပါတယ်"

"ဘယ်သူလဲမောင်၊ ပြောစမ်းပါဦး၊ သည်တစ်ယောက်က"

"ဘယ်သူပဲဖြစ်ဖြစ် အစ်မကြီးကတော့ အပြစ်ရှာဦးမှာပဲ၊ ရှင်ဘုရင့်သမီး ဆိုလည်း အပြစ်ရှာမှာပဲ၊ ကူလီမကလေးဆိုလည်း အပြစ်နဲ့ပဲ၊ အစ်မကြီး အပြစ်တင်တော့ လွတ်နိုင်မှာမဟုတ်ပါဘူး"

"တင်စရာရှိ တင်ရလိမ့်မလေ၊ ဟိုက နယ်ပိုင်ဝန်ထောက်မင်း သမီး မဟုတ်လား"

"မဟုတ်ပါဘူး အစ်မကြီးရယ်၊ စိတ်တောင်မကူးမိပါဘူး၊ သူကလည်း စိတ်ကူးမှာမဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲကွဲ့"

"မိမိရီ"

"ဟော..."

"မိမိရီအစ်မကြီးရဲ့"

"လူမိုက်, လူရူး, ဝမ်းတွင်းရူး, မင့်တစ်သက်လုံး မှူးနေတာ မင်းက အမိခံတယ်ပေါ့လေ"

"မမှူးရှာပါဘူးအစ်မကြီးရယ်၊ မှူးတဲ့လူများက မှူးကြပါရဲ့၊ မိမိရီကဖြင့် မမှူးရှာပါဘူး၊ ဒါနဲ့ အစ်မကြီး ကျွန်တော် တစ်ခုပြောချင်တယ်"

"ဘာလဲ"

"မိမိရီ သည်ရောက်ရင် အစ်မကြီး အိမ်ပြောင်းရလိမ့်မယ်"

"အလို–ဘာပြုလို့လဲမောင်၊ ငါဘာပြုလို့ ပြောင်းရမလဲ၊ ငါ မပြောင်းနိုင်ပါဘူး" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ဦးခေါင်းကိုယမ်း၍

"ဒါတော့ မလုပ်နဲ့ အစ်မကြီး၊ မရဘူး" ဟု ပြောလေကြောင်း။

ထိုအခါ မဂျမ်းပုံက "ဘယ်သူက ပြောသလဲ၊ မရဘူးလို့"

"ကျွန်တော်က ပြောတာ အစ်မကြီးရေ့...ဟိုညက မယ်စော ပြောတာ အစ်မကြီး မေ့ပြီလား၊ သည်တစ်ခါတော့ ကျွန်တော် သည်လိုအဖြစ်မခံနိုင်ဘူး" ဟု ဆိုလျှင် မဂျမ်းပုံသည် ၎င်းအကြောင်းနှင့် စပ်၍ပြောလျှင် မခံနိုင်သဖြင့် ပြန်၍မပြောဘဲ မျက်နှာပျက်လျက်နေလေ၏။

"ကျွန်တော်က အစ်မကြီးလည်း အပြစ်မတင်ချင်ပါဘူး၊ အစ်မကြီးက တစ်သက်လုံးက ကိုယ့်အိမ်ကိုယ် ဦးစီးလာခဲ့တော့ ဘယ်မှာပဲနေနေ ဦးစီးချင်ပေမှာပဲ၊ သို့သော်လည်း တစ်အိမ်တည်းမှာ နှစ်ယောက် ဦးစီးလို့မဖြစ်နိုင်ပေဘူး အစ်မကြီးရဲ့၊ သည်တော့ အစ်မကြီးလည်း အစ်မကြီးအိမ်နဲ့ အစ်မကြီးနေမှ နေရာကျမယ်"

"ဟိုတုန်းက မင်းက ဘာပြုလို့ သည်လိုမပြောရသလဲ"

"ဟိုတုန်းကတော့ ကျွန်တော်က သည်လိုဟာတွေ သိမှမသိဘဲ၊ အခုမှ သိတာကိုးအစ်မကြီးရဲ့၊ အစ်မကြီးအိမ်မှာ ငှားနေတဲ့လူတွေ ရှေ့လ သွားကြမယ်ဆို"

"ဟုတ်တယ်၊ သို့သော် ငါအခုပြောမယ် မောင်ထွန်းမြတ်၊ အဲသည်အိမ်ကို မင်းပြောင်းနေပြီး ငါက သည့်ပြင်အိမ်ငယ်ငယ်တစ်ခု ရှာနေရင် သာမကောင်းဘူးလား၊ သည်အိမ်ကြီးဆိုတော့ မင်းတို့နေဖို့ ကြီးလွန်းတယ်ကွဲ့၊ အငှားချလိုက်ရင် တစ်လ ၁၅ဝ လောက်ဆိုရင် နည်းသလား"

"၁၅ဝ ငွေ ကျွန်တော်မလိုချင်ဘူး အစ်မကြီးရယ်၊ ကျွန်တော့်အိမ်နဲ့ ကျွန်တော် ရှိပါစေ"

"ကောင်းပါပြီတော်၊ ငါပြောင်းသွားရင် ငါရတဲ့ငွေတိုး ငါ သုံးမှာသိရဲ့လား"

"ဒါပေါ့လေ–အစ်မကြီးငွေနဲ့ရတဲ့ ငွေတိုး အစ်မကြီးမသုံးရင် ဘယ်သူသုံးဦး



http://myanmarpyithar.net

မလဲ၊ ကျွန်တော်နဲ့ ဘာဆိုင်သလဲ"

"အေး သည်ငွေတိုးအတွက် လျော့သွားလျှင် မင်းတို့အိမ် အကုန်အကျ အပုံကြီးများလိမ့်မကွဲ့နော်၊ တော်တော်ကြာတော့ ဒုက္ခ ရောက်နေမယ် သတိထား"

"သိပါတယ်အစ်မကြီးရယ်၊ ကိုယ့်အိမ်ကိုယ်သိလို့နေတာပေါ့၊ အဝင်နဲ့ အထွက်နဲ့ မမျှရင် အလကား ကျွန်တော် သည်အိမ်မှာ နေပါ့မလား၊ အစ်မကြီးက ကျွန်တော့်ကို အသုံးအစွဲကြီးတယ်လို့ အပြစ်တင်ခံရတာတောင် ကျွန်တော့်မှာ ငွေအပုံကြီး စုမိပါသေးတယ်"

"သည်ထက် မင်းအကုန်နည်းရင် သည်ထက် စုမိဦးမယ်ပေါ့"

"တစ်စုတည်းကြီးပဲ စုနေလို့၊ မသေခင် ကောင်းကောင်းမွန်မွန် နေချင်ထိုင်ချင်သေးတာပေါ့ အစ်မကြီးရဲ့"

"သိပါတယ် မင်းတော့...ကြည့်ပါတော်၊ သည်ကောင်မကလေး၊ သူက ယူဦးမယ်လို့တဲ့၊ မှောက်ကြပါလိမ့်မယ် မင်းတို့တော့၊ ဘယ်တော့ အတောင်း အရမ်းလဲ"

"ရှေ့လလောက် အောက်မေ့တယ်"

■



http://myanmarpyithar.net

## အခန်း (၂၆)

ခင်စိန်ကြည်သည် မီးလောင်သည့်ဒဏ်ရာကြောင့် ဆေးရုံတွင် ၃ လခန့် နေပြီးနောက် ရောဂါပျောက်သဖြင့် ဆေးရုံမှ ဆင်းလာလေ၏။ ခင်စိန်ကြည်၏ ရုပ်လက္ခဏာမှာ ရှေးအခါကနှင့် အလျဉ်းမတူချေ။ တစ်ကိုယ်လုံးအမာရွတ်တို့ဖြင့်ပြည့်၍ ခရုသင်းစွဲဘိသကဲ့သို့ ဆွတ်ဆွတ်ဖြူလျက် မျက်နှာ၌လည်း မျက်လုံးမှသည် နှာခေါင်းသို့ ဖြတ်၍ မေးသို့ထိအောင် အမာရွတ်ကြီးတစ်ခုသည် အရည်အချင်းပျက်၍ လူရုပ်ကိုမျှ မမှတ်မိနိုင်အောင်ရှိလေ၏။ မျက်လုံးသည်လည်း အမာရွတ်ရှိသည့်အတွက် တစ်ဖက်ကျဉ်းကျယ်နေဘိသကဲ့သို့ရှိသည့်ပြင် ရှေ့သွားတစ်ချောင်းသည်လည်း ကျိုးသွားသဖြင့် စကားပြောသည့် အခါ၌ လေထွက်ကုန်၏။ ဆံပင်သည်လည်း မီးလောင်သဖြင့် တစ်ထွာခန့်မျှသာ ကျန်ရှိ၍ အချို့နေရာတို့၌ ကွက်၍ဖြူလျက်ရှိကုန်၏။ မီးလောင်သည့်ဒဏ်ရာကြောင့် ဤကဲ့သို့ ရုပ်ပျက်ဆင်းပျက် ရှိနေသည့်အတွင်း မိမိသေပြီဟု သတင်းစာတွင် ရိုက်ထားပြီးဖြစ်သည့်အတိုင်း မိမိနှင့် ရှေးအခါက သိကျွမ်းဖူးသော သူတို့နှင့် တွေ့ဆုံမိက မိမိအား မမှတ်မိစေလို၍ အရုပ်အဆင်းကို ပျက်သည်ထက် ပျက်စေရန် ကြံဖန်၍ ဝတ်စားလေ၏။ ဆံပင်ဖြူ သွားကျိုး တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူလျက် မျက်နှာတွင် အမာရွတ်ကြီး ကန့်လန့်ဖြတ်လျက်။ မျက်စိသည်လည်း တစ်ဖက်ကျဉ်းကျယ်ဖြစ်နေသော်လည်း ကိုယ်လုံးကိုယ်ပေါက်နှင့် မျက်နှာထားတို့မှာ ရှေးကကဲ့သို့ရှိသေး၍ ၎င်းတို့ကိုလည်း ပျက်စေရန် ခင်စိန်ကြည်သည် မိမိနှင့်မတော်၊ အချိုးအစားမကျသော အဝတ်အစားတို့ကို ရှည်ရှည်ပွပွချုပ်၍ ဝတ်ဆင်ပြီးလျှင် မျက်စိကိုလည်း လူမမြင်စေရန် မီးခိုးရောင် မျက်မှန်တစ်ခုကို အစဉ်မပြတ် တပ်လျက်ထားလေ၏။

ခင်စိန်ကြည်သည် ဆေးရုံမှ ဆင်းပြီးသည်နောက် ရန်ကုန်မြို့ မိန်းကလေးကျောင်းတစ်ကျောင်း၌ ကျောင်းဆရာမတစ်ယောက် လစ်လပ်သည်ဟု သတင်းစာတွင် တွေ့ရှိသဖြင့် လျှောက်ထားလိုက်ရာ ၎င်းအလုပ်ကို ရရှိလေ၏။ ထို့နောက်

ဆရာမအဖြစ်နှင့် လုပ်ကိုင်၍ တစ်နှစ်ခန့်ကြာရှိရာ အခြားဆရာမတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်း မရှိဘဲ မိမိ၏ဝတ္တရားကိုသာ ကျေပွန်အောင်လုပ်ကိုင်ပြီးလျှင် အလုပ် ပြီးစီးသည့်အခါတို့၌ တစ်ယောက်တည်းထိုင်လျက်ဖြစ်စေ၊ မိမိ၏တပည့် မိန်းကလေး များနှင့် စကားပြောဆိုလျက်ဖြစ်စေ နေလေ၏။

တပည့်မိန်းကလေးတို့မှာလည်း မိမိ၏သမီး ခင်မကြီး၏ အရွယ်ကလေးများ ပါရှိသဖြင့် ခင်စိန်ကြည်သည် ၎င်းတို့အား များစွာချစ်ခင်ကြင်နာ၍ အကလေးတို့သည် ဆရာမနှင့် အကျွမ်းတဝင်ရှိကြကုန်၏။ အခြားဆရာမတို့လည်း ခင်စိန်ကြည်၏ အမူအရာကို ထူးဆန်းသည်ဟု အောက်မေ့၍ ဆရာမတစ်ယောက်က အခြား ဆရာမတစ်ယောက်အား "ဘယ့်နှယ်လဲရှင်၊ နောက်ရောက်လာတဲ့ ဆရာမက တယ်ပြီး စကားနည်းပါကလား၊ သူ့ဘာသာသူ နေချင်တဲ့ သဘောရှိတယ်မှတ်တယ်"

"ဟုတ်တယ်၊ ကျွန်မတို့နဲ့ ရောရောနှောနှော မနေချင်ဘူးထင်တယ်၊ သို့သော်လည်း စခန်းကြီးလို့လည်း မဟုတ်ပါဘူးရှင်၊ တစ်နေ့က ကျွန်မလိုချင်တာ ကလေးတစ်ခုရှိလို့ သွားပြီးငှားတော့ အောင်မယ် ပျာပျာသလဲပဲငှားလိုက်ရှာတယ်၊ စခန်းတော့ မကြီးရှာဘူး၊ သူ့ဝါသနာမို့ထင်ပါရဲ့ရှင်"

"ဒါနဲ့တူပါရဲ့ရှင်၊ သို့သော်လည်း သူဝတ်တာစားတာက ဘယ့်နှယ်လဲရှင်၊ အလုံးအရပ်ကလေးက အလှသားနဲ့၊ အင်္ကျီကြီးတွေက ဘယ့်နှယ်ပုံကြီးတွေ ပါလိမ့်မယ်၊ သူနဲ့လည်း မတော်ပါဘူး"

"ဟုတ်ပါရဲ့ရှင်၊ မျက်နှာက အမာရွတ်ကြီးကကောရှင့် ဖျက်မနေဘူးလား"

"သည်အမာရွတ်ကြောင့်ပေါ့ရှင်၊ အနို့မို့ တော်တော်ချောမှာပဲ၊ တစ်ကိုယ်လုံး ကလည်း ခရုသင်းစွဲနေတယ်မှတ်တယ်"

"ရေနွေးပူလောင်တယ်ထင်ပါရဲ့၊ သွားကျိုးတာကလည်း စိုက်ထား ပါတော့ရှင်၊ ပိုက်ဆံဘယ်လောက်ကုန်လို့တုန်း"

"ပိုက်ဆံကုန်တာကြောင့် မဟုတ်ဘူးထင်တယ်၊ ပိုက်ဆံကို နှမြောတဲ့ လက္ခဏာမရှိဘူး၊ သူ့အတန်းက အကလေးတွေကို ဟိုဟာ ကလေးဝယ်ပေး၊ သည်ဟာကလေးဝယ်ပေးနဲ့ အင်မတန် ကလေးချစ်တဲ့ လက္ခဏာရှိတယ်"

"ကျွန်မဖြင့် စကားနည်းပေမယ့် သည်ဆရာမကလေး ချစ်ပါရဲ့ရှင်၊ သူက သည်နေရာ အမြဲမဟုတ်တာက ခက်တယ်၊ ဟို ခွင့်ယူသွားတဲ့ ဆရာမက ရှေ့လ ခွင့်စေ့မယ်ဆိုပဲ"

"သည်လိုပဲ ကြားတယ်၊ သနားပါတယ်တော်၊ မသွားစေချင်ပါဘူး"

တစ်နေ့သ၌ ခင်စိန်ကြည်သည် ကျောင်းဆင်းပြီးသည့်နောက် ဝင်းအနီး



http://myanmarpyithar.net

တစ်ယောက်တည်း အညောင်းပြေလမ်းလျှောက်လျက်နေရာ မိန်းမတစ်ယောက်သည် ခင်စိန်ကြည်ကိုမြင်လျှင်...

"အလို ... ရှင် သည်ရောက်နေပြီလား၊ ဘာလုပ်နေသလဲ" ဟု မေးလေ၏။ ၎င်းမိန်းမမှာ ရန်ကုန်ဆေးရုံတွင် ခင်စိန်ကြည်အား ပြုစုကြည့်ရှုရသော ဆရာမ မအေးမြင့် ဖြစ်လေသည်။ မအေးမြင့်သည် ရန်ကုန်သို့မရောက်မီ မန္တလေးဆေးရုံတွင် ဆရာမအဖြစ်နှင့် နေထိုင်ဖူး၍ မိမိရီ၏မောင် မောင်ဘချို လှည့်ဖူးသော ဦးဘသာ၏ သမီး ဆရာမကလေး ဖြစ်လေသည်။ "ကျွန်မ ဆေးရုံက ဆင်းကတည်းကသည်မှာ ကျောင်းဆရာမ လုပ်နေတယ်"

"ကျွန်မလည်း မန္တလေးက သူငယ်ချင်းဆရာမတစ်ယောက်နှင့် မနေ့ကမှ ပြန်လာတယ်"

"မန္တလေး ဘယ်အရပ်မှာ တည်းသလဲ"

"တောင်ပြင်မင်္ဂလာဈေးနားမယ် တည်းတယ်"

"သြော် ဆွေမျိုးများ ရှိသလား၊ ဆွေမျိုးတော့ မရှိပါဘူးရှင်၊ ကျွန်မအရင်က မန္တလေးဆေးရုံမှာ အတော်ကြာနေဖူးတယ်ရှင့်၊ ကျွန်မအဖေ သေပြီးတဲ့နောက်မှ ရန်ကုန်ပြောင်းလာတယ်၊ ရှင် မန္တလေး ရောက်ဖူးသလား"

"ရောက်ဖူးပါရဲ့၊ မရောက်တာ ကြာသွားပြီ၊ ဒါနဲ့ အဲသည် တောင်ပြင်မှာပဲ ရှေ့နေကိုထွန်းမြတ်တို့ဆိုတာ သိသလား"

"မသိဘဲနေမလားရှင်၊ သူ၏ အခုမိန်းမရဲ့မောင် မောင်ဘချိုပေါ့၊ ကျွန်မ အဖေသတ်တာ၊ အခုတောင် မမိသေးဘူး၊ မိပါစေတော် သည်အကောင်"

"အခု မိန်းမက ဘယ်သူတဲ့လဲ"

"မိမိရီလေ၊ ရှင်က အရင်မိန်းမလက်ထက်က ရောက်ဖူးတာ မှတ်တယ်၊ တယ်မိုက်တဲ့ မိန်းမရှင်၊ လင်ပစ်ပြီး ရန်ကုန်သား လူလည် သေက်ညွန့်နဲ့ လိုက်ပြေးသတဲ့၊ ကြားလိုက်တယ်မဟုတ်လား"

"ကြားပါရဲ့ရှင်၊ အရင်မိန်းမနဲ့ ကလေးတွေ ကျန်ရစ်တယ် မဟုတ်လား"

"ကျန်ရစ်တယ်၊ တစ်နေ့က ကျွန်မ မန္တလေးရောက်တယ်ဆိုလို့ ကိုထွန်းမြတ်က ကျွန်မအဖေသေတဲ့အကြောင်း မေးစရာရှိလို့တဲ့၊ အိမ်ခေါ်လို့ သွားရသေးတယ်၊ မြင်ခဲ့ပါရဲ့ရှင်၊ ကလေးတွေ"

"မာကြရဲ့နော်"

"နှစ်ယောက်ကတော့ မာပါရဲ့၊ တစ်ယောက်ဟာကဖြင့် တယ်မမာဘူး"

"ဘယ်ကလေးဟာလဲရှင်၊ ခင်မကြီးဆိုတာလား"



http://myanmarpyithar.net

"ခင်မကြီး–ခင်မကြီးလို့ မပါပါကလား၊ သြော်–နေဦး နေဦး၊ ဟုတ်တယ် ဟုတ်တယ်၊ မိနှစ်ဆိုတာကပြောလို့ အခုမှ သတိရတယ်၊ သူ့မိန်းမထွက်သွားတဲ့ညမှာပဲ သူ့အမေနာမည်က ခင်ပါလို့ ခင်မကြီးကို မမကြီးလို့ နာမည်ပြောင်းလိုက်သတဲ့၊ သူ့အရင်ကမိန်းမက ခင်စိန်ကြည်ဆို ထင်ပါရဲ့၊ ရှင့်နာမည်ကော၊ ကျွန်မမေ့သွားလို့"

"မခင်ကြည်တဲ့"

"သြော် ဟုတ်လား၊ ကျွန်မက ရှင့်နာမည်နဲ့တူတယ်မှတ်လို့၊ မတူဘဲကိုး"

"ဒါနဲ့ မမာတဲ့ကလေးက ဘယ်ကလေးလဲရှင်"

"ခင်မောင်ကြီးဆို ထင်ပါရဲ့၊ ဆရာဝန်ကပြောတော့ အဆုတ်နာလို့ ပြောတယ်၊ အကလေးကြည့်ရတာ တယ်အားမရပါဘူးရှင်၊ အသက်ရှင်မယ် မထင်ပါဘူး" ဟု ပြောပြီး၍ အခြားစကားအနည်းငယ် ဆက်လက်ပြောဆိုကြပြီးလျှင် မအေးမြင့်လည်း ပြန်သွားလေ၏။

ခင်စိန်ကြည်မှာ အိမ်မှ ထွက်ခွာလာခဲ့သည့်နေ့မှစ၍ မိမိ အကလေးများအား လွမ်းဆွတ်လျက်ရှိနေစဉ် ဆရာမ မအေးမြင့် ပြောသွား၍ မိမိ၏သားအကြီး ခင်မောင်ကြီးသည် အဆုတ်နာရောဂါ ဖြစ်နေသဖြင့် ၎င်းရောဂါနှင့်ပင် သေမည့် အကြောင်းကို ကြားရပြန်လေလျှင် များစွာ စိတ်နှလုံးမချမ်းသာ၍ မိမိ၏ အကလေး၌ ရောဂါကပ်ရောက်မည့်အစား မိမိ၌ ကပ်ရောက်၍ သေရလျှင် ကောင်းလေစွ။ အကယ်၍ ခင်မောင်ကြီးသည် မအေးမြင့်ပြောသွားသည့်အတိုင်း ဤတောင်မှ တက်နိုင်ရန် မရှိသည်မှန်လျှင် မိထွေးနှင့် နေရရှာသည်ဖြစ်၍ မိခင်ကဲ့သို့ ယုယပိုက်ထွေး အရေးယူမည့်သူမရှိသဖြင့် မိမိသည် အနီး၌နေထိုင်၍ အကလေးအား ပြုစုရပါလျှင် ကောင်းလေစွဟု အောက်မေ့စိတ်ကူးမိလေ၏။

ကျောင်းဆရာမအလုပ်လည်း ခေတ္တအလုပ်မျှသာဖြစ်၍ အလုပ် ရက်စေ့လု နီးရာတွင် ခင်စိန်ကြည်သည် သတင်းစာကိုလှန်၍ လစ်လပ်သောအလုပ်များကို ကြော်ငြာသည့်စာရွက်ကိုကြည့်ရာ "အိမ်တွင် ကလေး ၂ ယောက်ကို စာသင်ရန် အင်္ဂလိပ်စာ ၇ တန်းအောင်သော ဆရာမတစ်ယောက် အလိုရှိကြောင်း။ ထမင်းကျွေး၍ နေရန်အခန်းပေးသည့်ပြင် လခ တစ်လ ၃၀၊ အောက်ပါလိပ်စာအတိုင်း လျှောက်ထား ရမည်။

*မန္တလေးမြို့*
*တောင်ပြင်–စီဗီလိုင်းအရပ်*
*ရွှေနေမောင်ထွန်းမြတ်*

ဟု ပါရှိသည်ကို တွေ့ရလေ၏။



http://myanmarpyithar.net

ခင်စိန်ကြည်သည် သတင်းစာကိုကိုင်၍ စိတ်ကူးမိသည်မှာ မိမိဝမ်းစာအတွက် အလုပ်တစ်ခုခုကို ရှာရမည်ဖြစ်သည်လည်းတစ်ကြောင်း၊ အကလေး မကျန်းမမာသည်ကို ပြုစုလိုသည်လည်းတစ်ကြောင်း၊ မန္တလေးက အသိမိတ်ဆွေများနှင့် လမ်းတွင် တစ်ကြိမ်နှစ်ကြိမ် တွေ့ဆုံကြသော်လည်း မိမိအား အလျဉ်းမမှတ်မိသဖြင့် အခြားသူတို့လည်း မိမိအားမှတ်မိနိုင်ရန် မရှိသည့်ပြင် သတင်းစာတွင်လည်း မိမိသေဆုံးကြောင်း ကြေညာပြီးဖြစ်၍ တစ်စုံတစ်ယောက်သောသူမျှ ဤကဲ့သို့ အရုပ်အဆင်းမရှိသော ဆရာမသည် သေလွန်သူ ခင်စိန်ကြည် ဖြစ်သည်ဟု မှတ်ထင်နိုင်ရန် အကြောင်းမရှိဟု ယုံကြည်စိတ်ချသည်လည်းတစ်ကြောင်း၊ ဤအကြောင်းကို တွေးတောဆင်ခြင်ကာ ၎င်းအလုပ်ကို စာတင်ရန် ကြံစည်မိလေ၏။

အကယ်၍ တစ်နည်းနည်းအားဖြင့် မောင်ထွန်းမြတ်ကဖြစ်စေ၊ ၎င်းထက် မျက်စိစူးသော အစ်မကြီးမဂျမ်းပုံကဖြစ်စေ မိမိသည် ခင်စိန်ကြည်ဖြစ်ကြောင်း ရိပ်မိခဲ့ပါလျှင် မည်သို့ရှိပါမည်နည်းဟု အောက်မေ့မိပြန်လျှင် ခင်စိန်ကြည်သည် သွား၍တော်ပါမည်လား ဟု အကြံရခက်လျက်ရှိပြန်လေ၏။ သို့ရာတွင်အကလေး ၃ ယောက်ကို မြင်ချင်သောဆန္ဒသည် သာ၍ပင် အားကြီးပြန်သည်ဖြစ်၍ မည်သို့ပင်ဖြစ်စေ စွန့်၍သွားတော့မည်ဟု စိတ်နှလုံးကို ဒုံးဒုံးချပြီးလျှင် မခင်ကြည်ဟု နာမည်တပ်လျက် လက်ရေးကို ဖျက်ရေး၍ စာတစ်စောင်ကို မောင်ထွန်းမြတ်ထံ ပို့လိုက်လေ၏။ ကျောင်းဆရာကြီး ဖြစ်သူကလည်း ခင်စိန်ကြည်၏အလုပ်ကို သဘောကျ၍ အမြဲနေရာတစ်ခုကို ပေးလိုသော်လည်း နေရာမရှိသေးသဖြင့် မပေးရသည့်အတွက် ကောင်းမွန်စွာ ထောက်ခံရေးလိုက်သည်နှင့် ခင်စိန်ကြည်သည် ၎င်းအလုပ်ကို ရရှိလေ၏။

ခင်စိန်ကြည်သည် သွားရန်ရက်နီးလေလျှင် မိမိအား မှတ်မိမည်ကိုစိုးသဖြင့် ရှေးအခါကဝတ်သော အဝတ်အစားရှိသမျှကို ရောင်းချပြီးလျှင် ဆံပင်ကိုလည်း နောက်စေ့တွင်ထုံးလျက် ရှေးကနှင့်အသွင် ကွဲနိုင်သမျှကွဲစေရန် ကြံဖန်၍ ဝတ်စားလေ၏။ သွားမည့်ရက်၌ ခင်စိန်ကြည်သည် ဆရာမတို့ကိုနှုတ်ဆက်၍ မိမိ၏တပည့် အကလေးတို့ကိုလည်း မျက်ရည်စက်လက်နှင့် သွားရတော့မည့် အကြောင်းကို ပြောလေလျှင် အကလေးတို့လည်း မိမိတို့ဆရာမဟူ၍ မအောက်မေ့ကြဘဲ မိခင်ကဲ့သို့ အောက်မေ့ချစ်ခင်ကြသည်နှင့် ခင်စိန်ကြည်၏ လုံချည်ကိုဆွဲလျက် ငိုကြကုန်၏။

ခင်စိန်ကြည်လည်း မိမိလာမည့်ရက်ကို မောင်ထွန်းမြတ်ထံ ကြေးနန်းရိုက်လိုက်ပြီးဖြစ်၍ မောင်ထွန်းမြတ်သည် မိနှစ်နှင့် မောင်မြားကို ကြိုရန် စေလွှတ်



http://myanmarpyithar.net

လိုက်သည်နှင့် မန္တလေးဘူတာရုံတွင်တွေ့ကြရာ ပစ္စည်းကလေးများကို မော်တော်ကား ပေါ်သို့ တင်ပြီးလျှင် ထွက်လာကြလေ၏။ ခင်စိန်ကြည်လည်း မိနှစ်ကိုမြင်လျှင် "ဘယ့်နှယ်လဲဟေ့–မိနှစ်၊ ကလေးတွေ မာကြရဲ့နော်" ဟု မေးလိုက်မည်ပြုရာသတိရ သဖြင့် စိတ်ကိုချုပ်တီး၍ နေရလေ၏။ လမ်းတွင် မိနှစ်က "ဆရာမကို ကျွန်မ တစ်ခုသတိပေးချင်တယ်" "ဘာလဲ" "ဆရာမ စာသင်ရမယ့် ကလေးတွေအကြောင်း ကို ဆရာမ သိရဲ့မဟုတ်လား၊ သူတို့မေမေ့အကြောင်းကို သူတို့မပြောနဲ့ ဆရာမရဲ့၊ သူတို့မေမေက သူတို့ကို ပစ်သွားတာ"

"အေး–ငါကြားတယ်"

"သူတို့မေမေအကြောင်းပြောရင် ကိုကိုကလည်း ကြိုက်မှာ မဟုတ်ဘူး၊ မိမိရီကို မေမေအရင်းလို့ပြောရမယ်တဲ့" ဟု ပြောလျှင် ခင်စိန်ကြည်သည် အသည်း နာလျက် ဘာကိုမျှပြန်၍မပြောဘဲ ဆိတ်ဆိတ်နေလေ၏။

မိုးကလေးသည်လည်းဖွဲဖွဲရွာလျက်ရှိရာ မော်တော်ကားသည် ဝန်ထောက်မင်း ဦးကျော်မင်းအိမ်ရှေ့မှ ဖြတ်၍လာသဖြင့် မိမိသွားလာနေကျဖြစ်သော လမ်းတို့ကို မြင်လေလျှင် ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်လှန်စဉ်းစားမိသဖြင့် မိနှစ်မမြင်စေရန် မျက်နှာလွှဲလျက် မျက်ရည်ကျမိလေ၏။

မိနှစ်လည်း "ဘယ့်နှယ်ဆရာမပါလိမ့်မယ်၊ စကားလည်း မပြောဘူး၊ အသားကလည်း ဘာဖြစ်တာတွေမှန်းမသိဘူး၊ မျက်နှာကလည်း အနာရွတ်ကြီးနဲ့၊ မျက်မှန်အမည်းကြီးတပ်လို့၊ အသက်လည်း ကြီးပုံမရသေးဘဲနဲ့ ဆံပင်ကလည်း ဖြူနေပြီ၊ သွားတစ်ချောင်းကလည်းကျိုးလို့" စသည်ဖြင့် အကဲခတ်လျက်လာရင်းပင် အိမ်သို့ရောက်ကြလေ၏။

မောင်မြားသည် မော်တော်ကားပေါ်မှဆင်း၍ ခင်စိန်ကြည်၏ ပစ္စည်းများကို မိနှစ်အား ချပေးနေရာ မစောသည် အိမ်ပေါ်မှဆင်းလာ၍ "ဪ...ဆရာမ ရောက်နေပြီလား၊ သည်ကြွပါရှင်" ဟု ခေါ်၍ ခင်စိန်ကြည်အား နေရာထိုင်ခင်း ပေးလေလျှင် "မင်းကတော် ရှိသလား"

"ရှိပါတယ်ရှင်၊ အခုပဲ လာပါလိမ့်မယ်၊ ဘာများ အလိုရှိပါသလဲ"

"လက်ဖက်ရည်တစ်ခွက် သောက်ချင်တယ်" ဟု ပြော၍ မစောလည်း အစေခံတစ်ယောက်ကို မှာပြီးလျှင် မိမိရီကို အကြောင်းကြားရန် အိမ်ပေါ်သို့ တက်သွားလေ၏။ ခင်စိန်ကြည်လည်း မိမိထံ အစေခံတစ်ယောက် ယူခဲ့သော လက်ဖက်ရည်တစ်ခွက်ကို သောက်ပြီးလျှင် မောင်ထွန်းမြတ်သည် ရုံးမှ ပြန်လာ လေပြီလော၊ အကလေးတို့လည်း မည်သည့်နေရာ၌ ရှိလေသလော စသည်ဖြင့်



http://myanmarpyithar.net

စဉ်းစားလျက် အခန်း၏အခြေအနေကို ကြည့်လိုက်ရာ မိမိရှိစဉ်အခါကကဲ့သို့ လှပခမ်းနားစွာ ပြင်ဆင်လျက်ထားသည်ကို တွေ့ရသဖြင့် ဤအခန်း ဤပစ္စည်းတို့သည် မိမိ၏ပစ္စည်း မဟုတ်ချေတော့ပြီ။ မိမိမိုက်သည့်အတွက် စွန့်ပစ်၍သွားသည်ဖြစ်သောကြောင့် မိမိကိုယ်ကိုသာလျှင် မိမိအပြစ်တင်ဖွယ် ရှိလေတော့သည်ဟု စိတ်နှလုံးမချမ်းသာရှိရသည့်ပြင် မစောလည်း မိမိအား သေချာစွာ မကြည့်သေးသဖြင့် သေချာစွာကြည့်ခဲ့လျှင် မျက်စိစူးသော မိန်းကလေးဖြစ်သည်နှင့် မည်သူဖြစ်သည်ကို ရိပ်မိလေမည်လောဟု စိတ်ပူရသည်ကလည်း တစ်ဖက်ဖြစ်လေ၏။ ဤသို့ စဉ်းစားစိတ်ကူးနေရာမှ ခြေသံကြားသဖြင့် မော်ကြည့်လိုက်လေလျှင် မိမိရီသည် မိုးအေးသည်ဖြစ်၍ တာဖက်တာအင်္ကျီ မီးခိုးရောင်ကလေးကို စိန်ကြယ်သီးတပ်၍ ရှမ်လုံချည် အဖြူရင့်ကိုဝတ်လျက် အခန်းတွင်းသို့ ဝင်လာလျှင် ရှေးအခါကထက်ပင် လှပချောမောလေသည်ဟု ခင်စိန်ကြည်စိတ်၌ အောက်မေ့မိလေ၏။ ၎င်းနောက် စကားချိုသာ ပျူငှာသော မျက်နှာထားနှင့်...“ခရီးပန်းလာတယ်မှတ်တယ်၊ နေသာနေပါရှင်၊ နေသာနေပါ” ဟု ခင်စိန်ကြည်ထမည်ပြုသည်ကို မထအောင်ပြောပြီး ခင်စိန်ကြည်၏ ဖျော့တော့ကြုံလှီသော မျက်နှာကိုမြင်သဖြင့် “နေမကောင်းလို့လားရှင်၊ မိနှစ်ရေ နှာပုလင်း ယူခဲ့ပါဟဲ့” ဟု ပြောရာ...“နေပါစေရှင်၊ ကျွန်မ နေကောင်းပါတယ်၊ နည်းနည်းခရီးပန်းတာတစ်ခုပါပဲ၊ ကိစ္စမရှိပါဘူး”

“လက်ဖက်ရည်များ ပေးပါဟဲ့ မိနှစ်၊ ထမင်းတော့ ကျွန်မတို့အိမ်က ၇ နာရီလောက်မှ စားတယ်”

“ခုပဲ ကျွန်မ လက်ဖက်ရည်သောက်ပြီးပါပြီ၊ နေပါစေ”

“ဆရာမကြည့်ရတာ နေကောင်းပုံမရဘူး၊ အားနာလို့ဖြင့် မနေနဲ့နော်၊ အိပ်ရာမှာ အညောင်းဖြေသွားပြီး လှဲချင်လှဲနေပါဦးလား”

“ကိစ္စမရှိပါဘူး ကျွန်မက သည်လိုပါပဲ၊ နေမကောင်းလို့ မဟုတ်ပါဘူး”

“ရန်ကုန်က ဆရာကြီးက ဆရာမအကြောင်း ကောင်းကောင်း ရေးလိုက်ရှာတယ်၊ ကျွန်မတို့က အမှန်သဘောကျမှာပါပဲတဲ့၊ ကျွန်မတို့က သဘောကျတာနဲ့ ချည်းလည်း မပြီးသေးဘူးရှင့်၊ နှစ်ဦးလုံး တစ်ယောက်တစ်ယောက် သဘောကျမှ တော်တာကိုးမဟုတ်လားရှင်၊ မန္တလေးများ အရင်ကရောက်ဖူးပါသလား...”

“ရှေးတုန်းကရောက်ဖူးပါရဲ့”“ယောကျ်ားဆုံးတာ ဘယ်လောက်ကြာပြီလဲ” ဩော်–ကျွန်မ မှားပြီထင်တယ်၊ စာထဲမှာ သည်လို ပါတယ်မှတ်လို့”

“ဟုတ်ပါတယ်ရှင် သည်လိုပဲပါပါတယ်၊ ဆုံးတာတော့တော်တော်ကြာပါပြီ” ဟု ပြောပြီးလျှင် ခင်စိန်ကြည်မှာ မိမိရီအား ပြောခဲ့သည့်အတိုင်း သေကွဲကွဲရခြင်းသည်



http://myanmarpyithar.net

ရှင်ကွဲကွဲ ရခြင်းထက် ကောင်းလေသေးတော့သည်။ သေသူမှာ လမ်းဆုံးဖြစ်၍ မြင်ရတော့မည် မဟုတ်ဟု စိတ်နှလုံးကို ဒုံးဒုံးချလိုက်ပြီးဖြစ်သောကြောင့် နှစ်ကြာလျှင် အလွမ်းပြေရန် ရှိလေသေးသည်။ မိမိမှာမူ ဤသို့စိတ်ချရသည်မဟုတ်၊ အရှင် လတ်လတ်ရှိလျက်နှင့် သား၊ သမီး၊ လင်သားအမှတ်ဖြင့် ခေါ်ပြောချင်လျက်နှင့် ခေါ်ပြောခြင်းမပြုဘဲ စိတ်ကို နေ့စဉ်ချုပ်တီး၍ နေရတော့မည်ဟု အောက်မေ့နေစဉ်။

မိမိရီက..."ဆရာမ အခုသင်ရမယ့် ကလေးတွေက ကျွန်မ ကလေးတွေ မဟုတ်ဘူး သိပြီမှတ်တယ်၊ ကိုထွန်းမြတ် အရင်မိန်းမက မွေးခဲ့တဲ့ကလေးတွေ"

"ကိုထွန်းမြတ်နဲ့မွေးတာ မဟုတ်ဘူးလား" ဟု မခံချင်သဖြင့် ထောက် လိုက်ရာ။

"ကိုထွန်းမြတ်နဲ့မွေးတာပေါ့၊ အကလေးတွေလည်း အပုံကြီး သနားစရာ ကောင်းတယ်၊ မိန်းကလေးက သာပြီးသနားဖို့ကောင်းတယ်၊ သူတို့အမေက ပစ်သွားတယ်ရှင့်"

"သူတို့အမေလည်း သေပြီဆို..."ဟု ပြောလျှင် မိမိရီလည်း မကြားသဖြင့် "ကိုထွန်းမြတ် အရင်မိန်းမက စစ်ကဲကြီး ဦးထင်ကျော် သမီးပေါ့၊ မိန်းမချော မိန်းမလှပါပဲ၊ သို့သော် လင်တော့ တယ်ပြီး ဂရုစိုက်ပုံမရဘူး၊ ဂရုမစိုက်လို့ သည်လိုပစ်သွားရက်တာပေါ့" ဟု ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်သည် စကားမပြောဘဲနေလျှင် မကောင်းသဖြင့် "တယ်ဝမ်းနည်းဖို့ကောင်းတယ်" ဟု ပြောရာ။

"ဟုတ်တယ်ရှင်– ကလေးတွေအတွက်တော့ ဝမ်းနည်းဖို့ပါပဲ၊ မိန်းမအတွက်တော့ တယ်ဝမ်းနည်းဖို့မလိုပါဘူး၊ သည်လိုကောင်းတဲ့ယောကျ်ားများ သည်လိုလုပ်ရက်တာ ကျွန်မ အံ့သြလှတယ်၊ ရှင်လည်းပေါင်းကြည့်တော့ သိပါလိမ့်မည်၊ အင်မတန်ကောင်း–အင်မတန်ဖြောင့် လူတစ်ပါး စိတ်ချမ်းသာအောင် အင်မတန်လုပ်တတ်တယ်ရှင့်၊ သူနဲ့ထွက်ပြေးတဲ့ အကောင်ကတော့ အလကားအကောင်ပဲ၊ စိတ်သဘောပြောပါတယ်၊ အရုပ်အရည် ကတော့ သနားကမားပါပဲ၊ သို့သော် လင်ဆိုတော့ လူရုပ်ကလေး ချောတာနဲ့ချည်း မပြီးသေးဘူးရှင့်၊ သဘောကလည်း ရှိသေးတာကိုး" ဟု ပြောလေ၏။ ခင်စိန်ကြည်က မျက်မှန်မှုန်သဖြင့် အဝတ်နှင့်ပွတ်နေသည့် အဟန်နှင့် နေလေ၏။ မိမိရီက ဆက်လက်ပြီး" အခုတော့ ကလေးတွေ သနားစရာကောင်းတာပါပဲ၊ အင်မတန် ရက်စက်တဲ့ မိခင်ပါပဲရှင်၊ ကျွန်မတို့..."

"သူတို့အမေ သေပြီမဟုတ်လားရှင့်"



http://myanmarpyithar.net

"ဟုတ်တယ်သေပြီ၊ ကလေးတွေကတော့ မိခင်အကြောင်း ခဏခဏပြောရှာကြသတဲ့ မိန့်စ်ကပြောတယ်၊ ဆရာမရှေ့မှာတော့ မပြောစေနဲ့ရှင့်နော်၊ သည်အကြောင်းကို ကလေးတွေ လုံးလုံးမေ့ရင် သာကောင်းတယ်"

"အမိန့်တော်ရမင်းကလည်း မေ့စေချင်မှာပေါ့"

"ဩော် မေ့စေချင်မှာပေါ့ရှင်၊ ဘယ့်နှယ်ပြောပါလိမ့်၊ သမီးအကြီး မကြီးဖြင့် ဆရာမက ကြည့်ဆုံးမပါရှင်၊ သည်လိုမျိုးမဖြစ်ရအောင် ငယ်ငယ်က သင်ကြားပါ"

"ဟုတ်ကဲ့၊ ကလေးတွေက အခုတော့ ရှင်နဲ့ အနေများသလား"

"ကျွန်မနဲ့ အနေမများပါဘူး၊ မစောနဲ့ အနေများတာပါပဲ၊ ကျွန်မက ကလေးတွေနဲ့ ရှုပ်ရှုပ်ထွေးထွေးမနေတတ်ဘူး၊ ကျွန်မ၏ ကလေးကြီးရင်လည်း ကျောင်းပို့လိုက်မှာပဲ၊ တချို့မိခင်များက ဆုံးမပုံနေရာမကျဘူးရှင့်၊ ကျွန်မတွေ့ဖူးတယ်၊ တချို့ကတော့လည်း ကိုယ့်ကိုယ်ကို လုပအောင် ခြယ်လှယ်ဝတ်စားပြီး ကလေးကို လုံးလုံးဂရုမစိုက်ဘဲ ထင်သလို ပေါက်လွှတ်ပစ်ထားကြတာလည်း ရှိတာပေါ့လေ၊ သည်ဟာမျိုးပြောတာ မဟုတ်သေးဘူး၊ သည်လိုမိခင်မျိုးတော့ စကားထဲတောင် ထည့်ပြောဖို့မရှိပါဘူး၊ သည့်ပြင် မိခင်တစ်မျိုးရှိသေးတယ်၊ ဘယ်လိုဟာလဲဆိုတော့ ကလေးကို အလိုလိုက်ချင်တဲ့အခါ သိပ်ပြီးအလိုလိုက်၊ ချော့ရမယ့်နေရာခြောက်၊ တင်းတင်းပြောရမယ့်နေရာကျတော့ ချော့၊ တစ်ခါတလေတော့ စိတ်တိုနေတဲ့အခါနဲ့ တွေ့တော့ ကလေးက ခါတိုင်းလိုမှတ်လို့နွဲ့ရော၊ သည်တော့မှ သိပ်ပြီးရိုက်ကရော၊ သည်တော့ အလကားကလေးနာတာပဲ၊ ကြောက်တာလည်း မဟုတ်ဘူး၊ တော်တော်ကလေး ကြီးပြင်းလာတော့ ကလေးကလည်း အကြောက်မရှိတော့ ဆူလိုက်ညံလိုက်ပြောတဲ့စကား နားမထောင် မပူဆာတန်ရာပူဆာ၊ ပူဆာလို့မရတော့ ငို၊ ငိုတော့ အမေလုပ်တဲ့လူကရိုက်၊ တစ်အိမ်လုံး ကြွက်ကြွက်ဆူရော၊ သည်တော့ အဖေလုပ်တဲ့ လူက အိမ်ဆူတော့ စိတ်ညစ်တယ်လို့ တော်ရာထွက်လည်၊ လည်ရမလားလို့ တော်တော်ကြာ လင်မယားရန်ဖြစ်ကြ၊ သည်လိုဟာတွေ ကျွန်မမြင်ဖူးတယ်၊ သည်ဟာ ဘယ်သူလိုလို့လဲ၊ အမေလုပ်တဲ့လူက ကလေးဆုံးမတာ နေရာမကျလို့ လင်မယား မတည့်တာပဲ၊ ကလေးကကောတော်တော်ကြာ ကျောင်းရောက်တော့ သည်ကလေးမျိုး ဘယ့်နှယ်ဖြစ်သလဲသိလား၊ ကျောင်းမှာလည်း အိမ်လိုပဲ မှတ်လို့ ဆိုးလိုက်နွဲ့လိုက်လုပ်တော့ ဆရာက ဘယ်မိခင်လို ဟုတ်နိုင်မလဲ၊ ရိုက်ရတာပေါ့၊ ကလေးချင်းကျပြန်ရင်ကော၊ သူကသာ နိုင်ချင်တယ်၊ နိုင်ချင်ပြီး အဖြစ်လည်း မရှိလှဘူး၊ မနိုင်ရရင် စိတ်မချမ်းသာဖြစ်တယ်၊ သည်တော့ မိခင်အဆုံးအမလိုတော့ ကလေးလည်း ပျက်စီး၊ လင်မယားလည်း ရန်ဖြစ်၊ သည်လိုဟာတွေ ကျွန်မ



http://myanmarpyithar.net

တွေ့ဖူးတယ်”

“မှန်ပါတယ်”

“သည်တော့ ဘယ်လိုလုပ်ရမလဲ၊ အလိုလည်းသိပ်ပြီးမလိုက်နဲ့၊ အလိုမလိုက်ဘဲလည်းမရှိနဲ့၊ နေရာတိုင်းလည်း မျက်နှာသာမပေးနဲ့၊ နေရာတိုင်းလည်း မရိုက်နဲ့၊ ပြီးတော့လည်း ဘယ့်နှယ်လုပ်ရမလဲ၊ တစ်နေ့တစ်ခါ သေသေချာချာ အနားခေါ်ပြီး သူ့အသတ်မသတ်ဖို့၊ သူ့ပစ္စည်းမခိုးဖို့၊ လိမ်မပြောဖို့၊ သည် ၃ ခုကို ငယ်ငယ်ကတည်းက စပြီး သာယာညင်းပြောင်းနဲ့ ပြောရမယ်၊ သည် ၃ ခုဟာ မကောင်းကြောင်း၊ မကောင်းတာလုပ်ရင် မဖြစ်ပေမယ့် အကြောင်းကို မလုပ်ခင်က ဆုံးမနှင့်ရမယ်၊ ကလေးချင်းချင်းချစ်ခင်ဖို့၊ ညီအစ်ကိုမောင်နှမချင်း တစ်ယောက်တစ်ယောက် ညှာတာဖို့၊ နိုင်ထက်စီးနင်းမပြုဖို့ သည်လိုဟာကိုလည်း ပြောရမယ်၊ မကောင်းတာပြုတာတွေ့ရင် ဆုံးမပြီး ကောင်းတာလုပ်တဲ့အခါကျရင်လည်း တစ်စုံတစ်ခု ဝယ်ပေးတာ ချီးမြှင့်ရမယ်၊ ကျွန်မဖြင့် ကျွန်မကလေးကြီးရင် သည်လိုပဲ လုပ်ရမယ် မကောင်းဘူးလားရှင်”ဟု မိမိရီက ပြောလေလျှင်...

ခင်စိန်ကြည်က “ကောင်းပါတယ်ရှင်”ဟူ၍သာ ထောက်၍ ပြောလေ၏။

ထို့နောက် မိမိရီက ဆက်လက်ပြီး “သည်တော့ မိခင်မရှိတဲ့ အကလေးနှစ်ယောက်ကို ဟိုတစ်ယောက်ကတော့ ငယ်ပါသေးတယ်၊ ရှင်က မိခင်ကိုယ်စား ဆုံးမသွန်သင်ပါရှင်”

“ကောင်းပါပြီရှင်၊ ဒါနဲ့ ကလေးတွေအားလုံး မာကြရဲ့လား”

“မာကြပါရဲ့၊ ခင်မောင်ကြီးကဖြင့် နည်းနည်းချောင်းဆိုးတယ်”

“ခုလည်း ဆိုးနေသေးသလား”

“ဆိုးသေးတယ်လို့ မစောက ပြောတာပဲ၊ တစ်နေ့က သူတို့ကြီးတော်အိမ် မစောနဲ့ သွားလည်ကြတယ်”

“ပြန်လာသည့်နေ့က ချောင်းဆိုးလိုက်တာ၊ ကိုထွန်းမြတ်ကတောင် စိုးရိမ်လွန်းလို့ ထမင်းပွဲကထပြီး ချက်ချင်း ဆရာဝန်ကြီးကို သွားခေါ်တယ်”

“ဩော် သူတို့ကြီးတော်က သည်မြို့မှာပဲလား”

“ဟိုအနောက်နားတွင်ပဲ၊ အရင်မိန်းမလက်ထက်ကတော့ သူလည်း သည်မှာ အတူနေတာပါပဲ၊ ကျွန်မရောက်တယ်ဆိုမှ သူ ပြောင်းသွားတယ်”

“ကလေးကတော့ အဆုတ်နာများဖြစ်လို့ စိုးရိမ်ရသလား”

“ဟာ သည်လောက် မဟုတ်ပါဘူး၊ ကလေးဆိုတာ တော်တော်ကြာ ပျောက်သွားမှာပဲ၊ ဒါနဲ့ ရှင့်ကလေး ဘယ်နှယောက်ရဖူးသလဲ”



http://myanmarpyithar.net

"၄ ယောက် ရဖူးတယ်၊ တစ်ယောက်ကတော့ငယ်ငယ်ကသေသွားတယ်"

"ဪ ကလေး ၄ ယောက်တောင် ဆုံးဖူးတယ်၊ ဘာရောဂါနဲ့လဲရှင်"

"အို–တစ်ယောက်က သည်ရောဂါနဲ့၊ တစ်ယောက်က ဟို ရောဂါနှင့် သည်လိုပါပဲ" ဟု ခပ်တိုးတိုးပြောလျှင်...

"ယောကျ်ားက အရင်လား၊ ကလေးတွေက အရင်လား"

"အငယ်ကလေးကနောက်၊ ယောကျ်ားကအရင်" ဟု ခပ်ဆိုင်းဆိုင်း ပြောလေ၏။

မိမိရီလည်း ဆရာမသည် လင်နှင့်အကလေးတို့ကို အောက်မေ့သဖြင့် ၎င်းတို့အကြောင်းကို မပြောလိုရှာဟုမှတ်ထင်၍ မိမိ မေးမြန်းမိသည်ကို မှားသည်ဟု အောက်မေ့လျက် "ရှင့်ကြည့်ရတာ ဆရာမနဲ့လည်း မတူပါဘူး၊ မလွှဲသာလို့ သာလုပ်ရ၊ ဆရာမ လုပ်စားမယ်လို့များ မကြံမိဘူးမှတ်တယ်" ဟု မေးလျှင် ခင်စိန်ကြည်က ဤကဲ့သို့အဖြစ်မျိုးကို တွေ့ကြုံရမည်ထင်မည်နှင့် ဝေးစွဟု အောက်မေ့၍ အနည်းငယ်ပြုံးလျက်...

"အကွာကြီးပါရှင်၊ စိတ်မကူးမိပါဘူး"

"ကျွန်မလည်း လူမြင်အသိသားပဲ၊ ရှင်ပြောပုံဆိုပုံ အမူအရာ ကြည့်ရတာ အရာရှိသားသမီးထဲကပဲ၊ သည်လိုပေါ့လေ၊ အခန့်မသင့်တဲ့အခါ လုပ်ကြရတာပေါ့၊ ယောကျ်ားဆုံးတော့ကော ဘာမှမကျန်ရစ်ဘူး မှတ်တယ်"

"ကျွန်မယောကျ်ားဆုံးတော့ အကုန်ဆုံးတာပဲ၊ ဒါနဲ့ အမိန့်တော်ရမင်း မပြန်သေးဘူးမှတ်တယ်"

"သည်ကနေ့ နည်းနည်းမိုးချုပ်မယ် ပြောသွားတယ်" ဟု မိမိရီက ပြန်ပြောနေစဉ် မိနှစ်သည် ၆ လသားခန့်ရှိသော အကလေးတစ်ယောက်ကိုချီ၍ အခန်းသွင်းသို့ ဝင်လာပြီးလျှင် မိမိရီအား ပေးလေ၏။ မိမိရီလည်း အကလေးကို နမ်းရှုပ်ပြီး နို့တိုက်လျက် ခင်စိန်ကြည်အနီးသို့လာပြီးလျှင် " ဘယ့်နှယ်လဲ ကျွန်မကလေးက မလှဘူးလားရှင်" ဟု ချစ်ခင်သောမိခင်သည် မိမိကလေးချောလှသည်ကို ဂုဏ်တင်၍ပြောလေ့ရှိသောအသံဖြင့် မေးလျှင်။

"ချောပါတယ်ရှင်၊ တယ်ချော၊ သို့သော်လည်း မင်းကတော်နဲ့တော့ မတူဘူး"

"ဟုတ်တယ်ရှင့်၊ ကျွန်မနဲ့မတူဘူး၊ သူ့အဖေနဲ့တူတယ် တကယ့် သူ့အဖေပကတိပဲ၊ ကိုထွန်းမြတ်ကို ရှင်မြင်တော့..." ဟု ပြောရင်း မိမိရီသည် တစ်စုံတစ်ခုကို နားစိုက်၍နေလျှင်။

ခင်စိန်ကြည်က "အမိန့်တော်ရမင်းက လူချောမှတ်တယ်" ဟု ပြောရာ။



http://myanmarpyithar.net

"ဟုတ်တယ်ရှင် လူချောပါပဲ၊ သို့သော် ကိုထွန်းမြတ်က ချောတာ သည်လောက် ချီးမွမ်းဖို့မရှိပါဘူး၊ လူချောတွေတော့ ပေါကြပါရဲ့၊ သို့သော် သည်လိုကျက်သရေရှိတဲ့မျက်နှာ သည်လိုသိပ်သည်းတဲ့မျက်နှာထား သည်လို မြင့်မြတ်တဲ့ စိတ်သဘောမျိုးတော့ ရှာမတွေ့ပါဘူးရှင်၊ သူနဲ့သိတဲ့လူတိုင်းက သူ့ကိုရိုသေတယ်၊ ချစ်ခင်တယ်၊ မြတ်နိုးတယ်၊ ယုံကြည်တယ်၊ လူငယ်ပေမယ့် အင်မတန် သိက္ခာရှိတာကိုးရှင့်၊ သူ့မချစ်ခင်တာ သူ့အရင်မိန်းမတစ်ယောက်ပဲ ရှိတယ်၊ ဒါကြောင့် သည်လိုလင်မျိုးရပြီးမှ သူတစ်ပါးနောက်များ လိုက်သွားဖို့မပြောနဲ့၊ ကြည့်ရှုကြည့်တာတောင် ကျွန်မဖြင့် အံ့သြပါရဲ့ရှင်" ဟု ပြောလျှင် ခင်စိန်ကြည်မှာ အနေရခက်လှသဖြင့် သက်ပြင်းသာချ၍ နေရလေ၏။

ထို့နောက် မိမိရီက "ဟော... လာပြီ ကိုထွန်းမြတ်၊ တယ် မိုးမချုပ်ပါပဲ ကလား" ဟု ပြော၍ အကလေးတစ်ဖက်နှင့် အခန်းပေါက်မှသွား၍ ကြိုလေလျှင် ခင်စိန်ကြည်မှာ မိမိလည်း မောင်ထွန်းမြတ် ရုံးပြန်ချိန်၌ ဤကဲ့သို့ အကလေးကို ချီလျက် ကြိုခဲ့ဖူးသည်များကို သတိရမိရှာသဖြင့် နေမချိထိုင်မချိ ဖြစ်ရှာလေ၏။

မောင်ထွန်းမြတ်လည်း အခန်းတွင်းသို့ဝင်လာပြီးလျှင် အခြားသူရှိသည်ကို မသိသဖြင့် အကလေးကိုယူချီ၍ မိမိရီ၏ပါးကို လက်ဖြင့် ပြောင်လှောင်တို့လိုက် သည်ကို ခင်စိန်ကြည် မြင်လေလျှင် မမြင်လိုလှ၍ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လျက်နေရလေ၏။ မိမိရီက ဆရာမရှိကြောင်းကို မျက်ရိပ်ပြလိုက်သဖြင့် မောင်ထွန်းမြတ်လည်း မျက်နှာပူပူနှင့် ခင်စိန်ကြည်ဘက်သို့လှည့်၍ "ဆရာမ မခင်ကြည်ဆိုတာ မှတ်တယ်၊ ရောက်တာ တော်တော်ကြာပြီလားခင်ဗျာ၊ စာပို့ကြီးနဲ့ ပါလာတယ်မှတ်တယ်" ဟု ပြောနေကြဖြစ်သည့်အတိုင်း ဖော်ဖော်ရွှေရွှေမျက်နှာထား ဖြင့် နှုတ်ဆက်လျှင် ခင်စိန်ကြည်မှာ မောင်ထွန်းမြတ်၏ မျက်နှာကို မော်၍မကြည့်ဘဲ စကားတစ်ခွန်းလောက်သာ ပြန်၍ပြောလေ၏။ ၎င်းနောက် မိမိရီက "ကိုထွန်းမြတ် သည်ကနေ့ စောလှချေတကား၊ မိုးချုပ်လိမ့်မယ် ပြောသွားတယ်မှတ်တယ်"

"အမှုတစ်ခုက သည်ကနေ့ ပြီးအောင်စစ်မယ် မှတ်တယ်၊ သက်သေမစုံလို့ ရက်လွှဲလိုက်ရတယ်၊ ဒါနဲ့ ခမည်းတော်ကြီး လမ်းတွေ့ခဲ့တယ် မိမိရီရေ့"

"ဟုတ်လား၊ မေမေ ဘယ့်နှယ်ရှိသလဲ"

"အလကား ဘာမှဖြစ်တာမဟုတ်ပါဘူးကွယ်တဲ့၊ ဒါပဲပြောတယ်၊ သည့်ပြင် လည်း မေးလို့မရဘူး"

"ဖေဖေကတော့ သည်လိုပါ၊ မေမေဖြစ်ရင် အလကားရောဂါချည်း ပြောတာပဲ၊ ဒါနဲ့ ကျွန်မ အကြံတစ်ခုရတယ်၊ ဘာလဲသိလား..."



http://myanmarpyithar.net

"ဘာလဲ– ကြက်အမွေးမနုတ်ဘဲ ချက်စားမယ်လို့လား" ဟု ပြုံးရယ်၍ မေးလျှင် "မဟုတ်ပါဘူးရှင် အကောင်းပြောတာပါ၊ ဖေဖေ တောသွားမယ်လို့ဆို ၂ ရက် ၃ ရက်နေရင် သည်တော့ ဖေဖေမရှိတုန်း မေမေ သည်အိမ်ခဏ ခေါ်ထားရအောင်၊ မေမေလည်း အပျင်းပြေရော မကောင်းဘူးလားရှင်"

"ဟာ–ဟုတ်တယ် ကောင်းတယ်မိမိရီရေ့၊ မိမိရီမရှိတဲ့နောက် ဒေါ်ဒေါ်က ဖွင့်သာမပြောတယ် အင်မတန်ပျင်းရှာတယ်၊ တယ်ကောင်းတဲ့အကြံ မိမိရီရေ့၊ မိမိရီတို့မေမေက တယ်ပြီးလည်း မမာရှာဘူး၊ သားသမီးလည်း အတူနေမရှိလို့ တစ်ယောက်တည်း အင်မတန် ပျင်းရှာတယ်" ဟု ခင်စိန်ကြည်ဘက်သို့ လှည့်၍ ပြောလေ၏။ ခင်စိန်ကြည်မှာ ဦးခေါင်းကိုညိတ်၍ ဘာမျှပြန်မပြောဘဲရှိသဖြင့် မောင်ထွန်းမြတ်လည်း အကလေးကို မီးအိမ်အနီး မြှောက်ချည်ချချည်လုပ်လျှင် အကလေးလည်း မှန်အိမ်ကို လက်ဖြင့်ဆွဲမည်ပြုလျက် ပျော်မြူးသည့် လက္ခဏာနှင့် ရယ်မောလေလျှင် မောင်ထွန်းမြတ်သည် အကလေးကို နမ်းရှုပ်ပြီးနောက် မိမိရီထံ ပြန်ပေးလိုက်လေ၏။

မိမိရီလည်း မိနှစ်ကိုခေါ်၍ အကလေးကို အပ်လိုက်ပြီးနောက် ထမင်းစား သောက်ကြ၍ပြီးလျှင် ခင်စိန်ကြည်သည် ခရီးပန်းသည့်အတွက် အိပ်ရာသို့ဝင်ရန် ခွင့်ပြုပါဟု အခွင့်တောင်း၍ မိနှစ်နှင့် အိမ်ပေါ်သို့တက်သွားလေ၏။ မိနှစ်လည်း ခင်စိန်ကြည်နေရန်အခန်းကို လိုက်၍ပြရာ ခင်စိန်ကြည်မှာ မိမိနေထိုင်ဖူးသော အခန်းတို့မှ ဖြတ်၍သွားရသဖြင့် အခန်းတွင်းသို့ စောင်းမြောင်းကြည့်ရှုမိလေလျှင် မိမိနေထိုင်စဉ်အခါကကဲ့သို့ သေသပ်ကောင်းမွန်စွာ ပြင်ဆင်၍ထားသည်ကို တွေ့ရပြန်သဖြင့် ဤအိပ်ခန်းတို့မှာ မိမိ၏အခန်း မဟုတ်ချေတော့ပြီဟု အောက်မေ့လျက် မိနှစ်နောက်ကသာ လိုက်သွားလေ၏။

မိနှစ်လည်း ရှေးအခါက အစ်မကြီး မဂျမ်းပုံနေသောအခန်းကို ပြ၍ "သည်အခန်းပဲ ဆရာမအခန်း၊ ပစ္စည်းတွေလည်းသည်မှာ အခန်းလည်း အကုန်လုံး ကျွန်မတို့ပြင်ပြီးသားပဲ၊ လိုချင်တာရှိရင် ကျွန်မပြောနော်၊ ကျွန်မတို့လည်း သည်အနားက အခန်းမှာပဲ" ဟု ပြော၍ ဆင်းသွားလေ၏။

ခင်စိန်ကြည်သည် အခန်းတွင်းသို့ ဝင်သွားရာ အခန်းမှာလည်း ခုတင်၊ မွေ့ရာ၊ ခန်းဆီး၊ ခြင်ထောင်မှစ၍ သန့်ရှင်းစင်ကြယ်စွာ ပြင်ဆင်လျက်ထားရာ ခုတင်အနီး၌လည်း ကုလားထိုင်တစ်လုံးနှင့် စားပွဲကလေးတစ်ခုရှိရာ စားပွဲပေါ်၌ကား မီးအိမ်တစ်ခုထွန်းလျက် ရှိလေ၏။ ခင်စိန်ကြည်မှာ မောင်ထွန်းမြတ်တို့လင်မယားကို မြင်ခဲ့ရသဖြင့် ရင်လေးလှသည်နှင့် ခုတင်ပေါ်တွင်ပစ်လှဲလျက် မောင်ထွန်းမြတ်သည်



http://myanmarpyithar.net

မိမိနှင့် ဘာမျှမဆိုင်တော့ချေ။ အခြားသူတစ်ဦး၏လင် ဖြစ်ချေပြီ။ ငါသည် ၎င်းအား နာမည်ကိုမျှ ခေါ်ဝံ့သည်မဟုတ်။ ၎င်း၏အစေခံ လခစားမျှသာ ဖြစ်ချေတော့သည်ဟု အောက်မေ့စိတ်ကူးလျက် နှလုံးမသာမယာနှင့် တစ်ကိုယ်တည်း ငိုမိရှာလေ၏။

ခင်စိန်ကြည် ထသွားလျှင် မိမိရီက "ဆရာမကြည့်ရတာ မထူးဆန်းဘူးလားရှင်၊ အကျီကြီးတွေက သူနဲ့လည်းမတော်ဘူး၊ မျက်မှန်အမည်းကြီးကလည်း တပ်ထားလိုက်ရသေးတယ်၊ အရုပ်မဆိုးဆိုးအောင်" ဟု ပြောလျှင် မောင်ထွန်းမြတ်က စဉ်းစားနေသောအသံဖြင့် "သူ့ကြည့်တော့ ဘယ်သူ့မျက်နှာနဲ့တူသလိုလို၊ သူနဲ့တူတဲ့ ..."

"သူနဲ့ဘယ်သူနဲ့ တူလို့တုန်း"

"မျက်နှာပြောပါတယ်"

"အဲလေ မျက်နှာ ဘာဖြစ်သလဲရှင့်၊ ဘယ်သူနဲ့တူလို့လဲ"

"ဘယ်သူနဲ့ရယ်လို့ မဟုတ်ပါဘူး၊ ကဲ–မိမိရီ၊ လက်ဖက်ရည် သောက်ကြစို့"

■



http://myanmarpyithar.net

## အခန်း (၂၇)

နောက်တစ်နေ့နံနက်၌ ခင်စိန်ကြည်သည် အိပ်ရာမှထ၍ အခန်းပေါက်တွင်ရပ်လျက် မောင်ထွန်းမြတ်နှင့် မတွေ့လိုသဖြင့် မည်သို့ပြုရပါမည်နည်းဟု စဉ်းစား ဆင်ခြင်လျက် နေစဉ် မိမိအခန်းနှင့် အနီးအခန်းတစ်ခုမှ အကလေးတစ်ယောက်သည် တံမြက်စည်း တစ်ချောင်းကို မြင်းစီးလျက် ထွက်လာပြီးလျှင် မိမိအနီးမှဖြတ်၍ပြေးရာ ခင်စိန်ကြည် သည် အကလေးကိုဖမ်း၍ မိမိအခန်းတွင်းသို့ ခေါ်သွားပြီးလျှင် အကလေးကို ဖက်ရမ်းနမ်းရှုပ်လျက် မျက်ရည်တလည်လည်နှင့်နေလေ၏။ ခင်မောင်ကလေးလည်း အံ့သြလှသည့်လက္ခဏာနှင့် ဘယ်က မိန်မကြီးပါလိမ့်မယ်ဟု ငေး၍ကြည့်နေရာ မိနှစ်လည်း အခန်းတွင်းသို့ဝင်လာလျှင် ခင်စိန်ကြည်က ... "သည်ကလေးတွေ မြင်တော့ ကိုယ့်ကလေးတွေ အောက်မေ့လွန်းလို့၊ ကလေးဆုံးဖူးတဲ့ မိန်းမများ သည့် ပြင်ကလေးမြင်မှဖြင့် သည်လိုပဲဖြစ်တတ်တယ်" ဟု မျက်ရည်သုတ်လျက် ပြောလျှင်။

မစောလည်း ခင်မောင်ကလေး အံ့သြဘိသကဲ့သို့ အကလေးကို ဆွဲယူ၍ "တကတည်း မျောက်ရှုံးလို့တော်၊ သည်လောက်များတော့ လွန်လွန်းတယ်၊ တံမြက်စည်းကြီးနဲ့ လေကားနား သွားလို့ မတော်ကျသွား ဘယ့်နှယ်လုပ်မလဲဟော့၊ အင်မတန်ဆော့တဲ့ ကလေးရှင့်၊ ဟိုနှစ်ယောက်က သူ့ဆယ်ပုံတစ်ပုံ ဒုက္ခမပေးဘူး၊ သွား–မင်းကလေး နောက်တစ်ခါ ထွက်ပြေးဦး" ဟု ပြော၍ ခေါင်းကို တစ်ချက် နှစ်ချက် ပုတ်ပြီးလျှင် တွန်းခေါ်သွားရာ ခင်စိန်ကြည်မှာ အစေခံသည် မိမိမျက်စိ အောက်တွင် မိမိအကလေးကို ရိုက်နှက်နေသည်ကို မရိုက်ပါနှင့်ဟူ၍မျှ မပြောဝံ့ရှာဘဲ ကုလားထိုင်ပေါ်တွင်ထိုင်လျက် နေရစ်ရှာလေ၏။

ငင်းနောက် ခင်စိန်ကြည်သည် မျက်ရည်များကို သိမ်းဆည်း၍အိမ်အောက်သို့ ဆင်းလာရာ ခင်မောင်ကြီးနှင့် မမကြီးတို့သည် လက်ဖက်ရည်စားပွဲတွင် ထိုင်လျက် ရှိနှင့်သည်ကို တွေ့မြင်ရလျှင် မိမိနှင့် မျက်လုံးမျက်ခုံး မျက်နှာပေါက်မှစ၍ အစစ

တူသော အကလေးနှစ်ယောက် မြင်ရပြန်သဖြင့် ခင်စိန်ကြည်သည် အိမ်ပေါ်တွင် ခင်မောင်ကလေးနှင့်တွေ့ခဲ့ရ၍ စိတ်ကို ချုပ်တီးပါသော်လည်း မရနိုင်ဘဲ အကလေး နှစ်ယောက်ကို တစ်ကြိမ်စီနမ်းရှုပ်ပြီးနောက် စားပွဲတွင် ဝင်၍ထိုင်လေ၏။ မမကြီး လည်း မိခင်နှင့် စိတ်သဘောတူသဖြင့် စကားများစွာ မပြောဘဲရှိရာ ခင်မောင်ကြီးမှာ တွတ်တီးတွတ်တာနှင့်

"ကျွန်တော်တို့ဆရာမဆိုတာ ခင်ဖျားမဟုတ်လား၊ ကျွန်တော် သည်ကနေ့ အေဘီစီဒီ သင်ရမယ်လို့ ဖေဖေက ပြောတယ်၊ ခက်သလား ဆရာမ၊ ကျွန်တော်က ချောင်းနည်းနည်းဆိုးသေးလို့ ချောင်းဆိုးပျောက်တော့မှ စာကို သိပ်ဖတ်မယ်၊ စာတတ်တော့ မြို့အုပ်လုပ်မယ် ကျွန်တော်က၊ မြို့အုပ်ဆိုတာ ကောင်းတယ် မဟုတ်လား ဆရာမရယ်၊ မေမေ့ ကျွန်တော် မေးကြည့်တော့ ကောင်းတယ်လို့ ပြောတယ်၊ ဟုတ်လားဆရာမ" ဟု မေးလျှင် ခင်စိန်ကြည်မှာ မိမိအကလေးသည် မိခင်အရင်းကိုကား ဆရာမဟုခေါ်လျက် မိထွေးကို မေမေဟုခေါ်သည်ကို စိတ်၌ မခံချင်ရှိရကား ငါသည် ဤကဲ့သို့သောအဖြစ်တို့ကို သိနှင့်ပြီးဖြစ်လျက် ဒုက္ခခံရန် တမင်လာသည်မဟုတ်ပါလော။ ဤသို့ ဒုက္ခတွေ့ရခြင်းသည် မည်သူမိုက်သည့် အတွက် ဖြစ်လေသလောဟု စိတ်ကိုနှိမ်နင်းလျက် အတွင်းဆွေး ဆွေးမိလေ၏။

ဤသို့ရှိကြစဉ် မောင်ထွန်းမြတ်၏အသံကို အခန်းမှကြားသဖြင့် မိမိကြီးသည် ထသွားမည်ပြုရာ သမီးကိုမြင်လျှင် မောင်ထွန်းမြတ် ဝင်လာမည်ကိုစိုးသောကြောင့် ခင်စိန်ကြည်သည် မမကြီးလက်ကို ဆွဲ၍ "နေပါဦး ခင်မကြီးရဲ့ ဘယ်ကိုလဲ"ဟု တားရာ ခင်မောင်ကြီးက "သူ့နာမည် ခင်မကြီးမဟုတ်ဘူး ဆရာမရဲ့၊ မမကြီး" ဟု ပြောလျှင် "ဩော် ခင်မကြီးဆိုမှတ်လို့၊ မဟုတ်ဘဲကိုး"

"မဟုတ်ဘူးရှင့်၊ ကျွန်မတို့မေမေ အရင်မေမေလေ၊ အဲ မေမေထွက်သွား ကတည်းက ကျွန်မတို့ဖေဖေက နာမည်ပြောင်းပစ်လိုက်တယ်"

"ဘာပြုလို့ထွက်သွားသလဲ" ဟု စမ်း၍မေးလိုက်လျှင် "ထွက်သွားတာ မဟုတ်ဘူးရှင့်၊ လူခိုးသွားတာ၊ မေမေကလေ သူ့ဘာသာတော့ သွားရှာမှာ မဟုတ်ဘူးရှင့်၊ ဟိုလူဆိုးကြီးကလေ ကျွန်မတို့အိမ်လာနေပြီး မေမေ့ခိုးသွားတယ် ဆရာမရဲ့၊ အဲဒီမေမေကမှ ကျွန်မတို့ မေမေအရင်း၊ အခုရှိတာက အရင်းမဟုတ်ဘူး ရှင့်"

"အခုရှိတဲ့မေမေကို အရင်မေမေလို ချစ်ကဲ့လား"

"ကျွန်မကတော့ အရင်မေမေ ချစ်တာပေါ့၊ ကြီးဒေါ်ကတော့ မချစ်ရဘူးတဲ့၊ မေမေက ကျွန်မတို့မချစ်လို့ ပစ်သွားတာ၊ ကျွန်မတို့လည်း မေမေ့မချစ်ရဘူးတဲ့၊



http://myanmarpyithar.net

သည်လူကြီးက မေမေ့ရိုက်တယ်ထင်ပါရဲ့ရှင်၊ မေမေလည်း ဘာမှမကြာဘူး သေရှာရော၊ တစ်ခါလေ-လေ ကျွန်မ အိပ်ရာထဲမှာ စဉ်းစားကြည့်တယ်၊ သည်လူကြီးရိုက်လို့ မေမေသေရှာသလားလို့၊ အဲဒီမေမေသေပြီးတဲ့နောက်မှ အခုမေမေက အိမ်ရောက်လာတာဆရာမရဲ့၊ ဖေဖေကလေ အရင်ကမေမေအစား ဒီမေမေကို ချစ်ရမယ်တဲ့"

"အနို့ ချစ်ကဲ့လား" ဟု မေးလျှင် မမကြီးလည်း ခေါင်းကိုယမ်း၍"အရင် မေမေလောက်တော့ မချစ်ပေါင်" ဟု ပြောဆဲတွင် မစောသည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် စာသင်ရန်အခန်းကို လိုက်ပြလေ၏။ ခင်စိန်ကြည်သည် အခန်း ပြတင်းပေါက်မှရပ်လျက် အိမ်ပြင်သို့မျှော်ကြည့်နေစဉ် မောင်ထွန်းမြတ်က ရုံးသို့သွား မည်အပြု မိမိရီက ဝင်းပေါက်သို့ရောက်အောင် လိုက်၍ပို့နေသည်ကို မြင်ရလျှင် ခင်စိန်ကြည်မှာ မိမိရှေးအခါက ဤကဲ့သို့ လိုက်၍ပို့ဖူးသည့်အဖြစ်ကို သတိရမိ ရှာလေ၏။

မိမိရီသည် စာသင်ချိန်တိုင်ရောက်လျှင် အခန်းတွင်းသို့ဝင်လာ၍ အကလေး တို့ကို ကစားချိန် မည်မျှပေးထိုက်သည်။ မည်သည့်အချိန် မည်သည့်စာကို သင်ထိုက်သည် စသည်ဖြင့် ဝတ္တရားရှိသည့်အတိုင်း စီမံခန့်ခွဲလေလျှင် ခင်စိန်ကြည်မှာ ငါသည် ကလေးတို့၏ မိခင်ဖြစ်လျက်နှင့် ငါမိုက်သည့်အတွက် ၎င်း၏သြဇာကို ခံရချေပြီဟု အောက်မေ့ဝမ်းနည်းမိလေ၏။ ၎င်းနေ့ စာသင်နေသည့်အတွင်း ခင်စိန်ကြည်သည် အကလေးတို့ကို မိမိရင်ခွင်၌ထား၍ ချီပိုက်နမ်းရှုပ် လုပ်လို လှသော်လည်း မလုပ်ဝံ့ဘဲ စိတ်ကိုချုပ်တီး၍သာလျှင် နေရလေ၏။

စာသင်ချိန်လွန်သဖြင့် ညနေချမ်းအချိန်တွင် ခင်စိန်ကြည်သည် အကလေး နှစ်ယောက်ကို လက်တွဲလျက် ဝင်းပေါက်မှထွက်ပြီးလျှင် လမ်းလျှောက်သွားကြရာ မနီးမဝေးမှ မိမိရီနှင့် မောင်ထွန်းမြတ်တို့ လမ်းလျှောက်လာကြသည်ကိုတွေ့လျှင် ခင်စိန်ကြည်သည် မျက်နှာပျက်ပျက်နှင့် ၎င်းတို့အား နှုတ်ဆက်၍ အတူပြန်လိုက်လာ ခဲ့ရလေ၏။ မိမိရီနှင့် မောင်ထွန်းမြတ်တို့မှာ ရှေ့မှသွားနှင့်၍ ခင်စိန်ကြည်မှာ အကလေးနှစ်ယောက်ကို လက်တွဲလျက် နောက်မှ တဖြည်းဖြည်းလာကြစဉ် ခင်မောင်ကြီးသည် ရုတ်တရက် ပြင်းထန်စွာ ချောင်းဆိုးသဖြင့် ခင်စိန်ကြည်သည် အကလေးကို ပွေ့ပြီးလျှင် မိခင်ကဲ့သို့ယုယပိုက်ထွေး ရင်ကို လက်ဖြင့်ဖေးလျက် ထားလေ၏။

မောင်ထွန်းမြတ်လည်း ပျာယီးပျာယာနှင့် ပြန်လာ၍ အကလေးအနီးသို့ ရောက်လာလေလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်လာသည်ကိုမြင်၍ အကလေး



http://myanmarpyithar.net

ကို ချပြီးလျှင် ရပ်လျက်နေရာ မောင်ထွန်းမြတ်က "ဆရာမ သည်ကလေး အင်မတန် ချစ်တတ်တယ်မှတ်တယ်" ဟု ကျေးဇူးတင်ဟန်ရှိသော မျက်နှာထားဖြင့် ပြောရာ ခင်စိန်ကြည်မှာ စကားမပြောနိုင်ရှာဘဲ ရပ်လျက်သာလျှင်နေလေ၏။ မိမိရီလည်း လိုက်လာ၍ "ဘာဖြစ်ကြသလဲ" ဟု မေးရာ "ခင်မောင်ကြီးက ချောင်းဆိုးလွန်းလို့" ဟု ပြော၍ မောင်ထွန်းမြတ်သည် အကလေးကို ပုခုံးပေါ်တွင် ထမ်းလျက် အိမ်သို့ပြန်လာကြလေ၏။

ထိုညဉ့်၌ ခင်စိန်ကြည်သည် ခင်မောင်ကြီးအတွက် စိုးရိမ်လှသည်ဖြစ်၍ ၎င်းအား "လူကလေး ည ဘယ်သူနဲ့အိပ်သလဲ" ဟု မေးရာ... "ကျွန်တော်တို့မောင်နှမ ၃ ယောက် တစ်ခန်းအိပ်တာပေါ့"

"လူကလေး ဆရာမနဲ့အတူတူ မအိပ်ချင်ဘူးလား"

"ဘာပြုလို့လဲ"

"အို ကလေး ညချောင်းဆိုးရင် ဆရာမက ကြည့်ရအောင်ပေါ့၊ လူကလေး မေမေလိုပဲ ဆရာမက ကြည့်ရှုမယ်၊ စောင့်ရှောက်မယ် မကြိုက်ဘူးလား"

"မေမေကမှ ကျွန်တော်တို့ ချစ်မှမချစ်ဘဲ၊ မချစ်လို့သွားတာပေါ့" ဟု ပြောလျှင် မမကြီးက ဝင်၍ "မေမေက မချစ်ဘူး ဘယ်သူ ပြောသလဲ၊ မေမေက ငါတို့ကို အင်မတန်ချစ်တယ် ငါမှတ်မိတယ်၊ မစောကလည်း ပြောတယ်၊ သူ့ကို ပြောတာ သူ၏အပြစ်လား လူခိုးသွားတာ"

"တိတ်တိတ်နေပါကွာ မမရယ် ငါသိပါတယ်၊ မင်းတို့ မိန်းကလေးဆိုတာ ဘာသိလို့တုန်း၊ မေမေက..." ဟု ပြောဆဲတွင် ခင်စိန်ကြည်မှာ မျက်ရည်လည်လာပြီး "မပြောပါနဲ့ လူကလေးရယ်၊ လူကလေးတို့မေမေက လူကလေးတို့ကို မချစ်ဘဲ နေပါမလား၊ ချစ်ရှာမှာပေါ့"

"ဆရာမက ဘယ့်နှယ်ကြောင့် သိနိုင်သလဲ၊ ဆရာမ သည်တုန်းကမှမရှိဘဲ မေမေ့ကို ဆရာမဘယ်တုန်းကသိလို့လဲ" ဟု ခင်မောင်ကြီးက မေးလျှင်... "မချစ်ဘဲ နေနိုင်ပါမလား လူကလေးရယ်၊ ဆရာမတောင် ရောက်တာ တစ်ရက် ရှိသေးတယ်၊ မောင်တို့ကို ဘယ်လောက်ချစ်နေပြီလဲ၊ မေမေအရင်းဆိုတာတော့ ဘယ်ပြောဖို့ ရှိမလဲ" ဟု ပြောလျက် အကလေးကို ဖက်နမ်းရင်း မျက်ရည်မဆည်နိုင်အောင် ရှိလေ၏။

ထိုအခါ ခင်မောင်ကြီးက "ဆရာမက ဘာပြုလို့ငိုတာလဲ" ဟု မေးလျှင် "ဟိုအရင်တုန်းက ခင်မောင်ကြီးလို သားကလေးတစ်ယောက် ဆရာမမှာ ရှိဖူးတယ်၊ သားကလေးဆုံးသွားတော့ အခု ခင်မောင်ကြီးကို သည်သားကလေးအစား ချစ်ရ



http://myanmarpyithar.net

တယ် လူကလေးရဲ့”

“သူ့နာမည် ဘယ့်နှယ်ခေါ်သလဲ”

“ခင် … မောင်မောင်ကြီးတဲ့” ဟု ပြောပြီးလျှင် “ကဲ လူကလေး လက်ဖက်ရည်သောက်ပြီး အိပ်မယ်မဟုတ်လား” ဟု ပြောဆဲတွင် မောင်ထွန်းမြတ် လည်း အခန်းတွင်းသို့ဝင်လာ၍ “ဆရာမ ကလေး ၄ ယောက်တောင် ဆုံးဖူး တယ်ပြောတယ်၊ ဒါဖြင့် ကလေးရောဂါ တော်တော်နားလည်မှာပေါ့”

“နည်းနည်းပါးပါး နားလည်ပါရဲ့ရှင်” “သည်ကလေး ချောင်းဆိုးတာ ဘယ့်နှယ်ထင်သလဲ၊ စိုးရိမ်ဖို့ရှိသလား”

“နည်းနည်းဂရုစိုက်ဖို့လိုတယ်မှတ်တယ်၊ သူ့အိပ်ရာကလေး ကျွန်မအခန်းထဲ သွင်းပြီး ကျွန်မအနားက သိပ်ရရင် မတော်ပေဘူးလားရှင်၊ ညတိုင်း ချောင်းဆိုးရင် ကျွန်မကြည့်ရှုပါရစေ၊ အကလေး က…”

“ဟာ မလုပ်ပါနဲ့ ဆရာမရယ်၊ ဆရာမ ဒုက္ခရောက်နေမှာပေါ့၊ ညကြည့်ရှုဖို့လိုရင် မိနှစ်တို့ မစောတို့ အရှိသားပဲ”

“ကျွန်မက ကလေးချစ်တတ်ပါတယ်၊ အကလေး နေမကောင်းလို့ ပြုစုရတာများ ဒုက္ခရယ်လို့ မအောက်မေ့ပါဘူးရှင်၊ ပြုစုပါရစေ” ဟု ထပ်၍ပြောလျှင် “သည်လိုပြောတာ ကျေးဇူးတင်လှပါတယ် ဆရာမရယ်၊ သို့သော် သည်လိုဆိုတော့ ကျွန်တော်တို့က မတရားရာ ရောက်လိမ့်မယ်နေပါစေ” ဟု ပြောသဖြင့် ခင်စိန်ကြည်လည်း ထပ်၍ မပြောနိုင်ဘဲ ရှိလေ၏။

အကလေးတို့လည်း အိပ်ချိန်ကျပြီဖြစ်၍ အိပ်ခန်းသို့ ဝင်ကြလေလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်တို့လင်မယားနှင့် အိမ်ဦးခန်းတွင် ထိုင်လျက် ရှိနေရစ်၏။ ဤအတွင်း ဝန်ထောက်မင်း ဦးကျော်မင်းသည် တုတ်ကောက်ကြီးကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာလျှင် “ဟော…ဖေဖေလာပြီ၊ အခန့်သင့်လိုက်တာ ဖေဖေရယ်”

“ဘာအခန့်သင့်သလဲ”

“ပြီးတော့မှ ပြောပါမယ်၊ ဖြည်းဖြည်းပေါ့ ဖေဖေရယ်” ဟု မိမိရီကပြော၍ ဝန်ထောက်မင်းလည်း ခင်စိန်ကြည်ကို ကြည့်နေလျှင် “ကလေးတွေဆရာမ မခင်ကြည်ဆိုတာလေ ဖေဖေရဲ့၊ မနေ့ကပဲ ရောက်တယ်”

“သြော်…ဆရာမက အင်္ဂလိပ်လို တတ်သလား”

“ကျွန်မ နည်းနည်းသင်ဖူးပါတယ်”

“ဘယ်နှတန်းအောင်သလဲ” “၇ တန်းအောင်ပါတယ်”



http://myanmarpyithar.net

"တော်ပါရဲ့ တော်ပါရဲ့၊ ဒါနဲ့ ဟဲ့...မိမိရီ နင့်သမီးမကြီးပါ အင်္ဂလိပ်စာ သင်မယ်လို့လား"

"ဟုတ်တယ်ဖေဖေရဲ့"

"တယ်နေရာရှာတယ်ကွယ်၊ ဗမာလိုဆိုရင် တော်ရောပေါ့၊ မိန်းကလေး ဘာလုပ်ဖို့လဲ အင်္ဂလိပ်စာ"

"ဘာပြုလို့လဲဦးရယ်၊ တတ်ရင်ကောင်းတာပဲ မဟုတ်ဘူးလား" ဟု မောင်ထွန်းမြတ်က မေးလျှင်။

"ဘာပြုရမလဲကွဲ့ မင်းမသိဘူးလား၊ သည်ကဆရာမက အင်္ဂလိပ်စာတတ်လို့ ပြောရမှာက မကောင်းပါဘူး"

"ပြောစရာရှိရင် ပြောပါရှင်၊ ကိစ္စမရှိပါဘူး"

"မိန်းကလေးတိုင်းတော့ မဟုတ်ပေဘူးပေါ့လေ၊ အများအားဖြင့် ပြောပါတယ်၊ မိန်းကလေးအင်္ဂလိပ်စာတတ်မှဖြင့် ဗိုလ်စိတ်ပေါက်ကရောကွဲ့၊ မိန်းမနဲ့ ယောကျ်ားအတူတူပဲ ဘာပဲနဲ့ ဖြစ်လာရော၊ တော်ကြာတော့ ဗိုလ်နဲ့ရတာမဟုတ်ဘူး ဗမာနဲ့ရတာ၊ သည်တော့ သူ့စိတ်က ဗိုလ်စိတ်ဖြစ်နေတော့ လင်စိတ်တိုင်းမကျဘူး၊ လင်ကလည်း သူ့စိတ်တိုင်းမကျဘူး၊ သည့်ပြင်ဟာမကြည့်နဲ့လေ၊ မောင့် အရင် မိန်းမကြည့်လေ၊ အင်္ဂလိပ်စာတတ်လို့ သည်လိုလုပ်တာမဟုတ်လား၊ အင်္ဂလိပ်စာ မတတ်ရင် သည်လိုဖြစ်မှာမဟုတ်ဘူးဟေ့၊ ဒါနဲ့ မင်းတို့က အိမ် ဘာလာပြောနေကြသလဲကွဲ့"

"ဖေဖေ တောသွားရင် မေမေ့ သည်ခေါ်ထားမယ်လို့" ဟု မိမိရီက ပြောလေ၏။ မောင်ထွန်းမြတ်ကလည်း "ဟုတ်တယ် ဦးရေ့၊ ဒေါ်ဒေါ်တော့ ခေါ်ရလိမ့်မယ်၊ အသာတကြည်နဲ့မရရင် အတင်းပဲ"

"ဟေ့ အိမ်မှ မင်းတို့ဒေါ်ဒေါ်ရော ငါရော နှစ်ယောက်စလုံး မရှိလို့ ဘယ့်နှယ်လုပ်ကြမလဲကွဲ့၊ ဖြောင်းဆန်ကုန်မှာပေါ့၊ မင်းတို့လူငယ်တွေက ဘာမှ သိတတ်တာမဟုတ်ဘဲကိုး"

"သိတတ်ပါတယ်ဖေဖေရယ်၊ အိမ်ကအစေခံတွေက စိတ်ချလောက်တဲ့ ဟာချည်းပါပဲ၊ ဖေဖေတို့မရှိပေမယ့် ကိစ္စမရှိပါဘူး"

"မင်းတို့က သည်လောက်ခေါ်ချင်ရင် ငါရှိတုန်း ခေါ်ပါလားကွဲ့ ဒါဖြင့်"

"သည်လိုဆိုတော့ မေမေက ဖေဖေတစ်ယောက်တည်းပစ်ပြီး လာမှာ မဟုတ်ဘူး ဖေဖေလည်း အသိသားနဲ့၊ မေမေ့လိုဟာတော့ ရှားပါတယ်၊ နောက်များ နှစ်ကြာလို့ မေမေ ၁၀–ပုံပုံတစ်ပုံလောက် ကျွန်မရှိရင် ကိုထွန်းမြတ်က ကိုယ့်ကိုကိုယ်

ကံကောင်းလှပြီ မှတ်ပေဦးတော့” ဟု မောင်ထွန်းမြတ်အား ကြည့်၍ပြောလျှင် မောင်ထွန်းမြတ်လည်း ဦးခေါင်းကိုညိတ်လျက် ပြုံးလေ၏။ ၎င်းနောက် မိမိရီက ဖခင်အား “ဖေဖေကလည်း ဖေဖေထင်သလိုချည်းပဲ အခါတိုင်း လုပ်နေတယ်၊ ကျွန်မတို့အလိုများ တစ်ခါတလေ လိုက်ပါဦးတော့ ဖေဖေရယ်၊ မေမေ့ကို ကျွန်မ သည်အကြောင်း သည်ကနေ့ ပြောကြည့်တော့ ဝမ်းသာရှာတယ်၊ မေမေကလည်း လာချင်ရှာပါတယ် ဖေဖေရယ် အိမ်ကဟာတွေကလည်း စိတ်ချရပါတယ်၊ လာရှာပါစေ”

“စိတ်ချရပါတယ် ပြောင်းဆန်ပြီးသားပါပဲ”

“ဒေါ်ဒေါ်က လာချင်ရှာတယ်၊ ဒေါ်ဒေါ်လည်းကြည့်ပါဦး ဦးရဲ့၊ တစ်ယောက်တည်း အင်မတန်ပျင်းရှာမယ်”

“ငါသိပါတယ်၊ ဟိုကောင်ကလေးအကြောင်း စဉ်းစားနေတာပဲ၊ ငါ သိပါတယ်”

“ဘာပဲပြောပြော ဦးအပေါ်မှာတော့ အင်မတန် တော်ရှာပါတယ် ဦးရယ်၊ ဒေါ်ဒေါ်က”

“ဘယ်သူက မတော်ဘူးပြောလို့လဲ”

“ဒါဖြင့် သည်မှာ ခဏလာနေရှာပါစေဦးရယ်၊ သမီးနဲ့ အတူလာနေရရင် ဒေါ်ဒေါ်အပုံကြီးကျန်းမာသွားမယ်၊ ဒေါ်ဒေါ်က မိမိရီကို အင်မတန်ချစ်တယ်”

“သည်ကောင်မကလေးမျိုး သူမို့လို့ချစ်တာကွယ်၊ သူက အခု ငါ့လက်က လွတ်လို့ ကြွစောင်းစောင်းနဲ့၊ မျက်နှာကြော မတည့်ပါဘူး”

“ဦးလက်ကလွတ်ပေမယ့် ကျွန်တော့်လက်မှာပဲ ဦးရယ်၊ မတော်တာရှိ ကျွန်တော် ကြည့်မနေပါဘူး”

“ငါသိပါတယ် မင်းလား၊ မင်းအလိုလိုက်တာနဲ့ သည်ကောင်မကလေးသာ ပျက်မှာ၊ ငါသိတယ်ကွဲ့ မင့်သဘောကို”

ခင်စိန်ကြည်သည် ထိုကဲ့သို့ သားအဖ ၃ ယောက်တို့ ပျော်ရွှင်ဖွယ်ရာ စကားများ ပြောဆိုနေကြသည်ကို ကုလားထိုင်ပေါ်တွင်ထိုင်လျက် နားထောင်နေရာမှ ထ၍ မိမိရီထံ အခွင့်တောင်းပြီးလျှင် အိမ်ပေါ်သို့ တက်သွားလေ၏။ အခန်းပေါက်တွင် မိနှစ်နှင့်တွေ့၍ အကလေးများအိပ်သောအခန်းကိုမေးရာ မိနှစ်က အနီးရှိ အခန်း ပေါက်တစ်ခုကို လက်ညှိုးညွှန်ပြ၍ အိမ်အောက်သို့ ဆင်းသွားလေလျှင် ခင်စိန်ကြည် သည် အခန်းကို ဖြည်းညင်းစွာဖွင့်၍ ခြေဖျားထောက်လျက် အခန်းထဲသို့ ဝင်သွား လေ၏။



http://myanmarpyithar.net

အကလေး ၃ယောက်တို့သည် ခုတင်တစ်လုံးစီနှင့် အိပ်ပျော်နေကြသည်ကို တွေ့လျှင် နဖူးကိုငုံ့၍ တစ်ကြိမ်စီ နမ်းရှုပ်ပြီးမှ မကျန်းမာသူ ခင်မောင်ကြီး၏ ခုတင်အနီးတွင် ဒူးထောက်လျက် လက်ကလေးကို ဖြည်းညင်းစွာကိုင်ကာ မျက်နှာကို သေချာစွာကြည့်လျှက်နေစဉ် မစောသည် ရုတ်တရက် အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုအခါ ခင်စိန်ကြည်သည် ပျာယီးပျာယာနှင့် ထိုင်ရာမှထ၍ "ခင်မောင်ကြီး နေမကောင်းဘူးဆိုလို့ စိုးရိမ်လို့လာကြည့်တယ်၊ သူ့ဖေဖေကလည်း သူ့အတွက် စိုးရိမ်ရှာတယ်" ဟု ပြောလျှင်...

"ကိစ္စတော့ရှိနိုင်မယ်မထင်ပါဘူး ဆရာမရယ်၊ ကျွန်မလည်း သူ့မေမေ မှာသွားရှာလို့ အင်မတန် ဂရုစိုက်တာပဲ" ဟု မစောက ပြန်ပြောလျှင် ခင်စိန်ကြည်မှာ မိမိစိတ်ကို မိမိမယုံနိုင်သဖြင့် "သွားဦးမယ်" ဟု နှုတ်ဆက်၍ မိမိအခန်းတွင်းသို့ ဝင်သွားပြီးလျှင် အကြောင်းကြောင်း တွေးတောကာ တစ်ငိုတည်း ငိုနေရှာလေ၏။

■

## အခန်း (၂၈)

ဝန်ထောက်မင်း တောသို့ထွက်သွားသည့်နေ့၌ မိမိရီသည် မိခင်ကို ခေါ်လာ၍ အိမ်သို့ရောက်လျှင် မောင်ထွန်းမြတ်၏အစ်မ မဂျမ်းပုံလည်း ၎င်းနေ့၌ မောင်ထွန်းမြတ်၏အိမ်သို့ အလည်လာသည်နှင့် ညစာထမင်းစားပြီးလျှင်ပြီးချင်း အကလေးများ စာသင်သော အခန်းသို့ ဝင်သွားလေ၏။ အကလေးတို့သည် အိပ်ကြပြီဖြစ်၍ ခင်စိန်ကြည်သည် စားပွဲတွင် တစ်ယောက်တည်း လက်နှစ်ဖက်ဖြင့် မေးထောက်လျက် ထိုင်နေရာ ဝန်ထောက်ကတော်ကြီးက ဆရာမတစ်ယောက်တည်း ပျင်းနေရှာပြီဟု ကရုဏာဖြစ်သည်နှင့် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ... "သည်ကနေ့ ညနေ ဆရာမ တယ်နေမကောင်းဘူး ကြားတယ်၊ ဘယ့်နှယ်နေသလဲ"

"ကျွန်မ ခေါင်းနည်းနည်းကိုက်တယ်ရှင့်"

"သြော် ဆရာမတစ်ယောက်တည်း ပျင်းများနေမလားလို့ ဒေါ်ဒေါ် လာမေးတယ်"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မက တစ်ယောက်တည်း နေနေကျလို့ မပျင်းတတ်ပါဘူး" ဟု ခင်စိန်ကြည်က ပြန်၍ပြောလေ၏။ ထို့နောက် ဝန်ထောက်မင်းကတော်ကြီးသည် အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်လျက် ခင်စိန်ကြည်၏ သနားဖွယ်ကောင်းသော မျက်နှာကလေးကို စိုက်၍ကြည့်နေရာမှ "တူမကြီးက တော်တော် ဒုက္ခတွေ့ခဲ့ဖူးတယ် မှတ်တယ်..." ဟု သာယာညင်းပျောင်းရှိသော အသံဖြင့် မေးလေလျှင် "ဟုတ်တယ် ဒေါ်ဒေါ်ရယ်၊ ကျွန်မက အပူကြီး ကြုံခဲ့ရဖူးတယ်"

"မိမိကပြောတယ်၊ ညနေက တူမကြီးမှာ အကလေး ၄ ယောက်ရော လင်ရော ပစ္စည်းရော ဆုံးရှာတယ်လို့ သမီးကပြောတယ်၊ အင်မတန် ဒုက္ခကြီးပဲ တူမကြီးရဲ့နော်၊ ဒေါ်ဒေါ်ဖြင့် ကိုယ်ချင်းစာပြီး အပုံကြီး ကရုဏာဖြစ်ပါတယ်"

"ကျွန်မကို မသနားပါနဲ့ ဒေါ်ဒေါ်ရယ်၊ ကျွန်မက လူများ သနားရင် သာပြီးအနေရခက်လွန်းလို့ပါ၊ တချို့လူများဟာ မွေးကတည်းက ဒုက္ခတွေ့ဖို့ တမင်ကြံဖန်ပြီးဖြစ်တာပဲဒေါ်ဒေါ်ရဲ့"

"ဟုတ်တယ်တူမကြီးရေ့ တူမကြီးပြောတာ၊ ဒေါ်ဒေါ်လည်း အပုံကြီး ဒုက္ခတွေ့ကြုံဖူးတယ်၊ ဟိုတုန်းကများလေ ဒေါ်ဒေါ်ဖြင့် တစ်ခဏကလေးမှ စိတ်ချမ်းသာတယ်လို့ မရှိရဖူးဘူး၊ ကြာတော့လည်း ပေါ့သွားတာပေါ့ တူမကြီးရယ်"

"ဒေါ်ဒေါ်တို့က ကျွန်မလို မချိမဆန့်ဖြစ်အောင် ဒုက္ခတွေ့ရဖူးမယ် မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်"

"သြော် လူရယ်လို့ဖြစ်လာမှ ဘယ်မှာ ဒုက္ခကင်းနိုင်မလဲ တူမကြီးရယ်၊ တစ်နေ့မကြုံ တစ်နေ့တော့ ကြုံရမယ့်လူချည်းပေါ့၊ ဇာတိရှိက၊ ဇရာ၊ ဗျာဒိ၊ မရဏ သည် ၃ ခုက ၃ ပါးမုချ တွေ့ကြုံရမယ်မဟုတ်ဘူးလား၊ အဲဒါကြောင့် ဘုရားရဟန္တာ အရိယာသူတော်ကောင်းများသည် ဇာတိကို ကင်းငြိမ်းအောင် လုပ်ကြတယ်မဟုတ်ဘူးလား"

"ကျွန်မဖြင့် ဒါကြောင့် သေမှအေးလိမ့်မယ်ထင်မိတာပဲ"

"အလို ဘယ့်နှယ် တူမကြီး၊ သည်တစ်ဘဝ ဆုံးသွားလို့ နောက်ဘဝ ကူးသွားရုံနဲ့ အေးနိုင်ပါ့မလား၊ ဟိုဘဝကျတော့ သည်လိုပဲဒုက္ခမတွေ့ဘူးမှတ်သလား၊ သည်ဒုက္ခမျိုးမတွေ့ပေမယ့် သည့်ပြင်ဒုက္ခတစ်မျိုးက လာဦးမှာပဲ"

"ဒါဖြင့် ဘယ့်နှယ်လုပ်ရမလဲ ဒေါ်ဒေါ်ရယ်"

"တူမကြီး အခု ဒုက္ခကြီးအပူကြီးတွေ့တယ်မဟုတ်လား၊ အဲဒါ ဘာပြုလို့ ဒုက္ခရောက်တယ်၊ သည်တော့ ဇာတိရှိတိုင်းရှိတိုင်း ဒုက္ခ ဒေါမနဿ၊ နှလုံး မသာ ယာခြင်း စသော မကောင်းမှုတွေတော့ တွေ့ကြုံရမှာပဲ၊ အဲ-ဒါကြောင့် မြတ်စွာဘုရား သခင် ဟောတော်မူတယ်မဟုတ်လား၊ အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာရေး ၃ပါးကို နှလုံးသွင်းရမယ်တဲ့၊ သည် ၃ ပါးအနက် တစ်ပါးပါးကို စွဲစွဲမြဲမြဲ နေ့ရောညရော အဖန်တလဲလဲ နှလုံးသွင်းလို့ ထင်မြင်ရင် ကိစ္စပြီးတာပဲ"

"သည်ဟာတော့ ဒုက္ခမှန်း ကျွန်မအသိသားပဲ"

"ကောင်းပြီ၊ သိပုံချင်းက အမျိုးမျိုးရှိသေးတာကိုး တူမကြီးရဲ့၊ အကလေး တစ်ယောက်က ဝါဝါဝင်းဝင်းတစ်ခု ကောက်ရတော့ ရွှေမှတ်လို့ အမိအဖသွားပြသတဲ့၊ ပြတော့ လူကြီးက "ဟဲ့ နင့်ဥစ္စာ ရွှေပါကကား" ဆိုပြီး ရွှေမှန်းသိတော့ ပန်းထိမ် ဆရာသွားပြသတဲ့၊ သည်တော့ ပန်းထိမ်ဆရာကမှ သေသေချာချာ ဘယ်နှစ်မူးရည် ရွှေပဲလို့ ပြောနိုင်သတဲ့၊ သည်တော့ အကလေးသိပုံနဲ့ အကလေး မိဘသိပုံနဲ့

ပန်းထိမ်ဆရာသိပုံ တူသလား၊ အဲမတူဘူး ဟုတ်စ၊ အခု တူမကြီးသိတဲ့ ဒုက္ခလည်း အကလေးသိပဲရှိသေးတယ်၊ ပန်းထိမ်ဆရာသိ သိမှ နေရာကျတာကိုး တူမကြီးရဲ့"

"ဒါဖြင့် ပြောပါဦးဒေါ်ဒေါ်ရယ်၊ ပန်းထိမ်ဆရာသိသိအောင် ဘယ့်နှယ်လုပ်ရမလဲ"

"တူမကြီးက ဒုက္ခကြီး တွေ့ဖူးတယ်ဆိုတာကိုး၊ သည်တော့ ဒုက္ခလက္ခဏာ နှလုံးသွင်းတာပေါ့၊ ဇာတိရှိလို့ ဒုက္ခတွေ့ရတယ်၊ ဇာတိရှိရင် မုချဒုက္ခတွေ့ရမယ်၊ ဇာတိသည်မကောင်း၊ ယခု ဒုက္ခတွေ့ရခြင်းသည် ဇာတိရှိ၍ တွေ့ရသည်၊ ဇာတိမရှိလျှင် ကောင်းလေစွ သည်လိုအဖန်တလဲလဲ ဇာတိမကောင်းကြောင်း သေသေချာချာ ထင်မြင်အောင် နှလုံးသွင်းရမယ်၊ စားလျှင်လည်း သည်စိတ်နဲ့ အိပ်ရာဝင်လည်း သည်စိတ်နဲ့၊ နေ့ရောညရော မမေ့မလျော့ မပေါ့မဆဘဲ နှလုံးသွင်းလျှင် တစ်နေ့နေ့တော့ ပန်းထိမ်ဆရာသိ သိမှာပေါ့ တူမကြီးရဲ့"

"ဒေါ်ဒေါ်ပြောတာ တယ်ဆန်းပါကလား၊ ကျွန်မဖြင့် တစ်ခါမှမကြားဖူးဘူး"

"ဒေါ်ဒေါ်တို့ဆရာ ဘုန်းတော်ကြီးက လိုရင်းပြတဲ့ ဘုန်းတော်ကြီးကိုး တူမကြီးရဲ့"

"လိုရင်းတော့ ဟုတ်ပါပြီ ဒေါ်ဒေါ်ရယ်၊ သည်လို နှလုံးသွင်းတာနဲ့ ကိစ္စပြီးနိုင်ပါ့မလား"

"ဒါတော့ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်းပဲ တူမကြီးရယ်၊ ဒေါ်ဒေါ်က အလွတ်ပြောတာ မဟုတ်ပါဘူး၊ ပါဠိကို နားထောင်ချင်သေးသလား၊ **"အနိစ္စလက္ခဏံ အရောပေတွာ၊ ဝိပဿနာ ပတိပါတိယာ၊ အရဟတ္တ ပါပုနာတိ"**။ ။ အနိစ္စလက္ခဏံ၊ အနိစ္စ လက္ခဏာကို။ အာရောပေတွာ၊ တင်၍၊ ဝိပဿနာပတိပါတိယာ၊ ဝိပဿနာအစဉ်အားဖြင့် ပွားသည်ရှိသော် အရဟတ္တံ၊ အရဟတ္တဖိုလ်သို့၊ ပါပုနာတိ၊ ရောက်၏။ အနိစ္စ လက္ခဏာမဆိုဘဲနဲ့ ဒုက္ခလက္ခဏံ ဆိုရင်လည်းပဲ အတူတူပေါ့၊ အနတ္တလက္ခဏံဆိုရင်လည်း အတူတူပေါ့၊ တစ်ခုမြင်ရင် အားလုံးမြင်တာပေါ့"

"ဒေါ်ဒေါ် သည်ဘုန်းတော်ကြီးနဲ့တွေ့တာ ဘယ်လောက်ကြာပြီလဲ"

"ဘာကြာဦးမလဲ တူမကြီးရယ်၊ တစ်နှစ်လောက်ပဲရှိသေးတယ်၊ ဟိုတုန်းက များသားအတွက်ကြောင့် ဒေါ်ဒေါ်သည်လို ဘာနေနိုင်မလဲ အင်မတန်ပူတာပေါ့၊ အခုတော့ တဖြည်းဖြည်း ဘုန်းဘုရား တရားတော်နာပြီးတဲ့နောက်မှ တော်တော်အပူအေးသွားပြီ၊ သို့သော်လည်း ပန်းထိမ်ဆရာသိတော့ မရောက်သေးပါဘူး



http://myanmarpyithar.net

တူမကြီးရယ်၊ လူကြီးသိသလောက်ပဲ ရှိပါသေးတယ်"

"ကျွန်မလည်းနာပါရစေရှင်၊ ဒေါ်ဒေါ်သွားရင် ကျွန်မ တစ်ခေါက်လောက် ခေါ်ပါ"

"ခေါ်ပါ့မယ်တူမကြီးရယ် စိတ်ချပါ၊ ဒေါ်ဒေါ်ပြောတာလည်း နှလုံးသွင်းရစ်နော်"

"ကောင်းပါပြီဒေါ်ဒေါ်ရယ်၊ ကျွန်မကို သည်လိုလာပြီး တရားဟောပြောတာများကိုလည်း ဒေါ်ဒေါ့် အပုံကြီး ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မဖြင့် ဒုက္ခတွေ့တိုင်း တွေ့တိုင်း ဒေါ်ဒေါ်ပြောတာ သတိရမှာပဲ"

"သည်လိုပေါ့လေ တစ်စတစ်စ စိတ်ကို အကျင့်လုပ်ရတာပေါ့၊ ကဲ ဒေါ်ဒေါ်သွားဦးမယ်နော်" ဟု ပြောပြီးလျှင် အိမ်ဦးခန်းသို့ သွား၍ မဂျမ်းပုံနှင့် စကားပြောနေလေလျှင် ခင်စိန်ကြည်လည်း ဝန်ထောက်ကတော်ကြီး ပြောသွားသည်များကို ပြန်လှန်စဉ်းစားလျက် နာရီတစ်ဝက်ခန့်မျှ တစ်ယောက်တည်း ထိုင်နေရစ်လေ၏။

၎င်းနောက် မျက်ခုံးလေးလာပြီဖြစ်၍ ခင်စိန်ကြည်သည် အိမ်ပေါ်သို့တက်မည်ဟု လှေကားသို့လာရာ လှေကားအနီးရှိ အခန်းတစ်ခုမှ စန္ဒရားသံ ကြားသဖြင့် တံခါးဝမှရပ်၍ ကြည့်မိသောအခါ မိမိရီက စန္ဒရားမှာထိုင်၍ မောင်ထွန်းမြတ်က ၎င်း၏နောက်မှ ကပ်၍ရပ်လျက်နေသည်ကို မြင်ရလေလျှင် မိမိရီမှာ ယခု ခင်စိန်ကြည် ရပ်လျက်နေသောနေရာတွင် ရပ်လျက် မချမ်းသာသော စိတ်ဖြင့် အထက် ကာရီက ကြည့်မိခဲ့ဖူးရာ ယခုမှာ ပြောင်းပြန်ဖြစ်လျက်နေသည်ကို တွေးမိသဖြင့် ခင်စိန်ကြည်သည် မြင်လျှင်မြင်ချင်း စိတ်နှလုံးမသက်သာသည်နှင့် အဆုံးတိုင်မကြည့်ဘဲ အိမ်ပေါ်သို့တက်၍ မိမိအခန်းသို့ ဝင်သွားလေ၏။

ခင်စိန်ကြည်သည် ဆရာမအဖြစ်နှင့် မောင်ထွန်းမြတ်၏အိမ်၌ နေထိုင်၍ ၆-လခန့် ရှိလေလျှင် တစ်နေ့သ၌ မန္တလေးမြို့ မြူနီစီပါယ်ဆပ်ကော်မတီ လူကြီးတစ်ယောက် အနိစ္စရောက်သဖြင့် လူကြီးလူကောင်း အရာရှိအချို့တို့သည် ၎င်းနေရာတွင် မည်သူအား ခန့်ထားရပါမည်ဟု စီမံခန့်ခွဲလျက်ရှိကြလေ၏။ တစ်ဦးသောအရာရှိက "လူကြီးမင်းများရဲ့ ဆပ်ကော်မတီအလုပ်ဆိုတာ ကုန်သည် ထဲကလူကို ရွေးလို့ မတော်ပေဘူးခင်ဗျ၊ ကုန်သည်ဆိုတဲ့လူမျိုးက ကုန်သည်လိုသာ ပြောတတ် ဆိုတတ်တယ်၊ သည်နေရာမျိုးဆိုတာ ပြောရေးဆိုရေးရှိမှ နည်းနဲ့လမ်းနဲ့ လည်း ပြောတတ်မှ ဥပဒေကလေးကလည်း နည်းနည်းပါးပါးခေါက်မိမှ သည်လိုမှ တော်တယ်၊ တစ်သက်လုံးက အထည်ရောင်းပြီး ပိုက်ဆံကလေးရှိလို့ ဖြုန်းခနဲ



http://myanmarpyithar.net

ဆပ်ကော်မတီဖြစ်၊ တော်တော်ကြာ အစည်းအဝေးကျ ဘာပြောတတ်သလဲ၊ သူများပြောတာ ဟုတ်ပါ ဟုတ်ပါနဲ့ လိုက်ဖော်ရတာပဲ၊ အရေးပိုင်မင်းက စကားတစ်ခွန်းထပြော၊ နားမလည်လို့ ဟုတ်ကဲ့ မဟုတ်ဘူးမပြောချင်တော့ အပြောရခက်လို့ နားလည်ယောင်ကားနဲ့ ပြုံးပြတာပဲ သူတို့တတ်တယ်၊ သည်လိုလူမျိုးတွေခန့်လို့ မြို့အကျိုး သူတို့ ဘာဆောင်ဖော်ရသလဲ လူကြီးမင်းများရဲ့" ဟု ပြောလျှင်...

လူကြီးမင်းတစ်ယောက်က "အခု ဝန်ထောက်မင်းပြောတာ ကျွန်တော်တို့ သဘောကျပါပြီ၊ သို့သော် ဘယ်လိုလူထဲက ရွေးဖို့တော်သလဲ အမိန့်ရှိပါဦး"

"ကျွန်တော်ပြောပြီလေ၊ ခုတင်ကစကားကို မှန်တဲ့အတိုင်း နည်းနဲ့လမ်းနဲ့ လည်လည်ပတ်ပတ် ပြောနိုင်ဆိုနိုင်မယ့်လူ ပြောဖူး ဆိုဖူး ပြောဝံ့ဆိုဝံ့ရှိတဲ့လူ သည်လိုဟာပေါ့ လူကြီးမင်းရဲ့"

"ဝန်ထောက်မင်းပြောပုံတော့ ရှေ့နေထဲကမှ တော်မှာပေါ့"

"သည်ဟာတော့ ဘယ်ကဖြစ်ဖြစ်လေ ကျွန်တော်ပြောတဲ့အတိုင်း ညီညွတ်ရင်ပြီးတာပဲ" ဟု ပြောလျှင် လူကြီးမင်းတစ်ယောက်က "ဝန်ထောက်မင်းပြောတဲ့အတိုင်း ညီညွတ်တဲ့လူတစ်ယောက် ကျွန်တော် စဉ်းစားမိပြီ" ဟု ပြော၍ လူအများတို့လည်း စောင့်ဆိုင်း လျက်နေကြလျှင် "အမိန့်တော်ရ မောင်ထွန်းမြတ်ပေါ့" ဟု ပြောရာ လူအများတို့လည်း ရယ်မောကြ၍ "အဟုတ်သား၊ ကြည့်စမ်းပ၊ သူ့ကိုမှ မေ့ထားတယ်" စသည်ဖြင့် လူအားလုံးက သဘောတူလျက် ရှိနေကြလျှင် ဝန်ထောက်မင်းက "ခင်ဗျားတို့က သဘောတူတာတော့ ဟုတ်ပါပြီ၊ သူက လုပ်မှ လုပ်ချင်ပါ့မလား မသိဘူး"

"ဒါဖြင့် သူ့အိမ် ကျွန်တော်တို့ အခုသွားရင် ကောင်းမယ်ထင်တယ်"ဟု ပြော၍ လူကြီးမင်းတို့သည် မောင်ထွန်းမြတ်၏ အလုပ်ရုံးသို့ သွားကြလေ၏။

မောင်ထွန်းမြတ်လည်း အိမ်သို့မပြန်သေးသဖြင့် လူကြီးမင်း တို့သည် မောင်ထွန်းမြတ်နှင့်တွေ့၍ အကျိုးအကြောင်း ပြောကြလေလျှင် မောင်ထွန်းမြတ်က "အလို–ကျွန်တော့်ကို ဆပ်ကော်မတီအလုပ် သဘောတူကြတယ်၊ တော်ပါမလား ခင်ဗျာ" ဟု ပြုံးရယ်၍ပြောသောအခါ "တော်တယ်မထင် ကျုပ်တို့ အလကား လာပြောပါမလား၊ ခင်ဗျားမှ မတော် သည့်ပြင်တော်တဲ့လူ မရှိဘူး"

"တယ်ပြီး ဦးတို့က ပါးချင်ကြတာကိုး၊ ကိုယ်မလုပ်ချင်တော့ သူများမြှောက်ပင့်ပြီး ခိုင်းကြမယ်လို့ပေါ့လေ"

"ခင်ဗျားက ဘာပြောပြော ကျုပ်တို့က ခင်ဗျားနာမည်ဖြင့် သွင်းတော့မှာပဲ နက်ဖြန်တော့ မောင်ထွန်းမြတ်ကို သဘောတူပါလို့ စာရွက်တွေ လျှောက်ကပ်တော့



http://myanmarpyithar.net

မှာပဲ”

“မလုပ်ကြပါနဲ့ဦးခင်ဗျာ၊ စဉ်းစားပါရစေဦး၊ ပုံနှိပ်တာက အရင်မလုပ်ကြပါနဲ့၊ တစ်ရက်လောက် အခွင့်ပေးကြပါဦး၊ နက်ဖြန်တော့မှ ကျွန်တော် စကားပြန်ပါရစေ”

“နက်ဖြန်တွေ ဘာတွေ လုပ်မနေပါနဲ့ဗျာ၊ အခုပဲ စကားပြန်လိုက်ပါ”

“အခု စကားပြန်ရမှာဖြင့် ကျွန်တော်က သဘောမတူနိုင်ဘူးလို့ ပြန်ရမှာပေါ့၊ ဒါကြောင့် ကျွန်တော် စဉ်းစားပါရစေဦးလို့ ပြောတယ်မဟုတ်လား”ဟု ပြောလျှင် မောင်ထွန်းမြတ်မှာ တစ်စုံတစ်ခုကို မိမိစိတ်၌ ဆုံးဖြတ်လိုက်လျှင် သူတစ်ပါး တိုက်တွန်း၍ရသည့် လူမျိုးမဟုတ်ကြောင်းကို သိကြသဖြင့် လူကြီးမင်းတို့လည်း အိမ်သို့ပြန်သွားကြကုန်၏။

လူကြီးမင်းတို့ ပြန်သွားသည့်နောက် မောင်ထွန်းမြတ်လည်း အိမ်သို့ပြန်သွား၍ လမ်းတွင် ဤအကြောင်းကို စဉ်းစားမိရာ တစ်နေ့သ၌ မိမိသည် မြို့၏အကျိုးကို ရွက်ဆောင်မည်ကြံဖူးသည်မှန်၏။ ကြံစည်သည့်အတိုင်း လူကြီးမင်းတို့၏ အလိုသို့ လိုက်ခဲ့ပါက မိမိ၌ အလုပ်ပိုမည်လည်းမှန်၏။ အလုပ်ပိုခဲ့ပါလျှင် မိမိ၏ လက်ထောက် ဦးသာဒွန်းလည်း အမှုကြီးငယ်တို့၌ မျက်နှာလွှဲရသည်လည်း မှန်၏။ မိမိ၌လည်း ပစ္စည်းဥစ္စာ စုဆောင်းပြီးရှိသဖြင့် အကယ်၍ အမှုအနည်းငယ် လစ်လပ်စေကာမူ မိမိ၌ နစ်နာလောက်အောင် အကျိုးယုတ်မည် မဟုတ်။ သို့ဖြစ်၍ ကော်မတီအလုပ်ကို လက်ခံရလျှင် တော်မည်ထင်သည်ဟု အောက်မေ့လေ၏။

မိမိရီလည်း မောင်ထွန်းမြတ်လာသည်ကိုမြင်၍ ဝင်းပေါက်မှ ထွက်လာပြီးလျှင် အခါတိုင်းကဲ့သို့ မောင်ထွန်းမြတ်၏လက်မောင်းကို လှမ်း၍ကိုင်မည်ပြုရာ မောင်ထွန်းမြတ်က လက်နှစ်ဖက်ကို နောက်သို့ပစ်၍…“ဘာလဲ ဘာလုပ်မလို့လဲ” ဟု ပြောင်လှောင်၍မေးလျှင် “ကောင်းပြီ၊ ဒါဖြင့် နောက်ကို ရှင့် ဘယ်တော့မှ လာမကြိုဘူး” ဟု နှုတ်ခမ်းကို အနည်းငယ်စူ၍ပြောရာ မောင်ထွန်းမြတ်က “လာမကြိုရင်ကော ဘယ်သူက သာပြီး ဝမ်းနည်းရဦးမှာလဲ” ဟု ပြောလေ၏။

ထိုအခါ မိမိရီက “ဒါဖြင့် ကျွန်မက လာကြိုချင်လို့ကြိုတာ ရှင်ကတော့ မကြိုလည်း ကိစ္စမရှိလှဘူးပေါ့လေ၊ ကိုထွန်းမြတ်က ကျွန်မကို အရေးမလုပ်တော့ဘူးပေါ့လေ” ဟု မျက်ရည်ဝဲလျက်မေးလျှင် မောင်ထွန်းမြတ်လည်း မိမိရီ၏ လက်ကို ယူ၍ညှပ်ပြီးလျှင် “အလကားပြောတာပါ မိမိရီရယ်၊ အသိသားနဲ့” ဟု မျက်နှာထားရွှင်ရွှင်နှင့်ပြော၍ ဝင်းတွင်းသို့ ဝင်လာကြလေ၏။ ခင်စိန်ကြည်လည်း အိမ်ပေါက်တွင် ရပ်နေသည်ဖြစ်၍ အလုံးစုံမြင်လိုက်ရသဖြင့် မခံချိ မခံသာ ဖြစ်ရှာလေ၏။



http://myanmarpyithar.net

အိမ်တွင်းသို့ရောက်လျှင် မောင်ထွန်းမြတ်က "မိမိရီ ဆပ်ကော်မတီဆိုတာ ဘာလဲသိလား" ဟု မေးလျှင် "ဖေဖေတို့ပြောလို့ကြားတော့ ကြားဖူးတာပဲ၊ ဂုဏ်အသရေရှိတဲ့လူကြီးပြောတာ ထင်ပါရဲ့"

"ကောင်းသလား မကောင်းဘူးလား"

"ကောင်းတာပေါ့ရှင်၊ ဂုဏ်အသရေရှိတယ်ဆိုတာ မကောင်းဘဲနေပါ့မလား၊ ဘာဖြစ်လို့လဲ" "ဆပ်ကော်မတီမလုပ်ချင်ဘူးလား" ဟု မေး၍ မိမိရီလည်း နားမလည်သဖြင့် လင်ကိုကြည့်လျက်နေရာ "လူကြီးတွေက မိမိမောင်ကို ဆပ်ကော်မတီလုပ်စေချင်သတဲ့၊ မိမိရီက သဘောတူရဲ့လား"ဟု မေးလျှင် မိမိရီသည် ရွှင်ပျသော မျက်နှာထားနှင့် လင်၏လက်မောင်းကိုကိုင်လျက် "အဲသည်လိုပါလို့ ဆို၊ ကိုထွန်းမြတ်တို့ကတော့ လူတိုင်းက သဘောကျ၊ လူတိုင်းက မြှောက်စားကိုး၊ သဘောလည်း ကျစရာပေပဲ..."

"တော်တော့ တော်တော့ မိမိရီ၊ မိမိရီက ဟိုလူကြီးတွေထက်တောင် ဆိုးနေပြန်ပြီ"

"မဆိုးနဲ့လေ၊ ကျွန်မသာဖြင့် ဆပ်ကော်မတီတောင်မကဘူး၊ ဖေဖေတို့ ပြောကြတဲ့ ပါလီမန်လူကြီးတောင် ရွေးဦးမှာပဲ"

"အောင်မယ် တယ်ပြောတတ်ပါကလား၊ ဒါက လူတော်လို့မှ မဟုတ်ဘဲ၊ မိမိက လူကြီးကတော် လုပ်ချင်လို့..."

"ဒါကြောင့် မဟုတ်ပါဘူးရှင်၊ ရှင့်လိုလူ ဘယ်မှာရှာလို့..." ပြောလျှင် မောင်ထွန်းမြတ်လည်း စကားကို ဆုံးအောင်မပြောစေဘဲ မိမိရီ၏ပါးစပ်ကို လက်ဖြင့်ပိတ်၍......

* * *

ခင်စိန်ကြည်သည် မောင်ထွန်းမြတ်အိမ်သို့ ရောက်သည်မှာ ၆ လခန့် ရှိရာ ရောက်စအခါ၌ သားခင်မောင်ကြီးသည် များစွာစိုးရိမ်ရန် အကြောင်းမရှိဘဲ တချောင်ချောင်သာလျှင် ဖြစ်နေလေ၏။ ဆောင်းဥတုတိုင်ရောက်လာလျှင် ရှေးအခါ ကျန်းမာစဉ်ကကဲ့သို့ ရွှင်ရွှင်လန်းလန်းရှိ၍ ခင်စိန်ကြည်သည် အကလေးရောဂါ ပျောက်လေပြီဟု စိတ်ချမိလေ၏။ ၎င်းနောက် ဆောင်းကျွတ်၍ နွေပေါက်လေလျှင် အကလေးသည် တစ်နေ့တခြား မျက်နှာညှိုး၍ လှုပ်ရှားထကြွခြင်းမရှိဘဲ ခွေလျက်သာ နေပြန်လေ၏။ ညနေတိုင်လျှင် ခင်မောင်ကြီးသည် စာသင်ခန်း ကော်ဇောပေါ်တွင်



http://myanmarpyithar.net

လှဲ၍ ထိုင်ဖုံတစ်ခုကို ခေါင်းအုံးလျက်နေလျှင် ခင်စိန်ကြည်သည် အကလေးနဖူးကို ကိုင်၍ "လူကလေး ပက်လက်ကုလားထိုင်ပေါ် ရွှေ့အိပ်ပါလား လူကလေးရယ်" ဟု ပြောပြီး၍ မိမိ၌ ခွန်အားမရှိဘဲလျက် အကလေးကို မနိုင်တနိုင်နှင့် ရွှေ့ပေးလေ၏။ နောက်နေ့ကျပြန်လျှင် ခင်မောင်ကြီးသည် ကြမ်းပေါ်တွင် အိပ်မြဲတိုင်းအိပ်ပြန်လျှင် ခင်စိန်ကြည်က ရွှေ့ပေးမည်ဟုပြောရာ "တော်ပါပြီ ဆရာမရယ်၊ ကျွန်တော်က သည်လိုမှ နေသာပါတယ်" ဟု ပြောသဖြင့် မရွှေ့ပြောင်းရဘဲ ရှိလေ၏။

ငင်းနေ့ညနေ၌လည်း ခင်မောင်ကြီးသည် နေ့တိုင်းကဲ့သို့ ဖင်ထိုင်ဖုံကို ခေါင်းအုံးလျက် ကော်ဇောပေါ်တွင် အိပ်ပျော်နေပြန်လျှင် ခင်စိန်ကြည်သည် အနီးတွင်ထိုင်၍ အကလေး၏မျက်နှာကို အကဲခတ်လျက်နေစဉ် မိနှစ်သည် အနီးသို့ လာ၍...

"ဘယ့်နှယ်ထင်သလဲ ဆရာမ"

"ကျွန်မတော့ တယ်အားမရဘူး" ဟု ခင်စိန်ကြည်က ပြောလေလျှင်...

မိနှစ်က အကလေးဘက်ကို လက်ညှိုးထိုးပြ၍ "မအိပ်သေးဘူး မှတ်တယ်၊ မတော်တာတွေ မပြောပါနဲ့" ဟု တီးတိုးပြော၍ ကလေးဘက်သို့ လှည့်ပြီးလျှင်...

"လူကလေး အိပ်ပျော်သလား" ဟု မေးရာ...

ခင်မောင်ကြီးလည်း မလှုပ်ဘဲရှိလေ၏။ "အိပ်ပါပြီဆရာမရဲ့၊ ကြည့်ပါလား၊ ဟုတ်ပါရဲ့ ဆရာမရယ်၊ အကလေးက တစ်နေ့တခြား သိသာလိုက်တာနော်၊ ညှိုးညှိုးသွားလိုက်တာ" ဟု ပြောလျှင်...

ခင်စိန်ကြည်သည် အကလေးအတွက် ရတ်တရက်စိုးရိမ်အားကြီးလှသည်နှင့် မောင်ထွန်းမြတ်၏အခန်းတွင်းသို့ ဝင်သွားပြီး "ခင်မောင်ကြီးကို တစ်ဆိတ်လောက် လာကြည့်စေလိုပါသည်" ဟု ပြောလေရာ...

မောင်ထွန်းမြတ်နှင့် မိမိရီတို့သည် ပျာယီးပျာယာနှင့် ခင်မောင်ကြီးရှိရာ အခန်းသို့ လိုက်လာကြလေ၏။ အခန်းတွင်းကိုရောက်လျှင် မိမိရီက "အို– ကြမ်းပေါ်မှာ အိပ်နေပါကလား၊ ဘာပြုလို့ ကြမ်းပေါ်မှာ အိပ်စေသလဲ ဆရာမရယ်" ဟု ပြောလျှင်...

ကုလားထိုင်ပေါ်မှာ အိပ်ပါလို့ပြောတာပဲ မရဘူး" ဟု ခင်စိန်ကြည်က ပြန်ပြောလေ၏။

မောင်ထွန်းမြတ်က "ကြမ်းပေါ်မှာ အိပ်လို့မနာပါဘူးလေ၊ ကိစ္စမရှိပါဘူး" ဟု ပြောနေစဉ် ခင်မောင်ကြီးသည် မျက်လုံးကို ဖွင့်ကြည့်ပြီး...

"ဘယ်သူလဲ ဖေဖေလား"



http://myanmarpyithar.net

"အေး ဖေဖေလေ၊ ငါ့သား နေမကောင်းဘူးလား"

"နေကောင်းပါရဲ့ ဖေဖေရယ်၊ ကျွန်တော် နည်းနည်းမောလို့"

"ငါ့သား သည်မှာ ဘာပြုလို့ အိပ်နေရသလဲ"

"အိပ်ကောင်းလို့ပေါ့၊ အောင်မယ်ဖေဖေရေ့၊ ကျွန်တော့်ကြီးတော်က ဝယ်ပေးတဲ့ ယုန်ကလေး သေသွားပြီ"

"ဟုတ်လား၊ ကဲဖေဖေ့ကိုထပြီး ပြောစမ်းပါဦး၊ ဘာပြုလို့ သေသလဲလို့"

"ဘာပြုလို့လဲ ကျွန်တော်မသိဘူး၊ မမက ပြောတာပဲ၊ ကျွန်တော် မောလိုက်တာ ဖေဖေရယ်"

"ဘာပြုလို့ လူကလေးမောရသလဲ၊ ဘာလုပ်လို့လဲ"

"ဘာမှမလုပ်ဘူးဖေဖေရဲ့၊ အလကားနေရင်း မောတာပဲ"

"ဆရာဝန်လာတုန်းက မောတယ်လို့ သားကမပြောဘူးလား"

"မပြောပါဘူး၊ ကျွန်တော်ကပြောရင် ကျွန်တော့် ငါးကြီးဆီ တိုက်ဦးမှာပဲ"

"ငါ့သားမာအောင် တိုက်ရတာပေါ့သားရယ်"

"ကျွန်တော်က ဒါသောက်ပြီး အန်ချင်တယ်ဖေဖေရဲ့၊ မကြိုက်ဘူး၊ ရွံတယ်၊ ဆရာမကလေ မလိုင်စားမလားတဲ့မေးတယ်၊ မလိုင်က ကောင်းလိမ့်မယ် ထင်တယ်ဖေဖေရဲ့" ဟု ပြော၍ မောင်ထွန်းမြတ်လည်း ဆရာမကို ကြည့်လေလျှင် ခင်စိန်ကြည်က "သည်ရောဂါမျိုးဟာ မလိုင်နဲ့ တည့်တယ်လို့ ကျွန်မ ကြားဖူးတယ်"

"ဟုတ်လား၊ ဒါဖြင့် စမ်းကျွေးကြည့်စမ်းပါလား" ဟု ပြောလျှင် မိမိရီကလည်း...

"အကလေးနဲ့ တော်တယ်ထင်တာရှိရင် ဆရာမက ကြည့်ပြီး ပြောပါရှင်၊ ကျွန်မက ဘာမှနားမလည်ဘူး"

"ဆရာဝန်လာတုန်းက ဘာပြောသလဲ"

"ဆရာဝန်လာတုန်းက ကျွန်မနဲ့မတွေ့ဘူး၊ ဆရာမနဲ့တွေ့တယ်"

"ဘာပြောသွားသလဲ ဆရာမ"

"ကျွန်မကိုတော့ ကိစ္စမရှိသေးပါဘူး ပြောသွားတာပဲ" ဟု ပြောနေကြစဉ် အကလေးလည်း အိပ်ပျော်၍သွားလေလျှင် မောင်ထွန်းမြတ်လည်း အကလေးကို အတန်ကြာ စိုက်ကြည့်ပြီးလျှင် အခန်းပြင်သို့ ထွက်သွားလေ၏။

မောင်ထွန်းမြတ် အခန်းပြင်သို့ရောက်လျှင် အစ်မကြီးမဂျမ်းပုံသည် လုံချည်ကို လက်တစ်ဖက်ဖြင့်မ,လျက် ပဝါကို တစောင်းတင်ပြီးလျှင် မျက်မှောင်ကြုတ်လျက် အိမ်တွင်းသို့ ဝင်လာလေ၏။



http://myanmarpyithar.net

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း မောင်ထွန်းမြတ်၏အလုပ်ရုံးမှာ မဂျမ်းပုံ နေထိုင်သည့်အိမ်နှင့် တစ်ဝင်းတည်းတွင်ဖြစ်သဖြင့် လူကြီးမင်းတို့သည် မောင်ထွန်း မြတ်၏ အလုပ်ရုံးသို့ဝင်သွားကြပြီးလျှင် ပြန်၍ထွက်သွားကြသည်ကို မဂျမ်းပုံသည် အိမ်မှမြင်လိုက်လေ၏။ မည်သည့်ကိစ္စနှင့်ဖြစ်လေသည်ကို သိလိုလှ၍ မောင်ထွန်းမြတ် ထွက်လာမှ မေးမည်ဟု ပြတင်းပေါက်မှ စောင့်ကြည့်နေရာ မောင်ထွန်းမြတ်လည်း ရုံးမှထွက်လာပြီး အစ်မကြီး၏အိမ်ဘက်သို့ လှည့်မကြည့်ဘဲ အိမ်သို့ပြန်သွားသဖြင့် မမေးလိုက်ရဘဲ ရှိလေ၏။ ၎င်းနောက် စာရေးကလေးနှစ်ယောက်နှင့် စာရေးကြီး ဦးသာဒွန်းတို့လည်း ထွက်လာကြလျှင် မဂျမ်းပုံသည် ဦးသာဒွန်းကို ခေါ်၍...

"ဟိုလူတွေက ရုံးဘာလုပ်လာကြတာလဲ"

"ဆပ်ကော်မတီလုပ်ဖို့ ကိုထွန်းမြတ်ကိုလာပြီး ပြောကြတယ်"

"ဘာဆပ်လဲ၊ ဘာဂျီလဲ၊ ဘာကော်မတီလဲ၊ နားမလည်ပါဘူး"

"မြူနီစီပါယ်လူကြီးလေ အစ်မကြီးရဲ့"

"ဘယ်သူ့ကိုလဲ"

"ကိုထွန်းမြတ်ကို"

"အောင်မယ် အခုလေ၊ သည်အကောင်ကိုလား၊ ဒင်းက ဘာပြောလိုက်သလဲ"

"စဉ်းစားပါရစေဦးလို့ ပြောလိုက်တယ်"

"အောင်မယ်သူက–ဒင်းက ဘာများ စဉ်းစားမလို့တဲ့လဲ၊ မြူနီစီပါယ်လူကြီးနဲ့ ဒင်းနဲ့ ဘာဆိုင်လို့လဲ၊ ဒင်းကများ လူကြီးလုပ်ရအောင် ဘာနားလည်လို့လဲ"

"နားမလည်ရင် လူကြီးတွေက တမင်လာပြီး ပြောပါ့မလား အစ်မကြီးရဲ့၊ ကိုထွန်းမြတ် နားမလည်တာ ဘာမှမရှိဘူး"

"အဲလေ–ဘာအကျိုးရှိသလဲ လူကြီးလုပ်လို့"

"ဂုဏ်ရှိတာပေါ့အစ်မကြီးရဲ့၊ သည်လိုလုပ်ချင်တဲ့လူတွေအပုံ"

"အောင်မယ်–ဂုဏ် ဘာလုပ်ဖို့လဲ၊ ဂုဏ် ဘာဂုဏ်လဲ၊ တော်ပြီ တော်ပြီ၊ သွားပေတော့၊ ဒါပဲ"ဟု ပြောပြီး ဦးသာဒွန်းကို နှင်ထုတ်လိုက်ပြီးလျှင် မောင်ထွန်းမြတ် အိမ်သို့ သွားမည်ဟု အဝတ်လဲလျက်နေစဉ် အစေခံမကလေးက...

"အစ်မကြီး ထမင်းပြင်ပြီးပြီလေ"

"ပြင်ပြီး ဘာဖြစ်သလဲ၊ နင့်အပူလား"ဟု ငေါက်ခဲ့ပြီးလျှင် တစ်လမ်းလုံး ကြိမ်းမောင်း၍လာလေ၏။

အိမ်သို့ရောက်၍ မောင်ထွန်းမြတ်နှင့် တွေ့လျှင် "ဘယ့်နှယ် အစ်မကြီး ပျာယီးပျာယာနဲ့ ဘာကိစ္စလဲ"



http://myanmarpyithar.net

"ဘာကိစ္စရမလဲကွဲ့၊ မြူနီစီပါယ်ဆိုလား၊ ဘာဆိုလား၊ ဘာအကြောင်းလဲ ငါကြားတယ်"

"ကျွန်တော့်ကို အဲဒါလုပ်စေချင်တယ်တဲ့ လူကြီးတွေက...၊ ထိုင်ပါဦး အစ်မကြီးရဲ့"

"မင့် ဘာသာမင်း ထိုင်ပါလား၊ ငါမေးတာပြောပါ၊ မင်းက သည်ဟာ ငြင်းပယ်မယ်မဟုတ်လား"

"ကျွန်တော်ကလား၊ လက်ခံမယ် အောက်မေ့တယ်" ဟု ပြောလျှင် မဂျမ်းပုံသည် ပဝါကို ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်တင်၍...

"ငွေများ ဘယ်လောက်ကုန်မယ်ဆိုတာ မင်းတွက်ကြည့်ပြီးပြီလား"

"တွက်ပြီးပါပြီ အစ်မကြီးရယ်၊ လုပ်မယ့်လူမရှိရင် သည်လောက် မကုန်ပါဘူး"

"ရှိရင်ကော"

"ရှိရင်လည်း ငွေ ၄–၅–၈ ရာလောက်တော့ ကျွန်တော့်အတွက် မရှိပါဘူး" ဟု ပြန်ပြောလျှင်...

"အောင်မယ်လေးတော်၊ ပိုက်ဆံများ ကျောက်ခဲသလဲ မှတ်နေပါပြီလား၊ ဟင်...မကြားဝံ့ပါဘူးတော်၊ ကျုပ်တို့ဖြင့် ပိုက်ဆံလည်း ကုန်ဦးမယ်၊ အလုပ်လည်း ပျက်ဦးမယ် ကြည့်ပါတော်..."

"အလုပ်ကတော့ ကိစ္စမရှိပါဘူး အစ်မကြီးရယ်၊ ဦးသာဒွန်း ရှိသားပဲ၊ တကယ်လို့ ရှေ့နေမလိုက်ရတောင် ကျွန်တော့်မှာ အခု စားလောက်အောင် ရှိပါပြီအစ်မကြီးရဲ့" ဟု ပြောလျှင် မဂျမ်းပုံလည်း မိမိရီဘက်သို့လှည့်၍ "ညည်းက တိုက်တွန်းတာပေါ့လေ သူ့ကို" ဟု မေးလေ၏။

"ကျွန်မနဲ့ မတွေ့ခင်ကတည်းက ကိုထွန်းမြတ်က လက်ခံမယ်လို့ အောက်မေ့ပြီးပါ၊ ကျွန်မကလည်း တိုက်တော့ တိုက်တွန်းတာပေါ့လေ" ဟု မိမိရီကပြောလျှင် မဂျမ်းပုံသည် လင်မယားနှစ်ယောက်ကို တစ်ယောက်ပြီး တစ်ယောက်ကြည့်ပြီး...

"ဒါဖြင့် လုပ်တော့မယ်ပေါ့လေ"

"ဟုတ်တယ်" ဟု မောင်ထွန်းမြတ်က ပြန်ပြောရာ မဂျမ်းပုံသည်ပဝါကို ကောက်ယူ၍ ပခုံးပေါ်သို့ တင်ပြီးလျှင် သွားတော့မည် ပြုလေ၏။

ထိုအခါ မောင်ထွန်းမြတ်က "နေဦးလေ အစ်မကြီး၊ ထမင်းစားပြီးမှ ပြန်ပါလား၊ ကျွန်တော်တို့လည်း စားတော့မှာပဲ၊ ထမင်းစားပြီးမှ ဖြည်းဖြည်း ကျွန်တော် အစ်မကြီး ပြောပါဦးမယ်"

"ငါ့ပြောချင် မင်း စောစောက ဘာပြုလို့ အိမ်မလာသလဲ"

"ကျွန်တော်မေ့နေလို့ပါ၊ နက်ဖြန်တော့ ပြောမယ်လို့ပါပဲ"

"ငါသိပါတယ်၊ ငါသိပါတယ်၊ သွားမယ်"

"နေပါဦးအစ်မကြီးရဲ့၊ ထမင်းစားပါဦး"

"အို...ကျုပ် ထမင်းမစားနိုင်ပါဘူး၊ မောင်တို့အကြောင်း ကြားရလို့ ဝမ်းကိုဝနေပါပြီ" ဟု ပြောရာ ပဝါကို တစောင်းတင်လျက် လုံချည်ကိုပင့်ပြီးလျှင် ထွက်သွားလေ၏။

■



http://myanmarpyithar.net

## အခန်း (၂၉)

မောင်သက်ညွှန့်သည် ခင်စိန်ကြည်နှင့် ကွဲပြီးသည့်နောက် မည်သို့ ရှိလေသနည်းဟု သိချင်ဖွယ် ရှိပေလိမ့်မည်။

ကစားလောင်းစားခြင်းမှစ၍ အပျော်အပါးတို့ကို လိုက်စားရန် ဝါသနာရှိသူ အပေါင်းတို့သည် မည်သို့ပင် ကံကောင်းသည်ဆိုစေကာမူ တစ်နေ့နေ့၌မုချ ဒုက္ခ တွေ့ကြုံမည်ဖြစ်လေသည်။ မောင်သက်ညွှန့်မှာလည်း မိဘအမွေအနှစ် အမြောက် အမြားပင် ဆက်ခံရ၍ သူဌေးကလေး တစ်ယောက်ဟုပင် ခေါ်ထိုက်သည် မှန်သော် လည်း အလောင်းအစားပြု၍ ဘိလိယက်ထိုးခြင်း၊ ဒါဘီရိုပ်ခြင်း၊ ပြိုင်မြင်း မွေး၍ မြင်းလောင်းခြင်း စသော အကုန်အကျများသော ပျော်ပါးခြင်းတို့ကို လိုက်စားခဲ့ရာ ဥစ္စာပစ္စည်းတို့သည် တစ်နေ့တခြား လျော့ပါးကုန်၏။ ခင်စိန်ကြည်အပြင် ယူထားသောမယားဖြစ်သူမှာ မိမိ၏လင်ယောကျ်ားသည် ဘိလိယက်ခုံ မြင်းပွဲ စသည်တို့၌သာလျှင် အချိန်ကုန်လျက် ညဥ့်နက်သန်းခေါင်တိုင် ရောက်သောအခါမှ မူးယစ်သောက်စား၍ အိမ်သို့ ပြန်လာသည်ဖြစ်၍ ဤသို့မပြုရန် တောင်းပန် ပြောဆိုမည်ပြုလျှင်... မောင်သက်ညွှန့်သည် ဒေါက်ငမ်း၍ "ငါသိပါတယ်ကွယ် တိတ်တိတ်နေပါ" ဟု ပြောသဖြင့် ထပ်၍လည်း မပြောဝံ့ဘဲ စိတ်နှလုံးမချမ်းမသာနှင့် နေရလေ၏။

ပထမ၌ မောင်သက်ညွှန့်သည် အကစားလောင်းစားတို့၌ အလျှဉ်းဝါသနာ ပါရှိသည်မဟုတ်ချေ။ မိဘအမွေအနှစ်ကို ရရှိမှ ငါသည် အလုပ်လုပ်ကိုင်၍ စားသောက်ရန်မလိုချေဟု အောက်မေ့သဖြင့် အလုပ်လုပ်ကိုင်ရမည့် အချိန်အတွက်ကို အပျော်အပါးကိုသာလျှင် လိုက်စားခဲ့ရာ တစ်နေ့သ၌ မြင်းပွဲသို့အရောက်တွင် အခြားသူတို့ လောင်းစားနေကြသည်ကိုမြင်လျှင် အနည်းငယ်လောင်းချင်စိတ် ပေါက်သည်ဖြစ်၍ "ငါ့မှာ ငွေ ၅ဝိ၊ ၁ဝဝိ ရှုံးသည်ဖြစ်စေ နိုင်သည်ဖြစ်စေ အထွက်မရှိ" ဟု အောက်မေ့ပြီး အနည်းငယ်စ၍ လောင်းစားမိလေ၏။ ၎င်းနေ့၌ နိုင်ခဲ့သော်လည်း မောင်သက်ညွှန့်မှာ များစွာဝမ်းသာသည် မဟုတ်ဘဲ နိုင်သည့်ငွေကို



http://myanmarpyithar.net

အပိုသုံး၍ပစ်လိုက်လေ၏။ နောက်တစ်ကြိမ် မြင်းပွဲကြုံကြိုက်ပြန်လျှင် အနည်းငယ် လောင်းစားပြန်ရာ မောင်သက်ညွှန့်သည် ငွေ ၃၀ဝိ ခန့် ရှုံးလေ၏။ ထိုအခါ မိမိ၏ ငွေ ရှုံး၍သွားလျှင် နမြောလှသည်မဟုတ်သော်လည်း မခံချင်တတ်သဖြင့် နောက်ထပ်၍ လိုက်ပြန်ရာ ငွေ ၁၀၀ဝိ ခန့်မျှရှုံး၍သွားပြန်လေ၏။ ကစားဖူးသည် မဟုတ်သူ အပေါင်းတို့မှာ မိမိတို့ရှုံးလျှင် မခံချင်တတ်ဘဲ အရင်းပြန်၍ ရသောအခါမှ တော်မည်ဟု အောက်မေ့တတ်သည်အားလျော်စွာ တစ်နေ့ပြီးလျှင်တစ်နေ့ ဆက်၍ လိုက်လေရာ မည်သည့်အခါမျှ အရင်းပြန်၍မရဘဲရှိသည်အတိုင်း မောင်သက်ညွှန့် လည်း ထိုနည်းအတူ ပြုလေ၏။

ထို့ပြင် မောင်သက်ညွှန့်သည် အတန်ငယ်ကြာသကာလ တဖြည်းဖြည်း မြင်း၌ ဝါသနာပါလျက်ရှိလာရာ ကြေးငွေလည်း တတ်နိုင်သည်ဖြစ်၍ ပြိုင်မြင်းတို့ကို လက်သပ်မွေးရလျှင် သာ၍ကောင်းမည်ဟု အောက်မေ့ပြီး မြင်းနှစ်ကောင် သုံးကောင် ကို ဝယ်ယူ မွေးမြူလေ၏။ မြင်းမွေးပြီးသည့်နောက်၌ မောင်သက်ညွှန့်သည် မိမိ၏မြင်းပိုင်ဖြစ်သည်နှင့် အလွန်တရာ ယုံကြည်အားကိုးပြီး ကြေးငွေ အမြောက် အမြား စွန့်စား၍လောင်းလေ၏။ ဤသို့သောနည်းအားဖြင့် ဥစ္စာပစ္စည်းတို့သည် တစ်နေ့တခြား လျော့ပါးလာလေရာ မောင်သက်ညွှန့်သည် မြင်းနှင့်မနိုင်လျှင် အခြားကစားနည်းအားဖြင့် နိုင်မည်အောက်မေ့၍ အကစားအမျိုးမျိုးတို့၌ လောင်းစားလေလျှင် ဤကဲ့သို့သောသူများမှာ ဉာဏ်သမား လူနပ်လူလိမ်တို့နှင့်သာ တွေ့သဖြင့် မည်သည့်ကစားနည်း၌မဆို မောင်သက်ညွှန့်မှာ ရှုံးရလေ၏။

ဤသို့သောနည်းအားဖြင့် မောင်သက်ညွှန့်မှာ ပစ္စည်းဥစ္စာ ကုန်ခန်းလု မတတ်ရှိရာ ၎င်း၏ယောက္ခမဖြစ်သူ ပင်စင်အငြိမ်းစား မြို့အုပ်မင်းက တစ်နေ့သ၌ မောင်သက်ညွှန့်ကိုခေါ်၍ "မောင်သက်ညွှန့်၊ မင်းလည်း ငယ်တော့တာမဟုတ်ဘူး၊ သည်လောက်မိုက်တာများ မင်းမရှက်ဘူးလား၊ အခုကြည့်စမ်း၊ မင့်အဖေမိဘ ပစ္စည်းတွေ ဘာရှိတော့သလဲ၊ အင်းစိန်က ခြံတွေလည်း ပေါင်ပြီးပြီ၊ လမ်းမတော်က တိုက်နှစ်လုံးလည်း မရှိဘူး၊ လမ်း ၄၀ က တိုက်ကြီးလည်းသွားပြီ၊ မင့်မှာ ဘာ ရှိတော့သလဲ၊ မြင်းစုတ်ကလေးနှစ်ကောင်နဲ့ မင်းတို့နေတဲ့ တိုက်ကလေးပဲ ရှိတော့တယ်၊ ဒါတောင် ပေါင်များထားသေးသလား ငါမသိဘူး၊ ကဲ သည်တော့ လွန်မိတာလွန်မိပေစေ၊ ရှေ့ကိုသာ မင့်အမူအရာ မင့်အကျင့်တွေ ဖျောက်ပေတော့၊ ယောကျ်ားလည်း ဖြစ်ပြန်၊ လူငယ်လည်းဖြစ်ပြန်၊ သည်တော့ မင်းတို့အရွယ်ဟာ ပိုက်ဆံကြေးငွေရှိတယ်လို့ အလုပ်အကိုင်မလုပ်ဘဲ အလကားနေလို့ မတော်ဘူး၊ အလကားနေရင် မင်း သည်လိုပဲ အပျော်အပါးလိုက်နေမှာပဲ ငါသိတယ်။



http://myanmarpyithar.net

သည်တော့ မင်းအလုပ်တစ်ခုခုကိုလုပ်မှတော်မယ်၊ မင်းကလည်း စာရေးအလုပ်လို ဘာလိုလည်း လုပ်ချင်မှာမဟုတ်ဘူး၊ မင့်ပညာကလည်း အက်ဖ်–အေဆိုတော့ မြို့အုပ်လည်း တစ်ခါတည်း မဖြစ်နိုင်ဘူး၊ စာမေးပွဲဝင်ရဦးမယ်၊ သည်တော့ စာမေးပွဲဝင်ရအောင် စာကြည့်ပေတော့၊ သည်အတွင်းလည်းပဲ မင်း သည်မှာ နေလို့မတော်ဘူး၊ တစ်နေ့က မန္တလေးက အခွန်ဝန်မင်းသူငယ်ချင်းက ရေးလိုက်တဲ့ စာထဲမှာ စကားစပ်မိလို့ မြူနီစီပါယ်ကော်မတီလူကြီးတစ်ယောက် ရွေးမယ်လို့တဲ့၊ သည်တော့ မင်း သည်အလုပ်က ပိုက်ဆံကြေးငွေ များများရတဲ့အလုပ် မဟုတ်ပေမယ့် ဂုဏ်ပဲရှိရှိ လူပဲ တည်တည်တံ့တံ့ ရှိစေတော့၊ မင်းရဖို့ ကြံစည်ရမယ်၊ မင်းလည်း အင်္ဂလိပ်လိုတတ်တဲ့ လူပဲ၊ အထက်ဆီမှာတော့ ပညာတတ်လည်း နည်းနည်းရှားတော့ မင်းလိုလူဆိုရင် အများက သဘောတူမှာပဲ၊ သည်တော့ အခွန်ဝန်မင်းဆီ ငါ စာရေးပေးလိုက်မယ်၊ သူ့အိမ်မှာပဲ တည်းပြီး သည်ဟာကို မင်းရအောင်ကြံရမယ်၊ စရိတ်ငွေ နည်းနည်းပါးပါး ကုန်ကျတဲ့အတွက်ကိုလည်း ငါက ခံမယ်၊ သူကလည်း အခွန်ဝန်မင်းလုပ်နေတဲ့ လူတစ်ယောက်ကပဲ၊ မိတ်ဆွေကောင်းတွေတော့ ရှိမှာပေါ့၊ အဲ သူတို့နဲ့ ပူးပေါင်းပြီး ကြံရရင် မရဖို့မရှိပါဘူး၊ အမှန်ရမှာပဲ" ဟု ပြောလျှင် မောင်သက်ညွန့်မှာ နေရာတိုင်း၌ လိုက်၍ပြောလေ့ရှိသော ယောက္ခမတစ်ယောက် မဟုတ်သည်ဖြစ်၍ တစ်ကြိမ်တစ်ခါ ပြောဆိုသည်ကို မငြင်းဆန်ဝံ့သောကြောင့် သွားပါမည်ဟု ဝန်ခံရလေ၏။

ထိုအခါ မြို့အုပ်မင်းက "အေးကောင်းတယ် သည်လိုမှပေါ့၊ သွားသာ သွားပါကွယ် အမှန်ရမှာပါပဲ၊ မင့်မိန်းမ သန်းတင်တော့ ခဏ သည်မှာပဲ လာနေ ပေစေ၊ ခေါ်မသွားနဲ့ဦး၊ ဟိုမှာ နေရာကျတော့မှ သူ့ကိုခေါ်တာပေါ့၊ မင်းလည်း သည်မြို့မှာ ကြာရှည်နေလို့မတော်ဘူး၊ ကဲ–မင်း ဘယ်တော့သွားမလဲ၊ ဘာများ ကိစ္စရှိသေးသလဲ"

"မရှိပါဘူး"

"ကဲ ဒါဖြင့်နက်ဖြန် ၁၂ နာရီ စာပို့ကြီးနဲ့ လိုက်သွားပေတော့ ဟုတ်လား"

"ကောင်းပါပြီ"

နောက် ၁၀ ရက်လောက်ကြာသောအခါ တစ်နေ့သ၌ မိမိရီနှင့် မောင်ထွန်း မြတ်တို့သည် ထမင်းစားပြီးစဖြစ်၍ ထမင်းပွဲမှ မထကြသေးဘဲလျက် ထိုင်နေကြ သေးရာ စာရေးကြီး ဦးသာဒွန်းက ခေါင်းဆောင်ပြု၍ ရာဇဝတ်ဝန်ထောက်မင်းနှင့် အခြားလူကြီး ၃–၄ ဦးတို့သည် အခန်းတွင်းသို့ ပျာယီးပျာယာနှင့် ဝင်လာကြပြီးလျှင် ၃–၄ ဦး တစ်ပြိုင်နက် ဆူညံစွာ စကားပြောဆိုကြရာ မောင်ထွန်းမြတ်မှာ မည်သူ



http://myanmarpyithar.net

ကို နားထောင်ရမည်မသိဘဲ အရိပ်အမြွက်ကိုသာ ကြားရသဖြင့်...“ဘယ့်နှယ်ဦးရဲ့၊ လုမယ့်သူပါလာတယ်၊ လာပါစေလေ ဘာဖြစ်သလဲ၊ နောက်ဆုံးကျ သိလိမ့်မယ်ပေါ့” ဟု ပြော၍ “လုမယ့် လူက ဘယ်သူလဲ ကိုထွန်းမြတ်က မသိသေးဘူး” ဟု ဦးသာဒွန်းကပြောလျှင် ဝန်ထောက်ကြီးက “သည်အကောင် မျက်နှာပြောင်တာ ငါ အံ့ဩတယ်” တစ်ယောက်ကလည်း “ဟုတ်တယ်ဗျာ၊ ရင် ၁၀–ချက်၊ ကျော ၁၀ ချက်လုန်ပြီး ထောင်းစမ်းချင်လှတယ်” အခြားတစ်ယောက်ကလည်း “ကျုပ်က တော့ သည်အကောင် တံတောင်နဲ့ မထောင်းချင်ဘူး၊ စီးတဲ့ဖိနပ်နဲ့ မျက်နှာပိတ်ပြီး ကန်ချင်တယ်” ဟု အသီးသီးပြောကြလေ၏။ မောင်ထွန်းမြတ်လည်း မည်သူ့ကို ပြောနေသည်မသိသေးသဖြင့် “ဘယ်သူလဲခင်ဗျ၊ ပြောကြပါဦး” ဟု မေးသည်နှင့် ဝန်ထောက်မင်းက “ဟိုအကောင်ပေါ့ကွဲ့၊ ခွေးမသား သေက်ညွန့်ပေါ့” ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း မျက်နှာပျက်လျက် မိမိရီလည်း မျက်နှာကို အောက်ချလျက်ရှိလေ၏။

ဝန်ထောက်မင်းလည်း ဆက်လက်၍ “သည်ကနေ့မနက် မြို့ထဲ ငါ ကိစ္စ ရှိလို့သွားတော့ မောင်သက်ညွန့်ကို သဘောတူပါတဲ့စာတွေ ကပ်ထားတာ တွေ့ခဲ့ရတယ်၊ ဒါနဲ့ ဘယ်က မောင်သက်ညွန့်က ပေါ်လာပြန်ပါလိမ့်မယ်လို့ တွေးနေတုန်း ဈေးချိုတော် နာရီစပ်ထောင့်နား ခတ်ရထားစောင့်ရင်း လူတစ်ယောက် နဲ့ရပ်ပြီး စကားပြောနေတဲ့ သေက်ညွန့်ကို မြင်တာကိုးကွဲ့၊ သည်တော့ ငါက ဗြုန်းခနဲ သည်သက်ညွန့်များ ဖြစ်နေမလားလို့ အောက်မေ့မိတယ်၊ ဒါနဲ့ ငါ စိတ်မကျေနပ်လို့ ထောက်လှမ်းကြည့်တော့ သည်အကောင်ပဲတဲ့၊ နောက်ရောက်တဲ့ အခွန်ဝန်မင်းအိမ်မှာ၊ ဘယ့်နှယ်လဲ မင်းက ကြိုးစားပြီး မရရအောင် ကြံစည်မယ် မဟုတ်လား” ဟုမေးလျှင် မောင်ထွန်းမြတ်လည်း ဘာမျှပြန်မပြောဘဲ စဉ်းစားလျက် နေလေ၏။

ငင်းနောက် လူကြီးမင်းတို့လည်း ၁၅–မိနစ်ခန့် စကားပြောဆိုကြပြီး၍ ပြန်သွားကြလျှင် မိမိရီသည် လင်၏မျက်နှာကဲကိုခတ်၍ “ဘယ့်နှယ် သဘောရ သလဲရှင်၊ သည်အကောင်လာလို့ နောက်ဆုတ်မယ် အောက်မေ့သလား”

“နောက်ဆုတ်လို့ မတော်ဘူးမှတ်တယ် မိမိရီရယ်၊ သူက တမင်လာပြီး စော်ကားတာပဲ၊ သည်တော့ သည်က သူ့ကို အရေးမလုပ်ဘဲ ခြေဖဝါးအောက်က ခြေမှုန့်လောက်အောက်မေ့မှ တော်မယ်”

မောင်ထွန်းမြတ်လည်း အလုပ်ရုံးသို့သွားရာလမ်းတွင် မိမိ နာမည်နှင့်ယှဉ်၍ “မောင်သက်ညွန့်ကို သဘောတူပါ” ဟု ကပ်လျက်ထားသော စာရွက်တို့ကို

မြင်ရသဖြင့် မောင်သက်ညွန့်၏အကြောင်းကို စဉ်းစားလျက်သွားရာ မဂျမ်းပုံနှင့် တွေ့လျှင်…။

"ဘယ့်နှယ်လဲ၊ ကြားပြီးပြီလားဟေ့"

"ကြားပြီးပြီ"

"သည်အကောင် ရူးလာတယ်မှတ်တယ်ကွဲ့၊ ငါဖြင့် အံ့သြလှတယ်ကွယ်၊ ဒါနဲ့ အခုဖြင့် မင်းက စိတ်ရောကိုယ်ပါ မရရအောင် လုပေတော့ဟေ့၊ ငါလည်း အရင်ကတော့ သဘောမတူဘူး၊ အခုလိုတော့လား မင်းက သည်အကောင်လာလို့ နောက်ဆုတ်ရင် မင့်ကို ငါ မောင်တော်တယ်တောင် မပြောဘူးမှတ်တော့ဟေ့"

"ကျွန်တော် နောက်ဆုတ်မယ်မကြံပါဘူး"

"အေး ဟုတ်ပြီ၊ ဒီလိုလုကြတော့ မြင်းရထား ဓာတ်ရထား တွေငှားပြီး စာတွေဘာတွေ ကပ်ရပြုရသေးတယ်မဟုတ်လား၊ သည်အတွက် ငါက အကုန်ခံမယ်၊ ၅၀၀ဝ လောက်ကုန်လိမ့်မလား ငါကထုတ်မယ်၊ သည်လောက်မက ကုန်ချင်ကုန် ပေစေ" ဟုပြောလျှင် မောင်ထွန်းမြတ်လည်း ရယ်မော၍ "နေပါစေအစ်မကြီးရယ်၊ သည်လောက်တောင် အကုန်မခံရပါဘူး" ဟု ပြော၍ ရုံးတွင်းသို့ ဝင်သွားလေ၏။

မိမိရီလည်း မောင်ထွန်းမြတ်ကို ဝင်းပေါက်သို့ကျော်အောင် လိုက်ပို့၍ အပြန်တွင် ခင်စိန်ကြည်သည် အကလေးနှစ်ယောက်နှင့် လမ်းလျှောက်နေကြသည်ကိုတွေ့ရာ ခင်မောင်ကြီးက (ခင်မောင်ကြီးမှာ နံနက်အချိန်၌ကား အနည်းငယ် လှုပ်ရှားသွားလာနိုင်လေသည်)။ "မေမေ ဘာပြုလို့လဲ၊ မျက်နှာကြီးများ နီလို့" ဟု ပြောရာ…။

"ဟုတ်လား၊ မေမေ စိတ်ဆိုးလာလို့ကွဲ့"

"ဘာပြုလို့လဲ"

"လူတစ်ယောက်ကလာပြီး ဖေဖေနဲ့ နေရာလုမယ်လို့တဲ့"

"ဘာဖြစ်သလဲ၊ လူတိုင်းလုချင်လုရတယ်ဆို"

"သည့်ပြင်လူတော့ လုချင်လုရတာပေါ့၊ သည်အကောင်ကတော့ လူများနဲ့ မတူဘူးကွဲ့၊ အကောင်ယုတ်"

"ဘယ်သူတဲ့လဲ မေမေရဲ့"

"သက်ညွန့်တဲ့" ဟု ပြောလျှင်… "ဟင်" ဟု အော်လိုက်သံ ကြားသဖြင့် မိမိရီလည်း လှည့်၍ကြည့်လိုက်လျှင် ခင်စိန်ကြည်မှာ မျက်နှာကို ပဝါဖြူအုပ်လျက် ချောင်းဆိုး၍နေသည်ကို မြင်ရလေ၏။

"ဆရာမ ချောင်းဆိုးလှချေကလား"



http://myanmarpyithar.net

"ဟုတ်တယ်ရှင့်၊ သီးသွားလို့ပါ" ဟု ပြန်ပြောလျှင် မိမိရီလည်း ဆရာမသည် မောင်သက်ညွှန့်ကို သိဖူးလေသလောဟုအောက်မေ့၍ ဆရာမကို အကဲခတ်နေလေ၏။

ငင်းနေ့ညနေ၌ မမကြီးနှင့် ခင်စိန်ကြည်တို့သည် ဝင်းပေါက်အနီးတွင် လမ်းလျှောက်လျက်နေကြစဉ် ဝတ်လုံတော်ရမင်းနှင့် သား မောင်သက်တင်ကလေးတို့သည် မြင်းရထားပေါ်မှ ဆင်းလာကြရာ "မောင်ထွန်းမြတ်ရှိသလားဟေ့" ဟု မမကြီးအားမေးလျက် ခင်စိန်ကြည်ကိုကြည့်ရာ ခင်စိန်ကြည်သည် ဦးလေးနှင့်တွေ့ရသည်မှာ ပထမအကြိမ်ဖြစ်သဖြင့် သိမည်ကိုစိုး၍ မျက်နှာကိုလွှဲလျက်နေလျှင် "ဖေဖေ ရှိတယ်ရှင့်၊ သည်ကဟာ ကျွန်မတို့ဆရာမပဲ" ဟု မမကြီးကပြောလျှင် ဝတ်လုံတော်ရမင်းသည် ခင်စိန်ကြည်ကို အသာလှည့်၍သာကြည့်ပြီး မောင်ထွန်းမြတ်ရှိရာသို့ သွားလေ၏။

ဖခင်သည် အိမ်တွင်းသို့ဝင်သွားလျှင် မောင်သက်တင်လည်း မမကြီးအနီးသို့သွား၍..."မင့်မြင်ရတာ ဝမ်းသာလိုက်တာကွယ်၊ ငါတို့ အရင်ပြောထားတာမေ့ပြီလားဟေ့ မမကြီး"

"မမေ့ပါဘူး"

"နို့ မင်းကကော ငါတို့လာတာ ဝမ်းသာရဲ့လား"

"သာတာပေါ့"

'သည်မှာဆရာမရဲ့၊ မမကြီးကိုလေ ကြီးတော့ ကျွန်တော်ယူမှာ၊ သူကလည်းယူတော့တဲ့၊ သဘောတူတယ်၊ ဟုတ်ဘူးလား မမကြီး" ဟု မေး၍ မမကြီးလည်း ခေါင်းညိတ်လေလျှင် ခင်စိန်ကြည်က "မမကြီးကို သည်လိုစကားတွေ မပြောပါနဲ့ လူကလေးရယ်"

"ဘာပြုလို့လဲဆရာမရဲ့"

"မောင့်ဖေဖေနဲ့မေမေက ဘာသဘောတူမလဲ"

"ဘာပြုလို့မတူရမလဲ၊ ဖေဖေကတော့ သဘောတူမှာပေါ့၊ မေမေကတော့ တူချင်တူ မတူချင်နေ ကိစ္စမရှိပါဘူး၊ ဟေ့-မမကြီး မင်း ဟိုအနားခဏသွားလိုက်စမ်းပါ၊ ငါ ဆရာမကို မေးစရာတစ်ခုရှိလို့" ဟု ပြော၍ မမကြီးလည်း ထွက်သွားလေလျှင်..."ဘယ့်နှယ် ဟိုခွေးမသားက သည်မြို့လာပြီး ကိုကိုနဲ့လာပြိုင်မယ်လို့ဆို၊ သည်အကောင် တွေ့စမ်းချင်တယ်ခင်ဗျာ၊ ဖေဖေကလေကြားကြားချင်း စိတ်ဆိုးလွန်းလို့ ချက်ချင်း မီတဲ့ရထားနဲ့ လိုက်လာတာပဲ၊ ဟိုတုန်းကများလေ ကျွန်တော်က ငယ်နေသေးလို့ နည်းနည်းများကြီးရင်လား

သည်အကောင်သေပြီးသား၊ ဒါနဲ့ ဆရာမ ခင်စိန်ကြည် သိသလား"

"သိတယ်"

"မမကြီးတို့မေမေလေ ချစ်တယ်ဗျာ၊ ကျွန်တော်သည်မိန်းမတစ်ယောက် သူ့ချစ်လို့ ကျွန်တော် သူ့သမီးချစ်တာ၊ သူ့အမေနဲ့ တစ်ရုပ်တည်းပဲနော်၊ ဆရာမ ခင်စိန်ကြည်ကို ဘယ်တုန်းကသိသလဲ၊ သည်မှာလား"

"မမြင်ဖူးပါဘူး လူကလေးရယ်၊ ပြောသံကြားဖူးတာပါ"

"ဩော်...လူမမြင်ဖူးဘူးလား၊ အင်မတန် ချစ်စရာကောင်းတယ်ခင်ဗျာ၊ ကျွန်တော်ဖြင့် သည်မိန်းမကြီးလိုဟာ တွေ့တောင်မတွေ့ဖူးဘူး၊ ဆရာမလည်း မြင်ရရင်ချစ်မှာပဲ၊ ဒါနဲ့ ဟိုအကောင်ကော ဆရာမ မြင်ဖူးသလား၊ သတ်ချင်တယ်ဗျာ" ဟု ပြောလျှင် ခင်စိန်ကြည်လည်း မောင်သက်ညွန့်အကြောင်းကို မကြားချင်သဖြင့် မမကြီး၏ လက်ကိုဆွဲ၍ ထွက်သွားကြလျှင် မောင်သက်တင်ကလေးလည်း အိမ်တွင်းသို့ ဝင်ပြေးလေ၏။

တစ်နေ့သ၌ မိမိရီသည် မမကြီးနှင့် ခင်စိန်ကြည်ကိုခေါ်၍ မင်္ဂလာဈေးသို့ သွားကြရာ ခင်စိန်ကြည်မှာ မောင်သက်ညွန့်နှင့် တွေ့မည်စိုးသဖြင့် မလိုက်လို သော်လည်း သူ၏လခစားဖြစ်သည့်အတွက် မလိုက်လိုဟု မပြောဝံ့သောကြောင့် လိုက်သွားရလေလျှင် ဝန်ထောက်မင်းအိမ်ရှေ့တွင် အစ်မကြီးနှင့်တွေ့၍ "ညည်းအမေ နေမကောင်းဘူးတဲ့အေ..."

"အလို...ဟုတ်လား၊ ဒါဖြင့် ကျွန်မဝင်ကြည့်လိုက်ဦးမယ်"

"အေး ကြည့်လိုက်ပါဦးအေ၊ ငါတော့ တော်တော်ကြာခဲ့ပြီ၊ ဘာပြုလို့ နေမကောင်းသလဲသိလား၊ အိပ်မက်မက်ပြန်လို့တဲ့"

"ဩော် လာပြန်ပြီကိုး သည်အိပ်မက်က၊ ဒါဖြင့် အစ်မကြီးက ဆရာမ တစ်ဆိတ်ခေါ်သွားလိုက်ပါရှင်၊ ကျွန်မပြီးတော့ အဲဒီ လာခဲ့မယ်"

"ကျွန်မလည်း ဘွားဘွားကြည့်ရအောင် လိုက်ခဲ့ဦးမယ် မေမေရယ်" ဟု မမကြီးက ပြောသဖြင့် မိမိရီလည်း အကလေးကို လက်ဆွဲလျက် ဝင်သွားကြလေ၏။

ခင်စိန်ကြည်သည် မဂျမ်းပုံနှင့် လမ်းလျှောက်သွားရာ ခင်စိန်ကြည် ခြုံလျက်ထားသောပဝါသည် ရုတ်တရက် လေသုတ်သဖြင့် လွင့်ပါမည်အပြုတွင် ခင်စိန်ကြည်သည် ပဝါကိုငုံ့၍ဖမ်းလိုက်ရာ မိမိ၏ဦးခေါင်းသည် မဂျမ်းပုံ၏ပခုံးနှင့် တိုက်မိလေရကား မျက်မှန်သည် ကျွတ်ပြီး မြေပေါ်သို့ ကျကွဲလေ၏။ ထိုအခါ မဂျမ်းပုံက "ဟော ပြီးရော–ကွဲသွားပြီ" ဟုပြောပြီး ခင်စိန်ကြည်ကို ကြည့်လိုက် ရာ မျက်မှန်တပ်လျက်မရှိသော ခင်စိန်ကြည်၏မျက်နှာကိုမြင်လျှင် လွန်စွာအံ့သြ၍



http://myanmarpyithar.net

ကြက်သေသေလျက် "အလို...ဘုရား ဘုရား တူလှချေကလား"ဟု ပြောမိလေ၏။

ခင်စိန်ကြည်မှာ အစ်မကြီး သိသွားလေပြီလောဟု မျက်နှာပျက်ပျက်နှင့် ရှိနေသည်အတွင်း အခွန်ဝန်မင်းနှင့် မောင်သက်ညွန့်တို့ လမ်းလျှောက်လာကြသည်ကို မြင်ပြန်လျှင် မောင်သက်ညွန့်သည် မိမိအား မှတ်မိလေတော့မည်လောဟု အလွန်တရာ စိတ်ပူလျက် မဂျမ်းပုံအနီးသို့ကပ်၍ ပုန်းကွယ်လျက်နေလေ၏။ မဂျမ်းပုံကမူ မောင်သက်ညွန့်ကို မျက်ကြောတင်း၍ ကြည့်လေလျှင် မောင်သက်ညွန့်က အသိဟောင်းကို တွေ့ရသည့်အဟန်နှင့်ပြုံးရာ..."မင်းက ငါ့ ပြောင်တာလားဟေ့ သက်ညွန့်ဟေ..."။

"ဒါတော့ အစ်မကြီးထင်တဲ့အတိုင်းပေါ့"

"ဘယ်က အစ်မကြီးလဲဟေ့၊ နင် တယ်စော်ကားပါကလား၊ ငါ ထွန်းမြတ် အစ်မကြီးမှန်း နင်မသိဘူးလား ဟဲ့-ဟေ..."

"သိပါတယ်ဗျာ မမေ့နိုင်ပါဘူး၊ ခင်ဗျားရုပ်က တစ်ခါမြင်ပြီး မေ့နိုင်တဲ့ရုပ်ကြီး မဟုတ်ပါဘူး" ဟု ပြောင်လှောင်၍ပြောလိုက်လျှင် မဂျမ်းပုံသည် နှုတ်ခမ်းများ ပြာ၍ အသားဆတ်ဆတ်တုန်အောင် အမျက်ထွက်လှသဖြင့် "စော်ကားလှချေ ကလားဟဲ့ သေက်..." မဂျမ်းပုံသည် စကားဆုံးအောင် မပြောရသေးမီ သူငယ်တစ်ယောက်သည် ပြေးလာပြီး မောင်သက်ညွန့်၏ခါးခေါက်ကို ဘွတ်ဖိနပ်ဖြင့် ပြင်းစွာကန်လိုက်ရာ မောင်သက်ညွန့်သည် ခွေ၍လဲသွားလေ၏။ မောင်သက်ညွန့်နှင့် အတူလာသူ အခွန်ဝန်မင်းလည်း အံ့အားသင့်လျက်နေရာ ထိုသူငယ်သည် မောင်သက်ညွန့်၏ ခြေနှစ်ချောင်းကို ဆွဲပြီးလျှင် အနီးရှိရေမြောင်းထဲသို့ လိမ့်ချ လိုက်လေ၏။

ငင်းနောက် ထိုသူငယ်သည် အစ်မကြီးတို့ထံလာပြီးလျှင် "သည်လိုလုပ်မှ၊ သည်အကောင်တော့ နည်းတောင်နည်းသေးတယ်၊ မိန်းမတွေချည်းမှတ်လို့ ဒင်းကစော်ကားတာ၊ လုပ်ရတာအားမရသေးပါဘူးခင်ဗျာ" ဟု ပြော၍ သွားဦးမည် ပြုရာ မဂျမ်းပုံက "ဟဲ့ တော်တော့ မောင်သက်တင်" ဟု ပြောပြီး လက်ကို ဆွဲထားလေ၏။

အခွန်ဝန်မင်းက "ဟေ့သူငယ် မင်း တယ်လွန်ပါကလား"

"ကျွန်တော်လားလွန်တာ၊ ဘာလွန်သလဲခင်ဗျာ၊ ခင်ဗျားလူက လွန်တော့ ဘာပြုလို့ ခင်ဗျားက မပြောသလဲ"

"မင်း ဘယ်သူ့သားလဲ"

"ကျွန်တော် ရွှေဘိုက ဝတ်လုံတော်ရမင်း ဦးသာဒင်သား"



http://myanmarpyithar.net

"အေး–မင့်အဖေ ငါပြောမယ်၊ မင်းတော့ ကောင်းကောင်း အရိုက်ခံရပြီ မှတ်တော့"

"၁၀ ခါ ခံရပါစေ ကိစ္စမရှိဘူး၊ သည်ခွေးမသား လုပ်ရရင်ပြီးရော" ဟု မောင်သက်တင်က ပြန်ပြောလေ၏။

မဂျမ်းပုံလည်း မောင်သက်တင်ကို မိမိအိမ်တွင်းသို့ ဆွဲခေါ်သွားလေလျှင် ခင်စိန်ကြည်လည်း နောက်မှ လိုက်သွားလေ၏။ မောင်သက်ညွန့်မှာ တစ်ကိုယ်လုံး ရွှံ့နွံစွန်းပေလျက် ရေမြောင်းမှ ခြေထော့ကျိုးနှင့် တက်လာသည်ကိုမြင်ရသည်မှာ မျက်နှာချေလိမ်းကျံလျက်ထားသောမျက်နှာသည် ဖြူနုလျက်မရှိဘဲ နွံအတိပြီးနေလေ၏။ အလွန်ထောင်လျက်ရှိသော ခေါင်းပေါင်းစသည်လည်း ရေစွတ်၍ ရွှံ့လူးသဖြင့် အောက်သို့ချွန်၍ကျနေသည့်ပြင် ခါးခေါက်ကြောသည်လည်း နာကျင်လှသည်ဖြစ်၍ ခြေဆွဲ့နေလေ၏။ "သန်းချော်လဲ" ယောင်ထုံးသည်လည်း ဖိုးရိုးဖားရားနှင့် ရွှံ့နွံပေနေသည့်ပြင် မျက်နှာထားသည်လည်း နာကျင်လှသည်ဖြစ်၍ ရှုံ့လျက်ရှိရကား အလွန်ပင် ရယ်ဖွယ်ကောင်းပေ၏တကားဟု ခင်စိန်ကြည်၏ စိတ်တွင် မှတ်ထင်မိလေ၏။

မဂျမ်းပုံမှာလည်း မောင်သက်တင်၏အပြုအမူကို ဝမ်းတွင်၌ လွန်စွာ သဘောကျလျက်ရှိသော်လည်း သူငယ် မိုက်မည်ကိုစိုး၍ အနည်းငယ် အပြစ်တင် စကားပြောလေလျှင်..."မဟုတ်ဘူးအစ်မကြီးရဲ့၊ သည်အကောင်ကို ကျွန်တော် လုပ်ချင်နေတာကြာလှပြီ၊ အခုတော့ အခန့်သင့်လည်းတွေ့ပြန် အစ်မကြီးတို့ကိုလည်း စော်စော်ကားကား ပြောနေပြန်တော့ ဟန်ရလိုက်တာခင်ဗျာ၊ ဖေဖေကလည်း ကျွန်တော့် ရိုက်မယ်မထင်ပါဘူး၊ ရိုက်ချင်လည်း ရိုက်ပေစေလေ၊ ဒင်းလုပ်ရပြီးရော" ခင်စိန်ကြည်လည်း အိမ်တွင်းသို့ရောက်လျှင် မဂျမ်းပုံအား ကိစ္စတစ်ခုရှိ၍ သွားရန်အကြောင်း၊ မိမိရီလာသောအခါ၌လည်း ဤကဲ့သို့ ပြောရစ်ရန်အကြောင်းကို မှာထားပြီးလျှင် မျက်မှန်ဆိုင်တစ်ဆိုင်သို့ သွား၍ မီးခိုးရောင်မျက်မှန်တစ်ခုကို ဝယ်လေ၏။

ထို့နောက် ခင်စိန်ကြည်သည် ဈေးချိုမှပြန်လာ၍ မဂျမ်းပုံအိမ်တွင် မိမိရီ၊ မမကြီးတို့နှင့်တွေ့လျှင် မဂျမ်းပုံလည်း ၎င်းတို့နှင့်အတူ မောင်ထွန်းမြတ်အိမ်သို့ လိုက်လာလေ၏။ အိမ်သို့ရောက်လျှင် မဂျမ်းပုံသည် မယ်စောကိုခေါ်၍ "ဟဲ့မယ်စော ဆရာမကြည့်ရတာ ဘယ်သူနဲ့ တူတယ်ထင်သလဲ"

"ရှင် ဆရာမ မခင်ကြည်လား..." "အေး" "ကျွန်မ တစ်ခါတလေတော့ သူ့အမူအရာ သွားပုံလာပုံက ကျွန်မတို့ မမလေးနဲ့ တူတယ်ထင်မိတာပဲ၊ ကျွန်မလည်း



http://myanmarpyithar.net

သည်အိမ်မှာတော့ မမလေး အကြောင်းမပြောဝံ့လို့ သည်အကြောင်းကို ဘယ်သူ့မှ မပြောဝံ့ဘူး"

"မျက်မှန်ကြီးတပ်မထားတဲ့အခါ ညည်းမြင်ဖူးရဲ့လား"

"သည်လိုတော့ မမြင်ဖူးဘူး အစ်မကြီးရဲ့"

"ငါ သည်ကနေ့မြင်ရတယ်၊ တူလိုက်တာအေ၊ ဘယ့်နှယ်များတူတယ်လို့ ကြောက်တတ်တဲ့လူများဖြင့် ခင်စိန်ကြည်လာပြီး ကိုယ်တိုင်ပြတယ်တောင် ထင်လောက်ကဲ့"

"ကျွန်မ ကြည့်စမ်းချင်တယ်ရှင်"

"အေး ဒါနဲ့ ခင်မောင်ကြီး ရောဂါတိုးပြန်ပြီဆို"

"ဘယ်သူက ပြောသလဲ"

"ဆရာမက ပြောတယ်၊ သူပြောပုံတော့ စိုးရိမ်စရာပါကလား"

"ဟုတ်တယ် အစ်မကြီးရေ့၊ ညတိုင်ကျမှဖြင့် ကလေးက သာပြီးဆိုးတယ်၊ သက်ဆိုးမှရှည်ပါ့မလားမသိဘူး"

တစ်နေ့သ၌ နေဝင်ရီတရောအချိန်ခန့်တွင် မိုးတိမ်တို့သည် တစ်မိုးလုံး ပိတ်မှိုင်းလျက် ရွာသွန်းမည်အဟန်နှင့် အုံ့လျက်ရှိစဉ် လေကလေးကလည်း ဖြည်းညင်းစွာ တိုက်နေရာမှ တဖြည်းဖြည်း ပြင်းထန်၍လာပြီးလျှင် သစ်ပင်ကြီးငယ်တို့ကို ညွတ်ကိုင်းယိမ်းယိုင် စေလေ၏။ ထို့ပြင် မိုးတိမ်တို့သည်လည်း လေသုတ်သဖြင့် ကောင်းကင်၌ ပြေးလွှားကွန့်မြူးကြဘိသကဲ့သို့ ထိုမှဤမှ လျင်မြန်စွာ ရွေ့ပြောင်းလျက်ရှိနေကြလေ၏။ ခရီးသည်တို့သည်လည်း အသီးသီး အလုပ်မှပြန်လာကြ၍ မိုးမိမည်ကို ကြောက်ကြသည်နှင့် ခပ်သုတ်သုတ် သွားလာကြလျက်ရှိစဉ်... ပြေပြစ်နူးညံ့သော အမူအရာရှိသည့်လူတစ်ယောက်သည် ဟောင်းနွမ်းသော အဝတ်တို့ကို ဝတ်ဆင်ပြီးလျှင် တောင်မြောက် ၄ ပါးကို မော်၍မကြည့်ဘဲ ဦးခေါင်းကိုချလျက် လျင်မြန်စွာ လျှောက်လာရာ မောင်ထွန်းမြတ်၏အိမ်သို့ ရောက်လျှင် ဝင်းထရံကို ကျော်၍ဝင်ကာ သစ်ပင်အုပ်လျက်ရှိသော ဝင်းထောင့်နား၌ မိမိရီနှင့် တွေ့လေ၏။ မောင်နှမနှစ်ယောက်တို့သည် နှုတ်ဆက်ကြပြီးလျှင် "ဘယ့်နှယ်–နင် ကိုထွန်းမြတ်နဲ့ဆို၊ ဝမ်းသာတယ်ကွယ်၊ ဒါနဲ့ ဘာကိစ္စနဲ့ခေါ်သလဲ ငါ့ကို"

"မောင်သက်ညွန့်ရောက်လာပြီ အခု"

"ဟုတ်လား၊ ဒါကြောင့်လား"

"ဟုတ်တယ်၊ မန္တလေးမြို့အတွက် မြူနီစီပါယ်လူကြီးတစ်ယောက်ရွေးဖို့ဟာ

ကိုထွန်းမြတ်နဲ့ သူလာပြီးလုတယ်၊ ဟော...ကိုထွန်းမြတ်လည်း လာပြီ ဟိုက” မောင်ထွန်းမြတ်လည်း အနီးသို့ရောက်လာလျှင်... “ရောက်လာပြီလားဟေ့ မောင်ဘချို၊ ကဲ မင့်အမှုကို စုံထောက်ကောင်းတဲ့ အင်စပိတ်တော်ကလေးကို ငါပြောပြပြီးပြီ၊ မင်းနဲ့လည်း သူက တွေ့ချင်သေးတယ်တဲ့၊ ကဲ–မိမိရီနဲ့ နောက်မှ စကားပြောပေတော့၊ သူ့အိမ်သွားရအောင်လာ”

အင်စပိတ်တော် မောင်သန်းမောင်မှာ အမှုစုံထောက်ခြင်း၌ ကောင်းလှသည်နှင့် ဆပ်ကျောင်းမှထွက်၍ တစ်နှစ်အတွင်းတွင်ပင် အမှုများစွာ စုံထောက်၍ ပေါ်ပေါက်လေရာ အင်စပိတ်တော်ရာထူးသို့ ချီးမြှင့်ခြင်းခံရလေ၏။ မောင်ထွန်းမြတ်လည်း ၎င်းအား မောင်ဘချို၏အမှုအကြောင်းကို သေချာစွာ ပြောပြပြီးဖြစ်၍ ၎င်း၏အိမ်သို့ ရောက်လျှင် မောင်ဘချိုဖြစ်ကြောင်းကို ပြောပြီးလျှင် ၎င်းတို့နှစ်ယောက်ကို တိုင်ပင်ပြောဆိုစေ၍ မိမိအိမ်သို့ ပြန်နှင့်လေ၏။ မောင်ဘချိုလည်း မောင်သန်းမောင်နှင့် တစ်နာရီကျော်ကျော်ခန့် စကားပြောဆိုပြီးလျှင် အိမ်သို့ ထွက်လာခဲ့လေ၏။

မိမိရီ၏မိခင် ဝန်ထောက်ကတော်၏ အိပ်မက်တွင် ဦးဘသာကို သတ်သည်ဟု အိပ်မက်မက်သော မောင်လှအောင်သည် မန္တလေး မှ ထွက်ခွာ၍ အဝေးမြို့ရွာ၌ နေထိုင်လျက်နေရာမှ ကံအားလျော်စွာ အကြောင်းတစ်ခုခုနှင့် မန္တလေးသို့ ရောက်လာလေ၏။ မောင်လှအောင်သည် သူငယ်ချင်းတစ်ယောက်နှင့် လမ်းလျှောက်ရင်း မောင်သက်ညွန့်နှင့် အခွန်ဝန်မင်းတို့ကိုမြင်လျှင် မိမိသူငယ်ချင်းအား “ဟိုဘက်က ခေါင်းပေါင်းစထောင်ထောင်နဲ့အကောင် ဘယ်သူလဲဗျို့၊ ခင်ဗျား သိသလား”

“သည်အကောင်ပေါ့ဗျ၊ ကိုထွန်းမြတ်နဲ့လာလုတဲ့ သက်ညွန့် ဆိုတာ တယ်မျက်နှာပြောင်တဲ့အကောင်ဗျာ၊ သူ့မယားလည်း ခိုးသေးရဲ့၊ သူနဲ့လည်း လာပြီးပြိုင်လာသေးရဲ့၊ တတ်လည်း တတ်နိုင်တဲ့ အကောင်ဗျာ”

“သည်အကောင်လားဗျ သက်ညွန့်ဆိုတာ၊ သည်အကောင်ဖြင့် ကျွန်တော်လည်း အသိသားပဲ၊ သည်အကောင် ဘထွန်းမဟုတ်လားဗျ”

“ဘယ်က ဘထွန်းလဲဗျာ၊ သက်ညွန့်ပါလို့ဆို” ဟု ပြောရင်း အနီးသို့ မျက်နှာချင်း ဆိုင်မိကြလျှင် မောင်လှအောင်က သိကျွမ်းဟောင်းတွေ့သည့် မျက်နှာထားနှင့် နှုတ်ဆက်မည်ပြုလေလျှင်... “မင်းက ငါ့ဘာအရောဝင်သလဲ၊ မင့်ကို ငါဘယ်တော့က သိလို့လဲ၊ မင်းက ဘာကောင်လဲ” ဟူ၍ ပါးစပ်က မပြောသော်လည်း မျက်နှာထားနှင့် မောင်သက်ညွန့်က ပြန်၍ကြည့်လေရာ မောင်လှအောင်မှာ လွန်စွာ ရှက်သွားလေ၏။



http://myanmarpyithar.net

ထို့နောက် မောင်လှအောင်သည် မိမိတည်းခိုရာအိမ်သို့ရောက်လျှင် အင်စပိတ်တော် မောင်သန်းမောင်သည် အိမ်မှ စောင့်နေနှင့်၍ "ကိုလှအောင်ဆိုတာ ခင်ဗျား မဟုတ်လား"

"ဟုတ်တယ်"

"မန္တလေးက ပြောင်းသွားတာ ဘယ်လောက်ကြာပြီလဲ"

"တော်တော်ကြာပြီ၊ ၄-၅နှစ် ရှိသွားပြီ"

"ကိုဘထွန်းဆိုတာ ခင်ဗျားသိတယ်မဟုတ်လား"

"ရန်ကုန်သားလေ၊ ဘာကိစ္စလဲ"

"ခင်ဗျားနဲ့သိတယ်မဟုတ်လား"

"ဟိုတုန်းကတော့ မြင်ဖူးပါရဲ့"

"ဘယ်တုန်းကလဲ"

"ခင်ဗျား ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ်ဗျာ၊ ကိစ္စရှိလို့ ခင်ဗျားမေးတာပေါ့"

"ခင်ဗျားကိစ္စက ဘာကိစ္စလဲ"

"ဘာကိစ္စဖြစ်ဖြစ်ဗျာ၊ ကျွန်တော် မေးခွင့်ရှိလို့မေးတာပေါ့၊ ကိုဘထွန်းဆိုတာ ဟိုတုန်းက ဆရာမကလေးမအေးမြင့်ကို လာပြီးပိုးနေတယ်မဟုတ်လား၊ သည်တုန်းက ခင်ဗျားသိတယ်မဟုတ်လား"

"ခင်ဗျားကို ဘယ်သူပြောသလဲ"

"ကျွန်တော် သိတာပေါ့ဗျ"

"ခင်ဗျား သူ့အကြောင်း ကောင်းကောင်းသိတယ်မဟုတ်လား"

"ကောင်းကောင်းတော့ မသိပါဘူးဗျာ၊ မြင်ဖူးတာပါပဲ"

"သိတော့ ခင်ဗျားသိတယ်ပေါ့လေ"

"ဟုတ်တယ်"

"ကျွန်တော် သွားဦးမယ်ဗျာ" ဟု ပြောပြီး မောင်သန်းမောင်သည် အိမ်ပေါ်မှဆင်းသွား၍ မနီးမဝေးရောက်သောအခါ အရပ်ဝတ် အရပ်စားနှင့် ပုလိပ်သားတစ်ယောက်ကိုတွေ့လေရာ ၎င်းအား မောင်လှအောင်၏အိမ်အနီးမှ အမှတ်မဲ့ ချောင်းမြောင်းကြည့်ရှုပြီး မောင်လှအောင်သွားသည့်အရပ်ကို နောက်ယောင်ခံ၍လိုက်ရန် မှာထားခဲ့ပြီးလျှင် အနောက်ပြင်သို့သွားသော မောင်သန်းမောင်သည် မောင်ဘထွန်း၏အကြောင်းကို စနည်းနာပြန်လေ၏။

၎င်းညဉ့်တွင် မောင်လှအောင်သည် အိမ်ပေါ်မှဆင်း၍ လမ်းလျှောက်



http://myanmarpyithar.net

ထွက်သွားလျှင် မောင်သန်းမောင် ထားခဲ့သော ပုလိပ်သားလည်း နောက်ယောင်ခံ၍ လိုက်လေ၏။ အနည်းငယ်သွားမိလျှင် မီးတိုင်တစ်တိုင်အောက်တွင် လူတစ်ယောက်နှင့် မောင်သက်ညွန့် ရပ်၍ စကားပြောသည်ကို တွေ့လေရာ မှောင်ရိပ်မှခို၍ ပုန်းလျှိုးကာ စောင့်နေလေ၏။ ထို့နောက် မောင်သက်ညွန့်သည် ၎င်းလူနှင့် စကားပြောပြီး၍ ခွဲသွားလေသောအခါ မောင်သက်ညွန့်နောက်မှ မောင်လှအောင်က တစ်ဖန်လိုက်သွားသည်ကို မြင်လေရာ ပုလိပ်သားလည်း မောင်လှအောင်နောက်မှ လိုက်လေ၏။ အတန်ငယ်သွားမိ၍ မောင်သက်ညွန့်ကိုမီလေလျှင် မောင်လှအောင်သည် မောင်သက်ညွန့်၏ လက်မောင်းကိုဆွဲ၍ "ကိုသက်ညွန့်၊ ခင်ဗျားကျွန်တော့်ကို မမှတ်မိဘူးလား" ဟု မေးလေသောအခါ မောင်သက်ညွန့်သည် နားမလည်သည့် ဟန်ပြု၍ ကြည့်နေလေ၏။ မောင်သက်ညွန့်နောက်မှလိုက်သော ပုလိပ်သားနှင့် မောင်လှအောင် နောက်မှလိုက်သော ပုလိပ်သားတို့သည် မှောင်ရိပ်များမှခို၍ ၎င်းတို့ပြောသည်ကို နားထောင်ကြရာ အောက်ပါအတိုင်း ကြားရလေ၏။

**အောင်** "ခင်ဗျားက ဟန်မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်ကို မသိဘူးလား"

**ညွန့်** "မင်း ဘယ်သူလဲ"

**အောင်** "ဘယ်သူရမလဲဗျ၊ လှအောင်ပေါ့"

**ညွန့်** "ဘယ်က လှအောင်လဲ"

**အောင်** "ခင်ဗျားဆီက ငွေ ၅ဝ ယူမိတဲ့ လှအောင်ပေါ့၊ ခင်ဗျားက ဟန်ကြီးပန်ကြီး အခုမှမလုပ်ပါနဲ့၊ ကျွန်တော်က အကုန်ဖော်လိုက်လိမ့်မယ်"

**ညွန့်** "ဖော်လိုက်ရင် မင်းပါ ဒုက္ခရောက်မှာပေါ့"

**အောင်** "ရောက်ချင်ရောက်ပေစေ၊ ကျုပ်က နည်းနည်းလောက် ထောင်သာကျမယ်၊ ခင်ဗျားတော့ လည်ပင်းကြိုးရောက်မယ်သိရဲ့လား၊ ကျုပ်တော့ ခင်ဗျားငွေကလေးယူမိတာ မှားလိုက်တာ၊ ငွေအသုံးလိုလို့ ရုတ်တရက်လည်းဖြစ်လို့ ယူလိုက်မိပါတယ်၊ သည်ငွေသုံးမိတဲ့နေ့ကစပြီး ကျုပ်ဆင်းရဲတာပဲ"

**ညွန့်** "ဟေ့သွားကွယ်၊ မင်းလာမရှုပ်နဲ့၊ မင်းထင်တာလုပ်ချေ၊ ငါသေရင် မင်းလည်းသေမှာပဲ" ဟု ပြော၍ ခပ်သုတ်သုတ် လျှောက်သွားလျှင် ပုလိပ်သားနှစ်ယောက်တို့လည်း မိမိတို့ကြားရသည့် စကားတို့ကို မှတ်သားပြီးလျှင် ဆိုင်ရာလူနောက်သို့ လိုက်ကြလေ၏။

မြူနီစီပါယ်ကော်မတီလူကြီး ရွေးကောက်မည့်နေ့၌ မောင်ထွန်းမြတ်မှာ မန္တလေးမြို့၌ ထင်ရှားကျော်စောသည့်လူတစ်ယောက် ဖြစ်သဖြင့် လူအများတို့သည် ၎င်းနှင့်ပြိုင်ဆိုင်၍လုမည့်လူတစ်ယောက် ပေါ်ပေါက်လာသည်ကို များစွာသိမြင်



http://myanmarpyithar.net

လိုကြသည်နှင့် လူအမြောက်အမြားတို့သည် မြင်းရထား ဓာတ်ရထား စသည်တို့နှင့် မြူနီစီပါယ်ရုံးသို့ လာရောက်ကြလေ၏။ မောင်သက်ညွန့်လည်း ကောင်းမွန်စွာ ဝတ်စားဆင်ယင်လျက် မဂျမ်းပုံတို့၏ အိမ်ရှေ့မှ မိတ်ဆွေတစ်ယောက်နှင့် လျှောက်၍ လာကြရာ မဂျမ်းပုံ၏ အိမ်ဦးခန်းတွင် လှပတင့်တယ်စွာဝတ်စားထားသော မိမိရီ၊ ခင်စိန်ကြည်၊ မဂျမ်းပုံမှစ၍ အနီးအနားရှိ အရာရှိသားသမီးတစ်စုတို့ စကားပြောဆို နေကြသည်ကိုမြင်လေလျှင် မောင်သက်ညွန့်၏ သူငယ်ချင်းက... "အိုင်ဆေး– ဟိုမှာမြင်ပလား၊ စိန်တွေချည်းပါကလား၊ ရုပ်ကလေးတွေကလည်း သင့်ပါပေတယ်၊ ဟိုဘက်က ခရမ်းရောင်လုံချည်နဲ့ဟာက သူ့မိန်းမမဟုတ်လား၊ တယ်တည့်တဲ့ရုပ်ပဲ၊ အရင်များနဲ့ ဘယ့်နှယ်နေသလဲဗျို့" ဟု မေးလေကြောင်း။

ထိုအခါ မောင်သက်ညွန့်မှာ မနှစ်သက်သော မျက်နှာထားနှင့် "နေစမ်း ပါဗျာ" ဟု ပြန်၍ပြောရာ။

"သည်လောက်တောင် စိတ်မဆိုးပါနဲ့ဗျာ၊ စိတ်သာချပါ၊ ခင်ဗျားတော့ ရမယ်မဟုတ်ပါဘူး၊ ခင်ဗျားမို့ စိတ်ကူးရလို့လာပြီး ကြံစည်ပါပေတယ်၊ သည်က လူတွေက သူ့လူချည့်ပဲဗျ၊ ခင်ဗျား သူနဲ့တော့ ယှဉ်နိုင်မယ်မထင်ဘူး" ဟု ပြောပြန်လျှင် မောင်သက်ညွန့်သည် တစ်ခွန်းမျှ ပြန်၍မပြောဘဲ စိတ်ဆိုးသော မျက်နှာထားနှင့် ကြည့်လျက်သာနေလေ၏။

မြူနီစီပါယ်ရုံးသို့ ရောက်ကြလျှင် မောင်ထွန်းမြတ်လည်း မိမိမိတ်ဆွေ အပေါင်းအဖော်တို့နှင့် ဝိုင်းဖွဲ့လျက် မောင်သက်ညွန့်မှာလည်း အခွန်ဝန်မင်းမှစ၍ ရန်ကုန်မှရောက်လာသော မိမိ၏မိတ်ဆွေ တို့နှင့် ဝိုင်းဖွဲ့လျက်နေကြကြောင်း။ ပရိသတ်တို့လည်း ပြည့်နှက်လာသည်နှင့် မောင်ထွန်းမြတ်နှင့် မောင်သက်ညွန့် နှစ်ယောက်တို့အနက် မည်သူကို သဘောတူညီကြသည်ကို အသီးသီးစာရွက်ပေါ် တွင် နာမည်များကိုရေး၍ သွင်းကြလေကြောင်း။ စက္ကူများကို စုဆောင်းပြီးလျှင် မောင်ထွန်းမြတ် နာမည်ပါသည့်စာရွက်နှင့်။ မောင်သက်ညွန့်နာမည်ပါသည့် စာရွက်တို့ကို ခွဲရေတွက်ကြလေရာ မောင်ထွန်းမြတ်ကို သဘောတူသည့်လူတို့မှာ မောင်သက်ညွန့်ကို သဘောတူသည့်လူထက် ၁၀ ဆမျှမက ပိုမို၍များကြောင်း တွေ့ရလေလျှင် မိတ်ဆွေအပေါင်းတို့သည် မောင်ထွန်းမြတ်ကို ချီးမွမ်းကြလျက် ဝမ်းသာစကား ပြောဆိုနေကြကုန်၏။

မောင်သက်ညွန့်မှာမူ ရေးမဆွကပင် ရှုံးမည်ကိုသိသော်လည်း အခွန်ဝန်မင်း အရှိန်၊ ယောက္ခမမိတ်ဆွေများအရှိန်နှင့် ရှုံးရသော်လည်း လူဦးရေအနည်းငယ်မျှ ကွာမည်ဟု အောက်မေ့လျက်ရှိရာ ယခုမှာမူ ဆယ်ပုံတစ်ပုံမျှပြည့်အောင် မရှိသဖြင့်



http://myanmarpyithar.net

မျက်နှာမည်းလျက်ရှိနေသည့်အတွင်း ယခင်က အတူလမ်းလျှောက်လာသည့် သူငယ်ချင်းက "ဘယ့်နှယ်လဲ မိတ်ဆွေ ကျုပ်မပြောဘူးလား၊ ဒါကြောင့် စောစောက နောက်ဆုတ်လိုက်ရင် တော်မယ်လို့ ကျုပ်အပြောသားနဲ့ အခုတော့ ဘယ်လောက် ရှက်စရာကောင်းသလဲ" ဟု ပြောပြန်လျှင် မောင်သက်ညွန့်မှာ စိတ်ဆိုးနေခိုက်ဖြစ်၍ ဒေါသအလျောက် ပြန်၍ပြောမည်အပြုတွင် ပုလိပ်သားတစ်ယောက်သည် အရပ်ဝတ် အရပ်စားကိုဝတ်လျက် မောင်သက်ညွန့်၏ ပခုံးကိုကိုင်ကာ ဝရမ်းစာထုတ်၍ပြပြီးလျှင် "ခင်ဗျားနှင့် ကျွန်တော် ကိစ္စတစ်ခုရှိ၍ ဂတ်တဲကို လိုက်ခဲ့ရမည်" ဟု ပြော၍ ခေါ်လေကြောင်း။

ထိုအခါ မောင်သက်ညွန့်သည် မိမိအားကြွေးမှုနှင့် ဖမ်းဆီးသည်အောက်မေ့၍ "ဘာကောင်လဲ နင်က ငါ့မကိုင်နဲ့၊ လွှတ်လိုက်" ဟု ပြောလျှင် ပုလိပ်သားသည် မိမိ၏ အိတ်မှ လက်ထိပ်တစ်ခုကို ထုတ်၍ မောင်သက်ညွန့်၏ လက်နှစ်ဖက်ကို လျင်မြန်စွာ ထိပ်ခတ်လိုက်သည်ကို မြင်ကြလေသောအခါ ပရိသတ်တို့သည် လွန်စွာအံ့သြလှသည်ဖြစ်၍ မည်သည့်အမှုနှင့် ဖမ်းလေသည်ဟု မေးမြန်းကြလေ၏။ ထိုအခါ ပုလိပ်သားက အရင် ၈ နှစ်လောက်က ဦးဘသာကို သေနတ်နှင့်ပစ်၍ သတ်သည့်အမှုဖြစ်ကြောင်းကို ပြောလေလျှင် လူအားလုံးတို့သည် များစွာ အံ့သြပြီး အုတ်အုတ်ကျက်ကျက် ရှိနေလေကြောင်း။ မောင်သက်ညွန့်၏ မိတ်ဆွေအချို့တို့ကမူ ပုလိပ်သား၏လက်မှ မောင်သက်ညွန့်ကို လုမည်ပြုကြရာ အခြားပုလိပ်သား ၄ ယောက်တို့က အနီးတွင် စောင့်လျက်ရှိနေကြသည်ဖြစ်၍ ၎င်းတို့၏အကြံကိုသိသဖြင့် ဝိုင်းဝန်းကူညီ၍ မောင်သက်ညွန့်ကို လက်ရဖမ်းဆီးထားကြလေ၏။

ဤကဲ့သို့ အုတ်အုတ်ကျက်ကျက်ဖြစ်ပြီး ပရိသတ်တို့က ဟုတ်တန်သည် မဟုတ်တန်သည်ကို ငြင်းခုံပြောဆိုနေကြစဉ် အခြားပုလိပ်သားတစ်ယောက်သည် မောင်လှအောင်၏ပခုံးကို ကိုင်ပြီးလျှင် ၎င်း၏လက်ကို လျင်မြန်စွာ လက်ထိပ်ခတ် ပြန်လေ၏။ ထို့နောက် မောင်သက်ညွန့်ရှိရာသို့ ခေါ်သွားပြီးလျှင် ၂ ဦးလုံးကို ရထားပေါ်သို့တင်၍ အချုပ်ထောင်သို့ ခေါ်သွားကြလေ၏။ လူအများတို့လည်း ရာဇဝတ် ဝန်ထောက်မင်း၏သား မောင်ဘချိုသတ်သည့်အမှုကို အဘယ့်ကြောင့် မောင်သက်ညွန့်နှင့် မောင်လှအောင်တို့ကို ဖမ်းဆီးလေသနည်းဟု မတွေးနိုင်လောက် အောင် အံ့သြကြလျက် အမှုစစ်ဆေးသောနေ့ ကျရောက်ကာလ လာရောက် နားထောင်ကြမည်ဟု စိတ်တွင်ပိုက်ကာ မိမိတို့အိမ်သို့ အသီးအသီးပြန်ကြလေ၏။

■



http://myanmarpyithar.net

# အခန်း (၃၀)

မောင်သက်ညွှန့်၏အမှုကို စစ်ဆေးမည့်နေ့၌ လူအများတို့သည် အလွန်တရာ သိလိုကြသည်ဖြစ်၍ စက်ရှင်မင်းကြီးရုံးသို့ လာရောက်နားထောင်ကြရာ ရုံးအထက်အောက် ပတ်ဝန်းကျင်တို့၌ ပွဲသဘင် ရှိဘိသကဲ့သို့ ကြိတ်ကြိတ်တက်လျက် တိုး၍မျှမပေါက်နိုင်အောင် ရှိလေ၏။ နံနက် ၁၀ နာရီခွဲအချိန်ရှိသောအခါ တရားသူကြီးသည် ရုံးထိုင်လေရာ ဂျူရီလူကြီး ၁၃ ယောက်တို့လည်း မိမိတို့နေရာ၌ ထိုင်လျက်ရှိနေကြ၏။ အစိုးရရှေ့နေကြီးသည် အမှုကို စတင်၍ဖွင့်ပြီး မိန်းမ တစ်ယောက်၏နာမည်ကို ခေါ်လိုက်လျှင် အတွင်းအပြင် ပြည့်နှက်နေသော ပရိသတ်တို့သည် ၎င်းမိန်းမလာမည့်လမ်းကိုကြည့်လျက် နေကြ၏။ ထိုအခါ သက်သေခံမိန်းမသည် သက်သေခန်းသို့ဝင်လာပြီး မောင်သက်ညွှန့်ရှိရာသို့ ကျောခိုင်း လျက်နေလျှင် တရားသူကြီးက။

"မင့်နာမည် ဘယ်သူလဲ" "မအေးမြင့်" "ကျမ်းရွက်ပေစေ"

မအေးမြင့်ကို ကျမ်းတိုက်သောအခါ မအေးမြင့်သည် ကျမ်းမရွတ်လိုဟု ငြင်းဆန်၍နေရာ...တရားသူကြီးက "ဦးဘသာသတ်တဲ့အထဲ မယ်မင်း ပါသလား" ဟု မေးလေကြောင်း။

ထိုအခါ မအေးမြင့်သည် အရှက်အကြောက်မရှိသော မိမိ နဂိုစိတ် သဘောနှင့်လျော်ညီစွာ ပြန်ပြောသည်မှာ "ကြံကြံစည်စည် ကိုယ့်အဖေကို သတ်ပါ မလား" ဟု ပြန်ပြောလေသည်။

"ဒါဖြင့် သတ်တဲ့အမှု စစ်ဆေးသည့်အခါ မယ်မင်း ဘာပြုလို့မှန်သည့်အတိုင်း ထွက်ဆိုပါမည်လို့ ကျမ်းမရွက်ချင်သလဲ"

"ကျွန်မ ကျမ်းရွက်ရင် မဆိုင်တာတွေကို လျှောက်မေးကြမှာ စိုးလို့ပေါ့"

"မဆိုင်တာကို မမေးဘူး၊ ဆိုင်ရာကိုသာ မေးမယ်"

"ဒါဖြင့် ကျွန်မ ရွက်မယ်" ကျမ်းတိုက်၍ပြီးလျှင်။

"မောင်ဘထွန်းဆိုတဲ့လူနဲ့ မယ်မင်း ဘယ့်နှယ်သိသလဲ"

"ဟောကြည့်ပါလား၊ စခါရှိသေး လာကုန်ပြီ"



http://myanmarpyithar.net

“မေးတာကိုပြောပါ၊ ပြောပါမယ်လို့ ကျမ်းရွက်ပြီးပြီမဟုတ်လား၊ မှန်မှန် ပြောလိုက်ပါ”

“ဈေးချိုနားမှာ ပထမ စတွေ့တယ်”

“တွေ့တော့ မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းက ပြည့်လို့ မောင်ဘထွန်းက စုံမက်ကရောဆိုပါတော့” ထိုအခါ အစိုးရရှေ့နေကြီးက ထောက်လေလျှင် မအေးမြင့်သည် မိမိ၏ကိုယ်ကို လှသည်အောက်မေ့၍ အစဉ်မပြတ် အရိပ်ကြည့်၍နေသော မိန်းမ ဖြစ်သောကြောင့် ရှေ့နေကြီးပြောသည်ကို သဘောကျ၍ “ဟုတ်တယ်” ဟု ပြောလိုက်လေ၏။

“သည်ကနေ့ကစပြီး အကျွမ်းဝင်ကြပြီး ညနေတိုင် စက်ဘီးနဲ့ လာပြီး အလည်လာတယ်မဟုတ်လား”

“သူလာတာ ကျွန်မ ဘယ့်နှယ်တတ်နိုင်မလဲ”

“ဟုတ်ပါတယ်၊ မတတ်နိုင်ပါဘူး၊ မိတ်ဆွေဖြစ်ကြတော့ လာချင်လာနိုင်တာ ပေါ့ မဟုတ်ဘူးလား”

“ဟုတ်တယ်”

“သည်တုန်းက သူ့နာမည် မောင်ဘထွန်းလား၊ မောင်သက်ညွန့်လား”

“မောင်ဘထွန်း”

“သူဘယ်မှာနေတယ်သိသလား”

“အိမ်တော့ သေသေချာချာမသိဘူး၊ ဆိုင်းတန်းမှာနေတယ် ပြောတာပဲ”

“သူ့နာမည်ရင်းက မောင်ဘထွန်းမဟုတ်၊ မောင်သက်ညွန့် ဖြစ်ကြောင်း ဘယ်တော့မှသိသလဲ”

“နောက် ၄–၅–လနေမှ သိတယ်”

“ဦးဘသာ သေပြီးမှပေါ့ဟုတ်လား”

“ဟုတ်တယ်”

“ဦးဘသာသေတဲ့ညက ဘယ်သူများနဲ့တွေ့သလဲ”

“မောင်ဘထွန်း၊ မောင်လှအောင်၊ မောင်ဘချို”

“လှအောင်ကတော့ မယ်မင်းလူပဲလား”

“သည်လိုအကောင်မျိုးလား၊ အကွာကြီး”

“သည်ညက မယ်မင်းနဲ့ ဘယ်သူနဲ့လဲ၊ စကားပြောနေတာ မောင်ဘချိုလား၊ မောင်ဘထွန်းလား”

“မောင်ဘထွန်း”



http://myanmarpyithar.net

"မောင်ဘချိုကကော"

"မပြောတတ်ဘူး၊ မောင်ဘချိုတော့ သေနတ်လာပို့ပြီး ကျွန်မက ပြန်တော့ ဆိုတာနဲ့ ပြန်သွားသလား၊ အိမ်နားက ချောင်းနေသလားမသိဘူး"

"သေနတ် ထားခဲ့သလား"

"ထားခဲ့တယ်"

"သေနတ် ဘာလုပ်ဖို့ယူလာသလဲ"

"ကျွန်မအဖေက ကြည့်ချင်တယ်ဆိုလို့ ဝန်ထောက်မင်း သေနတ်ကို သူ ခိုးလာတယ်"

"သေနတ်က ယမ်းထိုးပြီးမဟုတ်လား"

"ယမ်းထိုးပြီးပြောတာပဲ"

"ဒါနဲ့ မောင်ဘထွန်းနဲ့စကားပြောနေပြီး ဘယ်လောက်ကြာတော့ ဦးဘသာ ပြန်လာလို့ မိသလဲ"

"မမိပါဘူး၊ သည်ညက ကျွန်မနဲ့ ဖေဖေနဲ့ တွေ့တောင် မတွေ့ဘူး၊ ဖေဖေသေမှ တွေ့ရတော့တယ်"

"စကားပြောနေကြတာက ဘယ်နေရာမှာလဲ"

"အိမ်နောက်ဖေးဝင်းထောင့်နားက ထိုင်ခုံကလေးပေါ်မှာ"

"ပြီးတော့ကော"

"စကားပြောပြီးတော့ မောင်ဘထွန်းလည်း နောက်ဖေး ဝင်းပေါက်က ထွက်ပြီး စက်ဘီးနဲ့ ပြန်သွားတယ်"

"သေနတ်သံကို မယ်မင်းကြားသလား"

"ကြားတယ်"

"ဒါနဲ့ မောင်ဘထွန်းက ဘာလဲ၊ သူမေ့နေလို့ ပြန်ပြီးယူတာ" ဟု ရှေ့နေ ကြီးက စမ်း၍မေးလိုက်လျှင်။

"သြော်ဟုတ်တယ်၊ သူ့လက်ကိုင်တုတ်ကလေးမေ့နေလို့ အိမ်ထဲပြန်ပြီး ယူတယ်တဲ့"

"ဦးဘသာကို မောင်ဘချိုသတ်တယ်လို့ သူက ပြောတယ် ပေါ့လေ၊ ယုံလောက်အောင်"

"သူပြောဖို့မလိုပါဘူး၊ ကျွန်မသိပြီးသားပဲ"

"သြော်–သြော် မောင်ဘချိုသတ်တာ သူကိုယ်တိုင်မြင်တယ်လို့များ မပြော ဘူးလား"



http://myanmarpyithar.net

"တုတ်ယူရအောင် အိမ်ထဲပြန်သွားတော့ အိမ်ထဲကလူနှစ်ယောက် ရန်ဖြစ်နေတဲ့အသံကြားသတဲ့၊ ကြားပြီး သေနတ်သံကြားသတဲ့၊ ကျွန်မ သူ့လိုက်ပို့ပြီး ခတ်ရထားလမ်းနားက စောင့်နေတယ်၊ အိမ်ကပြန်လာတော့ သူပြောမှ ကျွန်မ သိတယ်"

"အိမ်က တုတ်ယူပြီး ပြန်လာတော့ သူက သည်လိုပြောတယ်ပေါ့လေ"

"ဟုတ်တယ်"

"အိမ်ထဲမှာ ဦးဘသာနဲ့ မောင်ဘချိုနဲ့ ရန်ဖြစ်နေတယ်၊ ရန်ဖြစ်ပြီး မောင်ဘချိုက ဦးဘသာကို သေနတ်နဲ့ပစ်သတ်တယ်၊ သည်လိုလား"

"ဟုတ်တယ်"

"ဟိုမှာကြည့်စမ်း၊ မောင်ဘထွန်းဆိုတာ ဟိုဟာပဲလား"

"ဟုတ်တယ်"

"ဦးဘသာ သေပြီးတဲ့နောက် မယ်မင်း ရန်ကုန်ခဏသွားလည်တယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ သည်က ဆရာမကြီးနဲ့ မတည့်လို့ ရန်ကုန်ဆေးရုံမှာ လျှောက်ယူတယ်"

"ရန်ကုန်မှာနေတော့လည်း မောင်ဘထွန်းက အိမ်ကိုလာ လည်တယ် မဟုတ်လား"

"ဟုတ်တယ်"

"သည်တော့ကော သူ့နာမည် မောင်သက်ညွန့်မှန်းသိပြီလား"

"သိပြီ"

"ဘာပြုလို့ နာမည်ကို ပြောင်းတယ်တဲ့လဲ"

"အိမ်က လူကြီးတွေနဲ့ စိတ်ဆိုးပြီး မန္တလေးကို ထွက်ပြေးလာတော့ လိုက်ရှာမှာစိုးလို့ နာမည်ပြောင်းတယ်လို့ ပြောတယ်"

"ဒါပဲ၊ တော်ပြီ သွားပေတော့"

၎င်းနောက် မောင်ဘချိုကို သွင်းလေလျှင် ပုလိပ်သားနှစ်ယောက်တို့သည် ၎င်း၏နောက်မှ အမှတ်မဲ့ရပ်လျက်နေလေ၏။

"မောင်မင့်နာမည်"

"မောင်ဘချို"

"ဝန်ထောက်မင်း ဦးကျော်မင်း သား"

"မှန်ပါ"



http://myanmarpyithar.net

"တရားခံကိုကြည့်စမ်း၊ သိသလား မောင်မင်း သူ့ကို"

"သိပါသည်"

"ဦးဘသာ သေတဲ့ညကအကြောင်းကို မင်းသိသလောက် ပြောစမ်း"

"သည်ညနေက မအေးမြင့်နဲ့ အချိန်းအချက်ရှိလို့ ကျွန်တော် သူတို့အိမ်သွားရော..."

"တိတ်တိတ်သွားသလား"

"ဟုတ်တယ်၊ ကျွန်တော့်ဖေဖေမသိအောင် ကျွန်တော်တိတ်တိတ်သွားတယ်၊ သွားတော့ ဖေဖေက ဟဲ့အကောင် ဘယ်သွားမလို့တုန်းမေးတော့ ကျွန်တော်က ဖေဖေ့ကြောက်လို့ လိမ်ပြီး လှအောင်နဲ့ အလည်သွားမယ်လို့ ပြောလိုက်မိတယ်"

"သွားတော့ မအေးမြင့်တို့ အိမ်သွားတယ်ပေါ့လေ"

"ဟုတ်တယ်"

"ပြောပါဦး"

"အိမ်ရောက်တော့ မအေးမြင့်က မောင်ဘထွန်းရှိနေလို့ ကျွန်တော့်ကို လက်မခံဘူး၊ နောက်တစ်ညမှလာပါ၊ သည်ကနေ့ည ပြန်ပါဦးတဲ့ပြောလို့ ကျွန်တော် လည်း သူ့ဖေဖေပြဖို့ယူလာတဲ့ သေနတ်ကိုပေးထားခဲ့ပြီး ထွက်လာခဲ့တယ်"

"မောင်မင်းနဲ့ မအေးမြင့်နဲ့က ဘယ်လိုလဲ"

"ကျွန်တော်ကတော့ ရိုးရိုးသားသားပဲ စုံမက်လို့ကြံစည်တာပဲ၊ သူ့ကိုလည်း ကျွန်တော်ပြောပြပါတယ်၊ ဖေဖေတို့ မေမေတို့ကတော့ သဘောမတူပေဘူး၊ သို့သော်လည်း ကိုယ့်ကိုယ်ကို ပိုင်တဲ့အခါကျတော့မှ တောင်းရမ်းပြီး ယူမယ်လို့ပြောပြီး စောင့်ပါဦးခိုင်းပါတယ်"

"သည်ညကအကြောင်း ပြောစမ်းပါဦး"

"ဒါနဲ့ မအေးမြင့်က ပြန်ပါဦးဆိုလို့ သေနတ်ပေးပြန်လာပြီး ခပ်လှမ်းလှမ်းက ချောင်းနေလို့ နာရီတစ်ဝက်လောက်ကြာတော့ မအေးမြင့်တို့အိမ်ဆီက သေနတ်သံ ကြားတယ်၊ သေနတ်သံလည်းကြားရော လှအောင်လည်း အိမ်ဆီကို ပြေးသွားတာ ကျွန်တော် မြင်လိုက်ရတယ်၊ သည်သေနတ်သံနဲ့ပဲ ဦးဘသာသေပါတယ်"

"လှအောင်များ ပစ်နိုင်သလား သည်သေနတ်ကို"

"လှအောင်တော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး၊ သူနဲ့ သည်အိမ်နဲ့ အဝေးကြီးပဲ၊ အသံကြားတော့မှ သူပြေးသွားတာ ကျွန်တော် မြင်လိုက်ပါတယ်၊ လှအောင်လည်း ပြေးသွားလို့ ခဏနေရော မောင်ဘထွန်းဆိုတဲ့လူလည်း မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနဲ့ ကျွန်တော့် အနားကဖြတ်ပြီး စက်ဘီးနဲ့

စီးထွက်သွားတာ ကျွန်တော် မြင်လိုက်ရတယ်"

"မင်း သူ့နောက်လိုက်သေးသလား"

"မလိုက်ဘူး၊ ဒါနဲ့ ကျွန်တော်က ဘယ်အကြောင်းပါလိမ့်မယ်လို့ မအေးမြင့်တို့အိမ် သွားမေးမယ်လို့ အိမ်ထဲလည်း ဝင်လိုက်ရော ဦးဘသာအလောင်းလည်း ကျွန်တော်မြင်ရော၊ အနားကလည်း ကျွန်တော့်သေနတ်ကချလို့" ဟု အစစ်ခံသောအခါ။

နားထောင်လာသူ ပရိသတ်တို့သည် ဟုတ်တန်ရာ မဟုတ်တန်ရာ စသည်ဖြင့် ဆင်ခြင်၍ တီးတိုးစကားပြောကြလေ၏။ ထို့နောက် ရှေ့နေကြီးက...။

"အိမ်ထဲမှာ ဘယ်သူမှမရှိဘူးလား"

"တစ်ယောက်မှမရှိဘူး၊ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်သေနတ်တွေ့မှာစိုးလို့ ယူပြီးပြေးမယ်လို့အလုပ် တစ်ယောက်က ကျွန်တော့်နာမည်ကို ခေါ်လိုက်လို့ လန့်ပြီး သေနတ်ကိုပြန်ချပစ်ခဲ့ပြီး ထွက်ပြေးခဲ့တယ်"

"ဘာပြုလို့ မောင်မင်း သည်လိုလုပ်ရသလဲ"

"ဘာပြုလို့လဲ ကျွန်တော် ကောင်းကောင်းမပြောတတ်ဘူး၊ ကြောက်လွန်းလို့ လုပ်မိတာပဲ၊ အလောင်းနားမှာ ကျွန်တော့်သေနတ်ကိုတွေ့ရင် ကျွန်တော်သတ်တယ် ထင်မှာစိုးလို့ ယူပြေးမယ်လို့အလုပ်မှာ တစ်ယောက်က ခေါ်သံကြားတော့လည်း ကြောက်အားကြီးလို့ ပြန်ချခဲ့မိတာပဲ၊ ကျွန်တော် ကြောက်တတ်အားကြီးတဲ့အတွက် သည်လို စွပ်စွဲခြင်းခံရတာပဲ"

"အင်း ပြောပါဦးရှေ့ကို"

"ဒါနဲ့ ကျွန်တော် ပြေးသွားလို့ တော်တော်ရောက်တော့ လှအောင်နဲ့တွေ့ရော၊ တွေ့တော့ ကျွန်တော်က သူ သေနတ်သံကြားကြားချင်း အိမ်ဆီသို့ ပြေးသွားတာ မြင်လိုက်လို့ မောင်ဘထွန်းကို သူလည်းမြင်လိုက်မယ်မှတ်လို့ မေးကြည့်တော့ သူက မမြင်ဘူးတဲ့ ပြောတယ်၊ ကျွန်တော် သူ့ယုံတာနဲ့ ထပ်မမေးဘူး သွားရော"

"တစ်ခါတည်း ထွက်ပြေးသလား"

"မပြေးသေးဘူး၊ ကျွန်တော့်ကို စွပ်စွဲလိမ့်မယ်ထင်တာနဲ့ ရှောင်နေပြီး သတင်းနားထောင်တော့ ကျွန်တော်သတ်ကြောင်း အားလုံးက သဘောရတယ် ကြားတော့မှ ကျွန်တော်လည်း အဝေးထွက်ပြေးတယ်"

"သည်ဟာ မောင်းမင်းသိတဲ့အတိုင်း အမှန်ပဲလား"

"အမှန်ပါပဲ" ဟု ပြောလျှင် မောင်သက်ညွန့်၏ဘက်မှ ရှေ့နေတို့သည် အနည်းနည်း ကြံဖန်ဖောက်ထွင်း၍မေးကြလေ၏။ သို့ပါသော်လည်း မောင်ဘချိုမှာ



http://myanmarpyithar.net

ပထမထွက်သည့်စကားနှင့် ညီညွတ်အောင်သာလျှင် ထွက်ဆိုလေ၏။

ငင်းနောက် မအေးမြင့်ကို ပြန်ခေါ်၍ သက်သေခန်းသို့ သွင်းပြီးလျှင်။

"မောင်ဘချိုနဲ့ တွေ့ရအောင်ချိန်းပြီးမှ သူလာတော့ ဘာပြုလို့ ပြန်လွှတ်လိုက်ရသလဲ"

"လွှတ်ချင်လို့"

"ဘာပြုလို့လွှတ်ချင်ရသလဲ၊ လူကြီးများကိုပြောပါ"

"မောင်သက်ညွန့်ရှိလို့ သူတို့နှစ်ယောက်ဆုံမိကြရင် ရန်ဖြစ်မှာစိုးလို့"

"သေနတ်က ဘာလုပ်ယူခဲ့တယ်"

"ကျွန်မ ဖေဖေက ကြည့်ချင်တယ်ဆိုလို့"

"သေနတ်ရတော့ ဘယ်နေရာမှာ ထားသလဲ"

"စားပွဲပေါ်မှာ တင်ထားတယ်"

"တင်ထားပြီးတဲ့နောက် မယ်မင်းကိုင်မိသလား၊ သို့မဟုတ် တရားခံကိုင်မိသလား"

"ကျွန်မလည်း မကိုင်ဘူး၊ သူကိုင်တာလည်း မမြင်ဘူး"

"တော်ပြီ သွားတော့၊ မောင်လှအောင်သွင်း"

မောင်လှအောင် သက်သေခန်းသို့ ဝင်လာလျှင်။

"မင့်နာမည်"

"မောင်လှအောင်"

"မင်းသိသလောက်ပြောစမ်း"

"ဦးဘသာသေတဲ့ညနေက မောင်ဘချိုက မအေးမြင့်တို့အိမ်နားမှာ လျှောက်သွားတာ ကျွန်တော်တွေ့လိုက်တယ်"

"သူက မင့်ကို မြင်သလား"

"သူက မမြင်ဘူး ကျွန်တော်ကသာ မြင်တယ်၊ အိမ်နားရောက်တော့ မအေးမြင့်က အိမ်ထဲက ကပျာကယာထွက်လာပြီး ဘာပြောလိုက်တယ်မဆိုနိုင်ဘူး၊ အိတ်ထဲက ပစ္စည်းကလေးတစ်ခု ထုတ်ပေးပြီး လှည့်ပြန်သွားတာမြင်လိုက်ရတယ်၊ နောက် တော်တော်ကလေးကြာတော့ မောင်ဘချိုက မှောင်ရိပ်အောက် ဘာလုပ်နေတယ် မဆိုနိုင်ဘူး၊ လှုပ်လှုပ်လှုပ်လှုပ်နဲ့မြင်ရတော့ ဘာများလုပ်နေပါလိမ့်မယ်လို့ စဉ်းစားနေတုန်း သေနတ်သံကြားလို့ အိမ်ဆီပြေးသွားတော့..."

"နေဦး နေဦး၊ သည်သေနတ်သံဟာ မောင်ဘချိုပစ်တဲ့ သေနတ်သံ ဖြစ်နိုင်မလား"



http://myanmarpyithar.net

"မဖြစ်နိုင်ပါဘူး၊ သူက မအေးမြင့်တို့အိမ်နဲ့ တော်တော်ပဲဝေးတယ်"

"ပြောပါဦး၊ ပြီးတော့ကော"

"ဒါနဲ့ ကျွန်တော်လည်း မအေးမြင့်အိမ်ဆီ ပြေးသွားတော့ လမ်းမှာ မောင်ဘထွန်းနဲ့တွေ့တယ်၊ သူကလည်း ပြူးတူးပြဲတဲနဲ့ စက်ဘီးကို အတင်းစီး သွားတော့ ကျွန်တော်က ဘီးဖင်ထိုင်ခုံဖမ်းဆွဲပြီး ဘယ့်နှယ်အကြောင်း ခုတင်က သေနတ်သံ ခင်ဗျားပစ်သလား မေးတော့ သူက..."

"နေပါဦး၊ ဘာပြုလို့ မင်းက သူ့ကို ထင်ရလဲ"

"သူ့မျက်နှာထားကြည့်ရတာက အင်မတန်ထိတ်လန့်တဲ့ လက္ခဏာရှိလို့ တစ်စုံတစ်ခုဖြစ်ခဲ့ပြီဟု ကျွန်တော်ထင်လို့မေးတာပဲ၊ ဒါနဲ့ ကျွန်တော်က စက်ဘီးကို ဆီးပြီးဖမ်းလိုက်တော့ သူက သာပြီးကြောက်သွားသေးတယ်၊ သည်တော့ သူကလည်း အတင်းရုန်း ကျွန်တော်ကလည်း အတင်းဆွဲထားလို့ သူ မရုန်းနိုင်တော့မှ စက်ဘီးပေါ်ကဆင်းပြီး "မပြောလိုက်ပါနဲ့ကွယ် မင့်ကျေးဇူး ငါသိပါတယ်၊ ငါ့ကို သိပ်ကြိမ်းလို့ စိတ်ဆိုးလို့ လုပ်မိတယ်၊ ရော့ သည်ဟာ ယူပါ"လို့ ပြောကာ ကျွန်တော့်လက်ထဲ ၁ဝ တန် စက္ကူ ၅ ချပ်ကို ထည့်ပြီး "မင်းပြောလို့လည်း အကျိုးမရှိပါဘူးကွယ် မပြောပါနဲ့၊ ငါလည်း ဒေါသအလျောက် လုပ်မိတာပဲ၊ တိတ်တိတ်သာနေပါ" လို့ပြောတော့ ကျွန်တော်ကလည်း ဘယ်သူဘာဖြစ်မှန်းလဲ မသိသေးလို့ တိတ်တိတ်နေပါမယ်လို့ ဝန်ခံလိုက်မိတယ်"

"မင်းစိတ်ထဲမှာတော့ သည်တုန်းက သူဘာလုပ်လာတယ် ထင်သလဲ"

"ဘယ့်နှယ်မှ ကျွန်တော်မထင်တတ်ဘူး၊ ထင်တတ်စရာ အချိန်လည်းမရှိ စက္ကူပေးပြီး မပြောပါနဲ့ဆိုလို့မပြောဘူး ပြောလိုက် ရတာပဲ၊ ဒါနဲ့ ကျွန်တော် သူ့ကိုလွှတ်လိုက်တော့ သူလည်း စက်ဘီးအတင်းစီးပြီး အနောက်ထဲ ပြေးတာပဲ၊ ကျွန်တော်လည်း သူ့ငေးကြည့်နေတုန်း ခြေသံကြားလို့ အသာမှောင်ရိပ်ခိုနေတော့ မောင်ဘချိုက ကျွန်တော့်အနားကပ်ပြီး မအေးမြင့်အိမ်ဆီသွားတာ မြင်လိုက်ရတယ်၊ နောက် ခဏနေတော့ သူပြန်လာပြီး ကျွန်တော့်ကိုမြင်တော့ ကျွန်တော့်ကို သူက "ဟိုခွေးမသား မမြင်လိုက်ဘူးလား" တဲ့ "ဘယ်ခွေးမသားလဲ" ဆိုတော့ "ဘထွန်း" လေတဲ့၊ "ဘယ်က ဘထွန်းလဲ" လို့ ကျွန်တော်က ပြန်မေးတော့ သူလည်း ကျွန်တော်မမြင်လိုက်ဘူးမှတ်လို့ ထွက်သွားရော"

"ငွေ ၅ဝ ကလေးရတာနဲ့ သက်သက် လူတစ်ဖက်သား သတ်လည်း မသတ်ရဘဲနဲ့ ဒုက္ခရောက်နေရှာတာ မောင်မင်း ကြည့်နေတယ်ပေါ့လေ"

"ကျွန်တော် သည်ငွေယူမိပါတယ်၊ ယူမိတဲ့အတွက် တစ်ရက်မှ စိတ်မ



http://myanmarpyithar.net

ချမ်းသာရပါဘူးခင်ဗျာ၊ ယူတုန်းကလည်း သည်လို သေသေချာချာသိရရင် ကျွန်တော် ဘယ်နည်းနဲ့မှ မယူပါဘူး၊ ငွေယူမိပြီးမှ သည်လိုအကြောင်း သိရတော့ ကိုဘချိုအတွက် ကျွန်တော် အပုံကြီး ဝမ်းနည်းပြီး တစ်နေ့မှ စိတ်မချမ်းသာရပါဘူး၊ သို့သော်လည်း တစ်ခုတော့ရှိပါတယ်၊ ကိုဘချိုကို ဖမ်းလို့မမိလို့သာ ကျွန်တော်လည်း တိတ်တိတ်ကလေးနေမိပါတယ်၊ ဖမ်းလို့မိတဲ့တစ်နေ့ကျတော့ ကျွန်တော်မနေပါဘူး၊ ထုတ်ဖော်ပြောမှာပါပဲ" ဟု အစစ်ခံလေ၏။

မောင်သက်ညွှန့်ဘက်မှ ရှေ့နေတို့လည်း မောင်လှအောင်ကို စစ်ဆေးမေးမြန်းကြရာ မောင်လှအောင်လည်း တိမ်းစောင်းခြင်းမရှိဘဲ အထက်က ထွက်ဆိုခဲ့သည့်အတိုင်း သွက်လက်စွာ ထွက်ဆိုလေ၏။ ထို့နောက် တရားသူကြီးက ရှေ့နေတို့စစ်ဆေး၍ပြီးလျှင် မောင်လှအောင်အား "မောင်မင်း ထွက်ဆိုသည့်အတိုင်း မောင်ဘချိုမသတ်ကြောင်း မောင်မင်းသိတာ ကြလှပြီပေါ့လေ" ဟု မေးလေလျှင်။

"မှန်ပါ ကျွန်တော်မျိုး ပြောခဲ့သည့်အတိုင်း ဤကဲ့သို့ လျှို့ဝှက်မိသည့်အတွက် အလွန်တရာ ဝမ်းနည်းပါကြောင်းဘုရား" ဟု အစစ်ခံလေ၏။

တရားလိုဘက်မှ နောက်ထပ်မံ၍ သွင်းရန် သက်သေမရှိသဖြင့် ပြီးကြောင်းပြောလျှင် မောင်သက်ညွှန့်ဘက်မှ ခေါင်းဆောင် ရှေ့နေကြီးသည် ထပြီးလျှင် တရားလိုဘက်မှ ထွက်ဆိုကြသည့် သက်သေထွက်ချက်တို့ကို ကြားသိရ၍ နှိုင်းချင့်စဉ်းစားခဲ့ပါမူ မောင်သက်ညွှန့်သည် ဦးဘသာကို အမှန်သတ်သည်ဟု ယုံကြည်နိုင်ဖွယ်ရာမရှိသေး၊ တစ်စုံတစ်ယောက်သော သက်သေကမျှ မောင်သက်ညွှန့်သတ်သည်ကို မျက်စိနှင့်မြင်သည်ဟု ထွက်ဆိုနိုင်သည် မဟုတ်သေးချေ။ ထို့ပြင် သေနတ်သည် စားပွဲပေါ်တွင် တင်၍ထားသည် ဖြစ်သောကြောင့် ဦးဘသာ ပြန်လာသောအခါ ယူ၍ကြည့်မိပါလျှင် ယမ်းထိုးပြီးဖြစ်၍ မတော်တဆ ထွက်၍ သွားနိုင်ဖွယ်ရှိကြောင်း စီရင်ချက်ချရာ၌ ၎င်းအချက်ကို စဉ်းစားရန်ကောင်းကြောင်း။ တရားခံဘက်မှလည်း သက်သေ တင်၍ပြရန် မလိုကြောင်းကို ဥပဒေပုဒ်မများစွာတို့ကို ထုတ်၍လည်း ဆိုလေ၏။ တရားလို တရားခံနှစ်ဖက်လုံးမှ ပြောရန်ရှိသမျှကို ပြောဆို၍ပြီးကြလျှင် တရားသူကြီးသည် ထ၍သက်သေထွက်ချက်တို့ကို အကျဉ်းအားဖြင့် ထုတ်ဖော်ပြောဆိုပြီးလျှင် မောင်လှအောင်ကို ပြစ်တင်စကားပြော၍ မောင်ဘချိုကိုလည်း သနားဖို့ကောင်းကြောင်းများကို ပြောပြီးသောအခါ ဂျူရီလူကြီး များတို့သည် စဉ်းစားခန်းသို့ ဝင်ကြလေ၏။

နာရီတစ်ဝက်ခန့်ရှိ၍ တရားသူကြီးသည် လက်ဖက်ရည်သောက်ရာမှ ပြန်လာလျှင် ဂျူရီလူကြီးတို့လည်း စဉ်းစားခန်းမှ ထွက်လာကြလေ၏။

မောင်သက်ညွန့်လည်း လူကြီးတို့၏မျက်နှာကဲကိုခတ်လျက် သွေးဆုတ်၍ ဖြူဖပ်ဖြူရော်ရှိသော မျက်နှာဖြင့်နေလေ၏။ ပရိသတ်တို့လည်း မည်သို့ ထွက်ဆိုမည်ကို ကြားလိုလှသဖြင့် ခြေဖျားထောက်၍ နားစွင့်လျက်ရှိကြလေ၏။ တရားသူကြီးလည်း ထိုင်ရာမှထ၍ လူကြီးတို့အား "တရားခံသည် အပြစ်ရှိမရှိ" မေးရာ ခေါင်းဆောင်ဖြစ်သူလူကြီးက "တရားခံသည် အပြစ်ရှိကြောင်း" ထွက်ဆိုလျှင် မောင်သက်ညွန့်သည် ရုတ်တရက် မျက်နှာမည်း၍သွားလေကြောင်း။ ထို့နောက် လူကြီးမင်းက "တရားသူကြီးအား မောင်သက်ညွန့်သည် ဦးဘသာကို သတ်သည်မှန်သော်လည်း ဒေါသအလျောက် စိတ်ကို မချုပ်တီးနိုင်၍ဖြစ်ရသည့် အမှုဖြစ်ဟန်လက္ခဏာရှိ၍ သေစားသေစေရန် အမိန့်ကိုမချရန် တောင်းပန်ကြလေ၏။

တရားသူကြီးလည်း အတန်ငယ် စဉ်းစားပြီးနောက် တရားခံကို နာမည်ခေါ်ပြီးလျှင် "မောင်မင်းကို သေစားသေစေရန် စီရင်ချက် မချထိုက်ကြောင်း ထောက်ခံပြောဆိုရန် ရှိသေးသလော" မေးရာ မောင်သက်ညွန့်သည် မျက်နှာငယ်နှင့် တရားသူကြီးဘက်သို့လှည့်၍ "ဘုရားကျွန်တော်မှာ ပြောရန်အချက်များစွာ မရှိပါ၊ ဂျူရီလူကြီးတို့ ထင်မြင်ချက်အတိုင်း ဘုရားကျွန်တော်သည် ဦးဘသာကို သတ်မိသည်မှန်ပါ၏၊ သို့သော် ဤသို့သတ်ရခြင်းမှာ ဒေါသအလျောက် မတော်တဆပြုမိသည်ဖြစ်ပါကြောင်း၊ ဘုရားကျွန်တော်၏တုတ်ကို မေ့နေ၍ပြန်ယူရန် အိမ်သို့လာသောအခါ ဘုရားကျွန်တော်သည် ဦးဘသာကို သတ်မည်ဟု အနည်းငယ်မျှ မကြံရွယ်မိပါ၊ တုတ်ကိုယူမည်ဟု အိမ်တွင်းသို့အဝင်တွင် ဦးဘသာနှင့်တွေ့၍ ဘုရားကျွန်တော်ကို ရိုက်မောင်းပုတ်မောင်း ကြိမ်းဝါးသည့်အတွက် အမျက်ထွက်၍ ပြုမိပြုရာ ပြုမိပါကြောင်း" နှင့် ဖြောင့်ချက်ပေးလေ၏။

တရားသူကြီးလည်း ဦးထုပ်အနက်ကိုယူ၍ ဆောင်းပြီးလျှင် "တရားခံမောင်သက်ညွန့်၊ မောင်မင်းသည် သေလွန်သူ ဦးဘသာကို သတ်ကြောင်း ထင်ရှားလေပြီ၊ ဂျူရီလူကြီးများကလည်း အပြစ်ရှိကြောင်းကို ထွက်ဆိုကြရာ ကျွန်ုပ်လည်း သဘောတူသည်မှန်၏။ ဤကဲ့သို့ ပြုကျင့်ခြင်းသည် အလွန်တရာရက်စက်မိုက်မဲသော ပြုမူခြင်းဖြစ်သည်မှန်၏၊ ဦးဘသာသည် မောင်မင်းစိတ်ဆိုးစေရန် စကားနှင့်ပြောဆိုမည်ကို ကျွန်ုပ်ယုံကြည်၏။ သို့သော် ဤမျှလောက်နှင့် ဤအဘိုးကြီးအား သေနတ်နှင့်ပစ်သတ်ခြင်းသည် ဒေါသအလျောက် ဖြစ်သည်ဟု မဆိုသာ။ စကားဖြင့်ပြောဆိုရုံမျှနှင့် သေနတ်နှင့် ပစ်သတ်လောက်အောင် စိတ်ဆိုးသည်ကို ကျွန်ုပ်ကိုယ်တိုင်လည်း မတွေ့ဖူးမကြားဖူးသေး၊ မောင်မင်း၏ရှေ့နေက မောင်မင်းသည် ဂုဏ်အသရေရှိ လူကြီးလူကောင်းသားတစ်ဦးတစ်ယောက် ဖြစ်သည့်အတွက်



http://myanmarpyithar.net

ထောက်ထားညှာတာသင့်သည်ဟု ပြောဆိုသည်မှာ အလွန်တရာ အံ့ဩဖွယ်ကောင်းလေသည်။ ကျွန်ုပ်၏ထင်မြင်ချက်မှာ ဂုဏ်အသရေ ဉာဏ်ပညာမှစ၍ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသူတစ်ယောက်သည် ဥပဒေတစ်စုံတစ်ခုကို ကျူးလွန်သည့်အခါ ပညာမရှိ ဥစ္စာမရှိသူ ဆင်းရဲသားတစ်ယောက်ထက်ပင် သာလွန်၍ ဆုံးမကွပ်ညှပ်ထိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် ပညာဉာဏ်မရှိသူ ဆင်းရဲသားမှာ အမိအဖဆရာသမားတို့ ဆုံးမပဲ့ပြင်ခြင်းကို မခံခဲ့ရသည့်အတွက် အမှားကိုပြုမိလျှင်သည်းခံနိုင်ရန်ရှိလေသေး၏။ မောင်မင်းမှာမူ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံသူတစ်ယောက်၏သားသမီး ဖြစ်သည်နှင့်လျော်ညီစွာ အင်္ဂလိပ်ပညာတို့ကို သင်ကြားခဲ့ရသည့်ပြင် လူကြီးလူကောင်းတို့နှင့်လည်း ပေါင်းသင်းခဲ့ရသည်ဖြစ်၍ ထောက်ထားညှာတာရန် အချက်ကို ကျွန်ုပ်ကြည့်၍မမြင်။ ထို့ပြင်လည်း မောင်မင်းသည်ဆရာမ အေးမြင့်ကလေးကို ဖျက်လိုဖျက်ဆီး ကြံစည်ပြီးလျှင် ၎င်း၏ အဖကိုသတ်ပြီးသည်နောက် မိန်းကလေးကို လှည့်ဖြားပြောဆို၍ ရန်ကုန်သို့ ခေါ်သွားပြန်ခြင်းသည်ယခုအမှုနှင့် မသက်ဆိုင်သော်လည်း မောင်မင်းအား သနားမည့်အတွက်ကိုမသနားနိုင်အောင် ဖြစ်လေတော့သည်။ သို့ဖြစ်၍ ဂျူရီလူကြီးမင်းတို့သည်မောင်မင်း၏အသက်ကို ချမ်းသာပေးရန် တောင်းပန်ကြသော်လည်း ကျွန်ုပ်သည်ချမ်းသာပေးရန်အချက်ကို ကြည့်၍မမြင်သောကြောင့် ဦးဘသာ၏အသက်ကိုသတ်သည့်အတွက် မောင်မင်းကို သေစားသေရန် ကျွန်ုပ်စီရင်ချက် ချလိုက်သည်။

မောင်သက်ညွန့်လည်း စီရင်ချက်ချလိုက်သည်ကိုကြားလျှင် ဦးခေါင်းကိုအောက်သို့ချ၍ မျက်နှာပျက်လျက်ရှိနေစဉ် ပုလိပ်သား နှစ်ယောက်တို့သည်မောင်သက်ညွန့်ကို ထုတ်ပြီးလျှင် ထောင်ကြီးသို့ ခေါ်သွားကြလေ၏။ နားထောင်သူပရိသတ်တို့လည်း အချို့ကား မောင်သက်ညွန့်၏ အရည်အချင်းနှင့် အရွယ်ကလေးကိုနမြောလျက် ရှိကြလေ၏။ အချို့ကလည်း မိုက်စတုံးပြီဟု ပြောကြလျက် အသီးသီးပြန်ကြလေကုန်၏။

■



http://myanmarpyithar.net

## အခန်း (၃၁)

မောင်ထွန်းမြတ်၏သားအကြီး ခင်မောင်ကြီးမှာ အဆုတ်နာရောဂါ စွဲကပ်သဖြင့် တချောင်ချောင်ဖြစ်လျက်နေခဲ့ရာ ယခုမှာမူ အိပ်ရာမှ မထနိုင်ဘဲ လဲလျက်ရှိလေ၏။ မောင်ထွန်းမြတ်လည်း မိတဆိုးကလေးဖြစ်ရှာသည့်အတွက် အလွန်တရာ ပြုစုစောင့် ရှောက်လျက် မြန်မာဆေးဆရာ၊ အင်္ဂလိပ်ဆေးဆရာဝန်ကြီးမှစ၍ လိုလေသေးသည် မရှိစေရအောင် အနည်းနည်းဖြင့် ကုသပါသော်လည်း ရံဖန်ရံခါမျှ သက်သာလျက် ရောဂါသည် ယုတ်လျော့ခြင်းမရှိဘဲ တစ်နေ့တခြားတိုးလျက် ရှိလေရာ ငြိမ်းလုဆဲဆဲ ရှိသောမီးသည် မငြိမ်းမီ ရုတ်တရက် လင်း၍လာဘိသကဲ့သို့ ခင်မောင်ကြီးမှာလည်း သေလုဆဲဆဲရှိပြီဖြစ်၍ အနည်းငယ်ကြည်လင်လျက်ရှိနေစဉ် တစ်နေ့သ၌ ခင်စိန်ကြည် သည် ခုတင်အနီးတွင် ဒူးထောက်လျက် လက်ကလေးကို ကိုင်ပြီးလျှင် မျက်နှာကလေး ကို အကဲခတ်လျက်ရှိနေလေ၏။ ခင်မောင်ကြီးလည်း မျက်စိကို မှိတ်ထားရာမှ ဖွင့်ကြည့်ပြီးလျှင် "သူတို့လာလုပြီလား ဆရာမ"

"ဘယ်သူလဲ လူကလေးရယ်"

"ဖေဖေတို့ မေမေတို့၊ မမတို့ပေါ့" ဟု ပြောလေလျှင် ထိုအခါ ခင်စိန်ကြည် မှာ မိမိသည် မိခင်အရင်းဖြစ်၍ အနီးတွင်ရှိလျက် "အမေကျော် ဒွေးတော်လွမ်း" ဆိုသည့်စကားကဲ့သို့ မိဒွေးကို မိခင်ထက်ပင် လွမ်းချေပြီတကားဟု အသည်းနာလျက် "ဆရာမ အရှိသားပဲ လူကလေးရယ်၊ ဆရာမရှိတာ အားမရှိဘူးလား"

"ဆရာမလည်းရှိ ဖေဖေတို့ မေမေတို့လည်းရှိတော့ သာကောင်းတာပေါ့၊ ဒါနဲ့ ဆရာမ နတ်ပြည်ကျတော့ ကျွန်တော်တို့အမျိုးတွေ အကုန်မှတ်မိပါမလား"

"မှတ်မိတာပေါ့၊ ဘာပြုလို့လဲကလေးရယ်"

"အို–နတ်ပြည်ကျတော့ ကျွန်တော့်မေမေ တွေ့မလားလို့ပေါ့၊ ကျွန်တော်တို့ မေမေအရင်းလေ၊ မေမေက နတ်ပြည်ရောက်မှရောက်မယ်ဆရာမရဲ့၊ မေမေက



http://myanmarpyithar.net

အင်မတန်ဆိုးတယ်၊ ဖေဖေကိုတောင် ပစ်သွားလို့ ကောင်းတဲ့ဆီ ရောက်မှရောက်ပါ မလား၊ ကျွန်တော် နတ်ပြည်ရောက်တော့မှ မေမေ့တွေ့အောင် လိုက်ရှာဦးမယ်” ဟု ပြောလျှင် ခင်စိန်ကြည်လည်း မျက်နှာလွှဲလျက် မျက်ရည်တွေ အထွေထွေ စီးကျလေ၏။

ထို့နောက် ခင်မောင်ကြီးက “နတ်ပြည်များ တယ်လှတယ်ထင်ပါရဲ့၊ နတ်သမီးတွေကလည်း အင်မတန်လှတယ်ဆို ဟုတ်လား ဆရာမ၊ မေမေ့များ ကျွန်တော်ကတွေ့လို့ခါရင် မေမေက ကျွန်တော့် ချစ်မှာမဟုတ်ဘူးထင်ပါရဲ့ ဆရာမရယ်” ဟု ပြောပြန်လျှင် ခင်စိန်ကြည်သည် မချိမဆံ့ရင်တွင်း၌ အလုံးဆို့လျက်...“ချစ်မှာပေါ့ လူကလေးရယ်၊ ဘယ့်နှယ်ပြောပါလိမ့်” ဟုပြန်ပြောကာ မျက်နှာလွှဲလျက် ငိုပြန်လေ၏။

“မဟုတ်ဘူးဆရာမရဲ့၊ သည်မှာတုန်းကတောင် တယ်ပြီး မချစ်လို့ ပစ်သွားပြီဥစ္စာ၊ နတ်ပြည်ရောက်တော့ သူကမွေးတဲ့ နတ်ကလေးတွေ သူချစ်မှာပေါ့၊ ကျွန်တော်တို့ကို ဘာသတိရမလဲ”

“နတ်ဆိုတာ မွေးရတာမဟုတ်ဘူးလူကလေးရဲ့၊ သူ့ဘာသာ တစ်ခါတည်း သွားပြီးဖြစ်တာ”

“ဟုတ်လား၊ ဒါဖြင့်ကောင်းတယ်၊ ကျွန်တော်သွားချင်လှပြီ၊ ဟိုကျတော့ ဆရာမတို့ဖို့ ကျွန်တော်နတ်သြဇာ လာပြီးပေးမယ်နော်၊ နတ်သြဇာဆိုတာ အင်မတန် ကောင်းတယ်တဲ့ဟုတ်လားဆရာမ” ဟုမေးပြန်လေ၏။ ထိုအခါ ခင်စိန်ကြည်သည် ပြန်၍မပြောနိုင်ဘဲ မျက်ရည်သုတ်လျက်နေသည်ကို မြင်လေလျှင်...“ဆရာမက ဘာပြုလို့ ငိုသလဲ ဆရာမရဲ့၊ ကျွန်တော်နဲ့ မခွဲချင်ဘူးလား၊ ကျွန်တော်က သွားနှင့်မယ်၊ ဆရာမတို့က နောက်တော့ လိုက်ခဲ့ကြမယ်မဟုတ်ဘူးလား၊ ကျွန်တော် တော့ သေမှာမကြောက်ပေါင်၊ သည်မှာနေရတာ မာလည်းမမာဘူး၊ ဟိုကျတော့ ကျွန်တော် ကောင်းကောင်းမာမှာပေါ့၊ ဖေဖေကပြောတယ်ဆရာမရဲ့၊ သူများအသက် သတ်ရင် အသက်တိုတယ်တဲ့၊ ကျွန်တော် ဟိုဘဝတုန်းက သူများအသက် သတ်ခဲ့ လို့ပေါ့နော်ဆရာမ၊ သည်ဘဝတော့ ကျွန်တော် ဘာကောင်မှ မသတ်ဘူး၊ ဖေဖေ ပြောထားလို့ ပုရွက်ဆိတ်ကိုက်တာတောင် ကျွန်တော် မသတ်ဘူး၊ ဟိုဘဝကျတော့ ကျွန်တော် အသက်ရှည်ရှည်ကြီး နေရမှာပေါ့နော် ဆရာမ၊ ဆရာမတို့ ဖေဖေတို့က ကျွန်တော့်နောက်မှလာတော့ ကျွန်တော်က နတ်ကြီး ဆရာမတို့က နတ်ကလေးတွေ ဖြစ်မှာပေါ့နော်...”

ဆရာမလည်း ကြာကြာမနေရပါဘူး ကလေးရယ်၊ ကလေးရှိရာ လိုက်ခဲ့



http://myanmarpyithar.net

မှာပေါ့”

“ဟုတ်လား၊ ဒါဖြင့် သာကောင်းတာပေါ့၊ ဆရာမသားကလေးတွေလည်း သွားကြပြီဆို၊ ကျွန်တော်တွေ့ရင် ပြောလိုက်မယ်နော်”ဟု ပြောလေ၏။ ခင်စိန်ကြည်မှာ မျက်ရည်ရွဲလျက်ရှိသော မျက်နှာဖြင့် ကြည့်လျက်နေလျှင်...

“ဒါနဲ့ဆရာမ မေမေ့မြင်ဖူးတယ်ဆို၊ ဘယ်လိုနေသလဲ ပြောစမ်းပါ၊ ကျွန်တော်က ကောင်းကောင်းမမှတ်မိလို့၊ ဘယ်သူနဲ့တူသလဲ”

“လူကလေးနဲ့ နည်းနည်းတူတယ်၊ မမကြီးနဲ့ သာတူတယ်”

“သူ လှသလား”

“လှတယ်”

“အောင်မယ် ဆရာမ၊ ကျွန်တော့်ကို ကိုင်စမ်းပါ၊ လက်ပေးစမ်းပါ၊ လက်ပေးစမ်းပါ၊ ကျွန်တော်ကျတော့မယ်”ဟုပြောပြီး ဆရာမလက်ကိုဖက်လျက် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက်ရှိနေလျှင် “ဘာဖြစ်သလဲလူကလေး၊ ဘာဖြစ်သလဲ၊ ဆရာမရှိတယ်လေ၊ မကျပါဘူး၊ ဆရာမဖက်ထားပါတယ်” ဟု ပြော၍ နဖူးမှ ဆီးကင်းခန့်မျှရှိသော ချွေးပေါက်တို့ကို သုတ်ပေးပြီးလျှင် မိနှစ်နှင့် မစောတို့ကိုခေါ်လိုက်ရာ မိနှစ်လည်း ခုတင်ခြေရင်းတွင်ရပ်လျက် မစောလည်း ခုတင်၏ အခြားဘက်၌ ဒူးထောက်လျက်နေကြလျှင် ခင်မောင်ကြီးသည် အိပ်ပျော်၍ သွားလေ၏။

မစောနှင့် ခင်စိန်ကြည်တို့လည်း ကလေး၏မျက်နှာကိုကြည့်လျက် အသက်ရှူသံကို နားစိုက်နေကြလျှင် မိနှစ်က ခင်စိန်ကြည် အနီးသို့လာ၍ “ကျွန်မဖြင့် သည်ကနေ့ ကိစ္စတုံးလိမ့်မယ်ထင်တယ်”

“မဟုတ်နိုင်ပါဘူးအေ၊ ဆရာဝန်ကြီးကတောင် မနက်က ပြောသွားသားပဲ၊ ၄–၅–၁၀ ရက်လောက်တော့ ခံဦးမယ်ပြောသွားတာပဲ”

“အလကားပြောတာ ဆရာမရဲ့၊ မနက်ကရုပ်နဲ့ အခုရုပ်နဲ့ တူသေးသလား ကြည့်ပါဦး၊ နားရွက်တွေတောင်လန်ကုန်ပြီ၊ ကျွန်မဖြင့် နေ့ကူးမယ်မထင်ပါဘူး” ဟု မိနှစ်ကပြောပြီး ထွက်သွားလေ၏။

ခင်စိန်ကြည်မှာ အမိဖြစ်သော်လည်း အမိကဲ့သို့ သားမမာသည်ကို မကြည့်မရှု ရလေခြင်းဟု တွေးတောအောက်မေ့ကာ ဝမ်းနည်းခြင်းမက ဝမ်းနည်းပြီး မျက်ရည် စက်လက်နှင့် သား၏အနားမှ ဘယ်ကိုမျှမသွားဘဲ နေရစ်ရှာလေ၏။

ညနေ ၅ နာရီခွဲခန့်ရှိလျှင် မောင်ထွန်းမြတ်လည်း ရုံးမှပြန်လာ၍ အဝတ်မလဲသေးဘဲ ခင်မောင်ကြီး၏အခန်းတွင်းသို့ ဝင်လာလျှင် ခင်မောင်ကြီးသည်



http://myanmarpyithar.net

ဖခင်၏အသံကိုကြားသဖြင့် မျက်စိကိုဖွင့် ကြည့်၍ "ဖေဖေ" ဟု ခေါ်လိုက်လေ၏။ မောင်ထွန်းမြတ်က "ဗျား လူကလေး ဘယ့်နှယ်နေသလဲ" ဟု မေး၍ သား၏နဖူး လက်တို့ကို စမ်းသပ်ပြီး ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်၍ ခင်စိန်ကြည်အား မိမိ၏အကလေးကို စောင့်ရှောက်သည့်အတွက် ကျေးဇူးတင်စကား ပြောလျက်ရှိစဉ်... "ဖေဖေ ကျွန်တော် နတ်ပြည်သွားတော့မယ်၊ နတ်ပြည်ရောက်တော့ ကျွန်တော် မေမေနဲ့တွေ့မှာပေါ့နော်၊ ဖေဖေရယ် မေမေ နတ်ပြည်မှာရှိတယ်မဟုတ်လား ဖေဖေရဲ့"

"ရှိမှာပေါ့ သားရယ်"

"ဆရာမကပြောတယ်ဖေဖေရဲ့၊ မေမေလည်း နတ်ပြည်ရောက်မှာပဲတဲ့၊ ကျွန်တော်တို့ကိုလည်း အဝေးကနေပြီး အပုံကြီးချစ်တယ်တဲ့၊ ဆရာမက မေမေနဲ့ တွေ့ဖူးတယ်ဖေဖေရဲ့ သိလား" ဟု ပြောလေ၏။ ထိုအခါ ခင်စိန်ကြည်သည် အလွန်တရာ တုန်လှုပ်လျက်ရှိနေစဉ်...။ မောင်ထွန်းမြတ်သည် ဆရာမရှိရာသို့ လှည့်၍ကြည့်လိုက်လေလျှင် ခင်စိန်ကြည်မှာ ထ၍သွားလိုသော်လည်း မသွားနိုင်သဖြင့် မျက်နှာပျက်လျက်ရှိနေလေ၏။ ထို့နောက် ခင်မောင်ကြီးက "မေမေကလေ ဖေဖေတို့ ကျွန်တော်တို့ကို အင်မတန် လွမ်းရှာသတဲ့ဖေဖေရဲ့၊ ကျွန်တော်တို့လွမ်းတာနဲ့ ရင်ကွဲနာနဲ့ သေရှာတယ်တဲ့" ဟု ပြောပြန်လျှင် မောင်ထွန်းမြတ်သည် ဆရာမဘက်သို့ လှည့်ပြီး "ဟုတ်လားဆရာမ၊ ဆရာမနဲ့ တွေ့ဖူးသလား" ဟု မေးလေ၏။ ထိုအခါ ခင်စိန်ကြည်သည် ရိပ်မိမည်စိုး၍... "ကလေးက မေးလွန်းလို့ စိတ်ကျေနပ်အောင် ကျွန်မက ကြံဖန်ပြောလိုက်ပါတယ်၊ မတွေ့ဖူးပါဘူး" ဟု လိမ်လည်၍ ပြောရလေ၏။ မောင်ထွန်းမြတ်လည်း ထိုင်ရာမှထ၍ ခင်စိန်ကြည်အနီးသို့ သွားပြီးလျှင် "ကလေးက သည်ကနေ့ အခါတိုင်းထက် မျက်နှာနည်းနည်း မကျ ဘူးလား ဆရာမ" ဟု တီးတိုးမေးရာ...။

"ဟုတ်တယ်ရှင်၊ ကျွန်မဖြင့် နေ့ကူးအောင်မှ ခံပါမလား မပြောတတ်ဘူး" ဟု မျက်နှာကို အောက်ချကာ ပြောလျှင် မောင်ထွန်းမြတ်လည်း ပြတင်းပေါက်တွင် မေးထောက်လျက် "တယ် နမြောဖို့ကောင်းတာပဲနော်" ဟု တုန်ရင်သောအသံဖြင့် ပြောကာ စဉ်းစားလျက်နေသည်အတွင်းတွင် အစေခံတစ်ယောက်သည် အခန်းတွင်းသို့ဝင်လာ၍ ထမင်းပြင်ပြီးကြောင်းကို မောင်ထွန်းမြတ်အား ပြောလေလျှင် မောင်ထွန်းမြတ်သည် ထမင်းမစားလိုဟု ၎င်းအား လက်ပြလိုက်လေ၏။ ၎င်းနောက် အနည်းငယ် မှောင်လာပြီဖြစ်၍ ဖယောင်းတိုင်တစ်တိုင်ကို ထွန်းပြီးလျှင် ခင်မောင်ကြီး၏မျက်နှာကို မောင်ထွန်းမြတ်သည် စေ့စေ့ကြည့်ပြန်ရာ ခင်မောင်ကြီး



http://myanmarpyithar.net

သည် အိပ်ရာပေါ်တွင် စောင်းလျက် မျက်စိကို မှိတ်၍အိပ်နေရာမှ မီးရောင်လင်းသဖြင့် မျက်စိကို ဖွင့်ကြည့်ပြီးလျှင်…"မလုပ်ပါနဲ့ ဖေဖေရယ်၊ ကျွန်တော်က မှောင်မှကြိုက်တယ်၊ မီးတိုင်ကြီးယူသွားပါ" ဟု ပြောရာ "ခဏကလေးပါသားရယ်၊ သားမျက်နှာ ဖေဖေကြည့်စမ်းပါရစေဦး" ဟု ပြေပြီး ကြည့်ပြန်လေလျှင် ရောဂါထနေသော ခင်မောင်ကြီးမှာ အချိန်နီးရာပြီဖြစ်၍ နားရွက်လန်ခြင်း၊ အသက်ရှူပြင်းခြင်း စသော ချွတ်ယွင်းခြင်းတို့ကို တွေ့မြင်ရလေ၏။

ထိုအခါ မောင်ထွန်းမြတ်သည် မီးတိုင်ကို ပြန်ထား၍ လက်ပိုက်ကာ စဉ်းစားနေစဉ် ခင်မောင်ကလေးနှင့် မမကြီးတို့သည် မဂျမ်းပုံအိမ်သို့ သွား၍လည်ရာမှ ပြန်လာကြပြီး အခန်းတွင်းသို့ဝင်လာ ကြလေလျှင်… ခင်မောင်ကြီးသည် ၎င်းတို့၏ အသံကိုကြား၍ "မမရေ ငါသွားတော့မယ်ဟေ့၊ ခင်မောင်ကလေး ငါ့ညီ ကိုကို သွားတော့မယ်နော်၊ မေမေ့ဆီကို ကိုကိုသွားတော့မယ်၊ ကဲ–ကိုကို့နမ်းလိုက်၊ အဲ မမကော အဲ မေမေ့ကို ငါပြောလိုက်မယ်နော်မမ၊ မင်းတို့လည်း နောက်တော့ လာခဲ့ကြနော်" ဟု ပြောလျှင် မမကြီးသည် ရှိုက်ကြီးငင်ကြီးနှင့် ငိုနေလေ၏။

ခင်မောင်ကလေးမှာမူ နားမလည်သဖြင့် ဖခင်မျက်နှာနှင့် အစ်ကိုမျက်နှာကို ကြည့်လျက်နေလျှင် ခင်စိန်ကြည်မှာ ၎င်းတို့ကို ကျောခိုင်းလျက် ပြတင်းပေါက် အနီးတွင် ရပ်၍ ရှိုက်မိမည်ကိုစိုးသောကြောင့် ပါးစပ်ကို လက်ကိုင်ပဝါဖြင့်ဆို့လျက် နေရရှာလေ၏။ မောင်ထွန်းမြတ်လည်း အကလေးနှစ်ယောက်ကို ချော့မော့၍ လွှတ်လိုက်ပြီးလျှင် ခင်မောင်ကြီး၏မျက်နှာအနီးတွင် မိမိ၏မျက်နှာကို ထားလျက် သားငယ်ကို စေ့စေ့ကြည့်နေလျှင် ခင်မောင်ကြီးက ဖခင်၏မျက်နှာကို လက်ဖြင့်စမ်း၍ "မငိုပါနဲ့ ဖေဖေရယ်၊ ကျွန်တော်က သေရမှာ မကြောက်ပါဘူး၊ နောက်တော့ တွေ့ဦးမှာပေါ့" ဟု ပြောလေသောအခါ မောင်ထွန်းမြတ်မှာ မျက်ရည် မဆည်နိုင်အောင်ရှိလေလျှင်…

"ဖေဖေတို့ လာခဲ့ကြနော်၊ မေမေ့ ကျွန်တော် ပြောလိုက်မယ်၊ မေမေကဖြင့် ကျွန်တော့် မျှော်လှရော့မယ်…နော်…ဖေဖေ" ဟု ပြောပြီး မောဟိုက်သည်နှင့် ဆိုင်းလျက်နေလေ၏။

ထိုအခါ မောင်ထွန်းမြတ်သည် နဖူးကလေးကို လက်ဖြင့်စမ်း၍ "ဘယ့်နှယ် နေသလဲ သားရယ်"

"ကျွန်တော် နည်းနည်းမောတယ်ဖေဖေရဲ့၊ အသက်လည်း မရှူနိုင်ဘူး၊ ကျွန်တော့်ပွေ့ထားပါလားဖေဖေရယ်၊ အဲ–သည်လို ဖေဖေ့အပေါ်မှာတော့ နည်းနည်းအမောသက်သာတယ်၊ မေမေကော မလာသေးဘူးလား"



http://myanmarpyithar.net

"လာလိမ့်မယ်သားရယ်၊ အခုပဲ လာလိမ့်မယ်၊ လူကလေး စကားမပြောနဲ့လေ မောလိမ့်မယ်"

"ဖေဖေ မီးခွက်ငြိမ်းသွားပြီလား၊ တစ်ခန်းလုံး မှောင်လို့ပါလား၊ ကျွန်တော် နည်းနည်းအိပ်ချင်တယ်ဖေဖေရယ်၊ အိပ်ဦးမယ်နော်၊ ဖေဖေ ကျွန်တော့်ကို အိပ်ရာပေါ် ချမသိပ်နဲ့...ဖေဖေ့အပေါ် အိပ်ချင်တယ်၊ ခင်မောင်လေးက ကျွန်တော့်ကို ယုန်ကလေး တစ်ကောင်လာပေးတယ်၊ ကြီးတော်ကလည်း ကျွန်တော့် စက်ဘီးကလေး ဝယ်ပေး မယ်တဲ့၊ စက်ဘီးရတော့...ဖေဖေ..." "ဘာလဲသားရယ်၊ လူကလေး လူကလေး ဘာဖြစ်သလဲ၊ ဆရာမလာပါဦး၊ ခင်မောင်ကြီး ..." ခင်စိန်ကြည်မှာ ခုတင်ခြေရင်းတွင် မျက်ရည်ကို အနိုင်နိုင်ချုပ်တည်း ထားကာ ရပ်လျက်ကြည့်နေရာမှ အနီးသို့လာပြီးလျှင် ခင်မောင်ကြီး၏ ရင်ကိုစမ်းကြည့်ရာ ခင်မောင်ကြီးမှာ ဘဝတစ်ပါးသို့ ပြောင်းသွားပြီ ဖြစ်ကြောင်းကို သိရလေ၏။

မောင်ထွန်းမြတ်လည်း အလောင်းကိုပွေ့လျက်ပင် ရှိသေးသဖြင့် အားရအောင် နမ်းရှုပ်ပြီးမှ အိပ်ရာပေါ်သို့ ဖြည်းညှင်းစွာချ၍ မျက်နှာကို သေချာစွာကြည့်ပြီးလျှင် မျက်စိကိုပွတ်လျက် အခန်းပြင်သို့ ထွက်သွားလေ၏။

မောင်ထွန်းမြတ် ထွက်သွားလျှင် ခင်စိန်ကြည်မှစိတ်ကို မချုပ်တီးနိုင် သည်နှင့် မိမိ၏ကိုယ်ကို အလောင်းပေါ်ကိုပစ်လှဲပြီးလျှင် အလောင်းကို ဖက်ယမ်း နမ်းရှုပ်လျက် ငိုကြွေးလေလျှင် မျက်မှန်လည်းကျွတ်လျက် ဆံပင်ဖားလျားနှင့်ရှိနေစဉ် မစောသည် အခန်းတွင်းသို့ ရုတ်တရက် ဝင်လာရာ ခင်စိန်ကြည်ကိုမြင်လျှင် အံ့အားသင့်သောအမူအရာနှင့် မျက်စိကို ပြူးတူးပြောင်တောင်နှင့် စိုက်ကြည့်ပြီး ခင်စိန်ကြည်ဖြစ်မှန်း ရိပ်မိသည်နှင့် အကလေး၏အလောင်းကို လုယူကာ "စိတ်ကို ချုပ်တီးမှပေါ့ မမလေးဘုရား" ဟု ပြောလေ၏။ ထိုအခါ ခင်စိန်ကြည်သည် မျက်ရည်စိုရွှဲလျက် အလောင်း လွှတ်လိုက်ပြီး မစောမျက်နှာကိုကြည့်လျက် အံ့အားသင့်နေလေ၏။

"ကိုကိုပြန်လာလိမ့်မယ် မမလေးဘုရာ့၊ သည်အခန်းမှာ မနေပါနဲ့ဘုရား၊ အကုန်သိကုန်ပါလိမ့်မယ်"

"ညည်း ငါ့ကို ဘယ့်နှယ်သိသလဲ"

"ဘုရားကျွန်မ ထင်နေတာကြာလှပြီဘုရား၊ အခုမှ မျက်မှန်မပါဘဲမြင်ရလို့ မမလေးအမှန်ပဲလို့ သိရပါတယ်"

"ကိုထွန်းမြတ်ကို မပြောလိုက်ပါနဲ့ မယ်စောရယ်၊ ငါသွားပါမယ်၊ ငါ မနေပါဘူးသည်အိမ်မှာ"



http://myanmarpyithar.net

"ကျွန်မတော့ စိုးရိမ်ဖို့မလိုပါဘူး မမလေးဘုရား၊ သို့သော် ကိုကိုတို့ မိမိရီတို့များသိရင် ခက်ကုန်လိမ့်မယ် မမလေးဘုရား၊ ဘယ့်နှယ်ကြောင့် သည် ပြန်လာသလဲမမလေးဘုရား၊ မမှတ်မိလောက်အောင် ရုပ်ရည်ပျက်ရတာ ဘယ့်နှယ် ကြောင့်လဲ"

"မမေးပါနဲ့တော့ ငါ့ဖြစ်ပုံကို၊ ကလေးတွေလွမ်းလွန်းလို့ ပြန်လာမိတယ်၊ ပြန်လာမိတဲ့အတွက် ဘယ်လောက်များ ဒုက္ခရောက်တယ်ဆိုတာ မပြောပါနဲ့တော့၊ ကလေးတွေကိုလည်း အမေရယ်လို့ မပြောဝံ့၊ ကိုယ့်လင်လည်း သူများလင်ဖြစ်နေတာ နေ့တိုင်းတွေ့ရမြင်ရ၊ ကိုယ့်အပြစ်နဲ့မို့သာကိုယ်ခံရ ဘယ်လောက်များ အခံရခက် တယ်ဆိုတာ ပြောလို့တောင် မပြနိုင်ပါဘူးမစောရယ်၊ ငါတော့ မြန်မြန်သေမှ အေးမှာပါပဲ၊ သေလည်းသေလုပါပြီ၊ ကြာကြာလည်းမနေရပါဘူး"ဟု ငိုကြွေးလျက် ပြောနေစဉ် မစောက "ဟော ကိုကိုပြန်လာပြီ ကိုကို့ခြေသံပဲ၊ လာပါဘုရား၊ မမလေးဘုရား ကျွန်မအခန်းထဲ သွားကြပါစို့" ဟု ပြော၍ မိမိအခန်းတွင်းသို့ ဆွဲခေါ်သွားပြီးလျှင် တံခါးကို ပိတ်ထားခဲ့လေ၏။

မောင်ထွန်းမြတ်လည်း အစေခံတို့နှင့် အခန်းတွင်းသို့ဝင်လာကာ အလောင်း ကို ပြင်ဆင်လျက်နေကြစဉ် မိမိရီလည်း တခြားသို့သွားနေရာမှ ပြန်လာ၍ အခန်းတွင်းသို့ဝင်လာပြီး ခင်မောင်ကြီးသည် မိမိသားမဖြစ်သော်လည်း မိမိမျက်စိ အောက်တွင် ကြီးရသောကလေးဖြစ်၍ ကရုဏာသက်ပြီး ငိုရှာလေ၏။

■



http://myanmarpyithar.net

## အခန်း (၃၂)

ခင်မောင်ကြီး၏ ဈာပနကိစ္စ ပြီးစီးသည့်နောက် တနင်္ဂနွေနှစ်ပတ် ခန့်ရှိလျှင် ခင်စိန်ကြည်မှာ သားအတွက် လင်အတွက် မိမိမှားမိသမျှ အကြောင်းကြောင်းကို တွေးမိပြီး မစားနိုင် မသောက်နိုင် တချောင်ချောင်ဖြစ်၍နေရာမှ တဖြည်းဖြည်း ရောဂါတိုး၍ အိပ်ရာမှမထနိုင်ဘဲ ရှိလေ၏။ ခင်စိန်ကြည်အား အမြဲစောင့်ရှောက် ကြည့်ရှုနေသူ မစောလည်း ခင်စိန်ကြည်၏အနီးတွင် စောင့်ကြည့်နေရင်း တွေးတောမိသည်မှာ ခင်စိန်ကြည်သည် ယနေ့ထက်ကျော်၍ အသက်ရှည်မည်မဟုတ်။ အကယ်၍ မိမိထင်သည့်အတိုင်း တိမ်းပါးယိမ်းပါးရှိခဲ့ပါလျှင် မောင်ထွန်းမြတ်နှင့် မိမိရီတို့သည် ခင်စိန်ကြည်၏အကြောင်းကို မုချသိချေတော့မည်၊ သိခဲ့ပါလျှင် မိမိသည် ဤအကြောင်းကိုသိလျက်နှင့် မောင်ထွန်းမြတ်အား မပြောဘဲ အလိုတူ အလိုပါ လျှို့ဝှက်၍ထားသည်ဟု အပြစ်တင်ဖွယ်ရှိလေတော့သည်ဖြစ်၍ အစ်မကြီး မဂျမ်းပုံအား အလုံးစုံဖွင့်၍ပြောပြီးလျှင် တိုင်ပင်က တော်သင့်လိမ့်မည်လား စသည်ဖြင့် စဉ်းစားလျက်နေလေ၏။

ခင်စိန်ကြည်မှာ ခုတင်ပေါ်တွင် စောင်းလျက် အသက်ရှူကျပ်လှသဖြင့် ရင်မလျက် အနေခက်လှသည့်အဟန်နှင့် ရှိစဉ် အိမ်တွင်းသို့ ဝင်လာသော ခြေသံကို ကြားလေသောအခါ ခင်စိန်ကြည်သည် ပြတင်းပေါက်ရှိရာသို့ မျှော်ကြည့်ပြီး... "မစော"

"မမလေးဘုရား"

"ကိုထွန်းမြတ်ကို မသေခင် တစ်ခါလောက် ကြည့်ပါရစေ မစောရယ်၊ သူ့မြင်ရမှ မမလေး အသက်ဖြောင့်ဖြောင့်ထွက်နိုင်မယ် ထင်တယ်မစောရယ်"

"မတော်ပါဘူးမမလေးဘုရား၊ သည်ဥစ္စာတော့"

"ဘာထူးတော့သလဲ မစောရယ် အခုမှတော့၊ တော်တော်ကြာ သေရတော့



http://myanmarpyithar.net

မှာပဲ၊ ကိုထွန်းမြတ်ကို တစ်ခါတည်း မြင်လိုက်ရရင် မမလေး စိတ်ကျေနပ်ပါပြီ၊ မြင်ပါရစေမစောရယ်"

"မတော်လို့ပါမမလေးဘုရား၊ အင်မတန် မတော်လွန်းလို့ ဘုရားကျွန်မ ပြောတာပါ"ဟု ပြောလျှင် ခင်စိန်ကြည်လည်း မျက်ရည်ကျလျက် "ကိုထွန်းမြတ်ကို မမြင်ရရင်ဖြင့် မမလေး အသက်ဖြောင့်ဖြောင့်ထွက်နိုင်မယ်မထင်ဘူး မစောရယ်၊ ကလေးတွေကိုလည်း ရိပ်မိမှာစိုးလို့ မလာစေရဘူးတဲ့ မစောကပြောလို့ မမြင်ဘဲနေရပြီ အခုတစ်ခါ ကိုထွန်းမြတ်ကို မကြည့်ရပြန်ဘူးတဲ့ လုပ်ပြန်ပြီ၊ ရှိခိုးပါရဲ့ မစောရယ်၊ တစ်ခါတည်းဖြစ်ဖြစ် ကြည့်ပါရစေ"ဟု သနားစရာ တောင်းပန်ကာ ပြောရှာလေလျှင် မစောလည်း မိမိသခင်မအပေါ်၌ ကရုဏာအားကြီးလှ၍ ဖြစ်လိုရာဖြစ်စေ ခေါ်၍ ပေးလိုက်တော့မည်ဟု အောက်မေ့လေ၏။ သို့သော်လည်း ကိုထွန်းမြတ်သိသော အခါ၌ တစ်အိမ်လုံး ကြွက်ကြွက်ဆူ၍သွားမည်ကို ကြောက်ပြန်သောကြောင့် စဉ်းစားရခက်လှသည်နှင့် တွေဝေလျက်နေစဉ် မိနှစ်သည် အခန်းတွင်းသို့ ဝင်လာပြီး "ကိုကိုက မစော ခဏတဲ့"ဟု ပြောလျှင် "အေး ငါ အခုလာခဲ့မယ်" ဟု ပြော၍ ခင်စိန်ကြည်ကို စကား ၁ ခွန်း ၂ ခွန်း ပြောပြီးလျှင် မောင်ထွန်းမြတ်ရှိရာသို့ သွားလေ၏။

"ဆရာမ ဘယ့်နှယ်ရှိသလဲ မယ်စော"

"ဆရာမက မသက်သာပါဘူးကိုကိုရယ်"

"အင်မတန် တိုးသလား"

"ကျွန်မဖြင့် နေ့ကူးမယ်တောင် မထင်ဘူး"ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း အကလေးကို ချီရာမှ အောက်သို့ချပြီး "အို ဟုတ်လား"

"ခံလှရင် သန်းခေါင်လောက်ပဲထင်တာပဲ ကျွန်မဖြင့်"

"ဆရာဝန်ကြီးမလာသေးဘူးလား"

"မနက်ကလာတယ်"

"မနက်က လာတာနဲ့ပြီးနိုင်မလားမစောရဲ့၊ သွား မောင်မြားကို အခုချက်ချင်း လွှတ်လိုက်"

"မထူးပါဘူး ကိုကိုရယ်" "ဘယ့်နှယ်မထူးရသလဲကွဲ့၊ လူတစ်ယောက် ငါ့အိမ်မှာ သေမယ့်ဆဲဆဲဖြစ်နေတာ ဆရာဝန်ခေါ်လို့ မထူးပါဘူးလို့ ဘယ့်နှယ် ပြောရသလဲဟယ်၊ ငါ သွားကြည့်စမ်းမယ်" ဟု ပြော၍ သွားမည်ပြုလျှင် မစောသည် အခန်းဝမှဆီး၍ "မတော်ပါဘူးကိုကို၊ ဆရာမအခန်းထဲကို မသွားပါနဲ့"

"ဘာပြုလို့လဲတဲ့"



http://myanmarpyithar.net

“မင်းကတော်က မကြိုက်ပေဘူးကိုကိုရဲ့” ဟု မစောက ပြောလေ၏။ ထိုစကားကို မောင်ထွန်းမြတ်သည် နားမလည်နိုင်သဖြင့် မစောကိုကြည့်ပြီးလျှင် “မိမိရီမရှိတဲ့အခါ ဆရာမကို ငါက မိမိရီအစား စောင့်ရှောက်မှ တော်တော့မပေါ့ဟဲ့၊ နင်တို့က ဘာတွေလျှောက်ပြီး စဉ်းစားနေသလဲ၊ ငါ ထမင်းစားပြီးတော့ လာကြည့်မယ်၊ သွား ဆရာမပြောထားလိုက်” ဟု ပြောလိုက်လေ၏။ မစောမှာ မကြံတတ်အောင်ဖြစ်လျက် ခင်စိန်ကြည်၏အခန်းသို့ ပြန်သွားလေ၏။ ထို့နောက် မောင်ထွန်းမြတ် ထမင်းပွဲတွင် ထိုင်မိရုံရှိသေး၊ အစ်မကြီး မဂျမ်းပုံရောက်လာလေလျှင် မောင်ထွန်းမြတ်သည် ၎င်းအား ဆရာမအကြောင်းကို ပြောပြလေ၏။ ထိုအခါ မဂျမ်းပုံက “အလို ဟုတ်လား၊ ဖယ်စမ်း၊ ငါသွားကြည့်လိုက်ဦးမယ်” ဟုပြောကာ ခင်စိန်ကြည် ရှိရာသို့ ထွက်သွားလေ၏။ လူနာအခန်းပေါက်သို့ရောက်၍ အခန်းတံခါးကို လက်ဖြင့်ခေါက်ရာ မစောသည် ထွက်လာ၍ မဂျမ်းပုံကို မြင်လျှင် မျက်နှာပျက်လျက် “အခန်းထဲမဝင်ပါနဲ့ အစ်မကြီးရှင့်” ဟု ပြောလေ၏။ ထိုအခါ မဂျမ်းပုံက “ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ငါမဝင်ရမလဲ၊ ခုတလော သည်ကောင်မကလေး ဘာဖြစ်ပါလိမ့်မယ် ဖယ်ပါ” ဟု ငေါက်၍ပြောသောအခါ မစောမှာ အစ်မကြီးမဂျမ်းပုံကို ဆီးတားရန် မတတ်နိုင်သဖြင့် အပေါက်မှဖယ်၍ပေးပြီးလျှင် အခန်းပြင်သို့ ထွက်၍သွားလေ၏။

အစ်မကြီးလည်း အခန်းတွင်းသို့ရောက်၍ အခန်းတံခါးကို ပိတ်ပြီးလျှင် အိပ်ရာအနီးသို့သွားလေ၏။ ခင်စိန်ကြည်မှာ ထိုအခါ မျက်နှာ၌ မျက်မှန်တပ်လျက်မရှိဘဲ ဆံပင်တို့သည်လည်း ဖားလျားကျကာ ခုတင်ပေါ်တွင် လျောင်းလျက်နေလေ၏။ ခင်စိန်ကြည်မှာ ရှေးကရုပ်နဲ့ မတူလှသော်လည်း မျက်လုံးမှာ ရှေးကမျက်လုံးပင် ဖြစ်သဖြင့် မဂျမ်းပုံသည် မြင်လျှင်မြင်ချင်း ခင်စိန်ကြည်ဖြစ်ကြောင်း သိရကား “မြတ်စွာဘုရား ကယ်တော်မူပါ” ဟု အံ့အားသင့်သော အသံနှင့်အော်ကာ နှစ်ယောက်သား တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်လျက် နေကြလေ၏။ မဂျမ်းပုံသည် မောင်သက်ညွန့်နှင့် ရေမြောင်းအနီးတွင်တွေ့စဉ်အခါက ဆရာမသည် ခင်စိန်ကြည်နှင့် တူလှချေသည်ဟု အောက်မေ့မိသော်လည်း တူလျှင်သာတူရမည် ခင်စိန်ကြည်စစ်စစ်ဖြစ်မည်ဟုကား မည်သည့်နည်းနှင့်မျှ မအောက်မေ့မိဘဲရှိရာ ယခုမှ ခင်စိန်ကြည်စစ်စစ်ဖြစ်ကြောင်းကိုသိရလျှင် အလွန်တရာ အံ့သြလှ၍ ငေးလျက်နေရာမှ “ဘယ့်နှယ်ဖြစ်လာသလဲ၊ သည်ကိုဘာကြောင့် ပြန်လာသလဲ မိန်းကလေးရယ်” ဟု ဘယ်တော့မှ အသုံးမပြုဖူးသော ကရုဏာသံဖြင့် မေးလေ၏။

ထိုအခါ ခင်စိန်ကြည်သည် ရောဂါနှိပ်စက်သဖြင့် အကြော ပြိုင်းပြိုင်းထ၍



http://myanmarpyithar.net

ပိန်လှီသောလက်ကလေးဖြင့် ရင်ကိုဖိလျက်... "ကျွန်မ ဖြစ်ရပုံတော့ အရှည်မေးမနေပါနှင့်တော့၊ ကျွန်မကလေးတွေကြောင့်သာ ပြန်လာမိပါတယ် အစ်မကြီးရယ်၊ သူတို့ခွဲပြီး တခြားမှာ မနေနိုင်လို့ပါ၊ ကျွန်မကို အပြစ်မတင်ပါနဲ့တော့ အစ်မကြီးရယ်၊ ကျွန်မလည်း မနေရပါဘူးရှင် သွားရလှပါပြီ"

"အပြစ်မတင်ပါဘူးမိန်းကလေးရယ်၊ အစ်မကြီးက အပြစ်မတင်ပါဘူး"

"အစ်မကြီးတို့လို မိန်းမကောင်းများတော့ နေပျော်ပါရဲ့ရှင်၊ ကျွန်မတို့လိုဟာတော့ လူ့ပြည်မှာ နေဖို့လည်းမကောင်းပါဘူး... သေရတာပဲကောင်းပါတယ်" ဟု ခင်စိန်ကြည်သည် မျက်ရည်တွေ ကျလျက် မောလေ၏။

ထိုအခါ ခင်စိန်ကြည်မှာ အစ်မကြီးကို မိန်းမကောင်းဟု ပြောရာ၌ ပြောင်လှောင်၍ပြောသည်မဟုတ်၊ အကယ်ပင် စိတ်၌ရှိ၍ ပြောသည်ဖြစ်သော်လည်း အစ်မကြီးစိတ်၌ကား မိမိသည် ခင်စိန်ကြည်အပေါ်၌ ပြုမူမိသည်များကို သတိရ၍ မိမိကိုယ်ကို မိမိရှက်မိလေ၏။ ထို့နောက် မဂျမ်းပုံသည် ခုတင်အနီးသို့ချဉ်းကပ်၍ ဦးခေါင်းကို ညွတ်ကိုင်းပြီးလျှင် "ညည်း အိမ်ကထွက်သွားတာ အစ်မကြီးအတွက်ကြောင့်များလား ပြောစမ်းပါ" ဟု ညှိုးငယ်သောမျက်နှာဖြင့် မေးလျှင်...

ခင်စိန်ကြည်သည် ဦးခေါင်းကိုယမ်းလျက် "အစ်မကြီးအတွက်ကြောင့် မဟုတ်ပါဘူး အစ်မကြီးရယ်၊ အစ်မကြီးနဲ့နေတဲ့အတွက် ကျွန်မ စိတ်မချမ်းသာဖြစ်မိတာတော့ မှန်ပါရဲ့၊ သို့သော် ကျွန်မ အိမ်က ထွက်သွားတာတော့ အစ်မကြီးကြောင့် မဟုတ်ပါဘူး၊ ကျွန်မကို စိတ်မဆိုးပါနဲ့ အစ်မကြီးရယ်"

"မိန်းကလေးကို အစ်မကြီး စိတ်ဆိုးရမယ်၊ အစ်မကြီးကသာ မိန်းကလေးကို တောင်းပန်ဖို့ရှိပါတယ် မိန်းကလေးရယ်၊ မိန်းကလေးကို စိတ်မချမ်းမသာဖြစ်စေရအောင် လုပ်မိတဲ့အတွက် အစ်မကြီး အပုံကြီးဝမ်းနည်းပါတယ်၊ အစ်မကြီးကို စိတ်ကျေပါနော် မိန်းကလေးရယ်..." ဟု မဂျမ်းပုံက ပြန်၍တောင်းပန်လေ၏။

ထို့နောက် ခင်စိန်ကြည်က "ကိုထွန်းမြတ်နဲ့ ကျွန်မ တစ်ခါလောက်တွေ့ပါရစေ အစ်မကြီးရယ်၊ တစ်ဆိတ်လောက် ခေါ်ပေးပါ မစောကို ကျွန်မပြောတာမရဘူး၊ သူက မတော်ပေဘူးပြောတယ်၊ တစ်ခါတည်း တစ်မိနစ်တည်းဖြစ်ဖြစ်တွေ့ရရင် တော်ပါပြီအစ်မကြီးရယ်၊ တစ်ဆိတ်လောက် ကျွန်မကို ကျေးဇူးပြုပေးပါ၊ ကျွန်မလည်း တော်တော်ကြာ သေရတော့မှာပါပဲ၊ မထူးပါဘူး အစ်မကြီးရယ်၊ သူ့မျက်နှာမြင်ရလို့ သူ့ကို စိတ်ကျေနပ်အောင် တောင်းပန်ချင်ပါတယ်၊ သူက စိတ်ကျေနပ်ပါပြီလို့ ကျွန်မသိရရင် အသက်ဖြောင့်ဖြောင့် ထွက်နိုင်ပါပြီ အစ်မကြီးရယ်" ဟု မျက်ရည်လည်လျက် တောင်းပန်လျှင် အစ်မကြီးသည် အခန်းပြင်သို့



http://myanmarpyithar.net

ဖြည်းညင်းစွာထွက်သွားပြီးလျှင် မျက်ရည်သုတ်လျက်ရှိသော မစောကို ခေါ်ပြီးလျှင် "ညည်း သည်ဟာ သိနေတာ ဘယ်လောက်ကြာပြီလဲ"

"ခင်မောင်ကြီး ဆုံးတဲ့နေ့မှသိပါတယ် အစ်မကြီးရယ်"

"သွား နင့်ကိုကိုသွားခေါ်လိုက်၊ ငါကလို့"

"ကိုကိုသိလို့ တော်ပါမလား အစ်မကြီးရယ်"

"နင့်ကိုကို သွားခေါ်လိုက်ပါ၊ နင်က ငါ့ကို သင်စရာမရှိပါဘူး"

မစောလည်း မောင်ထွန်းမြတ်ကို ခေါ်၍ပြန်လာလျှင် "ဘယ့်နှယ်လဲ အစ်မကြီး၊ ဆရာမ ရောဂါတိုးသလား၊ ကျွန်တော် ဝင်ကြည့်စေချင်သလား"

"သူက မင်းနဲ့တွေ့ချင်တယ်တဲ့" ဟု ပြော၍ တံခါးကို ဖွင့်ပေးလျှင် မောင်ထွန်းမြတ်က အစ်မကြီးရှေ့ကဝင်ပါဟု လက်ပြလေ၏။ ထိုအခါ မဂျမ်းပုံက "ငါမဝင်ဘူး၊ မင်းတစ်ယောက်တည်း ဝင်ကြည့်ပါ" ဟု ပြောသဖြင့် မောင်ထွန်းမြတ်လည်း ဝင်မည်ပြုလျှင် မစောသည် မောင်ထွန်းမြတ်၏ လက်မောင်းကိုဆွဲ၍ "ကိုကို့ နည်းနည်း ပြောလိုက်ပါဦး အစ်မကြီးရယ်၊ ဘာမျှမပြောနှင့်ဘူးလား" ဟု မဂျမ်းပုံကို မေးလေ၏။ ထိုအခါ မောင်ထွန်းမြတ်မှာ ၎င်းတို့၏အမူအရာကို ထူးဆန်းလှသည်ဟု အောက်မေ့သဖြင့် ကြည့်နေရာ မဂျမ်းပုံလည်း ဘာကိုမျှ မပြောသည်နှင့် မောင်ထွန်းမြတ်သည် အခန်းတွင်းသို့ ဝင်သွားလျှင် မဂျမ်းပုံလည်း အခန်းကို အပြင်မှ ပိတ်လိုက်လေ၏။

မောင်ထွန်းမြတ်လည်း အခန်းတွင်းသို့ရောက်၍ ခုတင်အနီးသို့ ဖြည်းညင်းစွာ လျှောက်သွားပြီးလျှင် "ကျွန်တော် အင်မတန် ဝမ်းနည်းပါတယ် ဆရာမ..." ဟု ပြောရင်း မောင်ထွန်းမြတ်သည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ ငေးလျက်ကြည့်ပြီး ခင်စိန်ကြည်သည် မိမိအားလာ၍ ကိုယ်ထင်ပြလေသလော၊ သို့တည်းမဟုတ် မိမိသည် အိပ်မက်မက်၍နေလေသလောမသိဟု ထွေရာလေးပါး တွေးတောကာ မျက်နှာဖြူဖပ်ဖြူရော်နှင့် အလွန်တရာအံ့သြပြီး အိပ်ရာမှ နောက်ပြန်ဆုတ်မည် ပြုသောအခါ ခင်စိန်ကြည်သည် ပဝါစကို လက်ဖြင့် လှမ်း၍ဆွဲပြီးလျှင် "ကို–ထွန်း–မြတ်..." ဟု ခေါ်လိုက်လေ၏။

မောင်ထွန်းမြတ်မှာ နားမလည်နိုင်သေးသဖြင့် စိုက်၍ကြည့်လျက်ပင် နေလေရာ ခင်စိန်ကြည်သည် မျက်နှာကို အောက်သို့ချ၍ "ကျွန်မကို အပြစ်မှ လွတ်တော်မူပါ ကိုထွန်းမြတ်၊ ကိုထွန်းမြတ် စိတ်ကျေအောင် ကျွန်မ တောင်းပန်ရလျှင် အသက်ဖြောင့်ဖြောင့် ထွက်နိုင်မယ်မဟုတ်လို့ ကျွန်မကို စိတ်ကျေတော်မူပါ ကိုထွန်းမြတ်၊ မျက်နှာမလွှဲပါနဲ့ရှင်၊ ကျွန်မပြောတာ နားထောင်ပါဦး၊ စိတ်ကျေပါ

ပြီလို့ တစ်ခွန်းတည်း ပြောလိုက်ပါတော့ ကျွန်မစိတ်အေးပါပြီ”

“အခုပြောတာ ခင်စိန်ကြည်လား၊ ဆရာမလား”

“ကျွန်မ ခင်စိန်ကြည်ပါပဲ၊ ဟိုတုန်းက မီးလောင်လို့ ကျွန်မ သေပြီဆိုတာ မသေဘဲနဲ့ အခုရှင်မြင်တဲ့အတိုင်း အရုပ်ပျက် အဆင်းပျက်ဖြစ်ပြီး ကျွန်မကို ဘယ်သူမှ မမှတ်မိပေဘူးအောက်မေ့ပြီး ကလေးတွေလွမ်းလွန်းလို့ ပြန်လာမိပါတယ်၊ ကျွန်မအပေါ်မှာ စိတ်ကျေပါတော့ ကိုထွန်းမြတ်” ဟု ငိုယိုကာပြောလျှင် မောင်ထွန်းမြတ်မှာ ကယောင်ချောက်ချားဖြစ်၍ ပြန်မပြောတတ်ဘဲ ရှိနေပြန်သော အခါ ခင်စိန်ကြည်က ဆက်လက်၍ “ကလေးတွေကိုလည်းလွမ်း၊ ရှင့်ကိုလည်း လွမ်းလွန်းလို့ ကျွန်မပြန်လာမိတယ်၊ ကျွန်မထွက်သွားပြီးတဲ့နောက် တစ်နာရီအတွင်း မှာပဲ ပြုမိခဲ့တာကို ယူကျုံးမရဖြစ်ပြီး၊ နောက်ကို ဆုတ်လို့မရလို့သာ ကျွန်မ ဇွတ်နှစ်ခဲ့ရပါတယ်ရှင်၊ ကျွန်မ မိုက်မိတာတော့လည်း မှန်ပါတယ်၊ သို့သော်လည်း ကျွန်မဒုက္ခတွေ စဉ်းစားပြန်ရင်လည်း မိုက်လုံးကြီးသလိုပဲ ဒုက္ခကကြီး၊ အပူကလည်း ကြီးပါရှင်၊ သည်ဆံပင်တွေကြည့်ပါတော့၊ ဟိုတုန်းက ကျွန်မဆံပင် အရောင် ကောင်းတယ်လို့ ကိုထွန်းမြတ် ချီးမွမ်းခဲ့တယ်မဟုတ်ဘူးလား၊ အခုတော့ အရွယ် မအိုလှသေးဘဲနဲ့ ဆံပင်က ဆွတ်ဆွတ်ဖြူတာ ကြည့်ပါတော့ရှင်” ဟု ပြောလေ၏။

“ဘာပြုလို့ထွက်သွားရတာလဲ”

“ရှင်မသိဘူးလား”

“မသိဘူး”

“ရှင့်ကို ချစ်လွန်းအားကြီးလို့ ကျွန်မ ထွက်သွားရပါတယ်” ဟု ခင်စိန်ကြည် ကပြောလျှင် မောင်ထွန်းမြတ်သည် ချစ်လွန်းအားကြီးသည်နှင့် ထွက်၍သွားသည် ဆိုသည်ကို ယုံကြည်နိုင်ဖွယ်မရှိသဖြင့် သေမည်ဆဲဆဲတွင်ပင် လိမ်လည်၍ ပြောလေသလောဟု အောက်မေ့ပြီး မယုံကြည်သော မျက်နှာထားနှင့် ကြည့်နေလေ သောအခါ ခင်စိန်ကြည်က “ကျွန်မကို သည်လိုမျက်နှာထားနှင့် မကြည့်ပါနဲ့ ကိုထွန်းမြတ်ရယ်၊ ကျွန်မသေခါနီးမှ လိမ်ပြီးမပြောပါဘူး၊ ကိုထွန်းမြတ်ကို ချစ်လွန်းအားကြီးလို့၊ ရှင်က သည့်ပြင်တစ်ယောက်ကို နည်းနည်းကလေး စိတ်ကွက် တယ်လို့ ကျွန်မအောက်မေ့မိရင် ကျွန်မရင်ထဲမှာ အနေခက်လွန်းလို့ ရှင့်အပေါ် လက်စားချေရတယ်ပဲရှိရှိလို့ ကျွန်မ အောက်မေ့ပြီး သူပြောတဲ့စကားကို နားထောင် မိပါတယ်” ဟု ပြောလေ၏။

ထိုအခါ မောင်ထွန်းမြတ်သည် ခုတင်အနီးတွင် လက်ကိုပိုက်၍ရပ်ကာ စကားပြန်မပြောဘဲ ခင်စိန်ကြည်ကိုကြည့်နေလေလျှင် “ကျွန်မထင်တာ ဟုတ်သလား



http://myanmarpyithar.net

ရှင်ပြောစမ်းပါ” ဟု ခင်စိန်ကြည်က ထပ်၍မေးလေ၏။

“ဟုတ်သလားလို့များ မေးစရာရှိသေးသလား၊ မောင့်သဘောကို ဟိုတုန်းက သိလောက်ဖို့ကောင်းပါရဲ့၊ အခုဆိုတာတော့ သာပြီး သိလောက်ပါပြီ၊ ခင့်အပေါ် မှာလေ စိတ်နှင့်သော်လည်းကောင်း၊ စကားနှင့်သော်လည်းကောင်း၊ အမူအရာနှင့် သော်လည်းကောင်း မပြစ်မှားမိပါဘူးခင်ရယ် ယုံပါတော့”

“ယုံပါတယ်ရှင် ယုံပါတယ်၊ ကျွန်မသာ ရူးလွန်းမိုက်လွန်းလို့ ဟိုတုန်းက အထင်မှားမိပါတယ်၊ ကျွန်မအပြစ်ကိုမေ့ပြီး ကျွန်မကို စိတ်ကျေပါတော့ ကိုထွန်းမြတ်ရယ်”

“မေ့တော့ မေ့နိုင်ပါဘူးခင်ရယ်၊ စိတ်ကျေတာတော့ အခုမှ မဟုတ်ပါဘူး၊ ကြာလှပါပြီ”ဟု မောင်ထွန်းမြတ်ကပြောလျှင် ခင်စိန်ကြည်မှာ မျက်ရည် အသွယ်သွယ်ကျလျက် “ဟိုတုန်းကအဖြစ်တွေများ စဉ်းစားကြည့်မိပါရဲ့လားရှင်၊ တစ်ခါတလေများ ဟိုတုန်းကလေ ကျွန်မကလည်း သည်အိမ်မှာ ကျွန်မဖေဖေနဲ့ နေတော့ ကိုထွန်းမြတ်က လာလာပြီး လည်လာတယ်မဟုတ်လား၊ တစ်ခါတလေများ ကျွန်မ သည်အဖြစ်တွေ စဉ်းစားမိတော့ စိတ်ကို ဟိုတုန်းကလိုပဲမှတ်ပြီး ပျော်လို့၊ နောက်တော့မှ ရှင်က ကျွန်မကို စုံမက်ရက်နဲ့မပြောဘဲ စောင့်နေတာတွေ၊ ကျွန်မဖေဖေဆုံးတုန်းက ကိုထွန်းမြတ်ကလာပြီး ပြုစုစောင့်ရှောက်တာတွေ၊ ရွှေဘို လာပြီး ကျွန်မကို တောင်းရမ်းပြောဆိုလာတာတွေ၊ ရှင်နဲ့အကြောင်းပါပြီးတဲ့ နောက်လည်း ကျွန်မ မကျန်းမာတော့ ကိုထွန်းမြတ်က ပြုစုစောင့်ရှောက်တာတွေ၊ ကျွန်မ မိတ္ထီလာက ပြန်လာတော့ ကျန်းကျန်းမာမာရှိတဲ့အတွက် ရှင်က ဝမ်းမြောက် တာတွေ သည်ဟာတွေများ မှတ်မိသေးရဲ့လား” ဟု မျက်ရည်တဝဲဝဲနှင့် ကျောက်လို မာတဲ့စိတ်ရှိတဲ့ သူတောင်ပင် မခံနိုင်အောင် ပြောလေလျှင်...။

မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏လက်ကလေးကိုယူ၍ ကိုင်ကာ “မောင့်ကိုများ တစ်စုံတစ်ရာ အပြစ်တင်စရာများ ရှိသလား” ဟု မေးလေ၏။

ထိုအခါ ခင်စိန်ကြည်က “မမေးပါနဲ့ ကိုထွန်းမြတ်ရယ်၊ ကျွန်မကို သည့်လောက် အရေးတယူစောင့်ရှောက်တဲ့ ယောကျာ်းတစ်ယောက်ကို ကျွန်မ ဘယ်မှာအပြစ်တင်စရာရှာလို့ ရနိုင်ပါမလဲရှင်၊ သည်ဟာတွေများ ပြန်စဉ်းစား လိုက်တဲ့အခါများ ကျွန်မလို ကျေးဇူးကန်းတဲ့မိန်းမ မရှိပါကလားဟဲ့လို့ ကိုယ့်ကိုယ်ကို အပြစ်တင်လို့ မဆုံးနိုင်ပါဘူးကိုထွန်းမြတ်ရယ်” ဟု ပြောရင်း တဖြည်းဖြည်း လေအား နည်း၍သွားသဖြင့် မောင်ထွန်းမြတ်မှာ သဲကွဲအောင် မကြားရသည်နှင့် ဦးခေါင်းငုံ့ပြီးလျှင် ခင်စိန်ကြည်၏ ပါးစပ်အနီးသို့ ကပ်၍ နားထောင်ရလေ၏။



http://myanmarpyithar.net

ထိုအခါ ခင်စိန်ကြည်က "ကျွန်မ အခု နေထိုင်ရတာလည်း ကြည့်ပါဦး၊ ရှင်တို့ လင်မယား မျက်စိအောက်တွင်ထားပြီး ကျွန်မကို ချစ်ရမယ့်အတွက်တွေ သူ့ကိုချည်း ချစ်၊ ကိုယ်နေရမယ့်နေရာမှာ သူကနေ၊ သည်ဟာတွေ တွေ့မြင်ရတဲ့ အခါများ ရှူးမလိုလိုနှမ်းမလိုလိုဖြစ်၊ သည်တော့မှသာပြီး ကိုယ့်အဖြစ်ကိုယ် ပြန်နှမြောပြီး လက်ထဲကလွတ်မှ အရင်ကထက် အပုံကြီး စုံမက်ချစ်ခင်မိပါတယ်ရှင်၊ ခင်မောင်ကြီး သေတော့ကော ကျွန်မတို့နှစ်ယောက် မျက်စိအောက်တွင် အသက်ပျောက်တော့များ ကိုယ့်သားရယ်လို့မှ ကိုယ်အားရအောင်မငိုလိုက်ရတော့ ဘယ်လောက်များ ရင်ထဲက ကျပ်လိုက်တယ်လို့၊ ပြီးတော့ကော သည်မှာမိခင်အရင်း ပူတာတော့ ရှင်က အရေး မလုပ် ဟိုကမိထွေးက နည်းနည်းကလေးပူတာတော့ အဟုတ်ကြီးလုပ်ပြီး စိတ်ပြေလက်ပျောက်ရှိအောင်တဲ့ ချော့မော့ရ သည်ဟာတွေများ စဉ်းစားကြည့်လိုက်ရင် ကျွန်မ သည်လောက် အသက်ရှည်တာတောင် အပုံကြီး အံ့သြဖို့ကောင်းသေးတာ ကလားရှင်" ဟု ငို၍ပြောလေ၏။

ထို့နောက် မောင်ထွန်းမြတ်က "ဒါနဲ့ ခင် ဘာပြုလို့ပြန်လာသလဲ" ဟု မေးပြန်လျှင် ခင်စိန်ကြည်က "ကျွန်မပြောပြီးပါပြီကော၊ ရှင်နဲ့ ကလေးတွေနဲ့ ခွဲပြီး မနေနိုင်လို့ ကျွန်မပြန်လာမိပါတယ်"

"ပြန်လာတာ မှားတာပေါ့ခင်"

"မှားပါတယ်ရှင်၊ မှားမှန်းကိုလည်း ကျွန်မ သိပါရဲ့၊ မနေနိုင်လို့သာ ဇွတ်မှိတ်ပြီးလာခဲ့မိပါတယ်၊ ကလေးသေပြီးတော့ ကျွန်မ သွားတော့မယ်လို့ပါပဲ၊ သည်ရောဂါက ရတ်တရက်နှိပ်စက်ပြီး ဘယ့်နှယ်ဝင်လာမှန်းမသိပါဘူး၊ မှားပါတယ်ရှင်...မှားပါတယ်၊ အခု ရှင့်ကို ခေါ်မိတာလည်း မှားတာပါပဲ၊ သို့သော်လည်း အခုဟာတော့ ထူးတော့မထူးပါဘူးရှင်၊ တစ်ခါတလေများလေ... သည်ဟာတွေ အကုန်အိပ်မက်ဖြစ်ပြီး အရင်လိုများ ပြန်ဖြစ်လိုက်ရင် ဘယ်လောက် ကောင်းမယ်လို့နော်လို့ စဉ်းစားမိပါတယ်။ ကဲကျွန်မလည်း သွားရလုပြီ၊ ကလေး တွေကို စောင့်ရှောက်ရစ်ပါရှင်၊ နောက်ကလေးတွေရလို့ ကျွန်မကလေးတွေကို ပစ်များမထားပါနဲ့" ဟု ခင်စိန်ကြည်က ပြောသောအခါ မောင်ထွန်းမြတ်မှာ ခင်စိန်ကြည် မှားသမျှတွေကို တဖြည်းဖြည်း သတိမေ့သလိုဖြစ်လာရကား...။

"ခင်ရယ်၊ ဘယ့်နှာတွေ လျှောက်ပြောနေသလဲ၊ အားရှိအောင် ကြိုးစားပါ၊ ခင်မြင်တဲ့အတိုင်းပါပဲ ခင်ရယ်၊ ကလေးတွေပစ်ထားတာများ ခင်မြင်မိသလား၊ ခင့်ကို အရင်ကချစ်သလိုပဲ ကလေးတွေကို ချစ်ပါတယ်" ဟု ပြောရလေ၏။ ထို့နောက် ခင်စိန်ကြည်က "အသက်ရှူရတာ ကျပ်လိုက်တာရှင်၊ ရင်ထဲက စီစီ စီစီနဲ့၊ သည်အနား



http://myanmarpyithar.net

တိုးပါဦးရှင် ကြားရရဲ့လား၊ အဲ–ကဲ ကျွန်မ မသေခင်လေကျွန်မ ပြုမိခဲ့တဲ့အပြစ်တွေမေ့ပြီး အရင်ကလို သဘောနည်းနည်းလောက် ထားပြီး ကျွန်မကို ချစ်တဲ့စကား တစ်ခွန်းတည်း ပြောစမ်းပါရှင်… ကျွန်မ ကြားချင်လွန်းလို့ပါ…” ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏မျက်နှာပေါ်၌ ကျနေသော ဆံပင်တို့ကိုဖယ်၍ တစ်ချက် နမ်းလိုက်လေ၏။ ထိုအခါ မောင်ထွန်းမြတ်၏ မျက်ရည်တို့သည် တား၍ မရနိုင်လောက်အောင်ဖြစ်ပြီး ခင်စိန်ကြည်၏ နဖူးပေါ်သို့ ကျလျက်နေရင်းပင် “ခင်ထွက်သွားစတုန်းကများဖြင့်ခင်ရယ်၊ မောင်ဖြင့် ရင်ကွဲနာနဲ့ သေလိမ့်မလားများ မှတ်မိတယ်ကဲ၊ မောင်က အခု မင့်အပေါ်မှာ အနည်းငယ်မျှ မကောင်းစိတ်မရှိတဲ့အပြင် ကောင်းသောသုဂတိသို့ ရောက်ပါစေလို့ ဆုတောင်းလိုက်ပါတယ်” ဟု ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်က… “ကျွန်မ မရှိတဲ့နောက် ကျွန်မအကြောင်းကို နည်းနည်းဖြစ်ဖြစ် သတိရရစ်ပါနော်…၊ ကျွန်မက ကိုထွန်းမြတ်ကို မတော်မတရား ထင်ရှားမှုမက ထင်သည့်အလျောက် ပြုကျင့်မိသည်များကို ကန်တော့ လိုက်ပါရဲ့ရှင်၊ ကျွန်မလက်နှစ်ဖက် ရင်ဘတ်ပေါ်ယူတင်လိုက်စမ်းပါ၊ အဲ–ရောဂါသည်ဖြစ်လို့ မထိုင်နိုင်တဲ့အတွက် အိပ်ရက်နှင့်ပဲ ကာယကံ ဝစီကံ မနောကံ ကံ ၃ ပါးနဲ့ ကန်တော့လိုက်ပါရဲ့ရှင်…” ဟု ပြောပြီး မြောသွားလေ၏။

ထိုအခါ မောင်ထွန်းမြတ်မှာ မျက်ရည်မဆည်နိုင်သည်နှင့် မျက်ရည်ကို ပဝါဖြူဖြင့်သုတ်၍ ခင်စိန်ကြည်၏နဖူးမှ ချွေးတို့ကိုလည်း သုတ်ပေးနေစဉ် ခင်စိန်ကြည်သည် သတိအနည်းငယ်ပြန်ရသည်နှင့် “ကို–ထွန်း–မြတ်” ဟု မကြားတကြားခေါ်လိုက်လေ၏။ ထိုအခါ မောင်ထွန်းမြတ်က “ခင်…” ဟုထူး၍ နားကို ပါးစပ် အနီးသို့ကပ်ပြီးနားထောင်ရာ နားထောင်သော်လည်း ခင်စိန်ကြည် သည် နောက်ထပ်၍မပြောနိုင်ဘဲ မောင်ထွန်းမြတ်ကို ကန်တော့လျက်ပင် အသက် ပျောက်၍သွားရှာလေ၏။

မောင်ထွန်းမြတ်သည် အသက်ကုန်ကြောင်းကိုသိသောအခါ အလောင်းကို ဖက်၍ ငိုရှာလေ၏။ ဤကဲ့သို့ တစ်ကိုယ်တည်း အားရအောင် ငိုနေ၍ ၅ မိနစ် လောက်ကြာမှ အစ်မကြီးနှင့်မစောတို့ကို ခေါ်ပြောလေလျှင် အခြားအစေခံတို့လည်း ထိုအခါမှ ခင်စိန်ကြည်ဖြစ်ကြောင်းကို သိကြသည်နှင့် တစ်အိမ်လုံး ဟစ်အော် ငိုကြွေးကြကုန်၏။ မောင်ထွန်းမြတ်လည်း ရွှေဘိုဌ်ရှိသူ ခင်စိန်ကြည်၏ဦးလေး ဝတ်လုံတော်ရမင်းထံ ကြေးနန်းတစ်စောင် ရိုက်လိုက်ပြီးလျှင် ဈာပနကိစ္စကို ဆောင်ရွက်လျက်နေလေ၏။ နောက်တစ်နေ့၌ ဝတ်လုံတော်ရမင်းလည်း ရထားမှ



http://myanmarpyithar.net

ဆင်းလာ၍ အကျိုးအကြောင်းကို သိရလေလျှင် များစွာအံ့သြလှ၍ မယုံကြည်နိုင်လောက်အောင်ရှိသဖြင့် အလောင်းကို လိုက်၍ကြည့်ပြီးလျှင် "သြော် ခင်စိန်ကြည် ခင်စိန်ကြည်... နာမည်သာရှိရစ်ရှာတော့၊ သည်တစ်ခါဖြင့် သွားရှာပြီနော်၊ အချမ်းသာတွေ့လောက်ရက်နဲ့ သက်သက် ကိုယ့်ကိုယ်ကို ဒုက္ခရှာသွားတယ်နော်၊ တယ်သနားဖို့ကောင်း" ဟု ဝတ်လုံကြီးသည် ညည်းညူကာ ကရုဏာ သက်ရှာလေ၏။

မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်၏ ဈာပနကိစ္စ၌ ကြေးငွေ အကုန်အကျခံပြီးလျှင် လှပတင့်တယ်အောင် ကြံဆောင်စီမံပြီးလျှင် ခင်စိန်ကြည်၏အလောင်းကို ဖခင်စစ်ကဲကြီး၏အလောင်းနှင့် ယှဉ်၍ မြှုပ်လေ၏။

**ရွှေဥဒေါင်း**



http://myanmarpyithar.net

ရတနာမှာပုံ ဝတ္ထုသည် လောကီသားမောင်မယ်၊
ငယ်ရွယ်သူ အများအတွက် အဖိုးမဖြတ်နိုင်သော
လောကီသင်ခန်းစာ ရတနာမှာအနှစ်ဖြစ်သည်။
မယ်လုလင်ကလေးများက ခင်စိန်ကြည်၊ မိမိရီ၊
မကျမ်းပုံ တို့၏ သဘောထားများမှ ကောင်းရာအနှစ် ကို
ယူ၍ အကာကိုစွန့်ပစ်ရမည်။ မောင်လုလင်များမှာမူ
မောင်တွန့်မြတ်ကိုစံယူပြီးလျှင် မောင်သက်ဣန္ဒ ကဲ့သို့သော
လူဆားမဖြစ်စေရန် သမ္မာတရားလက်ကိုင်ထားကာ
ကြိုးစားရုန်းသွားမကာ.....



http://myanmarpyithar.net